www.burmeseclassic.com



BURMESE CLASSIC .com

မြသန်းတင့်

# ကျွန်တော် ဆက်၍ရေးချင်သော ဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုနိုင်မာရေး
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များအမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

အရှေ့ကြယ်စာပေ
စာအုပ်အမှတ် - ၁

# ကျွန်တော် ဆက်၍ ရေးချင်သော ဝတ္ထုများ

## မြသန်းတင့်

ဖြန့်ချိရေး
အရှေ့ကြယ်စာပေ

အထက်မြန်မာပြည်ဖြန့်ချိရေး
ထွန်းဦးစာပေ၊ နဂါးစာပေ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၈၀၃၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၁၂၀၅၁၁
မျက်နှာဖုံးဒီဇိုင်း - အေးမြအောင်
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၁၉၇၄ ခုနှစ်၊ ဝက်တင်ဘား၊ ချင်းတွင်းစာပေ
ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ၊ ပြုံးစာပေ
တတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
မျက်နှာဖုံးဖလင် - Eagle Color Separation
အတွင်းဖလင် - A-7 Group
ထုတ်ဝေသူ - ဦးအေးမိုး
နေမျိုးပဒေသာစာပေ
၁၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးစွန်ကော်ယု
မာကျူရီပုံနှိပ်တိုက်
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀၀ ကျပ်

၈၉၅.၈၃
မြသန်းတင့်
ကျွန်တော်ဆက်၍ရေးချင်သော ဝတ္ထုများ / မြသန်းတင့်။ - ရန်ကုန်
နေမျိုးပဒေသာစာပေ၊ ၂၀၁၁။
၂၅၀ - စာ၊ ၁၃ စင်တီ × ၂၀ စင်တီ။
(၁) ကျွန်တော်ဆက်၍ရေးချင်သော ဝတ္ထုများ

ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ စိတ်ရောကိုယ်ပါ
ဝိုင်းဝန်းကူညီပေးကြသူများကို အထူးကျေးဇူးတင်ရှိပါသည်။

နေခြည်
(စီစဉ်သူ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်အထက်၍ ရေးချင်သော ဝတ္ထုများ – ၁

(၁)

လူသည် တွေးခေါ် စဉ်းစားတတ်သော သတ္တဝါဖြစ်သည်။ ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်များဟု ဆိုကြသော ချင်ပန်ဇီ၊ ဂေါ်ရီလာ၊ အိုရင်းအူတန်နှင့် ဂစ်ဘွန်စသော လူဝံမျိုးနွယ်များသည် လေးဘက်တွားသွားလျက်ရှိခဲ့ကြရာမှ ၎င်းတို့၏ လက်နှစ်ဖက်သည် လွတ်လပ်လာခဲ့ကြကာ၊ ခြေဖြင့် မတ်မတ်လျှောက်တတ်လာခဲ့ကြသည်။ လက်နှစ်ဖက် လွတ်လပ်လာကြသည်နှင့် တစ်ပြိုင်နက် ကုန်ထုတ်လုပ်ရေးကို စတင်လုပ်ဆောင်လာကြသည်။ ဤသည့်အချိန်မှစ၍ လူ့ဘိုးဘွားဘီဘင်များသည် တိရစ္ဆာန်လောကမှ ပထမဆုံး ခွဲထွက်လာခဲ့ကြသည်ဟု သိပ္ပံပညာရှင်များက ဆိုကြသည်။

သို့ရာတွင် ကျွန်တော်တို့၏ ဘိုးဘွားဘီဘင်များဟုဆိုကြသော လူဝံများသည် ထိုစဉ်က တွေးခေါ်မှုတွင် မြင့်မားခြင်း မရှိကြသေးချေ။ ပထမဦးဆုံးသော လူသားသည် မိုးရွာခြင်း၊ ရေကြီးခြင်း၊ လျှပ်စီးလက်ခြင်း၊ တောမီးလောင်ခြင်း စသည့် သဘာဝ၏ အန္တရာယ်များအောက်တွင် ပြားပြားဝပ်ကာ သဘာဝ၏ စိုးမိုးခြယ်လှယ်မှုကို ခေါင်းငုံ့ခံကြရသည်။ တဖြည်းဖြည်းနှင့် လူသည် ကုန်လုပ်ရေးဖြစ်စဉ်မှတစ်ဆင့် အသိပညာကို ရရှိလာခဲ့ခြင်းဖြစ်သည်။ ကုန်လုပ်ရေးဖြစ်စဉ်မှတစ်ဆင့် တွေးခေါ်စဉ်းစားတတ်လာခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာဦးလူသားသည် မိုးထစ်ချုန်းသံနှင့် လျှပ်စီးလက်ခြင်းကို ကြားရမြင်ရသည့်အခါ၌ ခိုကိုးရာမဲ့ဖြစ်ကာ မိုးနတ်သားကို ကိုးကွယ်ပူဇော်ခြင်း ပြုခဲ့သည်။ ဟုန်းဟုန်းတောက်လောင်သော တောမီးကိုမြင်သည့်အခါ၌ ကမ္ဘာဦးလူသားသည် ကြောက်ရွံ့ထိတ်လန့်လျက် မီးနတ်ကို ပူဇော်ပသခြင်းပြုခဲ့သည်။ ပြင်းထန်သော

www.burmeseclassic.com



မုန်တိုင်းကိုမြင်သည့်အခါ၌ ကွယ်ရာမဲ့ဖြစ်ကာ လေနတ်သားကို ပူဇော်ပသခြင်း ပြုခဲ့သည်။ အဟုန်ပြင်းစွာ စီးဆင်းလျှံကျသော ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်းအင်းအိုင်တို့ကိုမြင်သည်၌ သမုဒ္ဒရာစောင့်နတ်၊ မြစ်စောင့်နတ်တို့ကို ကိုးကွယ်ပသခဲ့သည်။ မီးတောင်ပေါက်ကွဲ၍ မီးလျှံထခြင်းကို မြင်သည့်အခါ၌ မီးတောင်စောင့်နတ်ကို ဆည်းကပ်ခြင်း ပြုခဲ့သည်။

ဤသို့ဖြင့် ကမ္ဘာဦးလူသားသည် သဘာဝနိယာမတရားများ၏ ဖိစီးနှိပ်စက်မှုကို ငုံခံခဲ့ရသည်။ သဘာဝနိယာမတရားများ၏ ဖိစီးနှိပ်စက်မှုကို ခံရဖန်များသည့်အခါ၌ ကမ္ဘာဦးလူသားသည် ခိုကိုးရာမဲ့ဖြစ်ကာ ၎င်း၏ စိတ်ထဲတွင် အဆူဆူသော ဘုရားများ၊ အထူးထူးသော နတ်များကို ဖန်ဆင်းခဲ့သည်။

သို့ရာတွင် ရက်စက်ကြမ်းကြုတ်သော သဘာဝအင်အားစုများ၏ ဖိစီးနှိပ်စက်မှုကို ခုခံတွန်းလှန်ရာ၌ ကမ္ဘာဦးလူသားက ဖန်ဆင်းခဲ့သော ဘုရားသခင်တို့သည်လည်း လူသားကို ကယ်ဆယ်ခြင်း မပြုနိုင်ခဲ့ကြချေ။ သွေးခဲမတတ် အေးမြလှသော ဆောင်းရာသီ၌ ကမ္ဘာဦးလူသားတို့သည် အကာအကွယ်မဲ့ သေကျေပျက်စီးခဲ့ကြရသည်။ သို့ရာတွင် လူသားသည် တောင်စောင်းတွင်ရှိသော ကျောက်ကမ်းပါးယံ လိုဏ်ဂူတစ်ခုကို တွေ့သည့်အခါ၌ ထိုကျောက်ဂူထဲသို့ ပြေးဝင်ကာ နွေးထွေးရာဒေသကို တွေ့ခဲ့သည်။ တဟုန်းဟုန်းတောက်လောင်သော တောမီးသည် မိမိအား အချမ်းဒဏ်မှ ကာကွယ်ပေးကြောင်း သိလာခဲ့သည်။ အမဲလိုက်ရာမှ ရရှိခဲ့သော ကျားသစ်ရေသည် မိမိအား အချမ်းဒဏ်မှ ကာကွယ်ပေးကြောင်းကို မြင်လာခဲ့သည်။ ဤသို့ဖြင့် လူသည် မိမိ၏ဘဝတည်မြဲရေးအတွက်ဖြစ်သော ကုန်ထုတ်လုပ်ရေးဖြစ်စဉ်မှ တစ်ဆင့် အသိတရားကို ရရှိခဲ့ခြင်း ဖြစ်လေသည်။ ထိုအတွေ့အကြုံများကို မှီး၍ လူသားသည် စဉ်းစားတွေးခေါ်တတ်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာဦး၌ လူသားသည် သဘာဝအင်အားစုများ၏ ဖိစီးနှိပ်စက်မှုကို ခေါင်းငုံ့ခံခဲ့ရသည်။ သို့ရာတွင် လူသားသည် တဖြည်းဖြည်းနှင့် အသိတရားကို ရရှိခဲ့ကာ သဘာဝအင်အားစုများအား မိမိအကျိုးအတွက် အသုံးချလာနိုင်ခဲ့သည်။ သဘာဝအင်အားစုများအား ဇက်ကြိုးတပ်၍ စေခိုင်းနိုင်ခဲ့သည်။ ဤသို့ဖြင့် လူသည် သဘာဝအင်အားစုများ၏ ဖိစီးမှုကို တော်လှန်ကာ လွတ်မြောက်လာခဲ့ခြင်း ဖြစ်လေသည်။ ယခင်က မီးတောင်၏ မီးလျှံထမှုကို ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ခဲ့သော်လည်း ယဉ်ကျေးမှုနှင့်အတူ လူသားသည် ထိုမီးကို မိမိအကျိုးအတွက် အသုံးချနိုင်ခဲ့သည်။





မိုးကြိုးလျှပ်စစ်ကို မီးပွင့်အတွင်း၌ သိုလှောင်ကာ ယဉ်ပါးနေသော လျှပ်စစ်ဓာတ်အဖြစ်သို့ ပြောင်းလဲခဲ့သည်။

ဤတိုးတက်မှုများသည် ကုန်လုပ်ရေးဖြစ်စဉ်အတွင်းမှ ရရှိခဲ့သော အသိတရားကြောင့်သာလျှင် ဖြစ်ပေသည်။ တွေးခေါ်စဉ်းစားတတ်လာသော ဆင်ခြင်တုံတရားကြောင့် ဖြစ်ပေသည်။ တွေးခေါ်စဉ်းစားခြင်း မပြုသည်နှင့် လူသည် လူအဖြစ်မှ ရပ်စဲသွားပေလိမ့်မည်။ တွေးခေါ်စဉ်းစားခြင်း မပြုသော လူသည် လူမဟုတ်ချေ။ ပန်းနုစ်ဖက်ကြားတွင် ခေါင်းပေါက်၍ ခြေနှစ်ချောင်းပေါ်တွင် လမ်းလျှောက်လျက်ရှိသော မြက်စားသတ္တဝါသာလျှင် ဖြစ်ပေလိမ့်မည်။

BURMESE CLASSIC .com

(၂)

လူသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလသုံးပါးနှင့် ကင်း၍ မနေနိုင်ချေ။ ၎င်း၌ ကုန်လွန်ခဲ့သော အတိတ်ကာလ၊ ထိုအတိတ်ကာလနှင့်ဆက်၍ ဖြစ်ပေါ်လာသော လက်ငင်းဘဝ၊ ထိုလက်ငင်းဘဝ၏ အကျိုးဆက်တရားအဖြစ် ပေါ်ပေါက်လာသော၊ လာလတ္တံ့သောကာလတို့ကို ဆင်ခြင်စဉ်းစားခြင်း ပြုရလေသည်။ "ငါသည် တွေးတောစဉ်းစားခြင်းပြု၏။ ထို့ကြောင့် ငါဟူ၍ ရှိနေခြင်းဖြစ်သည်" ဟူသော စကားအမည်ရှိသော ၁၈ ရာစုနှစ် အနောက်တိုင်း အဘိဓမ္မာပညာရှင် တစ်ဦး၏ စကားသည် မှန်သင့်သလောက် မှန်ပေသည်။

လူသည် တစ်ယောက်တည်းနေသောသတ္တဝါမဟုတ်ဘဲ အုပ်စုဘဝဖြင့် နေထိုင်သော သတ္တဝါဖြစ်ရာ၊ အကြောင်းမသင့်၍ တစ်ယောက်ထီးတည်း နေရသော အခါများ၌ စဉ်းစားတွေးခေါ်ခြင်းအမှုကို ပိုမိုလုပ်ဆောင်ခြင်း ပြုရသည်။ လူသည် စကားပြောသော သတ္တဝါဖြစ်ရာ အကြောင်းမသင့်၍ တစ်ယောက်ထီးတည်းနေရသော အခါများ၌ ပို၍ စကားပြောလိုသည်။

ကျွန်တော်သည် တစ်ခါက အကြောင်းမသင့်၍ တစ်ယောက်တည်း နေခဲ့ရဖူးရာ၊ ကျွန်တော့်ဦးနှောက်သည် ထိုအခါ၌ စဉ်းစားတွေးခေါ်ခြင်းပြုရန် ပိုမိုတောင်းဆိုလာ၏။ အသံကိုပြုသော အင်္ဂါအစိတ်အပိုင်းတို့သည် ပို၍ အလုပ်လုပ်ရန် တောင်းဆိုလာကြသည်။ ထိုအခါ၌ ကျွန်တော်သည် တစ်ယောက်ထီးတည်း အသံထွက်၍ ပြောဆိုခြင်း ပြုလေသည်။

"လူဟာ အကြောင်းတရားနဲ့ ကင်းပြီး မနေနိုင်ဘူး။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်ဘူး၊ အချိန်နဲ့ကင်းပြီးလည်း မနေနိုင်ဘူး။ လူဟာ အချိန်ရဲ့ ဖိစီးမှုအောက်က မလွတ်မြောက်နိုင်ဘူး။ အချိန်ကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အဖြစ် ပညတ်ပြုပြီး ပိုင်းခြားထားကြတယ်။ ပစ္စုပ္ပန်ဟာ အတိတ်နဲ့ အနာဂတ်အကြားမှ နယ်နိမိတ်မျဉ်းကြောင်း ဖြစ်တယ်။ ယနေ့ဟာ ‘ယမန်နေ့’ ဆိုတဲ့ ကုန်လွန်သွားတဲ့ အချိန်နဲ့၊ ‘မနက်ဖြန်’ ဆိုတဲ့ လာလတ္တံ့သောအချိန်တို့ရဲ့ အကြားက ကြားခံမျဉ်းကြောင်းဖြစ်တယ်။ ဒါပေမယ့် ငါ့မှာ ယနေ့ဆိုတာ မရှိဘူး။ ‘မနက်ဖြန်’ ဆိုတာလည်း မရှိဘူး။ ‘ယမန်နေ့’ ပဲ ရှိတယ်။ ပစ္စုပ္ပန်မရှိဘူး၊ အနာဂတ် မရှိဘူး၊ အတိတ်ပဲ ရှိတယ်။ ဒီလိုဆိုရင် ငါဟာ အချိန်ရဲ့ဖိစီးမှုက တစ်စိတ်တစ်ဒေသ လွတ်မြောက်နေပြီလား။ ဒီလိုလည်း မဖြစ်နိုင်ဘူး။ လူဟာ ဘယ်အခါမှ အချိန်ရဲ့ ဖိစီးမှုအောက်က မလွတ်မြောက်နိုင်ဘူး။ လူမှန်သမျှ၊ အရာဝတ္ထုမှန်သမျှ အချိန်နဲ့ကင်းကွာပြီး တည်နေနိုင်ခြင်းမရှိဘဲနဲ့ ငါဟာ အတိတ်မှာချည်းပဲ နေထိုင်ခြင်းပြုနေတယ်လို့ ဘာကြောင့် ထင်နေရသလဲ။ ပစ္စုပ္ပန်၊ အနာဂတ်မရှိဘူးလို့ ဘာဖြစ်လို့ ထင်နေရတာလဲ”

ကျွန်တော်သည် တစ်ယောက်ထီးတည်း နေထိုင်ခြင်း ပြုရသောအခါများ၌ ဤသို့ အသံထွက်၍ စဉ်းစားခြင်း ပြုမိသည်။ ကမ္ဘာလောက၌ သက်ရှိသက်မဲ့ မှန်သမျှသည် အချိန်နှင့် ကင်းလွတ်ဖြစ်တည်နိုင်ခြင်း မရှိဟု အဘိဓမ္မာများက ဖွင့်ဆိုကြ၏။ ရှိရှိသမျှ သက်ရှိသက်မဲ့တို့သည် အလျား၊ အနံ၊ ထုနှင့် အချိန်ဟူသော အတိုင်းအတာ လေးမျိုးမှ ကင်းလွတ်ဖြစ်တည်နိုင်ခြင်းမရှိဟု သိပ္ပံပညာကလည်း ဆို၏။ သို့ဖြစ်ပါလျက် ကျွန်တော့်တွင် ပစ္စုပ္ပန်လည်း မရှိ၊ အနာဂတ်လည်း မရှိ၊ အတိတ်သာ ရှိသည်ဟု အဘယ်ကြောင့် ထင်နေရသနည်း။

အချိန်သည် ထာဝရကာလကြီးဖြစ်သည်။ ၎င်း၌ အစလည်း မရှိ၊ အဆုံးလည်း မရှိချေ။ မည်သည့်အချိန်ကစ၍ အချိန်ကာလဟူ၍ ပေါ်ပေါက်ခဲ့သနည်း။ မည်သည့်အချိန်၌ အချိန်ကာလသည် အဆုံးသတ်သွားမည်နည်း။ အချိန်သည် တရွေ့ရွေ့သွားလျက်ရှိသော ရထားကြီးနှင့်တူသည်။ ကျွန်တော်တို့တစ်တွေကား ထိုရထားကြီးပေါ်တွင် စီးနင်းလိုက်ပါလာကြသော ခရီးသည်များ ဖြစ်ပေသည်။ ကျွန်တော်သည် အဆုံးမရှိ သွားလာလျက်ရှိသော ရထားကြီးပေါ်၌ ဘူတာတစ်ခုမှ တက်လိုက်လာခဲ့၍ ဘူတာတစ်ခုတွင် ဆင်းနေရစ်ရမည်သာဖြစ်သည်။ ရထားကြီးကား ဆက်လက် ခုတ်မောင်း၍ ခုတ်မောင်းနေမည်သာဖြစ်သည်။ ထိုရထားကြီးသည် မည်သည့်ဘူတာမှ စထွက်ခဲ့သနည်း။ မည်သည့်ဘူတာတွင် ခရီးဆုံးမည်နည်း။





ဤသည်ကို ကျွန်တော် မသိ။ ကျွန်တော်သိသည်မှာ ထိုရထားကြီးသည် ထာဝစဉ် ခုတ်မောင်းလျက်ရှိ၍ ကျွန်တော်တို့သာလျှင် ဘူတာတစ်ခုခုတွင် ဆင်းနေရစ်ရမည်ဆိုသည့် အချက်သာဖြစ်သည်။

“ခရီးတစ်ခုကို ဘူတာတွေ၊ စခန်းတွေ၊ မိုင်တွေနဲ့ သတ်မှတ်ကြတယ်။ အချိန်ကိုတော့ နေ့ ည၊ ရက် လ၊ နှစ်တွေ၊ အဖြစ်အပျက်တွေနဲ့ ပိုင်းခြားသတ်မှတ်ကြတယ်။ ဒါဖြင့် ငါဟာ ခရီးတစ်ခုကို သွားနေမှန်း သိပါလျက်၊ အချိန်ရထားကြီးကို စီးနင်းလိုက်ပါနေမှန်း သိပါလျက်၊ ငါ့ခရီးမှာ ဘာဖြစ်လို့ ဘူတာတွေ၊ မိုင်တိုင်တွေကို မတွေ့ရသလဲ၊ အဖြစ်အပျက်တွေကို မတွေ့ရသလဲ”

ကျွန်တော်သည် ကိုယ့်ကိုယ်ကို ပြန်လှန်မေးခွန်းထုတ်မိသည်။

အချိန်ဆိုတာကို အဖြစ်အပျက်တွေနဲ့ ပိုင်းခြားသတ်မှတ်ထားတယ်ဆိုရင် ငါ့မှာ အချိန်ကို ပိုင်းခြားသတ်မှတ်ရအောင် ထူးခြားတဲ့ အဖြစ်အပျက်ရယ်လို့ ရှိရဲ့လား။ မဟုတ်တယ်၊ ငါ့မှာ အချိန်ကို ပိုင်းခြားသတ်မှတ်ရအောင် ထူးခြားတဲ့ အဖြစ်အပျက်ရယ်လို့မရှိဘူး။ ငါ့ပတ်ဝန်းကျင်မှာ လူတစ်ယောက်မှ မရှိဘူး။ ငါဟာ ကမ္ဘာလောကကြီးနဲ့ တသီးတခြား ကင်းလွတ်နေတယ်။ တစ်နေ့လုံးနေလို့မှ တာဝန်ကျပုဂ္ဂိုလ်နှစ်ယောက် လောက်ကို နှစ်ခါလောက် မြင်ရတာပဲရှိတယ်။ နောင်လည်း ဒီပတ်ဝန်းကျင်နဲ့ ဒီမျက်နှာနှစ်ခုကို ဘယ်လောက်ကြာကြာ မြင်နေရဦးမလဲ မသိဘူး။ မနက်ဖြန်မှာလည်း ဒီအတိုင်း တွေ့နေရဦးမှာပဲ။ သန်ဘက်ခါမှာလည်း ဒီအတိုင်း တွေ့နေရဦးမှာပဲ။ သန်ဘက်ခါရဲ့ နောက်တစ်နေ့၊ အဲဒီနောက်တစ်နေ့လည်း ဒီအတိုင်းပဲ ဖြစ်နေဦးမှာပဲ။ ဒီတော့ ငါဟာ ပစ္စုပ္ပန်မှာ နေထိုင်အသက်ရှင်နေတာ မဟုတ်ဘူး။ အတိတ်မှာပဲ အသက်ရှင်နေတာ။ ဒါကြောင့် ငါဟာ အချိန်ရဲ့ဖိစီးမှုက တစ်စိတ်တစ်ဒေသ လွတ်မြောက်နေတယ်လို့ ထင်နေခြင်းဖြစ်တယ်”

အပြင်ဘက်တွင် တိတ်ဆိတ်လျက်ရှိသည်။ ကျွန်တော့် အခန်းကျဉ်းကလေးထဲ တွင်လည်း တိတ်ဆိတ်ခြင်းသာ မင်းမူလျက်ရှိသည်။ အိမ်မြှောင်တစ်ကောင်၏ ခုတ်ထိုးသံသည် တိတ်ဆိတ်ခြင်းကို ဖျက်ဆီးလိုက်သည်။

“အချိန်ဆိုတဲ့ အဆုံးမရှိတဲ့ကာလကြီးကို နေ့၊ ည၊ ရက်၊ လ နှစ်တွေနဲ့ ပိုင်းခြားထားကြတယ်။ ငါတို့ဟာ ဒီအပိုင်းအခြားတွေထဲမှာ အသက်ရှင်နေကြတယ်။ ငါဟာ နေ့နဲ့ညကိုတော့ သိပါရဲ့။ မှောင်လာလို့ ကျီးကန်းတွေ အိပ်တန်းတက်သံကြားရင်၊ စာကလေးတွေ အိပ်တန်းတက်သံကြားရင် ညမှန်းသိပါရဲ့၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့လဲ၊ ဘယ်ရက်လဲ၊ ဘယ်လလဲဆိုတာ ငါမသိရဘူး။ ဒီတော့ အဖြစ်အပျက်တွေနဲ့ ကြားခုပေးထားခြင်းမရှိတဲ့ အချိန်ထဲမှာ နစ်မြောနေတဲ့ ငါ့မှာ ပစ္စုပ္ပန်လည်း မရှိဘူး။ အနာဂတ်လည်း မရှိဘူး၊ အတိတ်ပဲရှိတယ်။ ငါ့မှာ တွေးတောစဉ်းစားစရာဆိုလို့ အတိတ်က အဖြစ်အပျက်တွေပဲ ရှိတော့တယ်။ ဒါကြောင့် ငါဟာ အတိတ်မှာ နေထိုင်ခဲ့သူတစ်ဦးသာ ဖြစ်တယ်''

ကျွန်တော့်၌ အသစ်အသစ် ကြုံတွေ့ရသော အဖြစ်အပျက်တို့ မရှိတော့သဖြင့် ကျွန်တော့်ဦးနှောက်၌ အသစ်အသစ်ဖြစ်သော အရောင်ရိုက်ခတ်ချက်တို့ မရှိတော့ချေ။ ထို့ကြောင့် အသစ်အသစ်ဖြစ်သော အာရုံ၊ အသစ်အသစ်ဖြစ်သော အတွေးတို့လည်း မရှိတော့ချေ။ ထိုအခါ၌ ကျွန်တော်သည် အတိတ်က အဖြစ်အပျက်များကို ပြန်၍ စဉ်းစားတွေးတောခြင်း ပြုရသည်။

ကျွန်တော်ငယ်ငယ်က ပထမဆုံး မှတ်မိသော အဖြစ်အပျက်၊ ပထမဆုံး မှတ်မိသော သီချင်း၊ ပထမဆုံး မှတ်မိသော ရှုခင်းကို ပြန်၍ စဉ်းစားမိသည်။

''ငါ ပထမဆုံးမှတ်မိတဲ့ သီချင်းဟာ အမေ ပုခက်လွှဲရင်း ဆိုသိပ်တဲ့ 'ထောင်ရောင်နေ'လား၊ 'သောင်းသောင်းည'လား၊ 'ရွှေကျိုးညို'လား၊ ဒါတွေလည်း မဟုတ်သေးပါဘူး၊ မကြည်အောင်ဆိုတဲ့ 'ဦးကလိန်'လား၊ မအေးမိ ဆိုသွားတဲ့ 'ရွှေနှင်းဆီ'လား''

ကျွန်တော်သည် တွေးတော စဉ်းစားစရာအသစ် မရှိသောအခါ၌ (တွေးတောခြင်းမပြုလျှင် မနေနိုင်သော လူ၏ ထုံးစံအတိုင်း) ငယ်ငယ်ကအကြောင်းများကို ပြန်၍ တွေးတောမိသည်။ သီချင်းအပိုင်းအစကို ငယ်ငယ်က ကြားဖူးခဲ့၍ ကြီးမှ သီချင်းအမည်နှင့် အဆိုတော်အမည်များကို သိခြင်းဖြစ်ပေသည်။

ကျွန်တော့်အာရုံသည် တခြားသို့ ခုန်ကူးသွားပြန်၏။

ငယ်ငယ်က ဖခင် ရုံးအားသောရက်များ၌ သားအဖ နှစ်ယောက် မှိုရှာထွက်ကြသည်ကို အမှတ်ရ၏။ ညနေ ရုံးဆင်းချိန်ရောက်လျှင် မြို့ပြင် ပေတစ်ရာနံ့သာ ယာရိုးတစ်လျှောက် လမ်းလျှောက်ရင်း၊ ဖခင်နှင့်အတူ ဆူးပုတ်ရွက်ခူး သွားခဲ့ပုံများ အမှတ်ရပြန်သည်။ တမာသီး လှိုင်လှိုင်ပေါ်ချိန်၌ မြို့ပြင်ပေတစ်ရာဘေး ထွက်ကာ တမာသီးတွေခူးပြီး တစ်ယောက်ကိုတစ်ယောက် ပစ်ကြ၊ ခတ်ကြဖြင့် စစ်တိုက်တမ်း ကစားကြပုံကို အမှတ်ရလာပြန်သည်။





(၃)

ကျွန်တော်သည် ထိုသို့ စဉ်းစားတွေးတောလျက်ရှိစဉ် အသံတစ်သံကြောင့် လန့်သွားသည်။

''စာရေးဆရာ၊ ဗျို့ ... စာရေးဆရာ''

တစ်စုံတစ်ယောက်၏ ခေါ်သံကို ကြားသည်ဟု စိတ်ထဲတွင် ထင်လိုက်မိသည်။ ကျွန်တော်သည် ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်၊ မည်သူမျှ မရှိ။ ဤအချိန် ဤကာလ၌ ကျွန်တော့်အား ထိုသို့ ခေါ်မည့်သူလည်း မရှိ၊ ထိုသို့ ခေါ်စရာ အကြောင်းလည်း မရှိ။

''ဗျို့ ... စာရေးဆရာ၊ ကျုပ်ပါဗျ''

နောက်ထပ်ခေါ်သံကို ပီပီသသကြီး ကြားလိုက်ရသည်။ ကျွန်တော် နားကြားလွဲခြင်း မဟုတ်တန်ရာ။ သို့ရာတွင် ကျွန်တော့်အား ဤသို့ ခေါ်မည့်သူ တစ်ယောက်မျှ မရှိ။ ခေါ်စရာအကြောင်းလည်း လုံးဝမရှိ။

''ဗျို့ ... စာရေးဆရာ၊ အိပ်နေသလား''

ကျွန်တော်သည် ပက်လက်လှန် လှဲနေရာမှ ခေါင်းထောင်၍ ကြည့်လိုက်သည်။ အသံကြားတုန်းက ကျွန်တော့်နားများကို မယုံနိုင်အောင် ဖြစ်မိသည်။ ယခု သဏ္ဌာန်ကို မြင်လိုက်ရသောအခါ၌လည်း မျက်လုံးများကို မယုံနိုင်အောင် ဖြစ်မိသည်။

ကျွန်တော်သည် မျက်လုံးများကို ပွတ်ကြည့်လိုက်သည်။ ကျွန်တော့် မျက်စိမမှား။ ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထလာသည်။

''ကျုပ်ကို မမှတ်မိဘူးလား''

ထိုသူက ဆက်၍ မေးလျက်ရှိသည်။ ကျွန်တော်သည် ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြင့် ထိုသူကို အထိတ်တလန့် စိုက်ကြည့်နေမိသည်။

ထိုသူသည် ဂျပန်ခေတ် ''ဘီ - ဒီ - အေ'' စစ်ဝတ်စုံကြီးကို ဝတ်ထားသည်။ ဘီ - ဒီ - အေ တပ်မတော်သား ဦးထုပ်နှင့် ဝတ်စုံသည် ဟောင်းနွမ်းလျက်ရှိသော်ငြား ခြေထောက်တစ်ဖက်တွင် ဖိနပ်ရှည်ကြီးကို စီးထား၏။ အခြားခြေထောက်တစ်ဖက်ကား ငုံးတိတိကြီး ပြတ်လျက်ရှိ၏။ ခြေထောက်ပြတ်လျက်ရှိသည့်ဘက်မှ ...... သည် အဝတ်စုတ်ဖတ်ကြီး တစ်ဖတ်သဖွယ် ပျော့ကျလျက်ရှိသည်။

''ခင်ဗျား၊ ခင်ဗျား ဘယ်သူလဲ၊ သွား ... ကျုပ် မသိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမလား''

ကျွန်တော်က အကြောက်ကြောက် အလန့်လန့်ဖြင့် ပြန်ပြောမိသည်။ သူ့ခြေထောက်တစ်ဖက်သည် ဂျိုင်းထောက်ကြီးကို အားပြုထောက်ထား၏။

ကျွန်တော်သည် ညအချိန်မတော်ကြီးတွင် ကျွန်တော့်အခန်းရှေ့သို့ ရောက်ရှိလာသော ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီ-ဒီ-အေ)ဝတ်စုံဖြင့် ထိုလူကို အလန့်တကြား ကြည့်မိ၏။ ထို့နောက် ကျွန်တော့်အခန်းကျဉ်းကလေးထဲတွင် ခုခံစရာ လက်နက် တစ်စုံတစ်ရာကို ရှာကြည့်၏။ သို့ရာတွင် ကျွန်တော့် အခန်းကျဉ်းကလေးထဲ၌ လက်နက်ဆို၍ အပ်မပြောနှင့် သွားကြားထိုးတံကလေး တစ်ချောင်းမျှပင် မရှိ။ ဓားစကလေး တစ်စမျှပင် မရှိ။

ကျွန်တော်သည်ပင် မျက်စိမှားသလော။ ကျွန်တော်သည် ကိုယ့်မျက်လုံးများကို မယုံနိုင်အောင်ဖြစ်လျက်ရှိသည်။ ထိုသူသည် လွန်ခဲ့သော နှစ်ပေါင်းအစိတ်ကျော်၊ သုံးဆယ်ခန့်က ရှိခဲ့သော ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီ-ဒီ-အေ)ဝတ်စုံကို ဝတ်ဆင်ထားသည်။

ကျွန်တော် ရောက်ရှိနေသော အခန်းကျဉ်းကလေးသည် အရံအတား အထပ်ထပ် ပိတ်ဆို့ထားသောနေရာဖြစ်သည်။ အစောင့်အကြပ်များ ထူထပ်စွာချထားသောနေရာလည်း ဖြစ်သည်။ ကျွန်တော့်နေရာသို့ တာဝန်နှင့် ပုဂ္ဂိုလ်တစ်ဦးနှစ်ဦးမှအပ အခြားမည်သူမျှ လာရောက်လေ့မရှိ။ ၎င်းတို့မှာလည်း ယခုခေတ်ဝတ်စုံကို ဝတ်ဆင်ကြရမြဲဖြစ်သည်။ ယခု ထိုလူကား ဟောင်းနွမ်းစုတ်ပြတ်၍ လွန်ခဲ့သော နှစ်ပေါင်း အစိတ်ကျော်၊ သုံးဆယ်ခန့်က ဗမာ့ကာကွယ်ရေး တပ်မတော်သားများ ဝတ်ဆင်လေ့ရှိသော မျှင်ကြမ်း စစ်ဝတ်စုံကြီးကို ဝတ်ထားသည်။

ကျွန်တော်ပင်လျှင် မျက်စိမှားသလား။ အရံအတား အမျိုးမျိုးကို ကျော်လွှား၍ ရောက်လာခြင်းလော။ သို့တည်းမဟုတ် တစ္ဆေသရဲလော။

ကျွန်တော်သည် ထိုလူကို သေချာစွာ ကြည့်မိသည်။ ကျွန်တော် မျက်စိမမှား။ အရံအတားများကို ကျော်လွှားလာသည်ဆို၍လည်း လုံးဝမဖြစ်နိုင်။ တစ္ဆေသရဲလည်း မဟုတ်တန်ရာ။

''ဗျို့ စာရေးဆရာ ...၊ ကျုပ်ပါဗျ''

ထိုလူက အောင်မြင်ခန့်ညားသော အသံဖြင့် ထပ်၍ပြောပြန်သည်။

ကျွန်တော်သည် ထိုလူ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ ထိုလူ၏





မျက်နှာသည် ကျွန်တော့်ကို အန္တရာယ်ပေးမည့် အမူအရာမျိုး မဟုတ်။ သို့ရာတွင် ထိုလူ၏မျက်နှာသည် ပြုံးယောင်ခြင်းလည်း မရှိ၊ တင်းမာခြင်းလည်း မရှိ။ တည်ကြည်ခန့်ညားသောအမူအရာကို ဆောင်လျက်ရှိသည်။

ထိုလူ၏ မျက်လုံးများသည် နက်မှောင်သော မျက်ခုံးမွေးများအောက်တွင် အမျက်မျက်တောက်ပလျက် ရှိသည်။ ၎င်း၏ ပါးပြင်တွင်လည်း မုတ်ဆိတ်မွေးများ၊ ပါးသိုင်းမွေးများ ဖုံးအုပ်လျက်ရှိသည်။ ကျွန်တော်သည် ထိုလူကို တစ်နေရာတွင် မြင်ဖူးသည်ဟု ထင်လိုက်မိသည်။ သို့ရာတွင် မြင်ဖူးသည့်နေရာဟူ၍လည်း ခွဲခြားရေး မည်သူမည်ဝါမှန်းလည်း မသိ။

''စာရေးဆရာ ကျုပ်ကို မမှတ်မိဘူး ထင်တယ်'

ထိုလူက ပထမဆုံးအကြိမ်ပြုံး၍ ပြောလိုက်သည်။ ပြုံးလိုက်သောအခါ၌ ထိုလူ၏ ယောကျ်ားပီသ၍ ခန့်ညားသောအမူအရာသည် ပို၍ထင်ရှားလာ၏။ မေးရိုးကားကြီးများသည် ထိုလူ၏ တည်ကြည်မှု၊ ရဲရင့်မှု၊ ပြတ်သားမှုကို ဖော်ပြလျက်ရှိကြသည်။

''ကျွန်တော်၊ ကျွန်တော် ကောင်းကောင်း မမှတ်မိဘူး''

''ကျုပ် ရန်နောင်လေ၊ မျိုးမြင့်ရန်နောင်''

ထိုလူက ဒုတိယအကြိမ်ပြုံး၍ ပြောလိုက်သည်။

''ခင်ဗျာ ...''

ကျွန်တော်က အာမေဋိတ်သံကို ပြုလိုက်မိသည်။ ထိုနာမည်ကို ကျွန်တော် ကြားဖူးသည်ဟူ၍ ထင်မိ၏။ သို့ရာတွင် အချိန်ကာလ၊ နေရာဒေသတို့ကို မမှတ်မိတော့။

''ခင်ဗျား စာရေးဆရာ မင်းဆွေဆိုတာ ကြားဖူးတယ် မဟုတ်လား''

''ဟုတ်ကဲ့၊ ကြားဖူးပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်တုန်းက နာမည်ကြီးခဲ့ပြီး ၁၉၄၈ ခုနှစ်မှာ ပျောက်ဆုံးသွားတဲ့ စာရေးဆရာကြီး မင်းဆွေကို ပြောတာလား''

''ဟုတ်ပါတယ်၊ အဲဒီ မင်းဆွေပါပဲ။ သူ့ဝတ္ထုတွေကိုတော ခင်ဗျား [illegible] မှာပေါ့၊ ကျုပ် ခဏထိုင်မယ်ဗျာ''

ထိုလူသည် ရှည်လျားစွာ စကားပြောတော့မည့်ဟန်ဖြင့် [illegible] ပေါ်တွင် ထိုင်လိုက်ပြီးနောက်၊ ဂျိုင်းထောက်ကြီးကို နံရံတွင် ထောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ … တော်တော်များများ ဖတ်ခဲ့ဖူးပါတယ်။ 'ဖြေလဲ မပြေ' ဆိုတဲ့ ဝတ္ထု၊ 'သူဘု ငါဘောက်' ဆိုတဲ့ ဝတ္ထု၊ စောခင်ထားဆိုတဲ့ ရှမ်းအမျိုးသမီးလေးကို မဏ္ဍိုင်ပြု ဖွဲ့ထားတဲ့ 'စနေမ' ဆိုတဲ့ ဝတ္ထု၊ ရဲမြင့်နဲ့ ခင်ဆုံဆိုတဲ့ အမျိုးသားနဲ့ အမျိုးသမီးအကြောင်းကို ရေးထားတဲ့ 'မ,နိုင်ငံ' ဆိုတဲ့ ဝတ္ထု၊ 'လင်' ဆိုတဲ့ ဝတ္ထု၊ ဂီတသာလျှင် လူမျိုးသာတယ်၊ ဂီတချာလျှင် လူမျိုးချာတယ်ဆိုတဲ့ ဆောင်ပုဒ်ကလေးကို စွဲကျန်ရစ်စေခဲ့တဲ့ 'သွေး' ဝတ္ထု၊ ပြီးတော့ မင်းကြီးရန်နောင်ရဲ့ ယိမ်းနွဲ့ပါးစားကို ဆက်ခံထိန်းသိမ်းခဲ့တဲ့ …''

''ဗျို့ … စာရေးဆရာ၊ တိတ်''

ကျွန်တော်က စကားပြောဖက်တွေ့သဖြင့် တသီတတန်းကြီး လျှောက်ပြောလျက်ရှိစဉ်၊ ထိုလူက အမိန့်ပေးသံဖြင့် ပြောလိုက်သည်။ ပြီးမှ ၎င်းက ဆက်၍ -

''စိတ်မရှိနဲ့ဗျာ စာရေးဆရာ။ ခင်ဗျား စကားပြောချင်နေသလို ကျုပ်လည်း စကားပြောချင်နေလို့၊ မစောင့်နိုင်တာနဲ့ အော်လိုက်တာပဲ။ အဲဒီ မင်းကြီးရန်နောင်နဲ့ ယိမ်းနွဲ့ပါးကို ဆက်လက်ထိန်းသိမ်းတဲ့ မျိုးမြင့်ရန်နောင်ဆိုတာ ကျုပ်ပဲ။ ခင်ဗျားဟာ စာရေးဆရာလုပ်ပြီး ပါးမလိုလို့နဲ့ တော်တော်ထူတယ်။ မျိုးမြင့်ရန်နောင်ဆိုတဲ့အသံကို ကြားလိုက်ရကတည်းက ခင်ဗျား မှတ်မိဖို့ကောင်းတယ်''

မျိုးမြင့်ရန်နောင်သည် ၎င်း၏ စရိုက်အတိုင်း ဘွင်းဘွင်းကြီး ပြောချလိုက်သည်။ ကျွန်တော့်အား အော်ငေါက်ခြင်းပြုသော်လည်း တစ်ဖက်သားအပေါ်တွင် အနိုင်ကျင့်လိုသောသဘောမျိုး၊ အထက်စီးနင်းသဘောမျိုးဖြင့် အော်ငေါက်ခြင်း ဟုတ်ဟန်မတူ။ ၎င်းအတွက် စကားပြောခွင့်မပေးသဖြင့် စိတ်သဘောရိုးဖြင့် ဟန့်တားလိုက်ခြင်းသာ ဖြစ်ဟန်တူသည်။

စင်စစ်၊ ကျွန်တော်ကလည်း မှတ်မိဖို့ကောင်းသည်။ ကျွန်တော်သည် စာရေးဆရာကြီးမင်းဆွေ၏ 'ဓား' ဝတ္ထုကြီးကို ကျွန်တော် ဝတ္ထုဖတ်ကောင်းတုန်းအရွယ်၊ ၁၉၄၃ ခုနှစ်က ဖတ်ခဲ့ရခြင်းဖြစ်သည်။ စစ်ပြီး၍ အသံတိတ်ရုပ်ရှင်များ ပြန်လည်ရိုက်ကူးပြသောအခါ၌လည်း ထိုဝတ္ထုကြီးကို ရုပ်ရှင်အဖြစ် ကြည့်ခဲ့ဖူးသည်။ ငယ်ရွယ်သူတို့ဘာဝ ထိုဝတ္ထုကြီးထဲမှ မျိုးမြင့်ရန်နောင်ကို ကျွန်တော် သဘောကျခဲ့သည်။ မျိုးမြင့်ရန်နောင်၏ အပြုအမူများ၊ စကားများကို မြင်ယောင်၊ ကြားယောင်ဖြစ်ခဲ့ဖူးသည်။ သို့ပါလျက် ကျွန်တော်က ကောင်းစွာမမှတ်မိဘဲဖြစ်နေခြင်းမှာ မျိုးမြင့်ရန်နောင်ဘက်က ကြည့်လျှင် စိတ်တိုမည်ဆိုက စိတ်တိုထိုက်သည်ဟု ကျွန်တော် ယူဆသည်။





''ခင်ဗျား စကားပြောချင်နေတယ်ဆိုတာ ကျုပ်သိပါတယ်။ ဒါပေမဲ့ ကျုပ် စကားမပြောရတာ ကြာပြီဗျ။ ၁၉၄၃ ခုနှစ်လောက်ကစပြီး ကျုပ် စကားမပြောခဲ့ရတာ ခုအထိပဲ။ ဒီတော့ ကျုပ် ဘယ်လောက် စကားပြောချင်နေသလဲဆိုတာ ခင်ဗျားပဲ ကိုယ်ချင်းစာကြည့်ပေါ့ဗျာ''

မျိုးမြင့်ရန်နောင်သည် ဆေးအိုးတစ်ဆုံကို ထည့်ကာ ဆေးတံကို မီးညှိနေသည်။

''ခုလောက်ဆိုရင် ကျုပ်ကို လူတွေက မေ့ကြရောပေါ့။ ဘယ်မှတ်မိနိုင်တော့မလဲ၊ ကျုပ်ကို ဖန်တီး မွေးထုတ်ပေးခဲ့တဲ့ ဆရာမင်းဆွေလည်း မရှိတော့ဘူး။ ၁၉၄၃ ခုနှစ်လောက်တုန်းက ဝတ္ထုဖတ်ခဲ့ကြတဲ့ ခင်ဗျားနဲ့ ရွယ်တူပုဂ္ဂိုလ်တွေကလည်း ခုလောက်ဆို ဝတ္ထုမဖတ်ကြတော့ဘူး။ သားမယားကိစ္စ၊ ရာထူးကိစ္စ၊ စားဝတ်နေရေးကိစ္စတွေနဲ့ နပန်းလုံးနေကြရတော့ ကျုပ်ကို သတိရကြတော့မှာ မဟုတ်ဘူး။ ခုခေတ်လူငယ်တွေကလည်း ကျုပ်ကို သိကြတော့မှာမဟုတ်ဘူး။ အေးလေ … ဘယ်သိနိုင်ပါတော့မလဲ၊ အနှစ်သုံးဆယ်နီးပါး ရှိသွားပြီပဲ။ အဲဒီတုန်းက သူတို့တောင် မမွေးကြသေးဘူး။ ခင်ဗျားတစ်ယောက်ကတော့ ကျုပ်ကို မှတ်မိကောင်းရဲ့ဆိုပြီး ခင်ဗျားဆီလာခဲ့တာပဲ။ ဒါတောင်မှ ခင်ဗျားက ရုတ်တရက် မမှတ်မိချင်ဘူး''

''ကျွန်တော် မှတ်မိပါတယ် … ဦးမျိုးမြင့်ရန်နောင်''

ကျွန်တော်က အားတုံ့အားနာဖြင့် ပြောလိုက်၏။ မျိုးမြင့်ရန်နောင်က ဆေးတံကို လက်တစ်ဖက် ကိုင်ထား၍ အခြား လက်တစ်ဖက်ဖြင့် လက်ကာပြလိုက်သည်။

''အို အို … ကျုပ်ကို ဦးတွေဘာတွေ လုပ်မနေပါနဲ့၊ မျိုးမြင့်ရန်နောင်လို့ပဲ ခေါ်ပါ၊ ရပါတယ်''

''ဟုတ်ကဲ့ … မျိုးမြင့်ရန်နောင်။ ခင်ဗျားကို ကျွန်တော် မှတ်မိပါတယ်။ ခင်ဗျားရဲ့ ဇာတ်လမ်းအဖြစ်အပျက်တွေ အားလုံးကို ကျွန်တော် မမှတ်မိတော့ပေမယ့် ခင်ဗျားကို ကျွန်တော် မှတ်မိနေပါတယ်။ ခင်ဗျားငယ်ငယ်က ဘုရားရှိခိုးတော့ 'ရန်သူကို လက်စားချေလော့။ အိမ်သည်ကို ဧည့်သည် မစော်ကားရ။ အာမဘန္တေ' လို့ ခင်ဗျား ရွတ်တာတွေကို ကျွန်တော် ခုထက်ထိ မှတ်မိနေပါသေးတယ်''

ကျွန်တော်က စကားပြောဖော် ရလာပြီဖြစ်သဖြင့် အာဝန်းရွှင်ပြလာသည်။

''ဘာဖြစ်လို့ မှတ်မိနေတာလဲ'' မျိုးမြင့်ရန်နောင်က ၎င်း၏ ထုံးစံအတိုင်း တစ်ဖက်လူ၏ အလိုက်ကို မသိဘဲ ဖွတ်မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘုရားရှိခိုးကို ကျွန်တော် သိပ်သဘောကျသွားတယ်။ ဘုရားရှေ့မှာ ထိုင်ပြီး 'ဩကာသ၊ ဩကာသ'လို့ မရွတ်ဘဲ 'ရန်သူကို လက်စားချေမယ်၊ အိမ်သည်ကို ဧည့်သည်မစော်ကားရ၊ အာမဘန္တေ'လို့ ကျွန်တော် ထိုင်ရှိခိုးတော့ 'ကောင်လေး၊ ဘုရားရှိခိုးပါလို့ ပြောတာ ဘာတွေ ရွတ်နေတာလဲ'ဆိုပြီး ကျွန်တော့် အဖေက ကြိမ်နဲ့ ထရိုက်တယ်လေ။ ဒီအဖြစ်အပျက်ကို ကျွန်တော် အမှတ်ရတော့ ခင်ဗျား ဘုရားရှိခိုးကိုလည်း ကျွန်တော် မမှတ်မိဘဲ ဘယ်နေနိုင်ပါတော့မလဲ။ အဲဒီတုန်းက ကျွန်တော်က ၁၃ နှစ်၊ ၁၄ နှစ်"

မျိုးမြင့်ရန်နောင်က သဘောကျသွားကာ အသံထွက်အောင် ရယ်လိုက်သည်။ ပြီးမှ ဣန္ဒြေဆည်လိုက်လျက် မျက်နှာထား တည်တည်ကြီးဖြင့် …

"နို့ … နေစမ်းပါဦး။ ခင်ဗျားကကော ဘုရားရှိခိုးကို ဘာဖြစ်လို့ သဘောကျသွားရတာလဲ"

"ဒီလိုလေ၊ ကျွန်တော်တို့က လူငယ်ဆိုတော့ အဲဒီတုန်းက အင်္ဂလိပ်ကို သိပ်မုန်းနေတယ်။ အင်္ဂလိပ်ဟာ ကျွန်တော်တို့အိမ်လာနေတဲ့ ဧည့်သည်။ ဒီဧည့်သည်ဟာ ကျွန်တော်တို့ အိမ်ဦးခန်းမှာတက်ထိုင်ပြီး ကျွန်တော်တို့ကို စော်ကားနေတယ်။ ဒါကို ကျွန်တော် မခံချင်ဖြစ်နေတယ်။ ဒီဧည့်သည်ကို ကျွန်တော် ဆော်ချင်နေတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်လိုဆော်ရမှန်း မသိဘူး။ အဲဒီမှာ ခင်ဗျားက ကျွန်တော့်ကို ဘုရားရှိခိုး သင်ပေးလိုက်တယ်၊ ဒါတင်မကဘူး။ ရန်ကုန်ကို ဂျပန်လေယာဉ်ပျံက ဗုံးကြဲတဲ့နေ့ကျတော့ ခင်ဗျား အိမ်ပြန်လာပြီး ဂျော်နီဝါကား အရက်ကြော်ငြာက အင်္ဂလိပ်ရုပ်ကြီးနှစ်ရုပ်ကို ခင်ဗျားရဲ့ 'ယိမ်းနွဲ့ပါး'ဓားကြီးနဲ့ ခုတ်ချလိုက်တယ်။ ဒီမှာ ကျွန်တော် ပိုသဘောကျသွားတယ်။ ကျွန်တော် လုပ်ချင်တာတွေကို ခင်ဗျားက လုပ်ပြသွားတော့၊ ကျွန်တော် ခင်ဗျားကို မမေ့နိုင်အောင် စွဲကျန်ရစ်ခဲ့တာပေါ့"

"ဩော် … ခင်ဗျား ဂျော်နီဝါကားအရုပ်ကို ဓားနဲ့ခုတ်တဲ့ကိစ္စလည်း မှတ်မိသေးသကိုး"

မျိုးမြင့်ရန်နောင်သည် ဆေးတံကိုဖွာကာ ခေါင်းကို ညိတ်နေသည်။ ၎င်း၏ မျက်လုံးများသည် နှစ်ပေါင်းသုံးဆယ်ကို လှမ်းမျှော်ကြည့်နေသကဲ့သို့ အဝေးသို့ ငေးစိုက်လျက်ရှိကြ၏။

"ဒါတင်ဘယ်ကမလဲ မျိုးမြင့်ရန်နောင်။ ခင်ဗျား 'ယိမ်းနွဲ့ပါး'ဓားကြီးကို ခင်ဗျားအမျိုးသမီးက ခင်ဗျားမရှိတုန်း တိတ်တိတ်ပုန်း ဓားအိမ်ကို ချွတ်ကြည့်တော့





ခင်ဗျားနဲ့ မိသွားတယ် မဟုတ်လား။ ဒီတော့ ခင်ဗျားက 'ကျုပ်ဓားဟာ ချွတ်မိရင် မရဘူး။ သွေးသောက်ရမှ'လို့ပြောပြီး သူ့ အင်မတန်ချစ်တဲ့ ကြောင်ကလေး 'ရွှေဝါ'ရဲ့ ခေါင်းကို ပိုင်းချလိုက်တာကိုလည်း ကျွန်တော် မှတ်တာပဲ။ 'ဓား'ဝတ္ထုကြီးထဲမှာ ခင်ဗျားရဲ့ သူပုန်ရှားမှုတော်တော်များများကို ကျွန်တော် မမေ့ပါဘူး။ ဒါပေမယ့် ဇာတ်လမ်းနဲ့ အဲဒီထဲက အမျိုးသမီးကိုတော့ သိပ်မမှတ်မိချင်ဘူး"

"ဩော် … မြင်မြင်ကို ကောင်းကောင်း မမှတ်မိဘူးလား။ အေးလေ၊ ဇာတ်လမ်းကို မမှတ်မိရင်လည်း ကျုပ် ခပ်တိုတို ပြောပြပါ့မယ်"

မျိုးမြင့်ရန်နောင်သည် ဆေးတံမှ ပြာများကို ခေါက်လျက်ရှိ၏။

"ကျုပ်အဖေက ဦးဖြိုးတင့်ဗျာ။ ဆရာစံတိုက်ပွဲမှာ ကျခဲ့တယ်။ ကျုပ်အဖေက အင်းဝခေတ် မင်းကြီးရန်နောင် အဆက်အနွယ်ထဲက ဖြစ်တယ်။ ကျုပ်အဖေက ကျုပ်ကို မင်းကြီးရန်နောင်ကိုင်ခဲ့တဲ့ 'ယိမ်းနွဲ့ပါး'ဓားကို အမွေပေးခဲ့တယ်။ 'ယိမ်းနွဲ့ပါး' အကြောင်းကိုတော့ ခင်ဗျားသိမှာပေါ့နော်။ စာရေးဆရာ"

"ဟုတ်ကဲ့၊ နွားဇက်ကို ပိုင်းလိုက်ရင် အကွင်းလိုက် ပြတ်ကျတယ်ဆိုတဲ့ ဓားအကြောင်းကို ကျွန်တော် ဖတ်ဖူး၊ ကြားဖူးပါတယ်"

"ဒီဓားကို ကိုင်ပြီး ရန်ကုန်ရောက်လာတယ်။ ရန်ကုန် ရောက်လာတော့ ကျုပ်အဖေရဲ့ ငယ်သူငယ်ချင်း ဦးဖိုးထယ်အိမ်မှာ တည်းတယ်။ ဦးဖိုးထယ်ရဲ့ သမီးက မြင်မြင်လေ။ မြင့်မြင်ကို မြင်တော့ ငယ်ငယ်တုန်းက မြင်မြင်က ကျုပ်ကို ပါးရိုက်ဖူးတာကို အမှတ်ရလာတယ်။ ဒီတင် ကျုပ် လက်စားချေချင်စိတ်တွေ တဖွားဖွား ပေါ်လာတာနဲ့ ရောက်ရောက်ချင်း မြင်မြင်ကို ပါးတစ်ချက် ဆွဲရိုက်ပစ်လိုက်တယ်"

မျိုးမြင့်ရန်နောင်က အားရကျေနပ်စွာ ပြုံးလိုက်သည်။

"မိန်းကလေးတစ်ယောက်ကို ယောကျ်ားရင့်မကြီးတစ်ယောက်က တွေ့တွေ့ချင်း ဘာမပြော ညာမပြောနဲ့ ပါးရိုက်တာကို တချို့က နှာခေါင်းရှုံ့ကြတယ်။ ကျုပ်ကတော့ လုပ်သင့်တယ်လို့ ထင်တာပဲ။ ခုလည်း မှန်တယ်လို့ ထင်တုန်းပဲ။ ကျုပ်ကို စော်ကားတဲ့လူဆိုရင် ကျုပ်က လက်စားပြန်ချေရမှ အိပ်ပျော်တယ်၊ ဩော် … ဇာတ်လမ်းကို ဆက်ရဦးမယ်။ ကျုပ် မြင်မြင်တို့အိမ်ရောက်တော့ ခြင်္သေ့ဆိုတဲ့ နောက်ပိုးကို တွေ့တယ်။ ဒီကောင်ဟာ တကယ့် တစ်ပါးကျွန်ဗျ။ အင်္ဂလိပ်ရဲ့ လုပ်ဆောင်လည်း စုံထောက်ဖက်မှာ လုပ်တယ်။ မြင်မြင်ကို ကျုပ်နဲ့မြခင် ပြိုင်ကြတယ်"

"မြင်မြင်ဟာ ခင်ဗျားနဲ့ လူကြီးချင်း စေ့စပ်ထားတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဒါပေမယ့် ကျုပ်က လူများပေးစားလို့ရတဲ့ မိန်းမမျိုးကို မယူချင်ဘူး။ သူချစ် ကိုယ်ချစ်ကိုမှ ယူချင်တယ်။ ဒါနဲ့ ဂျပန် စင်ကာပူဝင်တော့ မြဒင်ဟာ ကျုပ်ကို အင်္ဂလိပ်ဆန့်ကျင်ရေးသမားမှန်း သိသွားပြီး၊ တစ်ဖက်လှည့်နဲ့ အချုပ်ထဲ ဆွဲထည့်ထားလိုက်တယ်။ အင်္ဂလိပ်တပ် ရန်ကုန်ကဆုတ်တော့ မြဒင်ဆိုတဲ့ ကောင် ပါသွားပြီး လမ်းကျတော့ ထွက်ပြေးလာတယ်။ ကျုပ်လည်း ထောင်ဖောက်ပြီး ထွက်ပြေးလာတယ်။ ဒီလိုနဲ့ တပ်ပြေး မြဒင်နဲ့ ထောင်ပြေး မျိုးမြင့်ရန်နောင်ဟာ မြင်မြင်တို့အိမ်မှာ လာဆုံကြပြန်တယ်။ ဒီမှာ ကျုပ်နဲ့ မြဒင် ဓားချင်းယှဉ်ခုတ်တယ်။ မြဒင် ရှုံးတယ်။ ကျုပ် 'ယိမ်းနွဲ့ပါး'ကလည်း ဓားအိမ်က ချွတ်ပြီးသား ဖြစ်နေပြီ။ ဒါပေမယ့် ကျုပ် မြဒင်ကို ခုတ်မသတ်ခဲ့ဘူး"

"အဲဒါ ခင်ဗျားမှားတယ်လို့ ထင်တယ် မျိုးမြင့်ရန်နောင်။ မြဒင်ဟာ သစ္စာဖောက်၊ အင်္ဂလိပ်သူလျှို။ ခင်ဗျား သူ့ကို ရှင်းပစ်ခဲ့ရမှာပေါ့"

မျိုးမြင့်ရန်နောင်သည် ပွင့်လင်းသူပီပီ၊ ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။

"ဟုတ်တယ် ... စာရေးဆရာ၊ အမှန်ကတော့ တစ်ခါတည်း ရှင်းပစ်ခဲ့သင့်တာပဲ။ ကျုပ်လည်း ဒါကိုပဲ ပြောချင်နေတာပဲ။ ဒါပေမယ့် အဲဒီတုန်းကတော့ မြဒင်ဟာ ဗမာဖြစ်နေလို့ဆိုပြီး ...."

"သစ္စာဖောက်ဟာ သစ္စာဖောက်ပါပဲ။ သစ္စာဖောက်ချင်း အတူတူ ဗမာ သစ္စာဖောက်ကို မသတ်လိုက်တာဟာ မတရားဘူးလို့ ကျွန်တော် ထင်တယ်။ လွဲမှားတဲ့ အမျိုးသားစိတ်လို့ ကျွန်တော် ဆိုချင်တယ်"

"ခင်ဗျားပြောချင်လည်း ခံရမှာပဲလေ။ ဒါဟာ ကျုပ် မပြတ်သားတာပဲ"

မျိုးမြင့်ရန်နောင်သည် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"ဒီလိုနဲ့ ကျုပ်ဓားကလည်း ချွတ်ပြီးပြီ၊ မြဒင်ကိုလည်း မသတ်ရက်တော့ ကျုပ်မြို့ပြင်ထွက်ပြီး ရန်သူအင်္ဂလိပ်တွေကို ခုတ်သတ်ပြန်လာတယ်။ ကျုပ်နဲ့ မြင်မြင်လည်း ဦးဖိုးထယ် ဆန္ဒအရ လက်ထပ်လိုက်ကြရတယ်"

"မျိုးမြင့်ရန်နောင်ရဲ့ အင်္ဂလိပ်ဆန့်ကျင်ရေးလုပ်ငန်းကိုတော့ ကျွန်တော် သဘောကျပါတယ်။ ဒါပေမယ့် ခင်ဗျား နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းမှာ အားနည်းချက်ကြီးတစ်ရပ် ရှိတယ်လို့တော့ ကျွန်တော် ထင်တယ်ခင်ဗျ"

"ပြောဗျာ စာရေးဆရာ။ ကျုပ်က ဒီလိုဝေဖန်ချက်မျိုး ကြားချင်တာ"





"မျိုးမြင့်ရန်နောင် နယ်ချဲ့ဆန့်ကျင်ရေး လုပ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ကြီးမားတဲ့ နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံကြီး ပေါ်ပေါက်နေတယ်။ ဒီအရေးတော်ပုံကြီးကို ဒို့ဗမာအစည်းအရုံးဝင် တိုးတက်တဲ့သခင်တွေက ဦးဆောင်နေတယ်။ အဲဒီတုန်းက နိုးကြားတဲ့ မြန်မာလူငယ်တွေဟာ ဒီအရေးတော်ပုံကြီးထဲမှာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပါဝင်ခဲ့ကြတယ်။ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ခဲ့ကြတယ်။ ဒါဟာ အဲဒီတုန်းက မြန်မာလူငယ်တွေရဲ့ သမိုင်းပဲ။ ဒါပေမယ့် ခင်ဗျားရဲ့ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွေဟာ အဲဒီ မြန်မာလူငယ်ထုနဲ့ ကင်းကွာနေတယ်။ သမိုင်းနဲ့ကင်းကွာနေတယ်။ တစ်ကိုယ်တော်လှုပ်ရှားမှု ဖြစ်နေတယ်။ သူရဲကောင်းဆန်နေတယ်။ အမျိုးသားအုံကြွမှုကြီးနဲ့ နည်းနည်းပါးပါး အဆက်အစပ် ရှိကောင်းရှိမယ်ဖြစ်သော်လည်း မှေးမှိန်နေတယ်။ အဲဒါဟာ ခင်ဗျား နယ်ချဲ့ဆန့်ကျင်ရေးလုပ်ရပ်ရဲ့ အားနည်းချက် ဖြစ်တယ်လို့ ကျွန်တော် ထင်တယ်"

(၄)

မျိုးမြင့်ရန်နောင်သည် ခေါင်းတဆတ်ဆတ် ညိတ်လျက်ရှိသည်။ ဘာမျှ ပြောဆိုခြင်း မပြု။

"ဇာတ်လမ်းကိုဆက်ရင် ကျုပ်လဲ ဘီ-အိုင်-အေ ထဲ ပါသွားတယ်။ အင်္ဂလိပ် ထွက်ပြေးသည်အထိ။ ကျုပ်ပြန်လာတော့ မြင်မြင်ဟာ မြဒင်နဲ့ အိမ်ထောင်ကျနေပြီ။ ကျုပ်လည်း ခြေတစ်ဖက်ပြတ်၊ မျက်စိတစ်ဖက်ပျက်ပြီး မန္တလေးဆေးရုံမှာ တော်တော်ကြာကြာ တက်ကုနေရတယ်။ ပြန်လာတော့ ကျုပ်သားနဲ့ မြင်မြင်ဟာ မြဒင်ရဲ့ အရိပ်အောက်မှာ ရောက်နေပြီ။ ဒီတွင် ကျုပ်လည်း ချစ်သူနဲ့သားကိုစွန့်ပြီး တိုင်းပြည်အတွက် အလုပ်လုပ်ဖို့၊ အင်္ဂလိပ်ကို ချေမှုန်းဖို့ ခရီးဆက်ထွက်လာခဲ့တယ်။ ဇာတ်လမ်းကတော့ အဲဒါပါပဲ။ ဆရာမင်းဆွေဟာ ကျုပ်ကို ဒီတိုင်းထားပစ်ခဲ့တယ်။ အဲဒါ ကျုပ် မကျေနပ်ဘူး။ သူ့ကို ပြောဖို့လည်း သူမရှိတော့ဘူး။ ဒီတော့ ကျုပ်ကို အမှတ်တရ ဖြစ်နေတဲ့ လူတွေထဲမှာ ခင်ဗျားတော့ပါကောင်းရဲ့ဆိုပြီး ခင်ဗျားကို လာပြောတာပဲ"

မျိုးမြင့်ရန်နောင်သည် ဆေးတစ်ဆုံကို မီးညှိ၍ ဖွာနေပြန်သည်။

"မြင်မြင်ဟာ အညာလွယ်လွန်းတယ်လို့ ကျွန်တော် ထင်တယ် မျိုးမြင့်ရန်နောင်။ အင်္ဂလိပ်ကို တိုက်ထုတ်လိုက်ရတဲ့ အချိန်ကာလဟာ ဘယ်လောက်မှ မကြာလိုက်ပါဘူး။ တစ်နှစ်ကျော်၊ နှစ်နှစ်လောက်ပဲ ရှိပါတယ်။ ဒီအတွင်းမှာ မြင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ စစ်ထွက်သွားတဲ့ ကိုယ့်ယောကျ်ားရဲ့ မျက်နှာကိုမှ မထောက်ဘဲ၊ မြဒင်ကို ယူ လိုက်တာဟာ မြန်လွန်းတယ်လို့ ကျွန်တော် ထင်တယ်''

ကျွန်တော်က မြင်မြင်နှင့်စပ်လျဉ်း၍ ထင်မြင်ချက် ပေးလိုက်သောအခါတွင် မျိုးမြင့်ရန်နောင်သည် စိတ်မကောင်းဖြစ်သွားပုံရသည်။

''ဒါကတော့ဗျာ၊ ခေတ်ပျက်ကြီးထဲမှာ အားကိုးရာမဲ့ ဖြစ်နေတယ် မဟုတ်လား။ ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်။ သူ့အဖေကလည်း ဆုံးပြီမဟုတ်လား''

''ကျွန်တော်ကတော့ ဒီလို မမြင်ဘူးခင်ဗျ။ မြင်မြင်ဟာ ကိုယ့်မင်းကိုယ့် ချင်းလမ်းမှာ ဝင်းကြီး၊ ခြံကြီးနဲ့ အခြေမပျက်နေနိုင်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်။ စီးပွားရေးအရ ဖူဖူလုံလုံရှိတယ်။ ဒီအချိန်မှာ မားမားမတ်မတ် ရပ်မယ့်သူ မရှိသည့်တိုင် စီးပွားရေးအရတော့ မကြောင့်မကြနေရသေးတယ်။ သူ့လောက် တောင့်တောင့်တင်းတင်း မရှိတဲ့ မိန်းမတွေတောင် တိုင်းပြည်အတွက် အလုပ်လုပ်တဲ့ယောကျ်ား မရှိချိန်မှာ သစ္စာရှိရှိနဲ့ ဘဝကိုရန်းကန် တိုက်ခိုက်ရဲကြသေးရင် မြင်မြင်ကော ဘာလို့ ရန်းကန် တိုက်ခိုက်ရဲတဲ့သတ္တိ မရှိရမှာလဲ။ တစ်ခုတော့ ရှိတယ်ပေါ့လေ။ အဲဒီလို အခက်အခဲမျိုးကို ရန်းကန်တိုက်ခိုက်ရဲတဲ့ သတ္တိမရှိဘူးဆိုရင်တော့ မြဒင်နဲ့ရတဲ့ ကိစ္စကို လက်မခံနိုင်ဘူး ထားဦး၊ အထက်တန်းစားမိန်းမတွေဟာ ဒီလိုပဲဖြစ်တတ်တယ်ဆိုတဲ့ ကောက်ချက်မျိုး ကိုတော့ ဆွဲပေးဖို့သင့်တယ်လို့ ထင်တယ်''

မျိုးမြင့်ရန်နောင်သည် ကျွန်တော့်စကားကို မည်သို့မျှ ပြန်လည်ပြောဆိုခြင်း မပြုချေ။ ၎င်းစိတ်ထဲတွင် ချစ်သူ မြင်မြင်အပေါ်တွင် အမျှင်မပြတ်နိုင်ဘဲ ဖြစ်နေ ဟန်တူ၏။

''ဒါတွေ ထားပါတော့ဗျာ၊ ဒီနေ့ည ကျုပ် ခင်ဗျားဆီလာတဲ့ကိစ္စက ခင်ဗျား ကို တိုက်တွန်းချင်တာတစ်ခု ရှိလို့ဗျ''

''ဟုတ်ကဲ့ ... ပြောပါ၊ မျိုးမြင့်ရန်နောင်''

''စာရေးဆရာတစ်ယောက်က ဖန်တီးလိုက်တဲ့ ဇာတ်ကောင်တစ်ကော ဟာ တစ်ခါတလေ စာရေးဆရာရဲ့ အလိုကို မလိုက်ဘဲ သူက စာရေးဆရာကို ဆွဲ ခေါ်သွားတယ်ဆိုတာကို ခင်ဗျား လက်ခံသလား''

''ကျွန်တော် သိပ်လက်ခံတာပေါ့ မျိုးမြင့်ရန်နောင်။ ခု ကျွန်တော့်မှာ ဒီ ဒုက္ခတွေ့နေတယ်။ ကျွန်တော် ဖန်တီးခဲ့တဲ့ ဇာတ်ကောင်တချို့ဟာ ခုစာအုပ်ထဲက ထလာပြီး ကျွန်တော့်ကို တစ္ဆေခြောက်သလို ခြောက်လှန့်နေကြတယ်။ သူတို့ ဇာတ်





...ကို ဆက်ပြီး အရေးခိုင်းနေကြတယ်''

ကျွန်တော်က စိတ်အားထက်သန်စွာ ပြောလိုက်သည်။

''ဟုတ်တယ်၊ ကျုပ် ပြောချင်တာလည်း ဒါပဲ။ ကျုပ်ဟာ 'စား' ဆိုတဲ့ ...ထဲမှာ အနှစ်သုံးဆယ်နီးပါးလောက် အချုပ်အနှောင်ခံနေရတယ်။ ကျုပ် ဆက်ပြီး ...ရှားချင်သေးတယ်၊ မသေချင်သေးဘူး။ ကျုပ်ကို ဖန်တီးခဲ့တဲ့ ဆရာမင်းဆွေလည်း ...ရှိတော့ဘူး။ ဆရာမင်းဆွေသာရှိရင် ကျုပ် သူ့ကို တစ္ဆေခြောက်သလို၊ ခဏခဏ ...ခြောက်နေဦးမှာပဲ။ နားပူနားဆာ လုပ်နေဦးမှာပဲ။ ဒါပေမယ့် ဆရာမင်းဆွေဟာ ...သည်မှာ မရှိတော့ဘူး။ ဒီတော့ ခင်ဗျားကိုပဲ အပူကပ်ရမှာပဲ''

ကျွန်တော်က မျိုးမြင့်ရန်နောင်ဆီမှ မီးခြစ်တောင်းကာ ဆေးပေါ့လိပ်တိုကို ...သို့၍ ဖွာနေမိသည်။

''စားဝတ္ထုကြီးမှာ ဆရာမင်းဆွေဟာ ကျုပ်ကို ရှေ့တိုက်ပွဲတွေအတွက် ...ထွက်သွားတယ်လို့ဆိုပြီး အဆုံးသတ်ထားတယ်။ ဒီအဆုံးသတ်ကို ကျုပ် ပြန် ...ချင်တယ်။ ကျုပ် ဒီအတိုင်း ရပ်မနေနိုင်ဘူး။ ဆက်လှုပ်ရှားချင်တယ်''

''ခင်ဗျာ ...''

''ဒီလိုလေ ... ကျုပ်တို့ လူငယ်တွေဟာ အင်္ဂလိပ်ကို မုန်းခဲ့ကြတယ်။ ...ကိုမုန်းတာ မဟုတ်ပါဘူး။ နယ်ချဲ့သမားကို မုန်းခဲ့ကြတာပါ။ ဒီလိုမုန်းလို့ ...ကို အားကိုးတကြီးနဲ့ ခေါ်ခဲ့ကြတယ်။ နောက်တော့ ကျွန်တော်တို့ ပင့်လာခဲ့တဲ့ ...ဂျပန်ဟာလည်း ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြောသလို၊ ဘုရားမဟုတ်ဘဲ ...လူးတွေ ဖြစ်နေတယ်။ ဒါကြောင့် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆက်ပြီး ဆင်နွှဲ ...တယ်။ ဒါ ခင်ဗျားလည်း သိပြီးသားပဲ''

''ဟုတ်ကဲ့ ... တစ်မျိုးသားလုံး ညီညွတ်ပြီး ဆင်နွှဲခဲ့တဲ့ တော်လှန်ရေး ကြီးလေ''

''ဟုတ်တယ်။ အဲဒီတော်လှန်ရေးကြီးထဲကို ကျုပ် ဆက်ပါရဦးမယ်။ ဂျပန် ...ဆစ်ကို ကျုပ်လက်စားချေရဦးမယ်။ ဖက်ဆစ်ဂျပန်ဟာ အိမ်သည်ကို စော်ကားတဲ့ ...သည်ဖြစ်တယ်။ သူ့ကို ကျုပ် လက်စားချေရဦးမယ်။ ငယ်ငယ်တုန်းက ကျုပ် ...ရှိခိုးထဲမှာပါတဲ့အတိုင်း လှုပ်ရှားရဦးမယ်''

မျိုးမြင့်ရန်နောင်သည် စိတ်အားထက်သန်လာ၏။ မျက်လုံးများသည် ...တောက်ပြောင်လာကြသည်။ အံကြိတ်ထားသဖြင့် မေးရိုးကားကြီးများသည် ...



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာကြသည်။

"မြဒင်ဆိုတဲ့ ကောင်ကော၊ ဘာဖြစ်တယ်ထင်သလဲ"

"ဟုတ်ကဲ့ ပြောပါ မျိုးမြင့်ရန်နောင်"

"ဂျပန်ခေတ်ကျတော့ ဂျပန်သူလျှို ဖြစ်တယ်လေ။ သူ့ လက်ချက်နဲ့ ဖက်ဆစ်တော်လှန်ရေး တပ်သားကောင်းတွေဟာ ဂျပန်ကင်ပေတိုင်ရဲ့ အကျဉ်းစခန်းမှာ အစတေး ခံခဲ့ကြရတယ်"

"ဖြစ်မှ ဖြစ်ရလေဗျာ"

"ဒါတင်မကသေးဘူး။ ဖက်ဆစ်တော်လှန်ရေးပြီးလို့ အင်္ဂလိပ် ပြန်ဝင်လာတဲ့ အခါကျတော့လည်း အက်ဖ် ၁၃၆ ဆိုတဲ့ အင်္ဂလိပ်ထောက်လှမ်းရေးတပ်မှာ ပြန်ပြီး အမှုထမ်းတယ်လေ။ သခင်တွေကို ထောင်ထဲဆွဲသွင်းခဲ့တယ်လေ၊ ... ထို့"

မျိုးမြင့်ရန်နောင်က စက်ဆုပ်ရွံရှာဟန်ဖြင့် ပြောလိုက်သည်။

"ကျုပ် ဒီကောင်ကို အသေမသတ်ခဲ့မိတာ မှားတာပဲ။ ကျုပ်ကိုလည်း ထောင်ထဲ ဆွဲသွင်းတယ်။ ကျုပ်မယားကိုလည်း ယူတယ်။ တိုင်းပြည်ကိုလည်း တစ်ကြိမ်မက အကြိမ်ကြိမ်အခါခါ သစ္စာဖောက်တယ်။ အစတုန်းက ဒီကောင်ဟာ လူလို့ ထင်ခဲ့တယ်။ မြန်မာလူမျိုးလို့ ထင်ခဲ့တယ်။ ဒီကောင်ဟာ မြန်မာလူမျိုးလည်း မဟုတ်ဘူး။ လူလည်း မဟုတ်ဘူး။ ခွေးဆိုးပဲ။ လူသတ်တာဟာ မကောင်းပေမယ့် ခွေးဆိုးတစ်ကောင်ကို သတ်တာဟာ ကောင်းတဲ့အလုပ်တစ်ခုပဲ"

မျိုးမြင့်ရန်နောင်က ခေတ္တရပ်လိုက်၏။ ပြီးမှဆက်၍ ကျုပ်လည်း အမြင်တွေ ပြောင်းသွားပြီ။ အရင်တုန်းကတော့ ကျုပ်ဟာ မျက်ကန်းမျိုးချစ်သာသာပါပဲ။ ခုတော့ ကျုပ်မှာ လူမျိုးရေးသက်သက်အမြင်ဆိုတာထက် လူတန်းစားအမြင် ရှိလာပြီ။ အမျိုးသားရေးကိုလည်း လူတန်းစားအမြင်နဲ့ ကြည့်တတ်လာပြီ။ ကျုပ်သားဟာ ခုဆို အသက် ၂၉၊ ၃၀ နီးပါး ရှိရောမယ်။ ကျုပ်သားကိုလည်း ကျုပ် သင်ကြားစရာတွေ၊ လမ်းညွှန်စရာတွေ အများကြီး ရှိသေးတယ်။ ခင်ဗျား မြန်မာပြန်တဲ့ တောလ်စ်တွိုင်းရဲ့ 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုကြီးထဲကလို မင်းသားကလေး အင်ဒရေ သေတော့ သူ့သား နီကိုလတ်က ဖအေ့ခြေရာ နင်းသလို၊ ကျုပ်သားလည်း ကျုပ်ခြေရာ နင်းစေချင်တယ်။ ကျုပ်က ပွင့်လင်းတယ်၊ ရိုးဖြောင့်တယ်၊ မှန်တာကို လုပ်တယ်။ (ကျုပ်ကိုယ်ကျုပ် ဒီလိုပြောရတာကို ခွင့်လွှတ်ပါ) အားလေ၊ အနည်းဆုံး ပွင့်လင်းဖို့၊ ရိုးဖြောင့်ဖို့၊ မှန်ရာကို လုပ်ရဲဖို့ ကြိုးစားတယ်"





မျိုးမြင့်ရန်နောင်သည် နှိမ့်ချတတ်သူပီပီ၊ စကားကို ပြင်ပြောလိုက်သည်။

"ကျုပ်သားကိုလည်း ကျုပ်လို ဖြစ်စေချင်တယ်။ တိုင်းပြည်အတွက် အလုပ်လုပ်စေချင်တယ်။ (ပမာဏ ဆီးစေ့လေးလောက်လည်း ရှိချင်ရှိမယ်ပေါ့ဗျာ) တတ်နိုင်သလောက်ကလေးတော့ လုပ်စေချင်တယ်။ ကျုပ် အသက်ကြီးပြီ။ ဒီတော့ ကျုပ် မလုပ်နိုင်တဲ့ လုပ်ငန်းတွေကို ဆက်လုပ်စေချင်တယ်။ အဲဒါ ကျုပ်နဲ့ ကျုပ်သားရဲ့ ဇာတ်လမ်းကို ခင်ဗျား ဆက်ရေးဗျာ။ မြဒင်လို သစ္စာဖောက်ကိုလည်း စာရင်းရှင်းရဦးမယ်။ ဒါဟာ ဇာတ်ကောင်တစ်ကောင်က စာရေးဆရာတစ်ယောက်ကို တောင်းဆိုတာပဲ။ ပြောမယ့်သာ ပြောရတာပါလေ။ ကျုပ်သားကလည်း အသက်သုံးဆယ်လောက် ရှိတော့ အရိုးရင့်နေလို့ ပြင်လို့မှ ရပါဦးမလား မသိဘူး။ နည်းနည်း နောက်ကျသွားပြီ ထင်တယ်"

"နောက်ကျတယ်ရယ်လို့ မရှိပါဘူး မျိုးမြင့်ရန်နောင်၊ ကျွန်တော်လည်း ခင်ဗျားကို သဘောကျပါတယ်။ ခင်ဗျား တိုက်တွန်းသလို ဆက်လည်း ရေးချင်ပါတယ်။ ဒါပေမယ့် ..."

ကျွန်တော်က ရပ်လိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

"ဒါပေမယ့် ကျွန်တော့်မှာ ရေးခွင့်မရှိပါဘူး မျိုးမြင့်ရန်နောင်။ ဝမ်းနည်းပါတယ်"

"အကြောင်းက ..."

"အကြောင်းကတော့ မျိုးမြင့်ရန်နောင်ဟာ ကျွန်တော် ဖန်တီးခဲ့တဲ့ ဇာတ်ကောင်မဟုတ်ပါဘူး။ စာရေးဆရာကြီး မင်းသွေ ဖန်တီးခဲ့တဲ့ ဇာတ်ကောင်ပါ။ စာရေးဆရာကြီး မင်းသွေဟာ သူ့ဇာတ်ကောင်ကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖန်တီးပြီး ဘယ်လို အဆုံးသတ်ဖို့ ရည်ရွယ်ခဲ့တယ်ဆိုတာကို ကျွန်တော် မသိနိုင်ပါဘူး မျိုးမြင့်ရန်နောင်။ ဒါက တစ်ချက်၊ နောက်တစ်ချက်က စာရေးဆရာကြီး မင်းသွေက 'ငါ့ဝတ္ထုကို မင်းဆက်ရေးကွာ' လို့လည်း ခွင့်ပြုချက် မပေးခဲ့ပါဘူး။ ခွင့်ပြုချက် မရှိရစ်ခဲ့ဘဲနဲ့ သူ့ဝတ္ထုကို ဆက်ရေးရင် ကျွန်တော်ဟာ စာရေးဆရာကြီး မင်းသွေကိုရော၊ ခင်ဗျားကိုရော၊ စာဖတ်ပရိသတ်ကိုရော စော်ကားရာ ရောက်တော့မှာပေါ့။ ဒါဟာ စာရေးသူတစ်ယောက် ထိန်းသိမ်းရမယ့် ကျင့်ဝတ်ဗေဒပါ။ ဒါကြောင့် ကျွန်တော် အလွန်ရေးချင်သော်လည်း ကျွန်တော် မရေးနိုင်ပါဘူး မျိုးမြင့်ရန်နောင်၊ ဝမ်းနည်းပါတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကျွန်တော့်ဆီလာပြီး တောင်းဆိုတယ်ဆိုတာကိုတော့ ကျွန်တော့် ရင်းနှီးရ ရေးသော်ရေးဘက်တွေနဲ့ စာဖတ်ပရိသတ်ကို တင်ပြပါ့မယ်''

မျိုးမြင့်ရန်နောင်သည် ဘာမျှမပြောတော့။ ခေါင်းကို ခါယမ်းကာ မုတ်ဆိတ်မွေးများကို လက်ဖြင့်သပ်လျက် ရှိသည်။ အတန်ကြာမှ ဂျိုင်းထောက်ကြီးကို လှမ်းယူ၍ထလိုက်ရင်း ...

''အေးဗျာ။ ဒါတွေကိုတော့ ကျုပ် နားမလည်ဘူး။ ကျုပ် ဖြစ်စေချင်တာကို ကျုပ် ပြောတာ။ ကျုပ် အမြင်ပြောင်းသွားပြီ။ မြဒင်ကို အရင်တုန်းက လက်စား မချေခဲ့မိတာဟာ 'ရန်သူကို လက်စားချေလော့ အာမဘန္ဓေ' ဆိုတဲ့ ကျုပ် ဘုရားရှိခိုး နဲ့လည်း မကိုက်ညီဘူး။ ကျုပ် ဒီလို ဘာကြောင့် အမြင်ပြောင်းသွားရပုံကိုကော ခင်ဗျား သိရဲ့လား''

''မသိဘူး ခင်ဗျ''

''ကျုပ် ဂျပန်တော်လှန်ရေးတုန်းက ပျဉ်းမနားဘက်မှာ တာဝန်ကျတယ်။ အဲဒီတုန်းက တောင်ညိုခြင်တန်းက မုဆိုးကြီး ကိုဖိုးခုံနဲ့ တွေ့တယ်။ ကိုဖိုးခုံက 'ကျားဟာ သူ့ကို ပစ်ပစ် မပစ်ပစ် ကိုက်မှာပဲတဲ့။ ကိုယ်က ကျားကိုသတ်ရင် သတ် ကိုယ်ကမသတ်ရင် ကျားက ကိုယ့်ကို လာသတ်မှာပဲ' တဲ့။ ကိုဖိုးခုံဟာ သူ့ ဘဝကနေပြီး အဘိဓမ္မာ ထုတ်ယူတယ် စာရေးဆရာ။ ဒီတော့ ကျုပ်လည်း တောင်ညိုခြင်တန်းက မုဆိုး ကိုဖိုးခုံကို အတုယူရမယ်။ ကျားဟာ ကိုယ်ကမသတ်ရင် သူက ကိုယ့်ကိုကိုက် သတ်စားမှာပဲဆိုတာ ကိုဖိုးခုံအနေနဲ့ ကောင်းကောင်းသိတယ်။ ဟုတ်တယ်။ ကျုပ်တို့ဟာ တောင်ညိုခြင်တန်းက ကိုဖိုးခုံကို အတုယူရမယ်။ ကဲ သွားမယ် ဗျာ။ အချိန်လည်း အတော်နောင်းသွားပြီ။ ကျုပ်ဇာတ်လမ်းကို ရေးဖို့မရေးဖို့ကတော့ ခင်ဗျားဘာသာ ခင်ဗျား စဉ်းစားပေါ့။ ကျုပ် တောင်းဆိုချင်တာပါတော့ ဒါပါပဲ။ အိမ်သည်ကို ညှဉ်းသည် မစော်ကားရ၊ ရန်သူကို လက်စားချေလော့၊ အာမဘန္ဓေ''

မျိုးမြင့်ရန်နောင်သည် လက်ရုံးကို မြှောက်ကာ၊ ၎င်း၏ ဘုရားရှိခိုးဂါထာကို ရွတ်ဆိုရင်း ဂျိုင်းထောက်ကြီးဖြင့် တဖြည်းဖြည်း ယွက်ခွာသွားသည်။

မျိုးမြင့်ရန်နောင်သည် ခွဲခွာခါနီးတွင် ထိုစကားများဖြင့် နှုတ်ဆက်တတ်လေ့ ရှိခြင်းကို ကျွန်တော် အမှတ်ရလာသည်။

''အိမ်သည်ကို ညှဉ်းသည်မစော်ကားရ။ ရန်သူကို လက်စားချေလော့၊ အာမ ဘန္ဓေ''





ကျွန်တော်သည် ၎င်း၏ ဘုရားရှိခိုးကို ရွတ်ဆိုနေမိသည်။ တဖြည်းဖြည်းနှင့် မျိုးမြင့်ရန်နောင်သည် မီးခိုးများဖြစ်ကာ ပျောက်ကွယ်သွားလေပြီ။

ကျွန်တော်သည် ကျွန်တော် မှုတ်ထုတ်လိုက်သော ဆေးလိပ်မီးခိုးတန်းများ ကြားတွင် ပျောက်ကွယ်သွားသည့် မျိုးမြင့်ရန်နောင်၏ ရုပ်ပုံကို မှန်းဆကြည့်ရင်း တစ်ယောက်ထီးတည်း ကျန်ရစ်ခဲ့ပေသတည်း။

□



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ဆက်၍ရေးချင်သောဝတ္ထုများ – ၂

(၁)

တက္ကသိုလ်ပရိဝုဏ်မှ ကျွန်တော် ထွက်ခွာခဲ့သည်မှာ အနှစ် ၂၀ ကျော်ပြီ။ ထိုစဉ်ရှိ၍ တစ်ခါတစ်ရံရောက်သည်မှအပ တက္ကသိုလ်မှ ကံ့ကော်ရိပ်တွင် ခြေမချခဲ့သည်မှာလည်း ကြာပြီ။ လုံး၀ မရောက်သည့်နှစ်ကား ဆယ်နှစ်နီးပါးပင် ရှိတော့မည်။

ယနေ့နံနက်တွင်မူ အနေဝေးခဲ့သော တက္ကသိုလ်ဘက်သို့ လမ်းလျှောက်ထွက်သည်ဟု စိတ်ကူး၍ ထွက်ခဲ့သည်။ လမ်းလျှောက်ရင်း စာရေးရန် ရှာဖွေထားသော အချက်အလက်များကို ခေါင်းထဲတွင် စီစဉ်နေရာချသည်။ ခေါင်းထဲတွင် ဖွဲ့စည်းစ၊ အရှည်တည်စ ပြုနေပြီဖြစ်သော ဇာတ်လမ်း၊ ဇာတ်ကွက်များ၊ ဇာတ်ကောင်များကို အကွက်ချရသည်။ တစ်ခါတစ်ရံတွင်လည်း မိမိဖတ်ဖူးသော စာအုပ်များမှ အချက်အလက်များကို ကြေညက်အောင် လုပ်ရသည်။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တက္ကသိုလ်ပရိဝုဏ်လမ်းများပေါ်တွင် ကိုယ့်ခြေသံကိုကိုယ် နားထောင်၍သော်လည်းကောင်း၊ ကျေးငှက်တို့၏ မြည်ကျူးသံကို နားထောင်၍သော်လည်းကောင်း၊ လမ်းလျှောက်ရသည်မှာ စိတ်ကို လန်းဆတ်စေသည်။ လမ်းလျှောက်ခြင်းသည် ကျွန်တော့် အစာအိမ်ထဲရှိ အစာများကိုသာ ကြေညက်စေသည် မဟုတ်။ ကျွန်တော့် ဦးနှောက်ထဲရှိ အများကို ကြေညက်စေအောင်လုပ်ရာ၌လည်း များစွာ အထောက်အကူဖြစ်စေသည်။

ကျွန်တော်သည် ဝင်ဒါမီယာဘက်မှဝင်ကာ အင်းလျားလမ်းအတိုင်း မြောက်ဘက်သို့ လျှောက်လာခဲ့သည်။ အင်းလျားလမ်းတစ်လျှောက်တွင် တိုက်သစ်တွေ ပြည့်နေပြီ။ ကျွန်တော်တို့ ကျောင်းသားဘ၀ တနင်္ဂနွေနေ့များတွင် ရွှေတိဂုံသို့ လမ်းလျှောက်သွားကြလျှင် အင်းလျားလမ်းမှ ဖြတ်လေ့ရှိရာ၊ ထိုစဉ်ကပင်လျှင် ဉာဏ်မှုလောတ် တိုက်



www.burmeseclassic.com

တာအိမ်ခြေတွေ မများကြသေး။ တချို့နေရာ၌ သစ်တိုပင်၊ မရမ်းပင်၊ ပိန္နဲပင် စသည့် ပင်စောက်ကြီးတွေဖြင့် မည်းမှောင်လျက်ရှိသော ခြံကြီးများနှင့် အိမ်အိုအိမ်ဟောင်းကြီးများ၊ တိုက်အိုတိုက်ဟောင်းကြီးများကို မြင်ရလေသည်။ လှိုင်ဂုက်သည်းဖို ဝတ္ထုများထဲက ခြံကြီးများလိုလို။

ယခုကား အင်းလျားလမ်းတစ်လျှောက်တွင် ခြံအိုခြံဟောင်း၊ အိမ်အိုအိမ်ဟောင်း၊ တိုက်အိုတိုက်ဟောင်းတို့ မရှိကြတော့။ သစ်လွင်ခေတ်မီသော တိုက်တာများကို မြင်ရသည်။ ယခင် တိုက်အိုတိုက်ဟောင်းကြီးများသည်ပင်လျှင် အပြင်အဆင်သစ်၊ အမွမ်းအခံသစ်တို့ဖြင့် ငယ်မူပြန်နေကြသည်။ အသက်ငါးဆယ်ကျော်မှ ဆံပင်ကောက်သော၊ မျက်ခုံးမွေးတို့ကို ဖော့ခရစ်ဝတ်သော၊ ခြေသည်း လက်သည်းဆိုးသော၊ မက်စ်ဖက်တာ မိတ်ကပ်ဖြင့် အလှပြင်တတ်ကြသော တိုက်ကြီး၊ အိမ်ကြီးရှင် အထက်တန်းစား မင်းစိုးကတော်ကြီးများကဲ့သို့ ငယ်မူပြန်လျက်ရှိကြသည်။ အိမ်ကြီးရှင်မမတို့ ငယ်မူပြန်သကဲ့သို့ ၎င်းတို့၏ ရိပ်မြုံအိုကြီးများပင်လျှင် ငယ်မူပြန်လျက် ရှိကြသည်။

လမ်းဘေးမြက်ခင်းများပေါ်၌ စကားပွင့်တွေ မွှေးနေသည်။ စကားပွင့်ရနံ့များကလည်း မွှေးလျက်ရှိသည်။

ကျွန်တော်သည် ခြေလှမ်းမှန်မှန်ဖြင့် လမ်းလျှောက်လာရင်း အင်းလျားလမ်းကို လေ့လာမိသည်။ ခေတ်ကြီးပြောင်းသလို၊ အင်းလျားလမ်းကလည်း ပြောင်းလဲခဲ့လေပြီ။ ယခင်က ဘဲလ်အဲယားကြီးများ ဖြတ်မောင်းလေ့ရှိသော အင်းလျားလမ်းပေါ်၌ ဖယ်မလီယာကားများ ဖြတ်သန်းသွားခြင်းကို မြင်ရသည်။ စစ်ပြီးစ ကျွန်တော်တို့ခေတ်တုန်းက တက္ကသိုလ် လေ့ကျင့်ရေးတပ်ရင်းကို ပြန်မဖွဲ့သေး။ ယခု လေ့ကျင့်ရေးဆင်းနေကြသော တက္ကသိုလ်လေ့ကျင့်ရေး တပ်သားများကို မြင်ရသည်။ ယခင်က ကျွန်တော်တို့၏ဆရာများ နေခဲ့ကြသော တက္ကသိုလ်အမှုထမ်းများအိမ်တွင် ကျွန်တော့်မိတ်ဆွေ ပါမောက္ခများ၊ ကထိကများ၊ ဆရာများ ရောက်နေကြသည်။

အချိန်တည်းဟူသော ရေလျဉ်သည် တသွင်သွင် စီးဆင်းလျက် ရှိသည်။

ဤသို့ လမ်းလျှောက်၍ ကောင်းတုန်း၊ အသက်ရှူ၍ ကောင်းတုန်း၊ အင်းလျားလမ်းကို လေ့လာ၍ကောင်းတုန်း ခြံတစ်ခြံထဲမှ ကြေးစည်သံနှင့် အမျှဝေသံကို ကြားရသည်။ ထိုအသံတို့ကိုကြားသည်၌ ကျွန်တော့်အတွေးအလျဉ်သည် စီးကြောင်း ပြောင်းသွားသည်။

ကြေးစည်သံကို ကြားလိုက်ရသောအခါ၌ အကျဉ်းထောင်ထဲ၌ နေခဲ့ရစဉ်က





ဖတ်ခဲ့သော ဘာသာရေးကျမ်းများကို သွားအမှတ်ရသည်။ အကျဉ်းထောင်ထဲ၌ နေခဲ့ရစဉ် ဘာသာရေးကျမ်း တော်တော်များများကိုသာ ဖတ်ခဲ့ရသည်။ ၎င်းတို့အထဲတွင် ကျွန်တော် မှတ်မှတ်ရရဖြစ်နေသော စာအုပ်သုံးအုပ်ရှိသည်။

တစ်အုပ်မှာ လယ်တီဆရာတော် ဘုရားကြီးရေးသော ‘လယ်တီပုစ္ဆာ အဖြေခေါင်းချုပ်ကျမ်းကြီး’ ဖြစ်သည်။ လန်ဒန်ပါဠိဒေဝီ ခေါ် မစ္စက်ရိုင်းစ်ဒေးဗစ်နှင့် အင်္ဂလိပ်အဘိဓမ္မာဆရာကြီး ဘာထရန်ရပ်ဆယ်တို့၏ အမေးပုစ္ဆာများကို ဖြေဆိုထားသော ကျမ်းကြီးဖြစ်သည်။ အဘိဓမ္မာဆရာကြီး ဘာထရန်ရပ်ဆယ်က ပစ္စည်းနှင့်ပစ္စယုပ္ပန်တို့၏ အကြောင်း မေးမြန်းထားခြင်းကို လယ်တီဆရာတော်ဘုရားကြီးက ရှင်းရှင်းလွယ်လွယ်ဖြင့် ဖြေသွားသည်။ အဘိဓမ္မာဆရာကြီး ဟယ္ဂမ်း၏ အဘိဓမ္မာနှင့် ဗုဒ္ဓ၏ အဘိဓမ္မာတို့ကိုလည်း နှိုင်းယှဉ်မေးမြန်းထားသည်။ ထိုအမေးကိုမူ ဟယ္ဂမ်း၏ အဘိဓမ္မာကို နားမလည်သည့်အတွက် နှိုင်းယှဉ်ပြဆိုခြင်းမပြုနိုင်ဟု လယ်တီဆရာတော်ဘုရားကြီးက ရိုးရိုးရှင်းရှင်းကြီး ဖြေဆိုလိုက်သည်။ ကျွန်တော်သည် လယ်တီဆရာတော်ဘုရားကြီး၏ ပိဋကတ်စာပေ နှံ့စပ်ပုံ၊ စာအရေးအသား ရှင်းလင်းလွယ်ကူ ရိုးသားဖြောင့်မတ်ပုံတို့ကို ကြည့်၍ များစွာ ပီတိ ဖြစ်ရသည်။

နောက်တစ်အုပ်မှာ ဆရာကြီး ဦးရွှေဇံအောင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ‘သင်္ဂြိုဟ်သခေ်ပ’အမည်ရှိ ကျမ်းကြီးဖြစ်သည်။ ဆရာကြီး ဦးရွှေဇံအောင်သည် သင်္ဂြိုဟ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရာ၌ မှတ်သားဖွယ် နိဒါန်းကြီးတစ်စောင်ကိုလည်း ရေးခဲ့သည်။ ဆရာကြီး ဦးရွှေဇံအောင်၏ နိဒါန်းသည် စင်စစ်၌ စစ်တမ်းကြီးတစ်စောင် ဖြစ်လေသည်။ ကျွန်တော်သည် ဆရာကြီး ဦးရွှေဇံအောင်၏ နိဒါန်းကို ဖတ်၍လည်း ပီတိ ဖြစ်ရသည်။

တတိယအုပ်မှာ ဆရာကြီး ဦးဖေမောင်တင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသည့် ‘ဝိသုဒ္ဓိမဂ်’ ကျမ်းကြီးဖြစ်သည်။ ထိုကျမ်းကြီးမှာ သီဟိုမှ ရှင်ဗုဒ္ဓဃောသ၏ လက်ရာဖြစ်၍ လန်ဒန်ပါဠိအသင်းကြီးမှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဆရာကြီး ဦးဖေမောင်တင်က ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ခြင်း ဖြစ်လေသည်။ ကျွန်တော်သည် ဆရာကြီး ဦးဖေမောင်တင်၏ ‘ဝိသုဒ္ဓိမဂ်’ ကျမ်းကိုဖတ်၍လည်း ပီတိဖြစ်ရသည်။

ကျွန်တော် ထိုသို့တွေး၍ လျှောက်လာစဉ် အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းဆုံသို့ ရောက်လာသည်။

ကျွန်တော်သည် တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်ကာ အင်းလျားကန်ဘေးထိုင်ခုံ

www.burmeseclassic.com



ဆထ်လက် လျှောက်လာခဲ့ပြန်သည်။ အင်းလျား၊ ရတနာစသည့် ကျောင်းဆောင်များကို ဖြတ်လာခဲ့ပြီးနောက် တက္ကသိုလ် ဘွဲ့နှင်းသဘင်နောက်မှ ချိုးကာ အင်းလျားကန်ဆောင်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။

အင်းလျားကန်ဘက်သို့ ကျွန်တော် ရောက်လာသည့်အချိန်၌ ခြောက်နာရီခွဲသာရှိသေးသည်။

နှင်းကြွင်းတို့သည် အင်းလျားကန်ကို ပိုးဇာပဝါပါးဖြင့် ရစ်သိုင်းထားသကဲ့သို့ ရှိ၏။ သရက်ပင်အုပ်များအောက်၌ အမှောင်သည် တွယ်ကပ်ခိုအောင်းလျက်ပင် ရှိသေးသည်။

ကျွန်တော်သည် လမ်းလျှောက်လာရင်း သရက်ပင်အုပ်များဆီသို့ လှမ်းကြည့်လိုက်သည်။ သရက်ပင်အုပ်များအောက်၌ အမျိုးသမီးတစ်ယောက် အင်းလျားကန်ကို မျက်နှာမူ၍ ရပ်လျက်ရှိသည်။ ကျွန်တော်ကဲ့သို့ စောစောစီးစီး လမ်းလျှောက်သူလော။ သို့ဖြစ်လျှင် ထိုအမျိုးသမီးသည် အဘယ်ကြောင့် တစ်ယောက်ထီးတည်း လာရသနည်း။

(၂)

ကျွန်တော်သည် သရက်ပင်အုပ်များအောက်သို့ လျှောက်လာခဲ့သည်။

ထိုအမျိုးသမီးသည် လမ်းလျှောက်လာသူလော။ သို့ဖြစ်လျှင် နံနက်စောစောကြီးတွင် အဘယ်ကြောင့် တစ်ယောက်တည်း လမ်းလျှောက်လာရသနည်း။

အင်းလျားကန်ဆောင်ရိုးတွင် လူသူရှင်းလျက်ရှိ၏။ ကျောင်းပိတ်ချိန်ဖြစ်၍ လမ်းလျှောက်လေ့ရှိကြသော ကျောင်းသူကျောင်းသားများလည်း မရှိကြ။ အသက်ကြီးလာသဖြင့် ကျန်းမာရေးကို အလွန်ဂရုစိုက်တတ်ကြသော ပင်စင်စား အရာရှိကြီးများ ဖြစ်ဟန်တူသည့် ပုဂ္ဂိုလ်ကြီး တစ်ဦးစ နှစ်ဦးစကိုသာ တွေ့ရသည်။

ထိုအမျိုးသမီးသည် ချောကလက်ရောင် စိန်ကတ္တီပါရင်ဖုံးကို ဝတ်ထားကာ မုဒ့်ရက် အပြာရောင် ချည်ချောလုံချည်တစ်ထည်ကို ဝတ်ထားပြီး၊ ခြေထောက်တွင် ကြံရောင် ကတ္တီပါဖိနပ်ကို စီးထားသည်။ ထိုအရောင်များကြားမှ ဖြူဝင်းသော အသားသည် ထင်းကနဲပေါ်လျက်ရှိသည်။ ဆံပင်များကို သေသပ်စွာဖြီးထားသဖြင့် ၎င်း၏မဟာနဖူးသည် ခန့်ထည်သောအသွင်ကို ဆောင်လျက်ရှိ၏။

ကျွန်တော်သည် ထိုအမျိုးသမီးအနီးသို့ လျှောက်လာခဲ့သည်။ ထိုအမျိုးသမီးကို ကျွန်တော်သဲကွဲစွာ မြင်နေရလေပြီ။ ကျွန်တော်က ထိုအမျိုးသမီးကို တစ်ချက်မျှ





ကျွန်ကြည့်လိုက်သည့်အခါ၌ ၎င်းနှင့် အကြည့်ချင်းဆုံမိကြသည်။

ခပ်လှမ်းလှမ်းမှ မြင်ရသည့်အတွက်ကြောင့် တစ်ကြောင်း၊ အမှောင်ဖျိုးဖျရှိနေသေးသည့်အတွက်ကြောင့်တစ်ကြောင်း၊ ခပ်စောစောက အမျိုးသမီးငယ်တစ်ဦးဟု ကျွန်တော် ထင်မှတ်ခဲ့ရာ အနီးကပ်၍ ကြည့်လိုက်သောအခါ၌ ထိုအမျိုးသမီးသည် ငယ်ရွယ်သူတစ်ဦး မဟုတ်တော့ကြောင်း တွေ့ရသည်။ ငါးဆယ်ကျော်ခန့် ရှိလောက်ပြီဟု ကျွန်တော် ခန့်မှန်းလိုက်မိသည်။

သို့ရာတွင် နုပျိုသင့်သလောက် နုပျိုဆဲရှိပါသေးသည်။ ဤအသက် ဤအရွယ်၌ အထူးပြင်ဆင် မွမ်းမံခြင်းမရှိဘဲ လှပနေဆဲဖြစ်သဖြင့် ငယ်စဉ်က တော်တော်ချောသည့် မိန်းမတစ်ဦးဟု အောက်မေ့လိုက်သည်။

ကျွန်တော်သည် ဤမျှ နုပျိုလျက်ရှိသေးသော အမျိုးသမီးတစ်ဦးကို ဤအဝတ်အစားဖြင့် မြင်လိုက်သောအခါ မျက်စိထဲတွင် ထူးဆန်းနေသည်။

ကျွန်တော် မြင်ဖူး၊ သိဖူးသော အသက်ငါးဆယ်ကျော် အမျိုးသမီးကြီးများသည် ခေတ်နှင့်အမီ ဝတ်ဆင်ကြလေ့ရှိသည်။ ၎င်းတို့သည် အရွယ်အားဖြင့် နုပျိုခြင်းကို ဖြစ်မရနိုင်သောအခါ၌ အမွှမ်းအမံ၊ အပြင်အဆင်တို့ဖြင့် နုပျိုခြင်းကို ဖန်ဆင်းကြသည်။ ၎င်းတို့၏ဇရာကို ခေတ်ဆန်သော အဝတ်အစားများဖြင့် ဖုံးကွယ်ရန် ကြိုးစားကြသည်။ အရှစ်၊ လှိုင်းကြီး၊ ဖော့ခရစ် စသော အဝတ်အစားအဆန်းကို ဆင်ယင်ကာ၊ ယိုးဒယားကလာသော ဖိနပ်လှလှကလေးများကို စီးကြသည်။ ၎င်းတို့သည် နှုတ်ခမ်းနီ ဆိုးကြသည်။ ခြေသည်း၊ လက်သည်းဆိုးကြသည်။ ရဲရဲဆိုသည့် အရောင်လွှင်လွှင် လှလှကလေးများကို ဝတ်ဆင်ကြသည်။ ဆံပင်ကိုဖြတ်၍ နဖူးပေါ်တွင် မသိမသာ ဝဲချထားလေ့ရှိကြသည်။ ၎င်းတို့သည် ၎င်းတို့၏သမီးများနှင့် အလှပြိုင်ကြသည်။

ကျွန်တော် တွေ့ရသော အမျိုးသမီးကြီးမှာကား ယခုခေတ်စားလျက်ရှိသော အဆင်အပြင်များ လုံးဝမရှိ။ ကျွန်တော်တို့ ငယ်ငယ်က ခေတ်စားခဲ့သော စိန်ကတ္တီပါအင်္ကျီက အစ ကတ္တီပါဖိနပ်အဆုံး၊ တစ်ကိုယ်လုံး မြန်မာပီသစွာ ဝတ်ဆင်ထားသော အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ ရုပ်ရည်သန့်ပြန့် ချောမောသော အမျိုးသမီးကြီးတစ်ဦးကို ယခုကဲ့သို့ မြန်မာဆန်ဆန်၊ ဣန္ဒြေရရ ဝတ်ဆင်ထားခြင်းကို မြင်ရသောအခါ၌ ကျွန်တော့်ရင်ထဲ၌ ကြည်နူးသော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသည်။

ကျွန်တော်သည် ထိုအမျိုးသမီးကြီးကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြန်သည်။ ဤတွင် ၎င်းနှင့် အကြည့်ချင်း ဆုံမိကြပြန်သည်။ ဤတစ်ကြိမ်၌ကား ၎င်းနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွှမ်းဝင်သော အရာတစ်ခုသည် ၎င်း၏ မျက်လုံးတွင် ရှန်းလက်လာသည်ဟု ကျွန်တော် ထင်လိုက်မိသည်။

ထိုအမျိုးသမီးကြီး၏ မျက်လုံးများသည် ပြာလဲ့လျက်ရှိကြသည်။ ကျွန်တော်သည် ထိုမျက်လုံးပြာတစ်စုံကို မြင်ဖူးသည် ထင်၏။ ထိုမျက်နှာကိုလည်း တော်တော် ရင်းရင်းနှီးနှီး မြင်ဖူးသည်ဟု ထင်သည်။

စစ်မဖြစ်မီက ပေါ်ပေါက်ခဲ့သော နာမည်ကြီး ရုပ်ရှင်မင်းသမီး တစ်ဦးလော။ တက္ကသိုလ်တွင် ကျွန်တော် တက်ရောက်သင်ကြားခဲ့စဉ်က ကျွန်တော့်အား စာပေ သင်ကြားပို့ချခဲ့သော တက္ကသိုလ်ဆရာမတစ်ဦးလော။

ကျွန်တော့်စိတ်ထဲတွင် ဝေခွဲမရ ဖြစ်လျက်ရှိသည်။

ထိုအမျိုးသမီးကြီးသည် ကျွန်တော့်ကို စိုက်ကြည့်နေရာမှ တစ်ချက်ပြုံးလိုက်သည်။ ကျွန်တော်ကလည်း ပြန်၍ ပြုံးပြလိုက်၏။ အမျိုးသမီးကြီးသည် တစ်ဖက်သို့ လှည့်သွားပြန်ကာ အင်းလျားကန်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသောလေကို အားရ ပါးရ ရှူလျက်ရှိသည်။ နောက်တစ်ကြိမ် ကျွန်တော်က ပြန်ကြည့်လိုက်သောအခါ၌ ကျွန်တော့်ကို ပြုံးပြပြန်သည်။ ကျွန်တော်ကလည်း ပြန်၍ ပြုံးလိုက်ရပြန်သည်။

စစ်မဖြစ်မီက နာမည်ကြီးခဲ့သော ရုပ်ရှင်မင်းသမီးကြီး တစ်ဦးကို ကျွန်တော် သိကျွမ်းခဲ့ဖူးသည်။ သို့ရာတွင် ထိုအမျိုးသမီးကြီးမှာ ဤမျှလောက် အသားမဖြူ ရုပ်ချင်းလည်း သိပ်မဆင်။ ထိုအမျိုးသမီးကြီး၏ ဝတ်စားဆင်ယင်ပုံမှာ အလွန် မြန်မာပီသ၍ ၎င်း၏ ကိုယ်ဟန်သည် စိုပြေကျော့ရှင်းလျက်ပင် ရှိသေးသည်။

သို့ဖြစ်လျှင် ကျွန်တော်တို့ ဥပစာတန်းတုန်းက အင်္ဂလိပ်စာ သင်ကြားပို့ချခဲ့သည့် ဆရာမလော။ ၎င်းမှာလည်း ယခု အမျိုးသမီးလောက် အရုပ်မမြင့်။

ဤသို့ ကျွန်တော် စဉ်းစားလျက်ရှိစဉ် ထိုအမျိုးသမီးကြီးက ပြုံး၍ ကျွန်တော်ထံ ဣန္ဒြေရစွာ လျှောက်လာသည်။

"ရှင် ... ရှင် ကိုမြင့်အောင် မဟုတ်လား"

ထိုအမျိုးသမီးကြီးက ကျွန်တော့်ကို လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် မြင့်အောင်ပါ"

အမျိုးသမီးကြီးသည် ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်လျက် ...

"တူပါတယ်လို့ ကျွန်မ ကြည့်နေတာ၊ ဒါပေမယ့် သိပ်မသေချာတာနဲ့"

ကျွန်တော်သည် အားတုံ့အားနာကြီးဖြစ်လျက် ရှိသည်။ အမျိုးသမီးက ကျွန်တော်





၏လှသိနည်းလှသော နာမည်ကို ထုတ်ဖော်၍ နှုတ်ဆက်သည့်တိုင် ကျွန်တော်သည် ထိုအမျိုးသမီးကြီး မည်သူမည်ဝါမှန်း ကောင်းစွာ မသိသေး။

"ခု ရှင် စာရေးဆရာလုပ်နေတယ်ဆို။ ရှင့်ဝတ္ထုတွေ ကျွန်မ ဖတ်ရပါတယ်"

ထိုအမျိုးသမီးကြီးက တစ်ဆက်တည်း ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် ဝတ္ထုလေး ဘာလေး ရေးပါတယ်"

"ရှင့်မိတ်ဆွေ စာရေးဆရာကြီး ဒဂုန်တာရာကိုကော တွေ့ရဲ့လား"

ထိုအမျိုးသမီးကြီးက ဒဂုန်တာရာကို မေးနေပြန်သည်။ ထိုအမျိုးသမီးကြီးသည် ကျွန်တော်နှင့် ဒဂုန်တာရာ နှစ်ယောက်စလုံးကို သိကျွမ်းသော အမျိုးသမီးကြီး ဖြစ်သည်ဟူ၍ကား ကျွန်တော် သိရပြီ။ သို့ရာတွင် မည်သူမည်ဝါမှန်း ကျွန်တော် မသိရသေး။

"သူကတော့ ကျွန်မကို မေ့လောက်ရောပေါ့ရှင်"

ထိုအမျိုးသမီးကြီး၏ စကားမှာ ၎င်းနှင့် ဒဂုန်တာရာတို့ လွန်စွာ ရင်းနှီးကြောင်းကို ဖော်ပြလျက်ရှိသည်။

"ကျွန်မကတော့ သူ့ကို ဘယ်တော့မှ မမေ့ပါဘူး။ မေ့နိုင်စရာလည်း မရှိပါဘူးလေ"

ခက်ပြီ။ ထိုအမျိုးသမီးကြီးသည် စာရေးဆရာကြီး ဒဂုန်တာရာနှင့် မည်သို့ ပတ်သက်သနည်း။ မည်မျှ ရင်းနှီးသနည်း။ ကျွန်တော်သည် ဒဂုန်တာရာနှင့် ရင်းနှီးသော အမျိုးသမီးများကို ကျွန်တော် သိသလောက် စဉ်းစားကြည့်သည်။ သို့ရာတွင် ထိုအမျိုးသမီးကြီးနှင့်တူသည့် ဒဂုန်တာရာ၏ အမျိုးသမီးမိတ်ဆွေများကို ကျွန်တော် စဉ်းစား၍ မရ။

"ကျွန်မလေ သူနဲ့ သိပ်တွေ့ချင်တာပဲ။ စကားတွေ အများကြီး ပြောစရာရှိတယ်။ ဒါပေမယ့် တွေ့ဖို့ ကျွန်မဘက်ကလည်း မကြိုးစားခဲ့ပါဘူး။ ဘယ်တွေ့ပါ့မလဲ"

ထိုအမျိုးသမီးကြီးက ၎င်း၏ စကားကို ၎င်းဘာသာ သဘောတူ၍ ရယ်လိုက်သည်။

"ခုတော့ သူ့ကို ပြောစရာစကားတွေ ရှင့်ကိုပဲပြောလိုက်မှာပဲ။ သူနဲ့ တွေ့ရင် ကျွန်မ ပြောပြမယ့် စကားတွေကို တဆိတ်ပြောလိုက်ပါ"

"ဟုတ် ... ဟုတ်ကဲ့ခင်ဗျ၊ ဒါပေမယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် … ကိုဘဟိန်းကိုကော သိသလား"

အမျိုးသမီးကြီးက ကျွန်တော့်စကားမဆုံးခင် ကြားဖြတ် မေးလိုက်သည်။

"ကွန်မြူနစ်ပါတီ ခေါင်းဆောင်၊ အလုပ်သမား သမဂ္ဂဥက္ကဋ္ဌ ကိုဘဟိန်း ပါလား"

"ဟုတ်ပါတယ်။ အဲဒီ ကိုဘဟိန်း ပါပဲ"

"သိပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။ ခု ကွယ်လွန်သွားပါပြီ"

"ဟုတ်ကဲ့။ ကျွန်မ ကြားလိုက်ပါတယ်။ သူ ကွယ်လွန်တော့ ကျွန်မ မြန်မာပြည်မှာ မရှိပါဘူး"

ကျွန်တော် ထိုအမျိုးသမီးကြီးကို ပို၍ စိတ်ဝင်စားလာပြီး ထိုအမျိုးသမီးကြီးသည် ကိုဘဟိန်း၊ ဒဂုန်တာရာ စသူတို့နှင့် မည်သို့ ပတ်သက်နေသနည်း။

"ကိုဘဟိန်းနဲ့ ဒဂုန်တာရာကို ကျွန်မတစ်သက်မှာ မမေ့တော့ပါဘူးရှင်။ ကိုဘဟိန်းက ကျွန်မနဲ့ သိကျွမ်းရတာဟာ ရှန့်ပိန့်အရက်ကို သောက်ရတာနဲ့ တူသတဲ့လေ"

အမျိုးသမီးကြီးက အသံထွက်၍ ရယ်လိုက်သည်။ အမျိုးသမီးကြီး၏ မျက်နှာသည် အနှစ်သုံးဆယ်ခန့် နုပျိုသွားသည်ဟု ကျွန်တော် ထင်လိုက်ရသည်။

"ခင်ဗျား၊ ခင်ဗျားဟာ မေ … မေ …."

"ဟုတ်ပါသတဲ့ရှင်၊ ကျွန်မဟာ 'မေ'ပါတဲ့"

အမျိုးသမီးကြီးက ကြားဖြတ်၍ ပြောရင်း ပြုံးနေသည်။

(၃)

မေ …

မေကို ကျွန်တော် မသိဘဲ ရှိပါမည်လော။ မေသည် ကျွန်တော်တို့ ခပ်ငယ်ငယ် ၁၉၃၉ - ၄၀ ခုလောက်တုန်းက ခေတ်ဆန်သည်၊ လှသည်၊ ရိုးသည်၊ လွယ်သည်ပ နာမည်ကြီးခဲ့သူ မဟုတ်ပါလော။ ကျွန်တော်ပင်လျှင် မေနှင့် သိကျွမ်းခဲ့ဖူးသ မဟုတ်ပါလော။ မေသည် ကျွန်တော်တို့ ငယ်ငယ်က လူငယ်များပေါ်တွင် လွှမ်းမို ကြီးစိုးထားခဲ့သော မိန်းမချောတစ်ဦး မဟုတ်ပါလော။

"မေ ဟာ အများကြီး ပြောင်းလဲသွားတယ်နော်"





ကျွန်တော်က သံဝေဂတစ်ဝက်၊ အံ့သြခြင်းတစ်ဝက်ဖြင့် ပြောလိုက်သည်။

"ပြောင်းလဲသွားဆို၊ ကြာခဲ့ပြီကော ကိုမြင့်အောင်၊ ဒီအတောအတွင်းမှာ မြစ်ရေတွေဟာ ဘယ်လောက်များ စီးဆင်းသွားပြီလဲမှ မသိတာ"

မေက တည်ငြိမ်စွာ ပြုံး၍ ပြောလိုက်သည်။ အရင်တုန်းက 'မေ'က ကလက်သလောက်၊ ယခု မေသည် တည်ငြိမ်လျက် ရှိပေပြီ။

"ကျွန်တော်ဖြင့် ဟိုတုန်းက မေမှ ဟုတ်ပါလေရဲ့လားလို့တောင် သံသယဖြစ်မိတယ်"

ကျွန်တော်က မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် ပြောသည်။ မေက ပြုံးသည်။

"လူတစ်ယောက်ဟာ မြစ်တစ်မြစ်ထဲကို နှစ်ခါမဆင်းနိုင် …"လို့ ခေါ်မအတိမ္မာဆရာ ဟီရာကလစ်တပ်စ်က ဆိုတယ်မဟုတ်လား ကိုမြင့်အောင်။ မြစ်ထဲကိုဆင်းတဲ့လူဟာ နောက်တစ်ခါ ပြန်ဆင်းတဲ့အခါကျတော့ ဒီလူ မဟုတ်တော့ဘူး။ ရွှေနဲ့အမျှ ပြောင်းနေတယ်။ မြစ်ရေဟာလည်း စောစောက မြစ်ရေမဟုတ်တော့ဘူး၊ စီးသွားပြီ"

မေသည် ခေတ်ပညာတတ် အမျိုးသမီးကြီးတစ်ဦးပီပီ ပြောင်းလဲခြင်းတရားကို တင်စားပြောသွား၏။

"ဒါကတော့ ဟုတ်ပါတယ်မေ။ ဗုဒ္ဓကလည်း မမြဲသောသဘောကို ဟောတာပါပဲ။ ကားလ်မတ်ကလည်း ပြောင်းလဲခြင်းတရားကို ဟောတာပါပဲ"

"ဒီတော့ ဟိုတုန်းက မေမှ ဟုတ်ရဲ့လားလို့ သံသယဖြစ်မနေနဲ့တော့လေ။ မေ ဟာ မေပါပဲ။ ဒါပေမယ့် ဟိုတုန်းကမေတော့ မဟုတ်တော့ဘူး။ ဟိုတုန်းက မေက ခေတ်ဆန်တယ်။ ခု မေက ခေတ်မီတယ်။ ခေတ်ဆန်တာနဲ့ ခေတ်မီတာဟာ ကွာခြားစီပါနော် ကိုမြင့်အောင်"

မေက ကျွန်တော့်ထံက ထောက်ခံချက် တောင်းနေသည်။

"ဟုတ်ကဲ့။ ခြားနားတယ်လို့ ထင်ပါတယ် မေ။ ကျွန်တော်က မေ မရှိတော့ဘူးလို့ ယူဆနေတာ။ စာရေးဆရာကြီး ဒဂုန်တာရာကို မေးတော့လည်း မရှိတော့ဘူးလိုလို ဘာလိုလို ပြောလို့"

"စာရေးဆရာကြီး ဒဂုန်တာရာကတော့ မေ့တော့မှာပေါ့လေ။ ဒါအပြင် သူဟာ ပြောင်းလဲခြင်းတရားရဲ့ ခြွင်းချက်သတ္တဝါတစ်ဦး ဖြစ်တုန်းပဲလား"

မေက ၎င်း၏ စကားကို သဘောကျ၍ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတတော့ နိယာမတရားရဲ့ အပြင်ဘက်မှာလေ။ သိပ်ပြီး မပြောင်းလဲလှပါ ဘူး။ အရင်တုန်းကလို လူပျိုကြီးဖြစ်တုန်း၊ အရင်တုန်းကလို ဇီဇာကြောင်တုန်း၊ အရင်တုန်းကလို အသွေးအရောင်တွေကို စိတ်ဝင်စားတုန်း၊ အရင်တုန်းကလို အလှအပတွေကို ချစ်တုန်း၊ မြတ်နိုးတုန်း၊ အရင်တုန်းကလို ..."

မေသည် ကျွန်တော့်စကားများကို သဘောကျနေသည်။

"ဒီလောက်ဆိုရင် ကျွန်မ သိပါပြီလေ။ အရင်တုန်းကလို မေ့တတ်တုန်းပဲ ပေါ့"

"သူဟာ မေ့ချင်တာကိုသာ မေ့ပြီး သူ မမေ့ချင်တာကျရင် မမေ့ဘူးခင်ဗျ"

"ဟုတ်တယ်၊ ဟုတ်တယ်။ အင်မတန် ခေတ်ဆန်၊ အင်မတန်ကလက်တဲ့ မေဆိုတဲ့ မိန်းမတစ်ယောက်ကို သူ ဖန်တီးခဲ့ပြီး၊ ပြောင်းလဲသွားတဲ့ မေကိုတော့ သူ အမှတ်ရပုံ မပေါ်တော့ဘူးရှင့်။ သူက ဝတ္ထုတစ်ပုဒ်ကို ရေးတာဟာ ဘဝတစ်ခုကို ရေးနေရတာပဲတဲ့။ သူဟာ ကျွန်မအကြောင်းကို ရေးခဲ့ပြီး အဆုံးအထိ ဆက်မရေးဘူး ရှင့်"

"ခင်ဗျာ ..."

"ဩော် ... ဟိုတုန်းက မေကိုသာ ရေးခဲ့ပြီး ခု မေကို သူမေ့လိုက်ပြီ ထင်တယ်လို့ ပြောတာပါ။ ဒါထက် ရှင် ဂျာမန်ကဗျာဆရာကြီး ဂါထေးရဲ့ 'ဖော့စ်' ဆိုတဲ့ လက်ရာကြီးကို ဖတ်ဖူးတယ် မဟုတ်လား"

မေသည် ကွန်ဗင့်ကျောင်းထွက်၊ ဘီ အီး ဒီဘွဲ့ရ၊ အနောက်တိုင်းစာပေကို နှံ့စပ်သော ကျောင်းဆရာမဟောင်းတစ်ဦးပီပီ ကျွန်တော့်ကို မေးနေပြန်သည်။

"ဟုတ်ကဲ့၊ ဂါထေးရဲ့ 'ဖော့စ်' ကိုလည်း ဖတ်ဖူးပါတယ်။ အင်္ဂလိပ်ကဗျာဆရာကြီး ခရစ္စတိုဖာမာလိုးရဲ့ 'ဒေါက်တာဖော့စ်တပ်စ်' ကိုလည်း ဖတ်ဖူးပါတယ်"

"ဂါထေးရဲ့ လက်ရာကြီးထဲမှာ ဖော့စ်ဆိုတဲ့ မှော်ဆရာကြီးဟာ မယ်ဖိစတိုဖိလိဆိုတဲ့ ယမမင်းကို ဖန်ဆင်းခဲ့ပြီး လူတွေကို လွှမ်းမိုးခဲ့တယ်။ နောက်ကျတော့ မှော်ဆရာကြီး ဖော့စ်ဟာ သူ့ရဲ့ ယမမင်း မယ်ဖိစတိုဖိလိကို ဇီဝိန်နှုတ်လို့ မရတော့ဘူးလေ"

မေကို စာရေးဆရာကြီး ဒဂုန်တာရာက မိတ်ဆက်ပေးစဉ်က ခရစ်ယာန်လော၊ ဗုဒ္ဓဘာသာလော၊ မည်သို့ မိတ်ဆက်ပေးခဲ့သည်ကို ကျွန်တော် မမှတ်မိတော့။ ယခုမူ မေသည် ခရစ်ယာန်ဘာသာဝင်တစ်ဦး ဖြစ်ဟန်ရှိ၏။ ဤအချက်ကို ၎င်း၏ရင်အုံပေါ်တွင် ဆွဲထားသော လက်ဝါးကပ်တိုင်ကလည်း သက်သေခံလျက်ရှိသည်။





"ဟုတ်ကဲ့ ... ဗမာမှာတော့ ကိုယ်မွေးတဲ့ သရဲကို ကိုယ်ပြန်မနိုင်တဲ့ အောက်လမ်းဆရာမျိုးပေါ့ ခင်ဗျာ"

မေက သဘောကျ၍ ရယ်လိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်"

"စာရေးဆရာကြီး ဒဂုန်တာရာဟာ ကျွန်မကို ဖန်တီးခဲ့တယ်လေ။ ဒါပေမယ့် မေဆိုတဲ့ ဇာတ်ကောင်ဖြစ်တဲ့ ကျွန်မဟာ သူထင်သလို ပျောက်မသွားဘူးရှင့်။ အသက်ရှင်ကျန်နေတယ်။ သူ ဇီဝိန်ပြန်နှုတ်လို့ မရတော့ဘူး"

"ဒီလိုဆိုရင် စာရေးဆရာကြီး ဒဂုန်တာရာဟာ အောက်လမ်းဆရာကြီးလို့ ဆိုလိုချင်ပါသလား မေ"

မေက လက်ကာပြလိုက်သည်။

"အို ... အို ... ဒီလိုမဆိုလိုပါဘူး။ သူ အောက်လမ်းဆရာကြီးဖြစ်ရင် ကျွန်မလည်း သရဲမဖြစ်သွားမှာပေါ့။ ခုတော့ ကျွန်မလည်း သရဲမ မဟုတ်ဘူး။ ဒါကြောင့် သူလည်း အောက်လမ်းဆရာ မဟုတ်ပါဘူး။ သူ ကျွန်မကို ဖန်တီးပြီး ဒီအတိုင်းပစ်ထားခဲ့တဲ့အဖြစ်ကို လေးနက်စေချင်တဲ့ သဘောပါ"

"ကျွန်တော်ကတော့ စာရေးဆရာကြီး ဒဂုန်တာရာဟာ ဖော့စ်ဖြစ်ပြီး မေဟာ မယ်ဖိစတိုဖိလိနဲ့ တူတယ်လို့ ပြောတာထက်၊ စာရေးဆရာကြီး ဒဂုန်တာရာဟာ ပစ်မေလီယန်နဲ့ ပိုတူတယ်လို့ ထင်ပါတယ်"

ပစ်မေလီယန်မှာ ခေါမပုံပြင်ထဲတွင်ပါသော ပန်းပုဆရာ ဘုရင်တစ်ပါး၏ အမည်ဖြစ်သည်။ လှပချောမောသော ဆင်စွယ်နတ်သမီးရုပ်တစ်ရုပ်ကို ထုပြီးနောက် ထိုဆင်စွယ်နတ်သမီးကို မေတ္တာသက်ဝင်ခဲ့သည်။ နောက်ဆုံးတွင် ၎င်း၏ ဆုတောင်းဖြင့် ဆင်စွယ်နတ်သမီး အသက်ပြန်ရှင်လာခဲ့သော ဇာတ်လမ်းဖြစ်သည်။

ကျွန်တော်သည် အင်္ဂလိပ်ဘာသာနှင့် စာပေကို သင်ကြားခဲ့၍ အနောက်တိုင်းဆန်လှသော မေနှင့် တွေ့ဆုံသောအခါ၌ မလွဲမရှောင်သာတော့ဘဲ၊ ခေါမတွေ [illegible] ကို ပြောဆိုနေရသည်။

"အို ... ပစ်မေလီယန်က သူ့နတ်သမီးရုပ်ကို ချစ်မိလို့ ဆုတောင်း[illegible] နတ်သမီးရုပ်ဟာ အသက်ဝင်လာရတာပါ။ ကျွန်မတို့အဖြစ်နဲ့ မ[illegible] ဘူး။ [illegible] တိစွမှာ ကျွန်မဟာ စာရေးဆရာကြီး ဒဂုန်တာရာ အသက်သွင်းလို့ [illegible] တစ်ယောက် ဖြစ်လာပေမယ့် စာရေးဆရာကြီး ဒဂုန်တာရာကတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တောင် ရချင်မှရမှာပါ။ ကျွန်မ ဆိုလိုတာက ဒီလိုပါ။ စာရေးဆရာကြီးတစ်ယောက် ဖန်တီးလိုက်တဲ့ ဇာတ်ကောင်ဟာ တစ်ခါတလေကျတော့ အသက်ရှင် လှုပ်ရှားနေကြ တယ်။ ဇာတ်လမ်းဆုံးသွားပေမယ့် ဒီဇာတ်ကောင်တွေဟာ အသက်ရှင် ကျန်ရစ်ပြီး စာအုပ်ထဲက ထ,ထလာကြတယ်။ ခု ကျွန်မဟာ ကျွန်မဇာတ်လမ်းကို ပြောချင်သေး တယ်။ မဆုံးသေးဘူး။ ဒီသဘောကို ဆိုလိုတာပါ''

''ဟုတ်ပါတယ်။ ဆိုမာဆက်မွန်ကလည်း ဒီလိုဇာတ်ကောင်မျိုးတွေဟာ 'ဧည့်ခံပွဲကို မဖိတ်ဘဲနဲ့ တက်သူ'၊ 'တံခါးကို ချိုးဝင်သူ'လို့ တင်စားခေါ်ထားပါတယ်။ ဆိုလိုတာက စာရေးဆရာတစ်ယောက်ဟာ ဝတ္ထုတစ်ပုဒ်ကိုရေးပြီးနောက် ဝတ္ထုသစ် တစ်ပုဒ်ကိုရေးဖို့ စိတ်ကူးနေတုန်းမှာ ဝတ္ထုဟောင်းထဲက ဇာတ်ကောင်ဟာ သူ့ဇာတ်လမ်း ကို ဆက်ရေးဖို့ စာရေးဆရာကို အတင်းဝင်ပြီး နှောက်ယှက်နေတဲ့ သဘောပါ''

မေသည် သစ်မြစ်ဆုံတစ်ခုပေါ်တွင် ထိုင်လိုက်သည်။ ကျွန်တော့်ကိုလည်း အထိုင်ခိုင်းသဖြင့် ဝင်ထိုင်လိုက်ရသည်။

''ဟုတ်တယ်။ ကျွန်မ ပြောချင်တာ ဒီသဘောပဲ။ ဆရာကြီး ဒဂုန်တာရာဟာ ကျွန်မကို ဖန်တီးခဲ့ပေမယ့် ကျွန်မ ဇာတ်လမ်းကို အဆုံးတိုင် မရေးဘူး။ ဒါကြောင့် ကျွန်မ ဇာတ်လမ်းကို ဆက်အရေးခိုင်းရဦးမယ်။ အဲဒါ သူ့ကို တစ်ဆိတ် ပြောပေးပါ''

''သူက ဝတ္ထုတစ်ပုဒ်ကို ရေးရတာဟာ တစ်ဘဝနေရတာပဲလို့ ဆိုတယ် မဟုတ်လား။ ဒီတော့ ရေးပြီးသား ဝတ္ထုတစ်ပုဒ်ကို ထပ်ပြီး ရေးချင်ပါဦးမလား။ နေပြီးသား ဘဝတစ်ခုကို ထပ်ပြီး နေချင်ပါဦးမလား''

''ဒါတော့ သူ့သဘောပေါ့ရှင်။ ကျွန်မကတော့ ကျွန်မ ပြောစရာရှိတာကို ပြောရမှာပဲ။ သူနဲ့ မတွေ့ရင်လည်း ရှင့်ကိုပဲ ...''

''ဟုတ်ကဲ့၊ ကျွန်တော် စိတ်ဝင်စားပါတယ် မေ''

မေသည် အင်းလျားကန်ရေပြင်ကို ငေးကြည့်လျက်ရှိသည်။ အင်းလျားကန် ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများ ထနေသည်။ သရက်ကင်းကလေးများသည် ရေထဲသို့ ကြွေကျလျက်ရှိကြသည်။ သရက်ကင်းတို့ကြွေရာ ရေပြင်တွင် လှိုင်းဂယက် ကလေးများ ထလျက်ရှိသည်။

(၄)

ကျွန်တော်သည် မေနှင့် သိကျွမ်းရပုံကို အမှတ်ရ၏။ စာရေးဆရာကြီး ဒဂုန်





တာရာသည် မေဆိုသော ကလက်သော၊ ချောသော၊ ရိုးသော၊ လွယ်သော၊ ခေတ်ဆန် သော မိန်းပျိုတစ်ဦးကို ၁၉၃၉ ခုနှစ်လောက်က ဖန်ဆင်းခဲ့သည်။ ၄င်း၏ မေသည် အင်္ဂလိပ်စာရေးဆရာကြီး ဘီဗာလေနစ်ကောလ်၏ 'အတ္တ'ဆိုသော ဝတ္ထုထဲမှ နန်စီ ဆိုသော မိဘမဲ့တစ်ကောင်ကြွက် ကျောင်းဆရာမ ချောချောလေးတစ်ဦး၏ ကိုယ်ပွား ဖြစ်၏။

ကျွန်တော်နှင့် မေတို့ သိကျွမ်းရခြင်းမှာ ပိုးဖဲရောင်၊ လျှပ်စစ်ရောင်တို့ဖြင့် ဝင်းထိန်လျက်ရှိသော သံရုံးဧည့်ခံပွဲတစ်ခု၌ မဟုတ်။ ရိပ်ငြိမ်၍ ကံကော်တို့ သင်းပျံ့ သော တက္ကသိုလ်ပရိဝုဏ်တွင်လည်း မဟုတ်။ အလွန်ချောင်ကျလှသော တောဒေသ၏ ရွာကလေးတစ်ရွာတွင် ဖြစ်၏။ ကျွန်တော်သည် ထိုစဉ်က အလွန်ဩဇာကြီးသော နိုင်ငံရေးပါတီကြီးတစ်ခု၌ နိုင်ငံရေးသမား ပါမွှားကလေးအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိချိန် ဖြစ်သည်။ ပါမွှား နိုင်ငံရေးသမားကလေးတစ်ဦးမျှသာ ဖြစ်သော်လည်း ကျွန်တော်သည် လွန်စွာကြီးလေးသော တာဝန်ကြီးများကို ထမ်းဆောင်နေရ၏။ ကျွန်တော်သည် ထိုဒေသတစ်ဝိုက်တွင် ထကြွသောင်းကျန်းလျက်ရှိ၍ လယ်သမားများ အပေါ်တွင် မိုက်ကြေးခွဲလျက်ရှိသော လက်နက်ကိုင်များနှင့် လူဆိုးဓားပြများ၏ သေနတ် ပြောင်းဝများကြားတွင်လည်း ရောက်နေရသူဖြစ်၏။ ထိုလက်နက်ကိုင်များနှင့် ဓားပြ များသည် ၄င်းတို့ နိုင်ထက်ကလူ ပြုလျက်ရှိသော လယ်သမားများအား ပြန်လည် ခုခံရန် စည်းရုံးလျက်ရှိသည့် ကျွန်တော့်လို ပါမွှားသတ္တဝါကလေးတစ်ကောင်ကို အလွန် မြင်ပြင်းကတ်နေကြဟန် တူ၏။ ကျွန်တော်ကဲ့သို့သော ပါမွှားကလေးတစ်ကောင် သည် ၄င်းတို့အဖို့ ကြီးစွာသော အတားအဆီး၊ အနှောင့်အယှက်ကြီးတစ်ရပ် ဖြစ်နေ ကြဟန် တူ၏။ ထို့ကြောင့် ၄င်းတို့သည် ကျွန်တော့်ခေါင်းကို ဖြတ်နိုင်သူအား ဆုတော် ငွေတစ်ထောင် ချီးမြှင့်မည်ဟု ၄င်းတို့ပိုင် ရွာနယ်မြေများတွင် ရွေကြော်ငြာထုတ် ထားကြ၏။

ထိုကာလမှာ အင်္ဂလိပ်ပြန်ဝင်လာပြီးစ ၁၉၄၆ ခုနှစ် ဖြစ်ပါ၏။ ကျွန်တော် သည် မေရှိသည်ဟု ကြားသောအခါ လူပြောများကြသော မေကို တွေ့လို၏။ [illegible] အကြောင်း ရေးသားထားသော စာရေးဆရာကြီး ဒဂုန်တာရာ၏ မေကို တော်လို၏။ ထို့ကြောင့် ကျွန်တော်သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြောက်ဘက်ရှိ [illegible] အမည်ရှိသော ရွာကလေးတစ်ရွာသို့ မိုင်လေးဆယ်အကွာမှ လာခဲ့ရ၏။ လက်နက်ကိုင် များနှင့် ၄င်းတို့ မွေးထားသော လူဆိုးဓားပြများ၏ သေနတ်ပြောင်းဝများကြားမှ ဖြတ်



www.burmeseclassic.com

သန်းကာ ချောသော၊ ကလက်သော၊ ရိုးသော၊ လွယ်သော မေ၏ အကြောင်းကို ရေးသားဖွဲ့နွဲ့ထားသည့် စာရေးဆရာကြီး ဒဂုန်တာရာ၏ မေ ဝတ္ထုကို ကျွန်တော် ဖတ်ခဲ့ရခြင်းဖြစ်၏။ လက်နက်ကိုင်များနှင့် ၄င်းတို့က မွေးထားသော လူဆိုးဓားပြများ၏ သေနတ်ပြောင်းဝများကြားမှ ဖြတ်သန်းပြီးနောက်၊ ကျွန်တော်ရောက်သွားသော မေ၏ နေရာမှာ ထန်းသမားကြီးတစ်ဦး၏ တဲစုတ်ကလေးတစ်ခု ဖြစ်၏။ ထိုထန်းသမားကြီး၏ သား၊ လောကဓာတ်ကျောင်းမှ စတုတ္ထတန်းအထိ သင်ကြားခဲ့ဖူးသော ကိုရိုးဆိုသူက သူ့တွင် နာမည်ကြီးသော၊ ကလက်သော၊ ချောသော၊ ရိုးသော၊ လွယ်သော မေ အကြောင်းကို ရေးထားသည့် စာရေးဆရာကြီး ဒဂုန်တာရာ၏ ဝတ္ထုရှိသည်ဟု အကြောင်းကြားသဖြင့် ကျွန်တော် လာခဲ့ခြင်းဖြစ်သည်။

ကိုရိုးသည် မေကို အခေါက်ခေါက် ဖတ်၏။ စကားလုံး အလှအပများကို စွဲလမ်းလျက်ရှိ၏။ သို့ရာတွင် ထန်းသမားကြီး၏ သားဖြစ်၍ လောကဓာတ်ကျောင်းလေးတန်းအထိသာ နေခဲ့ဖူးသော ထန်းသမားလေး ကိုရိုးသည် မေ ချောကြောင်း၊ လှကြောင်းကို နားလည်သော်လည်း မေ ကို မချစ်တတ်။ ၄င်းနှင့် မေ သည် အလှမ်းကွာလွန်းသည်ဟု ကိုရိုးက ကျွန်တော့်ကို ပြောပြ၏။

''မေ့ ထဘီတစ်ထည်ဖိုးက ကျုပ် တစ်နှစ် ထန်းတက်တဲ့ စရိတ်လောက် ရှိတယ်ဗျ။ ပြီးတော့ သူ့ခြေထောက်လှလှကလေးတွေက ကျုပ်တို့ ထန်းတော၊ လယ်တော၊ ခရောင်းတောကြီးနဲ့ မတန်ပါဘူးဗျာ''

ထန်းသမား အငယ်စား ကိုရိုးက ကျွန်တော့်ကို ပြောပြသည်။

''သူ့ခြေထောက်လှလှတွေဟာ မှိုင်းလုံးကော်ဇောကြီးတွေနဲ့သာ တန်တာပါ။ အဲဒီလို ကော်ဇောကလည်း ဦးစက္ကိရဲ့ ရွာဦးကျောင်းမှာ တစ်ချပ်ပဲ ရှိတယ်ဗျ''

ထန်းသမားအငယ်စား ကိုရိုးက ကျွန်တော့်ကို ထပ်လောင်းပြောလိုက်သေး၏။ ဤသို့ဖြင့် ထန်းသမားကြီး၏ သား၊ ထန်းသမား အငယ်စား ကိုရိုးသည် ချောသော၊ ကလက်သော၊ ရိုးသော၊ လွယ်သော မေ၏အကြောင်းကို ရေးထားသည့် စာရေးဆရာကြီး ဒဂုန်တာရာ၏ မေကို ကျွန်တော့်အား စွန့်ကြဲခြင်းဖြစ်၏။ သို့ဖြင့် မေသည် ၄င်းအတွက် ခြေချစရာ ကော်ဇောတစ်ချပ်သာရှိသော စိတ္တိန်းရွာမှ ကျွန်တော့်ထံ ပါလာခဲ့ခြင်း ဖြစ်သည်။

စာရေးဆရာကြီး ဒဂုန်တာရာ၏ မေ သည် ၁၉၄၀ ခုနှစ်လောက်က နာမည်ကြီးခဲ့ခြင်း ဖြစ်သော်လည်း ကျွန်တော် သိရသောအချိန်မှာ ၁၉၄၆ ခုနှစ်ကျမှ ဖြစ်၏။ မေ





သည် ကမ္ဘာစစ်ကြီးတစ်ခုကို ဖြတ်သန်းခဲ့ရပြီဖြစ်သော်လည်း အလှမပျက်သေး။ အနေမျက် လှပဆဲ၊ နုပျိုဆဲပင် ဖြစ်ပါ၏။ လှသော မေကို စာရေးဆရာကြီး ဒဂုန်တာရာသည် လှလှကလေး ဖွဲ့ထား၏။ မေ သည် စာမျက်နှာပေါ်မှ ခုန်ထွက်လာကာ၊ ကျွန်တော့် ရင်ခွင်ထဲသို့ တိုးဝင်လာလေသလောဟုပင် ကျွန်တော် သံသယဖြစ်ရသည်။

ကျွန်တော်သည် မေနှင့် သိကျွမ်းရပုံကို မည်မျှကြာအောင် ပြန်လည် တွေးတောနေသည်မသိ။ မေ၏ စကားသံကို ကြားရသည့်အခါကျမှ ပစ္စုပ္ပန်သို့ ပြန်ရောက်လာ၏။

''ရှင် .. ဝါရှင်တန်အာဗင် ရေးတဲ့ 'ရစ်ဗင်ဝင်းကဲလ်' ကို မှတ်မိသေးရဲ့လား''

မေ၏ အသံကို ကြားမှ ကျွန်တော်သည် အတိတ်တွင် နစ်မျောနေရာမှ ပြန်ခဲ့လာ၏။

''ခင်ဗျာ ...''

''ဩော် ... 'ရစ်ဗင်ဝင်းကဲလ်' ကို မှတ်မိသေးရဲ့လားလို့ မေးတာပါ''

''နှစ်ပေါင်းနှစ်ဆယ်ကျော် အိပ်ပျော်နေတယ်ဆိုတဲ့ 'ရစ်ဗင်ဝင်းကဲလ်' လား''

''ဟုတ်ပါတယ်။ 'ရစ်ဗင်းဝင်းကဲလ်' က အနှစ် ၂၀ အိပ်ပျော်နေတယ်လေ။ ကျွန်မကတော့ အနှစ် ၃၀ လောက်ဆိုပါတော့''

''ဘယ်လို အိပ်ပျော်နေတာလဲ ခင်ဗျာ၊ ပြောပါဦး''

မေသည် ကျွန်တော့်ကို ကြည့်၍ ပြုံးလိုက်သည်။ ၄င်း၏ အပြုံးမှာ သနားစရာ သတ္တဝါတစ်ကောင်ကိုကြည့်၍ ပြုံးသော အပြုံးမျိုး ဖြစ်ပါ၏။

(၅)

''ကျွန်မ ဆေးလိပ်သောက်မယ်နော်''

မေက ဒူးယားစီးကရက်တစ်ဘူးကို ထုတ်၍ မီးညှိ၏။ ကျွန်တော့်ကိုလည်း လှမ်းပေး၏။

''ကျွန်တော် စီးကရက် မသောက်တတ်ပါဘူး ခင်ဗျာ''

ကျွန်တော်က ငြင်းလိုက်သည်။

''ရစ်ဗင်ဝင်းကဲလ်ဟာ အနှစ်နှစ်ဆယ်လောက် အိပ်ပျော်သွားပြီး သူ့ရွာကို ပြန်ရောက်လာတော့ မျိုးဆက်တစ်ဆက် ပြောင်းနေပြီလေ။ သူ့ရွာမှာ သူသိတဲ့လူ တစ်ယောက်မှ မရှိတော့ဘူး။ ရွာရဲ့ အသွင်အပြင်တွေ အားလုံးလည်း ပြောင်းလဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် မေရဲ့ အဖြစ်အပျက်တွေကိုတော့ ကိုမြင့်အောင် မှတ်မိသေးတယ်နော်''

မေ၏ဇာတ်လမ်းကို ကျွန်တော် ပြန်၍ မပြောချင်။ မေ၏ ဇာတ်လမ်းသည် အကောင်းမရှိသော ဇာတ်လမ်းဖြစ်၏။ အကောင်းကို ရှာသော်လည်း အကောင်းမရှိသော ဇာတ်လမ်း ဖြစ်၏။ ထို့ကြောင့် မေ့ ဇာတ်လမ်းကို ကျွန်တော် လုံးဝနီးပါး မှတ်မိသော်လည်း မှတ်မိသည်ဟု ကျွန်တော် ပြောရမည်ကို အားတုံ့အားနာကြီး ဖြစ်လျက်ရှိ၏။

''မမှတ်မိဘူးဆိုရင် မေကပဲ ပြန်ပြောပါမယ်လေ''

မေက စီးကရက်ကို ဖွာလိုက်သည်။

''မေဟာ ဟိုတုန်းက သိပ်ခေတ်ဆန်တယ်၊ မေ့မှာ အဖေ အမေမရှိဘူး၊ တစ်ကောင်ကြွက်ရယ်။ ဆရာဖြစ်သင်ကောလိပ်ကျောင်းပိတ်တော့ မေ့လက်ထဲမှာ ငွေ မကျန်တော့ဘူး။ သူငယ်ချင်း မခင်စီကတော့ မေ့ကို သူနဲ့အတူလိုက်နေဖို့ ခေါ်ပါတယ်။ ဒါပေမယ့် မခင်စီတို့အိမ်မှာနေရတာက ကျဉ်းကျပ်တယ်လို့ ထင်တယ်။ မေက လွတ်လပ်ချင်တယ်။ အချုပ်အနှောင်မရှိ နေချင်တယ်။ ဒီအတောအတွင်းမှာ ပဲခူးမှာ ကလေးတွေကို စာပြတဲ့ ဆရာမအလုပ်တစ်ခုကို ရတယ်''

''သြော် ... သမာဓိမြို့ဝန် ဦးဖေမောင်ဆိုတဲ့လူ မဟုတ်လား''

မေက ကျွန်တော့်ကို တအံ့တသြ ကြည့်လိုက်၏။

''ဟုတ်တယ် ကိုမြင့်အောင်၊ ရှင်လည်း တော်တော် မှတ်မိသားပဲ။ ကျွန်မဟာ အဲဒီ ဦးဖေမောင်ဆိုတဲ့ သမာဓိမြို့ဝန်ကို ကျွန်မ ပိုက်ကွန်ထဲမှာ အမိ ဖမ်းခဲ့တယ်လေ''

မေက ပြုံး၍ ပြောလိုက်၏။ သို့ရာတွင် ၎င်း၏ အပြုံးမှာ နာကြည်းသော အပြုံး၊ လှောင်ပြောင်သောအပြုံး၊ မဲ့ပြုံး။

မေသည် သမာဓိမြို့ဝန် ဦးဖေမောင်ဆိုသူကို နာကြည်းနေဟန် ရှိ၏။ ဦးဖေမောင်သည် အပျိုစင်ပန်းပွင့်ကို ညှိုးနွမ်းစေခဲ့သည် မဟုတ်လော။

''နောက်တော့ ဦးဖေမောင်ဆီက ပြန်လာပြီး ရန်ကုန် ဝိုင်ဒဗလျူစီအေ အသင်းတိုက်မှာ နေတယ်လေ။ စနေနေ့တစ်ညမှာ ဝိတိုရိယပန်းခြံက (ခုတော့ ဗန္ဓုလ ပန်းခြံပေါ့လေ) အငြိမ့်ပွဲမှာ ဘသိန်းနဲ့ သွားတွေ့တယ်လေ''

ကျွန်တော်သည် စာရေးဆရာကြီး ဒဂုန်တာရာ ပြောပြသည့် မေ၏ ဇာတ်လမ်းမှ ဘသိန်းကို မြင်ယောင်လာ၏။ ကိုယ်လုံးတောင့်တောင့်၊ လက်မောင်းအိုးကြီးကြီး စပို့ရှပ်အင်္ကျီနှင့် ၃၇ လမ်းတစ်ဝိုက်တွင် ကျက်စားလေ့ရှိသော ဂျပိုး ဘသိန်း။

''တကယ်တော့ မေရဲ့ ဇာတ်လမ်းဟာ မေရီမက်ဒလိန်း ဇာတ်လမ်းပါ





ကိုမြင့်အောင်''

အနောက်တိုင်းယဉ်ကျေးမှု၏ သမီးပျိုဖြစ်ခဲ့၍ ခေတ်ပညာတတ် အမျိုးသမီးကြီးတစ်ဦးဖြစ်သော မေသည် ၎င်း၏ မေရီမက်ဒလိန်းဇာတ်လမ်းကို ပြောပြသည်။ မေသည် ၎င်း၏ မေရီမက်ဒလိန်းဇာတ်လမ်းကို ကျွန်တော့်အား ပြောပြရာ၌ ရှုတ်ကြောက်ဟန်လည်း မရှိ။ အလွန်တည်ကြည် ခန့်ညားသော ဣန္ဒြေမျိုးဖြင့် ပြန်ပြောခြင်း ဖြစ်၏။

မေရီမက်ဒလိန်းသည် ခရစ်ဝင်ကျမ်းလာ၊ ရှင်ယောဟန်နှင့် ရှင်မာကုတို့၏ ဟောပြောချက်ထဲတွင် ပါဝင်သော ခရစ်တော်လက်ထက် ဂလိလဲ(ကသရေလပြည်)မှ ပြည့်တန်ဆာမတစ်ဦး ဖြစ်၏။ ထိုပြည့်တန်ဆာမသည် ကားစင်တင်၍ အသတ်ခံရသော [illegible]ခရစ်၏ အလောင်းကို ကျောက်ဂူတစ်ခုထဲ၌ သွားရောက်ဖူးမြော်ရ၍ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို တွေ့ခဲ့၏။ ထိုအခါ၌ ထိုပြည့်တန်ဆာမသည် အကျွတ်တရားရကာ မိန်းမကောင်းဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့သူ ဖြစ်သည်ဟု ခရစ်ဝင်ကျမ်းတွင် ဆို၏။

''မေ့ရဲ့ဘဝဟာ မေရီမက်ဒလိန်းရဲ့ဘဝနဲ့ မတူဘူးလားဟင် ... ကိုမြင့်အောင်''

မေက ကျွန်တော့်ကို ထပ်မေးသည်။

''ဟုတ်ကဲ့၊ ဗုဒ္ဓဘာသာကျမ်းစာတွေမှာတော့ သီရိမာပေါ့ ခင်ဗျာ။ သမားတော်ကြီး ဇီဝကရဲ့နှမ သီရိမာလေ။ ဗုဒ္ဓနဲ့တွေ့မှ ပြည့်တန်ဆာဘဝက ကျွတ်သွားခဲ့တယ် မဟုတ်လား''

''ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်မလည်း ဖတ်ဖူးတယ်။ နောက်တော့ ကျွန်မ ခင်စီရဲ့မောင် ကိုကျော်မြင့်ကို လက်ထပ်လို့ သားလေးရတယ်လေ။ လင်နဲ့သားနဲ့ ခင့်တောင့်တင့်တယ် နေရမယ်လုပ်တုန်းမှာ လူကြီးလူကောင်းဆိုတဲ့ အထက်လွှာ [illegible]အမတ် ဦးဘညွန့်ကြောင့် ကျွန်မ လမ်းမပေါ် ပြန်ရောက်ခဲ့ရတယ်။ ဦးဖေမောင် တုန်းက ကျွန်မက မုဆိုး။ ဦးဘညွန့်နဲ့ကျတော့ ကျွန်မက သားကောင်''

မေက ၎င်း၏ စကားကို သဘောကျ၍ ပြုံးလိုက်ပြန်သည်။

''နောက်တော့ ရှင်သိတဲ့အတိုင်း ကျွန်မ လမ်းပေါ် ပြန်ရောက်သွားတယ် [illegible] ကျွန်မ ဘသိန်းဆီ ပြန်ရောက်သွားတယ်။ ကျွန်မ ဇာတ်လမ်းရဲ့ [illegible] ဆရာကြီး ဒဂုန်တာရာက 'အကောင်းကိုရှာ၏။ အကောင်းကား [illegible]' [illegible]နဲ့ ဆုံးထားတယ်။ စာရေးဆရာကြီး ဒဂုန်တာရာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဘူး။ ကိုမြင့်အောင် ဘယ်လို သဘောရသလဲဟင်''

အမျိုးသမီးကြီးက ကျွန်တော့်ကို စိတ်အားထက်သန်စွာ မေးမြန်းလျက်ရှိသည်။ စာရေးဆရာကြီး ဒဂုန်တာရာသည် မေ၏ အကြောင်းကို ရေးသားထားသော ၎င်း၏ ဝတ္ထု၌ ragged gold ဟူသော စကားလုံးကို ရွှေအိုရောင်ဟု မြန်မာမှု ပြုခဲ့၏။ တကယ်၌ ဘီဗာလေနစ်ကောလ်၏ မူရင်းဝတ္ထုတွင်လည်းကောင်း၊ စာရေးဆရာကြီး ဒဂုန်တာရာ၏ မေ ဝတ္ထုတွင်လည်းကောင်း ထိုအရောင်မှာ စကားဝါပန်းများ၏ အရောင်ကို ဖော်ပြသော စကားလုံးတစ်လုံးမျှသာ ဖြစ်ပါ၏။

သို့ရာတွင် ကျွန်တော်ကမူ အသက်ငါးဆယ်ကျော်စ ပြုပြီးဖြစ်သော မေ ဆိုသော အမျိုးသမီးကြီး၏ အသားအရောင်ကို ထိုအရောင်ဖြင့် တင်စားလိုက်၏။ မြန်မာပျို၊ ကဗျာများ၌ ရွှေရင်သိမ်းသစ် မိန်းမငယ်တို့၏ အသားအရေကို ဦးသစ် နီတုံရွှေနှင့် ခိုင်းနှိုင်းလေ့ရှိကြ၏။ ကျွန်တော်ကမူ အသက်ငါးဆယ်ကျော်စပြုပြီဖြစ်သော အနောက်တိုင်း၏ သမီးပျိုကြီးဖြစ်ခဲ့သော မေ ဆိုသော အမျိုးသမီးကြီး အသားအရောင်ကို ရွှေအိုရောင်နှင့် နှိုင်းလိုပေသည်။ ရွှေအိုရောင် မေ ...။

ကျွန်တော်သည် ရွှေအိုရောင် မေကို ငေးကြည့်မိ၏။

''စာရေးဆရာကြီး ဒဂုန်တာရာကို ကျွန်မ မကျေနပ်ဘူး ကိုမြင့်အောင်။ ရှင် ဘယ်လိုသဘောရသလဲ''

ရွှေအိုရောင်မေက ထပ်၍ မေး၏။

''ကျွန်တော် မဖြေနိုင်သေးပါဘူး မေ''

''ရှင် စဉ်းစားကြည့်လေ။ စာရေးဆရာကြီး ဒဂုန်တာရာဟာ ကျွန်မ မေရီမက်ဒလိန်းဖြစ်တဲ့အကြောင်းကိုသာ ရေးပြီး ရှင်ပြန်ထမြောက်ခြင်းကို မြင်တဲ့အကြောင်းကိုတော့ မရေးဘူး''

''ခင်ဗျာ ...''

''ကျွန်မအကြောင်းရေးတဲ့ ဝတ္ထုအဆုံးမှာ 'အကောင်းကို ရှာ၏။ အကောင်းကား မရှိတော့'လို့ ရေးထားတယ်လေ။ ကျွန်မဟာ ဘဝရဲ့ အလင်းရောင်ကို ရှာပေမယ့် အလင်းရောင်ကို မတွေ့တော့ဘူးလို့ ရေးသွားတယ်။ အဲဒါကို ကျွန်မ မကျေနပ်ဘူး။ ကျွန်မဘဝကို ပက်ဆီးမစ်ဇင်းနဲ့ ကြည့်ရာ မရောက်ဘူးလား။ ရှင်တို့စကားနဲ့ ပြောရရင် အဆိုးမြင်ဝါဒနဲ့ကြည့်ရာ မရောက်ဘူးလားဟင် ကိုမြင့်အောင်''

ကျွန်တော်သည် ရွှေအိုရောင် မေကို ကြည့်၍ အံ့ဩမိ၏။ ချီးကျူးမိ၏။





အရုပ်ဆိုး၍ မျက်နှာတွင် အမာရွတ်တို့ဖြင့် ပြည့်လျက်ရှိသော မိန်းမတစ်ယောက်သည် မိမိ၏ ရုပ်သွင်ကို မှန် မကြည့်ရဲ။ မှုန်နံ့သာတို့ဖြင့် လိမ်းကျံခြယ်သပြီးမှသာ မှန် ကြည့်ရဲ၏။ သို့ရာတွင် ထိုအမျိုးသမီးကြီးကား ၎င်း၏ အတိတ်ရုပ်သွင်ကို ရဲရဲတင်းတင်း ပြန်ကြည့်၏။ ၎င်း၏ အတိတ်သည် အထက်တန်းစား ပြည့်တန်ဆာမတစ်ယောက်သာ ဖြစ်၏။ ယခု ထိုအမျိုးသမီးကြီးသည် အမာရွတ်တို့ဖြင့် ပြည့်လျက်ရှိသော ၎င်း၏အတိတ်ကို ပြန်ကြည့်လျက် ရှိရုံမျှမက ၎င်းမြင်သမျှကိုပင် ကျွန်တော့်အား တည်ငြိမ်စွာ ပြန်ပြောလျက်ရှိသည်။ ကျွန်တော်သည် ထိုသတ္တိကို အံ့ဩ၏။ ချီးကျူး၏။

''တစ်ခုတော့ ရှိတယ်ပေါ့လေ။ ကျွန်မကိုယ်၌ကလည်း ဟိုတုန်းကတော့ ဘဝကို အဆိုးအမြင်နဲ့ မြင်ခဲ့တာကိုး။ တကယ်တော့ ကျွန်မတို့ဟာ ဘဝကို အကောင်းအမြင်နဲ့ မကြည့်သင့်ပေဘူးလား ကိုမြင့်အောင်။ ဟိုးတုန်းက ကျွန်မကိုယ်တိုင် လောကမှာ အကောင်းမရှိတော့ဘူးလို့ နှလုံးထဲကို ဖွတ်နှစ်ခဲ့တယ်။ အခုတော့ကျွန်မဟာ အရေလဲတဲ့ မိန်းမတစ်ယောက် ဖြစ်သွားပြီလေ။ ဘဝကိုအကောင်းအမြင်နဲ့ ကြည့်တတ်လာပြီ။ စာရေးဆရာကြီး ဒဂုန်တာရာဟာ အဆိုးဘက်ကိုမြင်တဲ့ မေ ဆိုတဲ့ မိန်းမတစ်ယောက် အကြောင်းကိုသာ ရေးခဲ့ပြီး၊ အကောင်းဘက်ကမြင်တတ်တဲ့ မေ ဆိုတဲ့ မိန်းမတစ်ယောက် အကြောင်းကိုတော့ ဆက်ရေးဖော်မရတော့ဘူး။ မေရီမက်ဒလိန်း အကြောင်းကို ရေးရင် ရှင်ပြန်ထမြောက်ခြင်းကို မြင်တဲ့ မက်ဒလိန်းအကြောင်းလည်း ပါရမှာပေါ့။ မဟုတ်ဘူးလား ... ကိုမြင့်အောင်''

ရွှေအိုရောင် မေ သည် စာရေးဆရာကြီး ဒဂုန်တာရာကို ပြစ်တင် ဝေဖန်လျက်ရှိသည်။ ကျွန်တော်ကား ရှင်ပြန်ထမြောက်ခြင်း ပုံပြင်ကို ကြားနာနေရသော ပရိသတ်တစ်ဦးသာ ဖြစ်ပါ၏။

(၆)

ရွှေအိုရောင် မေက စီးကရက်ကို ရေထဲသို့ လွှင့်ပစ်လိုက်သည်။

''ကျွန်မဟာ ဘသိန်းနဲ့တွေ့ပြီး လမ်းမပေါ်ကို ပြန်ရောက်သွားတယ်လေ။ ဒီလိုနဲ့ နောက်ဆုံးမှာ ဘုရင့်ကော်မရှင်ဘွဲ့ရတဲ့ အင်္ဂလိပ်မေဂျာတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်။ ကျွန်မယောက်ျားက မေဂျာ မက္ကင်ဇီတဲ့။ ဒီလိုနဲ့ စစ်ဖြစ်တော့ ကျွန်မလည်း မက္ကင်ဇီနဲ့အတူ မြစ်ကြီးနားကနေ အိန္ဒိယကို ပါသွားတယ်။ အိန္ဒိယမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဆင်းမလားမှာရှိတဲ့ မြန်မာအစိုးရရဲ့ ပြန်ကြားရေးဌာနမှာ အလုပ်တစ်ခု ရတယ်။ ရောက်တော့ အေ-အိုင်-အာ (အိန္ဒိယအသံလွှင့်ဌာန) မြန်မာဌာနမှာ ဝင်လုပ်တယ်။ မေဂျာ မကွောင်ဇီလည်း အင်ဖာတိုက်ပွဲမှာ ကျသွားတယ်။ ကျွန်မမှာ ကလေးကျန်ရစ်ခဲ့တယ်။ ရှက်နှာငယ်ငယ်နဲ့ အိန္ဒိယမှာ နေခဲ့ရတယ်လေ''

''သြော် ... ကိုကျော်မြင့်နဲ့ရတဲ့ သားလေးကော ပါသွားသေးသကိုး''

ကျွန်တော်က ကြားဖြတ်မေးလိုက်၏။

''ကိုကျော်မြင့်နဲ့ ရတဲ့သားမဟုတ်ဘူး ကိုမြင့်အောင်။ ကိုကျော်မြင့်တို့ သားအဖက စစ်အတွင်းမှာ ဗုံးထိပြီး ဆုံးသွားကြတယ်။ အခုဟာက သမီးကလေး၊ မကွောင်ဇီနဲ့ရတာ၊ စစ်အတွင်းမှာ မေဂျာ မကွောင်ဇီဆုံးသွားတော့ ကျွန်မဖြင့် သမီးကလေးအတွက် စိတ်ပူလိုက်ရတာလေ ...။ ကိုယ့်လိုဖြစ်သွားမှာ သိပ်စိုးရိမ်တာပဲ။ အင်မတန် အနောက်တိုင်းဆန်တဲ့ ကျွန်မဟာ ကိုယ့်သမီးလေးကျတော့ ကိုယ့်လိုဖြစ်သွားမှာ သိပ်ကြောက်တာပဲ။ ရှင်တို့စကားနဲ့ ပြောရရင် 'အနောက်တိုင်း၏သမီးပျို' ဖြစ်သွားမှာ သိပ် စိုးရိမ်တာပဲ''

ရွှေအိုရောင် မေက ရယ်လိုက်သည်။ ''ကျွန်မသမီးကို ကျွန်မ 'အနောက်တိုင်းသမီးပျို' မဖြစ်စေချင်တော့ ကျွန်မ ဘာလုပ်ရသလဲသိလား။ ကျွန်မကိုယ်တိုင် အနောက်တိုင်းမဆန်အောင်၊ အရှေ့တိုင်း ဆန်လာအောင် ကျွန်မ ပြင်ရတယ်။ ရှေ့က စံနမူနာပြရတယ်။ နွေရာသီ အားလပ်ရက်မှာ သမီးလေးနဲ့အတူ ဗာရာဏသီတို့၊ ဗုဒ္ဓဂါယာတို့ သွားပြီး ဘုန်းကြီးကျောင်းတွေကို လိုက်ပို့၊ ဘုရားတွေကို လိုက်ပို့ရတယ်။ မြန်မာတွေနဲ့ ရင်းနှီးအောင် လုပ်ပေးရတယ်။ အဲဒီလိုနဲ့ အိန္ဒိယမှာ ကျွန်မသမီးလေးကို ကျွန်မ ကြီးပြင်းအောင် မွေးခဲ့ရတယ်လေ ...''

''ဒါဖြင့် အခု အဲဒီသမီးလေးရော''

''ကျွန်မ ဆက်ပြောမယ်လေ။ အဲဒီသမီးကို ကျွန်မ ရွှေးနဲ့စာလေးနဲ့ ရှာပြီး ကျောင်းထားတယ်။ အခုတော့ လွန်ခဲ့တဲ့ ၅ နှစ်လောက်က ကာလကတ္တားတက္ကသိုလ်က 'အမ်ဘီဘီအက်စ်' ရလို့ ဆရာဝန်ဖြစ်နေပြီလေ''

''ဟုတ်လား အခု သူကော''

''အခု သူ တောင်ကြီးမှာ ရှင့်၊ စဝ်စံထွန်း ဆေးရုံမှာ၊ သူ့အိမ်ထောင်နဲ့သူ ဖြစ်နေပြီ''

''ဒါဖြင့် မေတို့ ဗမာပြည်ကို ဘယ်တုန်းက ပြန်ရောက်ကျသလဲ''





''မကြာသေးဘူးရှင့်။ သမီးလေး ဆရာဝန်ဖြစ်ပြီး ကျွန်မတို့ ပြန်လာတာပဲ။ အမေးညာရေး တိုးလိုးတန်းလန်း ဖြစ်မှာစိုးလို့ ဒီလောက်ထိ ကြာသွားတာလေ။ သူများတိုင်းပြည်မှာ ကြာကြာမနေချင်ပါဘူးရှင်။ နေလည်း မနေနိုင်ပါဘူး။ မေဟာ ခေတ်ဆန်ပေမယ့် မြန်မာပဲ။ ကိုယ့်တိုင်းပြည်ကို လွမ်းတာပေါ့။ သူများတိုင်းပြည်သွားနေရတယ်ဆိုတာ အောက်ကျနောက်ကျ နိုင်လှပါတယ်။ ပျော်လည်း မပျော်ပါဘူး''

''မေဟာ ဟိုတုန်းကတော့ အနောက်တိုင်းကို သိပ်အထင်ကြီးတာပဲနော်''

ကျွန်တော်က မေ၏ အတိတ်ကို ပြန်တွေး၍ ပြောလိုက်၏။

''ဟုတ်ပါတယ် ကိုမြင့်အောင်။ ဟိုတုန်းကတော့ မေဟာ ရှင်တို့ပြောတဲ့ အနောက်တိုင်းရဲ့ သမီးပျိုတစ်ဦးပါ။ ဟိုတုန်းကတော့ မေဟာ မြန်မာပြည်အကြောင်း ဆက် ခေါ်မတို့၊ ရောမတို့ကို ပိုသိတယ်။ ဦးပုညထက် အစ်ဗ်ဆင်နဲ့ ဘားနတ်ရှောကို ပိုသိတယ်။ ကိုဘတင့်ထက် ကလပ်ဂေဘဲလ်ကို ပိုကြိုက်တယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးထက် ဝါးလ်တာစတော့ကို ပိုပြီး စွဲလမ်းတယ်။ မင်္ဂလသုတ်ထက် သမ္မာကျမ်းစာကို ပိုပြီး နားလည်တယ်။ ကုန်ကုန်ပြောရရင် လ,တောင်မှ နိုင်ငံခြားက လ ကိုတော့ မြန်မာပြည်က လ,ထက် ပိုသာပြီး၊ ပိုဝိုင်းတယ်လို့ ထင်ခဲ့တယ်။ တော်တော် ရယ်စရာကောင်းတယ်နော် ကိုမြင့်အောင်''

ကျွန်တော်က ခေါင်းကိုသာ ညိတ်ပြ၏။ ဤနေရာ၌ ကျွန်တော်သည် ကြားနာသူ မဟုတ်လော။ မေသည် မွေ့ကထိက မဟုတ်လော။

''စောစောက ရှင်နဲ့တွေ့တုန်းက ကျွန်မ ခေါ်မတွေ၊ ရောမတွေ ပြောသွားတယ်။ ကျွန်မ ခေါ်မတွေ၊ ရောမတွေ မပြောတာ ကြာပြီလေ။ ခု ရှင်နဲ့တွေ့တော့မှပဲ ဒီစကားတွေ ပြောတာပဲ။ ဘယ်လိုပဲ ပြောင်းတယ်ဆိုပေမယ့် နည်းနည်းပါးပါးတော့ ကျန်သေးတာပေါ့လေ။ တဖြည်းဖြည်းမှ ပျောက်မှာပေါ့။ မဟုတ်ဘူးလား''

မေက နဖူးသို့ ဝဲကျလာသော ဆံပင်အစကို သိမ်းလိုက်သည်။

''ဟိုတုန်းက ကျွန်မဟာ ခေတ်ဆန်တာနဲ့ ခေတ်မီတာကို ခွဲမသိဘူးလေ။ အနောက်တိုင်းအမူအကျင့်ကို အထင်ကြီးတယ်။ ခုလို အသက်ကလေးလည်းရ၊ အတွေ့အကြုံကိုလည်း ကျော်ဖြတ်ပြီးတဲ့နောက်ကျမှ ခေတ်ဆန်တာနဲ့ ခေတ်မီတာကို ခွဲသိလာတယ်''

''ဘယ်လို ကွဲပြားပါသလဲ ခင်ဗျာ''

''ခေတ်ဆန်တယ်ဆိုတာ အပေါ်ယံကိစ္စလေ။ ခေတ်မီတယ်ဆိုတာကတော့



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ကိစ္စ မဟုတ်ဘူးလား ကိုမြင့်အောင်။ ကျွန်မ မြန်မာဆန်အောင် နေတယ်။ ဒါပေမယ့် ပြောင်းလဲနေတဲ့ ကမ္ဘာကြီးနဲ့အညီ ခေတ်မီအောင် တွေးတယ်။ ခုတော့ ကျွန်မဟာ ခေတ်ဆန်တာနဲ့ ခေတ်မီတာကို ခွဲခြားသိပြီ''

''ဒါထက် မေကော သမီးနဲ့အတူ လိုက်မနေဘူးလား'' မေက ခေါင်းယမ်းပြ၍ ရယ်လိုက်သည်။

''ဟင့်အင်း ... ကျွန်မ မနေပါဘူး။ ကျွန်မက လွတ်လွတ်လပ်လပ် နေချင်တယ်။ ဘယ်သူ့အပေါ်မှ မှီခိုမနေချင်ဘူး''

''အလုပ်ကော လုပ်သေးသလား''

''ကျွန်မ အိန္ဒိယက ရလာတဲ့ ငွေလေးနဲ့ မာတင်ရိပ်သာမှာ အိမ်ကလေးတစ်လုံး ဝယ်လိုက်တယ်လေ။ အဲဒီအိမ်ကို တက္ကသိုလ်ကျောင်းသူလေးတွေကို ဘော်ဒါငှားထားတယ်။ ကျွန်မက ဝိုင်ဒဗလျူစီအေတို့ ဘာတို့မှာ နေခဲ့ရတယ် မဟုတ်လား။ ဒီတော့ မိဝေးဖဝေးနဲ့ လာနေတဲ့ မိန်းကလေးတွေကို မြင်ရင် သိပ်ကိုယ်ချင်းစာတယ်။ ဘော်ဒါတွေမှာ စည်းမရှိ၊ ကမ်းမရှိနေကြတော့ အမျိုးသမီးလေးတွေ အန္တရာယ်သိပ်ကြီးတယ်။ ဒါကြောင့် ကျွန်မ ဝိုင်ဒဗလျူစီအေမှာ နေခဲ့ရတုန်းက သင်ခန်းစာတွေကိုထုတ်ပြီး ကျွန်မဘော်ဒါကျတော့ စည်းကမ်းကို ကောင်းကောင်းကိုင်ထားတယ်။ ကျွန်မစနစ်ကို သိရအောင်၊ ကိုမြင့်အောင် ဘော်ဒါကို တစ်ခါလောက် လာလည်ပါလား။ ကျွန်မလည်း အဲဒီမှာပဲ နေတယ်။ မခင်စီလည်း ကျွန်မနဲ့အတူ နေတယ်။ ခု ... သူက အစိုးရက သိမ်းထားတဲ့ သာသနာပြု ကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီလေ''

''ဟုတ်ကဲ့၊ ကျွန်တော် ကြုံတဲ့အခါ လာလည်ပါ့မယ် မေ''

''ရှင်ကတော့ ကျွန်မကို သိပ်အံ့သြနေမှာပဲနော်။ မြန်မာပြည်ထဲက လူတွေ နိုင်ငံခြားကို အပြိုင်းအပိုင် ပြောင်းသွားကြ၊ ထွက်အလုပ်လုပ်ကြတဲ့အချိန်မှာ ကျွန်မ တစ်ယောက်က မြန်မာပြည်ထဲ ပြန်ဝင်လာတယ်ဆိုတော့''

''ဟုတ်တယ်၊ နည်းနည်းတော့ ဆန်းတယ်လို့ ထင်တယ်''

''ကျွန်မ နိုင်ငံခြားမှာ သမီးတစ်သက် နေခဲ့ပြီလေ။ ခဏတစ်ဖြုတ်သာ ကောင်းတာပါရှင်။ ကြာကြာနေတော့ ငါးပိရည်ကို လွမ်းတာရယ်၊ သင်္ကြန်ကို လွမ်းတာရယ်၊ ထမင်းကို လွမ်းတာရယ်တို့ စုပေါင်းပြီး လွမ်းနာကျလာတာပဲ။ နေလို့ မပျော်တော့ဘူး။ ဆိုးဆိုးကောင်းကောင်း ကိုယ့်မြေပေါ်မှာပဲမွေးပြီး ကိုယ့်မြေပေါ်မှာပဲ သေသွား





တာက ကောင်းပါတယ် ကိုမြင့်အောင်။ ခေတ်ဆန်တာထက် ခေတ်မီတာက ကောင်းပါတယ်။ ကဲ ... စကားကောင်းနေလိုက်ကြတာ၊ အချိန်လည်း တော်တော်ကြာသွားပြီ၊ သွားဦးမှပဲ။ စာရေးဆရာကြီး ဒဂုန်တာကို တွေ့ရင်သာ မေရီမက်ဒလိန်းအကြောင်းတို့ ရေးရင် ရှင်ပြန်ထမြောက်ခြင်းကို မြင်ခဲ့ရတာကိုလည်း ဆက်ရေးပါဦးလို့ ပြောလိုက်ပါရှင်''

ရွှေအိုရောင် မေသည် ထိုင်ရာမှ ထ၏။ ကျွန်တော်လည်း ထိုင်ရာမှ ထလိုက်သည်။ ကျွန်တော်သည် ကျွန်တော့်အပါးမှ ထွက်ခွာသွားသော ရွှေအိုရောင် မေကို ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့၏။ ခပ်လှမ်းလှမ်းသို့ရောက်လျှင် ရွှေအိုရောင် မေသည် တုံ့ကာနဲ့ ရပ်လိုက်၏။

''သြော် ... ပြောဖို့ မေ့နေတယ်။ လ,သာတာချင်းအတူတူ နိုင်ငံခြားက လမင်းကြီးက ပိုသာပြီး၊ ပိုဝိုင်းတယ်လို့ ထင်တဲ့ မေ မဟုတ်တော့ပါဘူး ဆိုတာကိုတော့ စာရေးဆရာကြီး ဒဂုန်တာရာကို ပြောဖြစ်အောင် ပြောလိုက်ပါနော်''

သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် ဆက်လျှောက်သွားသော ရွှေအိုရောင် မေကို ကျွန်တော် ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ပါ၏။

□



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သက်၍ ရေးချင်သော ဝတ္ထုများ – ၃

(၁)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောရောဂါဌာနသို့ ကျွန်တော် ရောက်သွားချိန်တွင် မှောင်စပြုနေပြီ။ ဆေးရုံကြီးရှေ့ မန်ကျည်းဝင်တန်းများပေါ်သို့ ကျီးကန်းများ တအာအာအော်မြည်ကာ အိပ်တန်းတက်နေကြပြီ။

ကျွန်တော့်မိတ်ဆွေသည် ကားကို ဗိုလ်ချုပ်လမ်းမှ ဆေးရုံဝင်းထဲသို့ ချိုးဝင်လိုက်သည်။ ဦးနှောက်နှင့် အာရုံကြောဌာနမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်က အစိုးရဆရာဖြစ်သင်ကောလိပ်ကျောင်း၊ မိန်းကလေးကျောင်းဆောင် ဖြစ်ခဲ့ဖူးသည်။ ထိုနေရာသို့ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ကွယ်လွန်သူ စာရေးဆရာ မောင်ကြည်လင်၊ ကွယ်လွန်သူ စာရေးဆရာ သန်းဆွေတို့နှင့် ကျွန်တော် ခကြာခဏ ရောက်ခဲ့ဖူးသည်။ ထို့နောက် အဆုတ်ရောဂါကုဆေးရုံ ဖြစ်သွားသည်။ ထိုစဉ်ကလည်း ဆရာသုခ၊ စန္ဒရားချစ်ဆွေ စသူတို့ ဆေးရုံတက်နေစဉ် ကျွန်တော် ရောက်ခဲ့ဖူးသည်။

ယခုကား အစိုးရဆရာဖြစ်သင်ကောလိပ် အမျိုးသမီးကျောင်းဆောင်၊ အဆုတ်ရောဂါကု တိုးချဲ့ဆေးရုံတို့ဘဝမှ ဦးနှောက်နှင့်အာရုံကြော ရောဂါကုဆေးရုံအဖြစ်သို့ တစ်ဘဝ ပြောင်းနေပြန်လေပြီ။

“လူနာ ဘယ့်နှယ်နေသေးသလဲ”

ကျွန်တော်က ကျွန်တော့်ဘေး လက်ကိုင်ဘီးနောက်တွင် ထိုင်လာသော ကျွန်တော့် မိတ်ဆွေကို လှမ်းမေးလိုက်သည်။ ကျွန်တော့်မိတ်ဆွေမှာ ဆရာဝန်ဖြစ်သည်။ သူ့ အရိုန်အဝါဖြင့် ညသည်ပိတ်ချိန်တွင် ကျွန်တော် လိုက်လာနိုင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''သက်သာပါတယ်။ အသက်အန္တရာယ်တော့ မစိုးရိမ်ရတော့ပါဘူး။ ဒါပေမယ့် ဦးနှောက်ကို နည်းနည်း ထိခိုက်သွားတယ်။ ရေရှည် ကုရလိမ့်မယ် ထင်တယ်''

ကျွန်တော်တို့သည် ကားကို သစ်ပင်များအောက်၌ ရပ်ကာ ဆေးရုံပေါ်သို့ တက်ခဲ့ကြသည်။ လျှပ်စစ်မီးပွင့်တို့ ထိန်ဝေနေသော စင်္ကြံအတိုင်း လျှောက်လာခဲ့ကြပြီးနောက် အခန်းထဲသို့ ဝင်လိုက်သည်။

လှနှသည် ခေါင်း၌ ပတ်တီးစည်းကာ ခေါင်းအုံးကို မှီထားသည်။ ကျွန်တော်တို့သည် မော်တော်ကားပေါ်မှ လိမ့်ကျသော မိတ်ဆွေတစ်ဦးကို သွား၍ သတင်းမေးကြခြင်း ဖြစ်၏။ မော်တော်ကားပေါ်မှ ကတ္တရာစေးလမ်းပေါ်သို့ ကျသွားသည်။ ခေါင်းပေါက်သွားသဖြင့် ချုပ်ထားရသည်။ ဖြစ်စ တစ်ရက် နှစ်ရက်ခန့် လုံးဝသတိမရ၊ စိုးရိမ်ရသော အခြေအနေဖြစ်သည်။ နောက်ပိုင်း သတိပြန်ရလာကာ စကားကောင်းစွာ ပြောနိုင်နေလေပြီ။

သို့ရာတွင် မှတ်ဉာဏ်မကောင်းတော့။ လာသမျှလူအားလုံးကို မှတ်မိသော်လည်း သူ ဘာဖြစ်သည်၊ ဘယ်လိုဒဏ်ရာရသည်၊ ဘာကြောင့် ဆေးရုံပေါ် ရောက်သည်ကို မသိတော့။ နောက်ဆုံးအဖြစ်အပျက်ကို လုံးဝ မေ့နေလေပြီ။ ခပ်ဝေးဝေး အတိတ်က အကြောင်းကို တစ်ပိုင်းတစ်စ မှတ်မိသည်၊ ယခု ပစ္စုပ္ပန်ကိုလည်း တစ်စိတ်တစ်ပိုင်း မှတ်မိသည်။ သို့ရာတွင် သူ့ခေါင်း ဘာကြောင့်ဒဏ်ရာရသည်ကိုမူ မမှတ်မိတော့ချေ။

လှနှသည် မျက်လုံးများကို ဖွင့်ကြည့်လိုက်၏။

''ခေါင်းမူးတယ်''

ကျွန်တော်တို့က လဲလျောင်းနေစေချင်သည်။ သူက မနေချင်။ ကျွန်တော်တို့နှင့် စကားပြောချင်သည်။ ထို့ကြောင့် သူပြောသမျှကို နားထောင်ကာ အလိုက်အထိုက် ပြန်ပြောရသည်။ သို့ရာတွင် သူပြောသမျှစကားများမှာ အဆက်အစပ်မရှိ။ အတိတ်က အဖြစ်အပျက် တစ်ပိုင်းတစ်စများနှင့် အနာဂတ် သူ့စိတ်ကူးတစ်ပိုင်းတစ်စများ ရောထွေးနေကြသည်။ ဆောင်းတွင်းအိပ်မက် တစ်ခုကဲ့သို့ အဆက်အစပ်မရှိ။

လှနှသည် ကျွန်တော်တို့နှင့် စကားပြောပြီးနောက် မောမောနှင့် အိပ်ပျော်သွားသည်။

ကျွန်တော့်မိတ်ဆွေ ဆရာဝန်သည် ခုတင်ခြေရင်းမှ ရောဂါ အခြေအနေပြဇယားကို ကောက်ကြည့်လိုက်သည်။ အဖျားမရှိ။ ပုံမှန်အပူချိန်ဖြစ်သည်။ သွေးခုန်





နှုန်း မှန်သည်။ သွေးပေါင်ချိန်၌လည်း အတိုးအလျှော့မရှိ၊ ပုံမှန် ဖြစ်သည်။ အားဆေးထိုးပြီးပြီ၊ မေးခိုင်ရောဂါ ကာကွယ်ဆေးလည်း ထိုးပြီးပြီ။

''အားလုံးကောင်းပါတယ်။ ဦးနှောက်နည်းနည်း ထိခိုက်သွားတဲ့အတွက် အဖြစ်အပျက်တွေကို မေ့တာလောက်ကလွဲရင် ဘာမှမဖြစ်ပါဘူး။ အင်မနီးစီးယား ဆေးဗျာ။ ကြာတော့ ပြန်ကောင်းသွားမှာပါ။ ဦးနှောက်ကို ထိခိုက်သွားတဲ့ လူတွေဟာ အရင်ဘဝကို လုံးလုံးလျားလျားရင်လည်း မေ့သွားတတ်တယ်။ ဒါမှမဟုတ်လည်း နောက်ဆုံး သူ ဘာကြောင့် ဒဏ်ရာရတယ်ဆိုတာကို မေ့သွားတတ်တယ်။ ဝတ္ထုဆန်ဆန်ပေါ့ဗျာ''

ဆရာဝန်က ပြုံး၍ ပြောလိုက်သည်။

''ခင်ဗျား ၁၉၅၀ ခုနှစ်လောက်တုန်းက ပြသွားတဲ့ 'ပျောက်ဆုံးသော မိုးကုပ်စက်ဝိုင်း' ဆိုတဲ့ ရုပ်ရှင်ကို ကြည့်လိုက်သေးလား။ မင်းသားက ရိုနယ်ကောလ်မင်းလေ၊ မင်းသမီးက ဂရီယာဂါဆင်''

ကျွန်တော့်မိတ်ဆွေ ဆရာဝန်က မေးလိုက်သည်။ ကျွန်တော်က အတန်ကြာ စဉ်းစားနေပြီးမှ –

''ကြည့်လိုက်ရတယ်။ ဝတ္ထုလည်း ဖတ်ဖူးတယ်။ အင်္ဂလိပ်စာရေးဆရာကြီး ဂျိမ်းဟီလ်တန်ရဲ့ ဝတ္ထု။ ဇာတ်လိုက်က မော်တော်ကားတိုက်မှုတစ်ခုဖြစ်လို့ ဦးနှောက်ကို ထိပြီး အတိတ်မေ့သွားတာလေ''

''ဟုတ်တယ်၊ အတိတ်ကိုမေ့ပြီး သူ စိတ္တဇဆေးရုံရောက်သွားတယ်။ စိတ္တဇဆေးရုံမှာ ဂရီယာဂါဆင်က သူနာပြုဆရာမလေး။ အဲဒီမင်းသားမှာ မော်တော်ကားတိုက်မှု မဖြစ်ခင်တုန်းက သူဌေးသမီးတစ်ယောက်နဲ့ စေ့စပ်ထားတယ်။ မော်တော်ကားတိုက်မှု ဖြစ်တဲ့အခါကျတော့ အတိတ်က အဖြစ်အပျက်တွေ အားလုံးကို မေ့သွားပြီး စိတ္တဇဆေးရုံပေါ်က ဘဝကို တကယ့်ဘဝလို့ ထင်နေတယ်။ အတိတ်ကိုမေ့ပြီး စိတ္တဇဆေးရုံပေါ် ရောက်နေတဲ့ မင်းသားနဲ့ သူနာပြုဆရာမလေးတို့ ချစ်ကြတယ်။ တစ်နေ့ညနေ စိတ္တဇဆေးရုံဝင်းထဲက ပန်းခြံထဲမှာ ချစ်သူနှစ်ဦး လမ်းလျှောက် စကားပြောကြစဉ် မင်းသားက သစ်ပင်တစ်ပင်အောက်ကို ငုံ့အဝင်လိုက်မှာ သစ်ကိုင်းနဲ့ခေါင်းချင်း တိုက်မိသွားတယ်။ အဲဒီအခါကျတော့ မင်းသားဟာ စိတ္တဇဆေးရုံက ဘဝတစ်ခုလုံးကို မေ့ပြီး အတိတ်ကို ပြန်မှတ်မိသွားတဲ့ ဇာတ်လမ်း။ အံ့မယ် ... ကြည့်လို့တော့ အကောင်းသားဗျ''



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ပြောလိုက်သည်။ ကျွန်တော်တို့နှစ်ယောက်သည် လူမမာ မှိန်းနေချိန်တွင် လေသံဖြင့် စကားပြောနေကြခြင်း ဖြစ်၏။

'ပျောက်ဆုံးသော မိုးကုပ်စက်ဝိုင်း'အပြင် ခပ်ဆင်ဆင် တခြားဝတ္ထုတွေလည်း သုံးလေးပုဒ်လောက် ကျွန်တော် ဖတ်ဖူးတယ်ဗျ။ ဟိုတုန်းက အင်္ဂလန်ကထုတ်တဲ့ 'စထရင်း'မဂ္ဂဇင်းထဲမှာလား မသိဘူး။ အင်္ဂလိပ်စာရေးဆရာတွေက ဒီလိုဝတ္ထုမျိုးတွေ တော်တော်ရေးလေ့ရှိတယ်။ ဘာကြောင့် ဒီလိုဖြစ်တာလဲဗျ။ ဟိုတုန်းကတော့ ဝတ္ထုတွေထဲမှာမို့ ဇာတ်လမ်းဇာတ်ကွက်ကောင်းအောင် ဖန်တီးရေးကြတာပဲလို့ ကျွန်တော် ထင်နေတာ၊ ခုမျက်မြင်ကိုယ်တွေ့ကျမှပဲ တကယ်ဆိုတာ သိရတော့တယ်။ နောက်တစ်ခါ ထိခိုက်မှုဖြစ်မှ ပြန်ပြီး သတိရလာတယ်ဆိုတာကော ဟုတ်ကဲ့လား''

ကျွန်တော်က လေသံကလေးဖြင့် မေးလိုက်သည်။

ကျွန်တော့်မိတ်ဆွေ ဆရာဝန်သည် ဆေးပညာစကားလုံးများကို သုံးကာ အင်မနီးစီးယားရောဂါ (မေ့တတ်သော ရောဂါ)အကြောင်းကို ပြောဆိုလျက် ရှိ၏။ သူ ဘာတွေပြော၍ ဘယ်လောက်ကြာသည်ကို ကျွန်တော် မသိ။ သူ့စကားများကိုလည်း ကျွန်တော် မကြား။

ကျွန်တော်သည် ခုတင်ပေါ်၌ မှိန်းနေသော လူနာကိုသာ ငေးစိုက်ကြည့်နေမိသည်။ ကြည့်ရင်း၊ ကြည့်ရင်း ...။

(၂)

ကြည့်ရင်း၊ ကြည့်ရင်း ကျွန်တော့်မျက်စိထဲ၌ ခုတင်ပေါ်မှလူနာသည် ကျွန်တော် သွားရောက်မေးမြန်းသော လူနာမဟုတ်တော့ဘဲ ကျွန်တော် မသိဖူး၊ မမြင်ဖူးသော လူစိမ်းတစ်ယောက် ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရသည်။

ထိုလူစိမ်းသည် အသက်ငါးဆယ်ကျော်ခန့် ရှိလေပြီ။ ခပ်ပါးပါးညှပ်ထားသော သူ၏ ကတုံးဆံတောက်သည် ငွေရောင်လှလျက် ရှိလေပြီ။ သူသည် အရပ်ထောင်ထောင် မောင်းမောင်း၊ ရင်အုပ်ကားကား၊ တုတ်ခိုင်သန်မာသော လက်မောင်းကြီးများပေါ်တွင် အကြောကြီးများသည် ထင်းထင်းကြီး ပေါ်နေကြသည်။ ၎င်း၏ ကိုယ်လုံးကိုယ်ထည်ကို ကြည့်၍ ငယ်စဉ်က ကာယဗလလိုက်စားခဲ့သော အားကစားသမားတစ်ယောက်မှန်း သိလာသည်။ ထိုလူ၏ အရပ်အမောင်းမှာ ငါးပေဆယ်လက်မခန့် ရှိမည်ဟု ကျွန်တော် ခန့်မှန်းကြည့်ပါသည်။





ထိုလူသည် ခေါင်းတွင် ပတ်တီးစည်းထားကာ ခေါင်းအုံးသုံးလေးလုံး မှောက်ထောက်ခုပြီး မှီရင်း မျက်လုံးများကို မှိတ်ထားလျက် ရှိသည်။ ကျွန်တော်သည် ထိုသူကို စိုက်ကြည့်မိသည်။ ထူထဲနက်မှောင်သော မျက်ခုံး၊ ဖြောင့်တန်းသော နှာတံနှင့် ပါးလျား၍ စေ့လိုက်လျှင် မျဉ်းဖြောင့်တစ်ချောင်းကဲ့သို့ တန်းလျက်ရှိသော နှုတ်ခမ်းကို ကြည့်လျှင် ထယ်ငယ်က လူသန်လူချောကြီးတစ်ဦးဖြစ်ကြောင်းကို သိနိုင်သည်။ သို့ရာတွင် ၎င်း၏ ပါးများမှာ အနည်းငယ် ချိုင့်ဝင်လျက်ရှိခြင်းကို ကျွန်တော် သတိပြုမိသည်။ ၎င်း၌ ပါးစောင်နှစ်ဖက်စလုံး အံသွားများ ရှိဟန်မတူတော့ချေ။

ထိုလူစိမ်းကို ကျွန်တော် မသိ။ တစ်ခါနှစ်ခါ မြင်ဖူးသလို ရှိသည်ဟုကား ကျွန်တော် ဝိုးတဝါး ထင်မိ၏။ သို့ရာတွင် ဝိုးတဝါးမျှသာ။

''ငါ သူ့ကို မသိပါဘူး။ မြင်တော့ မြင်ဖူးတယ် ထင်တယ်။ ဒါပေမယ့် ဘယ်နေရာမှာလဲ၊ ဘယ်တုန်းကလဲ၊ သူနဲ့တူတဲ့ လူတစ်ယောက်ကိုတော့ ငါမြင်ဖူးမယ် ထင်တယ်။ ဒါပေမယ့် အဲဒီ သူနဲ့တူတဲ့ လူဆိုတာကော ဘယ်သူလဲ''

ကျွန်တော်သည် ထိုလူကို စဉ်းစားမရတော့သည့်အဆုံး ထိုလူနှင့်တူသည့် လူတစ်ယောက်ကို စဉ်းစားမိပြန်သည်။ သို့ရာတွင် ထိုလူနှင့်တူသည့် လူ၏ နာမည်ကိုလည်း ကျွန်တော် စဉ်းစား၍မရ။

ထိုအခိုက် ခုတင်ပေါ်မှ ထိုလူသည် မျက်လုံးကို တစ်ချက်မျှ ဖွင့်လိုက်ပြီး ပြန်မှိတ်သွားပြန်သည်။

ထိုမျက်လုံးများကို မြင်လိုက်သည်၌ ထိုလူနှင့်တူသူ တစ်ယောက်၏ နာမည်သည် ကျွန်တော့်ခေါင်းထဲသို့ လက်ကနဲ ဝင်ရောက်လာသည်။

ဦးနေဝင်း၊ ကာယဗလ ဦးနေဝင်း။

မှန်သည်။ ထိုလူသည် ကာယဗလဦးနေဝင်းကြီးနှင့် တူသည်ဟု ကျွန်တော် သတိပြုလိုက်မိသည်။ ဦးနေဝင်းကြီးလိုပင် ထောင်ထောင်မောင်းမောင်း၊ ရင်အုပ်ကားကား၊ ကာယဗလသမားကြီးတစ်ဦး ဖြစ်ဟန်တူသည်။ စစ်ပြီးစက မန္တလေးတွင် ကာယဗလ ဦးနေဝင်းကြီးနှင့် ကျွန်တော် သိကျွမ်းခဲ့ရသည်။ ထို့နောက်တွင်လည်း ရန်ကုန်သို့ သူ အလည်လာစဉ် တစ်ခါတစ်ရံ တွေ့တတ်ကြသည်။ ထိုစဉ်က ကာယဗလ ဦးနေဝင်းကြီးအား စာရေးရန် ကျွန်တော် မကြာခဏ တိုက်တွန်းခဲ့ဖူးသည်။ ကျွန်တော် တိုက်တွန်းတိုင်း ဦးနေဝင်းကြီးသည် စီးကရက်ကိုခဲရင်း မပွင့်တပွင့် ပြုံးကာ ''စာရေး လို့ မရတော့ဘူးဗျ။ စာရေးဆရာဆိုတဲ့ သတ္တဝါများဟာ စည်းစိမ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိလာပြီဆိုရင် ပျက်တော့တာပဲ။ ခေါင်းက ဘာမှမထွက်တော့ဘူး။ စာရေးဆရာဆိုတဲ့ သတ္တဝါဟာ နည်းနည်းလေးငတ်မှ စာကောင်းပေကောင်း ထွက်တာ။ ငတ်ပြတ်ခြင်းဆိုတဲ့ အင်ဂျင်စက်ကြီးက ပိုအလုပ်လုပ်တော့ စာကောင်းပေကောင်းတွေ ပိုထွက်တာပေါ့ ဗျာ''ဟု ပြောတတ်သည်။

''ငတ်မှ စာရေးဆရာကောင်း ဖြစ်မယ်လို့ ဦးနေဝင်းက ဆိုလိုချင်တာလား''

ကျွန်တော်က မေးသည်။ ဦးနေဝင်းသည် စီးကရက်ဘူးကို ထုတ်၍ ကျွန်တော့်ကို တစ်လိပ်တည်သည်။ ၎င်းအတွက်လည်း တစ်လိပ် ထုတ်ယူလိုက်ပြီး စီးကရက်တို့မှ မီးကိုကူး၍ ဆက်သောက်နေပြန်သည်။ ကျွန်တော်နှင့် ထိုင်စကားပြောနေသည့်အတွင်း ဦးနေဝင်းသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် မီးကူးကာ ဆက်တိုက်သောက်နေသည်ကို ကျွန်တော် သတိပြုမိသည်။ ၎င်း၏ ညာဘက်လက်ညှိုးနှင့် လက်ခလယ်သည် နီကိုတင်းခတ်ကြောင့် ဝါထိန်လျက်ရှိသည်။

''ဒီပြင် နိုင်ငံတွေမှာ ဘယ်လိုရှိသလဲဆိုတာတော့ မသိဘူးဗျ။ ဒါပေမယ့် ကျုပ်တို့ဆီမှာတော့ စာရေးဆရာဆိုတဲ့ သတ္တဝါဟာ ငတ်မှ စာကောင်းပေကောင်း ရေးနိုင်တာ အမှန်ပဲ။ ခင်ဗျားတို့ ပြောသလို ပြောရရင် ဘဝရှိမှဗျ။ ဘဝမရှိရင် ခေါင်းထဲမှာ ဘာမှ မရှိတော့ဘူး။ မဟုတ်ဘူးလားဗျ၊ ဟား … ဟား''

ဦးနေဝင်းသည် ၎င်း၏ ထုံးစံအတိုင်း အားရပါးရ ရယ်လိုက်သည်။

''ဒီပြင် မကြည့်နဲ့လေဗျာ။ ဆရာကြီး ပီမိုးနင်းကိုပဲကြည့်။ ဆရာကြီးပီမိုးနင်းဟာ ဘယ်လောက်ဆင်းရဲသလဲ။ ဆင်းရဲတဲ့အခါကျတော့ သူ့မှာ ခံစားချက်တွေရှိတယ်။ မကျေနပ်ချက်တွေ ရှိတယ်။ ဒီခံစားချက်တွေကနေပြီး စာကောင်းပေကောင်းတွေ ထွက်လာတာ မဟုတ်ဘူးလား။ အင်္ဂလိပ် စာရေးဆရာကြီး အော်လစ်ဗာဂိုးစမစ်ကို ကြည့်ဦး။ ညညချမ်းလွန်းလို့ ခြေအိတ်ကို ခေါင်းစွပ် အိပ်ရတယ်။ နေ့လယ်ကျတော့ ခြေအိတ်၊ ညကျတော့ ခေါင်းစွပ်။ ဘယ်လောက် ဟန်ကျသလဲ။ ဒီအထဲ အိမ်လခမပေးနိုင်လို့ စာမူကို လေလံပစ်ပြီး အိမ်လခပေးရသေးတယ်။ ကြွေးမှုနဲ့ ထောင်ကျသေးတယ်''

ဦးနေဝင်းသည် အားရပါးရ ပြောလျက်ရှိ၏။ စာကြောင်း ပေကြောင်း မပြောရသည်မှာ အတော်ကြာပြီ ဖြစ်ဟန်ရှိ၏။

''ဆရာကြီး ပီမိုးနင်းဟာ ဝမ်းမီးလေး မှန်မှန်တောက်နိုင်အောင် အချိန်နဲ့အမျှ နပန်းလုံးနေရတယ်။ တွေ့ရာနေရာမှာ ကောက်ရေးလိုက်ရင် စာတစ်ပုဒ်တော့ ဖြစ်လာတာပဲ။ ဒီလိုပြောတဲ့အတွက် ဆရာကြီး ပီမိုးနင်းဟာ အသက်ရှင်ဖို့ စာရေးနေတယ်





လို့ ကျွန်တော် မဆိုလိုပါဘူး။ တကယ်တော့ ဆရာကြီးပီမိုးနင်းဟာ စာရေးဖို့ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပဲဗျ။ သူ့မှာ ထမင်းတစ်လုတ်ဝဖို့၊ ကောင်းကောင်းမွန်မွန် နေနိုင်ဖို့ ဒီပြင် အရည်အချင်းတွေ အများကြီးရှိတယ်။ ခရစ်ယာန်တရားဟောဆရာ လုပ်မလား၊ လက်တင် စာပြဆရာ လုပ်မလား၊ အယ်ဒီတာ လုပ်မလား၊ စာပုံနှိပ်စက် ထောင်မလား၊ သူလုပ်ချင်တယ်ဆိုရင် လုပ်စရာတွေ အများကြီးပဲ''

ဦးနေဝင်းက စီးကရက်ကို ဖွာလိုက်၏။ ကျွန်တော်ကား ဦးနေဝင်းရင်ထဲတွင် ပြောစရာတွေ ရှိသည်ဟု သိသဖြင့် ဘာမျှမပြောဘဲ နားထောင်လျက်ရှိသည်။

''ဒါပေမယ့် ဆရာကြီးပီမိုးနင်းဟာ ဒါတွေကို တစ်ခုမှ မလုပ်ဘူး။ ငတ်မေ့၊ ခွဲမေ့ ဆိုတဲ့ စာရေးဆရာဘဝမှာသာ ပျော်တယ်။ အငတ်ခံပြီး စာရေးတယ်။ ကျုပ်က ဆရာကြီး ပီမိုးနင်းလို သတ္တိမရှိဘူးဗျ။ ကောင်းကောင်းလေး စား၊ ကောင်းကောင်းလေး နေချင်တယ်။ ငါးသုံးလုံး စီးကရက်ကလေး မှန်မှန်သောက်ချင်တယ်။ ခင်ဗျားတို့ အခေါ်နဲ့ခေါ်ရင် ဘူဇွာပေါ့ဗျာ''

ဦးနေဝင်းသည် စီးကရက်တစ်လိပ် ကုန်သွားပြီဖြစ်၍ နောက်တစ်လိပ် ထုတ်ကာ မီးကူး၍ ဆက်ဖွာနေပြန်သည်။ ကျွန်တော့်ကိုလည်း တစ်လိပ်တည်သည်။ သို့ရာတွင် ကျွန်တော် မသောက်နိုင်တော့။

ထိုအကြိမ်သည် ကာယဗလ ဦးနေဝင်းကြီးနှင့် နောက်ဆုံး တွေ့လိုက်ရခြင်း ဖြစ်၏။ ကျွန်တော်နှင့်တွေ့တိုင်း ကျွန်တော်က စာပြန်ရေးဖို့ တိုက်တွန်းခဲ့သည်။ ၎င်းကလည်း 'စာရေးလို့ မရတော့ဘူးဗျ၊ ပျက်ပြီ။ ဟိုဟာတွေ မရှိတော့ဘူး'ဟု မကြာခဏ ပြောတတ်သည်။

ကျွန်တော် မတိုက်တွန်းဘဲ ဘယ်မှာနေနိုင်ပါမည်နည်း။ ကာယဗလ ဦးနေဝင်းကြီးသည် စစ်မဖြစ်မီ ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော်တို့အသည်းစွဲ စာရေးဆရာကြီးတစ်ဦး မဟုတ်ပါလော။ စစ်မဖြစ်မီ ကျွန်တော်တို့ ၁၀ နှစ်၊ ၁၁ နှစ် သားလောက်က 'သိန်းလေးဆယ်'၊ 'အရေးတော်ပုံ တပ်သား' စသော နာမည်ကျော် ဝတ္ထုကြီးများကို ရေးသားခဲ့သော စာရေးဆရာကြီး 'ရဲထွန်းလင်း' မဟုတ်ပါလော။

စစ်မဖြစ်မီက ကျွန်တော်သည် စာရေးဆရာကြီး ရဲထွန်းလင်း၏ နာမည်ကျော် ဝတ္ထုကြီးများဖြစ်သော 'သိန်းလေးဆယ်'၊ 'အရေးတော်ပုံတပ်သား' စသော ဝတ္ထုကြီးများဖတ်ခဲ့ရ၏။ ထိုစဉ်က ကျွန်တော်မှာ ၁၀ နှစ်ကျော်ကျော်မျှသာ ရှိသေး၏။ [illegible] ကြီးများကို ကျွန်တော့်အစ်မဝမ်းကွဲ အပျိုပေါက်များ ဖတ်လေ့ရှိကြ၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အစ်မဝမ်းကွဲများသည် ၎င်းတို့မုန့်ဖိုးထဲမှ ထိုဝတ္ထုကြီးများကို ဝယ်၍ ဖတ်ခဲ့ကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင်လည်း ၎င်းတို့သည် သူငယ်ချင်းများနှင့် ဝတ္ထုစာအုပ်အလဲအလှယ် အငှားအရမ်းပြု၍ ဖတ်တတ်ကြသည်။ ဝတ္ထုစာအုပ် အငှားနိုင်းလျှင် ၎င်းတို့ သူငယ်ချင်းများထံ ကျွန်တော့်ကို လွှတ်၍ အငှားခိုင်း၏။ ကျွန်တော်ကလည်း တခြားကိစ္စနှင့်ခိုင်းလျှင် ရချင်မှရမည်။ ဝတ္ထုစာအုပ်ငှားခိုင်းလျှင် စက်ဘီးလေးတစ်စီးဖြင့် ဝေါ့ပါးသွက်လက်စွာ သွားငှားပေး၏။ ၎င်းတို့ဖတ်ပြီးလျှင် ကျွန်တော် ဖတ်ရ၏။ တစ်ခါတစ်ရံ သွားငှား၍ ဝတ္ထုကောင်းရလာလျှင် ၎င်းတို့ကိုမပေးဘဲ တစ်နေရာရာတွင် ထိုင်၍ တစ်အုပ်လုံးကုန်အောင် အရင်ဖတ်ပြီးမှ ၎င်းတို့ကို ပေးလေ့ရှိ၏။

စာရေးဆရာကြီး ရဲထွန်းလင်း၏ 'သိန်းလေးဆယ်'ဝတ္ထုကို ကျွန်တော် ကောင်းကောင်း မမှတ်မိတော့။ 'သိန်းလေးဆယ်'မှာ နိုင်ငံ လွတ်လပ်ရေးအတွက် သိန်းလေးဆယ်ပြည့်အောင် ရန်ပုံငွေရှာသည့်ဇာတ်လမ်းဟု ကျွန်တော်ထင်၏။ သေသေချာချာ မမှတ်မိတော့။

သို့ရာတွင် 'အရေးတော်ပုံတပ်သား'ဝတ္ထုကြီးကိုကား ကျွန်တော် ကောင်းကောင်း မှတ်မိ၏။ ဇာတ်ကွက်ကိုလည်း အသေးစိတ် မှတ်မိ၏။ ကျွန်တော် သဘောကျ၏။ ထိုဝတ္ထုကြီးထဲမှ ဇာတ်ကောင်မျိုးတင့်သည် ကျွန်တော့် 'ဟီးရိုး'ဖြစ်၏။ 'အရေးတော်ပုံတပ်သား'ဝတ္ထုကြီးကို မှတ်မိရသည့် အခြားအကြောင်းတစ်ရပ်လည်း ရှိသေးသည်။ ယင်းမှာ ထိုဝတ္ထုကြီးများကို ကျွန်တော့် ဝမ်းကွဲအစ်မတစ်ဦးက ၎င်း၏ သူငယ်ချင်းထံသွား၍ အငှားခိုင်းလိုက်သည်တွင် ကျွန်တော် ခွေးကိုက်ခံခဲ့ရ၏။ ခွေးကိုက်သည့် အမာရွတ်သည် ကျွန်တော့် ခြေသလုံးတွင် ယခုထိ မပျောက်။ ထိုအမာရွတ်ကိုမြင်တိုင်း 'အရေးတော်ပုံတပ်သား'ဝတ္ထုကြီးကို ကျွန်တော် အမှတ်ရ၏။ ဤသည်မှာ အခြားအကြောင်းတစ်ရပ် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ပြီး၍ စာမရေးတော့သော စာရေးဆရာကြီး ရဲထွန်းလင်းနှင့် တွေ့တိုင်း ဆက်စာရေးရန် ကျွန်တော် မကြာခဏ တိုက်တွန်းခဲ့သည်။ ကျွန်တော် တိုက်တွန်းတိုင်းလည်း စာရေးဆရာကြီး ရဲထွန်းလင်းသည် ငါးသုံးလုံးစီးကရက်ကို ဖွာကာ 'စာရေးဆရာဆိုတဲ့ သတ္တဝါဟာ ငတ်မှ စာကောင်းပေကောင်း ထွက်တာဗျ။ ကျုပ်က ငါးသုံးလုံးစီးကရက်လေးသောက်၊ ကောင်းကောင်းလေးစား၊ ကောင်းကောင်းလေးနေချင်တော့ စာရေးဆရာဘဝနဲ့ ကျုပ်နဲ့ လမိုင်းမကပ်တော့ဘူး။ ခုတော့ ဟိုဟာတွေလည်း မရှိတော့ဘူး'ဟု ပြောလေ့ရှိသည်။





(၃)

ကျွန်တော်သည် ခုတင်ပေါ်မှ လူမမာကို ကြည့်ရင်း ကာယဗလ ဦးနေဝင်းခေါ် စာရေးဆရာကြီး ရဲထွန်းလင်းအကြောင်းကို တွေးနေမိသည်။ ထိုလူသည် စာရေးဆရာကြီး ရဲထွန်းလင်းကဲ့သို့ ဥပဓိရုပ်ကောင်းကောင်း၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကာယဗလသမားကြီးတစ်ဦး ဖြစ်ဟန်ရှိသည်။ အသက် ငါးဆယ်ကျော်ခန့်ရှိပြီဖြစ်သည့်တိုင် ၎င်း၏ ရင်အုပ်ကြီးများသည် တောင့်တင်းကြံ့ခိုင်ဆဲ၊ လက်မောင်းအိုးကြီးများသည် သန်မာထွားကျိုင်းဆဲ။

ကျွန်တော်သည် ထိုလူကို ကြည့်ရင်း ၎င်းနှင့်ရုပ်ချင်းဆင်သည့် ကာယဗလ ဦးနေဝင်းခေါ် စာရေးဆရာကြီး ရဲထွန်းလင်းကို သွား၍ အမှတ်ရသည်။ ထိုမှတဖန် ထိုလူနှင့် တွေ့ခဲ့ပုံကို ပြန်၍ အမှတ်ရသည်။

ထိုလူကို ကာယဗလ ဦးနေဝင်းခေါ် စာရေးဆရာကြီး ရဲထွန်းလင်း၏ အသုဘတွင် တစ်ခါတွေ့လိုက်ဖူးသည်ဟု ကျွန်တော် ထင်သည်။ စာရေးဆရာကြီး ရဲထွန်းလင်းသည် အဆုတ်ကင်ဆာရောဂါဖြင့် ၁၉၆၀ ခုလောက်က ဆုံးသွားခဲ့ရာ ထိုအသုဘကို ကျွန်တော် လိုက်ပို့ခဲ့သည်။ အသုဘတွင် မြစ်ကြီးနားမှ ကျောင်းနေဖက်များ၊ မန္တလေးမှ ကျောင်းနေဖက်များနှင့်တကွ ရန်ကုန် ရုပ်ရှင်လောက၊ စာရေးဆရာလောက၊ အားကစားလောကမှ ပုဂ္ဂိုလ်များကို ကျွန်တော် တွေ့ရသည်။

ကာယဗလ ဦးနေဝင်းခေါ် စာရေးဆရာကြီး ရဲထွန်းလင်း၏ အလောင်းကို မီးသင်္ဂြိုဟ်မည်ပြုသောအခါ၌ ထိုလူသည် စာရေးဆရာကြီး ရဲထွန်းလင်း၏ အလောင်းခြေရင်းတွင် ဒူးတုပ်ထိုင်ကာ အလောင်းကို ကန်တော့သည်။ ထို့နောက် အလောင်းခြေရင်းတွင်ရပ်ကာ အချိန်အတန်ကြာမျှ အလောင်းကို တွေတွေကြီး စိုက်ကြည့်လျက်ရှိသည်။ ၎င်း၏ မျက်လုံးတွင် မျက်ရည်တို့ ရစ်ဝဲနေခြင်းကိုလည်း ကျွန်တော် သတိပြုလိုက်မိသည်။

ကျွန်တော်သည် စာရေးဆရာကြီး ရဲထွန်းလင်းနှင့် အရပ်အမောင်းနှင့်တကွ ရုပ်ချင်းဆင်လှသော ထိုလူကို ကြည့်နေမိသည်။ ထိုလူသည် အလောင်းကို အတန်ကြာမျှ ခပ်တွေတွေကြီး စိုက်ကြည့်ပြီးနောက် တစ်စုံတစ်ခုကို ပိုင်းဖြတ်လိုက်ဟန်ဖြင့် ခေါင်းကို ငုံ့လိုက်ကာ ထိုလူ၏ အကဲကို အကဲခတ်မိကြည့်သည်ကိုမျှ မကြည့်တော့ဘဲ မြဲမြံသော ခြေလှမ်းကျဲကြီးများဖြင့် ချာကနဲ လှည့်ထွက်သွားကာ အသုဘပို့လာကြသော လူအုပ်များကြားထဲတွင် ဝင်ရောက် ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် စာရေးဆရာကြီး ရဲထွန်းလင်း၏ ညီတစ်ဦးလော၊ ဆွေမျိုးနီးစပ်တစ်ဦးလော၊ အားကစားလောကမှ တပည့်တစ်ဦးလော၊ ကျွန်တော် ဝေခွဲမရ။ အရပ်အမောင်းနှင့် တကွ၊ ရုပ်ချင်းတူသည်ကား အမှန်ဖြစ်သည်။

စာရေးဆရာကြီး ရဲထွန်းလင်း၏ အသုဘတွင် မြင်လိုက်ရသော ထိုလူသည် ယခု ကျွန်တော့်ရှေ့ ခုတင်ပေါ်တွင် ရောက်လျက်ရှိလေပြီ။

ခုတင်ပေါ်မှ လူမမာသည် မျက်လုံးကို ဖွင့်၍ ကျွန်တော့်ကို လှမ်းကြည့်လိုက်သည်။ ကျွန်တော့်ကို မြင်လိုက်သည်နှင့် ၎င်းမျက်နှာသည် သွေးရောင်လျှမ်းကာ လန်းဆန်းလာသည်။ ထိုလူသည် ခုတင်အနီးတွင် ရပ်လျက်ရှိသော ကျွန်တော့်ကို တည့်တည့်ကြီး စိုက်ကြည့်လိုက်ပြီးနောက် ....

"ခင်ဗျား ကိုမြင့်အောင် မဟုတ်လား" ဟု မေးလိုက်၏။

"ဟုတ်ပါတယ်။ ကျွန်တော် မြင့်အောင်ပါ"

စာရေးဆရာကြီး ရဲထွန်းလင်းနှင့်တူသော ကာယဗလသမားကြီးကို အကဲခတ်ရင်း ကျွန်တော်က ပြောလိုက်သည်။

"ထိုင်ဗျာ"

၎င်းက အနီးတွင်ရှိသော ထိုင်ခုံတစ်ခုကို ညွှန်ပြ၍ ပြောလိုက်သည်။

"ကျုပ် ခင်ဗျားနဲ့ တွေ့ချင်နေတာ အတော်ပဲ"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ"

"ခင်ဗျားနဲ့ ကျုပ် စာရေးဆရာကြီး ရဲထွန်းလင်းရဲ့ အသုဘမှာ နောက်ဆုံးတွေ့ခဲ့ကြတယ် ထင်တယ်၊ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ ... စာရေးဆရာကြီး ရဲထွန်းလင်းရဲ့ အလောင်းခြေရင်းမှာ ရပ်နေတာကို ကျွန်တော် တွေ့လိုက်တယ် ထင်ပါတယ်"

"ဟုတ်တယ်၊ ကျုပ် အဲဒီတုန်းက သော်တော် စိတ်ထိခိုက်သွားတယ်။ ခင်ဗျားနဲ့ စကားပြောချင်နေတာတော့ ကြာပါပြီ။ အသုဘတုန်းကတော့ ကျုပ်လည်း သိပ်ပြီး စကားရှည်ရှည် မပြောချင်သေးတာနဲ့ နောင်တချိန်မှ အေးအေးဆေးဆေး ပြောမယ်လေဆိုပြီး နေလိုက်တာ။ နောက်တော့ ခင်ဗျားလည်း ဘယ်ပျောက်သွားမှန်း မသိဘူး။ စာရေးတာလည်း မတွေ့ရ၊ သတင်းလည်း မကြားရနဲ့ ပျောက်နေတယ်"

ကျွန်တော် ပြုံးလိုက်သည်။ ကာယဗလသမားကြီးသည် ကျွန်တော့်ကို ရုတ်တရက် ရှာမတွေ့သဖြင့် စိတ်ဆိုးနေဟန်တူ၏။





"ဒီနှစ်တွေ အတောအတွင်း ကျွန်တော် အပြင်မှာ မရှိပါဘူး ခင်ဗျာ။ အုတ်နံရံလေးဘက်ကြားမှာ ရောက်နေပါတယ်။ ဒါကြောင့် ကျွန်တော့်ကို ရှာမတွေ့တာ ဖြစ်ပါလိမ့်မယ်"

"ဪ ..."

ကာယဗလသမားကြီးသည် ထိုအခါကျမှ သတိရသွားဟန်ဖြင့် ခပ်ငိုင်ငိုင်ဖြစ်သွား၏။ အတန်ကြာမှ ကျွန်တော့်ကို ကြည့်လိုက်ပြန်ကာ ...

"ကျုပ်ဟာ စာရေးဆရာကြီး ရဲထွန်းလင်းနဲ့ မတူဘူးလားဗျာ"

"တူပါတယ် ခင်ဗျာ။ မျက်နှာကျပုံရော၊ အရပ်အမောင်းရော၊ ကာယဗလရောဆောင်တော်လေးတူလို့ စာရေးဆရာကြီး ရဲထွန်းလင်းရဲ့ ညီလားလို့တောင် အောက်မေ့မိပါသေးတယ်"

"ညီ မဟုတ်ပါဘူး"

"အစ်ကိုဆိုပါတော့"

ကာယဗလသမားကြီးက ခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်သည်။

"သူ့ သားလေဗျာ"

"ခင်ဗျာ ..."

"စာရေးဆရာကြီး ရဲထွန်းလင်းရဲ့ သားလေဗျာ"

ကျွန်တော်သည် စာရေးဆရာကြီး ရဲထွန်းလင်းနှင့် လေးငါးနှစ်သာ ကွာခြားသည်ဖြစ်သော စာရေးဆရာကြီး ရဲထွန်းလင်း၏ သားဆိုသူကို တအံ့တသြ ကြည့်လိုက်မိ၏။ စာရေးဆရာကြီး ရဲထွန်းလင်းတွင် သားရှိသည်ဟူ၍ ကျွန်တော် မကြားဖူး။ ထို့ထက် သားနှင့်အဖ လေးငါးနှစ်သာ ကွာခြားလျက် ရှိခြင်းမှာလည်း ဖြစ်နိုင်ကောင်းသော အရာမဟုတ်။

ဦးနှောက်နှင့်အာရုံကြော ရောဂါကုဆေးရုံကြီး၏ တစ်ခုသော ခုတင်ထက်မှ ကာယဗလသမားကြီးသည် အဘယ့်ကြောင့် မဖွယ်မရာ စကားများကို ပြောဆိုလျက်ရှိသနည်း။ ထိုကာယဗလသမားကြီးသည် မော်တော်ကားတိုက်သော ဒဏ်ရာကြောင့် ဦးနှောက်ကို ထိခိုက်ကာ ဦးနှောက်ပျက်နေပြီလော။

"ကျုပ်နဲ့ စာရေးဆရာကြီး ရဲထွန်းလင်း ရုပ်ချင်း၊ အလုံးအထည်ချင်း မတူဘူးလားဗျာ"

ကျွန်တော် စဉ်းစားနေစဉ် ၎င်းက ဒုတိယအကြိမ် မေးခွန်းထုတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အရပ်ငါးပေဆယ်လက်မ ရှိတယ်ဗျ။ ငယ်ငယ်တုန်းကဆိုရင် ရင်အုပ်က ၄၅ လက်မရှိတယ်။ လက်မောင်းက ၁၅ လက်မရှိတယ်။ ငယ်ငယ်တုန်းကတော့ မြစ်ကြီးနားမှာ ဗလမောင်ပေါ့ဗျာ။ ဝိတ်,မတယ်၊ တင်းနစ်ရိုက်တယ်၊ ဘောလုံးကန်တယ်၊ လက်ဝှေ့ထိုးတယ်။ မန္တလေးက ကိုချစ်အုန်းကြီးဆီမှာ ကျားဘညိမ်းကြီးနဲ့အတူ လက်ဝှေ့ထိုးသင်ပြီး ဖဲလ်သာဝိတ်တန်းတွေမှာ ထိုးခဲ့ကြတာပေါ့"

ကာယဗလသမားကြီးသည် ဘေးနှစ်ဖက် ပိန်လျက်ရှိသော သူ၏ ပါးများကို စမ်းလိုက်သည်။

"ခုတော့ ရပ်အုပ်ရော၊ လက်မောင်းရော ငယ်ငယ်တုန်းကလောက် မရှိတော့ဘူးဗျ။ ကျသွားပြီ။ အေးလေ ... အသက်ကြီးလာပြီကိုး။ ကျုပ်ပါးနှစ်ဖက်ကို ကြည့်စမ်း၊ ပိန်နေပြီ။ အံသွားတွေ မရှိတော့ဘူး။ ငယ်ငယ်တုန်းက လက်ဝှေ့ထိုးခဲ့တဲ့ ကောင်းမှုတွေပေါ့။ ဒီညာဘက်အံသွားက မြစ်ကြီးနားမှာ ဘညိမ်းနဲ့ ထိုးတုန်းက ကျွတ်သွားတာ။ မန္တလေးမှာ ဘညိမ်းနဲ့ တစ်ချီပြန်တွေ့ကြတော့ သူ့အံသွားတစ်ချောင်းကိုလည်း ကျုပ် ချွတ်ပစ်လိုက်တယ်လေ"

ကာယဗလသမားကြီးက ၎င်း၏ စကားကို ၎င်းဘာသာ သဘောကျ၍ ရယ်လိုက်သည်။

"ဟောဒီ ဘယ်ဘက် အံသွားကတော့ စစ်ပြီးလို့ အင်္ဂလိပ်ပြန်ဝင်လာတော့ တောင်မြို့မှာ ဂေါ်ရာတွေနဲ့ထိုးလို့ ကျွတ်သွားတာ"

ထိုလူသည် မျက်လုံးများကို မှေးကာ အတန်ကြာ စဉ်းစားနေဟန်ရှိ၏။

"တစ်နေ့မှာ ကျုပ်ရယ်၊ ကျားဘညိမ်းရယ် တောင်မြို့ကို ကိစ္စတစ်ခုနဲ့ သွားတယ်ဗျ။ တောင်မြို့နားကျတော့ အင်္ဂလိပ်တပ်က ဂေါ်ရာတွေ စစ်ကားတွေရပ်ပြီး မန်းကျည်းပင်ကြီးတစ်ပင်အောက်မှာ လက်ဝှေ့ထိုးနေကြတယ်။ ဂေါ်ရာကြီးတွေက နည်းတဲ့ကောင်ကြီးတွေ မဟုတ်ဘူး။ ၁၂ စတုန် တန်းတွေ။ ကျုပ်တို့ကလည်း ဝါသနာဆိုတော့ ဘတ်စ်ကားပေါ်က ဆင်းပြီး ဂေါ်ရာလက်ဝှေ့ပွဲကို ဝင်ကြည့်ကြတယ်။ ဂေါ်ရာတွေက သူတို့အချင်းချင်း ထိုးပြီးတဲ့အခါကျတော့ ပရိသတ်ထဲက သူတို့နဲ့ထိုးချင်တဲ့လူရှိရင် ထွက်ဆိုပြီး ချဲ့လင့်လုပ်တယ်ဗျ။ ခုခေတ်စကားနဲ့ဆိုရင်တော့ 'ချဲတယ်'ပေါ့ဗျာ"

ကာယဗလသမားကြီးက မိမိကိုယ်ကို ခေတ်မီလျက် ရှိသေးကြောင်းကို ပြလိုက်ရသည့်အတွက် ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်သည်။





"ကျုပ်နဲ့ ဘညိမ်းလည်း အစတုန်းကတော့ ပွဲကြည့်ရုံကြည့်ပြီး ကိုယ့်လမ်းကိုယ်သွားဖို့ပါပဲ။ ပြီးတော့ ဒီကောင်ကြီးတွေက ဟဲဗီးဝိတ်တန်းက ကောင်ကြီးတွေဗျ။ နည်းတဲ့ အလုံးအထည်ကြီးတွေ မဟုတ်ဘူး။ ကျုပ်တို့နဲ့ဆိုရင် ဆင်နဲ့ဆိတ်လောက်ကွာတာ။ ဗိုလ်ရှိရင် ထွက်ဆိုပြီး 'ချဲ'တော့ ကျုပ်တို့လည်း ဘယ်ထွက်ရဲမလဲ။ ထွက်ရဲမယ့်သူ မရှိလေ သူတို့ကလည်း 'ချဲ'လေပဲ။ ဒီတွင် ကျုပ်နဲ့ ဘညိမ်း မခံချင်ဖြစ်လာတယ်။ မြန်မာ့သွေး ပြလာတာပေါ့ဗျာ။ ခင်ဗျားကတော့ ဘယ်လိုယူဆသလဲ မသိဘူး။ မြန်မာဆိုတဲ့လူမျိုးဟာ အင်မတန်ခံပြင်းတတ်တဲ့ လူမျိုး။ ဒါနဲ့ ကျုပ်တို့လည်း ဝင်ထိုးကြတာပေါ့။ အဲဒီ လက်ဝှေ့ပွဲမှာ ကျုပ် ဘယ်ဘက်အံသွား ကျွတ်ခဲ့တယ်လေဗျာ"

ကျွန်တော်က အသက် ငါးဆယ်ကျော်မျှရှိသော ထိုကာယဗလသမားကြီးသည် အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါးမျှ ရှိဦးမည်ဖြစ်သော စာရေးဆရာကြီး ရဲထွန်းလင်း၏ သားဖြစ်သည်ဆိုခြင်းကို လက်မခံနိုင်သေး။ ထိုလူသည် ဦးနှောက်ပျက်နေသဖြင့် ပြောခြင်းဖြစ်မည်ဟု ယူဆသည်။ ထို့ကြောင့် ထိုအချက်ကို အတည်ပြုရန် သွယ်ဝိုက်၍ စုံစမ်းရပြန်သည်။

"ဒါထက် ခင်ဗျားက စာရေးဆရာကြီး ရဲထွန်းလင်းရဲ့ ညီနော်"

ကာယဗလသမားကြီးသည် ခေါင်းကို သွက်သွက်ကြီး ယမ်းလိုက်သည်။

"ကျုပ်က စာရေးဆရာကြီး ရဲထွန်းလင်းရဲ့ သားဗျ၊ ဒုတိယသား၊ ကျုပ်နာမည်က မျိုးတင့်၊ အရေးတော်ပုံ တပ်သားကြီး မျိုးတင့်"

ကျွန်တော်သည် ကိုယ့်နဖူးကိုယ် ပြန်မရိုက်မိရန် မနည်းသတိထားလိုက်ရသည်။ လက်စသတ်တော့ ကျွန်တော့်ရှေ့ ခုတင်ပေါ်က ကာယဗလသမားကြီးသည် ကျွန်တော်ငယ်ငယ်က စွဲလမ်းခဲ့သော 'အရေးတော်ပုံတပ်သား'ဝတ္ထုကြီးထဲက ဇာတ်လိုက်ကြီး မျိုးတင့် ဖြစ်နေပါပကော။

(၄)

'အရေးတော်ပုံတပ်သား'ဝတ္ထုကြီးထဲမှ စာရေးဆရာကြီး ရဲထွန်းလင်း ဖွေးထုတ်ပေးလိုက်သော အရေးတော်ပုံတပ်သားကြီး မျိုးတင့်ကို ကျွန်တော် မမှတ်မိဘဲ ရှိပါမည်လော။ အရေးတော်ပုံတပ်သားကြီး မျိုးတင့်သည် ကျွန်တော် ငယ်ငယ်က ကျွန်တော့်ကို လွှမ်းမိုးခဲ့သည် မဟုတ်ပါလော။ ဖမ်းစားခဲ့သည် မဟုတ်ပါလော။ အရေးတော်ပုံတပ်သားကြီး မျိုးတင့်၏ 'မဟုတ်မခံစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



မှန်ရာကို လုပ်ရဲသည့်စိတ်ဓာတ်'တို့ကို ကျွန်တော် အားကျခဲ့သည် မဟုတ်ပါလော။

စစ်မဖြစ်မီ မြစ်ကြီးနား အထက်တန်းကျောင်းသားကြီး မျိုးတင့်သည် ထိုစဉ်က အထက်တန်းကျောင်းသားများ အလယ်တွင် ရေပန်းစားခဲ့သည်။ ထိုစဉ်က ခေတ်စားသော 'ကိုကိုမကြည့်ဝံ့'ဆိုသည့် အင်္ကျီပါးကို ဝတ်တတ်သည့်၊ လေဒီရှူးခေါ် ဒေါက်မြင့်ဖိနပ်ကို စီးတတ်သည့် မေခင်ဆိုသော ဝန်ထောက်သမီး ကျောင်းသူတစ်ယောက်ကို အရွဲ့တိုက်ပြခဲ့သော မျိုးတင့်သည် ငယ်စဉ်က ကျွန်တော့်ကို ကြီးစိုးခဲ့သည်။ မျိုးတင့်သည် ယခုတိုင် ကျွန်တော့်ခေါင်းထဲ၌ တစ်ခါတစ်ခါ ပေါ်လာတတ်သေးသည်။

ယခု ထိုအရေးတော်ပုံတပ်သားကြီး မျိုးတင့်ကို ကျွန်တော်တွေ့နေရလေပြီ။

ကျွန်တော်သည် ကျွန်တော့်ရှေ့ခုတင်ပေါ်က ကာယဗလသမားကြီးကိုကြည့်ကာ 'အရေးတော်ပုံတပ်သား'ဝတ္ထုကြီးထဲတွင် ၎င်းလှုပ်ရှားခဲ့ပုံများကို အမှတ်ရလာသည်။

**အတိအလင်းပေးစာ**

"မြန်မာတစ်မျိုးသားလုံး ကျွန်ဖြစ်နေတာ နင့်အဖေတစ်ယောက် ဝန်ထောက်ရာထူးကလေးရတာနဲ့ ကျွန်ဘဝက သခင်ဖြစ်နေတယ်များ အောက်မေ့နေသလား။ နင်တို့အိမ်က ပိုက်ဆံပေးငှားထားတဲ့ အစေခံတွေလောက်လူစုက ဘုရားထူးတာနဲ့ နင့်ကိုယ်နင်များ မဟာသာကီဝင်သွေး ဘိုးတော်အဥ္စနရဲ့ မြေးလောက် ထင်နေသလား"

"ရယ်ချင်တယ် မေခင်ရယ်၊ ဘူ-ဘူချင်း မတွေ့ချင်ပါနဲ့။ ငါ ဝန်ထောက်သမီးဆိုပြီး နည်းနည်းကြွားချင်ရင်၊ ဟန်ကြီးပန်ကြီး လုပ်ချင်ရင်၊ ငါဘယ်သူ့နဲ့မှ အဖက်မတန်ဘူးလို့ ထင်တဲ့၊ မမှန်တဲ့ သွေးကလေး ဝင်လာရင်၊ မြန်မာတစ်မျိုးလုံး ကျွန်မျိုးမို့၊ နင်လည်း မြန်မာဖြစ်တဲ့အတွက် တို့လည်း ကျွန်ပါလား၊ နင့်အဖေကမှ တိုင်းပြည်က ပေးငှားထားတဲ့ အခွန်တော်တွေကို လခအဖြစ်နဲ့ ယူနေလို့ ကျွန်အစစ်ပါကလားဆိုတာ အိပ်ရာဝင်၊ အိပ်ရာထမှာ မှောက်လို့ ဖြစ်ဖြစ်၊ လှန်လို့ ဖြစ်ဖြစ် စဉ်းစားပါ။ သွေးတော့ မကြီးပါနဲ့"

အသားဝါဝါ၊ မျက်လုံးဝိုင်းဝိုင်း၊ ဆံတောက်ဆံရစ် သျှောင်ကြီးဖြင့် ကိုယ်လုံးကိုယ်ပေါက်လှလှ၊ ၁၅ နှစ်အရွယ်ခန့် ကျောင်းသူကလေးတစ်ယောက်သည် စာကို ဖတ်ပြီးနောက် စာရွက်ကို လုံးချေပစ်လိုက်သည်။

ကျွန်တော်သည် မာနကြီးသော ဝန်ထောက်သမီး မေခင်တစ်ယောက်၊ မျိုးတင့်





စာကို ဖတ်၍ ဒေါပွနေပုံကို မျက်စိထဲတွင် မြင်ယောင်လာသည်။

မိဘ၏ ရာထူးဂုဏ်ကြောင့်လည်းကောင်း၊ အလှဂုဏ်ကြောင့်လည်းကောင်း၊ အနုတက်လှေ့ရှိသော ကျောင်းသူမျိုးကို ကျွန်တော်တို့ ကျောင်းသားဘဝက မကြာခဏ တွေ့ဖူးသည်။ တစ်ခါတွင် ကျွန်တော် အထက်တန်းကျောင်းသားဘဝက ကျွန်တော့်အတန်းထဲ၌ ရုပ်ချော၍ မာနကြီးသော အရေးပိုင်သမီးတစ်ယောက်ကို ကျွန်တော် တွေ့ဖူးသည်။ ကျွန်တော်တို့ တစ်သိုက်သည် ထိုကျောင်းသူကို မျက်မုန်းကျိုးနေကြသည်။ ထိုအချိန်တွင် ကျွန်တော်သည် အရေးတော်ပုံတပ်သား ဝတ္ထုကြီးထဲမှ မျိုးတင့်၏ 'အတိအလင်းပေးစာ'ကို အမှတ်ရလာကြသည်။ ထို့ကြောင့် ကျွန်တော်တို့ တစ်သိုက်သည် စာတစ်စောင်ကို ရေး၍ ကျောင်းသူ၏ ခုံစောင်းထဲတွင် သွားထည့်ထားကြသည်။ ကျွန်တော်တို့ စာမှာ အောက်ပါအတိုင်း ဖြစ်၏။

**အတိအလင်းပေးစာ**

ဟေ့ မေလွင် (နာမည်ရင်းမဟုတ်ပါ) နင့်ကိုယ်နင် အရေးပိုင်သမီးဆိုပြီး မာနကြီးသလား။ ကားစီးပြီး ကျောင်းတက်နိုင်လို့ နင့်ကိုယ်နင် ဂျေဘုရင်သမီးများ အောက်မေ့နေသလား။ နင် စီးတဲ့ကား၊ နင် စီးတဲ့ ဒေါက်မြင့်ဖိနပ်၊ နင် ဝတ်တဲ့ အသိနဲ့ အင်္ကျီတွေဟာ တိုင်းပြည်က ဝယ်ပေးထားတာတွေဟာ သိရဲ့လား။ နင် ဆွတ်တဲ့ ရေမွှေးတစ်စက်က ဒို့လယ်သမားတွေရဲ့ ချွေးတစ်ပေါက်နဲ့ရင်းပြီး ဝယ်ထားရတဲ့ ရေမွှေးဆိုတာ နင်သိရဲ့လား။

အရေးပိုင်သမီးဆိုတော့ နင်က နင့်ကိုယ်နင် သခင်မျိုးလို့ ထင်နေတယ်။ အရေးပိုင်တို့၊ ဝန်ထောက်တို့ဆိုတာဟာ ပြည့်အစေခံတွေဟ၊ နင် သိရဲ့လား။ နင့်အဖေဟာ အစေခံအကြီးစား၊ ကျွန်အကြီးစား၊ အင်္ဂလိပ်ရဲ့ ကျွန်။ အင်္ဂလိပ်ရဲ့ကျွန် ဖြစ်တာကို ဒို့ပြင်လူတွေက အသည်းနာလို့မဆုံး ဖြစ်နေချိန်မှာ နင်က ဂုဏ်ယူနေတယ်ဆိုတော့ ရယ်ချင်တယ် မေလွင်ရယ်။ ဒီစာရရင် နင့်ကိုယ်နင် ပြန်ကြည့်ပါ။ နင့်ကိုယ်ပေါ်က အမွှေးတွေဟာ ကျွန်မွှေးတွေ။ အဲဒါကို အိမ်ကျရင် ဇာဂနာနဲ့ နှုတ်ပစ်။

နဂါးနတ်

ကျွန်တော်တို့က ဖော်ပြပါစာကို ရေးကာ၊ အရေးပိုင်သမီး ကျောင်းသူ၏ ခုံထဲသို့ သွားထည့်ထားလိုက်သည်။ ကျောင်းသူသည် အကြီးအကျယ် ဒေါပွကာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ဆရာကြီးကို သွားတိုင်၏။ ကျောင်းအုပ်ဆရာကြီးက အထက်တန်း ကျောင်းသားများချည်း သပ်သပ်ခေါ်ကာ ထိုစာကို မည်သူရေးသနည်းဟု မေး၏။ ကျွန်မခံလိုသော စိတ်ဓာတ်ကို ချီးကျူးလိုကြောင်း၊ အခြားသူများအား ကျွန်စိတ်မမွေး ရန် ရှင်းလင်းတင်ပြခြင်းသည်လည်း ကောင်းသော အလုပ်တစ်ခုဖြစ်ကြောင်း၊ သို့ရာ တွင် ယခုကဲ့သို့ မိန်းကလေးတစ်ယောက်ထံ ရေးခြင်းမျိုးမှာ နည်းလမ်းမကျကြောင်း အထူးသဖြင့် 'ပစ်စာ'သဘောမျိုးပေးခြင်းသည် သတ္တိကြောင်ရာ ရောက်ကြောင်း လူကြောက်တို့၏ အလုပ်မျိုးဖြစ်ကြောင်း၊ သတ္တိရှိသူသည် ပြောင်လုပ်ကြောင်း၊ ထို့ကြောင့် ဤစာရေးသူသည် သတ္တိရှိသူဖြစ်လျှင် မိမိရေးကြောင်းကို ကြေညာဖို့လိုကြောင်း စသဖြင့် အကျယ်တဝင့် ရှင်းလင်းပြောပြသည်။

ကျောင်းအုပ်ဆရာကြီး၏ စကားများသည် ကျွန်တော်တို့၏ မခံချင်စိတ်ကို ဆွပေးလိုက်၏။ ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြ သည်။

"ကျွန်တော် ရေးတာပါ ဆရာကြီး"

ကျွန်တော်က လက်ပိုက်၍ မတ်တတ်ထ ပြောလိုက်သည်။ ဆရာကြီးက ပြုံးကာ ကျွန်တော်တို့ကို သြဝါဒပေး၏။ ပြစ်ဒဏ်ပေးခြင်းကား မပြုချေ။

အရေးတော်ပုံ တပ်သားကြီး မျိုးတင့်ကို ကြည့်၍ ကျွန်တော်သည် အထက တန်းကျောင်းသားဘဝက အဖြစ်အပျက်များကို မြင်ယောင်လျက် ရှိသည်။

ကျွန်တော်သည် အရေးတော်ပုံ တပ်သားကြီး မျိုးတင့်ကို အားကျ၍ ဤသို့ လုပ်ခဲ့ခြင်းဖြစ်၏။ စာရေးဆရာကြီး ရဲထွန်းလင်း၏ ဓာတ်ကောင်သည် ကျွန်တော့်ကို လွှမ်းမိုးခဲ့ပေသည်။

"ခင်ဗျားကို ကျုပ်တွေ့ချင်နေတာဗျ"

အရေးတော်ပုံတပ်သားကြီး မျိုးတင့်က ပြောလိုက်တော့မှ ကျွန်တော်သည် သတိပြန်ရလာ၏။

"အရေးတော်ပုံတပ်သား ဝတ္ထုကြီးထဲက ကျုပ်တို့ ဇာတ်လမ်းကိုတော့ ခင်ဗျား မှတ်မိဦးမှာပေါ့"

"မှတ်မိပါတယ် ဦးမျိုးတင့်၊ 'အရေးတော်ပုံတပ်သား'မှာ မေခင်ဟာ ဝန်ထောက် သမီး၊ ခေတ်ဆန်သူ။ ခင်ဗျားက အမျိုးသားစိတ်ထက်သန်တဲ့ ကာယဗလသမား ကျောင်းသား။ မေခင်ကို အရွဲ့တိုက်ပြီး ဘုတောတဲ့စာ ရေးလို့ မေခင်က ဆရာကြီး





ကိုသွားတိုင်တယ်။ ဆရာကြီးက ကိုယ်လုပ်တာကို ဝန်ခံရဲတဲ့သူဟာ သတ္တိရှိတယ်၊ ယောကျ်ားပီသတယ်လို့ ပြောတော့ ခင်ဗျားက ဒီစာကို ပေးတာဟာ ကျွန်တော်ပဲလို့ ပြောတယ်။ 'အရေးတော်ပုံတပ်သား'ဝတ္ထုကြီးရဲ့ဇာတ်လမ်းဟာ အဲဒီက စ,တယ်လေ။ အဲဒီအချိန်ကစပြီး ဦးမျိုးတင့်နဲ့ ဒေါ်မေခင်ကို စ,သိတယ်လေ။ ဟုတ်တယ် မဟုတ် ဘူး"

"ဟုတ်တယ်။ ခင်ဗျား တော်တော်မှတ်မိသားပဲ"

"မှတ်မိတာပေါ့၊ ကျွန်တော်တို့ ကျောင်းသားတုန်းက အရေးပိုင်သမီး ကျောင်း သူတစ်ယောက်ကို ဦးမျိုးတင့် စာပေးသလို ပေးခဲ့ဖူးတာကိုး"

"အဲဒီတုန်းကတော့ ကျုပ်နဲ့ မေခင်က တဆောင်းစေနဲ့ မျက်ချေးပဲ။ ဝါဆိုလပြည့် နေ့မှာ ကျုပ်တို့ကျောင်းက မြစ်ဆုံကို ဝါဆိုပန်းခူးထွက်ကြတယ်။ ကျုပ်က ဓာတ်ပုံ ပါသနာအိုးဆိုတော့ မြစ်ဆုံက သစ်ခွပန်းတွေကို လိုက်ပြီး ဓာတ်ပုံရိုက်တယ်။ ရိုက်ပြီး ရင် ဂျာမဏီတို့ ဘာတို့ဆိုတဲ့ အနောက်နိုင်ငံက ဓာတ်ပုံမဂ္ဂဇင်းတွေဆီကိုပို့ပြီး ပြိုင်ပွဲ ဝင်တယ်။ အဲဒီလို ပြိုင်ပွဲဝင်ဖို့ တောထဲကသစ်ခွပန်းတွေကိုလိုက်ပြီး ဓာတ်ပုံရိုက်နေတုန်း မြစ်ဆုံမှာ မေခင်ရေနစ်တယ်။ ရေစီးသန်တော့ မေခင်ဟာ တော်တော်ဝေးဝေးကို မျောပါ သွားတယ်။ ကျုပ်က လိုက်ဆယ်တယ်၊ ရေထဲက ဆယ်လာလို့ မေခင့်ကိုယ်ကိုကြည့် လိုက်တော့ မေခင့်ကိုယ်မှာ ထဘီမရှိတော့ဘူး။ ဒါနဲ့ ကျုပ်ဝတ်တဲ့ မန္တလေးပိုးညှန့် လုံချည် ဖက်ဖူးရောင်လေးကို သူ့ခါးမှာ ဆီးပေးလိုက်ရတယ်။ အဲဒီနေ့က ကံအား လျော်စွာပဲ မေခင်ဝတ်တဲ့ ထဘီနဲ့ ကျုပ်လုံချည်ကလည်း အရောင်ချင်း ခပ်ဆင်ဆင်၊ ရောကလည်း စိုနေတော့ ဘယ်သူကမှ မရိပ်မိကြဘူး။ ကျုပ် မေခင်ကို ဆယ်လာတာက မြစ်ဆုံအောက်ဘက် လူပြတ်တဲ့နေရာလည်း ဖြစ်နေတော့ တော်သေးတာပေါ့ဗျာ။ မေခင် ကတော့ အဲဒီတုန်းက သူ့ ထဘီကျွတ်လာတာကို ပြောပြောပြီး ခုထက်ထိ ရှက်တုန်းပဲ။ တစ်ခါတလေ ကျုပ်က ဒီအကြောင်းပြန်ပြောရင် ခုထက်ထိ ကလေးကလားစိတ်တွေ ပျောက်သေးဘူးဆိုပြီး ကျောကိုထုတုန်းပဲ"

အရေးတော်ပုံတပ်သားကြီး မျိုးတင့်က ပြုံး၍ ပြောလိုက်သည်။ ဒီလိုနဲ့ တဆောင်းစေနဲ့ မျက်ချေး ဖြစ်နေကြတဲ့ ခင်ဗျားတို့နှစ်ယောက် ရင်းနှီးပြီး ချစ်သွားကြ ရောဆိုပါတော့"

"ချက်ချင်းတော့ မရင်းနှီးသေးဘူးဗျ။ ထဘီကျွတ်တဲ့ ကိစ္စကို သူ့ဆီ ပြောပြလိုက်လို့ နှစ်ယောက် ခပ်အမ်းအမ်းဖြစ်နေကြတယ်။ ဒီအထဲမှာ သူက



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်သမီးဆိုတော့ မာနလေးက သိပ်မပျောက်ချင်သေးဘူး။ ခင်ဗျားတို့ စာရေးဆရာတွေရဲ့ စကားနဲ့ပြောရရင် ဇာတ်လိုက်မင်းသမီးရဲ့ မာနစိတ်နဲ့ (အင်္ဂလိပ်ကို အထင်ကြီးတဲ့စိတ်ပေါ့လေ) ဇာတ်လိုက်မင်းသားရဲ့ အမျိုးသားစိတ် အားပြိုင်ကြတယ်။ ကျုပ်တို့နှစ်ယောက်ရဲ့ကြားမှာ အရေးကြီးတဲ့ဇာတ်ရံက ညွန့်ညွန့်ဗျ။ နောက်တော့ ကျုပ်သူငယ်ချင်း ဆပ်ကျောင်းဆင်း ပုလိပ်အရာရှိ မြမောင်နဲ့ ရသွားတယ်လေ။ ညွန့်ညွန့်ရဲ့ တိုက်တွန်းချက်ကြောင့် မခင်က ကျုပ်ကို သူ့အသက်ကယ်တဲ့လူဆိုပြီး ကန်တော့တယ်။ အဲဒီမှာတင် ကျုပ်နဲ့မခင် ရင်းနှီးပြီး ချစ်သွားကြတယ်''

''ဦးမျိုးတင့်တို့ ကျောင်းသားဘဝက တော်တော်ပျော်စရာကောင်းမှာပဲနော်။ ကျွန်တော်ဖြင့် 'အရေးတော်ပုံတပ်သား' ဝတ္ထုကြီးကို ဖတ်ရင်းဖတ်ရင်း ကိုယ့်မြို့က အထက်တန်းကျောင်းအကြောင်းကို ရေးနေသလားလို့တောင် ထင်မိတယ်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ဒီစတြိတ်မြို့တစ်မြို့မှာရှိတဲ့ အထက်တန်းကျောင်း တစ်ကျောင်းရဲ့သရုပ် သိပ်ပေါ်တာပဲ''

''ဟိုတုန်းကတော့ ပျော်တာပေါ့ဗျာ။ ကျောင်းသားအများစုဟာ အမျိုးသားစိတ်လည်း ရှိကြတယ်။ ကျွန်းမာရေးလည်း လိုက်စားကြတယ်။ အဲဒီတုန်းက ကျုပ်တို့မြင်တာက ကျုပ်တို့လူမျိုးဟာ ကျွန်ဖြစ်နေတယ်။ ဒါကြောင့် သခင်စိတ်ကို မွေးရမယ်လို့ယူဆပြီး အင်္ဂလိပ်နယ်ချဲ့စနစ်ကို မုန်းတီးနေကြတယ်။ တရုတ်ပြည်ဘိန်းစစ်ပွဲအကြောင်း ရာဇဝင်တွေထဲက ဖတ်ပြီး ကျွန်ဘဝကလွတ်မြောက်ချင်ရင် လူမျိုးရဲ့ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းရေးကိုလည်း ဂရုစိုက်ရမယ်ဆိုတဲ့အစွဲ ရှိခဲ့ကြတယ်။ (နေရှင်းဘစ်လဒ်း) ပေါ့လေ။ ဒီတုန်းက ကျောင်းသားတွေထဲမှာ ပွေတဲ့လူ ရှိပေမယ့် အနည်းစုပါပဲ။ ခုလိုဆရာကြီး မပင့်ကြဘူး။ ဘောင်းဘီ မဝတ်ကြဘူး။ ဘောင်းဘီဝတ်ရင် ဘိုဆန်တယ်ဆိုပြီး သိပ်မုန်းကြတယ်။ ကျုပ်တို့ခေတ်က ကျောင်းသားဟာ ယုံကြည်ချက်ရှိတယ်။ အဲဒီယုံကြည်ချက်က ဘာလဲဆိုတော့ တို့တိုင်းပြည်ကြီး 'ကျွန်' မဖြစ်အောင် လုပ်မယ်၊ အင်္ဂလိပ်ဆီက ပြန်ယူပြီး လွတ်လပ်အောင်လုပ်မယ် ဆိုတဲ့ ယုံကြည်ချက်ပဲ''

ကျွန်တော်က စီးကရက်တစ်လိပ်ကို ထုတ်၍ အရေးတော်ပုံ တပ်သားကြီး မျိုးတင့်ကို တည်လိုက်သည်။ ၎င်းက လက်ကာပြလိုက်ရင်း ...

''ဟင့်အင်း ... ကျုပ် ဆေးလိပ်မသောက်တော့ဘူး။ ကျုပ် ဆရာ ရဲထွန်းလင်းကြီး စီးကရက်သောက်လွန်းလို့ အဆုတ်ကင်ဆာနဲ့ ဆုံးသွားကတည်းက ဖြတ်ပစ်လိုက်တယ်''





(၅)

အရေးတော်ပုံတပ်သားကြီး မျိုးတင့်သည် ခုတင်ဘေးသို့ ငုံ့ကာ ထွေးခံထဲသို့ တံတွေးထွေးလိုက်ပြီးနောက် ရေတစ်ခွက်ကို သောက်လိုက်သည်။

''ဒီလိုနဲ့ ကျုပ်နဲ့ မခင် ချစ်သွားကြတယ်။ မခင်ဟာ အရင်တုန်းကလို ခေတ်မဆန်တော့ဘူး။ 'ကိုကို မကြည့်ဝံ့' ဆိုတဲ့ အင်္ကျီတွေဘာတွေ မဝတ်တော့ဘူး။ ခင်မီအင်္ကျီနဲ့ ယောလုံချည်နဲ့၊ တကယ့် မြန်မာပီသတဲ့ မြန်မာအမျိုးသမီးတစ်ဦး ဖြစ်လာပြီ''

''ဦးမျိုးတင့်က စည်းရုံးလိုက်လို့ ဆိုပါတော့''

ကျွန်တော်က ပြောလိုက်၏။ ၎င်းက ပြုံးလိုက်သည်။

''ဒါတင် ဘယ်ကမလဲ၊ ကျောင်းဘောလုံးပွဲတွေမှာ ကျုပ်က ကပ္ပတိန်။ ဖြစ်နေတော့ ကျုပ်တို့ကျောင်းနဲ့ အင်္ဂလိပ်စစ်တပ်နဲ့ ကစားကြတယ်။ ဒီလိုပွဲမျိုးမှာ မခင်တို့လည်း လာအားပေးကြတာလေ။ သူတို့အားပေးလို့လား မသိဘူး။ ကျုပ်တို့အသင်းလည်း အဲဒီနေ့က ခြေသိပ်တွေ့တာပဲ။ မြမောင်က ဂိုးသမား။ သူကလည်း သူ့အမျိုးသမီး ညွန့်ညွန့်က လာအားပေးတော့ ဖမ်းသမျှဘောလုံး မိနေတာပဲ။ အပျိုလေးတွေ နားထောင်နေတုန်း တယောထိုးကောင်းသလိုပေါ့ဗျာ''

''အဲဒီပွဲမှာ ဦးမျိုးတင့်တို့ နိုင်တာပေါ့လေ''

''နိုင်တာပေါ့။ ကျုပ် ဆိုလိုတာက ဒီလိုပါလေ။ မခင်နဲ့ ကျုပ်က တစောင်းစောင်းနဲ့ မျက်ချေး ဖြစ်ခဲ့ကြပေမယ့် နောက်တော့ မခင်က ကျုပ်အလိုချည်း လိုက်ခဲ့တယ်။ ကျုပ်ပါတဲ့ ဘောပွဲဆိုရင် သူ လာအားပေးတယ်။ ကျုပ် ဝတ်စေချင်သလို မြန်မာဆန်ဆန်ဝတ်တယ်။ အမျိုးသားစိတ် ရှိလာတယ်။ အဲဒီတုန်းကတော့ တော်တော်ကိုက်တဲ့ဖြစ်ခြင်း။ မြမောင်နဲ့ ညွန့်ညွန့်တို့က တစ်တွဲ၊ ကျုပ်နဲ့ မခင်က တစ်တွဲပေါ့လေ''

အရေးတော်ပုံတပ်သားကြီး မျိုးတင့်၏ မျက်နှာသည် ပြန်၍နုပျိုသွားသယောင်ယောင်ရသည်။

''ဦးမျိုးတင့် ဆယ်တန်းအောင်တာ ဘယ်နှစ်လဲ''

၎င်းက မျက်လုံးများကို မှိတ်၍ စဉ်းစားနေသည်။ အတန်ကြာမှ –

''အဲဒီကျုပ်တို့ကျောင်းက အင်္ဂလိပ်စစ်တပ်ကို ဘောလုံးနိုင်တဲ့ နှစ်ပေါ့။ ခုနှစ် -- ၁၉၃၇ ခုနှစ် ထင်တယ်။ ဘောပွဲပြီးလို့ စာမေးပွဲစစ်တော့ ကျုပ်တာ ဆယ်တန်းကို



www.burmeseclassic.com

www.burmeseclassic.com



အနဲ့အောင်တယ်။ မေခင်က ဘီနဲ့အောင်တယ်။ မြမောင်နဲ့ ညွှန့်ညွှန့်လည်း ဘီက အောင်တယ်။ ဒါကြောင့် သူတို့တွေ ကောလိပ်ကို မရောက်ကြတော့ဘူး။ မြမောင်က ဆင်ကျောင်းတက်ပြီး ပုလိပ်ဘက် ဝင်သွားတယ်။ ကျုပ်က ကောလိပ်ကို လာတယ်"

ကျွန်တော်သည် 'အရေးတော်ပုံတပ်သား' ဝတ္ထုကြီး ဒုတိယတွဲမှ မျိုးတင့်၏ ဇာတ်လမ်းကို ပြန်၍ စဉ်းစားနေသည်။ မျိုးတင့်သည် စမ်းချောင်းဘက်ရှိ ကုန်သည်ကြီးတစ်ဦးဖြစ်သူ ၎င်း၏ ဦးလေးအိမ်မှ ကျောင်းတက်ရသည်။ မျိုးတင့်က သခင်ကျောင်းသား၊ သမဂ္ဂဝင်ကျောင်းသားဖြစ်၍ ၎င်း၏ဦးလေး ကုန်သည်ကြီးမှာ အင်္ဂလိပ်အလိုတော်ရိကြီး ဖြစ်သည်။ ဤတွင် မျိုးတင့်နှင့် ၎င်း၏ဦးလေးတို့ ပဋိပက္ခ ဖြစ်ကြရသည်။

"အရေးတော်ပုံတပ်သားဝတ္ထုကြီးထဲမှာ ဦးမျိုးတင့်နဲ့ ဦးမျိုးတင့် ဦးလေးတို့ရဲ့ ပဋိပက္ခဟာ အဲဒီခေတ်က လူကြီးနဲ့ လူငယ်ရဲ့ ပဋိပက္ခကို သရုပ်ဖော်ပြလိုက်တာပဲ ခင်ဗျ"

ကျွန်တော်က ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ဦးလေးဟာ ခင်ဗျားပြောသလို ခေတ်ကို နားမလည်တဲ့ လူကြီးမျိုးပဲ။ ခင်ဗျားတို့ စာရေးဆရာစကားနဲ့ ပြောရရင် ကျုပ်တို့ဇာတ်လမ်းမှာ အားပြိုင်မှုတွေ ရှိတယ်။ အမျိုးသားစိတ်ထက်သန်တဲ့ ကျုပ်နဲ့ အင်္ဂလိပ်ကို အထင်ကြီးတဲ့ မေခင်ရဲ့ အားပြိုင်မှု၊ ကျုပ်နဲ့ မေခင်တို့အတွဲနဲ့ ဆင်ကျောင်းဆင်းပြီး ပုလိပ်ဖြစ်လာတဲ့ မြမောင်နဲ့ ညွှန့်ညွှန့်တို့အတွဲရဲ့ အားပြိုင်မှု"

"ဦးမြမောင်ကော ခု ရဲဘက်မှာပဲလား"

"ပင်စင်ယူပြီးတော့ ဆုံးသွားရှာပါပြီ။ ကျုပ် သူငယ်ချင်းဟာ ဟိုတုန်းက အခြေအနေကြောင့် အင်္ဂလိပ်အစိုးရရဲ့ လက်အောက်မှာ ပုလိပ်လုပ်ခဲ့ရပေမယ့် မျိုးချစ်စိတ်ရှိတဲ့ ပုလိပ်ဗျ။ ဇာတ်လမ်းကို ဆက်ရဦးမယ်။ ကျုပ် ကောလိပ်ရောက်တော့ ကျုပ်က သမဂ္ဂလှုပ်ရှားမှုတွေထဲမှာ ပါတယ်။ ကျုပ်ရောက်ပြီး နောက်တစ်နှစ်မှာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်လာတယ်။ ကျုပ်လည်း ကျောင်းစာတွေဘာတွေ ဘေးဖယ်ပြီး ဒီအရေးတော်ပုံကြီးဆီကို ဝင်ပါခဲ့တယ်"

ကျွန်တော်သည် ၁၃၀၀ ပြည့် အရေးတော်ပုံ၏ တပ်သားဟောင်းကြီး မျိုးတင့်ကိုကြည့်မိသည်။ အရေးတော်ပုံတပ်သားကြီး၏ မျက်နှာသည် အနည်းငယ် ညှိုးနွမ်းသွားသည်ဟု ထင်ရ၏။





"အဲဒီတုန်းမှာ ကျုပ်လည်း အလုပ်များတုန်းဆိုတော့ မေခင်နဲ့ အဆက်ပြတ်သွားတယ်။ မေခင်နဲ့ ကျုပ်နဲ့ကြိုက်နေကြတာကို သူ့အဖေ ဝန်ထောက်ကြီးက ခပ်စောစောကတည်းက ရိပ်မိတယ်။ ကျုပ် ကောလိပ်ရောက်စတုန်းကတော့ မေခင်နဲ့က အဆက်အသွယ် ရှိသေးတယ်။ ဒါပေမယ့် အရေးတော်ပုံကြီး ပေါ်ပေါက်လာတဲ့အခါကျတော့ ကျုပ်လည်း မေခင့်ဆီ စာမှန်မှန် မရေးဖြစ်တော့ဘူး။ မေခင့်ဆီကလည်း စာပြန်မလာတော့ဘူး။ 'ပြည်ထဲရေးထက် ဝမ်းရေးခက်၊ ဝမ်းရေးထက် လွမ်းရေးခက်' ဆိုတဲ့ စကားကို ကျုပ် လက်မခံဘူး။ ဒီအတောအတွင်း မေခင်ကို ယောကျ်ားပေးစားလိုက်တယ်လို့ ညွှန့်ညွှန့်ဆီက စာရတယ်။ မေခင်ကငြင်းလို့ သူ့အဖေကြီးက သူ့အဒေါ်ရှိရာ ပြည်ကို ပို့လိုက်တယ်တဲ့။ ကျုပ်ကတော့ ဘာသိမလဲ၊ ကျုပ်ကိစ္စတွေနဲ့ ကျုပ်ရှုပ်နေတာကိုး၊ ၁၉၃၈ ခု၊ ကျောင်းသားသပိတ်ကြီး မှောက်နေပြီ"

"ဗိုလ်အောင်ကျော် ကျပြီပေါ့"

"ဟုတ်တယ် ... တစ်နေ့တော့ ကျုပ် ကြည့်မြင်တိုင်ဘူတာမှာ နယ်ကိုထွက်မယ့် သပိတ်ခေါင်းဆောင်တွေ လိုက်ပို့ရင်း ရထားတစ်တွဲပေါ်မှာ မေခင်ကို လှမ်းတွေ့လိုက်တယ်။ ကျုပ်က မေခင်ကို နှုတ်ဆက်ပေမယ့် မေခင်က တစ်ဖက်ကို လှည့်သွားတယ်။ ကျုပ် တော်တော် စိတ်ထိခိုက်သွားတယ် ကိုမြင့်အောင်"

"စာရေးဆရာအမြင်နဲ့ဆိုရင်တော့ လွမ်းခန်း စပြီပေါ့"

ကျွန်တော်က ပြုံး၍ ပြောလိုက်၏။ အရေးတော်ပုံတပ်သားကြီး မျိုးတင့်ကာမှု ပြုံးရယ်ခြင်း မပြုချေ။

"လွမ်းခန်းလို့ ခေါ်ချင်လည်း ခေါ်ပေါ့ဗျာ။ ဒါနဲ့ ကျုပ် စိတ်ညစ်ညစ်နဲ့ ကြည့်မြင်တိုင် ဘူတာကနေပြီး စမ်းချောင်းအိမ်ကို ပြန်အလာ ဗားကရာလမ်းပေါ်မှာ ကားတိုက်ခံရတယ်။ ကားတိုက်ခံရတဲ့အတွက် ဦးနှောက်ကိုထိသွားပြီး စိတ်ဖောက်ပြန်သွားတယ်။ အရင်တုန်းကအဖြစ်အပျက်တွေကို ကောင်းကောင်း မမှတ်မိတော့ဘူး။ လမ်းပေါ်လျှောက်၊ မီးရထားဆိုက်ချိန် ဘူတာရုံသွား၊ မီးရထားကြီးကြည့်ပြီး ငိုငိုနေတာပဲတဲ့"

ကျွန်တော်သည် မိတ်ဆွေ ဆရာဝန်ပြောသော အင်မနီးစီးယား ရောဂါကို အမှတ်ရမိသည်။

"ဒါတွေကို ဦးမျိုးတင့် မှတ်မိတာပေါ့နော်"

"ဟင့်အင်း ...ကျုပ် အဲဒီတုန်းက အဖြစ်အပျက်တွေကို မမှတ်မိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



မေခင် ပြန်ပြောလို့ သိရတာ။ ဒီလိုနဲ့ ကျုပ်လည်း ဆေးရုံတက်ကုပြီး ကျောင်းက ထွက်လိုက်ရတယ်။ ကျောင်းထွက်တော့ မြစ်ကြီးနားး ပြန်လာရတာပေါ့။ ဒါပေမယ့် အေးအေးဆေးဆေး မနေနိုင်ပါဘူး။ ကျုပ်တို့မြို့က ကျောင်းသားတွေ သပိတ်မှောက်တော့ သပိတ်မှောက်ကျောင်းသားများ ကူညီရေးအဖွဲ့ထဲမှာ ကျုပ်ပါရတယ်။ အဲဒီအဖွဲ့ထဲမှာ ကျုပ်ရယ်၊ မြစ်ကြီးနားက မြန်မာ့ဂုဏ်ထူး လက်ဖက်ရည်ဆိုင်ရှင် ကိုစံလုံးရယ်၊ ဈေးထဲက ဝံသာနုအမျိုးသမီးကြီးတွေဖြစ်တဲ့ ဒေါ်စောနဲ့ ဒေါ်တင်ရယ်၊ မခင်ထားရယ်၊ ကျုပ်နဲ့ ကျောင်းနေဖက် မကျင်ရီတို့ရယ် လူတော်တော်များများ ပါကြတယ်''

''သြော် ... အဲဒီတုန်းက သပိတ်မှောက် ကျောင်းသားတွေကို တော်တော်အားပေးသားပဲ''

''ဒါပေမယ့် ထင်သလောက် မဟုတ်ပါဘူးဗျာ။ မြို့မျက်နှာဖုံးတွေဟာ အဲဒီတုန်းက သပိတ်ကို ဆန့်ကျင်နေကြတာပါ။ ခု လွတ်လပ်ရေးခေတ်ကျမှ ဘယ်လောက်မျိုးချစ်စိတ်ရှိတယ်၊ ဘယ်လို အင်္ဂလိပ်ကိုဆန့်ကျင်ခဲ့တယ်လို့ အော်နေကြတာပါ။ ဒီတုန်းက ဒီလူတွေကို အစတောင်ရှာလို့မရဘူး။ အဲ ... တစ်ခုတော့ရှိတယ်၊ အဲဒီတုန်းက မြစ်ကြီးနားမြို့ကလူထုက သပိတ်ကျောင်းသားတွေကို စေတနာရှိတယ်၊ အားပေးတယ်။ ကိုစံလုံးတို့လို၊ ဒေါ်တင်တို့လို၊ ဒေါ်စောတို့လို သာမန် အညတရပုဂ္ဂိုလ်တွေဟာ သပိတ်ကြီးကို အားတက်သရော ကူညီခဲ့ကြတယ်''

ကျွန်တော်သည် အရေးတော်ပုံတပ်သားကြီး မျိုးတင့်၏ စကားများကို နားထောင်ရင်း သာမန်လူထုများ၏ စွမ်းပကားကို တွေးတောမိသည်။ လူထုများသည် သာမန်အချိန်တွင် ကိုယ်ရေးကိုယ်တာကိစ္စများထဲ၌ နစ်မြုပ်လျက်ရှိကြသော်လည်း အရေးကြုံလာလျှင် လူထုသူရဲကောင်းများ ပေါ်ပေါက်လာတတ်သည်။ လူထုသည် သမိုင်းဖန်တီးသူ မဟုတ်လော။ လူထုသည် သူရဲကောင်းမဟုတ်လော။

''မြစ်ကြီးနားဒိစတြိတ်မှာရှိတဲ့ ကျောင်းတွေ သပိတ်မှောက်အောင် ကျုပ်ပဲ လိုက်တရားဟောရတယ်။ ကျုပ်က ရှေ့က တရားလိုက်ဟောနေတုန်း ရန်ကုန်က ဗဟိုသပိတ်မှောက်ကောင်စီမှာ သဘောကွဲကြတယ်။ သပိတ်လှန်ရေး မလှန်ရေးကိစ္စပေါ့လေ။ နောက်ဆုံးတော့ သပိတ်လှန်ရေးဘက်က အနိုင်ရသွားပြီး သပိတ်လှန်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သပိတ်လှန်တာကို ကန့်ကွက်တဲ့လူဆိုလို့ ကောင်စီမှာ ရဲရဲတောက် သန်းတင်ဆိုတဲ့ လူတစ်ယောက်ပဲရှိတယ် ကြားရတယ်။ ဘယ်လောက်မှန်





တယ် မှားတယ်တော့ ကျုပ်လည်းမသိဘူး''

အရေးတော်ပုံတပ်သားကြီး မျိုးတင့်သည် မောလာဟာန်ဖြင့် ရေတစ်ခွက်ကို ငှဲ့ကာ တကျိုက်ကျိုက်မြည်အောင် သောက်ချလိုက်သည်။

''ကျုပ်တို့မြို့က မလှန်ချင်ဘူး။ ကျုပ်ကတော့ ကောင်စီဆုံးဖြတ်ချက်ကို လိုက်နာပြီး သပိတ်လှန်ဖို့ တိုက်တွန်းရတာပေါ့။ ဒါပေမယ့် ကျောင်းသားအများစုနဲ့ စောင့်ရှောက်ရေးအဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ ကိုစံလုံးတို့၊ ဒေါ်စောတို့၊ ဒေါ်တင်တို့ကလည်း သပိတ်မလှန်ချင်ကြဘူး။ အစည်းအဝေးမှာ ကျုပ်က သပိတ်လှန်တရားဟောရင် ကျုပ်ကို ဝိုင်းကန့်ကွက်ကြ၊ လှောင်ကြ၊ သရော်ကြတယ်။ ဒါပေမယ့် ဗဟိုက ဆုံးဖြတ်တော့ ဆက်မှောက်လို့လည်း မရတော့ဘူး။ ကျေတော့ မကျေနပ်ကြဘူးပေါ့။ ကျုပ်လည်း သပိတ်လှန်ရေးတရားတွေကို တွင်တွင်ဟောရတော့တာပဲ။ တစ်နေ့ မိုးကောင်းကို သွားပြီး သပိတ်လှန်ရေး တရားဟောအပြန်မှာ သပိတ်လှန်တာကို မကျေနပ်တဲ့ မိုးကောင်းက ကျောင်းသားတွေနဲ့ မိုးကောင်းမြို့လူထုက ကျုပ်ကို သံပုံးတီးလွှတ်ကြတယ်။ သစ္စာဖောက်ဆိုပြီး နှင်ထုတ်ကြတယ်။ ထဘီဝတ်ထားလို့ အော်ကြတယ်။ ကျုပ်လည်း သပိတ်လှန်တရား မဟောနိုင်ဘဲ မီးရထားနဲ့ ပြန်လာခဲ့တယ်။ မီးရထားပေါ်အတက်မှာ လူထုက ကျုပ်ကို ပုလင်းတွေနဲ့ပေါက်လို့ ကျုပ်ခေါင်းမှာ ဒဏ်ရာရခဲ့တယ်။ အဲဒီဒဏ်ရာကြောင့် ကျုပ်ဟာ ကားတိုက်ပြီးကတည်းက ခပ်ကြောင်ကြောင်ဖြစ်နေခဲ့ရာက လူကောင်းပကတိ ပြန်ဖြစ်လာတယ်။ အရင်တုန်းက ကျုပ်မေ့နေတဲ့ အဖြစ်အပျက်တွေကို ပြန်သတိရလာတယ်။ ကျုပ်လည်း အဲဒီခေါင်းက ပုလင်းဒဏ်ရာကို တော်တော်ဆေးကုယူရတယ်။ ဒီနောက် ...''

''ဟုတ်ကဲ့၊ ပြောပါ ဦးမျိုးတင့်''

''ဒီနောက်တော့ ကျုပ်ကို မြမောင်တို့ မျိုးချစ်ပုလိပ် လင်မယားက အိမ်ခေါ်သွားပြီး ဆေးကုသပေးတယ်။ ဆေးကုတဲ့နေရာ မေခင် ရောက်လာတယ်။ နောက်ဆုံးကတော့ ကျုပ်နဲ့ မေခင်ဟာ ထုံးစံအတိုင်း ညားကြလေသတည်းပေါ့ဗျာ''

အရေးတော်ပုံ တပ်သားကြီး မျိုးတင့်က ပြုံး၍ ပြောလိုက်သည်။

''စာရေးဆရာကြီး ရဲထွန်းလင်း ရေးခဲ့တဲ့ ဦးမျိုးတင့်နဲ့ ဒေါ်မေခင်တို့ရဲ့ ဇာတ်လမ်းကို ကျွန်တော် မှတ်မိပါတယ် ဦးမျိုးတင့်။ ခု ဦးမျိုးတင့်က ပြန်ပြောပြတော့မှပဲ အသေးစိတ်မှတ်မိသွားတာပေါ့။ ဦးမျိုးတင့် ကျွန်တော့်ကို တွေ့ချင်တာက အဲဒီဇာတ်လမ်းကို ပြန်ပြောဖို့နဲ့ ဇာတ်လမ်းကိုဆက်ရေးဖို့ ပြောမလို့ ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးလိုက်သည်။

"ဆက်ရေးချင်လည်း ရေးပေါ့ဗျာ။ ဒါက သိပ်အရေးမကြီးပါဘူး။ ကျုပ်နဲ့ ခေခင် ညားတယ်။ သားတွေ သမီးတွေ ရတယ်။ ကျုပ် ဘီ·အိုင်·အေထဲ လိုက်တယ်။ ဘီ·ဒီ·အေ ထဲမှာ ပါတယ်။ ဂျပန်တော်လှန်ရေးပြီးလို့ တပ်ဖျက်တော့ မြစ်ကြီးနားကို ပြန်ပြီး မန်ခိန်းနားမှာ သစ်တော်ခြံစိုက်တယ်၊ အမဲလိုက်တယ်၊ အပျော်တမ်း ခာတ်ပုံ ရိုက်တယ်၊ သစ်ခွမျိုးတွေ စုတယ်၊ သစ်ခွမျိုးတွေကို စပ်ပြီး မျိုးသစ်တွေ ဖောက်တယ်။ ကျုပ်သားတစ်ယောက်ဟာ တောခိုပြီး တောထဲမှာ ကျသွားတယ်။ ကျုပ်သားတစ်ယောက်က တပ်မတော်ထဲမှာရှိတယ်။ ခင်ဗျားပြောတဲ့ လူကြီးနဲ့လူငယ်ရဲ့ ပဋိပက္ခကို ခင်ဗျား ဆက်ရေးမယ်ဆိုရင်လည်း ရေးနိုင်တယ်။ ရေးစရာဇာတ်လမ်းတွေ အများကြီး ရှိတယ်။ ဒါပေမယ့် ကျုပ်ဇာတ်လမ်းရေးမယ်လို့ စိတ်ကူးရင် ကျုပ်အယူအဆကလေး ကိုတော့ ခင်ဗျားသိအောင် နည်းနည်းပြောထားချင်တယ်။ ဒါကြောင့် ခင်ဗျားကို တွေ့ချင်တာ"

အရေးတော်ပုံတပ်သားကြီး မျိုးတင့်သည် ကျွန်တော့်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသည်။ ကျွန်တော့်ကို အကဲခတ်နေဟန်တူပေသည်။

"ခင်ဗျား လူထုကို ယုံရဲ့လား"

အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ ဖြုန်းစားကြီး မေးလိုက်သည်။

"ခင်ဗျာ ..."

"လူထုဟာ သမိုင်းဖန်တီးသူဖြစ်တယ်။ လူထုဟာ သူရဲကောင်း ဖြစ်တယ် ဆိုတာကို ယုံရဲ့လား"

"ဟာ ... ယုံပါသကောခင်ဗျာ ဘယ့်နှယ်မေးပါလိမ့်"

အရေးတော်ပုံ တပ်သားကြီးက အပြင်ဘက်ကို လှမ်းကြည့်လိုက်၏။ ပြီးမှ ကျွန်တော့်ဘက်သို့ တစ်ဖန်ပြန်လှည့်ကာ ...

"ခင်ဗျား လွယ်လွယ်နဲ့ မပြောနဲ့။ လူထုကို ယုံပါတယ်ပြောပြီး တကယ် မယုံတဲ့လူတွေကို ကျုပ်တွေ့ဖူးပေါင်းများလှပြီ။ အဲဒီထဲမှာ ကျုပ်လည်း ပါတယ်။ စာရေးဆရာကြီး ရဲထွန်းလင်းရဲ့ ဇာတ်လမ်းထဲမှာ ကျုပ်ဟာ သပိတ်လှန်ရေးတာဝန် ယောခဲ့တဲ့လူ။ သပိတ်ဆက်မှောက်ဖို့ပြောတဲ့ ကျောင်းသားတွေဟာ တစ်ယူသန်တွေ စိတ်အားတက်ကြွမှုတစ်ခုတည်းကိုသာ ကြည့်သူတွေ၊ ရှေ့နောက် မဆင်ခြင်တတ်သူ တွေလို့ ထင်ခဲ့တယ်။ ကိုစံလုံးဟာ လက်ဖက်ရည်ပဲ ရောင်းတတ်တဲ့လူလို့ ထင်ခဲ့တယ်။





ဒေါ်စောတို့၊ ဒေါ်တင်တို့ စတဲ့ မိန်းမကြီးတွေဟာ ကုန်ခြောက်ကလေးရောင်း၊ ဈေး ထဲမှာ အာကျယ်အာကျယ်ပြောပြီး နိုင်ငံရေးမှာ ဘာမှ နားမလည်တဲ့ မိန်းမကြီးတွေလို့ ကျုပ်ထင်ခဲ့တယ်။ ကျုပ်ကို သံပုံးတီးလွှတ်၊ ပုလင်းတွေနဲ့ ခေါ်လွှတ်ပြီး၊ ထဘီဝတ် [illegible]ဟေ့လို့ အော်တဲ့လူထုတွေဟာ စိတ်ခံစားချက်နောက်ကိုသာ လိုက်နေတဲ့လူတွေ၊ [illegible]အမှန်ကို မဝေခွဲတတ်တဲ့ လူတွေလို့ ကျုပ် ထင်ခဲ့တယ်။ ပရမ်းပတာလူအုပ်လို့ ထင်ခဲ့တယ်။ နိုင်ငံရေးလုပ်တာဟာ ကျေးဇူးတင်မခံရတဲ့အလုပ်မျိုးလို့ ကျုပ် ထင်ခဲ့တယ်။ [illegible]ခင်မှာပေါ့၊ ကျုပ်ဖြစ်စေချင်တာ၊ ကျုပ်လုပ်စေချင်တာကို သူတို့က လိုက်မှ မလုပ် ကြတော့ပဲကိုး"

အရေးတော်ပုံတပ်သားကြီး မျိုးတင့်သည် စိတ်အားထက်သန်စ ပြုလာသည်။ [illegible]၏မျက်လုံးများသည် တဖျပ်ဖျပ်တောက်လျက် ရှိသည်။

"ဒါပေမယ့် သမိုင်းကို အဆုံးအဖြတ် ပေးတာဟာ 'ပရမ်းပတာ လူအုပ်'လို့ ကျုပ်တို့ထင်နေတဲ့ လူထုဗျ၊ အဲဒီလူထု ... သိရဲ့လား"

"ဟုတ်ကဲ့၊ ပြောပါ ဦးမျိုးတင့်"

"ခင်ဗျား ပဲရစ်ကွန်မြူန်းအကြောင်းကို သိတယ် မဟုတ်လား"

"နည်းနည်းပါးပါးတော့ သိပါတယ် ဦးမျိုးတင့်"

"ပဲရစ်ကွန်မြူန်းမှာ ခေါင်းဆောင်တွေ သစ္စာဖောက်သွားကြတော့ လမ်းမတွေ [illegible] ထွက်လာပြီး ပြည်သူ့အာဏာကို ထူထောင်တာဟာ အဲဒီ 'ပရမ်းပတာ လူအုပ်'လို့ [illegible]တို့ထင်နေတဲ့ လူထုဗျ။ အလောင်းဘုရားရဲ့ တတိယနိုင်ငံကို မုဆိုးဘိုကနေ [illegible]ဆောင်တုန်းက ပါခဲ့တဲ့ မြင်းရည်တက်ခြောက်ကျိပ်ဆိုတာဟာ တစ်ရွာလုံးက လူ[illegible] [illegible]လေးတွေ၊ ဂျပိုးတောလေလေးတွေလို့ အသမုတ် ခံခဲ့ရတဲ့ လူတွေဗျ။ အင်[illegible] [illegible]အောင်းထုတ်တဲ့ ဘီ·အိုင်·အေ လှုပ်ရှားမှုမှာ ပါလာခဲ့တဲ့လူတွေဟာ အရပ်ထဲမှာ [illegible] [illegible]လတ်လျားနဲ့ ဂျပိုးတောလေလို့ အခေါ်ခံနေရတဲ့ လူငယ်လေးတွေနဲ့ န,[illegible] [illegible]သိဘူးလို့ အထင်ခံနေရတဲ့ လယ်သမားကြီးတွေဗျ။ ဒီတုန်းက ဒီ[illegible] [illegible]နတ်တောင် မကိုင်တတ်ကြဘူး။ တရုတ်ပြည် ဟူနန်နယ်က လယ်သ[illegible] [illegible]နိုင်ငံရေးစကားကို တစ်လုံးမှမပြောတတ်တဲ့ လူတွေဗျ။ ပဲခူးရိုးမတော[illegible] [illegible]ခဲ့တဲ့ လူတွေဟာလည်း ဘာနိုင်ငံရေးကိုမှ နားမလည်တဲ့ လယ်သမား[illegible] [illegible]ရိုးမနဲ့ စစ်တောင်းမြစ်အကြားမှာ ဂျပန်တစ်သောင်းကျော်[illegible] [illegible]တွေဟာ နိုင်ငံရေးစကားကို တစ်လုံးမှမပြောတတ်တဲ့ လယ်သမားကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လူထုလှုပ်ရှားမှုဆိုတာ အဲဒါပဲ။ လူထုလှုပ်ရှားမှု ရေစီးကြောင်းကြီးထဲမှာ လူဆိုးရော လူကောင်းရော လူအမျိုးမျိုး ပါလာလိမ့်မယ်။ ဒါပေမယ့် ကိစ္စမရှိဘူး။ အလိုလို သန့်စင်သွားပါလိမ့်မယ်။ အရေးကြီးတာက အဲဒီ လူထုလှုပ်ရှားမှုကြီးထဲကို ပါမလား။ ရှေ့က ဆီးဆို့ဟန့်တားမလား၊ ဘယ်ထဲကိုမှ မပါဘဲ လူရမ်းကားတွေ၊ ပရမ်းပတာ လူစုတွေလို့ လက်ညှိုးတငေါက်ငေါက်ထိုးပြီး ထိုင်ကျန်ရစ်မလား။ ဒါကို သိရမယ်။ ကျုပ်ဟာ အရင်တုန်းက ကိုစံလုံးတို့၊ ဒေါ်စောတို့၊ ဒေါ်တင်တို့ဆိုတဲ့ လူမျိုးတွေဟာ ဘာမှနားမလည်ဘူးလို့ ထင်ခဲ့တယ်။ သူတို့ဟာ ကိုယ်ရေးကိုယ်တာကိစ္စတွေထဲမှာ နစ်မြုပ်နေတဲ့ အတ္တသမားတွေလို့ ထင်ခဲ့တယ်။ ဒါကြောင့် ကျုပ်ဟာ သူတို့လှုပ်ရှားမှုကို လက်ညှိုးထိုး ကဲ့ရဲ့ခဲ့ရုံမကဘူး၊ ရှေ့က ဆီးပိတ်ခဲ့တယ်။ အဲဒါရဲ့ အကျိုးတရားက ကျုပ် ပုလင်းနဲ့ အပစ်ခံခဲ့ရတယ်။ သံပုံးတီး ခံခဲ့ရတယ်။ ထဘီဝတ်ထားလို့ အအော် ခံခဲ့ရတယ်။ ခု ကျုပ် အဲဒီအမြင်မရှိတော့ဘူး။ အနှစ်ငါးဆယ်ကျော် ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေကိုကြည့်ပြီး ကျုပ် လူထုကိုတကယ်ယုံသွားပြီ။ ဟုတ်တယ်၊ ကျုပ်တို့ဟာ လူထုကို တကယ်ယုံကြည်ရမယ်။ လူထုဟာ သမိုင်းဖန်တီးသူဖြစ်တယ်။ လူထုသာလျှင် မဟာအာဇာနည်ဖြစ်တယ်။ ကျုပ်ပြောချင်တာ အဲဒါပဲ''

အရေးတော်ပုံတပ်သားကြီး မျိုးတင့်သည် ၎င်းပြောချင်ရာ ပြောလိုက်ရပြီ ဖြစ်သဖြင့် ကိုယ်ကို နောက်သို့မှီကာ မျက်လုံးများကို မှိတ်လိုက်သည်။

(၆)

ကျွန်တော်သည် မျက်လုံးများကို မှိတ်ထားရာမှ ဖွင့်လိုက်သည်။

''ကျုပ် ပြောချင်တာ အဲဒါ။ ခင်ဗျား အလုပ်ကိစ္စတွေကို သိပ်တွေးမနေနဲ့၊ ကောင်းကောင်း အနားယူပါ''

ကျွန်တော့်မိတ်ဆွေ ဆရာဝန်၏ အသံဖြစ်၏။ တကယ်၌ ကျွန်တော့်ရှေ့က ခုတင်ပေါ်တွင် လဲလျောင်းနေသူမှာ အရေးတော်ပုံတပ်သားကြီး မျိုးတင့်မဟုတ်။ မော်တော်ကားပေါ်မှကျသော ကျွန်တော့်မိတ်ဆွေ လူမမာသာလျှင် ဖြစ်၏။ ကျွန်တော်သည် ခပ်စောစောက ကျွန်တော့်မိတ်ဆွေဆရာဝန် ပြောဆိုလျက်ရှိသော အင်မနီးစီးယား၊ ဒီမင်းရှား စသည့် ဆေးပညာဝေါဟာရများ၊ စိတ္တဗေဒပညာ ဝေါဟာရများကို ကြားသလိုလိုရှိသော်လည်း ကျွန်တော့်အတွေးများသည် စာရေးဆရာကြီး ရဲထွန်းလင်းနှင့် အရေးတော်ပုံတပ်သားကြီး မျိုးတင့်တို့ထံ ရောက်လျက်ရှိ၏။ ၎င်းတို့နှင့် စကားပြော





လျက်ရှိ၏။

ကျွန်တော် မျက်လုံးများကို ပြန်ဖွင့်လိုက်သောအခါ ကျွန်တော့်မိတ်ဆွေ ဆရာဝန်နှင့် ကျွန်တော့်မိတ်ဆွေ လူမမာသည် စကားပြောလျက်ရှိခြင်းကို တွေ့ရသည်။

ကျွန်တော်တို့သည် လူမမာကို နှုတ်ဆက်ကာ ဆေးရုံပေါ်မှ ဆင်းခဲ့ကြသည်။

မော်တော်ကားပေါ်မှကျ၍ ဦးနှောက်ကို ထိခိုက်သွားသော မိတ်ဆွေလူမမာကို ကြည့်ရင်း မော်တော်ကားတိုက်ခံရ၍ ဦးနှောက်ပျက်သွားခဲ့သော အရေးတော်ပုံတပ်သားကြီး မျိုးတင့်ကို အမှတ်ရမိသည်။ ၎င်းနှင့် စိတ်ကူးထဲ၌ စကားပြောခဲ့ရသည်။

ယခင်က အရေးတော်ပုံတပ်သားကြီး မျိုးတင့်သည် လူထုလှုပ်ရှားမှု၏ ရေစီးကြောင်းကို နားမလည်ခဲ့သော အရေးတော်ပုံတပ်သားကြီး ဖြစ်၏။ လူထု၏ အားမာန်ကို ဆင်သေးခဲ့သော အရေးတော်ပုံတပ်သားကြီး မျိုးတင့် ဖြစ်၏။

ယခု ကျွန်တော်ပြန်တွေ့ရသော အရေးတော်ပုံတပ်သားကြီး မျိုးတင့်ကား လူထုစိတ္တဗေဒကို နားလည်လာသော အရေးတော်ပုံတပ်သားကြီးဖြစ်၏။ လူထုသာလျှင် သမိုင်းဖန်တီးသူ၊ လူထုသာလျှင် မဟာအာဇာနည်ဖြစ်ကြောင်းကို သဘောပေါက်သော အရေးတော်ပုံတပ်သားကြီးဖြစ်၏။

အရေးတော်ပုံတပ်သားကြီး မျိုးတင့်၏ ဇာတ်လမ်းကို ကျွန်တော် ဆက်၍ ရေးချင်ပါသေးသည်။

□



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ဆက်၍ ရေးချင်သော ဝတ္ထုများ - ၄

(၁)

ကျွန်တော်တို့ကားသည် နံနက်လေးနာရီတွင် ရန်ကုန်မှ ထွက်ခဲ့သည်။ မဟာမြေတုန် နယ်နိမိတ်အဆုံးဖြစ်သော ထောက်ကြန့်လမ်းခွဲသို့ ရောက်လတ်သော် လင်းရောင်ပျို့စ ပြုနေလေပြီ။

ထိုအချိန်သည် နှစ်လိုဖွယ် အကောင်းဆုံးသောအချိန်ဟု ကျွန်တော်ထင်သည်။ ရဝိန်ဒေါင်းယာဉ်ပျံနှင့် ညဉ့်နတ်သမီးတို့ အားပြိုင်စစ်ခင်းကြကာ ဩဇာနယ်ပယ်လုကြပုံကို ကြည့်ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်ဟု ကျွန်တော် ထင်သည်။ ညဉ့်နတ်သမီးက ကမ္ဘာလောကကြီးကို ၎င်း၏ မဟူရာခြုံလွှာဖြင့် ဖုံးအုပ်ထားလိုက်သည်။ ရဝိန်ဒေါင်းယာဉ်ပျံက ပတ္တမြားရောင်တောင်ပံကို ဖြန့်ကြက်စပြုသည်။ တောင်ပံညောင်းစပြုလာပြီဖြစ်သော ရဝိန်ဒေါင်းယာဉ်ပျံသည် လူးလွန့်နိုးထကာ ၎င်း၏ တောင်ပံကိုဖြန့်ကြည့်၏။ သို့ရာတွင် မလူးလွန့်သာသေး။ ညဉ့်နတ်သမီး၏ မဟူရာခြုံလွှာသည် ၎င်း၏ တောင်ပံများပေါ်၌ ပိကျလျက်ရှိ၏။ ရဝိန်ဒေါင်းယာဉ်ပျံသည် တောင်ပံတို့ကိုဖျပ်ဖျပ်ရိုက်ကာ လူးလွန့်လှုပ်ရှားကြည့်၏။ ရဝိန်ဒေါင်းယာဉ်ပျံ၏ လှုပ်ရှားမှုကို ၎င်း၏မဟာမိတ်ဖြစ်သော ကျေးငှက်များ၊ လင်းကြက်များက သြဘာပေးကြ၏။ ညဉ့်နတ်သမီး၏ ကြိုးပမ်းအားထုတ်မှုကိုမူ ကောင်းကင်ရှိ ၎င်း၏ မဟာမိတ် ခွေကြယ်များ ညဉ့်ငှက်များနှင့် နှင်းထုကြီးက လက်ခုပ်တီးပေးကြသည်။ သို့ရာတွင် တစ်ဆယ့်နှစ်နာရီလုံးလုံး မဟူရာဝတ်ရုံကို ကိုင်ထားရသော ညဉ့်နတ်သမီး၏ လက်များသည် ထံယန်းနွမ်းနယ်စ ပြုလေပြီ။ မဟူရာဝတ်ရုံသည် ပြေလျော့စပြုလေပြီ။ ပြေလျော့စပြုသော မဟူရာဝတ်ရုံအောက်မှ ရဝိန်ဒေါင်းယာဉ်ပျံ၏ တောင်ပံစွန်းသည် ပေါ်ထွက်စပြုလေပြီ။

www.burmeseclassic.com



ထိုအခါ၌ ရဝိန်ဒေါင်းယာဉ်ပျံ၏ အခြွေအရံများ ဖြစ်ကြသော ကျေးငှက်နှင့် လင်းကြက်တို့၏ သြဘာသံသည် ပို၍ကျယ်လောင်လာသည်။ ညဉ့်နတ်သမီး၏ အခြွေအရံတို့သည် ၎င်းတို့ သခင်မ၏ အရေးမလှသောအဖြစ်ကို မြင်ကာ အားလျော့စ ပြုလာသည်။ ၎င်းတို့၏ လက်ခုပ်သြဘာသံသည် မှေးမှိန်ဖျော့တော့စ ပြုလာသည်။

ထိုသြဇာနယ်ပယ်လုပွဲ၌ ရဝိန်ဒေါင်းယာဉ်ပျံ၏ ရဲရင့်တည်ကြည်မှု၊ မြဲမြံမှုတို့ကို ကြည့်၍ အားကျခြင်းဖြစ်ရသည်။ ထိုသြဇာနယ်ပယ်လုပွဲ၌ ရဝိန်ဒေါင်းယာဉ်ပျံ၏ သေနင်္ဂဗျူဟာသည် အလျှင်စလိုလည်း မရှိ၊ တုံ့ဆိုင်းနှေးကွေးခြင်းလည်း မရှိ၊ ဖောက်လွဲဖောက်ပြန်ပြုခြင်းလည်း မရှိ၊ မုချ အနိုင်ရရမည်ဟူသော ယုံကြည်စိတ်ချခြင်းဖြင့် ရှေ့သို့ မှန်မှန်ကြီး ချီတက်လာခဲ့သည်။ ညဉ့်နတ်သမီး၏ မဟူရာစစ်ဆင်ရေးကို ရဝိန်ဒေါင်းယာဉ်ပျံက ပတ္တမြားစစ်ဆင်ရေးဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကာ၊ နောက်ဆုံးတွင် ခါးချိုးပစ်လိုက်သည်။

နောက်ဆုံးတွင် ရဝိန်ဒေါင်းယာဉ်ပျံသည် တောင်ပံကို တဖျတ်ဖျတ်ရိုက်ကာ ၎င်း၏ ခေါင်းကို လွှတ်လွှတ်ကျွတ်ကျွတ်ကြီး မော့လိုက်လေပြီ။

ထောက်ကြန့်လမ်းခွဲကို လွန်သော် ရဝိန်ဒေါင်းယာဉ်ပျံသည် အရှေ့ဘက် ပဲခူးရိုးမပေါ်မှ ကျော်ကာ ကျွန်တော်တို့ကို ငုံ့ကြည့်လျက်ရှိသည်။ လမ်းဘေး ရိုးပြတ်တောများထဲ၌ကား၊ မဟူရာစစ်သည် အကြွင်းအကျန်များသည် ဟိုတစ်စု၊ သည်တစ်စု ခိုအောင်းကာ ပြောက်ကျားစစ်ကို ဆက်လက် ဆင်နွှဲနေကြဆဲဖြစ်၏။ ၎င်းတို့၏ သြဇာနယ်ပယ်ကို တတ်နိုင်သမျှ ထိန်းသိမ်းရန် ကြိုးစားကြဆဲဖြစ်၏။ သို့ရာတွင် ထုထည်နှင့်ပြည့်ဆင်းလာသော ပတ္တမြားစစ်သည်တို့၏ ထိုးစစ်ကို ကြံ့ကြံ့ခံနိုင်စွမ်း မရှိကြတော့၊ မျက်စိအောက်မှာပင် ပြေးလွှားပျောက်ကွယ်စ ပြုနေလေပြီ။

ရှုခင်းသည် ပို၍ကြည်လင် ပြတ်သားလာ၏။ ရဝိန်ဒေါင်းယာဉ်ပျံ၏ ပတ္တမြားစစ်သည်တို့သည် ၎င်းတို့၏သြဇာနယ်ပယ်ကို အခိုင်အမာ ထူထောင်လိုက်ကြပြီဖြစ်၏။ ညဉ့်နတ်သမီး၏ မဟူရာစစ်သည်များနှင့် ၎င်း၏ မဟာမိတ်ဖြစ်သော နှင်းမှုန်တို့သည် လုံးဝ တပ်ခေါက်ဆုတ်ခွာသွားကြ၏။

ကျွန်တော်တို့ ကားသည် ပြောင်ချော်လျက်ရှိသော ကတ္တရာစေးလမ်းပေါ်တွင် တရိပ်ရိပ်ပြေးလျက် ရှိသည်။ ကျွန်တော်တို့ကားမှာ ဟီးနိုးကားဖြစ်၍ လူငါးဆယ်ခန့် ပါသည်။ ယောက်ျား၊ မိန်းမ၊ လူကြီး၊ လူလတ်၊ လူငယ် အစုံပါသည်။ ကျွန်တော်တို့သည် မင်းလှရှိ မင်္ဂလာဆောင်တစ်ခုသို့ လာခဲ့ကြခြင်းဖြစ်သည်။ ရင်းနှီးသော မိတ်ဆွေ





တစ်ယောက်၏ မင်္ဂလာဆောင်ဖြစ်သဖြင့် ယခုကဲ့သို့ တကူးတကန့် သွားကြခြင်းဖြစ်သည်။

နံနက်စောစော နှင်းတွေ ဝေတုန်းက ချမ်းအေးသောကြောင့်လည်းကောင်း၊ အိပ်ရေး မဝသောကြောင့်လည်းကောင်း တိတ်ဆိတ်စွာ လိုက်ပါခဲ့ကြ၏။ သို့ရာတွင် ထောက်ကြန့်လမ်းခွဲကိုကျော်ခဲ့၍ နေပွင့်လာသည်နှင့် ဆူညံစပြုလာ၏။ သီချင်းဆိုသူ၊ ဘာဂျာမှုတ်သူ၊ စကားပြောသူ၊ ငြင်းခုံသူ၊ နောက်ပြောင်သူတို့၏ အသံဗလံများကို ကြားစ ပြုလာရ၏။

ကျွန်တော့်ရှေ့ ခုံတွင် ညားခါစ မောင်မောင်ခင်တို့ ဇနီးမောင်နှံ ထိုင်လာကြသည်။ မောင်မောင်ခင်သည် မူလတန်းပြ ဆရာတစ်ဦးဖြစ်၏။ အသက် သိပ်မကြီးသေး၊ စီးပွားရေးကြောင့် ပညာ စကောစကဖြင့် ကျောင်းထွက်လိုက်ရပြီး မူလတန်း အလွတ်ပညာသင်ကျောင်းကလေး တစ်ကျောင်း ထောင်ထား၏။ မကြာသေးမီကမှ လက်ထပ်ခဲ့ပြီးဖြစ်ရာ မင်းလှမင်္ဂလာဆောင်သို့လည်း ရောက်စေ၊ ဖြူကလေးရှိ မိန်းမ၏ ဆွေမျိုးသားချင်းများထံလည်း ရောက်စေဆိုသည့် သဘောဖြင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ ၎င်း၏မိန်းမသည် ဖြူကလေးတွင် ဆင်းနေရစ်မည်ဖြစ်ပြီး မောင်မောင်ခင်က မင်းလှမင်္ဂလာဆောင်သို့ လိုက်ရန် ဖြစ်သည်။

ကျွန်တော်ကား ၎င်းတို့၏ အသံဗလံများကို နားထောင်ရင်း လမ်းဘေးတစ်လျှောက်ကို ငေးကြည့်လိုက်ပါလာခဲ့သည်။ ရိုးပြတ်တောများ၊ ရေမြောင်းကလေးများ၊ တံတားကလေးများ၊ ရေမြောင်းထဲတွင် မှန်ကြည့်နေကြသော ကြေးနန်းတိုင်များ၊ ကြေးနန်းကြိုးများပေါ်တွင် ရှာန်ဝင်စားသည့်နှယ် မလှုပ်မယှက် နားနေကြသော ငှက်ဆောင်များနှင့် သပိတ်လွယ် ငှက်ကလေးများ၊ ကုက္ကိုပင်ကြီးများနှင့်တကွ၊ အဝေးတွင် ခပ်မှိုင်းမှိုင်း မြင်ရသော ပဲခူးရိုးမတွယ်တစ်လျှောက်ကို ငေးကြည့်လိုက်ပါလာသည်။

ကျွန်တော့်ရှေ့ခုံတွင် ထိုင်နေသည့် မောင်မောင်ခင်သည် အိတ်ထဲမှ ဘာဂျာကို ထုတ်ကာ သီချင်းတစ်ပုဒ်ကို မှုတ်နေ၏။ ၎င်း၏ မိန်းမသည် 'ကလေးအတောင်းနိုင်လှချေကော' ဟူသော အမူအရာမျိုးဖြင့် မောင်မောင်ခင်ကို တစ်ချက်မျှ ကြည့်လိုက်၏။ တစ်စုံတစ်ရာ ပြောဆိုခြင်းကား မရှိချေ။ လမ်းဘေးရှုခင်းကို ငေးကြည့်လိုက်ပါလာလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော်တို့ကားသည် မြောင်းတကာတွင် ရေပြည့်ရန် ခေတ္တနားၧ။ ကျွန်တော်တို့ အသိုက်လည်း အောက်ဆင်း၍ အညောင်းဆန့်ကြသည်။ အကြော်စားသူစား၍ လက်ဖက်ရည် သောက်သူ သောက်ကြ၏။

ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေသည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် ကျွန်တော်တို့ လူအုပ်ဖြင့် ပြည့်ကျပ်လျက်ရှိ၏။ ကျွန်တော်တို့သည် အကြော်တစ်ပွဲနှင့် လက်ဖက်ရည်များ မှာလိုက်ကြသည်။

"စံပြည့်ဆိုတဲ့ ကောင်၊ တော်တော်မိုက်တဲ့ ကောင်ဗျာ၊ သက်သက် တလွဲဆံပင်ကောင်းတယ်"

ဆိုင်ထဲတွင် အကြော်စားနေသော မျက်နှာသုတ်ပုဝါ ခေါင်းပေါင်းထားသည့် ဦးကြီးတစ်ဦးက ဆိုင်ရှင်ဖြစ်ဟန်ရှိသူ ဦးကြီး တစ်ယောက်ကို လှမ်းပြောလျက်ရှိ၏။

"ဒီလိုလည်း ဘယ်ဟုတ်မလဲလေ"

လက်ဖက်ရည်ဆိုင်မှ ဦးကြီးက ပြန်ပြောလိုက်၏။ ၎င်း၏ အမူအရာမှာ ခပ်စောစောက ဦးကြီး၏ စကားများကို နှစ်သက်ပုံမရသော အမူအရာမျိုးဖြစ်သည်။

"ဘယ့်နှယ်ဗျာ၊ သူ့ဘာသာသူ အနေသာကြီးပါ။ ရွာပြင်ရောက်နေပြီးမှ ရွာထဲပြန်ဝင်သွားတော့ ဒုက္ခဖြစ်တော့တာပေါ့။ ပြီးတော့ ဦးသာဖဲဆိုတာ သူနဲ့ ဘာဆိုင်တာမှတ်လို့။ သူက ဘာဖြစ်လို့ ဝင်ပြီး ကာကွယ်ရတာလဲ။ သူ့အပေါ် ကျေးဇူးရှိဖူးတာလည်း မဟုတ်၊ ကိုယ့်ထမင်း ကိုယ်စားပြီး ဒုက္ခရှာလို့"

ဦးကြီးက ဆက်၍ပြောလျက် ရှိ၏။

"ကျေးဇူးခံ ကျေးဇူးစားတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမယ့် ကိုယ့်မျက်စိရှေ့မှာ လူတစ်ယောက် ဒုက္ခရောက်နေတာကို မြင်တော့လည်း မနေသာဘူးပေါ့"

လက်ဖက်ရည်ဆိုင်ရှင် ဦးကြီးက ချေပ၏။

"ဒါတော့ သူက ရွာပြင်ရောက်ပြီးသား၊ ရွာထဲ ပြန်ဝင်လာတာကိုးဗျ။ မမြင်ချင်လို့ ဘယ်ရတော့မလဲ၊ သက်သက် ကြမ္မာငင်ချင်လို့ ပြန်ဝင်လာတာကိုး။ ဟိုတစ်ခါ ကောင်မလေး သုံးယောက် ပြန်ပေးဆွဲသွားတုန်းကလည်း သေတော့မလို့ ဖြစ်ပြီးပြီ"

လက်ဖက်ရည်ဆိုင်ရှင်သည် ဘာမျှမပြောဘဲ တိတ်ဆိတ်လျက် ရှိ၏။ စိတ်ထဲတမူ ကျေနပ်ဟန်မတူ။ ဈေးရောင်းသူနှင့် ဈေးဝယ်သူဖြစ်၍ အငြင်းအခုံ မလုပ်လိုသောကြောင့် တုံဏှိဘာဝေ ပြုနေဟန်တူ၏။





"အဲဒီတုန်းက စံပြည့်က လိုက်သွားမှာပေါ့တော့၊ ပြန်ပေးဆွဲခံရတဲ့ ကောင်မလေး သုံးယောက်ထဲမှာ သူ့ရည်းစား ပါတာကိုး"

ဆိုင်ရှင်၏ ဇနီးဖြစ်ဟန်တူသော မိန်းမကြီးက လှမ်းပြောလိုက်သည်။

"စံပြည့်အကြောင်း ညည်းမသိပါဘူး။ ညည်းမသိဘဲနဲ့ ပြောမနေပါနဲ့"

ဆိုင်ရှင်သည် ဈေးဝယ်သူ ဦးကြီးနှင့် အငြင်းအခုံမပြုလိုသောကြောင့် နှုတ်ပိတ်နေရဟန် တူသော်လည်း ၎င်း၏ ဇနီးကိုမူ လေသံခပ်တင်းတင်းဖြင့် လှမ်းငေါက်လိုက်၏။

"နို့ ... မဟုတ်ဘူးလားတော့။ ပြန်ပေးဆွဲခံရတဲ့အထဲက လှရင်ဆိုတဲ့ ကောင်မလေးက သူ့ရည်းစားဆို"

"မဟုတ်ပါဘူးအေ့၊ ညည်းတို့ အဲဒါ ခက်တာပဲ။ နားစွန်နားဖျားကြားပြီး တွေ့ကရာ လျှောက်လျှောက်ပြောနေတာပဲ။ လှရင်က စံပြည့်နဲ့တွဲတဲ့ ဖြူစပ်စပ်ကောင်လေးရဲ့ ရည်းစားပါ။ စံပြည့်ရည်းစား မဟုတ်ပါဘူး"

ဆိုင်ရှင်သည် ၎င်း၏ ဇနီးကို ဖိ၍ မာန်မဲလျက်ရှိ၏။ ကျွန်တော်သည် ၎င်းတို့ သုံးယောက်၏ စကားများကို မသိမသာ နားစွင့်နေမိသည်။ ဘေးမှစကားသံများကြောင့် တစ်ချို့တစ်ချို့တွင် သဲကွဲစွာ မကြားရချေ။ ၎င်းတို့အနက် ဆိုင်ရှင်နှင့် ၎င်း၏ ဇနီးတို့မှာလည်း အလုပ်လုပ်နေရင်းက စကားပြောနေခြင်း ဖြစ်သည်။ ပြတ်တောင်းပြတ်တောင်းသာ ဖြစ်၏။

"ဒါနဲ့များတော်၊ ကိုယ်နဲ့မဆိုင်ဘဲ လိုက်သွားရသေးသတဲ့လား။ သူ့ ရည်းစားတောင် မလိုက်ဘဲ၊ သူက ဘာကြောင့် လိုက်သွားရတာတဲ့တုံး"

ဆိုင်ရှင်၏ ဇနီးက လက်ဖက်ရည်ကြမ်း ထည့်နေရာက လှမ်းပြောလိုက်သည်။

"ဒါကတော့ စံပြည့်က စံပြည့်ကိုးဟဲ့။ ညည်းနဲ့ ဘယ်နှယ့်လုပ် တူနိုင်ပါ့မလဲ။ ကတည်းက ကတဝေဒီတဲ့၊ သူတစ်ပါးကို ကူညီရိုင်းပင်းတယ်ဆိုတာ ထုံသိုက်ရတာပေါ့"

လက်ဖက်ရည်သောက်သည့် ဦးကြီးသည် ပိုက်ဆံရှင်းကာ [illegible] ဆက်လက်ငြင်းခုံလိုဟန် မတူတော့ချေ။

"လူတွေက အဲဒါ ခက်တာပဲ။ သူတစ်ပါးအကျိုးကိုလည်း [illegible] ချင်ကြဘူး။ ဆောင်ရွက်တဲ့လူ ရှိတဲ့အခါကျတော့လည်း [illegible] အပြစ်မရှိ အပြစ်လိုက်ရှာပြောနေကြတယ်။ ကိုယ်မလုပ်နိုင်လို့ [illegible]



www.burmeseclassic.com

သွားရင်လည်း သာဓုအနုမောဒနာ ပြုရမှာပေါ့''

ဆိုင်ရှင်ဦးကြီးသည် လက်ဖက်ရည်စားပွဲကို အဝတ်စုတ်ဖြင့် သုတ်ရင်း တတွတ်တွတ် ပြောဆိုလျက် ရှိ၏။ ထို့နောက် ကျွန်တော်တို့ စားပွဲအနီးသို့ ရောက်လာကာ လက်ဖက်ရည်ကြမ်းအိုးကို မ၍ လက်ဖက်ရည် ရှိမရှိ ဆ,ကြည့်လိုက်သည်။

''ကိုစံပြည့် ဆိုတဲ့လူက ဘာဖြစ်လို့လဲ ဦးကြီး''

အငြိမ်မနေနိုင်သော ကျွန်တော်က မေးလိုက်သည်။

''စံပြည့်က ဟိုဘက်နားရွာကဗျ။ တစ်နေ့ညက အဲဒီရွာကို ဓားပြတိုက်တယ်။ ဓားပြတွေက လက်နက်အင်အားလည်း တော်တော်ကောင်းတယ်၊ ဓားပြတွေလည်း ရွာထဲဝင်ရော ရွာကမပြေးနိုင်တဲ့ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေ၊ သားသည်အမေတွေပဲ ကျန်ရစ်ခဲ့တယ်''

''ကိုစံပြည့်ကကော''

''သူလည်း ရုတ်တရက်ဆိုတော့ ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးတာ ရွာပြင်ရောက်သွားတယ်လေ။ ရွာထဲမှာ ဓားပြတွေက ကျန်တဲ့လူတွေကို ရိုက်ပုတ်ပြီး ရှိသမျှ အကုန်ထုတ်ပေးဖို့ တောင်းတယ်။ အဲဒီထဲမှာ ဓားပြတစ်သိုက်က ဦးသာခံကို သတ်မယ်ဆိုပြီး ဦးသာခံကို လိုက်ရှာနေကြတယ်''

''ဦးသာခံ ဆိုတာ ဘယ်သူလဲ''

ကျွန်တော်က မေးလိုက်သည်။

''ဦးသာခံဆိုတာ ကြီးရှာပါပြီ။ အသက်ခြောက်ဆယ်ကျော် ရောပေါ့။ အဲဒီထဲက ဓားပြတစ်ယောက်က ဦးသာခံနဲ့ ရန်ညှိုးရှိဖူးသတဲ့။ ဒါကြောင့် ဦးသာခံကို သတ်မယ်ဆိုပြီး လိုက်ရှာတယ်။ ဦးသာခံလည်း အိမ်ပေါ်က ဆင်းပြေးပြီး ရွာစွန်အရောက်မှာ ရွာပြင်ဘက် ပုန်းနေတယ်။ ဓားပြတွေကလည်း ဦးသာခံ ဒီတလင်းနားမှာ ပျောက်သွားတယ်ဆိုပြီး တလင်းကို မီးတင်ရှို့ကြတယ်။ ဒီတင် အနားမှာ ပုန်းနေတဲ့ စံပြည့်က ဦးသာခံကို မီးထဲကဆွဲထုတ်ပြီး ဦးသာခံကို ခေါ်ထုတ်အပြေးမှာ ဓားပြတွေက လှမ်းမြင်သွားပြီး သေနတ်နဲ့ ပစ်ကြတယ်။ ဦးသာခံကိုတော့ မထိဘူး။ စံပြည့် နောက်ကျော မှန်သွားပြီး နေရာတင် ပွဲချင်းပြီး သေသွားတာပဲ''

''ကျွတ်၊ ကျွတ် ... ဖြစ်ရလေခင်ဗျာ''

ကျွန်တော်က ညည်းလိုက်သည်။

''အမှန်ကတော့ စံပြည့်ဟာ ဦးသာခံအတွက် ဓားစာခံအဖြစ် အသေခံသွား





ရတာပဲဗျ။ အင်မတန် သတ္တိကောင်းတဲ့ သူငယ်ပဲဗျ။ သူတစ်ပါးအတွက် အနစ်နာခံသွားရတာပဲ''

ကျွန်တော်သည် ဆိုင်ရှင် ဦးကြီး၏ စကားကို နားထောင်ရင်း ထင်မြင်ချက်နှစ်မျိုးကို စဉ်းစားလျက်ရှိ၏။

ခပ်စောစောက လက်ဖက်ရည်သောက်လာသော ဦးကြီးနှင့် ဆိုင်ရှင်၏ ဇနီးတို့က စံပြည့်သည် မိုက်သည်ဟု ဆိုခဲ့ကြ၏။ မိမိနှင့် ဘာမျှဆွေမျိုး တော်စပ်ခြင်းမရှိသော လူတစ်ယောက်အား အသက်အသေခံ၍ ကူညီခြင်းသည် အဓိပ္ပာယ်မရှိသော အလုပ်ဖြစ်သည်ဟု ဆိုခဲ့ကြ၏။ ထိုမျှမက စံပြည့်၏ လုပ်ဆောင်ချက်ကို ကူညီမှု၊ အနစ်နာခံမှုဟုမမြင်ဘဲ မဆီမဆိုင် ဝင်ရှုပ်သည်ဟု မြင်ခဲ့ကြ၏။ မိမိနှင့် ဘာမျှ သက်ဆိုင်ခြင်းမရှိသောကိစ္စတစ်ခု၌ ဝင်ရောက်စွက်ဖက်ခဲ့သဖြင့် သေခဲ့ရသည်ဟု ယူဆခဲ့ကြ၏။

ယခုတစ်ဖန် လက်ဖက်ရည်ဆိုင်ရှင် ဦးကြီးကမူ စံပြည့်အား သတ္တိကောင်းသူတစ်ဦးအဖြစ် ချီးကျူး၏။ သူတစ်ပါးအတွက် အနစ်နာခံခြင်းသည် လူနတ်သာဓုခေါ်သော အလုပ်ဟု ကောင်းချီးသြဘာပေး၏။ စံပြည့်သေရခြင်းသည် မြတ်သောသေခြင်းဖြစ်သည်ဟု ပြောဆို၏။

ကျွန်တော်သည် စံပြည့် သေဆုံးခြင်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော နှင်းတို့၏ ထင်မြင်ချက်နှစ်ရပ်ကို စဉ်းစားလျက် ရှိသည်။

''စံပြည့်ဟာ ဒီတစ်ကြိမ်တင် သူတစ်ပါးအကျိုးကို ဆောင်ရွက်ခဲ့တာ မဟုတ်ဘူးဗျ၊ လူမှန်းသိခဲ့ကတည်းက ရွာသူရွာသားတွေ ကောင်းကျိုးကို ဆောင်ရွက်ခဲ့တာပဲ။ လယ်တွေမှာ ရေလျှံလို့ ကတွတ်ပေါက်တွေကို ဖောက်ချစရာရှိရင် သူပဲ ရှေ့ဆုံးက ထွက်တာပဲ။ လှည်းတွေ ဗွက်ထဲနစ်လို့ လှည်းလမ်းကို မြေဖို့စရာရှိရင်လည်း သူပဲ ခေါင်းဆောင်တာပဲ။ ချောင်းကူးတံတားပျက်လို့ ပြင်စရာရှိရင်လည်း သူပဲ က[illegible] လုပ် ပြင်တာပဲ။ တလောကလည်း ရွာက ကောင်မလေးသုံးယောက်ကို ပြန်[illegible] လို့ လိုက်ရွေးဖို့ကိစ္စပေါ်တော့ ရွာက ဘယ်သူမှ မသွားရဲကြဘူး။ သူပဲ လိုက်[illegible] တကယ်တော့ စံပြည့်ဟာ သူတစ်ပါးအတွက် အနစ်နာခံတဲ့ လူသူတော်[illegible] ခုတော့ လိမ္မာတဲ့သား အသေစောဆိုသလို၊ ခများမှာ စောစောစီးစီး အသေဆိုး သေရ ရှာတယ်''

□



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော်တို့သည် စံပြည့်၏ ဇာတ်လမ်းကို နားထောင်ကောင်းသော်လည်း အချိန်စေ့သဖြင့် စံပြည့်၏ ဇာတ်လမ်းကို ဖြတ်ကာ ဆိုင်ရှင်ဦးကြီးကို နှုတ်ဆက်ပြီး နောက် ကားပေါ်သို့ တက်ခဲ့ကြ၏။

ကျွန်တော်သည် ကားပေါ်တွင် စံပြည့်၏ ဇာတ်လမ်းကို အနုလုံ ပဋိလုံ စဉ်းစား၍ လိုက်လာသည်။ ကျွန်တော်ကြားရသလောက်ဆိုလျှင် စံပြည့်သည် တကယ့် သူရဲကောင်း ဖြစ်၏။ စံပြည့်ကို ချီးကျူးသော ဆိုင်ရှင်ဦးကြီးကို ကျွန်တော် ထောက်ခံ၏။ စံပြည့်၏ လုပ်ဆောင်ချက်ကို အဓိပ္ပာယ်မရှိဟု ယူဆကြသော ဈေးဝယ်ဦးကြီးနှင့် ဆိုင်ရှင်ဦးကြီး၏ ဖနီးကို ကျွန်တော် ဆန့်ကျင်၏။

"စဉ်းစားလှချည်လားဗျ၊ ဘာတွေ တွေးလာတာလဲ"

ကျွန်တော့်ဘေးမှ မိတ်ဆွေက မေးသည်။

"ခင်ဗျား စံပြည့်အကြောင်း ကြားခဲ့တယ် မဟုတ်လား၊ ကျွန်တော် သူ့ အကြောင်းကို စဉ်းစားနေတာ"

"ဘာလဲဗျ၊ ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ရလာပြန်ပြီလား"

ကျွန်တော့်မိတ်ဆွေက တဟားဟားရယ်၍ မေးလိုက်သည်။ ၎င်းက ရယ်သော်လည်း ကျွန်တော်ရယ်မောခြင်း မပြုနိုင်။

"ဝတ္ထုဇာတ်လမ်းရတယ်လို့တော့ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော့် ခေါင်းထဲမှာ စဉ်းစားစရာ တစ်ခုတော့ ရလာတယ်"

ကျွန်တော်က တည်ငြိမ်လေးနက်စွာ ပြောလိုက်သည်။

"ဆိုစမ်းပါဦး"

"ကျွန်တော်တို့ စာရေးဆရာတွေဟာ ဖေတော့၊ မောင်တော့ စတဲ့ အချစ်ဝတ္ထုတွေကို ရေးခဲ့ကြလှပြီ။ လူ့ဘဝကြီးမှာ အချစ်နဲ့ မကင်းနိုင်ဘူးဆိုတာ ဟုတ်ပါတယ်။ အချစ်ဟာ လူ့ဘဝဇာတ်ခုံကြီးပေါ်မှာ ဇာတ်လိုက်တစ်ဦး ဖြစ်တယ်ဆိုတာလည်း မှန်ပါတယ်၊ ဒါပေမယ့် ..."

မော်တော်ကားသည် ချိုင့်တစ်ခုထဲသို့ ကျသွားသဖြင့် ကျွန်တော်သည် ရှေ့ ကခုံကို ဖမ်းကိုင်ထားလိုက်သည်။

"ဒါပေမယ့် အချစ်ဟာ လူ့ဘဝဇာတ်ခုံကြီးမှာ ဇာတ်လိုက်တစ်ယောက်မျှသာ ဖြစ်ပြီး၊ အဓိက ဇာတ်လိုက်ကြီးတစ်ဦးတော့ မဟုတ်ဘူးခင်ဗျ။ လောကကြီးမှာ အချစ်





တစ်ခုတည်းနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာ မဟုတ်ဘူး၊ အချစ်လိုပဲ အရေးကြီးတဲ့ အရာတွေ၊ အချစ်ထက် အရေးကြီးတဲ့အရာတွေလည်း လောကကြီးမှာ အများကြီး ရှိသေးတယ်လို့ ကျွန်တော်ထင်တယ်။ ဥပမာ၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်း၊ အများအတွက် အနစ်နာခံခြင်း စတဲ့ ကိစ္စတွေဆိုပါတော့"

ကျွန်တော့်မိတ်ဆွေသည် ခေါင်းကို တဆတ်ဆတ် ညိတ်လျက်ရှိသည်။ ကျွန်တော့်စကားများကို ထောက်ခံသည့် သဘောပေလော၊ မော်တော်ကားသည် လှိုင်း ထလျက်ရှိသော ကတ္တရာလမ်းပေါ်တွင် ပြေးလွှားနေသည့်အတွက်ကြောင့်လော၊ ညိတ်သည့်အတွက်ကြောင့် ဖြစ်သည်ကို ကျွန်တော်မသိ။

"ကျွန်တော်တို့ဟာ လူ့ဘဝ နောက်ခံကားကြီးပေါ်မှာ အချစ်ကို ဇာတ်လိုက် ထားဖွဲ့သလို၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ အများကောင်းကျိုးအတွက် အနစ်နာခံမှု၊ သစ္စာ ရှိမှုဆိုတာတွေကို ဇာတ်လိုက်နေရာထားပြီး မဖွဲ့သင့်ပေဘူးလား"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့်"

ကျွန်တော့်မိတ်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

"အများအတွက် ကိုယ်ကျိုးစွန့်တယ်၊ အနစ်နာခံတယ်။ ဒါမျိုးတွေကို ဇာတ်အိမ်ဖွဲ့ပြီး ရေးသင့်တယ်ဆိုတာ ကောင်းပါတယ်။ ဒါပေမယ့် အများဆိုတာ ဘယ်သူ့ ကို ပြောတာလဲ"

ကျွန်တော်သည် ကျွန်တော့်မိတ်ဆွေကို နားမလည်နိုင်သလို ဆတ်ခနဲ လှမ်း ကြည့်သည်။ ၎င်းသည် အလွန်ရှင်းလင်းလွယ်ကူသော စကားကို အဘယ်ကြောင့် ရှင်းလင်းချက် တောင်းဆိုလျက်ရှိသနည်း။ ပေါ့တန်သွားအောင် လုပ်နေခြင်းလော၊ ဆတ်သီးကတ်သတ် မေးခြင်းလော။

၎င်း၏ အမူအရာသည် လေးနက် တည်ငြိမ်သော အသွင်ကို ဆောင်လျက် ရှိသည်။

"အများဆိုတာ ဘယ်သူ့ကို ပြောတာလဲ ဟုတ်လား"

ကျွန်တော်က ၎င်း၏စကားကို ပဲ့တင်ထပ်၍ မေးလိုက်သည်။

"ဟုတ်တယ်၊ အများရဲ့ကောင်းကျိုးအတွက် အနစ်နာခံ စွန့်လွှတ်သောမျိုး ကို ရေးရမယ်လို့ ခင်ဗျားက ပြောသွားတယ် မဟုတ်လား။ အများဆိုတာ ဘယ်သူ့ကို ဆိုလိုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အများဆိုတာ ခင်ဗျားတို့၊ ကျွန်တော်တို့ တွေ့နေတဲ့ လူတွေအားလုံးကို ဆိုလိုတာပေါ့ဗျ။ ဝေနေယျ သတ္တဝါတွေအားလုံးပေါ့။ ရှင်းရှင်းကလေးပဲ"

ကျွန်တော်က စိတ်တိုလာသဖြင့် ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။ ကျွန်တော့် မိတ်ဆွေသည် ပြုံးလျက်ရှိ၏။

"ကျွန်တော်တော့ ဒါကို သဘောမတူဘူးဗျ။ ဝေနေယျ သတ္တဝါတွေအတွက် စွန့်လွှတ်အနစ်နာခံရမယ် ဆိုတာဟာ တကယ်ကျတော့ အဓိပ္ပာယ်မရှိဘူး။ ဖြစ်လည်း မဖြစ်နိုင်ဘူးလို့ ထင်တယ်"

"ဗျို့လူ၊ ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ။ လူအများအတွက် စွန့်လွှတ်အနစ်နာခံခြင်းဟာ လူနတ်သာဓုခေါ်တဲ့ အလုပ်မျိုး မဟုတ်ဘူးလား။ စံပြည့်လို သူတစ်ပါးအကျိုးကို ဆောင်ရွက်တဲ့ကိစ္စဟာ ဆိုးတဲ့အလုပ်တစ်ခုလား။ ခင်ဗျားတို့ ကျွန်တော်တို့ လုပ်နိုင်တာ မလုပ်နိုင်တာ အပထား၊ လုပ်နိုင်ရင် ကုသိုလ်ရတဲ့ အလုပ်မျိုးပဲ မဟုတ်လား။ ပြောစမ်းပါဦး"

ကျွန်တော့်မိတ်ဆွေသည် စီးကရက်ကိုဖွာရင်း ကျွန်တော့်စကားများကို နားထောင်လျက်ရှိသည်။ မည်သို့မျှ ပြောဆိုခြင်း မပြုချေ။

ထိုစဉ် ကျွန်တော်တို့ကားသည် ထိုးရပ်လိုက်၍ ကားပေါ်တွင် လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ဖြူကလေးသို့ ရောက်သဖြင့် မောင်မောင်ခင့်မိန်းမ ဆင်းရန် ရပ်ပေးခြင်း ဖြစ်သည်။ မောင်မောင်ခင့် မိန်းမသည် ဖြူကလေးရှိ ၎င်း၏ ဆွေမျိုးများထံတွင် ဆင်းနေရစ်ခဲ့ပြီး အပြန်တွင် ကျွန်တော်တို့က ဝင်ခေါ်ရန် ဖြစ်သည်။

မောင်မောင်ခင့် မိန်းမ ဆင်းသွားပြီးလျှင် မင်းလှသို့ ဆက်မောင်းခဲ့ကြသည်။

"ဘယ်နှယ့်လဲ၊ အများအတွက် စွန့်လွှတ် အနစ်နာခံတယ်ဆိုတာ မကောင်းဘူးလား။ ကျွန်တော်တို့၊ ခင်ဗျားတို့ မလုပ်နိုင်ရင်သာ ရှိရမယ်။ ဒါမျိုးကို ကျွန်တော်တို့ ထောက်ခံရမှာပဲဗျ"

ကျွန်တော်က မကျေနပ်နိုင်သေးဘဲ စကားစ,ကို ပြန်ဆက်လိုက်သည်။

"စွန့်လွှတ်အနစ်နာခံတယ်ဆိုတာ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်က ဘယ်သူ့အတွက် စွန့်လွှတ်အနစ်နာခံရမှာလဲ။ လူအများအတွက်ဆိုတာ ဘယ်လို လူတွေလဲ"

၎င်းက ဆက်မေးပြန်သည်။

"ခင်ဗျား တော်တော်ခက်ပါလား၊ ကျွန်တော့် ပြောပြီးပြီပဲ။ အများဆိုတာ





သူသတ္တဝါ ဝေနေယျအားလုံး၊ ပုပုရွရွ မြင်သမျှအားလုံး၊ မုန်းသူချစ်သူမဟူ အားလုံး၊ ရန်သူ မိတ်ဆွေမခြား အားလုံး"

ကျွန်တော့်မိတ်ဆွေက လက်ကာပြလိုက်၏။ ပြီးမှ …

"ကျွန်တော် သိချင်တာ အဲဒါပဲဗျ။ မှန်ပါတယ်။ အများအတွက် စွန့်လွှတ်အနစ်နာခံတာဟာ ကောင်းပါတယ်။ ဒါပေမယ့် ဘယ်အများလဲလို့ စဉ်းစားလိုက်တော့ ပြဿနာရှိလာပြီခင်ဗျ။ ခင်ဗျားပြောတဲ့ အများထဲမှာ လူကောင်းလည်း ပါတယ်။ လူဆိုးလည်း ပါတယ်၊ ရန်သူလည်း ပါတယ်၊ မိတ်ဆွေလည်း ပါတယ်၊ ချစ်သူလည်း ပါတယ်၊ မုန်းသူလည်း ပါတယ်။ နိုင်ငံရေးစကားနဲ့ ပြောရရင် မြေရှင်ရော ပါတယ်။ ဆင်းရဲသား၊ အလုပ်သမား၊ လယ်သမားတွေရော ပါတယ်။ ဒီတော့ ခင်ဗျားပြောတဲ့ အများဟာ လုံးထွေးနေတယ်။ လူဆိုးနဲ့ လူကောင်း ခွဲခြားမြင်တဲ့ အများမဟုတ်ဘူး။ မိတ်ဆွေနဲ့ ရန်သူကို ခွဲခြားမြင်တဲ့ အများမဟုတ်ဘူး။ မြေရှင်နဲ့ ဆင်းရဲသား၊ အလုပ်သမားကို ခွဲခြားမြင်တဲ့ အများမဟုတ်ဘူး။ ရှင်းရှင်းပြောရရင် အများနဲ့ ပတ်သက်တဲ့ ခင်ဗျားအမြင်ဟာ လူတန်းစားအမြင် ပျောက်နေတယ်"

ကျွန်တော်သည် စကားနည်းနည်းသာ ပြောလေ့ရှိသော သူက စကားများများ ပြောလျက်ရှိသဖြင့် အံ့အားသင့်နေသည်။

"ကျွန်တော်ကတော့ အများလို့ ဆိုတဲ့နေရာမှာ ခင်ဗျားနဲ့ သဘောမတူဘူး။ ကျွန်တော်ဟာ ရှိရှိသမျှ ပုပုရွရွသတ္တဝါတွေ အားလုံးအတွက် ကိုယ်ကျိုးမစွန့်ဘူး၊ စွန့်လည်း မစွန့်နိုင်ဘူး။ ကျွန်တော်ပြောတဲ့ အများထဲမှာ လူဆိုးတွေ မပါဘူး။ ရန်သူတွေ မပါဘူး။ မုန်းသူတွေ မပါဘူး"

"ဒါတော့ဗျာ၊ ဒီလူတွေက လူနည်းစုပဲဟာ"

ကျွန်တော်က ကျွန်တော့်အယူအဆဘက်မှ ဆက်လက် ခုခံ၏။ သို့ရာတွင် ကျွန်တော့် ခံစစ်မှာ ပျော့သွားပြီ။

"အနည်းစုပေမယ့် ခင်ဗျားက သူတို့ကို အများထဲမှာ ထည့်ထားပေသကိုး။ အများဆိုတာဟာ ပုပုရွရွ မြင်သမျှလို့ ခင်ဗျားပဲ ပြောထားတယ် မဟုတ်လား။ ထားပါဦး၊ ကျွန်တော်က လူဆိုးတစ်ယောက်အတွက် ကျွန်တော့်အသက်ကို အသေခံရမှာလား။ ကျွန်တော့်ကို သတ်ဖြတ်ဖို့ လာနေတဲ့ ရန်သူတစ်ယောက်ရဲ့ ဓားအောက်မှာ လည်စင်းပေးရမှာလား။ ဝိသမလောဘတိုက်နေတဲ့ ဘီလူးကြီးတစ်ကောင်အတွက် ကျွန်တော့်ကိုယ် ကျွန်တော် အနစ်နာခံ စွန့်လွှတ်ရမှာလား။ ဒါဟာ သဘာဝကျသလား

www.burmeseclassic.com



ကျူရဲ့လား၊ ဖြစ်ကောဖြစ်နိုင်ရဲ့လား။ လေးသချေရနဲ့ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ခန့်ပါရမီဖြည့်ခဲ့ရတဲ့ ဗုဒ္ဓအလောင်းအလျာဆိုရင်တော့ မပြောတတ်ဘူးခင်ဗျ။ ကျွန်တော်တွေ့နေရတဲ့ လူ့ဘဝမှာတော့ မဖြစ်နိုင်ဘူး။ ရှိလည်း မရှိနိုင်ဘူး"

"ဒါဖြင့် ဦးသာဇံအတွက် အသေခံသွားတဲ့ စံပြည့်ကိုကော ခင်ဗျား ဘာပြောမလဲ"

ကျွန်တော်က မေးလိုက်သည်။

"ဦးသာဇံဟာ လူကောင်းတစ်ယောက်ဆိုရင် စံပြည့် ခုလို အသေခံသွားတာဟာ ကောင်းတဲ့အလုပ်တစ်ခုပါပဲ။ အင်မတန် ချီးကျူးထိုက်ပါတယ်။ ကျွန်တော် ဘာမှမပြောလိုပါဘူး။ ဒါထက် ခင်ဗျား 'အိုယန်ဟိုင်း၏ တေးသံ' ဆိုတဲ့ တရုတ်ဝတ္ထုကြီးတစ်ပုဒ်ကို ဖတ်ဖူးတယ် မဟုတ်လား"

"ပြောပါဦး ..."

"ဒီဝတ္ထုကြီးထဲမှာ အိုယန်ဟိုင်းဆိုတဲ့ မြေမဲ့ယာမဲ့တစ်ယောက် ကြီးပြင်းလာပုံကို အသေးစိတ် ရေးထားတယ်။ အိုယန်ဟိုင်းမှာ ဘဝတစ်လျှောက်လုံး မြေရှင်ပဒေသရာဇ်တွေရဲ့ အဖိနှိပ်ခံ အညှဉ်းဆဲကို ခံခဲ့ရတယ်။ ဒီလိုနဲ့ သူဟာ ဖိနှိပ်သူတွေကို မုန်းပြီး အဖိနှိပ်ခံတွေဘက်ကို စာနာတတ်လာခဲ့တယ်။ ဖိနှိပ်သူတွေကို ခါးခါးသီးသီး မုန်းတီးသလောက်၊ အဖိနှိပ်ခံတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်ပေးတယ်။ အများအတွက် စွန့်လွှတ်အနစ်နာခံတယ်။ ဒါပေမယ့် သူ့အများက ခင်ဗျားပြောတဲ့ အများနဲ့ မတူဘူး။ သူ့အဘိဓာန်ထဲက အများဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ်ထဲမှာ မြေရှင်တွေ မပါဘူး။ ဖိနှိပ်သူတွေ မပါဘူး၊ လူဆိုးတွေ မပါဘူး။ သူ့ရဲ့ အများအတွက် စွန့်လွှတ်လို့ စိတ်မှာ လူတန်းစားအမြင် ရှိတယ်"

ကျွန်တော်တို့ကားလည်း မင်းလှ တာဆုံသို့ ရောက်သော် လက်ဝဲဘက်သို့ ချိုးကာ မင်းလှဘက်သို့ ဦးတည်မောင်းလာ၏။

"နောက်ဆုံး အိုယန်ဟိုင်းဟာ မီးရထားတစ်စင်း ခုတ်လာတုန်း ရထားလမ်းပေါ် မြင်းတစ်ကောင် တက်နေတဲ့အတွက် ရထားချော်ကျမယ့် အန္တရာယ်ကို တားဆီးရင်း အသက်ကို စတေးသွားတယ်။ အိုယန်ဟိုင်းဟာ ဒီလို အနစ်နာခံတဲ့ စိတ်၊ စွန့်လွှတ်တဲ့ စိတ်မျိုးရအောင် ငယ်ငယ်ကလေးထဲက မွေးလာခဲ့တယ်။ ဒီလို အသက်ကို အသေခံတဲ့ စိတ်မျိုးဟာ ရောင်တခင် ပေါ်ပေါက်လာနိုင်တဲ့ စိတ်မျိုး မဟုတ်ဘူးဗျ





ငယ်ငယ်ကလေးထဲက မွေးမြူလေ့ကျင့်ပေးမှ ကိန်းဝပ်နိုင်တဲ့ စိတ်မျိုး"

"ဟုတ်တယ်၊ ဒါကြောင့်မို့ ဒီလိုစွန့်လွှတ် အနစ်နာခံတဲ့ စိတ်မျိုးကို ဖာတ်လိုက် နေရာထားပြီး ရေးသင့်တယ်လို့ ကျွန်တော် ပြောတာပေါ့"

ကျွန်တော်က ထောက်ခံလိုက်သည်။

"နေပါဦး၊ ရေးသင့်တယ်ဆိုတော့ ခင်ဗျားကော ဘယ်နှပုဒ် ရေးခဲ့ဖူးပြီလဲ"

၎င်းက မေးလိုက်သည်။ ကျွန်တော်က ခပ်ရှက်ရှက် ပြုံးကာ ...

"ဟင့်အင်း ... ကျွန်တော် တစ်ပုဒ်မှ မရေးဖူးသေးဘူး"

ကျွန်တော့်မိတ်ဆွေသည် ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်လိုက်၏။

"ဘယ်ရေးဖြစ်မလဲ၊ ခင်ဗျားတို့က ဒီထက် အရေးကြီးတာတွေ ရေးနေကြတာကိုး"

"ဘာတွေ ရေးလို့လဲဗျ"

"မိန်းမချော မိန်းမလှတွေရဲ့ အလှဘွဲ့တွေလေ။ ခင်ဗျားတို့ ဝတ္ထုတွေကို ကျွန်တော် ဖတ်ကြည့်တယ်။ မိန်းမတစ်ယောက်ရဲ့ မျက်လုံးတွေ ဘယ်လောက် စွဲမက်ဖွယ်ကောင်းပုံ၊ ခြေထောက်တွေ ဘယ်လိုလှပုံကို စာမျက်နှာပေါင်းများစွာ ရေးနေကြတယ်။ ချွေးတွေ၊ သံတွေရွှဲနေတဲ့ အလုပ်သမားတွေရဲ့ ကျောပြင်ကြီးတွေ၊ ပေါက်တူးကိုင်လို့ အသားမာတက်နေတဲ့ လက်ကြမ်းကြီးတွေ၊ နွားချေးပေနေတဲ့ လက်တွေ၊ ဒူထုမီလို့ ဖူးဖူးရောင်နေတဲ့ လက်တွေ၊ လယ်ထဲက တက်လာလို့ ရွှံ့တွေပေနေတဲ့ လယ်သမားကြီးတွေရဲ့ ခြေထောက်တွေ၊ ဒါတွေအကြောင်းကိုတော့ တစ်လုံးမှ ရေးခဲ့ မရကြဘူး။ ဒါတွေလည်း အလှတွေပါပဲဗျ။ အလှဆိုတာဟာ ကြည့်တဲ့လူရဲ့ အမြင်ပေါ်မှာ တည်တာပါ။ အလုပ်လုပ်ခြင်းဟာ ဂုဏ်တစ်ပါးလို့ မြင်တတ်ရင် ကောင်မလေးတစ်ယောက်ရဲ့ ဆေးဆိုးထားတဲ့ လက်သည်းချွန်ချွန်တွေထက်၊ အလုပ်သမားကြီးတစ်ယောက်ရဲ့ တူထုမိလို့ ပွဲ့ရွဲ့နေတဲ့ လက်သည်းတွေက ပိုပြီးလှတယ်လို့တောင် မြင်လာပါလိမ့်မယ်။ ဒီတော့ ခင်ဗျားတို့ စာရေးဆရာတွေဟာ အလုပ်သမား၊ လယ်သမား အများစုကြီးအတွက် ကိုယ်ကျိုးစွန့်ကြတဲ့ အလုပ်သမား၊ လယ်သမား၊ သူရဲကောင်းတွေအကြောင်းကို ရေးကြပါ။ သူတို့ရဲ့ စိတ်အလှနဲ့ သူတို့ရဲ့ ကိုယ်အလှကို ရေးကြပါလို့ ကျွန်တော် တောင်းပန်ချင်တယ်။ ကဲ ... နောက်မှ ငြင်းကြသေးတာပေါ့။ မင်းလှလည်း ရောက်ပြီ"

ကျွန်တော်တို့ကားသည် မင်းလှမြို့ထဲသို့ ဝင်လာခဲ့သည်။ မင်းလှမ



www.burmeseclassic.com

www.burmeseclassic.com



မှာ မှုစလင် ထုံးတမ်းစဉ်လာအရ ဆောင်ခြင်းကြောင့် ကျွန်တော်တို့ကို ဗလီထဲမှာပင် ညှော်ခံကျွေးမွေး၏။ မင်းလှမင်္ဂလာဆောင်တွင် ခေတ္တနားပြီးနောက် ကျွန်တော်တို့သည် အသစ်စက်စက် ဖနီးမောင်နှံနှင့်တကွ၊ မိတ်ဆွေများကို နှုတ်ဆက်ကာ ရန်ကုန်သို့ ပြန်ထွက်ခဲ့ကြသည်။

(၄)

ရန်ကုန်အပြန်ခရီးတွင်မူ တစ်ကားလုံး တိတ်ဆိတ်စွာ ပါလာကြသည်။ ခရီးကလည်း ပန်းစပြုပြီ။ ထိုအထဲတွင် မင်္ဂလာတောင်မှ ကျွေးလိုက်သော ဆိတ်သားဒန်ပေါက်ထမင်း၏ အရှိန်ကြောင့် ထမင်းဆိပ်တက်ကာ အိပ်ငိုက်လိုက်ပါလာကြသည်။

ကျွန်တော်ကား မင်းလှသို့အသွား မော်တော်ကားပေါ်တွင် ကျွန်တော့်မိတ်ဆွေ ပြောခဲ့သော စကားများကို စဉ်းစားလိုက်၊ လမ်းဘေးရှုမျှော်ခင်းများကို ငေးလိုက်ဖြင့် လိုက်ပါလာသည်။

စွန့်လွှတ်အနစ်နာခံခြင်း စိတ်ဓာတ်အကြောင်းကို ကျွန်တော် ယခုလောက် လေးလေးနက်နက် မတွေးခဲ့ဖူးချေ။ သာမန်ကာလျှံကာမျှသာ ဖြစ်၏။ အများအတွက် စွန့်လွှတ်အနစ်နာခံခြင်းသည် ကောင်းသည်၊ မွန်မြတ်သည်ဟူ၍သာ ယေဘုယျယူဆခဲ့၏။ သို့ရာတွင် အများဆိုသည်ကို သရုပ်ခွဲ၍ မကြည့်ခဲ့ဖူးချေ။

ကျွန်တော် မည်မျှကြာအောင် စဉ်းစားနေသည်မသိ။ ကျွီခနဲ မြည်သံနှင့်အတူ မော်တော်ကားထိုးရပ်လိုက်သည့်အခါကျတော့ ဖြူကလေးသို့ ရောက်နေပြီဖြစ်ကြောင်း သတိပြုမိသည်။ ဖြူကလေးတွင် မောင်မောင်ခင်၏ မိန်းမကို ဝင်ခေါ်ရဦးမည်။

"ကဲ ... ကဲ အညောင်းပြေအညာပြေ ရှာထဲဆင်းပြီး ရေနွေးကြမ်းလေးဘာလေး သောက်ကြဦး၊ ကားလမ်းဘေးတင်ပဲ၊ မဝေးပါဘူး"

မောင်မောင်ခင်က ဖိတ်ခေါ်၏။ ကျွန်တော်တို့ တစ်သိုက်လည်း တာလမ်းဘေးသို့ ဆင်းလာခဲ့ကြသည်။

တာလမ်းဘေး လှည်းတန်းကြီးများပေါ်၌ မုံလာဥအစည်းကြီးများကို မောက်နေအောင် တင်လာကြ၏။ ငှက်ပျောခြံများမှာ စိမ်း၍ နေကြသည်။

ကျွန်တော်သည် တာလမ်းဘေးရှိ အိမ်တစ်အိမ်ထဲသို့ ရေသောက်ရန် ဝင်လာခဲ့သည်။ အိမ်တစ်အိမ်ထဲတွင် ကျွန်တော်တို့ တစ်ကားလုံး ရေသောက်ရန် မလောက်သောကြောင့် အိမ်ခွဲ၍ ဝင်ကြခြင်း ဖြစ်၏။





ကျွန်တော် ဝင်လာသောအိမ်မှာ လေးပင်သုံးခန်း၊ သက်ကယ်မိုး၊ ထရံကာ၊ ဝါကြမ်းခင်းအိမ်တစ်လုံး ဖြစ်၏။ ရေနံသုတ်ထားသဖြင့် အိမ်မှာ သပ်သပ်ရပ်ရပ်ရှိ၏။ အိမ်ရှေ့တွင် သလဲပင်၊ ငှက်ပျောပင်များကို တွေ့ရသည်။ ငှက်ပျောပင်များမှာ ကြွေစပြုလေပြီ။ ငှက်ပျောရွက်များသည် စိမ်းစိုလှပခြင်း မရှိတော့။ စုတ်ပြဲစပြုကြလေပြီ။ နန်းကျ မဟေသီတစ်ပါး၏ ဝတ်ရုံများနှင့်ပင် တူတော့သည်။

ကျွန်တော်သည် ရေသောက်ရန်အတွက် အိမ်ရှေ့ခလောက်ဆွဲသို့ တက်လာခဲ့သည်။ လူတစ်ယောက်မျှ မတွေ့ရ။ ကျွန်တော်က ရပ်ကာ ချောင်းဟန့်လိုက်သည်။ သို့ရာတွင် မည်သည့် တုံ့ပြန်မှုကိုမျှ မကြားရချေ။

"အိမ်ရှင်တွေ မရှိဘူးလား ခင်ဗျာ ..."

ကျွန်တော်က အခန်းကို အကဲခတ်ရင်း လှမ်းအော်လိုက်သည်။ အိပ်ခန်းတံခါးမှာ ပိတ်ထားသည်။

အိမ်ရှေ့တွင် ခပ်ကောင်းကောင်း မှန်ဘီရိုတစ်လုံးရှိသည်။ ထိုဘီရိုထဲတွင် ဆိုးဆေးနှင့် စားဆေးပုလင်းအချို့ကို မြင်ရသည်။ လသာမှန်အိမ် တင်ထားသော စားပွဲတစ်လုံးပေါ်တွင် စာအုပ်ထူထူအချို့ကို တွေ့ရ၏။ လယ်သမားအိမ်နှင့်မတူ။ ကျောင်းဆရာတစ်ဦး၏ အိမ်လော။ ကျောင်းဆရာ၏ အိမ်ဆိုလျှင် ဆေးပုလင်းများ တွေ့စရာအကြောင်းမရှိ။ ကျေးရွာ ကျန်းမာရေးမှူးတစ်ဦး၏အိမ် ဖြစ်ဟန်ရှိ၏။

"အိမ်ရှင်တွေ မရှိဘူးလား ခင်ဗျာ၊ ရေတစ်ပေါက်လောက် သောက်ချင်လို့ပါ"

ကျွန်တော်က ဒုတိယအကြိမ် လှမ်းပြောလိုက်၏။

ကျွီကနဲ မြည်သံနှင့်အတူ အိပ်ခန်းတံခါးသည် ပွင့်လာ၏။ ကျွန်တော်သည် ဆေးဘီရိုကို လှမ်းကြည့်ရာက ကျွီကနဲ မြည်သံကြားရာသို့ လှမ်းကြည့်လိုက်သည်။

အိပ်ခန်းတံခါးဝတွင် လူတစ်ယောက် မားမားကြီးရပ်လျက်။

ကျွန်တော်သည် ထိုသူကို မြင်လိုက်ရသောအခါ၌ တစ္ဆေ ခြောက်ခံလိုက်ရသကဲ့သို့ ဖြစ်သွားသည်။ လန့်၍ မအော်မိရန် သတိထားလိုက်ပြီးနောက် နောက်သို့ဝင်ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ထိုလူကြီး၏ ခေါင်းတစ်လုံးသည် ဖွေးဖွေးဖြူလျက် ရှိသည်။ ဖြူဖွေးသော ဆံပင်များသည် ဂုတ်ပေါ်သို့ ဝဲကျနေကြသည်။ ထို့ထက် ကျွန်တော့်ကို ထိတ်လန့်ကျန့်လှုပ်စေသောအရာကား မျက်နှာပေါ်တွင် ကန့်လန့်ဖြတ်ထား၍ ကြီးမားလှသော အမာရွတ်ကြီးဖြစ်သည်။ ထိုအမာရွတ်ကြီးသည် လက်ဝဲဘက် နားထင်တွင်မှ



www.burmeseclassic.com

www.burmeseclassic.com



ထား လက်ဝဲဘက်မျက်ခုံးနှင့် နှာခေါင်းကို ဖြတ်သန်းပြီးနောက် လက်ျာဘက် ပါးပြင်ပေါ်သို့ ဆင်းလာကာ ပါးစောင်အစပ်တွင် အဆုံးသတ်သွား၏။

ကျွန်တော်သည် မျက်နှာတွင် အမာရွတ်ရှိသည့် လူတော်တော်များများကို တွေ့ခဲ့ဖူး၏။ အချို့ အမာရွတ်မှာ နဖူးတွင်ရှိ၍ အချို့မှာ မျက်ခုံးတွင် ရှိကြ၏။ အချို့မှာ ပါးတွင်ရှိ၍ အချို့မှာ နှာခေါင်းတွင် ရှိကြ၏။ အမာရွတ်ကြီးများ ရှိနေခြင်းကြောင့် ၎င်းတို့၏ မျက်နှာများသည် တစ်နည်းမဟုတ်၊ တစ်နည်းဖြင့် အဆင်မပြေဖြစ်ကြသည် မှန်သော်လည်း ထိတ်လန့်ခြင်း ဖြစ်ရလောက်အောင် အကျည်းတန်ခြင်း မရှိကြ။ တစ်နည်းမဟုတ်၊ တစ်နည်းဖြင့် ကြည့်ပျော်ရှုပျော် ရှိကြသည်သာ ဖြစ်၏။

ယခု ကျွန်တော် မြင်လိုက်ရသော လူကြီး၏ မျက်နှာပေါ်မှ အမာရွတ်ကြီးမှာကား၊ လက်ဝဲဘက် နားထင်စပ်မှ လက်ျာဘက် ပါးစောင်စပ်အထိ ကန့်လန့်ဖြတ်လျက် ရှိခြင်းကြောင့် ကျွန်တော်တွေ့ဖူးသော လူများ၏ မျက်နှာပေါ်မှ အမာရွတ်များ အကုန်ပါအောင် တမင်တကာ ဆက်စပ်ထားသည့်နှယ် ဖြစ်လျက်၊ ထိုလူမှာ အားလုံး၏ အကျည်းတန်ခြင်း ဟူသမျှကို စုပေါင်းဖော်ပြထားသယောင် ထင်ရ၏။

ထို့ပြင်မက ထိုလူကြီး၏ ညာဘက်ခြေထောက်တစ်ဖက်မှာလည်း ငုံးတိတိကြီး ပြတ်နေကာ ဂျိုင်းထောက်ကြီးတစ်ဖက်ကို အားပြုထား၊ ထောက်ထားလျက်ရှိ၏။ ၎င်း၏ အသားအရည်သည် နေလောင်ထားသည့်ဟန် ညိုမည်းလျက်ရှိသည်။ ထိုလူကြီးမှာ အသက် ခြောက်ဆယ်နီးပါးခန့် ရှိလေပြီ။

ထိုလူကြီးသည် အမာရွတ်ကြီး ကန့်လန့်ဖြတ်ထားသဖြင့် မျက်ခုံးအောက်မှ စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်လျက်ရှိရာက ပါးစပ်ကို တရွရွလှုပ်နေသည်။ ၎င်း၏ ပါးစပ်မှ အသံတစ်သံ ထွက်လာသည်ကိုလည်း ကျွန်တော် ကြားလိုက်ရ၏။ သို့ရာတွင် ကျွန်တော့်နားထဲ၌ ဘာကိုမျှ ပီသစွာမကြားရ။

ကျွန်တော်သည် နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားဖြင့် ထိုလူကြီးကို စိုက်ကြည့်ရင်း မှင်သက်မိသူပမာ မတုန်မလှုပ် ရပ်နေမိသည်။

ထိုလူကြီးထံမှ နောက်ထပ် အသံတစ်သံ ထွက်လာပြန်သည်။ ထိုအသံကိုလည်း ကျွန်တော် ပီသစွာ မကြားမိရချေ။

ကျွန်တော်သည် ရေတောင်းရမည်လော၊ ပြန်ထွက်သွားရမည်လောဟု ဇဝေခွဲမရဖြစ်လျက် ရှိသည်။





"ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ ..."

တတိယအကြိမ် အသံထွက်လာတော့မှ ကျွန်တော်သည် ထိုလူကြီး၏ စကားပြောသံကို ပီပီသသ နားလည်တော့သည်။

"ကျွန်တော် ... ကျွန်တော်"

ကျွန်တော်သည် ရှေ့မဆက်နိုင်ဘဲ ထစ်နေသည်။ ထိုလူကြီးက အခန်းအပြင်ဘက်မှ ကြမ်းပြင်ကို ဂျိုင်းညှပ်ဖြင့် လှမ်းထောက်လိုက်ပြီးနောက် ခါးပန်းကို ကျော်ကာ အပြင်ဘက်သို့ ထော့နဲ့ထော့နဲ့ဖြင့် လျှောက်လာလေသည်။

"ဟုတ်ကဲ့၊ ကျွန်တော် ဘာအကူအညီ ပေးနိုင်ပါသလဲ ခင်ဗျာ"

ကျွန်တော်သည် ထိုအခါကျမှ ထိုလူကြီး၏ အသံကို ကောင်းစွာ ကျက်မိသည်။ ထိုလူကြီး၏ ရုပ်ဆင်းအင်္ဂါနှင့် ထိုလူကြီး၏ အသံသည် အလွန်ကွာခြားလျက်ရှိသည်။ ထိုလူကြီး၏ မျက်နှာက ရုပ်ဆိုး အကျည်းတန်သလောက် အသံက နူးညံ့ချိုသာသည်။ ပျော့ပျောင်းသိမ်မွေ့သည်။ ဤသို့သော ရုပ်ဆင်းအင်္ဂါရှိသူတစ်ဦးထံမှ ဤမျှနူးညံ့ချိုသာသောအသံမျိုးကို ကြားရလိမ့်မည်ဟု ကျွန်တော် တစ်ခါမျှ မစဉ်းစားခဲ့ဖူးချေ။

"ကျွန်တော် ဘာအကူအညီပေးနိုင်ပါသလဲ ခင်ဗျာ။ ရောက်နေတာ တော်တော်ကြာပြီ ထင်ပါရဲ့။ ကျွန်တော်ကလည်း အရေးဆိုရင် အိပ်ပျော်နေတတ်တယ်။ အရင်တုန်းကလည်း ဒီလို ခဏကလေး အိပ်ပျော်ခဲ့မိလို့ ဘဝတစ်ခုလုံး ဆုံးခဲ့ရခမန်း ဖြစ်ခဲ့ပြီ။ အာဟာရသိဒ္ဓိ ပြီးတာမျိုး ရှိသလို၊ အအိပ်သိဒ္ဓိ ပြီးတာမျိုးရှိရင်လည်း အကောင်းသား ခင်ဗျာ"

ထိုလူကြီးသည် အိပ်ပျော်သွားခြင်းအတွက် ၎င်းဘာသာ မကျေနပ်ဟန်ဖြင့် အပြစ်ဆိုလျက်ရှိ၏။ 'ထိုင်ပါ ခင်ဗျာ' ထိုလူကြီးသည် အလွန်ယဉ်ကျေး သိမ်မွေ့စွာဖြင့် ပြောဆိုလျက်ရှိသည်။ ကျွန်တော့်ထက် အနှစ် ၂၀ ကျော်ခန့်ကြီးသည့်တိုင်၊ 'ကျွန်တော်' ဟူသော နာမ်စားကိုသာ သုံး၏။ 'ကျုပ်' ဟူသော နာမ်စားကိုပင် သုံးခြင်းမပြု။

ကျွန်တော်သည် ထိုအခါကျမှ အိပ်မွေ့ချခံရရာမှ နိုးလာသကဲ့သို့ သတိရလာကာ အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်မိလျက်သား ဖြစ်နေ၏။

"ဟုတ်ကဲ့၊ ကျွန်တော် ... ကျွန်တော် ရေတစ်ပေါက်လောက် သောက်ပါရစေခင်ဗျား၊ ကျွန်တော် ခရီးသည်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို … ရပါတယ်၊ ရေနွေးကြမ်းလည်း ရှိတယ်။ ရေနွေးကြမ်း ကြိုက်ရင် သုံးဆောင်ပါ"

ထိုလူကြီးသည် ကတ္တီပါအိတ်စွပ် အဟောင်းကလေးဖြင့် ဖုံးထားသော ရေနွေးကြမ်းအိုးကို ငှဲ့၍ ကျွန်တော့်ကို ကမ်းပေးသည်။

(၅)

ကျွန်တော်သည် ရေဆာဆာဖြင့် လက်ဖက်ရည်ကြမ်းခါးခါးကို တရှုတ်ရှုတ် သောက်လျက်ရှိ၏။ ထိုလူကြီးကမူ ၎င်းအတွက် တစ်ခွက်ငှဲ့ကာ ကျွန်တော့်ကို အကဲခတ်နေပုံရသည်။

"ရန်ကုန်က ထင်ပါရဲ့နော် …"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကိစ္စကလေးရှိလို့ မင်းလှကို ခဏလာပါတယ်၊ ခု အပြန်ပါ"

ထိုလူကြီးသည် ကျွန်တော့် မျက်မှန်ကိုလည်းကောင်း၊ ကျွန်တော့်ဆံပင်ကိုလည်းကောင်း မသိမသာ အကဲခတ်ကြည့်လိုက်ရာက …

"ဒီက မိတ်ဆွေကို ကျွန်တော် ရန်ကုန်မှာ တစ်ခါတွေ့ဖူးတယ်လို့ ထင်ပါတယ်။ စိတ်မရှိပါနဲ့နော်"

ကျွန်တော့် စိတ်ထဲကား ဇဝေဇဝါ။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်တုန်းက စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေးရဲ့ တိုက်ကို ကျွန်တော် ခဏရောက်တုန်း၊ အဲဒီမှာ တွေ့လိုက်ဖူးသလား လို့ပါ"

"ဟုတ်ကဲ့ … ကျွန်တော် တစ်ခါတလေ ရောက်တတ်ပါတယ်ခင်ဗျာ"

ထိုလူကြီး၏ မျက်နှာသည် ဝင်းထိန်သွားသည်ဟု ထင်မှတ်လိုက်ရ၏။ ၎င်းက ပြုံးလိုက်ပြီးနောက် …

"ဟုတ်ပါတယ်၊ သေချာပါပြီ၊ ဒီက မိတ်ဆွေက စာရေးဆရာ ထင်ပါရဲ့၊ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးနဲ့ စကားပြောနေသံကို တစ်စွန်းတစ်စ ကြားလိုက်လို့ပါ။ စာရေးဆရာ ဦးမြင့်အောင် ထင်ပါရဲ့"

ကျွန်တော်သည် လွန်ခဲ့သော ဆယ်နှစ်ခန့်က တစ်ကြိမ်တွေ့ရုံဖြင့် မှတ်မိလောက်အောင် မှတ်ဉာဏ်ကောင်းသော ထိုလူကြီးကို တအံ့တသြ ကြည့်မိသည်။





"ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် မြင့်အောင်ပါ"

"ကျွန်တော့်ကိုတော့ သိချင်မှ သိမှာပါ၊ ကျွန်တော့် နာမည်က မောင်မြင့်မောင်ပါ။ ဆရာဝန် မောင်မြင့်မောင်ပါ"

ကျွန်တော်သည် ကုလားထိုင် လက်တန်းနှစ်ဖက်ကို မြဲမြဲကြီး ဆုပ်ထားလိုက်ရင်း ဆရာဝန် မောင်မြင့်မောင်ဆိုသည့် ထိုလူကြီးကို ငေးကြည့်နေမိသည်။ အသက်အရွယ်နှင့် မလိုက်အောင် ရိုကျိုးနှိမ့်ချသော ၎င်း၏ အမူအရာ၊ အပြောအဆိုတို့ကိုလည်း အံ့သြလျက်ရှိသည်။

"စာရေးဆရာကြီး ရွှေလင်းယုန်ရဲ့ 'သူ' ဝတ္ထုကြီးထဲက"

"ဟုတ်ပါတယ် ခင်ဗျာ၊ 'သူ' ထဲက ဆရာဝန်မြင့်မောင်ပါ"

ထိုလူကြီးက ကျွန်တော့် စကားမဆုံးခင် ကြားဖြတ်၍ ပြောလိုက်သည်။

"တွေ့ရတာ သိပ်ဝမ်းသာပါတယ် … ခင်ဗျာ။ ဒေါက်တာ ဦးမြင့်မောင်ရဲ့ အကြောင်းကို 'သူ' ဝတ္ထုကြီးထဲမှာ ဖတ်ပြီးကတည်းက ကျွန်တော် သိနေပါတယ်။ ဒေါက်တာ ဦးမြင့်မောင်ရဲ့ အကြောင်းကို စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေးကို မေးကြည့်တဲ့အခါမှာလည်း မရှိတော့ဘူးလို့လို့ ပြောပါတယ်"

စာဖတ်သူများအား 'သူ' ဝတ္ထုကြီးထဲမှ ဆရာဝန် ကိုမြင့်မောင်အကြောင်းကို အကျဉ်းချုပ်၍ ကျွန်တော် ပြောလိုပါသည်။

'သူ' ဝတ္ထုကြီးမှာ ကွယ်လွန်သူ စာရေးဆရာကြီး ရွှေလင်းယုန်က ရေးခဲ့ခြင်း ဖြစ်သည်။

ထိုဝတ္ထုကြီးထဲ၌ ဆရာဝန် ကိုမြင့်မောင်သည် အလွန်အားနာတတ်သူ၊ အလွန်ရိုကျိုးနှိမ့်ချတတ်သူ၊ အလွန်သစ္စာရှိ၍ ကတိတည်သူ၊ အလွန်စွန့်လွှတ် အနစ်နာခံသူ ဖြစ်သည်။

ထိုဝတ္ထုကြီးထဲ၌ ဆရာဝန် ကိုမြင့်မောင်နှင့် ဆရာဝန် ကိုသက်ထွန်းတို့ နှစ်ဦးသည် အကြော့ဆိုသော မိန်းမပျိုတစ်ဦးကို ပိုးပန်းလျက် ရှိကြသည်။ အကြော့၏ ခင်ကြီးက ၎င်းတို့နှစ်ဦးအနက် တစ်ဦးဦးအား လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ရန်၊ ဆုံးဖြတ်ချက်ကို မိမိကွယ်လွန်ပြီးနောက် ၄၅ ရက်အတွင်း ချမှတ်ရန်၊ ထို ကာလအတွင်း မည်သူကမျှ မိမိဘက်သို့ ပါအောင် သွေးဆောင်ခြင်း မပြုကြရန် မှာခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ဆရာဝန်များချည်း ဖြစ်ကြသည်။ ရုပ်ရည်မှာလည်း တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာလှ။ ကိုသက်ထွန်းက အသားဖြူ၍ ကိုမြင့်မောင်



www.burmeseclassic.com

www.burmeseclassic.com



တ အသားညိုသည်။ ကိုသက်ထွန်းက တစ်ဖက်သား ငေး၍ နားထောင်ရလောက်အောင် စကားပြောကောင်း၍ ကိုမြင့်မောင်က စကားနည်းသည်။

သို့ဖြစ် ၄င်းတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကို ရွေးချယ်ရန် ဆုံးဖြတ်ရမည့် ရက်သည် နီးကပ်လာခဲ့လေပြီ။ ထိုအတောအတွင်း ကိုသက်ထွန်းသည် ညနေတိုင်း လာရောက်၍ အကြော့အား မည်မျှမေတ္တာရှိကြောင်း ပြောဆိုလေ့ရှိသည်။

ထိုစဉ်က သာယာဝတီမြို့နယ်တွင် ပုလိပ်ရောဂါ အကြီးအကျယ် ဖြစ်ပွားလျက်ရှိသည်။ ကိုသက်ထွန်းသည် ဆေးရုံတွင် ပုလိပ်ရောဂါရှင်များကို လက်မလည်အောင် ကုသလျက်ရှိသည့်ကြားက အကြော့ထံကို တစ်နေ့တစ်ခေါက် မှန်မှန်ရောက်လာလေ့ရှိသည်။ ကိုမြင့်မောင်ကား အလွတ်ဆေးတိုက်တစ်တိုက် ဖွင့်ထား၍ လွတ်လပ်ခွင့်ရှိသည့်တိုင် အကြော့ထံသို့ တစ်ခေါက်မျှ ရောက်မလာချေ။

ပုလိပ်ရောဂါ ဖြစ်ပွားသဖြင့် တစ်မြို့လုံး အလောင်းချင်းထပ်လျက် ရှိသည်။ လူသေကောင်များကို အိမ်ပေါ်မှ ဆွဲချနေရသည်။ အကြော့သည် မိမိအလွန်ချစ်သော ကလေးတစ်ဦး ပုလိပ်ရောဂါဖြင့် ဆုံးသွားသည့်အတွက် စိတ်လက်မကောင်း ဖြစ်လျက်ရှိသည်။ တစ်နေ့ ပုလိပ်ရောဂါအခြေအနေကို လေ့လာရန် ဆေးရုံကြီးသို့သွားရာ လူနာတွေကြားထဲတွင် လက်မလည်အောင် အလုပ်များနေသော ကိုသက်ထွန်းကို တွေ့ရသည်။ ဆေးရုံမှအပြန် ပျောက်ချက်သားကောင်းနေသော ကိုမြင့်မောင်ကိုတွေ့ရန် ၄င်း၏ ဆေးတိုက်သို့ လာခဲ့သည်။ ကိုမြင့်မောင်မှာ ဆေးတိုက်တွင် အိပ်ပျော်လျက် ရှိသည်ကို တွေ့ရသည်။

ဤမျှ လူတွေ သောက်သောက်လဲ ပျက်စီးနေသည့်ကာလတွင် စိတ်ချလက်ချကြီးအိပ်ပျော်နေသော ကိုမြင့်မောင်ကို တွေ့ရသောအခါ အကြော့သည် ကိုမြင့်မောင်ကို အလွန်အမင်း အထင်သေးသွားကာ လှည့်ထွက်လာခဲ့သည်။

များမကြာမီ အကြော့တွင်လည်း ပုလိပ်ရောဂါစွဲကပ်ကာ သုံးရက်လုံးလုံး သတိမေ့လျက်ရှိသည်။ ကိုသက်ထွန်းမှာ ဆေးရုံအလုပ်တွေကိုပစ်ကာ အကြော့အနီးတွင် နေ့ညမပြတ် ပြုစုလျက် ရှိသည်။ ကိုမြင့်မောင်ကား တစ်ခေါက်မျှ မပေါ်လာချေ။

အကြော့သည် ပြန်လည် ကျန်းမာလာသောအခါတွင် ကိုမြင့်မောင်ကို အထင်သေးလျက်ရှိကာ ကိုသက်ထွန်းကို လက်ထပ်ရန် ဆုံးဖြတ်လိုက်သည်။ ၄င်းတို့နှစ်ယောက်ထံပေးရန် စာအိတ်တစ်လုံးစီတွင် စာရေးထည့်ပြီး ၄င်းတို့နှစ်ယောက် ပေါ်လာမည့်အချိန်ကို စောင့်လျက် ရှိသည်။

ညနေ ၆ နာရီထိုးလေပြီ။

ဖခင်ကြီး ကွယ်လွန်ပြီးနောက် လေးဆယ့်ငါးရက်မြောက်သည့်နေ့ ညနေ ၆ နာရီတွင် ထိုစာအိတ်နှစ်လုံးကို ကိုသက်ထွန်း၊ ကိုမြင့်မောင်တို့ လာရောက်ယူကြရမည်ဖြစ်၏။ ကိုသက်ထွန်းကား ခါတိုင်းထက်စော၍ ရောက်လာ၏။ ကိုမြင့်မောင်ကား ၆ နာရီထိုးသည်အထိ မပေါ်လာ။ ထို့မှုမက ၄င်း၏ ဆေးတိုက်သို့ဝင် ညမှသာ လာရောက်အိပ်တတ်ပြီး တစ်နေ့လုံး ပျောက်နေတတ်ကြောင်း၊ ယခုတလောတွင်မူ နေ့ရော၊ ညပါ ပြန်မရောက်လာသည်မှာ အတန်ကြာပြီဖြစ်ကြောင်းဖြင့် သတင်းရရှိသည်။

အကြော့သည် ညနေ ၆ နာရီထိုးသည်နှင့် စာတစ်အိတ်ကို ကိုသက်ထွန်းထံသို့ ဆက်လိုက်သည်။ ကိုသက်ထွန်းကို ရွေးချယ်လိုက်သောစာ၊ ကိုသက်ထွန်း၏ ပျော်ရွှင်ခြင်း။

ကိုသက်ထွန်းသည် မိမိအား ရွေးချယ်လိုက်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြင့် လက်ထပ်ထိမ်းမြားရေးကိစ္စများကို ပြောဆိုကာ ည ၉ နာရီလောက်တွင် ပြန်သွားသည်။ ကိုသက်ထွန်း ပြန်သွား၍ မကြာမီ ဥတ္တိုရွာမှ လယ်သမားကြီးတစ်ယောက် စာတစ်စောင် လာရောက်ပေးသည်။ ထိုစာကား ကိုမြင့်မောင်၏ စာ။

ကိုမြင့်မောင်သည် စာကို အကြော့၏ ဒေါ်လေးထံ လိပ်တပ်ထားသည်။ ဒေါ်လေးက စာကို ဖွင့်ဖတ်လိုက်သည်။

ရိုသေစွာ အစီရင်ခံပါသည် ဒေါ်လေးခင်ဗျာ ...

ယနေ့မှာ ဦးမင်းမှာထား၊ ချိန်းဆိုသွားသော ရက်ဖြစ်၍ ကျွန်တော် ကိုယ်တိုင် များစွာ လာလိုလှပါသော်လည်း အကြောင်းမညီညွတ်အောင် ရှိနေသဖြင့် မလာရောက်နိုင်ခြင်းကို ခွင့်လွှတ်စေလိုပါသည်။ အကြော့အား အခွင့်လွှတ်စေရန် ဒေါ်လေးထံ တစ်ဆင့် တောင်းပန်ပေးစေလိုပါသည်။ အကြော့သည် ယနေ့ ကျွန်တော်အတွက် စာတစ်စောင် ပေးရန်ရှိရာ၊ ထိုစာကို ယခုလာသူဖြင့် ပေးလိုက်ပါက များစွာ ကျေးဇူးတင်မည်ဖြစ်ပါကြောင်း အစီရင်ခံရပါသည် ခင်ဗျား။

မြင့်မောင်

ဟူ၍ ပါရှိသည်။ လက်ရေးမှာ ကိုမြင့်မောင်၏ လက်ရေး[illegible]







www.burmeseclassic.com

www.burmeseclassic.com



အကြော့သည် ထူးခြန်းသောစာကြောင့် အိပ်မပျော်။ အရေးကြီးသော ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်ပါလျက် မလာရောက်နိုင်လျှင် အကြောင်းထူးတစ်ခုခုတော့ ရှိရချည်ဟု တွက်ဆထားသည်။ ညတွင်းချင်း ဥတ္တိုရွာသို့ လူလွှတ်စုံစမ်းရန် စိတ်ကူးသေး၏။ သို့ရာတွင် ဒေါ်လေးတားသဖြင့် မလွှတ်ဖြစ်တော့ချေ။

နောက်တစ်နေ့ နံနက်တွင် ဥတ္တိုရွာမှ အကြော့၏ သူငယ်ချင်း မခင်လှ ပေါက်လာသည်။ အကြော့သည် မခင်လှထံမှ အကျိုးအကြောင်းကို စုံစမ်းရ၏။ မခင်လှက အကျိုးအကြောင်း ပြောပြ၏။ အကြော့အလွန်ချစ်သည့် မခင်လှ၏ တူမကလေး ပုလိပ်ရောဂါဖြစ်ကြောင်း၊ ဤတွင် ဆရာဝန်ကိုသက်ထွန်းကို သွားခေါ်ကြောင်း၊ ကိုသက်ထွန်းက ငေါက်ငမ်းလွှတ်လိုက်ကြောင်း 'ဒီပြင်လူသေလို့ အရေးမကြီးဘူး၊ ကျုပ်သေမှ ခက်မယ်၊ မလိုက်နိုင်'ဟု ပြောလွှတ်လိုက်ကြောင်း၊ ထို့ကြောင့် ကိုမြင့်မောင်ထံ သွားရကြောင်း၊ ကိုမြင့်မောင်မှာ သရက်ပင်၊ ထောက်ကြံ့ကုန်း၊ စိန်ကန့်လန့် စသည့် ရွာများသို့သွား၍ ပုလိပ်ဆေးထိုးပေးနေကြောင်း၊ တစ်ခါတရံ သုံးလေးရက်ရှိမှသာ ဆေးတိုက်သို့ ပြန်လာတတ်ကြောင်း၊ ပြန်လျှင်လိုက်ခဲ့ပါဟု မှာခဲ့ရကြောင်း၊ ည ၁၂ နာရီလောက်တွင် ဥတ္တိုရွာသို့ ကိုမြင့်မောင် လိုက်လာကြောင်း၊ သို့ရာတွင် မခင်လှ၏ တူမကလေးမှာ မကြာမီ ခုံးသွားကြောင်း၊ သူကိုယ်တိုင် အလောင်းကို ထမ်းချရကြောင်း၊ ညတွင်းချင်းပင် အခြားရွာများသို့ဆက်၍ ပုလိပ်ဆေးများ ထိုးပေးကြောင်း၊ ထိုက အပြန် သုံးလေးရက်မအိပ်ခဲ့ရသည့်အတွက် ဆေးတိုက်၌ ခေတ္တဝင်အိပ်နေစဉ် အကြော့နှင့် ကြုံကြိုက်သွားဟန်တူကြောင်း၊ နောက် ရွာစဉ်ဆက်၍ ပုလိပ်ရောဂါ ကာကွယ်ဆေးထိုးရင်း ဥတ္တိုရွာသို့ ရောက်လာကြောင်းဖြင့် ပြောပြ၏။

"ပုလိပ်ရောဂါ ကာကွယ်ရေးအတွက် အမှိုက်တွေ မီးရှို့ရာက ဥတ္တိုရွာထဲမှာ မီးစလောင်ပါလေရော။ အနားက ဦးဖိုးကူးဆိုတဲ့ သူဌေးအိမ်ကို မီးစပြီးလောင်တယ်။ ဦးဖိုးကူးကလည်း ဒုလာင်နေ့ဖမ်းလို့ အိပ်ရာက မထနိုင်ဘူး။ မီး … မီး ဆိုတော့ လူမှာစောင့်တဲ့လူတွေ ကမန်းကတန်း ဆင်းပြေးကြတာပေါ့။ နောက်မှ ဦးဖိုးကူးကို သတိရလို့ အော်ကြ၊ ဟစ်ကြတော့ အိမ်ကို စွဲနေပြီ။ အားလုံး လက်ပိုက်ကြည့်နေကြတယ်။ အဲဒီအတောအတွင်း ကိုမြင့်မောင်ရောက်လာပြီး တစ်ခါတည်း အိမ်ပေါ်တက်တာပဲ။ နောက် ဦးဖိုးကူးကို မီးထဲကထမ်းပြီး ထွက်လာတယ်။ ရပ်နေတဲ့လူတွေဆီ ဦးဖိုးကူးကို တစ်ဆင့်လှမ်းပေးပြီး သူလည်း မီးထဲက ထွက်မယ်လုပ်ရော တိုင်ကြီးတစ်လုံး ဝုန်းကနဲကျလာပြီး သူလည်း မီးရှိန်နဲ့ လဲသွားတယ်။ သွားပြီး ဆွဲထုတ်တော့ အောက်ကခံနေတဲ့ သံပြားစောင်းကြီးက နဖူးနဲ့ပါးကို ကန့်လန့်ကြီးရှသွားတယ်။ နည်းတဲ့ဒဏ်ရာကြီး မဟုတ်ပါဘူး။ အနာကတော့ ကျက်လုပြီ။ ဒါပေမယ့် ခြေထောက်ကတော့ တိုင်ပိလို့ ပြန်ကောင်းတော့မှာမဟုတ်တော့ပါဘူး။ သတိရလာချိန်း 'အကြော့၊ အကြော့'နဲ့ခေါ်တယ်။ အကြော့ဆီ အကျိုးအကြောင်း စာရေးမယ်လို့ပြောတော့ မလုပ်ပါနဲ့၊ စာမရေးပါဘူးလို့ သူ့ဖခင်ကြီးကို ကတိပေးထားလို့ မဖျက်ပါရစေနဲ့လို့ တားလို့ မရေးရဘူး။ မနေ့ကမှ အကြော့ဆီကို စာတစ်စောင်ရေးခိုင်းတာ၊ အကြော့ဆီက စာလည်းရရော 'ကိုသက်ထွန်း ကံကောင်းတာပဲ'လို့ ပြောပြီး၊ သူ့လက်က လက်စွပ်ကို ချွတ်ပေးတယ်။ ဒီလက်စွပ်ကို လက်ဖွဲ့ပေးပါဆိုလို့ ခု လာပေးတာပဲ"

မခင်လှက ရှည်လျားစွာ ပြောပြသည်။ ကိုမြင့်မောင်ကို ဆေးရုံတင်ကုရန် ကြိုးစားသော်လည်း ငြင်းဆန်ပုံ၊ ၄င်းထက် အရေးကြီးသော လူနာများ ဆေးရုံ၌ရှိသဖြင့် ၄င်းတို့ကို ဦးစားပေးလိုပုံ စသည်တို့ကို ပြောပြသည်။

(၆)

ကျွန်တော်က ကျွန်တော် မှတ်မိသမျှ 'သူ' ဝတ္ထုကြီးမှ ဇာတ်လမ်းကို ပြန်ပြောင်း ပြောပြ၏။

"ကိုသက်ထွန်းနဲ့ အကြော့က သာယာဝတီမှာရှိတဲ့ သူတို့အိမ်ကိုလာပြီး ဆေးကုဖို့ ခေါ်တယ်မဟုတ်လား။ ခေါ်တော့ ဒေါက်တာ ဦးမြင့်မောင် ဥတ္တိုရွာကနေပြီး မခင်လှကိုလား၊ သုံးဆယ်ကိုလား မသိဘူး၊ ထွက်သွားတယ် ထင်ပါတယ်"

ကျွန်တော်က မေးလိုက်သည်။

"သုံးဆယ်ကို ထွက်သွားပါတယ်။ သုံးဆယ်ကို ထွက်သွားတော့ ကျွန်တော့်အကြောင်းကို အကြော့တို့ကို ဘာမှမပြောဖို့ မခင်လှတို့ကို မှာခဲ့တယ်လေ။ သုံးဆယ်က မခင်လှတို့ အဒေါ်တစ်ယောက်အိမ်မှာနေရင်း ကျွန်တော် ဆေးတိုက်ကလေးတစ်တိုက် ဖွင့်တယ်"

"ဒေါက်တာ ဦးမြင့်မောင်ရဲ့ အကြောင်းကို အကြော့တို့နဲ့တစ္ဆေ ပျောက်ပြီးမပြောဖို့ ပိတ်ပင်ခဲ့တာကိုတော့ ကျွန်တော် နားမလည်ဘူးခင်ဗျ"

ကျွန်တော်က 'သူ'ဝတ္ထုကြီးထဲမှ ကိုမြင့်မောင်၏ လုပ်ရှားပုံများကို စေ့စေ့ထည့်၍ မေးလိုက်သည်။

ကျွန်တော်သည် ငယ်ငယ်က 'သူ'ဝတ္ထုကြီးကို ဖတ်ရင်း၊ ထိုဝတ္ထုထဲမှ သူမေးမိ







www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်မောင်၏ စွန့်လွှတ်အနစ်နာခံတတ်ပုံ၊ နှိမ့်ချတတ်ပုံ၊ တစ်ဖက်သားကို အားနာတတ်ပုံ ကတိတည်ပုံ၊ မိမိ၏ ကောင်းသောလုပ်ဆောင်ချက်များကို လူမသိအောင် ဖုံးဖိထားတတ်ပုံ စသည့် စရိုက်များကို သဘောကျခဲ့သည်။ သို့ရာတွင် ကြီးပြင်းလာသောအခါတွင် 'သူ'ဝတ္ထုကြီးထဲမှ ကိုမြင့်မောင်၏ ဆောင်ရွက်ချက်အချို့ ကို နားမလည်နိုင်အောင် ဖြစ်လာခဲ့သည်။

ထို့ကြောင့် ရှင်းနိုးပွင့်လင်းစွာ မေးလိုက်ခြင်း ဖြစ်သည်။

ဒေါက်တာ ဦးမြင့်မောင်က ပြုံးလိုက်၏။

"ဒါကတော့ ဟိုတုန်းက ကျွန်တော့်အမြင်လေ။ လူတချို့ဟာ အလုပ်ကို နည်းနည်းလုပ်ပြီး စကားကို များများပြောတတ်ကြတယ်။ အလုပ်ကလေး နည်းနည်း လောက် လုပ်ရတယ်ဆိုရင်ပဲ ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်ပြီး ကိုယ့်အလုပ် လူမသိမှာ စိုးလို့ ကြွားဝါပြောတတ်ကြတယ်။ ဒီလိုလူမျိုးတွေဟာ လေးတဲ့အလုပ်တွေကို ရှောင် တတ်ကြပြီး၊ ပေါ့တဲ့အလုပ်ကိုသာ ရွေးလုပ်တတ်ကြတယ်။ ကိုယ့်ဖို့သာ အရင်စဉ်းစားပြီး သူတစ်ပါးဖို့ကိုတော့ နောက်မှ စဉ်းစားတတ်ကြတယ်။ ကျွန်တော်ဟာ ဒီလိုလူမျိုး မဖြစ်အောင် ကိုယ့်ကိုယ်ကို သတိထားတယ်။ ဒီအမြင်ကြောင့် ကျွန်တော့်မျက်နှာမှာ ဒီအမာရွတ်ကြီး (ဒေါက်တာဦးမြင့်မောင်က ၎င်း၏ မျက်နှာကို လက်ညှိုးထိုးပြသည်)ရှိနေ ဒီခြေထောက်တစ်ဖက် ပြတ်ခဲ့တာဟာ ဦးဖိုးကူးကို ကယ်ခဲ့ရလို့ ဖြစ်တယ်ဆိုတာမျိုး ကျွန်တော် လူသိမခံချင်ဘူး။ ဒါဟာ ကိုယ့်ဂုဏ်ကိုယ်ဖော်ရာ ရောက်တယ်လို့ ကျွန်တော် ထင်တယ်"

"နည်းနည်းလုပ်ပြီး လူသိအောင် ကိုယ့်ဂုဏ်ကိုယ် ဖော်တာမျိုးကို မကြိုက် ဘူးဆိုတာကတော့ ကောင်းပါတယ် ခင်ဗျာ။ ဒါပေမယ့် ကိုယ်လုပ်ခဲ့သလောက်ကို တော့ ထုတ်ဖော်မပြောသည့်တိုင် လူသိမခံချင်အောင် ဖြစ်တာမျိုးကတော့ မလိုအပ်ဘဲ လျှို့ဝှက်ရာ မရောက်ပေဘူးလား။ ဒီလို လျှို့ဝှက်ခဲ့တဲ့အတွက် ဒေါက်တာ ဦးမြင့်မောင် မျှော်လင့်သလို မဖြစ်လာဘဲ ပြောင်းပြန် အကျိုးသက်ရောက်မှုတွေ မဖြစ်ခဲ့ဘူးလား"

ကျွန်တော်က ပြောလိုက်သည်။ ဒေါက်တာ ဦးမြင့်မောင်သည် မျက်လုံးများကို မှေးလိုက်ရင်း ...

"ဘာကို ဆိုလိုတာပါလဲ"

"ဒီလိုပါ။ ဒေါက်တာ ဦးမြင့်မောင်ဟာ အကြော့တို့က သူတို့ဆီကို လာ ဆေးကုပါဆိုတော့ ဘယ်သူ့ကိုမှ အသိမပေးဘဲ ဥတို့ရွာက သုံးဆယ်ကို ထွက်လာခဲ့





တယ်။ ရည်ရွယ်ချက်ကတော့ အကြော့တို့ကို အနှောင့်အယှက် မဖြစ်စေချင်လို့ပဲ။ ဒါပေမယ့် ဒေါက်တာ ဦးမြင့်မောင် ဒီလို တိတ်တဆိတ် ပုန်းထွက်သွားတဲ့အတွက် ကြောင့်ပဲ အကြော့မှာ ပိုပြီး အနှောက်အယှက် ဖြစ်ရတယ်။ ပိုပြီး စိတ်ဒုက္ခ ရောက် ရတယ်။ နောက်ပြီး ..."

ကျွန်တော်က လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့၍ သောက်လိုက်သည်။

"နောက်ပြီး သုံးဆယ်ကို ရောက်တဲ့အခါကျတော့ ဒီအမာရွတ်ကြီး ရခဲ့ရပြီး၊ ခြေတစ်ဖက် ပြတ်ခဲ့ရတဲ့အကြောင်းကို မပြောဘဲ အထင်လွဲခံခဲ့ရတယ်။ ဒီအကြောင်း ရင်းကို လူတွေမသိတာကို အခွင့်ကောင်းယူပြီး ဦးဘဇံတို့၊ ဆရာဝန်ဘပုတို့ကလည်း ဒေါက်တာ ဦးမြင့်မောင်ကို အရှုက်ခွဲခဲ့ကြတယ်။ ဒါကော ဒေါက်တာ ဦးမြင့်မောင်ကို လူတွေနဲ့ မကင်းကွာစေပေဘူးလား။ ဒေါက်တာ ဦးမြင့်မောင်ကသာ ဒီဒဏ်ရာရတဲ့ အကြောင်းရင်းကို လူတွေ အသိပေးခဲ့ရင် လူတွေက ဘာအထင်လွဲစရာရှိလဲ။ ကိုဘဇံ တို့ကကော ဘယ်မှာ အရှုက်ခွဲလို့ ရတော့မလဲ။ ဒါဟာ မလိုအပ်ဘဲနဲ့ လျှို့ဝှက်ရာ ရောက်တယ်လို့ ကျွန်တော် ထင်တယ်။ ဒေါက်တာ ဦးမြင့်မောင်ဟာ သူတစ်ပါးအကျိုး ကိုဆောင်ရွက်ခဲ့ရင်း ဒဏ်ရာရခဲ့တယ်ဆိုတာကို အခါမရွေး ထုတ်ဖော်ပြောဖို့ မလို သည့်တိုင်၊ အထင်လွဲလာတဲ့အခါမျိုးကျတော့ ရှင်းမပြသင့်ပေဘူးလား။ ဒီလို ရှင်းပြ ခြင်းအားဖြင့် လူတွေ အထင်လွဲခံရတဲ့ အဖြစ်မျိုးကို မရှောင်ကွင်းနိုင်ပေဘူးလား။ များအကျိုးကို ဆောင်ရွက်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာအောင် လူငယ်တွေကို လမ်း ညွှန်နိုင်ပေဘူးလား"

"ကိုဘဇံတို့က ကျွန်တော့်ကို ဘာကြောင့် အရှုက်ခွဲတယ်ဆိုတာကိုတော့ မှတ်မိမှာပေါ့"

ဒေါက်တာ ဦးမြင့်မောင်က ကျွန်တော့်ကို မေးသည်။ ကျွန်တော်က သွက် သက်စွာဖြင့် ...

"ဟုတ်ကဲ့၊ ကျွန်တော်မှတ်မိပါတယ်။ သုံးဆယ်မှာ ကိုဘဇံဆိုတဲ့လူဟာ ရှုပ် လူပွေ၊ လုံ့လုံ့ဆိုတဲ့ စက်သူဌေးသမီးတစ်ယောက်နဲ့ ယူတော့မယ်ဆဲဆဲ၊ ဒီမှာ မောင်သန်းဆိုတဲ့ ကိုဘဇံတပည့်က ကိုဘဇံ မိန်းမရှုပ်ကြောင်း လုံ့လုံ့ကို သွားပြော တယ်။ ဒီလိုပြောတဲ့အတွက် မောင်သန်းကို ကိုဘဇံက နှိပ်စက်ထားလိုက်တယ်။ ဒါကို ဒေါက်တာ ဦးမြင့်မောင်က ကယ်ခဲ့တယ်။ ဒါက တစ်ချက်။ နောက်တစ်ချက် ...လုံ့လုံ့အဖေရဲ့ စက်ထဲမှာ အလုပ်သမားတွေဟာ အင်မတန် အဆင်းအတန်းရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာ နေရတယ်။ ဒါကို ဒေါက်တာ ဦးမြင့်မောင်က ပြုပြင်ပေးဖို့ လှဲ့
ဖခင်ဆီ သွားပြီး မေတ္တာရပ်ခံတယ်။ ဒီနှစ်ချက်ကြောင့် ကိုဘဇံဟာ ဒေါက်တာ ဦး
မြင့်မောင်အပေါ်မှာ အငြိုးထားတယ်။ နောက်တော့ ကိုဘဇံတို့က ရည်ရွယ်ချက်ရှိရှိ
ဒေါက်တာ ဦးမြင့်မောင်ကို ဧည့်ခံပွဲတစ်ခုကို ဖိတ်တယ်။ ဒေါက်တာ ဦးမြင့်မောင်ဟာ
မိန်းမမှုရှုပ်ခဲ့လို့ ဒီဒဏ်ရာကြီးတွေ ရခဲ့တာလို့ သတင်းလွှင့်တယ်။ ဧည့်ခံပွဲမှာ ဒေါက်တာ
ဦးမြင့်မောင်ကို မိတ်ဆက်လာတဲ့အခါမှာ ဘယ်သူကမှ အသိမလုပ်ဘဲ စက်ဆုပ်ရွံရှာ
တဲ့အကြည့်နဲ့ လှည့်ထွက်သွားခဲ့ကြတယ်။ နောက်တစ်ခါ ကိုဘဇံတို့ စီမံကိန်းနဲ့
လူငယ်များအသင်းတိုက်မှာ ဒေါက်တာဦးမြင့်မောင်ကို ကာလသားရောဂါတိုက်ဖျက်ရေး
တရားဟောခိုင်းတယ်။ ဒီမှာ လူငယ်တွေက မိန်းမမှုရှုပ်ခဲ့လို့ ဒဏ်ရာရတဲ့ ဆရာဝန်က
ကာလသားရောဂါတိုက်ဖျက် ရေးတရားဟောတာ ရက်စွယ်၊ ရက်စွယ်ဆိုပြီး အော်ထုတ်
တယ်။ တကယ်တော့ ဒါဟာ ဒေါက်တာဦးမြင့်မောင်က ရှင်းလင်းသင့်ပါလျက်
မရှင်းလင်းခဲ့လို့ ဖြစ်ရတာတွေပဲခင်ဗျ''

ဒေါက်တာ ဦးမြင့်မောင်သည် ခေါင်းတဆတ်ဆတ် ညိတ်၍ နားထောင်လျက်
ရှိသည်။

''ဒီတင် ဒေါက်တာ ဦးမြင့်မောင်ဟာ လူတောမတိုးရဲတော့ဘဲ သုံးဆယ်က
တိတ်တဆိတ် ထွက်ပြေးတယ်။ ပြည်က သူငယ်ချင်း ဆရာဝန် ကိုထွန်းဝေဆီ
ရောက်သွားတယ်။ အဲဒီကျတော့လည်း ဒီဒဏ်ရာအကြောင်းကို ကိုယ်နဲ့ အင်မတန်
ရင်းနှီးတဲ့ သူငယ်ချင်းဆရာဝန်ကိုလည်း ပြောမပြဘူး။ သူ့မိန်းမကိုလည်း ပြောမပြဘူး
သူ့ခယ်မ နုနုကိုလည်း ပြောမပြဘူး။ အထင်လွဲခံခဲ့ပြန်တယ်။ ဒေါက်တာ ဦးမြင့်မောင်
ပြည်ကိုရောက်လို့ မကြာမီမှာ လှဲ့လှဲ့ဟာ သူ့ယောက်ျားကိုဘဇံ ကလိန်ကျပုံ၊ ဒေါက်တာ
ဦးမြင့်မောင် စိတ်သဘောထားကြီးပုံ၊ ဒါတွေကို သိလာလို့ လူရိုးလူကောင်းတစ်ယောက်
ကို ဒီလို အရှက်တကွဲဖြစ်အောင် လုပ်ရပါမို့လားဆိုပြီး ယောက်ျားနဲ့ ကွဲလာတယ်။
ကွဲပြီး သူ့ သူငယ်ချင်း နုနုဆီ ရောက်လာတယ်။ ဒီမှာ လှဲ့လှဲ့ကို တွေ့ရမှာကြောက်လို့
လှဲ့လှဲ့ စိတ်ဆင်းရဲမှာစိုးလို့ ဒေါက်တာ ဦးမြင့်မောင် ပန်းဆွဲရွာကို ထွက်ပြေးပြန်တယ်။
ဒေါက်တာ ဦးမြင့်မောင် ခုလို ထွက်ထွက်ပြေးနေတာတွေရဲ့ ရည်ရွယ်ချက်က အခြား
လူတွေ စိတ်ဒုက္ခရောက်မှာစိုးလို့ ထွက်ပြေးတာပဲ။ ဒါပေမယ့် ဒီလို ထွက်ပြေးကာမှ
မခင်လှ၊ အကြော၊ လှဲ့လှဲ့၊ နုနုစတဲ့ မိန်းမတွေဟာ စိတ်ဒုက္ခရောက်ပြီး ကျွန်ရစ်ခဲ့ကြ
တယ်။ ဒေါက်တာ ဦးမြင့်မောင်ရဲ့ စေတနာက သူတို့ စိတ်ဒုက္ခမရောက်စေချင်လို့





ထွက်ပြေးတာ၊ ရှောင်တာ။ ဒါပေမယ့် အကျိုးသက်ရောက်မှုက သူတို့ဟာ ဒီလို
ထွက်ပြေးကာမှ ပိုပြီး စိတ်ဒုက္ခရောက်ကြရတယ်။ လူရိုးလူကောင်းတစ်ယောက်ကို
ပြစ်မှားမိလေခြင်းလို့ ပိုပြီး စိတ်ဒုက္ခ ရောက်ကြရတယ်။ လိုက်ရှာကြရတယ်။ ဒီတော့
စေတနာက တခြား၊ အကျိုးသက်ရောက်မှုက တခြား ဖြစ်မနေဘူးလား။ ဒါကြောင့်
ကျွန်တော်တော့ ဒေါက်တာ ဦးမြင့်မောင်ကို မကျေနပ်ဘူးခင်ဗျ''

ကျွန်တော်က အရှိန်ရလာပြီဖြစ်၍ ခပ်သွက်သွက် ပြောလျက်ရှိသည်။

''ဒီထက်ပိုပြီး မကျေနပ်တာ တစ်ချက် ရှိသေးတယ်''

ကျွန်တော်က ဆက်လိုက်သည်။ ဒေါက်တာ ဦးမြင့်မောင်သည် ခေါင်းကို
တဆတ်ဆတ်ညိတ်လျက် ရှိ၏။

''ထွက်ပြေးလို့ ပန်းဆွဲရွာကို ရောက်တဲ့အခါကျတော့ မယားပျောက်ရှာတဲ့
ကိုဘဇံနဲ့တွေ့တယ်။ အင်မတန် ယုတ်မာပက်စက်တဲ့ ကိုဘဇံနဲ့တွေ့တော့ ဒေါက်တာ
ဦးမြင့်မောင် ဘာလုပ်သလဲ။ သူ့ကိုခွင့်လွှတ်ပြီး ကူညီတဲ့သဘောနဲ့ သူ့မယား လှဲ့လှဲ့
သုံးဆယ်ရောက်နေတယ်ဆိုတာကို ပြောဖို့သွားတယ်။ ကိုဘဇံရဲ့လူတွေက ရိုက်လွှတ်
လိုက်ကြလို့ နောက်ဆုံး ဒေါက်တာမြင့်မောင် သုံးဆယ်ဆေးရုံကို ရောက်လာတယ်။
ဒါဟာ သဘောထားကြီးလွန်း၊ ရက်ရောလွန်း၊ ခွင့်လွှတ်လွန်း၊ ကောင်းလွန်းရာရောက်
နေပြီဘူးလား''

ဒေါက်တာ ဦးမြင့်မောင်သည် ခေါင်းတဆတ်ဆတ် ညိတ်နားထောင်နေရာမှ
ကျွန်တော့်ကို ကြည့်၍ ပြုံးလိုက်၏။

'' 'သူ' ဝတ္ထုကြီးကို ရေးတဲ့ စာရေးဆရာကြီး ရွှေလင်းယုန်အကြောင်းကို
ခင်ဗျား ကြားဖူးသလား''

''ဟုတ်ကဲ့၊ ကျွန်တော် မတွေ့ဖူးလိုက်ပေမယ့်၊ သူ့ ဇနီး စာရေးဆရာမကြီး
ခွန်နယ်ကျော် ·မမလေးနဲ့ သူ့မိတ်ဆွေကြီးဖြစ်တဲ့ ပန်းချီဆရာကြီး ဦးအုန်းလွင်တို့
ပြောလို့ နည်းနည်းပါးပါးတော့ ကြားဖူးပါတယ်ခင်ဗျာ''

''စာရေးဆရာကြီး ရွှေလင်းယုန်ဟာ အလွန် အရှက်အကြောက်ကြီးတဲ့
အလွန်သဘောထားကြီး၊ အလွန်ရိုးသား၊ အလွန်အားနာတတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး
ပါ။ လူတွေအိပ်တဲ့အနားမှာ မုန့်လေပွေစားရင် တကျွတ်ကျွတ်မြည်သံကြောင့် သူ
တွေ နိုးကုန်မှာစိုးလို့ မုန့်လေပွေကို ယူရှင်းရာ ထွက်စားတဲ့လူမျိုး ခါးပိုက်နှိုက်က
ကိုယ့်အိတ်ထဲက သားရေအိတ် နှိုက်ယူနေတာကို သိရက်နဲ့ အားနာလို့ မနှုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



မသိချင်ယောင်ဆောင်ပြီး ခါးပိုက်အနိုက်ခံတဲ့ လူမျိုး''

''ဟုတ်ကဲ့ … စာရေးဆရာကြီး ရွှေလင်းယုန်နဲ့ ပတ်သက်တဲ့ ပုံပြင်ကလေးတွေကို ကျွန်တော် ကြားဖူးပါတယ် ခင်ဗျား''

''ဒီလို ပုဂ္ဂိုလ်ကြီးရဲ့ ဩဇာအောက်မှာ ကျွန်တော် ကြီးပြင်းခဲ့ရတာ။ နောက်တစ်ယောက်က အာဖရိက တောနက်ကြီးထဲသွားပြီး လူမည်းတွေကို ဆေးကုသပေးတဲ့ ဒေါက်တာ အယ်လဘာတ်ရှိုင်ဇာ။ ဒီပုဂ္ဂိုလ်နှစ်ယောက်ဟာ ကျွန်တော့်အပေါ်မှာ တော်တော် ဩဇာညောင်းခဲ့တယ်။ ကျွန်တော်ဟာ စာရေးဆရာကြီး ရွှေလင်းယုန်ရဲ့ စိတ်ဓာတ်မျိုးနဲ့ ဒေါက်တာရှိုင်ဇာရဲ့ စေတနာမျိုးကို ပေါင်းထားတဲ့ လူတစ်ယောက် ဖြစ်အောင် ကြိုးစားခဲ့တယ်။ ဒါပေမယ့် ခုတော့ ကျွန်တော် တချို့အမြင်တွေ ပြောင်းသွားပြီ ခင်ဗျ''

ကျွန်တော်က ဒေါက်တာ ဦးမြင့်မောင်ကို ကြည့်လိုက်သည်။ ဒေါက်တာ ဦးမြင့်မောင်သည် အဝေးသို့ ငေးကြည့်လျက် ရှိသည်။ ရန်ကုန်ပြည်လမ်းပေါ်၌ လော်ရီကားကြီးများသည် တဝေါဝေါအော်မြည်၍ ဖြတ်သန်းသွားကြ၏။

''ဘယ်လိုအမြင် ပြောင်းတာလဲ ခင်ဗျာ''

''ခင်ဗျား 'သူ' ဝတ္ထုကြီးထဲက ကိုမြင့်မောင်ကို ဘယ်လို သဘောရသလဲ''

ဒေါက်တာ ဦးမြင့်မောင်က ကျွန်တော့်အမေးကို မဖြေဘဲ ထပ်မေးခွန်းထုတ်လိုက်သည်။

ကျွန်တော်က ခေတ္တမျှ စဉ်းစားကာ …

''ကျွန်တော် ငယ်ငယ်တုန်းကတော့ သိပ်သဘောကျတာပဲ ခင်ဗျ။ 'သူ'ထဲက ကိုမြင့်မောင်လို သူတော်ကောင်း ဖြစ်ချင်တယ်။ လူအားလုံးပေါ်မှာ ခွင့်လွှတ်နိုင်တဲ့ လူတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တယ်။ သူတစ်ပါးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံချင်တယ်။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ ကြီးလာတဲ့အခါမှာ ကိုမြင့်မောင်ရဲ့ တချို့အမြင်တွေကို ကျွန်တော် လက်မခံချင်တော့ဘူး ခင်ဗျ''

''ဘာဖြစ်လို့လဲ''

''ကြီးလာတဲ့အခါကျတော့ 'သူ' ဝတ္ထုထဲက ကိုမြင့်မောင်လို ကျွန်တော် တကယ်မလုပ်နိုင်ဘူး။ တကယ် သဘောထား မကြီးနိုင်ဘူး။ 'သူ' ထဲက ကိုမြင့်မောင်လိုလူမျိုးကို တကယ့်လူ့ဘဝမှာ ရှာလို့လည်း မတွေ့ဘူး။ 'သူ'ထဲက ကိုမြင့်မောင်လိုလူဟာ တကယ့်ဘဝမှာ ရှာမတွေ့နိုင်တဲ့ စိတ်ကူးမျှော်မှန်းချက်ထဲမှာသာ ရှိနိုင်တဲ့





လူမျိုး ဖြစ်နေလို့ပဲခင်ဗျ''

ဒေါက်တာ ဦးမြင့်မောင်က ရယ်လိုက်သည်။ ပြီးမှ ခေါင်းကို တဆတ်ဆတ် ညိတ်ကာ …

''ဟုတ်တယ် … ခင်ဗျားပြောတာ မဆိုးဘူး။ ကျွန်တော့်အမြင် ပြောင်းသွားတယ်ဆိုတာလည်း အဲဒါပဲ။ လဲ့လဲ့နဲ့ညားပြီး ဂျပန်ခေတ်ကျတော့ လဲ့လဲ့ ဆုံးသွားတယ်။ ဂျပန်တော်လှန်ရေးကျတော့ အကြောင်းအားလျော်စွာ ပဲခူးရိုးမ ရောက်သွားပြီး တိုဘဟိန်းတို့၊ သခင်သန်းဖေတို့နဲ့ တွေ့တယ်။ အဲဒီမှာ ကိုဘဟိန်းက ဒေါက်တာ နော်မန်ဘက်သွန်းဆိုတဲ့ ဆရာဝန်တစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိကို အဖတ်ခိုင်းတယ်။ ဒေါက်တာ နော်မန်ဘက်သွန်းအကြောင်းကိုတော့ ခင်ဗျား သိမှာပေါ့''

''ဟုတ်ကဲ့ … တရုတ်တော်လှန်ရေးမှာ စွန့်လွှတ် အနစ်နာခံသွားတဲ့ ကနေဒါပြည်သား ဆရာဝန်ကြီး ဒေါက်တာနော်မန်ဘက်သွန်းအကြောင်းကို ကျွန်တော် ဖတ်ဖူးပါတယ်။

ဒေါက်တာ ဦးမြင့်မောင်က ခေါင်းတဆတ်ဆတ် ညိတ်ရင်းက …

ဟုတ်တယ်၊ ဒေါက်တာ ရှိုင်ဇာနဲ့ ဒေါက်တာ နော်မန်ဘက်သွန်းကို ယှဉ်လိုက်တော့လည်း ဒေါက်တာ နော်မန်ဘက်သွန်းကို ပိုပြီး သဘောကျသွားတယ်။ သူ့ရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံ စိတ်မျိုးဟာ လူ့လောကအတွက် ပိုပြီး အကျိုးရှိတယ်လို့ ကျွန်တော် ယုံကြည်လာတယ်။ စွန့်လွှတ်အနစ်နာခံတယ်ဆိုတာ လူတွေအတွက် အကျိုးရှိတဲ့ စွန့်လွှတ်အနစ်နာခံခြင်းမျိုး ဖြစ်ရမယ်။ လူဆိုးလူမိုက်တွေ ကောင်းစားရေးအတွက် ဘာဖြစ်လို့ စွန့်လွှတ် အနစ်နာခံရမှာလဲ။ ဂျပန်ဖက်ဆစ်တွေအတွက် ကျွန်တော်က စွန့်လွှတ်အနစ်နာခံရင် ကျွန်တော်ဟာ ဘယ်မှာ စွန့်လွှတ်ရကျိုးနပ်ပါဦးမလဲ။ ဂျပန်ဖက်ဆစ်တွေကိုသာ ခွင့်လွှတ်နေရမယ်ဆိုရင် ဂျပန်တော်လှန်ရေးရယ်လို့ ဘယ်မှာ ရှိပါတော့မလဲ။ တော်လှန်ရေးတွေဆိုတာ ဘယ်မှာ ရှိပါတော့မလဲ။ လူ့လောက တိုးတက်မှုဆိုတာ ဘယ်မှာ ရှိတော့မလဲ''

ဒေါက်တာ ဦးမြင့်မောင်က စိတ်အားထက်သန်စွာ ပြောလျက် ရှိသည်။

''ဟုတ်တယ်၊ ကျွန်တော်တို့ဟာ လူကောင်းတွေအတွက် စွန့်လွှတ် အနစ်နာခံကြရမယ်။ မိတ်ဆွေတွေအတွက် အနစ်နာခံကြရမယ်။ အမိနိုင်ငံ [illegible] အတွက် စွန့်လွှတ်အနစ်နာ ခံကြရမယ်။ လူဆိုးတွေအတွက်၊ ဖိနှိပ်သူ [illegible] အတွက် ဘာဖြစ်လို့ စွန့်လွှတ်အနစ်နာခံရမှာလဲ။ ဘဇလိုကောင်မျိုးအတွက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ စွန့်လွှတ်အနစ်နာခံရမှာလဲ။ ကျွန်တော်တို့ဟာ လူကောင်းတွေအတွက် သုံးငယ်လို သိမ်မွေ့ပြီး၊ လူဆိုးတွေအတွက် ဝံပုလွေလို ကြမ်းကြုတ်ရမယ်။ ဂျပန်ခေတ်ဟာ ကျွန်တော့်ကို သင်ခန်းစာတွေ အများကြီး ပေးသွားတယ်''

ကျွန်တော်သည် မင်းလှအလာတုန်းက ကျွန်တော့်မိတ်ဆွေပြောခဲ့သော စွန့်လွှတ်အနစ်နာခံမှုနှင့် ဒေါက်တာ ဦးမြင့်မောင်ပြောသော စွန့်လွှတ်အနစ်နာခံမှုတို့ ထပ်တူထပ်မျှ တိုက်ဆိုင်နေကြပုံကို စဉ်းစားနေမိသည်။

''ဒါထက် ဒေါက်တာ ဦးမြင့်မောင်၊ မြို့ကလေးမှာ တော်တော် ကြာပြီလား''

''စာရေးဆရာကြီး ရွှေလင်းယုန် ဆုံးပြီးကတည်းက ဆိုပါတော့။ ကျွန်တော် ဒီမှာပဲ အခြေချမယ်လေ။ ဒီနယ်တစ်ဝိုက်က လယ်သမားတွေကို လိုက်ဆေးကုပေးတယ်။ ကျွန်တော့်ကိုယ်ကို ကျွန်တော် လယ်သမားတွေကို လှူလိုက်ပြီးပြီ။ လယ်သမားတွေက ကျွန်တော့်ကို ဒီအိမ်ကလေးတစ်ဆောင် ဆောက်ပေးပြီး ထမင်းကျွေးထားကြတယ်။ ကျွန်တော့်အဖို့ ဘာမှ မလိုတော့ဘူး။ သူတို့က နေစရာပေးတယ်။ သူတို့က ထမင်းကျွေးတယ်၊ ဆေးပစ္စည်းတို့ ဘာတို့လည်း သူတို့ကပဲ ဝယ်ပေးတယ်။ ကျွန်တော့်အဖို့ လုံလောက်ပြီလေ''

''ခု အသက်ကြီးတော့ အနားယူဖို့ကော''

ဒေါက်တာ ဦးမြင့်မောင်က လက်ကို ခါပြလိုက်သည်။

''အနားမယူပါရစေနဲ့တော့ဗျာ။ တစ်ခါကလည်း ခဏလောက် အနားယူပြီး အိပ်ပျော်နေခဲ့မိလို့ တစ်ဘဝ ဆုံးခဲ့ရပြီ မဟုတ်လား။ နောက်ထပ် တစ်ဘဝ မဆုံးပါရစေနဲ့တော့။ အမှန်ကတော့ ကျွန်တော့်ကိုယ်ခန္ဓာ သန်စွမ်းကျန်းမာနေသေးတယ်ဆိုရင် ဒီထက်တောင် ပိုလုပ်ဖို့ ကောင်းပါသေးတယ်။ ခုတော့ ကိုယ်က ဒုက္ခိတဆိုတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူး။ ကျွန်တော် ပြောချင်တာကတော့ ဒါပါပဲ။ စွန့်လွှတ်အနစ်နာခံတယ်ဆိုတာ ဘဇ်လို ဂျပိုးတွေအတွက် မဖြစ်စေရဘူး။ ဘဇ်လို လူဆိုးတွေအတွက် စွန့်လွှတ်အနစ်နာခံရတာဟာ အဓိပ္ပာယ်မရှိဘူးဆိုတာကို ကျွန်တော် သိလာပြီ။ စွန့်လွှတ်အနစ်နာခံခြင်းမှာ ဘယ်လို စွန့်လွှတ်အနစ်နာခံရခြင်းက လူ့လောကအတွက် ကောင်းကျိုးရှိတယ်၊ မရှိဘူးဆိုတာ ကျွန်တော် သိလာပြီ။ ကဲ ... မော်တော်ကားက ဟွန်းတီးခေါ်နေပြီထင်တယ်။ နောက် အကြောင်းဆုံရင် တွေ့ကြသေးတာပေါ့။ ကျွန်တော်လည်း ဆေးကုသွားစရာ ရှိသေးတယ်။ ခင်ဗျားကို နှင်ထုတ်ရတော့မှာပဲ။ အရင်တုန်းကလို အားမနာတတ်တော့ဘူးဗျ။ အားနာတာဟာ ကြောက်ခြင်းတစ်မျိုးပဲ မဟုတ်ဘူးလား''





ကျွန်တော်သည် ဒေါက်တာ ဦးမြင့်မောင်ကို နှုတ်ဆက်၍ ထခဲ့သည်။ မပြန်ချင်သေး။ သို့ရာတွင် အချိန်မရှိတော့ပြီ။ အိမ်မှပြန်အထွက် ခလောက်ဆွဲကို လှည့်ကြည့်လိုက်သည့်အခါတွင်မှ 'ဆရာဝန်မြင့်မောင် အချိန်မရွေး တွေ့နိုင်သည်' ဟူသော ဆိုင်းဘုတ်ကလေးကို ကျွန်တော် သတိပြုမိတော့သည်။

မော်တော်ကားပေါ်တွင် လူစေ့တက်စေ့ ရောက်နေကြလေပြီ။ ကျွန်တော် တစ်ယောက်သာ ကျန်တော့သည်။ လူစုံသည်နှင့် မော်တော်ကားလည်း ရှေ့သို့ ခရီးဆက်ခဲ့သည်။

မြို့ကလေးမှ ကျွန်တော်တို့ကား ထွက်လာသည့်အချိန်၌ ရဝိန်ဒေါင်းယာဉ်ဖွဲ့သည် ၄င်း၏ တောင်ပံများကို ရုပ်သိမ်းစ ပြုနေလေပြီ။

❑



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်သက်၍ ရေးချင်သော ဝတ္ထုများ – ၅

(၁)

"ဤအမှု၌ တရားခံအား အိန္ဒိယ ရာဇသတ်ကြီး ပုဒ်မ ၁၂၁ (က)အရ၊ ကေ ရီ ဘုရင်မကြီးအား ပုန်ကန်ရန် ကြံစည်မှုဖြင့်လည်းကောင်း၊ အိန္ဒိယ ရာဇသတ်ကြီး ပုဒ်မ ၁၀၉၊ ၁၂၁ (က)အရ ပုန်ကန်ရန် သွေးထိုးလှုံ့ဆော်မှုဖြင့် လည်းကောင်း တရားစွဲဆိုထားသည်။

အမှုသွားမှာ အောက်ပါအတိုင်းဖြစ်သည်။ အင်္ဂလိပ်တို့ မန္တလေးမြို့ကို သိမ်းသည့်အခါ၌ မက္ခရာမင်းသား၏ သားနှစ်ဦးဖြစ်သူ ချောင်းဝမင်းသားများသည် မန္တလေးနန်းတော်တွင်း၌ အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ထိုအချိန်၌ အကြီးဖြစ်သူ မောင်ဖိုးရှုံမှာ အသက် ၁၅ နှစ်ခန့်ရှိ၍ အငယ်ဖြစ်သူမှာ ၁၂ နှစ်ခန့်သာ ရှိသေးသည်။ ၎င်းတို့နှစ်ဦးအား အခြားသောအကျဉ်းသားများနှင့်အတူ လွှတ်လိုက်သည်။ ၎င်းတို့နှစ်ဦးသည် မန္တလေးတွင် အတန်ကြာနေထိုင်သည့် အတောအတွင်း ၎င်းတို့ ဖခင်၏ ဆရာတော်တစ်ပါးဖြစ်သူ မိုးထိဆရာတော်ထံ သွားရောက်ခဲ့သည်။ ထို့နောက် အင်းဝနယ် ချောင်းဝရွာဘက်သို့ ထွက်သွားခဲ့ကြသည်။ အကြီး မောင်ဖိုးရှုံသည် မင်းသား စောရန်နိုင်ဟူသော ဘွဲ့ကိုခံယူသည်။ ၎င်းနောက် လက်နက် လူသူစုဆောင်းကာ ဗြိတိသျှတပ်များကို လပေါင်းအတော်ကြာမျှ ခုခံတိုက်ခိုက်ခဲ့ကြရာ နောက်ဆုံး၌ အရေး နိမ့်ခဲ့ကြသည်။

၁၈၈၉ ခုနှစ်၊ အောက်တိုဘာလ ကုန်ခါနီး၌ မင်းသား စောရန်နိုင်သည် နောက်လိုက်နောက်ပါ အနည်းငယ်ဖြင့် မန္တလေးသို့ ရောက်ရှိလာခဲ့သည်။ ၎င်းနှင့် အတူ မရမ်းချောင်း ဘုန်းတော်ကြီးနှင့် တပည့်အချို့လည်း ပါလာကြသည်။ ၎င်းတို့

www.burmeseclassic.com



*၏ အကြံမှာ မင်းသား စောရန်နိုင် ခေါင်းဆောင်၍ မန္တလေးမြို့ကို သိမ်းရန်ဖြစ်သည်။ ၎င်းတို့သည် အိမ်တော်ရာဘုရားအတွင်း၌ အကြိမ်ပေါင်းများစွာ တွေ့ဆုံစည်းဝေးခဲ့ကြပြီးနောက် မြို့ကို တိုက်ခိုက်သိမ်းယူရန် တာဝန်ခွဲကြသည်။ မင်းသား စောရန်နိုင်၏ မွေးနေ့ မွေးနံနှင့်အညီ ဂဠုန်ငှက်အမှတ်အသားပါ အစိုးရသုံး တံဆိပ်တုံးများကို ထုလုပ်စေသည်။ ပုန်ကန်မှု အောင်မြင်ခြင်း ရှိ၊ မရှိကိုလည်း ပုဏ္ဏားများနှင့် ညှိနှိုင်းတိုင်ပင်သည်။ ၎င်းတို့က ဇာတာစန်းလက်နှင့်အညီ အငယ်ကို ခေါင်းဆောင်တင်ရန် အကြံပေးကြသည်။*

*ဇန်နဝါရီလ ၁၈ ရက်နေ့ မွန်းတည့်ချိန်၌ ပုန်ကန်ရန်ကြံသူတို့ ထပ်မံစုဝေးကြပြန်သည်။ ဘုန်းတော်ကြီးတစ်ပါးက ပုန်ကန်မှုတွင် ပါဝင်မည့်သူများ၏စာရင်းကို ဖတ်ပြသည်။ ကျည်ဆံပြီးရန် မန်းမှုတ်ထားသော ရုပ်ပွားတော်တစ်ဆူနှင့် ဇာတာကို တစ်ယောက်တစ်လှည့်ကိုင်ကြရမည်။ ထို့နောက် ဗုဒ္ဓဂါယာမှ ဗောဓိသားဖြင့် ထုလုပ်ထားသော ဘုရားရုပ်ပွားတော်တစ်ဆူကို ညောင်ရေအိုးတွင်ရေစိမ်၍ သစ္စာရေ သောက်ကြသည်။ ယင်းသို့ သစ္စာရေတိုက်လျက်ရှိစဉ် ပုလိပ်တို့ ဘုန်းကြီးကျောင်းဝင်းအတွင်း ဝင်ရောက်လာကာ ပုန်ကန်ရန်ကြံသူတို့ကို ဖမ်းဆီး၍ ပစ္စည်းများကို သိမ်းဆည်းခဲ့သည်”*

ကျွန်တော်သည် မျက်စိညောင်းစ ပြုလာသဖြင့် စာအုပ်ကို ခေတ္တပိတ်လိုက်ပြီးနောက် အဝေးသို့ လှမ်းကြည့်လိုက်သည်။

အဝေးတွင် မှိုင်းပျပျမှုန်ရီသော ကြွက်နဖားတောင်ကို မြင်ရသည်။ ကြွက်နဖားတောင်၏ နောက်၌ လှိုင်းလိပ်များ အထပ်ထပ် တွန့်ယှက်နေသကဲ့သို့ရှိသော မဆုံးနိုင်သည့် တောင်တန်းပြာကြီးများကို မြင်ရသည်။

ကျွန်တော့်အောက် တောင်ခြေပတ်လမ်း၌ မန္တလေး မေမြို့ ကားလမ်းသည် တွန့်လိမ်ကွေ့ကောက်ကာ စိမ်းညို့သော တောရိပ်မြိုင်ခြေအကြား၌ အစပျောက်သွားသည်။ မိန်းမပျိုတစ်ဦး၏ ကျိုးနက်တောင်ပံပမာ နက်မှောင်သော ဆံပင်များကြားမှ ပြေလျော့ကျလျက်ရှိသော ငွေဖဲကြိုးစ တစ်မျှင်လိုပင် ထင်လာသေးသည်။

မော်တော်ကားလမ်းဘေး ကုန်းမြင့်တစ်ခုပေါ်တွင် ထုံးဖွေးဖွေးဖြင့် စေတီငယ်တစ်ဆူရှိသည်။ တစ်ဆိတ်ငြိမ်သက်သော ညအခါများ၌ စေတီတော်မှ ဆည်းလည်းသံများကို ကြားရတတ်သည်။

ကျွန်တော်သည် အကျဉ်းထောင်ထဲတွင် နှစ်ရှည်လများ နေထိုင်လာခဲ့ပြီးနောက် ညောင်းညာလျက်ရှိသော စိတ်အာရုံကို ဆန့်တန်းရန်အတွက် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။





ကျွန်တော် ရောက်လျက်ရှိသော နေရာမှာ မန္တလေး - မေမြို့ မော်တော်ကားလမ်းဘေးရှိ ရွာကလေးတစ်ရွာအနီးမှ ခြံတစ်ခြံဖြစ်၏။ ကျွန်တော့်မိတ်ဆွေက ၎င်း၏ ခြံသို့ လာရောက်၍ အနားယူလိုက အနားယူနိုင်ကြောင်း၊ စာရေးရန် စာဖတ်ရန်အတွက် ငြိမ်ငြိမ်ချမ်းချမ်းမြေ့သော နေရာတစ်ခုဖြစ်ကြောင်း စာရေးလိုက်သဖြင့် ကျွန်တော် ရောက်လာခြင်း ဖြစ်သည်။

ကျွန်တော့်မိတ်ဆွေ၏ ခြံသည် ရွာနှင့်လည်း နီးသည်။ မန္တလေး - မေမြို့ ကားလမ်းမကြီးပေါ်တွင် ရှိနေသဖြင့်လည်း အသွားရ အလာရလွယ်သည်။ ထို့ကြောင့် မေမြို့ရှိ မိတ်ဆွေများထံသို့လည်း အလွယ်တကူ သွားရောက် လည်ပတ်နိုင်သည်။ မန္တလေးသို့ ဆင်း၍ မိမိဖတ်ရှုလိုသော စာနယ်ဇင်းများ၊ စာအုပ်စာတမ်းများကိုလည်း အလွယ်တကူ သွားရောက်ယူနိုင်သည်။

ရန်ကုန်မှ ထွက်လာစဉ်တုန်းကမူ ၎င်း၏ ခြံတွင် တည်းခိုနေထိုင်ခြင်း ပြုမည်ဟု ဆုံးဖြတ်လာခဲ့ခြင်း မဟုတ်။ နေရာထိုင်ခင်းကောင်းလျှင် ၎င်း၏ ခြံတွင် တည်းခိုမည်။ အဆင်မသင့်လျှင် မေမြို့သို့ သွားရောက် တည်းခိုမည်ဟု စိတ်ကူး၍ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် မေ-မန်း မော်တော်ယာဉ်ပေါ်မှ ဆင်း၍ ၎င်း၏ ခြံတွင်းသို့ ဝင်လိုက်သည်နှင့် ၎င်း၏ ခြံကို ကျွန်တော်သဘောကျသွားပြီ။

၎င်း၏ခြံထဲတွင် ကျွဲကော၊ ရှောက်ချို၊ သင်္ဘော၊ သရက်၊ မက်မန်း၊ စထော်ဘယ်ရီ၊ ယိုးဒယားဆီးသီး စသည့် သီးပင်များလည်း ရှိသည်။ ဆူးပုတ်၊ ခွေးတောက်ဆင်းကလာ၊ ခံတက်၊ နွားလျှာကြီး စသည့် စားပင်များလည်း ရှိသည်။ ပန်းဧကရီ[illegible]ကို၊ ခရမ်းချဉ် စသည့် စိုက်ခင်းများလည်း ရှိသည်။ မေမြို့ပန်း၊ နေကြာပန်း စသည့် ပန်းပင်များလည်း ရှိသည်။ ထို့ပြင်မက မြန်မာကြက်ခြံကလေးတစ်ခြံနှင့် နို့စား [illegible]မသုံးလေးကောင်ကိုလည်း အသားနှင့်ဥရရန် အလို့ငှာ မွေးထားလိုက်သေးသည်။

၎င်း၏ခြံသည် ကျွန်တော့် စိတ်ကူးထဲက ရိပ်ငြိမ်ကလေးတစ်ခုဖြစ်နေသည်။

ခြံဝင်းတံခါးကို တွန်းဖွင့်လာခဲ့ပြီးနောက် ခြံထဲသို့ ဝင်ခဲ့ကာ [illegible] စားပင်များကို တခေါ်မဲ့မဲ့ခန့် ကျော်ဖြတ်လာခဲ့လျှင် တဲကလေးတစ်လုံး[illegible] တဲဆိုသော်လည်း ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးဖြစ်၍ အိမ်ရှေ့တွင် [illegible] အမိုကလေးတစ်ခု ချထားသည်။ အိမ်ထဲတွင် ဧည့်ခန်းငယ်တစ်ခန်း [illegible] နှစ်ခန်းနှင့် နောက်ကွယ်တွင် မီးဖိုခန်းကလေးတစ်ခန်းရှိ၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဤခြံတလေးနှင့် အိမ်ကလေးကို မြင်လိုက်သောအခါ ကျွန်တော့်စိတ်ထဲတွင် ကြည်နူးလန်းဆန်း၍ သွားသည်။ မေမြို့ထိအောင် မတက်တော့ဘဲ ဤခြံကလေးမှာပင် တည်းခိုနားနေရန် ချက်ချင်း ဆုံးဖြတ်လိုက်သည်။

(၂)

ကျွန်တော့်မိတ်ဆွေသည် မန္တလေးတွင် နေ၍ တစ်ပတ်လျှင် တစ်ခါမျှသာ ၄င်း၏ ခြံသို့ လာရောက် ကြည့်ရှုလေ့ရှိသည်။ ခြံတွင်မှ သစ်ပင်ပန်းပင်များကို ပြုစုရန်၊ ခြံထွက်ပစ္စည်းများ ရောင်းချရန်၊ ခြံရှိ နွားနွားမများနှင့် ကြက်ခြံငယ်ကို စောင့်ရှောက်ရန်အတွက် ၄င်း၏ တပည့်သုံးဦးကို လွှဲထားသည်။

၄င်း၏ တပည့်သုံးဦးမှာ မြန်မာနှစ်ယောက်နှင့် ဓနုတစ်ယောက်ဖြစ်၍ ခြံနောက်ဖေး စည်းရိုးစပ်တွင် တဲတန်းလျားကလေးတစ်လုံးထိုးကာ သီးခြားနေထိုင်ကြသည်။ ထို့ကြောင့် ကျွန်တော်သည် ခြံလယ်ခေါင် ကုန်းစောင်းကလေးပေါ်ရှိ သစ်သားအိမ်ကလေးထဲတွင် တစ်ယောက်ထီးတည်း လွတ်လပ်စွာ နေနိုင်သည်။ စားရေးသောက်ရေးအတွက်လည်း မပူရ။ ၄င်းတို့ကပင် ချက်ပြုတ်ကာ အချိန်တန်လျှင် ထမင်းချိုင့်ကလေးတစ်လုံးကို ကျွန်တော်ထံသို့ လာပို့ကြသည်။ စာရေးသူတစ်ဦးအတွက် 'စာရေးချာန်' ရအောင် အားထုတ်ရန် အလွန်သင့်လျော်သော ကျောင်းသခ်မ်းကလေး တစ်ခုပေတည်း။

ကျွန်တော့်မိတ်ဆွေက ကျွန်တော်တစ်ယောက်တည်း ပျင်းမည်စိုးသဖြင့် အဖော်တစ်ယောက် လွှတ်ပေးမည်ဟု ပြောပါသေးသည်။ သို့ရာတွင် ကျွန်တော့်အတွက် အဖော်မလိုပါ။ ကျဉ်းမြောင်းကျပ်တည်းသော အခန်းကျဉ်းကလေးထဲတွင် နှစ်ရှည်လများ အထီးကျန်နေခဲ့ရသူတစ်ဦးအဖို့ ယခုကဲ့သို့ လွတ်လပ်အေးချမ်းသော နေရာတစ်နေရာတွင် ဝမ်းဗိုက်ကို ဖြည့်တင်းရန်အတွက် သင့်တင့်မျှတသော ရုပ်အာဟာရနှင့် ဦးနှောက်ကို ဖြည့်တင်းရန်အတွက် သင့်တင့်မျှတသော (စာအုပ်စာတမ်းများစသည့်) စိတ်၏ အာဟာရတို့ရှိလျှင်ပင် လုံလောက်နေပါပြီ။ အခြားမည်သည့် စည်းစိမ်ချမ်းသာကိုမျှ မလိုတော့ပါ။

နံနက်လင်းလျှင် သန့်ရှင်းလတ်ဆတ်သော လေချိုအေးကို ရှူရှိုက်ရသည်။ လတ်ဆတ်သန့်ရှင်းသော အစားအစာကို စားရသည်။ မိမိဖတ်လိုသော စာအုပ်စာတမ်းများကို ဖတ်ရသည်။ မိမိရေးလိုသော စာကို ရေးရသည်။ စကားစမြည် ပြောလိုလျှင်





ရွာသူရွာသားများ၊ လယ်သမားများနှင့် စကားပြောနိုင်သည်။ မိမိအိပ်လိုသော အချိန်တွင် အိပ်ရသည်။ ကဲ ...ဘာလိုသေးသနည်း။

ကျွန်တော့်အတွက် လူတစ်ယောက် အသက်ရှင်နေနိုင်သော အခြေခံပစ္စည်းတို့ ပြည့်စုံလျက် ရှိလေပြီ။ တစ်ယောက်ထီးတည်းနေရခြင်းကား အထူးအဆန်း မဟုတ်တော့ပါ။

မှန်ပါသည်။ လူသည် လူ့အဖွဲ့အစည်း၌ နေထိုင်သော ပေါင်းသင်းဆက်ဆံရေးသတ္တဝါဖြစ်ပါသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းတွင် နေထိုင်ရစဉ်၌ လူ၏ ပကတိစိတ်ခာတ် အစစ်အမှန်ကို မည်သည့်အခါမျှ မသိနိုင်ချေ။ လူသည် အများနှင့်ရောနှောနေထိုင်သည့်အခါ၌ အားရှိဟန် ဆောင်တတ်၏။ ကြောက်စရာကို တွေ့သည့်တိုင် မိမိ၏ ဂုဏ်သိက္ခာကို ငဲ့၍ မကြောက်ယောင် ပြုတတ်၏။ ပျော်စရာကို တွေ့သည့်တိုင် ဂုဏ်သိက္ခာကို ငဲ့ကွက်၍ မပျော်ယောင် ပြုတတ်၏။ ငိုစရာကို တွေ့သည့်တိုင် အိန္ဒြေကို ငဲ့ကွက်၍ ချုပ်တည်းလေ့ရှိ၏။ သို့သော် တစ်ယောက်ထီးတည်းရှိသောအခါ၌ကား လူ၏ ပကတိစိတ်သည် ဘွားဘွားကြီး ပေါ်လာလေတော့သည်။ ထိုအခါ ၄င်း၏ ဟန်ဆောင်ခြင်း၊ ချုပ်တည်းခြင်း၊ သိက္ခာကိုငဲ့ကွက်ခြင်းတို့ မရှိကြတော့။ 'လူ့အတ္တ' သည် ကွယ်ပျောက်ကာ 'တိရစ္ဆာန်အတ္တ' သည် ဘွားဘွားကြီး ပေါ်လာခဲ့လေပြီ။

တစ်ယောက်ထီးတည်း နေရစဉ်၌လည်း လူ့အဖွဲ့အစည်းတွင် နေရသကဲ့သို့ အင့်ကြဲ ထိန်းသိမ်း ချုပ်တည်းနိုင်သူသာလျှင် မိမိကိုယ်မိမိ အောင်နိုင်သူဖြစ်သည်။ ထို့ကြောင့် လူသည် တစ်ယောက်တည်း နေရသည့်အခါ၌ စိတ်တန်ခိုးသတ္တိ ပို၍ ဆက်မြှက်လာသည်ဟု နော်ဝေပြဇာတ်ဆရာကြီး 'အစ်ဗဆန်' က ပြောခဲ့ခြင်းဖြစ်ဟန်တူသည်။

ကျွန်တော်သည် နံနက်၌ စာဖတ်ခြင်း၊ စာရေးခြင်း စသည့် ကိစ္စများ ပြီးသည့်နောက် လမ်းလျှောက်ထွက်လေ့ရှိသည်။ လမ်းလျှောက်ပြန်လာလျှင် ခြံဘေး၌ ရစ်ခွေစီးဆင်းလျက်ရှိသော စမ်းချောင်းသို့ ဆင်း၍ ရေချိုးသည်။ ထို့နောက် နံနက်စာ စားကာ ခေတ္တအိပ်ပြီးနောက် စာရေးစာဖတ်ခြင်းကိစ္စဖြင့် အချိန်ကုန်ပြန်သည်။ ညနေစောင်းတွင်မူ ရွာဘက်သို့ လည်းကောင်း၊ ထုံးဖွေးဖွေးနှင့် မြင်ရသော စေတီဘက်သို့ လည်းကောင်း လမ်းလျှောက်ထွက်လေ့ရှိသည်။ သို့မဟုတ်လျှင်လည်း ခြံကြိုခြံကြား လျှောက်သွားကာ ခြံစိုက်သူများ၊ ရွာသားများနှင့် စကားစမြည်ပြောလေ့ရှိသည်။ ပြန်လာလျှင် စမ်းချောင်းသို့ဆင်း၍ ရေမိုးချိုးပြီးနောက် ထမင်းစားကာ ည ၁၀ နာရီတော့လျှင် [illegible]

www.burmeseclassic.com



စာရေးစာဖတ်ကိစ္စဖြင့် အချိန်ကုန်ပြန်သည်။

ရုတ်တရက်ကြည့်လျှင် ထိုသို့ ပြုရိုးပြုစဉ် ဇယားအတိုင်း နေထိုင်ရသည်မှာ ပျင်းရိုးငွေ့စရာကောင်းသည်ဟု ထင်မှတ်ရ၏။ သို့ရာတွင် အခန်းကျဉ်းကလေးတစ်ခုထဲ၌ နှစ်ရှည်လများ နေထိုင်ကျင်ကြံခဲ့ရသော အချိန်ဇယားနှင့် စာသော် ယခုဇယားသည် ကျွန်တော့်အတွက် အလွန်ကျယ်ဝန်းလျက်ရှိ၏။ အလွန်လွတ်လပ်လျက်ရှိ၏။

ကျွန်တော်သည် အေးချမ်းရိပ်ငြိမ်သော ပတ်ဝန်းကျင်ကို ကျေနပ်နှစ်သိမ့်စွာ တွေးတောလျက်ရှိရာမှ စာအုပ်ကို ဆက်၍ ဖတ်လိုက်ပြန်သည်။

*"ဖေဖော်ဝါရီလ ၂၃ ရက်။ ကူမုန်ကြီးမှ နမ့်ပေါင်ချောင်းသို့ ကိုးမိုင်ကွာသည်။ အိမ်ခြေ ၂၅ အိမ်မျှရှိသော ကူမုန်ကြီးရွာကို မီးတင်ရှို့ခဲ့သည်။ အနီးရှိသော တဲတွင်ရက်ထားသော ပေါင်ချိန် ၂၀,၀၀၀ ခန့်ရှိ စပါးများကို မီးရှို့ဖျက်ဆီးခဲ့သည်။*

*"ဖေဖော်ဝါရီလ ၂၇ ရက်။ ရိက္ခာစစ်ကြောင်း နမ့်ပေါင်ချောင်းသို့ ယနေ့ ပြန်လည်ထွက်ခွာလာသည်။ ကျွန်ုပ်လည်း ထိုစစ်ကြောင်းနှင့်အတူ လိုက်ပါလာသည်။ စုစုပေါင်း အိမ်ခြေ ၂၈၇ အိမ်ရှိ ရွာပေါင်း ၁၇ ရွာကို မီးတင်ရှို့ခဲ့သည်။ ပေါင်ချိန် ၁၄၉,၀၀၀ ခန့်ရှိ စပါးများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။ ကျွန်ုပ်တို့၏ အကျအဆုံးမှာ အမြောက်တပ်သားတစ်ဦးကျဆုံး၊ ပန်ချာပီ ပုလိပ်တစ်ဦး အကြီးအကျယ် ဒဏ်ရာရ၊ ဟန့်ရှိုင်းယားတပ်သားတစ်ဦး ကျည်ဆံထိမှန်၊ အမြောက်တပ်သား သုံးဦးနှင့် အရာရှိသုံးဦး ညှောင့်ထိ၊ ဂေါ်ရခါး စစ်သားတစ်ဦး တောင်စောင်းမှ လှိမ့်ချသော မောင်းကျောက်မှန်"*

ကျွန်တော်သည် 'အထက်မြန်မာပြည် နိုင်ငံခြားမှုခင်းများ။ (၁၈၈၇ - ၉၀) အမည်ရှိ စာတမ်းကောက်နုတ်ချက်များကို ဖတ်လျက်ရှိသည်။

ထိုစာတမ်းမူရင်းမှာ ကျွန်တော်တို့ဆီတွင် ရှိဟန်မတူ။ ကျွန်တော် ဖတ်လျက်ရှိသော စာတမ်းကောက်နုတ်ချက်မှာ နိုင်ငံခြားသားတစ်ဦးရေးသော စာအုပ်တစ်အုပ်တွင် ထုတ်နုတ်ကိုးကားထားသော စကားစုများသာ ဖြစ်ပါ၏။ ထိုနိုင်ငံခြားသားစာရေးဆရာသည် ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် အထက်မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော မြန်မာတို့၏ လက်နက်ကိုင်ခုခံမှုကို ရေးသားထားခြင်း ဖြစ်သည်။

ကျွန်တော်သည် ထိုစာတမ်းကောက်နုတ်ချက်များကို ဖတ်ရင်း ၁၈၈၅ - ၉၀ ခုနှစ်တစ်ဝိုက် မြန်မာနိုင်ငံ တဝန်းတွင် ဗြိတိသျှတို့ကို လက်နက်ကိုင်၍ ခုခံတော်လှန်ခဲ့ကြသော မြန်မာကြီးများ၏ ဇာတိမာန်စစ်ပွဲများအကြောင်းကို တွေးတော





ခဲ့သည်။

၁၈၈၅ ခုမှ ၁၉၀၀ ပြည့်နှစ်တစ်ဝိုက် ကာလအတွင်း၌ မြန်မာ၊ ရှမ်း၊ ကချင်စသော မျိုးချစ်ပြောက်ကျား သူပုန်တို့သည် ဗြိတိသျှတို့ကို ခုခံခဲ့ကြသည်။ အောက်မြန်မာနိုင်ငံတွင် ဦးခေါင်းကြီး၊ ဗိုလ်မြတ်ထွန်း၊ အထက်မြန်မာနိုင်ငံတွင် စောရန်နိုင်၊ စောရန်ပိုင် စသည့် မင်းသားများ၊ ကချင်ပြည်နယ်တွင် ဝန်းသိုစော်ဘွား၊ ဆမားစော်ဘွား၊ ရှမ်းပြည်တွင် မိုးမိတ်စော်ဘွား၊ ချင်းတောင်တွင် ရွှေဂျိုးဖြူမင်းသားနှင့် ဗိုလ်ဖိုးမှိုင်းလိပ်ချို၊ အလယ်ပိုင်း မြန်မာနိုင်ငံတွင် ဗိုလ်မင်းရောင်၊ ဗိုလ်ရာညွန့် စသူများသည် ဗြိတိသျှတို့၏ ခေတ်မီလက်နက်များကို တူမီးသေနတ်များ၊ ဒူးလေးများ၊ ညှောင့်များ၊ ဓါးလှံများ၊ ကျောက်မောင်းများဖြင့် ခုခံတိုက်ခိုက်ခဲ့ကြသည်။

ကျွန်တော် ဖတ်လျက်ရှိသည့် မှတ်တမ်းကောက်နုတ်ချက်များမှာ ဗြိတိသျှအရာရှိနှစ်ဦးက ဆိုင်ရာသို့ ပေးပို့သော အစီရင်ခံစာများ ဖြစ်သည်။

၎င်းတို့က မကွေးရာမင်းသားကြီး၏ သားတော်နှစ်ဦးဖြစ်သော စောရန်နိုင်နှင့် စောရန်ပိုင်တို့၏ အကြောင်းများကို အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားသည်။ စောရန်နိုင်သည် တော်လှန်ပုန်ကန်ရန် ကြံစည်သည့်အတွက် ဗြိတိသျှတို့က လိုက်လံဖမ်းဆီးသည်နှင့် မန္တလေးမှ ထွက်ပြေးကာ ကချင်ပြည်နယ်ရှိ ကချင်သူပုန်ခေါင်းဆောင်ကြီး ခမ်လမ်း (မြန်မာအမည် ကံလှိုင်)နှင့် လာရောက် ပူးပေါင်းခဲ့သည်။ ညီတော်စောရန်ပိုင်ကိုမူ မန္တလေးမြို့၌ပင် ဖမ်းဆီးရမိသွားသဖြင့် ရန်ကုန်သို့ အပို့ခံရသည်။ မင်းသား စောရန်နိုင်သည် ကချင်သူပုန်ခေါင်းဆောင်ကြီး ခမ်လမ်းနှင့် ပူးပေါင်းကာ ဝိုင်းမော်၊ ဗန်းမော်၊ မိုးကောင်း စသည်တို့တွင် လူသူလက်နက် အခိုင်အမာ စုရုံးနိုင်ခဲ့သည်။ ထိုဒေသတစ်ဝိုက်မှ ဗြိတိသျှတို့၏ ဩဇာနယ်ပယ်ကို ခုခံခဲ့သည်။ ထို့မှတစ်ဆင့် ဆမားစော်ဘွား၊ ယူနန်နယ်စပ်ရှိ ပုန်ကန်စော်ဘွားတို့နှင့် ထပ်မံပူးပေါင်းမိကြကာ အင်အား တောင့်တင်းခိုင်မာလာခဲ့သည်။ ကချင်ပြည်နယ်မှ မြန်မာမျိုးချစ်တို့၏ [illegible] သည် ၁၉၁၄ - ၁၉၁၅ ခုနှစ်ကျမှ အဆုံးသတ် ပြိုကွဲခဲ့သည်။

ရှမ်းပြည်တောင်ပိုင်းတွင် လင်းပင်မင်းသားနှင့် ကျိုင်းတုံစော်ဘွားတို့သည် ဗြိတိသျှတို့ကို ပုန်ကန်ခဲ့ကြသည်။ နောက်ဆုံးတွင် အားမတန်၍ [illegible] ကြသည်။

ကျွန်တော်သည် နိုင်ငံခြားသားများ ရေးခဲ့ကြသော အစီရင်ခံစာများကို [illegible] မြန်မာပြောက်ကျားသူပုန်တို့၏ လှုပ်ရှားမှုများကို တရေးရေး မြင်ယောင်[illegible]



BURMESE CLASSIC .com

www.burmeseclassic.com

(၃)

သို့ဖြင့် စာဖတ်လိုက်၊ တွေးလိုက် လုပ်နေသည်မှာ မည်မျှကြာသည်ကို မသိ နာရီကို ကြည့်လိုက်တော့ ညနေ ၄ နာရီ ထိုးနေလေပြီ။ မိုးရိပ်ကြောင့် ကျွန်တော်သည် ဆွယ်တာအင်္ကျီ ထပ်ဝတ်လိုက်ကာ ရွက်ဖျင်ဖိနပ်ကို စွပ်လိုက်သည်။ မန္တလေး - မေမြို့ ကားလမ်းဘေးရှိ ခြံများမှာ အဆင်းအတက်တွေများသဖြင့် ရွက်ဖျင်ဖိနပ် စီးမှ ခြေကုတ်မြဲခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်သည် ခြံဝမှထွက်ကာ ခြံကြိုခြံကြားကို ဖြတ်၍ စေတီငယ်ရှိရာ လာခဲ့သည်။ ခါတိုင်း လမ်းလျှောက်လျှင် မန္တလေး - မေမြို့ ကားလမ်းမကြီးအတိုင်း ထိုစေတီရှိရာသို့ လမ်းလျှောက်လေ့ရှိသော်လည်း၊ ယခုတွင်မူ လမ်းသစ်မှ သွား သည့်အတွက် နောက်ဖေးဘက်ခြံများကြားမှ ဖြတ်၍ လျှောက်ခဲ့ခြင်းဖြစ်သည်။ ခြံများ သည် တိမ်ညင်းပင်၊ မက်မန်းပင် စသည့် စားပင်သီးပင်မျိုးစုံဖြင့် စိမ်းညို့ဝေဆာလျက် ရှိနေကြ၏။

ခြံများကိုကျော်လျှင် ထိုစေတီငယ်ရှိရာ ကမူကလေးကို တွေ့ရသည်။ က မှာ အလွန်ဆုံးရှိမှ မြေပြင်မှ ပေနှစ်ရာကျော်၊ သုံးရာနီးပါးလောက် ရှိသည် ထင်ပါသည်။ ကမူကလေးမှာ မော်တော်ကားလမ်းနှင့်တကွ စိုက်ခင်းများ၊ ခြံများကိုစီး၍ ကြည့် သဖြင့် မြင်ကွင်းကောင်းသည်။ ထို့ကြောင့် ထိုစေတီငယ်ဘက်သို့ ကျွန်တော် မကြာခဏ လမ်းလျှောက်ခြင်းဖြစ်သည်။

ကျွန်တော်သည် တောင်ကုန်းဆင်ခြေလျှော လမ်းကလေးအတိုင်း တက်လာ ပြီးနောက် စေတီပရဝဏ်ထဲသို့ ဖိနပ်ချွတ်ဝင်ခဲ့သည်။ ပရဝဏ်ဆိုသော်လည်း ကြီးကြီး ကျယ်ကျယ်မဟုတ်ပါ။ ကျောက်ခဲတုံးများကို ခါးလောက်အထိစီ၍ လေးဘက်လေး တန် တံတိုင်းခတ်ထားခြင်းသာ ဖြစ်သည်။ စေတီပတ်လည်တွင် သွပ်မိုး၊ သံမံတလင်း ခင်း၊ အာရုံခံတန်ဆောင်းငယ်တစ်ခု ရှိသည်။ ခပ်လှမ်းလှမ်းတွင် တံခွန်တိုင်တစ်တိုင် သည် မားမားရပ်လျက် ရှိ၏။

ကျွန်တော်သည် ပရဝဏ်ထောင့်စွန်းတစ်ခုတွင် ရပ်၍ သန့်ရှင်းလတ်ဆတ် သောလေကို အားရပါးရ ရှူရှိုက်လိုက်သည်။ ရန်ကင်းတောင်၊ မယ်ဥတောင်၊ စစ်ကိုင်း တောင် စသည့် မန္တလေးဘက်မှ တောင်တန်းများကိုလည်းကောင်း၊ မေမြို့ဘက်မှ ကျွန်တော် အမည်မသိသော တောင်တန်းများကို လည်းကောင်း၊ ကမူအောက် ကား လမ်းဘေးမှ စိုက်ခင်းပျိုးခင်းများကိုလည်းကောင်း မျှော်ကြည့်မိသည်။





သို့ကလို ကြည့်ပြီးနောက် စေတီကို လက်ျာရစ်၍ ပတ်လာခဲ့သည်။ စေတီ ဘော် ရာဟုထောင့်ဘက်သို့ အရွေ့တွင် ကျွန်တော့်ခြေလှမ်းများသည် မြင်ကွင်း တစ်ခုကြောင့် တုံ့ကနဲ ရပ်သွားကြသည်။

အသက် ၆၀ ကျော်ခန့် ယောင်တစောင်းထုံး၍ စေတီတော် ပရဝဏ်အဖြင့် ဘက်တွင် ရပ်လျက်ရှိသော လူကြီးတစ်ယောက်၊

သာမန်အားဖြင့်ဆိုလျှင် ကျွန်တော် ခြေလှမ်းတုံ့၍ ရပ်ကြည့်ရန် အကြောင်း မရှိ။

သို့ရာတွင် ထိုလူကြီးသည် သိုးမွေးစွပ်ကျယ် အင်္ကျီလက်ရှည်၊ ရှမ်းဘောင်း ဘီမွ၊ ရွက်ဖျင်ဖိနပ်တို့ကို စီးထားလျက် ခြေထောက်များကို ကွေးချည်၊ ဆန့်ချည်၊ ဘက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ၊ လေထဲတွင် လက်သီးထိုးဟန် ပြ ချည်၊ ရှောင်ချည်၊ တိမ်းချည်၊ ခြေတစ်ချောင်းကို ရှေ့သို့ ဆန့်ထုတ်၍ ကျန်တစ်ဖက်ဖြင့် ထိုင်ချည်၊ ထချည် တစ်လှည့်စီ ပြုလျက်ရှိခြင်းကို တွေ့ရသောကြောင့် စိတ်ဝင်စားစွာ အကဲခတ်လိုက်မိခြင်း ဖြစ်သည်။

ရိုးရိုး ထိုင်ချည်ထချည် လေ့ကျင့်ခန်းမျိုးလည်း မဟုတ်၊ လက်ဗွေ့ကျင့်နည်း မျိုးလည်း မဟုတ်သည့် လေ့ကျင့်ခန်းကို ကျွန်တော်သည် အချိန်တော်တော်ကြာမျှ ငေးစိုက်ကြည့်နေမိသည်။ ထိုလူကြီးသည် အသက်အရွယ်နှင့် မလိုက်အောင် ကျန်းမာ တောင့်တင်းပုံရသည်။ လေ့ကျင့်ခန်းကိုလည်း ကျွမ်းကျင်ပေါ့ပါးစွာ ပြုလုပ်လျက်ရှိသည်။

ကျွန်တော်က ခပ်လှမ်းလှမ်းတွင် ရပ်၍ ချောင်းတစ်ချက် ဟန့်လိုက်သည်။ သို့ရာတွင် ထိုလူကြီးသည် ကျွန်တော့်ကို လှည့်ကြည့်ခြင်းမပြု။ လေကို နှာခေါင်းမှ ရှူသွင်းကာ၊ ပါးစပ်မှ ထုတ်ရင်း အသက်ကို ပြင်းစွာ ရှူလျက်ရှိသည်။

သို့ဖြင့် အတော်ကြာ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်ပြီးနောက်မှ ကျွန်တော့် ဘက်သို့ ချာကနဲအလှည့်လိုက်၊ ကြည့်လိုက်သည်တွင် ကျွန်တော်နှင့် မျက်လုံးချင်း ဆုံမိကြသည်။

၎င်း၏ မျက်နှာမှာ ကျွန်တော်ထင်သည်ထက် နုပျိုလျက်ရှိခြင်းကို တွေ့ရ၏။ နောက်ကကြည့်လျှင် ယောင်တစောင်းထုံးထားသဖြင့် အတော်အိုစာနေပြီ ထင်ရသော် လည်း မျက်နှာမှာ မကျလှသေး။

ကျယ်ပြန့်သောနဖူး၊ ထူထဲသော မျက်ခုံး၊ တောက်ပသော မျက်လုံး ပေါ်လွင် သော နှာတံ၊ ပါးလျသော နှုတ်ခမ်းများနှင့်တကွ ထိုလူကြီး၏ ကျော့ရှင်းသော



www.burmeseclassic.com

www.burmeseclassic.com



ဥပဓိရုပ်သည် နောက်တစ်ခါ ပြန်၍ ကြည့်ရလောက်အောင် ခန့်ညားချောမောသော ဥပဓိရုပ်မျိုး ဖြစ်၏။

ကျွန်တော်သည် စူးစူးရဲရဲရှိလှသော ထိုလူကြီး၏ အကြည့်ကို ကြာရှည် ရင် မဆိုင်နိုင်တော့ဘဲ မျက်လုံးများကို တခြားသို့ လွှဲပစ်လိုက်မိသည်။

သို့ရာတွင် ကြာကြာမနေနိုင်။ နောက်တစ်ကြိမ် လှည့်ကြည့်မိပြန်သည်။ ဤ တစ်ကြိမ်၌လည်း ထိုလူကြီးသည် ကျွန်တော့်ကို စူးစူးရဲရဲကြီး စိုက်ကြည့်နေပြန်သည်။

ကျွန်တော်က အနေရခက်လာကာ ပြုံးလိုက်သည်။ ထိုလူကြီးကမူ ပြုံးရယ်ခြင်း မရှိချေ။

"ကိုရင်က ဒီကို ဘာလာလုပ်တာတုံး"

ထိုလူကြီး၏ အမေးကြောင့် ကျွန်တော်သည် ရုတ်တရက် လန့်သွား၏။ ကျွန်တော့်ကိုများ ရန်ပြုလေမည်လော။ ထိုလူကြီး တစ်စုံတစ်ရာကို လျှို့ဝှက်ကြံစည် နေသည့်အတွက် ကျွန်တော်အား ဤလေသံမျိုးဖြင့် မေးခြင်းလော။

"ကိုရင် ဒီကို ဘာလာလုပ်တာတုံး"

ထိုလူကြီးက နောက်တစ်ကြိမ် မေးပြန်သည်။

"ကျွန်တော် ... ကျွန်တော် ပျင်းလို့ လျှောက်လာတာပါ"

"ဘာလို့ ပျင်းရမှာလဲ၊ ငယ်ငယ်ရှိသေးတာပဲ၊ လုပ်စရာရှိတာ လုပ်ပေါ့"

ကျွန်တော်သည် ထိုလူကြီး၏ စကားများကြောင့် စိတ်တိုလာသည်။ ၎င်းနှင့် ဘာဆိုင်သနည်း။ ကျွန်တော့် လွတ်လပ်ခွင့်ကို ဘာကြောင့် နှောင့်ယှက်နေသနည်း။

"ဦးကကော ဘာလာလုပ်တာပါလဲ"

ကျွန်တော်ကလည်း ၎င်း၏ မေးခွန်းအတိုင်း မေးလိုက်သည်။ ကျွန်တော့် မေးခွန်းကို သဘောကျသွား၍ ထိုလူကြီးက ပြုံးလိုက်သည်။

"ကျုပ်က ကျုပ်ရည်ရွယ်ချက်နဲ့ ကျုပ် လာတာ၊ ပျင်းလို့လာတာ မဟုတ်ဘူး၊ ကျုပ်က ရည်ရွယ်ချက်မရှိဘဲ ဘာမှမလုပ်ဘူး။ အစားအသောက် စားတာနဲ့ အိပ်စက် တာဟာ အသက်ရှင်ဖို့အတွက် လုပ်တာ၊ ပျင်းလို့စား၊ ပျင်းလို့အိပ်တာ မဟုတ်ဘူး၊ ကျန်းမာရေး လေ့ကျင့်တာဟာလည်း ကိုယ်ခန္ဓာ ကြံ့ခိုင်အောင်၊ အသက်ရှည်အောင် လုပ်တာ၊ ရည်ရွယ်ချက်မရှိ လုပ်နေတာ မဟုတ်ဘူး။ ဘယ်အလုပ်ကို လုပ်လုပ် ရည်ရွယ်ချက် ရှိရတယ်"

"ဒါဖြင့် ဦး ဒီကိုလာတဲ့ ရည်ရွယ်ချက်က ဘာလဲ"





ကျွန်တော်က မေးလိုက်သည်။

"ကိုရင် မြင်သားပဲ။ ကျုပ် ကယ်လစ်သင်းနစ် လေ့ကျင့်ခန်း လုပ်နေတာ"

"ခင်ဗျာ ..."

"တရုတ်ပြည်နဲ့ ခု ဥရောပတိုက်မှာ ခေတ်စားနေတဲ့ တရုတ်လေ့ကျင့်ခန်း၊ ဒီလေ့ကျင့်ခန်းဟာ ကျုပ်တို့ အသက်ကြီးတဲ့လူတွေနဲ့ သင့်တော်တယ်ဆိုပြီး ဥရောပမှာ ခေတ်စားနေပြီ။ အသက်ကြီးလာတဲ့အခါကျတော့ အကြောအခြင်တွေ တောင့်လာတယ်။ သွေးကြောတွေ ကျဉ်းလာတယ်။ နှလုံးမှာ ကိုလက်စထေရောတွေ များလာတယ်။ ဒါကြောင့် နှလုံးရောဂါဖြစ်တတ်တယ်။ အကြောအခြင်တွေ ပျော့ပျောင်းနေအောင်၊ ကိုလက်စထရောတွေ နှလုံးထဲမှာ များမနေအောင်၊ ပေါ့ပါးသွက်လက်နေအောင် လုပ်တဲ့ နေရာမှာ ဒီလေ့ကျင့်ခန်းဟာ အသက်ကြီးသူတွေအတွက် အကောင်းဆုံးပဲလို့ အနောက် နိုင်ငံက ဆရာဝန်တွေကပါ လက်ခံနေကြပြီ"

ကျွန်တော်သည် ယောင်တစောင်းနှင့် ရှမ်းဘောင်းဘီ ဝတ်ထားသည့် အဘိုး ကြီးကို တအံ့တသြ ကြည့်မိသည်။ စောစောက စိတ်တိုနေခြင်းပင်လျှင် ဘယ်ရောက် သွားသည် မသိ။

"ကျုပ် ဒီကိုလာပြီး နေ့တိုင်း ကယ်လစ်သင်းနစ် လေ့ကျင့်ခန်းလုပ်တယ်၊ ဒါက ကျုပ် ဒီကိုလာတဲ့ ရည်ရွယ်ချက် နံပါတ်တစ်၊ နောက် ရည်ရွယ်ချက် နံပါတ် နှစ် ..."

ထိုလူကြီးသည် စကားဖြတ်ကာ ဂုတ်ကြားထဲမှ လက်ကိုင်ပုဝါကို ယူကာ ချွေးနာတွင် စီးကျလာသော ဂုတ်ချွေးများကို သုတ်လျက်ရှိ၏။ ကျွန်တော်သည် ထို လူကြီးကို အကဲခတ်၍ မရနိုင်အောင် ဖြစ်လျက် ရှိ၏။ ယောင်တစောင်းထုံး၍ သိုးမွှေး ချပ်ကျယ်လက်ရှည်၊ ရှမ်းဘောင်းဘီ၊ အဝတ်ဖိနပ်တို့ကို စီးထားသော ထိုလူကြီးသည် ညီသည့်လူသားမျိုးနည်း။ ထိုလူကြီးသည် ကယ်လစ်သင်းနစ် လေ့ကျင့်ခန်း၊ ကျန်းမာ ရေး စသည့်အကြောင်းများကို ပြောဆိုနေပြန်သောအခါ ၎င်းကို ကျွန်တော် ပို၍ အကဲခတ်ရမည်နည်း။

"ရည်ရွယ်ချက် နံပါတ်နှစ်ကတော့ ဒီစေတီကို လာပြီး ပူဇော်၊ [illegible] အလေးပြုဖို့"

"ခင်ဗျာ၊ အလေးပြုဖို့ ဟုတ်လား"

ကျွန်တော်က အံ့အားသင့်စွာ မေးလိုက်သည်။ စေတီကို [illegible]



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာကား ဗုဒ္ဓဘာသာ မြန်မာတို့၏ ထုံးစံဖြစ်၍ ဘာမျှမဆန်း။ သို့ရာတွင် အလေးပြု သည်ဟု ဆိုသောအခါ၌ကား ကျွန်တော်သည် ထိုအဘိုးကြီး၏ ခပ်ဆန်းဆန်း အဆင် အပြင်ကိုသာမက ခပ်ဆန်းဆန်း စကားတို့ကြောင့်လည်း ပို၍ စိတ်ဝင်စားလာသည်။

အဘိုးကြီးက ပြုံးလိုက်သည်။

"ဟုတ်တယ်၊ အလေးပြုဖို့လည်း ပါတယ်။ ဘာလဲ ကိုရင် ...။ နားရှုပ် သွားသလား"

"စေတီကို ဖူးမြော်ကန်တော့တယ်ဆိုရင် လုံလောက်ပါတယ် ခင်ဗျာ၊ နား လည်နိုင်ပါတယ်။ အလေးပြုဖို့ဆိုတာကတော့"

"ကျုပ်တို့ မြန်မာပြည်ကို နိုင်ငံခြားသားတွေက 'ထန်းပင်နှင့် စေတီတို့ မရေမတွက်နိုင်အောင် ပေါများသော တိုင်းပြည်' လို့ ခေါ်ခဲ့တာကို ကြားဖူးရဲ့လား"

ထိုလူကြီးက အင်္ဂလိပ်စကားလုံး ညှပ်၍ ပြောလိုက်၏။ ထိုလူကြီး၏ အင်္ဂ လိပ်အသံထွက်မှာ အင်္ဂလိပ်တစ်ယောက်က ပြောသလော ထင်ရလောက်အောင် နား ထောင်၍ ကောင်း၏။

ကျွန်တော်သည် ယောင်ထုံးသော၊ ဘောင်းဘီဝတ်သော၊ ကယ်လစ်သင်းနှ လေ့ကျင့်ခန်းယူသော၊ အင်္ဂလိပ်စကားပြောကောင်းသော ထိုလူကြီးကို ပို၍ပို၍ အံ့ဩ လာသည်။

"ဟုတ်ကဲ့၊ ကြားဖူးပါတယ် ခင်ဗျ။ ဒါကြောင့် အနောက်နိုင်ငံသားတွေကပဲ "စေတီပုထိုးတို့ ပေါများခြင်းသည် ခေတ်နောက်ကျခြင်း၏ အမှတ်လက္ခဏာဖြစ် သည်" လို့တောင် ပြောခဲ့ကြတယ် မဟုတ်လား"

ထိုလူကြီးက မဲ့ပြုံးပြုံးလိုက်သည်။

"သင်းတို့က ခေတ်နောက်ကျတာလောက်ပဲ သိတာကိုး။ ကျုပ်တို့တိုင်းပြည်မှာ စေတီပုထိုးပေါခြင်းရဲ့ အခြားအကြောင်းကိုတော့ မသိကြဘူး။ တချို့လည်း သိရက် နဲ့ ထုတ်မပြောကြဘူး"

"ဗုဒ္ဓဘာသာ တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့် စေတီပုထိုး ပေါတယ်လို့ ဆို ချင်ပါသလား ခင်ဗျာ"

"ဒါက အကြောင်းတစ်ကြောင်းပဲ ရှိသေးတယ်။ ဒီပြင် အကြောင်းတစ်ကြောင်း ရှိသေးတယ်"

"ဘာပါလိမ့် ခင်ဗျာ"





ကျွန်တော်က သိချင်ဇောဖြင့် မေးလိုက်သည်။ ကျွန်တော်တို့သည် ခါးတစ် ဝတ်လောက်သာရှိသော ကျောက်တုံးတံတိုင်းကို မှီ၍ စကားပြောနေကြခြင်း ဖြစ်သည်။ ထိုလူကြီးသည် လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေသည်။

"အဲဒီအကြောင်းက ဘာသာရေးအကြောင်း မဟုတ်ဘူး။ နိုင်ငံရေးအကြောင်း"

"ဟုတ်ကဲ့ ... ဆိုပါဦး ခင်ဗျာ"

"၁၈၈၅ ခုမှာ မြန်မာဘုရင် ပါတော်မူပြီးနောက် ၁၉၀၀ ပြည့် တစ်ပိုက်အထိ မြန်မာတွေဟာ အင်္ဂလိပ်ကို ရရာလက်နက်နဲ့ ပုန်ကန်တိုက်ခိုက်ခဲ့ကြတယ်။ ဒါတော့ ကိုရင် သိမှာပါ"

"ဟုတ်ကဲ့ ... ဖတ်ဖူးပါတယ် ခင်ဗျာ။ ဓာတ်မာန်စစ်ပွဲတွေ ဆိုပါတော့"

"ကချင်ပြည်၊ ရှမ်းပြည်၊ ချင်းတောင်အောက်နဲ့ အလယ်ပိုင်း မြန်မာနိုင်ငံမှာ မြန်မာတွေဟာ အင်္ဂလိပ်ကို တော်လှန်ခဲ့ကြတယ်။ အင်္ဂလိပ်အစိုးရဟာ အထူးတပ်သား နှစ်သောင်းလောက် သုံးပြီး ဒီ မျိုးချစ်သူပုန်တွေကို နှိမ်နင်းခဲ့တယ်"

ထိုအဘိုးကြီး၏ စကားများကို ကျွန်တော် ပို၍စိတ်ဝင်စားလာလေပြီ။ ခပ် ဆာစောကတွင်ပင်လျှင် အင်္ဂလိပ်သိမ်းပိုက်ပြီးစ မြန်မာနိုင်ငံ သူပုန်တို့အကြောင်း အစီ ရင်ခံစာကို ကျွန်တော် ဖတ်ခဲ့သေးသည် မဟုတ်လော။

"အင်္ဂလိပ်တွေဟာ သူပုန်ခေါင်းဆောင်တွေကို ရာထူးနဲ့ မျှားတယ်၊ ငွေနဲ့ မျှားတယ်။ မျှားလို့မရတဲ့ မျိုးချစ်တွေကိုတော့ သတ်ပစ်ခဲ့တယ်။ ဒီလိုနဲ့ ကျုပ်တို့ ပြည်မှာ မျိုးချစ်သူပုန် အာဇာနည် အထောင်၊ အသောင်းတို့ဟာ သွေးခင်းတဲ့လမ်းကို လျှောက်ခဲ့ကြတယ်"

(၄)

ကျွန်တော်က ညောင်းညာစ ပြုလာသဖြင့် ကျောက်တုံးတံတိုင်းပေါ်သို့ တက် ၍ ထိုင်လိုက်သည်။ ထိုလူကြီးက လမ်းလျှောက်မြဲ ...။

"မြန်မာမျိုးချစ် သူပုန်ကြီးတွေဟာ လက်နက်အင်အား မမျှတဲ့အတွက် အရေး နိမ့်ခဲ့ရတယ်။ ဒါပေမယ့် ကျုပ်တို့ မြန်မာရဲ့ သူ့ကျွန်မခံတဲ့ စိတ်ဓာတ်ကတော့ ပျောက် သွားပါဘူး။ မြန်မာပြည်သူလူထုတွေရဲ့ နှလုံးသားမှာ စွဲကျန်နေတယ်။ နယ်ချဲ့ကို တွန်းလှန်ရင်း နယ်ချဲ့သမားတွေရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတဲ့ မျိုးချစ်သူပုန်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အမြဲတစေ ဂုဏ်ပြုကြတယ်။ ချီးကျူးကြတယ်။ ဒီလို သူပုန်တွေကို ချီးကျူးတဲ့အခါ၊ ထောက်ခံတဲ့အခါမှာ ဗြိတိသျှ နယ်ချဲ့သမားဟာ ဘာတွေလုပ်ခဲ့သလဲ။ မြန်မာရွာတွေကို မီးနဲ့ရှို့ ဖျက်ဆီးတယ်။ ရွာတွေ ပြောင်းပစ်တယ်။ စပါးတွေကို ဖျက်ဆီးပစ်တယ်။ အသတ်ခံသွားရတဲ့ မြန်မာမျိုးချစ် သူပုန်ကြီးတွေကို ဂုဏ်ပြုရမလား၊ ချီးကျူးရမလားဆိုပြီး လယ်သမားတွေ၊ ရွာသူရွာသားတွေကိုလည်း ဖမ်းဆီးသတ်ဖြတ်တယ်။ ဒီတော့ လယ်သမားတွေဟာ သူတို့ရဲ့ သူရဲကောင်းတွေဖြစ်တဲ့ မြန်မာမျိုးချစ်သူပုန်ကြီးတွေကို ပြောင်ပြောင်တင်းတင်း မချီးကျူး၊ ဂုဏ်မပြုရဲတော့ဘူး''

ထိုလူကြီးသည် ကျောက်တုံးတံတိုင်းကို မှီ၍ ရပ်လိုက်၏။

''ပြောင်ပြောင်တင်းတင်း ဂုဏ်မပြုရဲတော့ ဘယ်လိုများ ဂုဏ်ပြုပါသလဲ ခင်ဗျာ''

''ကျဆုံးသွားတဲ့ မြန်မာမျိုးချစ် သူပုန်တွေကို ရည်မှန်းပြီး စေတီပုထိုးတွေ တည်တယ်ဗျ၊ သိရဲ့လား …။ ဒါ့ကြောင့်လည်း မြန်မာနိုင်ငံမှာ စေတီပုထိုးတွေ ဒီလောက် ပေါနေတာဟာ ဘာသာရေးအကြောင်း တစ်ခုတည်းတင် မဟုတ်ဘူး။ နိုင်ငံရေးအကြောင်းလည်း ပါတယ်လို့ ကျုပ်ပြောတာ။ ဥပမာ - ဒီစေတီကိုပဲ ကြည့်။ ဒီစေတီဟာ မင်းသား စောရန်နိုင်ရဲ့ နောက်လိုက် နောက်ပါထဲက မျိုးချစ်သူပုန်တပ်သားတစ်ဦးကို ရည်စူးပြီး တည်ထားတဲ့ စေတီ''

''နေပါဦး ခင်ဗျာ။ မြန်မာနိုင်ငံမှာ တည်ထားတဲ့ စေတီတချို့ဟာ မြန်မာမျိုးချစ်သူပုန်တွေကို ရည်စူးပြီး တည်ထားတဲ့ စေတီတွေလို့ ဦး … ဘယ်လိုလုပ်ပြီး ပြောနိုင်ပါသလဲ''

ကျွန်တော်က မေးလိုက်သည်။ ထိုလူကြီးသည် မေးစရာမလိုသော မေးခွန်းကို မေးမြန်းခြင်း ပြုရမည်လောဟု ကျွန်တော့်ကို ဆိုလိုသည့်နှယ်၊ တစ်ချက်မျှ ကြည့်လိုက်သည်။

''ကိုရင် … ဒေါက်တာ ထင်အောင်ရေးတဲ့ 'မြန်မာနိုင်ငံသမိုင်း' ဆိုတဲ့ စာအုပ်ကို ဖတ်ဖူးသလား''

''မဖတ်ဖူးပါဘူး''

''မဖတ်ဖူးရင် ဖတ်ကြည့်။ အဲဒီထဲမှာ ပါတယ်။ မြန်မာနိုင်ငံ ကျေးလက်တောရွာများမှာ ပုထိုးစေတီတွေ၊ ဒီလောက်များပြားနေရတာဟာ မြန်မာတို့ရဲ့ ဘာသာရေးကိုင်းရှိုင်းမှု အမှတ်လက္ခဏာမျှသာမက မြန်မာတို့၏ ဗြိတိသျှ ဆန့်ကျင်ရေး စိတ်ဓာတ်ရဲ့ အမှတ်လက္ခဏာလည်း ဖြစ်တယ်လို့ ဒေါက်တာထင်အောင်က ရေးထားတယ်။ မြန်မာမျိုးချစ်တွေကို ရည်စူးဂုဏ်ပြုတဲ့အခါမှာ ဗြိတိသျှအစိုးရက ခြိမ်းခြောက်နှိပ်ကွပ်တဲ့အတွက်လည်း စေတီပုထိုးတွေတည်ပြီး ဂုဏ်ပြုချီးကျူးကြတာ ဖြစ်တယ်လို့ ဆိုထားတယ်''





''ဒါက ဒေါက်တာ ထင်အောင်ရဲ့ အယူအဆလား ခင်ဗျာ''

''အယူအဆမဟုတ်ဘူး ခင်ဗျ၊ တကယ့်အဖြစ် ဒေါက်တာထင်အောင်က အရမ်းရေးတာ မဟုတ်ဘူး။ အဲဒီခေတ် မြန်မာနိုင်ငံမှာ အုပ်ချုပ်သွားတဲ့ ဗြိတိသျှ အုပ်ချုပ်ရေး အရာရှိတစ်ဦးရဲ့ အစီရင်ခံစာကို ကိုးကားပြီး ရေးထားတာ။ အဲဒီ အုပ်ချုပ်ရေး အရာရှိကလည်း သုတေသနလုပ်ပြီး ရေးခဲ့တာ။ ဂေဇက်တီးယားတို့ ဘာတို့ကို ပြုစုတဲ့ ဗြိတိသျှ အရာရှိတွေလိုပေါ့။ ရွာတစ်ရွာရဲ့ သမိုင်း၊ ဘုရားသမိုင်း၊ သစ်ဝင်အမျိုးအစား အမည်ကစပြီး အသေးစိတ် သုတေသနလုပ်ခဲ့တဲ့ ကောင်တွေ။ အဲဒီ ဗြိတိသျှ အရာရှိနာမည်ကိုတော့ ကျုပ်မေ့နေပြီ။ ကိုရင်သိချင်ရင် ဒေါက်တာထင်အောင်ရဲ့ စာအုပ်ကို ဖတ်ကြည့်''

''ကောင်းပါပြီ ခင်ဗျာ။ ဒါဖြင့် ဦးက ဒီစေတီကို ဖူးမြော်ရုံမက အလေးပြုတယ်လို့ ဆိုလိုက်တာဟာ ဒီအဓိပ္ပာယ်နဲ့ ဆိုလိုက်တယ် ပြောပါတော့''

''ဟုတ်တယ်၊ ဒီစေတီငယ်ဟာ မင်းသားကြီး စောရန်နိုင်ရဲ့ တပ်က သူပုန်တပ်သားကြီး တစ်ဦးကို ရည်စူးပြီး တည်ထားတဲ့ စေတီ။ ဒါ့ကြောင့် ဒီစေတီဟာ မြန်မာလူမျိုးရဲ့ ဘာသာရေး ကိုင်းရှိုင်းမှု အမှတ်လက္ခဏာသာမက ဗြိတိသျှ ဆန့်ကျင်ရေး စိတ်ဓာတ်ရဲ့ အမှတ်လက္ခဏာလည်း ဖြစ်တယ်။ ဒီစေတီကို ဖူးရင် ကုသိုလ်လည်း ရတယ်။ မျိုးချစ်တွေကို ဂုဏ်ပြုရာလည်း ရောက်တယ်။ နေပါဦး …။ ကိုရင် ဒီကိုရောက်လာပြီး စာ ဘယ်နှပုဒ် ရေးပြီးပြီလဲ''

ထိုလူကြီးက ကျွန်တော့်ကို ပြုံးစားကြီး ကောက်မေးလိုက်သည်။

''ခင်ဗျာ …''

''ကိုရင်က ကိုအေးမောင်ရဲ့ ခြံမှာ လာနေတဲ့ ရန်ကုန်က စာရေးဆရာမဟုတ်လား …''

ကျွန်တော်သည် အသွင်အပြင်နှင့် မလိုက်အောင် ခေတ်မီလျက်ရှိသော ထိုလူကြီးကို အံ့အားသင့်လျက်ရှိသည်။ ထိုလူကြီးသည် မည်သူနည်း။ ချောင်ထားသော အလှမ်းဝေးကျသော တောကျေးလက်မှ လယ်သမားကြီးများသာ ရှိသေးသည်



www.burmeseclassic.com

www.burmeseclassic.com



ယခု ခေတ်မျိုးတွင် ခေတ်ပညာတတ်၍ ကယ်လစ်သင်းနစ် လေ့ကျင့်ခန်းကို ပြုလုပ်လျက်ရှိသော ထိုလူကြီးသည် မည်သို့သော လူစားမျိုး ဖြစ်သနည်း။

"စာရေးဆရာဟာ လူ့ဝိညာဉ်ရဲ့ အင်ဂျင်နီယာဖြစ်ရမယ်လို့ မက္ကဇင်းဂေါ်ကီက ပြောခဲ့ဖူးတယ်ဗျ။ ဒီစကားဟာ တော်တော်အဓိပ္ပာယ်ရှိတယ်။ စာရေးဆရာတွေဟာ ပြည်သူလူထုရဲ့ စိတ်ဓာတ်၊ ပြည်သူလူထုရဲ့ ဝိညာဉ်ကို ဖန်တီးတည်ဆောက်ပေးသူ ဖြစ်တယ် မဟုတ်ဘူးလား ကိုရင်"

"မှန်ပါတယ် ခင်ဗျာ"

ကျွန်တော်ကား နှုတ်လေးလျက် ရှိလေပြီ။ အလျဉ်မပြတ် ပြောလျက်ရှိသော ထိုလူကြီး၏ စကားများကို နားထောင်လျက် ရှိသော်လည်း ထိုလူကြီးသည် မည်သူ မည်ဝါ ဖြစ်သနည်းဆိုသည့် မေးခွန်းသည် ကျွန်တော့်ရင်တွင် ကြီးစိုးလျက်ရှိ၏။ ထို လူကြီးသည် ကျွန်တော့်ကို သိသော်လည်း ကျွန်တော်က ထိုလူကြီးကို မသိ။

ထိုလူကြီးက စာရေးဆရာသည် လူတန်းစားဘက်လိုက်မှု ရှိရမည့်အကြောင်း၊ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများ၌ စာရေးဆရာသည် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ရမည်ဖြစ်ကြောင်း၊ စာရေးဆရာသည် ပညာတတ်တစ်ဦးဖြစ်သည့်အလျောက် တွေဝေ ယိမ်းယိုင်တတ်ကြောင်း၊ တော်လှန်သော ပညာတတ်တစ်ယောက် ဖြစ်ရန် အတွက် အလုပ်သမား၊ လယ်သမားများနှင့် တစ်သားတည်း ရှိရမည်ဖြစ်ကြောင်း၊ တော်လှန်သော ပညာတတ်တစ်ယောက် ဟုတ်မဟုတ်ဆိုသည့် အချက်ကို အလုပ် သမား၊ လယ်သမားများနှင့် တစ်သားတည်း ရှိ၊ မရှိ ဆိုသည့် အချက်ဖြင့် တိုင်းတာ မည်ဖြစ်ကြောင်း၊ တစ်သားတည်းရှိရမည် ဆိုရာတွင်လည်း အလုပ်သမား၊ လယ်သမား များထံ စာရေးဆရာက အချက်အလက် ရှာရုံ သွားရောက်လေ့လာခြင်းမျိုး မဟုတ်ဘဲ စိတ်ပါလက်ပါ အချိန်ကြာမြင့်စွာ အတူသွားရောက် နေထိုင်သင့်ကြောင်း၊ ၎င်းတို့နှင့် အတူ အလုပ်ကြမ်း လုပ်သင့်ကြောင်း၊ သို့မှသာ အလုပ်သမား လယ်သမားများ ခံစား သကဲ့သို့ ခံစားတတ်မည်ဖြစ်ကြောင်း စသည်တို့ကို ရှည်လျားစွာ ပြောဆိုလျက်ရှိသည်။

"ဒါထက် နေပါဦးခင်ဗျာ။ ဦးရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ"

ကျွန်တော်က မျိုသိပ်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ ကြားဖြတ်၍ မေးလိုက်သည်။

ထိုလူကြီးက ကျွန်တော့်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။ ရုတ်တရက် အဖြေ မပေး။

□





(၅)

ထိုလူကြီးက ပြုံးပြုံးကြီး စိုက်ကြည့်နေသဖြင့် ကျွန်တော်က ထပ်မေးလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာက အရေးမကြီးပါဘူး။ ကျုပ်ဘာလဲဆိုတာက အရေးကြီးပါတယ်"

"ဦးဟာ အသက်အရွယ်နဲ့ မလိုက်အောင် အတွေးအခေါ်တွေက သစ်လွင်နေတဲ့ အတွက် ကျွန်တော် မေးတာပါခင်ဗျာ"

"ကိုရင်ကတော့ ဘယ်လို သဘောရသလဲမသိဘူး။ ကျုပ်ကတော့ လူတွေဟာ အသက်ကြီးလာရင် ရိုးသားဖြောင့်မတ်မှု သိပ်မရှိတော့ဘူးလို့ ထင်တယ်"

"အသက်တွေ ကြီးလာတော့ ဗိုက်ထဲက အတ္တကောင်ကလည်း ကြီးလာတယ် ထင်ပါရဲ့ခင်ဗျာ"

ကျွန်တော်က ခပ်ရွှန်းရွှန်းကလေး ပြောလိုက်သည်။ ထိုလူကြီးသည် အားရ ပါးရ ရယ်လိုက်လျက် -

"ဟုတ်တယ်၊ ဟုတ်တယ်၊ အသက်ကြီးလာတော့ ဗိုက်ထဲက အတ္တကောင် ကလည်း ကြီးလာတယ်။ ဒါကြောင့် ရိုးသားမှုလည်း နည်းနည်းလျော့လာတယ်။ လူငယ်ကတော့ အတ္တသိပ်မကြီးသေးဘူး။ ဒါကြောင့် သူက ရိုးသားတယ်။ ကျုပ်လည်း ဒီသဘောကို စဉ်းစားမိလို့ လူငယ်တွေ၊ အထူးသဖြင့် အလုပ်သမား၊ လယ်သမား၊ လူ ငယ်တွေနဲ့ တတ်နိုင်သမျှ နီးစပ်အောင် နေတယ်၊ ဒါထက် ကိုရင်စာရေးဆရာကြီး ဓမ္မနှင်းကို သိသလား"

"ကျွန်တော်တို့ မမီလိုက်ပါဘူး ခင်ဗျာ၊ သူ့စာတွေကိုတော့ ဖတ်ဖူးပါတယ်"

ထိုလူကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍ စဉ်းစားဟန် ပြုနေပြီးမှ ...

"စာရေးဆရာကြီး မဟာဆွေကိုကော"

"ဟုတ်ကဲ့ ... စာရေးဆရာကြီး မဟာဆွေကိုတော့ ပုဂ္ဂိုလ်ချင်းလည်း သိကျွမ်းခွင့် ရလိုက်ပါတယ်။ သူဟာ ၁၉၅၃ ခုနှစ်ကျမှ ဆုံးသွားတာဆိုတော့ ကျွန်တော်တို့ ကျောင်းထွက်စ စာရေးသမား ပေါက်စဘဝက တွေ့ကြုံခွင့် ရလိုက်ပါတယ်"

ကျွန်တော်နှင့် ဆရာကြီး မဟာဆွေနှင့် သိကျွမ်းခွင့်ရခဲ့ပုံတွေ ပြောပြသည်။

"ကိုရင် သူ့ဝတ္ထုတွေကိုကော တော်တော်များများ ဖတ်ဖူးရဲ့လား။ ဘယ်လို သဘောရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့၊ တော်တော်များများကို ကျွန်တော် ဖတ်ဖူးပါတယ် ခင်ဗျာ။ မဟာဆွေရဲ့ ဝတ္ထုတွေထဲမှာ တစ်မျိုးက ခေတ်ပြင်ဝတ္ထုတွေ ဖြစ်ပါတယ်။ ‘စနေဂြိုလ်’ ဆိုတဲ့ ဝတ္ထုဟာ မြင်းပွဲရဲ့ ဒုစရိုက်ကို ဖော်ထုတ်တဲ့ ဝတ္ထု၊ ‘ပို့တောင်ပြုံး’ က နတ်ကိုးကွယ်မှုကိုတိုက်ခိုက်တဲ့ ဝတ္ထု၊ ‘ဈေးချိုသူ’ က သာသနာသန့်ရှင်းရေးကို ဦးတည်တဲ့ ဝတ္ထု။ စာရေးဆရာကြီး မဟာဆွေဟာ ဒီဝတ္ထုကြီးတွေနဲ့ အဲဒီခေတ်ရဲ့ ဒုစရိုက်တွေကို ဖွင့်ဖော်ထုတ်ခဲ့ပါတယ်။ နောက်တစ်မျိုးကတော့ ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားရေး စိတ်ဓာတ်ကို လှုံ့ဆော် အားပေးတဲ့ ဝတ္ထုကြီးတွေ၊ ဥပမာ ‘ဒို့မေမေ’ တို့၊ ‘သူပုန်အိမ်’ တို့၊ ‘သူပုန်ကြီး’ တို့၊ ‘စစ်ထွက်သူ’ တို့ဆိုတဲ့ ဝတ္ထုကြီးတွေ။ ဒီဝတ္ထုကြီးတွေဟာ စစ်မဖြစ်မီကာလ ကျွန်တော်တို့ လူငယ်တွေကို အမျိုးသားရေး စိတ်ဓာတ်တွေ သွတ်သွင်းပေးခဲ့ရာမှာ အရေးကြီးတဲ့ အခန်းတစ်ခန်းက ပါခဲ့ပါတယ်”

“အိမ်း ... ဆိုပါဦးဗျ။ ဘယ်လိုပါခဲ့တာလဲ”

ထိုလူကြီးက ကျောက်တုံးတစ်တုံးပေါ်သို့ ပေါ့ပါးစွာ ခုန်တက်ကာ တင်ပလ္လင်ထိုင်လိုက်သည်။

“စစ်မဖြစ်ခင်တုန်းက ကျွန်တော်တို့ လူငယ်တွေဟာ အင်္ဂလိပ်ကို မုန်းခဲ့ကြတယ်။ တစ်ပါးကျွန်အဖြစ်က ရုန်းထွက်လိုကြတယ်။ အင်္ဂလိပ်တွေ ဗိုလ်ကျတာကို မခံချင်ကြဘူး။ ဒီလိုဖြစ်လာရတဲ့ အကြောင်းရင်းတွေထဲမှာ စာရေးဆရာကြီး မဟာဆွေရဲ့ စာပေတွေဟာလည်း အကြောင်းတစ်ကြောင်းအဖြစ် ပါဝင်နေပါတယ်။ ဒီတုန်းက မြန်မာစာပေနဲ့ မြန်မာ့နိုင်ငံရေးမှာ အရောင်ဟပ်နေတဲ့ အယူအဆ သုံးမျိုးရှိမယ်လို့ ကျွန်တော်ထင်တယ်”

ကျွန်တော်က ထိုလူကြီးကို လှမ်းကြည့်လိုက်သည်။ ၎င်းက ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ပါဝင်စားစွာ နားထောင်လျက် ရှိ၏။

“တစ်ခုက အိုင်ယာလန် မျိုးချစ်တွေ၊ ဘင်္ဂလားက လွတ်မြောက်နိုင်ငံရေး ဂိုဏ်းတွေနဲ့ ဂျပန်က လွတ်မြောက်နိုင်ငံရေးဂိုဏ်းတွေရဲ့ တစ်ကိုယ်တော် စွန့်စားရေးဝါဒ၊ နောက်တစ်ခုက အင်္ဂလိပ် ဖေဘီယန် ဆိုရှယ်လစ်တွေရဲ့ ဒီမိုကရက်တစ် ဆိုရှယ်လစ်ဝါဒနဲ့ နောက်တစ်ခုကတော့ ဘုံဝါဒလို့ ခေါ်တဲ့ ရုရှားရဲ့ ကွန်မြူနစ်ဝါဒ အယူအဆသုံးရပ်ဟာ စစ်မဖြစ်ခင် မြန်မာ့နိုင်ငံရေးနဲ့ မြန်မာ့စာပေမှာ အနည်းနဲ့အများဆိုသလို ဩဇာသက်ရောက်နေတယ်။ ဒါပေမယ့် သူတို့အားလုံးဟာ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်လပ်ရေးကို ဦးတည်ခဲ့တာချည်းပဲ ခင်ဗျ”





“ဒီအယူအဆ သုံးမျိုးဟာ မြန်မာ့နိုင်ငံရေးကို တစ်ပြိုင်နက် လွှမ်းမိုးခဲ့ကြတာတော့ မဟုတ်ပေဘူး ထင်တယ် ကိုရင်ရ ...”

“ဟုတ်ပါတယ် ခင်ဗျာ ...။ တစ်ပြိုင်နက် လွှမ်းမိုးခဲ့ကြတာတော့ မဟုတ်ပါဘူး။ ခပ်စောစောပိုင်းက လွတ်မြောက်နိုင်ငံရေးဂိုဏ်းတွေရဲ့ ဩဇာနောက်မှာ ဖေဘီယန် ဆိုရှယ်လစ်ဝါဒရဲ့ ဩဇာနဲ့ နောက်ဆုံးမှာ ရုရှားဘုံဝါဒရဲ့ ဩဇာတို့ အစဉ်အလိုက် လွှမ်းမိုးခဲ့ကြတာပါ”

ထိုလူကြီးက ခေါင်းတဆတ်ဆတ် ညိတ်ပြီးနောက် ...

“ကဲ ... စာရေးဆရာကြီး မဟာဆွေရဲ့ ဝတ္ထုတွေက ဘယ်လိုဩဇာလွှမ်းသလဲ ကိုရင်ရ ... ပြောစမ်းပါဦး”

“အဲဒီတုန်းက ကျွန်တော်တို့ တစ်တွေဟာ လူငယ်တွေဆိုတော့ စွန့်စားချင်ကြတယ်။ သူရဲကောင်းတွေ ဖြစ်လိုကြတယ်။ ဒါပေမယ့် ဘာလုပ်ရမှန်း မသိဘူး။ နောက်တော့ စာရေးဆရာကြီး မဟာဆွေရဲ့ ဝတ္ထုတွေကို ဖတ်ပြီး ကျွန်တော်တို့ ဆန္ဒတွေကို အကောင်အထည် ဖော်ခဲ့ကြတယ်”

“ဘယ်လိုအကောင်အထည်ဖော်တာလဲ ကိုရင်ရ ...”

ထိုလူကြီးက ပြုံး၍ မေးလိုက်သည်။

“ကျွန်တော်တို့ ငယ်ငယ်က အင်္ဂလိပ်ကို ဆန့်ကျင်ဖို့ လွတ်မြောက်ဂိုဏ်းတွေ ဖွဲ့ကြတယ်။ အထက်မြန်မာပြည် မြင်းခြံမှာဆိုရင် နဂါးနက်အသင်းတို့၊ ဘာတို့ပေါ့လေ။ ကျွန်တော်တို့ ဆီမှာတော့ သခင်မော်တင်ဆိုတဲ့ လူတစ်ယောက်ဟာ ‘ဒို့မေမေ’ ဝတ္ထုကို ဖတ်ပြီး အဲဒီထဲက လက်ပစ်ဗုံး လုပ်နည်းတွေကိုယူ၊ ကျောင်းဓာတ်ခွဲခန်းသုံး ဆာလ်ဖျူရစ် အက်ဆစ်တို့ ဘာတို့ ဘယဆေးဆိုင်က ဝယ်လို့ရတဲ့ ဆာလ်ဖာ၊ ဘောရက်အက်စစ်တို့နဲ့ လက်ပစ်ဗုံးလုပ်၊ အဲဒီလိုလုပ်ပြီး မျက်နှာဖြူ ကပြားရာဇဝတ်ဝန်ရဲ့ အိမ်ကို လက်ပစ်ဗုံးနဲ့ သွားပစ်ခဲ့ဖူးတယ် ခင်ဗျ”

“တကယ်လား ကိုရင်ရဲ့။ လက်ပစ်ဗုံးကတော့ ဖြစ်ရဲ့လား”

ထိုလူကြီးက တအံ့တဩဖြင့် မေးလိုက်သည်။

“ပေါက်တော့ ပေါက်တာပေါ့ခင်ဗျာ။ ကျွန်တော်တို့ ငယ်ငယ်က [illegible] မှာ ပေထုပ်တောင် လုပ်နေကြသေးတာကိုး။ အဲဒီပစ္စည်းတွေကို [illegible] ကျစ်ကျစ်ထုပ်ပြီး မင်အိုးထဲထည့်၊ တစ်ညကျတော့ မျက်နှာ[illegible] ပိုကာကစားနေတုန်း အဲဒီလက်ပစ်ဗုံးနဲ့ သွားပစ်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



''လူကော ထံသေးသလား''

''မထိဘူး ခင်ဗျ၊ အုတ်လှေကားကိုထိပြီး ပေါက်ကွဲသွားတယ်။ အဲဒီတုန်းက ကျွန်တော်တို့ဆီမှာတော့ တော်တော်လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ သခင်မော်တင် မှန်းတော့ မသိကြဘူး။ နောက်တော့ ကျွန်တော်တို့တစ်တွေဟာ လာဘ်စားတဲ့ အရာရှိ တွေ၊ မိန်းကလေးတွေကို ဖျက်လိုဖျက်ဆီးလုပ်တဲ့ အရာရှိတွေကို ဖော်ထုတ်ပြီး မြို့လယ် ခေါင်မှာ စာတွေ လိုက်ကပ်တယ်။ နောက်တစ်ခါ ကျူးလွန်ရင် ဆုံးမမယ်ဆိုပြီး အောက်က လျှို့ဝှက်ဂိုဏ်းအမည်တွေ ရေးထိုးကြတယ်''

''အောင်မြင်ရဲ့လား''

''ဟုတ်ကဲ့၊ အောင်မြင်သင့်သလောက် အောင်မြင်ပါတယ်။ ကျွန်တော် ဆိုလို တာက ဒီလိုပါလေ။ အဲဒီခေတ်က ကျွန်တော်တို့ လူတွေအပေါ်မှာ စာရေးဆရာကြီး မဟာဆွေရဲ့ သက်ရောက်ပုံကို ပြောတာပါ၊ ခုခေတ်အမြင်နဲ့ ပြန်ကြည့်ရင်တော့ တစ်မျိုး ပေါ့''

''ဒါတော့ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ လူရဲ့ အတွေးအခေါ်ဟာ တဖြည်းဖြည်း ပြောင်းလဲ တိုးတက်လာရတာပဲ မဟုတ်လား။ ကိုရင်လည်း ဖတ်ဖူးမှာပေါ့။ ရုရှားပြည် မှာ ကွန်မြူနစ်ဝါဒ မထွန်းကားခင်တုန်းက ဒီလိုပဲ လျှို့ဝှက်ဂိုဏ်းတွေ ပေါ်ခဲ့တာပဲ၊ လျှို့ဝှက်ဂိုဏ်းရဲ့ လက်ချက်နဲ့ ဒုတိယ နီကိုလတ်ဇာဘုရင် သေခဲ့ရတယ်မဟုတ်လား။ အဆင့်ဆင့် တိုးတက်လာရတာပေါ့။ စာရေးဆရာကြီး မဟာဆွေရဲ့ စာပေတွေမှာ အားနည်းချက်၊ ချို့ယွင်းချက်ရှိတာ မှန်သော်လည်း နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့ သွတ်သွင်းပေးရာမှာတော့ အရေးကြီးတဲ့ကဏ္ဍက ပါခဲ့တယ်မဟုတ်ဘူးလား''

''မှန်ပါတယ် ခင်ဗျာ၊ စာရေးဆရာကြီး မဟာဆွေဟာ စစ်မဖြစ်ခင်က လူငယ် တွေကို နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တွေ သွတ်သွင်းပေးခဲ့သူ တစ်ဦးပါပဲ။ သူ့ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးအခန်းကိုတော့ အသိအမှတ်ပြုရမှာပါ''

ကျွန်တော်က ပြောလိုက်သည်။

''တစ်ခုတော့ ရှိတယ်ပေါ့လေ။ သူ့ဇာတ်လိုက်တွေဟာ အရပ် ငါးပေ ခြောက် လက်မ၊ နေတာက ပြည်လမ်း၊ ခြံကြီးနဲ့ ပညာက ဘီ-အက်-စီ၊ လုပ်ငန်းက ကိုယ် ပိုင်စီးပွားရေးလုပ်ငန်းဆိုတော့ အလုပ်သမား၊ လယ်သမား ဘဝအကြောင်း မပါဘူးလို့ ဆိုချင်ရင် ဆိုနိုင်တာပေါ့။ ဒါပေမယ့် ဒီတုန်းက နိုင်ငံရေးက အမျိုးသား နိုင်ငံရေးမှ ကိုရင်တို့ပြောတဲ့ လူတန်းစားနိုင်ငံရေး မဟုတ်သေးဘူး။ နိုင်ငံရေး ဦးတည်ချက်ကလည်း





အမျိုးသား လွတ်လပ်ရေးဗျ၊ လူတန်းစား လွတ်မြောက်ရေး မဟုတ်သေးဘူး။ ဒီတော့ သူလည်း ဒီပတ်ဝန်းကျင်ကိုပဲ ထင်ဟပ်ရမှာပေါ့။ ခေတ်ရဲ့ ကန့်သတ်ချက်ကို ဘယ် မှာ ကျော်လွန်နိုင်ပါ့မလဲ။ မြန်မာအမျိုးသားတွေ ကိုယ်ခန္ဓာ ဖွံ့ဖြိုးသန်စွမ်းအောင်၊ စီးပွားရေးမှာ နိုင်ငံခြားနဲ့ ယှဉ်နိုင်အောင် လွတ်လပ်အောင် လုပ်ဖို့ရာဟာ တာဝန်လို့ သူ့ဆပုံရတယ်။ အမျိုးသားလွတ်မြောက်ရေးပြဿနာဟာ လူတန်းစားပြဿနာ ဖြစ်တယ်ဆိုတဲ့ သဘောကို ၁၉၃၉ - ၄၀ ခုနှစ်လောက်ကမှ မြန်မာနိုင်ငံမှာ ပီပီပြင်ပြင် ဖြစ်လာခဲ့တာ မဟုတ်လား။ ဒီတော့ စာရေးဆရာ မဟာဆွေနဲ့တကွ အဲဒီခေတ်က စာရေးဆရာတွေရဲ့ စာပေတွေကို ပြန်ကြည့်ရင် အဲဒီခေတ်နဲ့တကွ ခေတ်ရဲ့ကန့်သတ် ချက်များကိုလည်း ပြန်ကြည့်ရလိမ့်မယ်ဗျ။ အားနည်းချက်ရှိသလို အားကောင်းချက် ရှိတာကိုလည်း အသိအမှတ်ပြုရလိမ့်မယ် မဟုတ်ဘူးလား''

ကျွန်တော်တို့ စကားပြောနေသည်မှာ အတန်ကြာပြီ။ နေသည် အနောက် ဘက် စစ်ကိုင်းတောင်ဦးထိပ်တွင် မေးတင်စပြုပြီ။

ကျွန်တော်သည် စကားပြောဖက်ဖြစ်သူ လူထူးလူဆန်းကြီးကို ယနေ့ထက် တိုင် မသိသေး။ ခေတ်မှီမှီ တွေးတောတတ်သူ၊ အဘိုးကြီး တစ်ဦးဖြစ်သည်ကိုကား သိရသည်။ သို့ရာတွင် မည်သူ မည်ဝါဟူ၍ကား မသိသေးချေ။ ၎င်းက ထုတ်ဖော်ပြော ဆိုခြင်း မပြုရသေးချေ။

''ဒါထက် ဘယ်သူဆိုတာ အမိန့်ရှိပါဦးခင်ဗျား''

ကျွန်တော်က မေးလိုက်သည်။

ထိုလူကြီး အဝေးသို့ ငေးစိုက်ကြည့်လေသည်။ အတန်ကြာမှ ....

''ကျုပ်က မင်းသား ...''

''ခင်ဗျာ ...''

ကျွန်တော်သည် မင်းသား စသည့် နာမည်ကို မကြားဖူးသေးချေ။ မည်သည့်သော မင်းသားနည်း။ ဇာတ်မင်းသားလော၊ ရုပ်ရှင်မင်းသားကြီးလော၊ သို့မဟုတ် မြန်မာ ဘုရင်၏ ဆွေတော် မျိုးတော် မင်းသားလော။

''ကျုပ်က မင်းသားလေဗျာ၊ မင်းသား စောရန်အောင်''

ထိုလူကြီးက ခပ်ထွေထွေ ဖြစ်နေသော ကျွန်တော့်ကို ပြုံး၍ ပြောလိုက် သည်။ မင်းသား စောရန်အောင်၊ မင်းသား စောရန်အောင်။

စတုတ္ထသမီးတော်၏ သားဖြစ်၍ ကျွန်တော့် မိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလေးခေါ် မင်းသားကြီး ဦးအောင်ဇေတို့ ညီအစ်ကိုတစ်သိုက်ကိုသော်လည်းကောင်း မင်းသားကြီး ထိပ်တင်လတ်တို့၏နာမည်ကိုသော်လည်းကောင်း ကျွန်တော် ကြားဖူးသော်လည်း မင်းသားစောရန်အောင်၏ နာမည်ကိုကား ကျွန်တော် မကြားဖူးသေးချေ။

"မင်းသားကြီး ဦးအောင်ဇေတို့ကို သိပါသလား ခင်ဗျာ ..."

ကျွန်တော်က မေးလိုက်သည်။ မင်းသားကြီး စောရန်အောင်က ဖြေကြားခြင်း မပြုဘဲ ...

"ကိုရင် စာရေးဆရာကြီး မဟာဆွေရဲ့ 'သူပုန်အိမ်' ဝတ္ထုကြီးကို ဖတ်ဖူးသလား"

"ကျွန်တော်က ဝိုးတိုးဝါးတား ဖြစ်နေ၏။ စာရေးဆရာကြီး မဟာဆွေ၏ 'သူပုန်အိမ်' ဝတ္ထုကြီးကို စစ်မဖြစ်မီက ဖတ်ဖူးခဲ့သော်လည်း ဝိုးတိုးဝါးတား ဖြစ်နေလေပြီ။

"အဲဒီထဲက ဇာတ်ကောင်တစ်ကောင် ဖြစ်ခဲ့ဖူးတဲ့ မင်းသား စောရန်အောင်လေ ..."

၎င်းက ဆက်ပြောသဖြင့် ကျွန်တော်သည် 'သူပုန်အိမ်' ဝတ္ထုကြီးကို ခပ်ရေးရေး အမှတ်ရလာသည်။

စာရေးဆရာကြီး မဟာဆွေ၏ 'သူပုန်အိမ်' ဝတ္ထုကြီးထဲ၌ မင်းသား စောရန်အောင်၏ ခမည်းတော်သည် ဗြိတိသျှတို့၏ အုပ်စိုးမှုကို ခုခံတိုက်ခိုက်ခဲ့ရာမှ နောက်ဆုံး အားမတန်၍ မာန်လျှော့ကာ နယ်ခြားသို့ အပို့ခံခဲ့ရ၏။ မင်းသား စောရန်အောင်သည် ခမည်းတော်၏ အစီအစဉ်ဖြင့် ဘင်္ဂလားပြည်တွင် သွားရောက်၍ ပညာသင်၏။ ထို့နောက် ဘီလပ်သို့ အင်ဂျင်နီယာပညာကို သွားရောက်သင်ကြား၏။ ထိုမှ တဖန် ဂျပန်၊ ထိုင်း စသည့် တိုင်းပြည်များတွင် သွားရောက်နေထိုင်ပြီး ခမည်းတော် ရှိရာ တရုတ်ပြည် ယူနန်နယ်ထဲသို့ ဝင်သွား၏။ ၎င်းသည် ဂျပန်၊ ထိုင်း စသည့်ပြည်များတွင် စစ်ဘက်၊ နိုင်ငံရေးဘက်မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၏။ ကျိုင်းတုံစော်ဘွားနှင့်လည်း ဆွေးနွေး၏။ ရှမ်းပြည်နယ်ထဲတွင် လက်နက်များလုပ်ခြင်း၊ စစ်သင်တန်းပေးခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိကြောင်း၊ ယိုးဒယားမှ လက်နက်များကို ခိုးသွင်းလျက်ရှိကြောင်းဖြင့် ဗြိတိသျှအစိုးရ၏ စုံထောက်ဌာနက သတင်းရထား၏။

၎င်းမင်းသား စောရန်အောင်သည် ရန်ကုန်သို့ ရောက်လာကာ ပြည်လမ်းရှိ အိမ်ကြီးတစ်အိမ်တွင် နေထိုင်ရင်း တစ်စုံတစ်ရာကို ကြံစည်လျက်ရှိသည်ဟု စုံထောက်





ဌာနက သင်္ကာမကင်းဖြစ်လျက်ရှိသည်။ ထိုမျှမက မင်းသား စောရန်အောင်သည် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးစုများ၏ သွေးစည်းညီညွတ်ရေးကို လုံးပမ်းလျက်ရှိသည့်အတွက် ၎င်း၏ ဆောင်ရွက်ချက်များသည် သွေးခွဲအုပ်ချုပ်သော ဗြိတိသျှအုပ်ချုပ်ရေးအတွက် အတားအဆီးကြီး ဖြစ်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း နိုင်ငံခြားသားများနှင့် ယှဉ်ပြိုင်၍ ၎င်းတို့ကို အလဲထိုးရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အစမ်းသဘောဖြင့် မြန်မာပြည်ဖြစ် ဗားဂျီးနီးယားဆေးတံ သောက်ဆေးများကို စတင်ထုတ်လုပ်လျက်ရှိကြောင်း၊ တစ်ဘက်ကလည်း မြန်မာများအား အရွယ်ရောက်သူတိုင်း စစ်ပညာသင်ရေးကို ဥပဒေတစ်ရပ် ဖြစ်မြောက်အောင် ကြိုးပမ်းလျက်ရှိကြောင်းကို စုံထောက်ဌာနက သိရှိထားသည်။ အိမ်ရှေ့တွင်လည်း 'သူပုန်အိမ်' ဟု ဆိုင်းဘုတ် ဆွဲထားသည်။ မင်းသား စောရန်အောင်၏ ဤခြေလှမ်းများသည် ဗြိတိသျှအစိုးရ၏ စုံထောက်ဌာနအဖို့ မျက်လုံးပြူးစရာ ဖြစ်နေ၏။

မင်းသား စောရန်အောင်၏ လှုပ်ရှားမှုကို ထောက်လှမ်းရသူမှာ စုံထောက်ဝန်ကလေး ကိုဗွေးအောင် ဖြစ်သည်။ ကိုဗွေးအောင်သည် အတွင်းဝန်တစ်ဦး၏ သမီးဖြစ်သူ ခင်ဆွေတင့်နှင့် ရည်ငံလျက်ရှိကာ လူကြီးချင်းလည်း သဘောတူထားကြသည်။

မင်းသား စောရန်အောင်၏ အိမ်ကြီးမှာ ပြည်လမ်းရှိ ခင်ဆွေတင့်တို့ခြံနှင့် ကပ်လျက်ရှိသဖြင့် ကိုဗွေးအောင်က မိမိရာထူးတက်ရေးအတွက် ခင်ဆွေတင့်ကို မင်းသား စောရန်အောင်နှင့် ရင်းနှီးအောင် လုပ်ရန်၊ ရင်းနှီးပါက သတင်းနှိုက်ယူရန် တိုက်တွန်းသည်။ ခင်ဆွေတင့်ကလည်း ချစ်သူ ရာထူးတက်ရေးအတွက် အကူအညီ ပေးမည်ဟု သဘောတူလိုက်သည်။

ခင်ဆွေတင့်သည် မင်းသားစောရန်အောင် မျိုးချစ်စိတ်ဓာတ်ရှိပုံ၊ ရိုးသားဖြောင့်မတ်ပုံ၊ သဘောကျအားပါးသပုံကို တွေ့ရှိလာကာ မင်းသား စောရန်အောင်ကို မေတ္တာသက်ဝင်ခဲ့သည်။ ဤတွင် လူကြီးများက သိရှိသွားကာ ခင်ဆွေတင့်ကို တခြားသို့ ပို့ထားလိုက်ကြ [illegible] မင်းသားစောရန်အောင်လည်း ထိုအကြောင်းကို သိရှိသွားကာ သက်နှ [illegible] သည်။ ရပ်ဟန်းဝတ်မှထွက်လာသောအခါ ခင်ဆွေတင့်နှင့် ကိုဗွေးအောင်တို့ [illegible] ပြီးဖြစ်သည်ကို တွေ့ရသည်။

ဤသည်မှာ 'သူပုန်အိမ်' ဝတ္ထုကြီး၏ ဇာတ်လမ်းအတိုချုပ် ဖြစ်သည်။ ကျွန်တော်က မှတ်မိသလောက်ပြောပြပြီး ဟုတ်မဟုတ် ၎င်းအား အတည်ပြုစေရန် မေးဆောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင် တော်တော် မှတ်မိသေးသားပဲ၊ အတိုချုပ်ကတော့ ကိုရင်ပြောတဲ့ အတိုင်းပါပဲ"

"ကျွန်တော်တို့ ငယ်ငယ်က သိပ်ကြိုက်တဲ့ ဝတ္ထုတွေထဲမှာ ပါတာပေါ့။ ဒါပေမယ့် မင်းသားနဲ့ ပေါင်းပေးရမယ့်အစား၊ စုံထောက် ကိုရွှေအောင်နဲ့ ပေါင်းပေးတဲ့ အတွက် စာရေးဆရာကြီး မဟာဆွေကိုတော့ ကျွန်တော် မကျေနပ်ဘူးခင်ဗျ။ အဲဒီတုန်းက စာဖတ်ပရိသတ်ဟာ မင်းသားရဲ့ဘက်မှာ ရှိတယ်။ တကယ်ကတော့ ဒီဝတ္ထုကြီးမှာ ကိုရွှေအောင်က 'ဗီလိန်'ပဲ။ 'ဗီလိန်'နဲ့ ဇာတ်လိုက် မင်းသမီးရတာကို နည်းနည်းလေးမှ မကျေနပ်ဘူး"

မင်းသားကြီး စောရန်အောင်သည် ကောင်းကင်သို့ ငေးကြည့်နေ၏။

"အေးလေ ... အဲဒီတုန်းကတော့ ကျုပ်ဟာ စာရေးဆရာက ဖန်တီးလိုက်တဲ့ ဇာတ်ကောင်ဆိုတော့ စာရေးဆရာရဲ့အလိုကို လိုက်ခဲ့ရတော့ပေါ့။ ဒါပေမယ့် စာရေးဆရာက ဖန်တီးလိုက်တဲ့ ဇာတ်ကောင်တွေဟာ အားကောင်းလွန်းတဲ့အခါကျတော့ တစ်ခါတလေ စာရေးဆရာကိုယ်တိုင် သူ့ဇာတ်ကောင်ကို သူ ပြည်ဖုံးကားချလို့ မရတဲ့ အခါတွေ ရှိတတ်တယ်ဗျ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကျုပ်က အဲဒီလို ဇာတ်ကောင်မျိုးဗျ၊ ခု စာရေးဆရာကြီး မဟာဆွေ မရှိတော့ဘူး။ ဒါပေမယ့် သူ ဖန်တီးခဲ့တဲ့ ဇာတ်ကောင်ဟာ ကိုရင့်နှလုံးသားထဲမှာ ကျန်ရစ်ခဲ့သေးတယ်၊ သေမသွားဘူး၊ ကျုပ်ကလည်း မသေချင်သေးဘူး။ ကျုပ်ဇာတ်လမ်းကို ဆက်ပြောရဦးမယ်"

ကျွန်တော်က စိတ်အားထက်သန်စွာဖြင့် ..

"ပြောပါ ခင်ဗျာ"

"ဗြိတိသျှကို ကျုပ်တို့ မုန်းတော့ ဂျပန်အထင်ကြီးခဲ့တဲ့ လူထဲမှာ ကျုပ်လည်း ပါတယ်။ ဒါကြောင့် ခင်ဆွေတင့်တို့ လက်ထပ်ပြီးတဲ့နောက် ကျုပ်လည်း တိုင်းပြည် အခြေအနေအရ ထိုင်းဘက်ကို ထွက်လာတယ်။ ထိုင်းမှာ ရဲဘော်သုံးကျိပ်နဲ့ တွေ့တယ်။ သူတို့နဲ့အတူ ဘီ-အိုင်-အေ ဖွဲ့ပြီး ကျုပ် မြန်မာပြည်ထဲ ပြန်ဝင်လာတယ်။ ဂျပန်ခေတ်ကျတော့ ဘီ-ဒီ-အေမှာ တပ်မှူးကြီးအဖြစ် တာဝန်ယူရတယ်။ တော်လှန်ရေးကျတော့ ဗိုလ်ကျော်ဇောတို့နဲ့အတူ ပဲခူးတိုင်းမှာ တာဝန်ကျတယ်။ ရွှေအောင်ဆိုတဲ့ကောင်က တော့ ဂျပန်ခေတ်မှာ သူ့အလုပ်အကျွေးပြုခဲ့တဲ့ ဗြိတိသျှ ဘုရင့်တပ်မတော်ရဲ့ စစ်





သေနတ်ဒဏ်ချက်နဲ့ သေသွားတယ်။ ခင်ဆွေတင့်ကို ကျုပ် ယူလိုက်တယ်၊ နောက်တော့ ခင်ဆွေတင့်လည်း ဆုံးသွားတယ်"

မင်းသားကြီး စောရန်အောင်က ၎င်း၏ ဇာတ်လမ်းကို ပြောပြ၏။

"ကျုပ်လည်း ဂျပန်တော်လှန်ရေးပြီးတော့ ဖ-ဆ-ပ-လမှာ ဝင်လုပ်ပါသေးတယ်။ နောက်တော့ ကွဲကြ ပြဲကြနဲ့မို့ စိတ်ပျက်ပြီး နိုင်ငံရေးက အနားယူပြီး ဒီမှာလာ ခြံစိုက်နေတယ်။ ဟိုတုန်းကတော့ အမျိုးသားနိုင်ငံရေးလောက်ကိုသာ စိတ်ဝင်စားခဲ့ကြတယ်၊ ခုတော့ ဒီလောက်နဲ့ မလုံလောက်တော့ဘူး၊ လူတန်းစား နိုင်ငံရေးကို လက်ခံမှ အဓိပ္ပာယ်ရှိမယ်"

"မင်းမျိုးမင်းနွယ်နဲ့ လူတန်းစားနိုင်ငံရေးဟာ နည်းနည်းမကွာ လှမ်းဘူးလား ခင်ဗျာ ..."

ကျွန်တော်က ပြုံး၍ မေးလိုက်သည်။

"ဒါကတော့ ကိုယ်က လူတန်းစားအမြင် ဘယ်လောက်သန်သလဲ ဆိုတာပေါ်မှာ တည်ပါတယ် ကိုရင်ရ။ မင်းသားကြီး ဆူဖန်နိုဖောင်းဟာ မင်းမျိုးမင်းနွယ် တစ်ဦးပဲ မဟုတ်လား၊ တရုတ်ပြည် မန်ချူးမင်းဆက်ရဲ့ နောက်ဆုံးဘုရင်မကြီးဖြစ်တဲ့ ဧကရီဘုရင်မကြီး ဆူဇီရဲ့သားတော် ဟင်နရီပူရီဟာ ဂျပန်ခေတ်မှာ မန်ချူးရီးယားပြည် ဘုရင်ဖြစ်ခဲ့ပြီး ခုခေတ် ဆိုရှယ်လစ် တရုတ်ပြည်မှာ အလုပ်သမား၊ လယ်သမားတွေနဲ့ ဒိုးတူပေါင်ဘက် လုပ်နေတဲ့ မျိုးချစ် မင်းညီမင်းသားတစ်ဦး မဟုတ်ဘူးလား။ နယ်ချဲ့ ဆန့်ကျင်ရေးတပ်ပေါင်းစုမှာ အလုပ်သမား၊ လယ်သမား၊ ပညာတတ်များ၊ အမျိုးသား နေရှင်များနဲ့တကွ ပြည်ချစ်မျိုးချစ် မင်းညီမင်းသားတွေလည်း ပါ,ပါတယ်ကိုရင်ရာ ကျုပ်တို့ ပဒေသရာဇ်စနစ်ဟာ ခေတ်နဲ့ မဆီလျော်တော့ဘူး၊ ပြန်လာစရာလည်း မရှိတော့ဘူး။ ဒီတော့ ကျုပ်တို့ဟာ အလုပ်သမားတွေ၊ လယ်သမားတွေရဲ့ ခေတ်ကြီးကို အုတ်တစ်ချပ် သယ်နိုင်သည်ပဲဖြစ်စေ ဝိုင်းဝန်းတည်ဆောက်ပေးရမယ် မဟုတ်ဘူးလား။ ကဲ ... အချိန်လည်း တော်တော်သောင်းပြီ၊ သွားကြဦးစို့"

မင်းသားကြီး စောရန်အောင်နှင့် ကျွန်တော်သည် ကုန်းမြင့်ပေါ်မှ ဆင်းလာကြသည်။

အတော် မှောင်နေလေပြီ။ မင်းသားကြီး စောရန်အောင်သည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ တိတ်ဆိတ်စွာ လျှောက်လာသည်။ ၎င်း၏ ခြံဝသို့ရောက်သော် ကျွန်တော့်ကို နှုတ်ဆက်၍ ခြံထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



မျှော်တော့စ ပြုနေသော ဆည်းဆာအလင်းရောင်ထဲ၌ ၎င်း၏ ခြံဝတွင် ချိတ်ဆွဲထားသော 'သူပုန်အိမ်' ဆိုသည့် ဆိုင်းဘုတ်ငယ်သည်ကျွန်တော့်ကို လှမ်း၍ နှုတ်ဆက်လျက် ရှိပေသည်။

❑



## ကျွန်တော်ဆက်၍ ရေးချင်သော ဝတ္ထုများ – ၆

(၁)

ရထားက ကိုးနာရီကျမှ ထွက်မည်။

မုံရွာဘူတာထဲသို့ ကျွန်တော် ရောက်သောအခါ ရှစ်နာရီခန့်မျှသာ ရှိသေးသည်။ ခေါင်းတွဲပင် မထိုးသေး။

ဘူတာထဲတွင် မန္တလေးသို့သွားမည့် ခရီးသည်များ၊ မိုးညှင်းသံဗုဒ္ဓေ၊ ကြေးမုံ၊ ချောင်းဦး၊ ညောင်ပင်ဝန်းသို့သွားမည့် ခရီးသည်များကို ဟိုတစ်စု၊ သည်တစ်စု တွေ့ရသည်။

ကျွန်တော့်ခရီးမှာ မိုးညှင်းသံဗုဒ္ဓေအထိသာဖြစ်၏။ မိုးညှင်းသံဗုဒ္ဓေသည် မုံရွာနှင့် ခြောက်မိုင်ခန့်သာ ဝေးသည်။ မော်တော်ကားဖြင့်သွားလျှင် ခဏကလေးဖြင့် ရောက်နိုင်သည်။ ကျွန်တော့် အဖော်များမှာ ခပ်စောစောကပင် မော်တော်ကားဖြင့် ထွက်သွားနှင့်ကြပြီ။ သို့ရာတွင် ကျွန်တော် လိုက်မသွားခဲ့။ ရထားပေါ်မှ ရှုခင်းများကို ကြည့်လိုသည့်အတွက်ကြောင့် တစ်ကြောင်း၊ ရထားစီးခရီးသည်များကို လေ့လာလိုသည့်အတွက်ကြောင့် တစ်ကြောင်း၊ ရထားလမ်းကို ကျွန်တော်ရွေးခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်သည် ဖိုးဝန်းတောင်ယံတွင် တစ်ပတ်ခန့် နားနေခဲ့ပြီးဖြစ်၏။ [illegible]ခါးတောင်တစ်ဝိုက်မှ စောင်းတန်းများတစ်လျှောက် တက်ခဲ့သက်ခဲ့ပြီး [illegible] ရွာတောင်တစ်ဝိုက်မှ ကျောက်သားလှေကားထစ်များကိုလည်း တက်ခဲ့ [illegible] ဖြစ်၏။ ၎င်းတစ်ဝိုက်မှ ကျောက်ကမ်းပါးယံ လိုဏ်ဂူကြီးများထဲသို့လည်း ဝင်ခဲ့ထွက်ခဲ့ပြီးဖြစ်၏။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် သန်းပင်၊ [illegible] ရှိသော ဖိုးဝန်းတောင်လမ်းခွဲတစ်လျှောက် လျှိုမြောင်ချိုင့်ဝှမ်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပြီးဖြစ်၏။ နံနက်ခင်း နေခြည်နုနုတွင် သန်းပင်၊ ဒဟတ်ပင် ခင်တန်းများ တစ်ဝိုက်ဆီမှ မြည်ကျူးသော ခါတွန်သံ၊ ချိုးကူသံတို့ကိုလည်း ဆွတ်ပျံ့စဖွယ် ကြား ပြီးဖြစ်၏။ အညာကျေးလက်၏ရှုခင်းနှင့် ကာလအတန်ကြာ ဝေးကွာခဲ့ရသောကျွန်တော် သည် အညာကျေးလက်၏ရှုခင်းကို မြင်လိုက်ရသောအခါ၌ နုပျိုလန်းဆန်းသော ခံစား ချက်တစ်မျိုးသည် ကျွန်တော့်ရင်တွင်းတွင် လှုးလှုန့် နိုးကြားလာသည်ဟုထင်ရ၏။

ကျောင်းကန်တန်ဆောင်းတို့ဖြင့် ရိပ်ငြိမ်ချမ်းမြေ့သော ဖိုးဝန်းတောင် ရှုခင်းကို မြင်ရသည့်အခါတွင် စာရေးဆရာကြီး ညိုမြ၏ သံချိုကလေးတစ်ပုဒ်မှ 'မေ့ခါစီတ ပဿတို့လိုပ၊ ရှာနလာဘီဝင်တဲ့' ဟူသော ကာရန်တစ်ပိုင်းတစ်စသည် ကျွန်တော့် ရင်တွင်းဝယ် ပဲ့တင်ရိုက်ခတ်လာသည်။

ဖိုးဝန်းတောင်၌ နံနက်လင်းလျှင် အုတ်တိုက် ဇရပ်ခေါင်မိုးများပေါ်မှလည်း ကောင်း၊ ဓာတ်တိုင်များမှလည်းကောင်း၊ တွယ်ဖက်ဆင်းလာလေ့ရှိကြသော သုကျိတ်နှင့် ဗာလီတို့၏ အဆက်အနွယ်များကို ကျွန်တော် ငေးမောကြည့်ရှု၏။ သုကျိတ်နှင့် ဗာလီ တို့၏အဆက်အနွယ်များသည် ကျွန်တော်တို့ပစ်ကြသော အစားအစာများကို လုယက် စားသောက်ကြသည်။ အနိုင်ကျင့်တတ်ကြသော မျောက်ငယ်များကိုမြင်လျှင် ဗာလီကို ကျွန်တော့်စိတ်ထဲတွင် အမည်ပေးထားလိုက်၏။ သဘောကောင်း၍ ငုံ့ညွှာတတ်သော မျောက်ကြီးများကိုတွေ့လျှင် သုကျိတ်ဟု အမည်ပေးထားသည်။

သုကျိတ်နှင့် ဗာလီတို့၏ ဇာတ်လမ်းကို ကျွန်တော် ငယ်ငယ်ကတည်းက ကြား ခဲ့ရ၏။ ကြီးပြင်းလာသောအခါ၌လည်း ရာမာယန မဟာကဗျာကြီးမှလည်းကောင်း၊ ပန်းမြိုင်လယ် ဖရင်းချားကြီးမှလည်းကောင်း သိလာခဲ့ရ၏။ သူ့ထီးနန်းကိုလု၍ သူ့ မယားကိုကြာခိုသော ဗာလီကို ကျွန်တော်မုန်း၏။ ရာမနှင့် လက္ခဏ ညီနောင်နှစ်ပါး ကြင်နာချစ်ခင်ပုံကို ကြည့်၍ မျက်ရည်တွေတွေစီးကျရသော သုကျိတ်မျောက်ကြီး ကို ကျွန်တော် သနား၏။

ဖိုးဝန်းတောင်မှ မျောက်များကိုကြည့်ရင်း ဇာတ်လမ်းတစ်ခုသည် ကျွန်တော့် ခေါင်းထဲသို့ လက်ခနဲ ဝင်ရောက်လာ၏။ သို့ရာတွင် ပီပီပြင်ပြင် မဟုတ်။ အရည်တည် ရုံမျှသာ ရှိသေးသည်။

သုကျိတ်နှင့် ဗာလီတို့၏ ဇာတ်လမ်းသည် ရင်နာစရာကောင်းသော ဇာတ်လမ်း ဖြစ်၏။ ရာမနှင့် လက္ခဏာညီနောင်တို့၏ ဇာတ်လမ်းသည်လည်း ဆွတ်ပျံ့ဖွယ်ကောင်း သည်သာဖြစ်၏။ ဒဿဂီရိက မယ်သီတာကို ခိုးယူထွက်ပြေးခန်းသည် ဒေါသထွက်





စရာ အဖြစ်အပျက်ဖြစ်၏။ သီတာကို စည်းဝိုင်းအပြင်ဘက်ရောက်အောင် မြှူဆွယ်ခဲ့သော သမင်မ ဂမ္ဘီသည် လှပသလောက် မုန်းစရာကောင်း၏။ ရာမ၊ လက္ခဏာညီနောင်၊ သုကျိတ်၊ ဗာလီညီနောင်နှင့် သီတာ၊ ဂမ္ဘီတို့၏ ဇာတ်ရုပ်ကို ဇာတ်ကောင်ဖွဲ့၍ ဝတ္ထု ရေးရလျှင် အင်မတန်ဖတ်၍ကောင်းသော ဇာတ်လမ်းကြီးတစ်ပုဒ် ဖြစ်လာမည်ဟု ကျွန်တော် ထင်သည်။

(၂)

ကျွန်တော်သည် မုံရွာဘူတာထဲသို့ ဝင်ခဲ့ပြီးနောက် စောသေးသဖြင့် ဘူတာ ထဲက လက်ဖက်ရည်ဆိုင်တွင် ဝင်၍ အချိန်ဖြုန်းရသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် သည်း လူတွေ ပြည့်ကျပ်နေသည်။ သတင်းစာဖတ်သူ၊ စကားပြောသူ၊ ငြင်းခုံသူတို့၏ အသံဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်လျက်ရှိ၏။ ဆန်ဈေး၊ ဆီဈေး၊ အိန္ဒိယဘက်မှ ဝင်လာသော မှောင်ခိုပစ္စည်းများ၊ ကောက်ပဲသီးနှံအထွက်နှုန်း ... ။

ကျွန်တော်သည် လက်ဖက်ရည်ဆိုင်ထဲတွင် နေရာမရှိသဖြင့် လက်ဖက်ရည် ဆိုင်ရှေ့ ဘူတာရုံ အုတ်ခုံစင်္ကြံရှိ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ စားပွဲမှာ ဘူတာရုံထဲက တမာပင်ကလေးအောက်တွင် ခင်းထားခြင်းဖြစ်သဖြင့် အရိပ်အာဝါသ ကောင်း၏။ ပူပြင်းစပြုလာသော နံနက်ခင်း အညာနေရှိန်ကို ကောင်းစွာ အကာအကွယ် ပေးနိုင်သည်။

သို့ကလို မုံရွာဘူတာရုံရှိ တမာပင်ရိပ်အောက်က စားပွဲခုံတွင်ထိုင်၍ ရထား စောင့်ရင်း လက်ဖက်ရည်သောက်နေတုန်း ကျွန်တော့်စားပွဲသို့ လူကြီးတစ်ယောက် ရောက်လာလေသည်။ ကျွန်တော်သည် ၎င်း၏ လက်ထဲတွင် ကိုင်ထားသော အင်္ဂလိပ် ဘာသာဖြင့် ရေးထားသည့် ပျားမွေးမြူနည်း စာအုပ်တစ်အုပ်ကို မြင်လိုက်ရသောကြောင့် ထိုလူကြီးကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

ထိုလူကြီးမှာ အသက် ၆၀ နီးပါးခန့် ရှိလေပြီ။ [illegible] ပင်နီဖျင်ကြမ်း လက်ရှည်အကျႌ၊ ချည်ကြမ်းလုံချည်နှင့် [illegible] ထားသည်။ ၎င်းလက်တွင် ဟေးဗားဆက်ခေါ် စစ်သုံး [illegible] တစ်လုံးကို ကိုင်ထား၏။ အရပ်ကောင်းကောင်း၊ ကိုယ်လုံးကိုယ်ထည် [illegible] ဖြစ်၍ ကျယ်ပြန့်သောရင်အုပ်ကြီးများနှင့် တောင့်တင်းသော [illegible] များလည်း ပင်နီဖျင်ကြမ်းအကျႌထဲမှ ရုန်းထွက်တော့မည့်နှယ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဤခန္ဓာကိုယ်မျိုးနှင့်ဆိုလျှင် ၄င်း၏ဝမ်းဗိုက်သည် များစွာ စူထွက်နေသင့်ပြီဖြစ်သော်လည်း ထိုသို့အကြည့်ရဆိုးလောက်အောင် ဝမ်းဗိုက်စူထွက်ခြင်း မရှိ။ အရွယ်ကြောင့် အနည်းငယ် စူထွက် ပြည့်တင်းနေရုံလောက်သာ ရှိသည်။

အတန်ငယ်ဝိုင်းသော မျက်နှာပေါ်မှ ထူထဲသောမျက်လုံးမျိုးနှင့်တကွ တောက်လျက်ရှိသေးသော မျက်လုံးများကိုလည်းကောင်း၊ မောင်းဂွတ်အနွယ်ပီသသည့် နှာခေါင်းကိုလည်းကောင်း၊ ချွန်ထွက်လျက်ရှိသော ပါးစုန့်ကြီးများနှင့် မေးနှစ်ထပ်ကိုလည်းကောင်း ကျွန်တော် သတိပြုလိုက်မိ၏။

ထိုလူကြီးသည် ၄င်း၏လက်တွင် ကိုင်ထားသော ပျားမွေးမြူနည်းစာအုပ်နှင့် ယောဗားဆက်ကို စားပွဲပေါ်သို့ တင်လိုက်ပြီးနောက် နှားနို့တစ်ခွက် မှာလိုက်သည်။

မုံရွာဘူတာစကြံ၊ တမာပင်လေး တစ်ပင်၊ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ပျားမွေးမြူနည်းစာအုပ်၊ ယောဗားဆက်၊ ဖျင်ကြမ်းလုံချည်နှင့် စစ်ဖိနပ်တို့ကို ဝတ်ဆင်ထားသည့် အသက် ၆၀ နီးပါးခန့်ရှိ ကျန်းမာတုတ်ခိုင်သော လူကြီးတစ်ယောက်။

"ဦးက ··· ပျားမွေးမြူရေးကို ဝါသနာ ပါ,ပါသလား ခင်ဗျာ" ကျွန်တော့်စိတ်ထဲတွင် ရှုခင်းကိုကြည့်၍ ထူးဆန်းသယောင်ယောင်ရှိသဖြင့် မေးလိုက်သည်။

ထိုလူကြီးက ကျွန်တော့်ကို ပြုံး၍ စိုက်ကြည့်လိုက်၏။

"ကိုယ့်လူကကော၊ ပျားမွေးမြူရေးကို စိတ်ဝင်စားသလား"

၄င်းက ကျွန်တော့်အမေးကို မေးခွန်းဖြင့် တုံ့ပြန်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် မွေးမြူရေးကိုတော့ ဝါသနာ ပါ,ပါတယ်။ ပျားမွေးမြူရေးကိုတော့ စာအုပ်တွေထဲက နည်းနည်းပါးပါးဖတ်ပြီး စိတ်ဝင်စားနေပါတယ်။ ဒါပေမယ့် ဝါသနာပါပြီလို့တော့ မပြောနိုင်သေးပါဘူး"

ကျွန်တော်က ဆိုဗီယက်ပါမောက္ခ ပညာရှင်တစ်ဦးရေးသော 'ပျားတို့၏မျိုးနွယ်'အမည်ရှိ စာတစ်အုပ်အကြောင်းကို ပြောလိုက်သည်။

"ဟုတ်တယ်၊ ကိုယ်လည်း ဖတ်ဖူးတယ်။ ကိုယ် ပျားမွေး ဝါသနာပါလာတာလည်း အဲဒီစာအုပ်တွေရဲ့ ကျေးဇူးကြောင့်ပဲ။ ပြီးတော့ ကိုယ်တို့ဆီမှာ ကြက်မွေးမြူရေးတို့၊ နွားမွေးမြူရေးတို့စတဲ့ မွေးမြူရေးတွေ အမျိုးမျိုးရှိကြပေမယ့် ပျားမွေးတဲ့လူတော့ မရှိသေးဘူးထင်တယ်၊ မဟုတ်ဘူးလား ကိုယ့်လူ"

ထိုလူကြီးက ကျွန်တော့်အား 'ကိုယ့်လူ'ဟု မကြာခဏ ခေါ်ကာ ၄င်း၏စကားကို ထောက်ခံချက် တောင်းလိုက်သည်။





"ဟုတ်ကဲ့၊ ကျွန်တော်လည်း မတွေ့ဖူးသေးဘူးခင်ဗျ"

"ဒါကြောင့် ··· ကိုယ် ခု ပျားမွေးကြည့်တယ်လေ။ ပျားရည်ဟာ ကျန်းမာရေးအတွက် အလွန်အသုံးဝင်တယ် ကိုယ့်လူရ။ နှလုံးရောဂါကို ကာလည်း ကာကွယ်တယ်၊ ပျောက်လည်း ပျောက်ကင်းစေနိုင်တဲ့ ဆေးတစ်ပါးပဲ။ ကိုယ်တို့ ရှေးလူကြီးတွေ ကြည့်ပါလား။ အသက်ကြီးလာရင် စတုမဓုကို စားကြတာပဲ။ ဆိုဗီယက် အဇာဘိုင်ဂျန်တို့၊ ကာဇဝ်စတန်တို့စတဲ့ ပြည်နယ်တွေက အသက်ရာကျော်ရှိတဲ့ လယ်သမားကြီးတွေ၊ သိုးထိန်းကြီးတွေ အသက်ရှည်ရတဲ့ အကြောင်းရင်းတွေထဲမှာ ပျားရည်စားတာလည်း ပါတယ်လို့ ကိုယ်ဖတ်ဖူးတယ်။ ဘယ်လောက်အထိ မှန်, မမှန်တော့ မပြောတတ်ဘူး"

ထိုလူကြီးက ကျွန်တော့်အား ပျားရည်၏ တန်ခိုးအာနိသင်များနှင့်တကွ ပျားတို့၏ မျိုးဆက်ပွံ့ပွားပုံ၊ ပျားဘုရင်မ၏ သဘာဝ၊ တိုက်ပျားများ၊ လုပ်သားပျားများနှင့် ပျားထီးတို့၏ သဘာဝ စသည်တို့ကို ရှည်လျားစွာ ပြောပြ၏။

"ပျားရဲ့ မျိုးဆက်တည်ပုံဟာ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ် ကိုယ့်လူရ။ အလုပ်တာဝန် ခွဲဝေမှုသဘောကို ကောင်းကောင်း တွေ့ရတယ်"

ကျွန်တော်က ဆေးပေါ့လိပ်ကို မီးညှိ၍ စိတ်ပါဝင်စားဟန်ဖြင့် နားထောင်သည်။

"ပျားဘုရင်မက မျိုးဆက်ပွံ့ပွားအောင် လုပ်တယ်။ တိုက်ပျားက ရန်သူကို ခုခံတယ်။ လုပ်သားပျားက ပျားရည်စုဆောင်းတယ်။ အဲ ··· တစ်ခုတော့ရှိရဲ့။ ပျားထီးဆိုတဲ့ ကောင်ကတော့ ဘာမှ အသုံးမကျဘူး။ ဒီပြင်ပျားတွေက အလုပ်လုပ်သလောက် ဒီကောင်ကတော့ စိမ်ခံတယ်။ ဟား ··· ဟား"

ထိုလူကြီးက ၄င်း၏စကားကို ၄င်းဘာသာ သဘောကျ၍ ရယ်လိုက်ပြီးထိုနောက် ရုတ်တရက် မျက်နှာထားကို ပြင်လိုက်ကာ ···

"နေပါဦး၊ ကိုယ့်လူက စာရေးဆရာ မြင့်အောင် မဟုတ်လား" ဟု မှတ်ချက်ချမေးလိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော် မြင့်အောင်ပါ"

"ကိုယ်ထင်တာ မှန်သားပဲ။ ကိုယ့်လူတို့ လွှတ်လာတုန်းက ကိုယ့်လူဓာတ်ပုံကို ကိုယ် သတင်းစာထဲမှာ တွေ့လိုက်တယ်။ ဒါကြောင့် တူပါတယ်လို့ ထင်နေတာ"

"ဦးကကော ခင်ဗျာ။ ဘယ်သူပါလဲ"

ကျွန်တော်က မေးလိုက်သည်။



www.burmeseclassic.com

(၃)

ထိုလူကြီးသည် ပါးစုန့်ကြီးများ ချွန်တက်လာအောင် ပြုံးကာ ကျွန်တော့်ကို စိုက်ကြည့်လျက်ရှိ၏။

"ကျွန်တော်လည်း ဦးကို မြင်ဖူးပါတယ်လို့ စဉ်းစားနေတာ"

"ကိုယ့်လူ မမှတ်မိဘူးလား"

"နှစ်တွေကြာသွားတော့ ကောင်းကောင်း မမှတ်မိဘူးခင်ဗျ"

"ညိုထွန်း"

ထိုလူကြီးက ၎င်း၏ နာမည်ကို တစ်ခွန်းတည်း ပြောလိုက်၏။

ညိုထွန်း၊ ညိုထွန်း။ ညိုထွန်းဆိုသောနာမည်ကို ကျွန်တော် မကြာခဏ ကြားဖူးသည်။ ဘယ်တုန်းကလဲ၊ ဘယ်နေရာမှာလဲ။ ညိုထွန်း၊ ညိုထွန်း။

"ဟုတ်ကဲ့၊ ကျွန်တော်သိတဲ့ ညိုထွန်း၊ လေးငါးယောက်လောက်ရှိတယ် ခင်ဗျ။ ဒါပေမယ့် အဲဒီ ညိုထွန်းတွေအနက် ဘယ်ညိုထွန်းနဲ့မှ မတူလို့ စဉ်းစားနေတာ"

ထိုလူကြီးက အောင်မြင်စွာ ပြုံးလိုက်ပြန်သည်။

"'သပိတ်မှောက်ကျောင်းသား'ထဲက ညိုထွန်းလေ"

ကျွန်တော်သည် ပါးစပ်အဟောင်းသားဖြင့် ထိုလူကြီးကို ကြည့်လိုက်မိသည်။ လက်စသတ်တော့ စာရေးဆရာကြီး သိန်းဖေမြင့်၏ 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုကြီးထဲက ညိုထွန်းနှင့် ကျွန်တော် တွေ့နေပါပကော။

ထိုအခါကျမှ ကျွန်တော်သည် ထိုလူကြီးကို သေသေချာချာထပ်၍ ကြည့်မိသည်။

'သပိတ်မှောက်ကျောင်းသား'ဝတ္ထုထဲတွင် ကျွန်တော်တွေ့ခဲ့ရသော ညိုထွန်းက ပိန်ပိန်ပါးပါး။ ယခု ကျွန်တော် တွေ့ရသော ဦးညိုထွန်းက ကိုယ်လုံးကိုယ်ပေါက် ထွားထွားကျိုင်းကျိုင်း။ ထိုစဉ်က ညိုထွန်းက အသားညိုညို၊ ယခု ဦးညိုထွန်းက အသားမည်းမည်း၊ နေလောင်ထားသည့် မျက်နှာ။ ထိုစဉ်က ညိုထွန်းက ဖျို့ရွယ်နုနယ်ခြင်းဖြင့် သွက်လက်ဖျတ်လတ်လျက်။ ယခု ဦးညိုထွန်းက အရွယ်ကြောင့် အေးဆေးတည်ငြိမ်လျက်။

ကျွန်တော်တို့နှစ်ယောက်သည် ရုတ်တရက် စကားမပြောမိကြ။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ မီးရထားခေါင်းတွဲမှ မီးခိုးထုတ်သံ၊ ဘူတာရုံမှ လက်မှတ်နှိပ်သံ၊ စကားပြောသံ၊ လှုပ်ရှားသွားလာကြသံများကို ကြားနေရသည်။





ကျွန်တော်သည် ဦးညိုထွန်းကိုတစ်လှည့်၊ ကျွန်တော်တို့ခေါင်းပေါ်တွင် မိုးယှက်ခန်းအုပ်လျက်ရှိသော တမာပင်ကလေးကိုတစ်လှည့် မော့ကြည့်မိသည်။

"ဘာလဲ၊ ကိုယ့်လူက 'သပိတ်မှောက်ကျောင်းသား' ဇာတ်လမ်းအဖွင့်ထဲက တမာပင်ကလေးကို သတိရလို့လား"

ဦးညိုထွန်းက ကျွန်တော့်ကို ပြုံး၍မေးသည်။

"ဟုတ်တယ်ခင်ဗျ၊ '*ရုံပိုင်သည် တဝါးဝါးသမ်းဝေပြီးနောက် လက်မှတ်နှိပ်သော ကပ်ကြေးဖြင့် စားပွဲကို ထုလိုက်လေ၏။ အမေသည် ဘူတာရုံစကြံမှ တမာပင်ကလေးကို မှီရပ်ကာ ညိုထွန်းကို ငေးကြည့်နေလေ၏*' ဆိုတဲ့ စာပိုဒ်ကလေးတွေကို သတိရနေတယ်ခင်ဗျ။ စာရေးဆရာကြီး သိန်းဖေမြင့်ကပဲ အဖွဲ့အနွဲ့ကောင်းလို့လား၊ အဲဒီဝတ္ထုကြီးကို ဖတ်ရတဲ့အချိန်က ကျွန်တော်ဟာ ခံစားလွယ်၊ ထင်မြင်လွယ်တဲ့ အရွယ်မို့လား၊ ဘာကြောင့်လဲတော့ မပြောတတ်ဘူး။ စကြံမှာ တမာပင်တွေပေါက်နေတဲ့ အညာဘူတာရုံကလေးတစ်ခုကို မြင်လိုက်ရရင် 'သပိတ်မှောက်ကျောင်းသား'ဝတ္ထုကြီးထဲက အဲဒီအဖွင့်ကလေးနဲ့ ညိုထွန်းဆိုတဲ့ ဇာတ်ကောင်ကို သွားသွားပြီး အမှတ်ရတတ်တယ်ခင်ဗျ"

"ကိုယ့်လူ 'သပိတ်မှောက်ကျောင်းသား'ကိုဖတ်ရတာ ဘယ်နှစ်ကလဲ"

ကျွန်တော်က မျက်လုံးများကိုမှေး၍ စဉ်းစားလိုက်သည်။

"၁၉၃၈-၃၉ ခုနှစ် ထင်တယ်ခင်ဗျ။ ကျွန်တော် ဆယ်နှစ်သားလောက်မှာ"

ကျွန်တော်က စဉ်းစားရင်း ခပ်ဆိုင်းဆိုင်းဖြေသည်။ ထိုဝတ္ထုကြီးကို ကျွန်တော် ဖတ်ရသည့်အချိန်ကို ပြန်ပြောင်းစဉ်းစားသည်။ မှန်ပါသည်။ ကျွန်တော် ၁၀ နှစ်သား လောက်မျှသာ ရှိဦးမည်။ ကျွန်တော့်အဖေမှာ နဂါးနီအသင်းဝင်တစ်ဦးဖြစ်၍ နဂါးနီ ထိုက်ထုတ် လစဉ်စာအုပ်များကို မှန်မှန်ရနေသည်။ 'လူမွဲတို့ ထွက်ရပ်လမ်း'၊ '[illegible] ခွန်စားခန်းများ'၊ 'လီနင်'၊ 'အေဗရာဟင်လင်ကွန်း'၊ 'ဆိုဗီယက် ဒီမို[illegible] တွေများ'၊ 'ဂျီဆေးရီဖော်'၊ 'လူပေါ်လူဇော်လုပ်နည်း'၊ 'သပိတ်မှောက်ကျောင်းသား' စသည့် စာအုပ်များ။

ထိုစဉ်က ထိုစာအုပ်များအားလုံးကို ကျွန်တော်နားမလည်။ ဥပမာ- 'လူမွဲတို့ ထွက်ရပ်လမ်း' စသည့်စာအုပ်များထဲတွင် ကျွန်တော်နားမလည်သည့် [illegible] နားလည်သည့်အချက်တွေရော ရောထွေးလျက်ရှိသည်။ သို့ရာတွင် 'သပိတ်မှောက် ကျောင်းသား'ဝတ္ထုကြီးကိုကား ကျွန်တော်ဖတ်၍ နားလည်[illegible] မိ၏။

www.burmeseclassic.com



'သပိတ်မှောက်ကျောင်းသား' ဝတ္ထုကြီးသည် ၁၉၃၆ ခုနှစ်၊ ကျောင်းသားသပိတ်ကြီးကို နောက်ခံပြုထား၏။ ထိုဝတ္ထုကြီးထဲမှာ ဇာတ်ဆောင် ညိုထွန်းသည် စုံရွာနယ်၊ ဘုတလင်ကျေးလက်မှ မြေတိုင်းစာရေးကြီးတစ်ဦး၏ သားဖြစ်သည်။ ညိုထွန်း၏ဖခင် မြေတိုင်းစာရေးကြီးသည် ၎င်း၏သားကို အိုင်-စီ-အက်စ်ဘွဲ့ရ မြို့အုပ်ဝန်ထောက်စသည့် အရာရှိကြီး ဖြစ်စေလို၏။ ထို့ကြောင့် ရှိသမျှ မြေကလေးကို ပေါင်နှံကာ ရှိစုမဲ့စုဖြင့် ၎င်း၏သား ညိုထွန်းကို ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်သို့ ပညာသင် လွှတ်၏။ ညိုထွန်း၏ သူငယ်ချင်း သောင်းဖေမှာ မန္တလေးမှဖြစ်၏။ ထိုနှစ် တက္ကသိုလ်ကျောင်းဖွင့်သောအခါ၌ သောင်းဖေ၏ညီမ သောင်းရီသည်လည်း ရန်ကုန်တက္ကသိုလ်သို့ ကျောင်းနေခွင့်ရ၏။ ညိုထွန်းသည် မီးရထားပေါ်၌ သောင်းရီကို တွေ့သောအခါ ညီမလေးအရင်းလို ခင်မင်သွား၏။ ညိုထွန်းသည် ရန်ကုန်တက္ကသိုလ်တွင် သခင်ကျောင်းသားတစ်ဦး ဖြစ်၏။ တက္ကသိုလ်ကျောင်းသားများသမဂ္ဂတွင် တက်ကြွစွာပါဝင်၏။ ရန်ကုန်တက္ကသိုလ်မှ ဆောင်းတီးသော၊ တနုတယဥ်ကလေးများကိုပွဲသော 'မြာ'လိုက်သော မြန်မာစာနည်းပြ ဆရာကလေးများဖြစ်သည့် ကိုသန်းမြင့်၊ ဘလှသိန်း စသူတို့ကို ဆန့်ကျင်၏။ တစ်ခါတွင် သောင်းရီအား နည်းပြဆရာ ကိုသန်းမြင့်က 'အပျော်ရည်းစား'ထားရန် ရည်းစားစာပေးသည့်အခါ၌ ကိုသန်းမြင့်ကို သွား၍ "စိန်" ခေါ်ခဲ့၏။ တစ်ခါ၌လည်း ကိုသန်းမြင့်တို့လူသိုက် ကျောင်းသူနှစ်ယောက်ကို အပြင်သို့ထုတ်၍ မတော်မလျော်ကြံသည်တွင် ညိုထွန်းက ၎င်းတို့အား ထုတ်ဖော်ဖွင့်ချ၏။ သောင်းရီ၏သူငယ်ချင်းများထဲတွင် ပုသိမ်မှ မထားမြင့်ဆိုသည့် ကျောင်းသူတစ်ယောက်ရှိ၏။ ညိုထွန်းနှင့် မထားမြင့်တို့သည် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂတွင် အလုပ်လုပ်ရင်း ခင်မင်ရင်းနှီး၍လာကြ၏။ ၎င်းတို့သည် ကမာရွတ် စွပ်ကျယ်စက်မှ အလုပ်သမားကြီးများ ဖြစ်ကြသော ကိုကြွယ်၊ မရှိန် စသူတို့ထံသွား၍ အလုပ်သမားများအား စာသင်ပေးကြ၏။ နိုင်ငံရေး ဆွေးနွေးကြ၏။ အရင်းရှင်စနစ်ကို သရုပ်ခွဲပြကြ၏။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ သွတ်သွင်းပေးကြ၏။ အလုပ်သမားသပိတ်မှောက်သည့်အခါတွင် သွားရောက်ကူညီကြ၏။ ထိုအတောအတွင်း ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုအခါ၌ ညိုထွန်းသည် သပိတ်မှောက်ကျောင်းသား ခေါင်းဆောင်တစ်ဦး ဖြစ်လာ၏။ မထားမြင့်၊ သောင်းရီ စသည့် ကျောင်းသူများလည်း ရွှေတိဂုံဘုရားရှိ သပိတ်စခန်းသို့ ပါလာကြသည်။ အချို့ သစ္စာဖောက် ကျောင်းသားများမှာ သပိတ်မမှောက်ဘဲ ကျန်ခဲ့ကြသည်။ ၎င်းတို့အထဲတွင်





ညိုထွန်း၏သူငယ်ချင်း သောင်းဖေလည်း ပါသည်။ သပိတ်မှောက်စခန်း၌ ညိုထွန်းသည် အလွန်အလုပ်လုပ်သူ ဖြစ်သည်။ ဝါဒဖြန့်ချိရေး၊ ကျွေးမွေးရေး၊ စောင့်ရှောက်ရေး ကိစ္စများတွင် ညိုထွန်း တက်ကြွစွာ ပါဝင်သည်ချည်း ဖြစ်သည်။ ထိုအတောအတွင်း ညိုထွန်းမှာ အလုပ်အလွန်ပင်ပန်းကာ မကျန်းမမာဖြစ်သည်။ အိပ်ရာက မထနိုင်တော့။

သပိတ်စခန်းတွင် သပိတ်ကျောင်းသူ ကျောင်းသားများကို ရေရှည်ထားရန်မှာ တာဝန်ကြီးသဖြင့် အိမ်သို့ပြန်လွှတ်လိုက်သည်။ ထိုအချိန်၌ ညိုထွန်းနှင့် ထားမြင့်တို့မှာ များစွာ ရင်းနှီးလာခဲ့လေပြီ။ သို့ရာတွင် ချစ်ရေးကြိုက်ရေးကို ဖွင့်မပြောကြ။ ထိုကိစ္စကို စိတ်မကူးနိုင်ကြ။ ၎င်းတို့စိတ်၌ ကျောင်းသားသပိတ်ကြီး အောင်မြင်ရေးကိစ္စသာလျှင် လွှမ်းမိုးကြီးစိုးနေသည်။ ညိုထွန်းနှင့် ထားမြင့်တို့သည် ဤသို့ဖြင့် ခွဲခွာသွားကြရသည်။ လွမ်းရေး အသားမပေးနိုင်ကြ။ တိုင်းရေးပြည်ရေးကိုသာ ဦးထိပ်ထားကြသည်။

ထိုအတောအတွင်း ကျောင်းသားများ သပိတ်မှောက်ကောင်စီ၌ သပိတ်လှန်ရေး၊ မလှန်ရေးနှင့် စပ်လျဉ်း၍ သဘောထားကွဲကြသည်။ ခေါင်းဆောင်အများစုက သပိတ်လှန်ရေးကို လှုံ့ဆော်နေကြသည်။ လူနည်းစုက သပိတ်ကို ဆက်မှောက်ချင်ကြသည်။ သို့ရာတွင် သပိတ်ကို ဆက်မှောက်လိုသော လူနည်းစုထဲ၌ ခေါင်းဆောင်နိုင်မည့်သူ မရှိ။ အချက်ကျကျ ပြောဆိုမည့်သူ မရှိ။ ထို့ကြောင့် ရွှေတိဂုံခြေရင်း ဇရပ်တစ်ခုတွင် ဆေးကုနေသော ညိုထွန်းကို လာခေါ်ကြသည်။ ညိုထွန်းသည် လူတွဲကာ ဘုရားရင်ပြင်ရှိ သပိတ်စခန်းသို့ တက်လာခဲ့သည်။ သပိတ်မလှန်ရေး ရဲရဲတောက်တရားကိုဟော၏။ ဟောရင်း ညိုထွန်းသည် မူးမေ့ကျသွား၏။ ထို့ကြောင့် ညိုထွန်းကို ၎င်းဆေးကုလျက်ရှိရာ ရွှေတိဂုံခြေရင်းဇရပ်သို့ ပြန်ပို့လိုက်၏။

ထိုအတောအတွင်း၌ကား သပိတ်မှောက်ကောင်စီက သပိတ်လှန်ရန် ဆုံးဖြတ်လိုက်လေပြီ။

ညိုထွန်းသတိရ၍ ကြည့်လိုက်သောအခါ၌ကား ...

အလုပ်သမားကြီး ကိုကြွယ်၊ အလုပ်သမ မရှိန်၊ သပိတ်မလှန်ရေးသမားတော်သား ဘငွေနှင့် ထားမြင့်တို့ကို တွေ့လိုက်ရ၏။ ဘငွေက သပိတ်လှန်ပြီဖြစ်ကြောင်း မကျေမချမ်းဖြင့် ပြောဆို၏။ ညိုထွန်း၏ ခေါင်းသည် တရိပ်ရိပ် မူးလာ၏။ ရှုပ်ထွေး အိမ် ခြတက်သလို နဖူးကြောကြီးများသည် ထင်းခနဲ ပေါ်လာကြ၏။ နားထင်သွေး တဖိဖိမြည်လာ၏။

ညိုထွန်းသည် အံကိုကြိတ်၏။ လက်သီးကိုဆုပ်ကိုင်၏။ ၎င်း၏ ခေါင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ တဖြည်းဖြည်း ငိုက်ကျလာ၏။ မျက်လုံးတို့သည် မှုန်ဝါးလာ၏။

ညိုထွန်းသည် အရှေ့ဘက် ဗဟန်းတောတန်းထိပ်မှ ပြူထွက်လာသော လရောင်ကို ငေးမျှော်ကြည့်၏။ သို့ရာတွင် လရောင်ကိုမမြင်။ ထွက်ပြူစ လရောင်တွင် ညို့လျက်ရှိသော တောအုပ်ကိုလည်း သတိမထားမိ။ ၄င်း၏ရှေ့မှ ကိုကြွယ်၊ မရှိန်၊ ဘငွေ၊ ထားမြင့်တို့ကိုလည်း မသိကွဲတော့။

၄င်း၏စိတ်၌ 'ငါတို့နိုင်ရမယ်၊ ငါတို့ နိုင်ရမယ်' ဆိုသော အသံသာလျှင် ကြီးစိုးလျက်ရှိ၏။

ထို့နောက် ညိုထွန်းသည် အရုပ်ကြိုးပြတ်ပမာ ပျော့ခွေကျသွား၏။ ထားမြင့်နှင့် မရှိန်သည် အလန့်တကြားအော်ကာ ပျော့ခွေကျသွားသော ညိုထွန်းကို ကြည့်လိုက်ကြ၏။

ကန်တော်ကြီးဘက်မှ တောအုပ်များသည် ပြူထွက်စ လရောင်အောက်၌ မှိုင်းနေကြလေ၏။

ဤသည်မှာ ကျွန်တော်မှတ်မိသော 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုကြီး၏ ဇာတ်လမ်းဖြစ်၏။

(၄)

"စာရေးဆရာကြီး သိန်းဖေမြင့်ကပဲ အရေးကောင်းလို့လား၊ အဲဒီဝတ္ထုကြီးကို ဖတ်ရတဲ့အချိန်က ကျွန်တော်ဟာ ထင်မြင်လွယ်၊ မှတ်သားလွယ်ဖြစ်တဲ့အရွယ် ဖြစ်လို့လား၊ ဘာကြောင့်လဲတော့ မပြောတတ်ဘူး ခင်ဗျ။ ကျွန်တော် တော်တော်များများ မှတ်မိနေတယ်။ တချို့ ဝါကျတွေကို အလွတ်ရသေးတယ်"

ကျွန်တော်က ဇာတ်လမ်းကို အတိုချုံး၍ ပြောပြကာ ဝါကျအချို့ကို ရွတ်ပြလိုက်သည်။

"စာရေးဆရာကြီး သိန်းဖေမြင့်က အရေးကောင်းတာလည်း ပါ,ပါလိမ့်မယ်။ ပြီးတော့ ကိုယ့်လူ ဒီဝတ္ထုဖတ်ရတုန်းက အသက်ဆယ်နှစ်ဆိုတော့ ..."

ဦးညိုထွန်းက လက်ဖက်ရည်ကြမ်းတစ်အိုးပေးရန် လှမ်းပြောလိုက်သည်။ ပြီးမှ ...

"အသက် ဆယ်နှစ်ဆိုတာ စိတ်အာရုံမှာ ထင်လွယ်မြင်လွယ် ခံစားလွယ်တဲ့ အရွယ်ပဲ။ ဒါကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ နေပါဦး၊ ကိုယ့်လူကော စာရေးဆရာကြီး





သိန်းဖေမြင့်နဲ့ တွေ့သေးရဲ့လား"

"သိပ်မတွေ့ဘူးခင်ဗျ။ ဆယ်နှစ်လောက်အတွင်းမှာ တစ်ခါပဲ တွေ့တယ်။ ဦးညိုထွန်းရော တွေ့သေးရဲ့လား"

ဦးညိုထွန်းက ရုတ်တရက် မဖြေသေးဘဲ အဝေးသို့ လှမ်းကြည့်နေသည်။ ၄င်း၏ မျက်လုံးများသည် တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်။

"ဟင့်အင်း ... ကိုယ်နဲ့မတွေ့တာ ကြာပါပြီ။ ၁၉၄၈ ခုနှစ်ကတည်းက ဆိုပါတော့"

"သပိတ်မှောက်ကျောင်းသား ဝတ္ထုကြီးထဲမှာ ဦးညိုထွန်းဟာ သပိတ်မလှန်ရေးဘက်က ရပ်ခဲ့တယ်။ အများစုက သပိတ်လှန်ကြတော့ ရွှေတိဂုံဘုရားခြေရင်းက ဇရပ်တစ်ဆောင်ပေါ်မှာ လဲနေတဲ့ ဦးညိုထွန်းကိုယ်တိုင် သပိတ်စခန်းသွားပြီး သပိတ်မလှန်ရေး တရားဟောခဲ့သေးပေမယ့် မအောင်မြင်ဘူး။ အရေးနိမ့်ခဲ့ရတယ်။ ဦးညိုထွန်းလည်း စကားပြောရင်း မေ့လဲသွားတယ်။ သတိရတဲ့အခါကျတော့ ဇရပ်ကလေးပေါ် ပြန်ရောက်နေပြီ။ ကိုကြွယ်တို့၊ မရှိန်တို့၊ မထားမြင့်တို့ ရောက်လာပြီး သပိတ်လှန်လိုက်တဲ့ အကြောင်း ပြောပြတယ်။ ဒီတင် ဦးညိုထွန်း မေ့သွားပြန်တယ်။ 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုကြီးရဲ့ဇာတ်လမ်းဟာ ဒီတင်ပဲ ဆုံးသွားတယ်။ အဲဒီဝတ္ထုကိုဖတ်ပြီး ကျွန်တော့်စိတ်ထဲမှာ ဆတ်တငံ့ငံ့ဖြစ်နေတယ်။ အားမလို အားမရဖြစ်နေတယ်။ ကြီးပြင်းလာလို့ ကိုယ်၌က စာလေးဘာလေး နည်းနည်းရေးလာတော့ ကျွန်တော် ဒီဝတ္ထုကြီးကို သိပ်ဆက်ရေးချင်တာပဲ"

ကျွန်တော်က 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုကြီးထဲ ညိုထွန်းသည် စစ်မဖြစ်မီက ကျွန်တော်တို့ လူငယ်များအပေါ်တွင် သြဇာလွှမ်းမိုးခဲ့ကြောင်း၊ ညိုထွန်းလို လူတစ်ယောက် ဖြစ်ချင်ခဲ့ကြကြောင်းဖြင့် ပြောပြ၏။

ဦးညိုထွန်းက ပြုံးလိုက်သည်။

"ကိုယ့်လူက ညိုထွန်းကို ဘာကြောင့် အားကျတာလဲ။ ညိုထွန်းက ထိုခေတ်လူကို ဘယ်လို သြဇာလွှမ်းမိုးခဲ့သလဲ"

ကျွန်တော်က လက်ဖက်ရည်ကြမ်း တစ်ကျိုက်ကို သောက်လိုက်ပြီး —

"ကိုလိုနီတိုင်းပြည်တွေနဲ့ ကိုလိုနီတစ်ပိုင်း၊ ပဒေသရာဇ်တစ်ပိုင်း တိုင်းပြည်တွေမှာ တိုးတက်တော်လှန်တဲ့ အယူအဆတွေကို စတင်ထိတွေ့ပြီး [illegible] တွေကို အလုပ်သမား၊ လယ်သမားတွေဆီ ရောက်အောင် ပို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လူတန်းစားတွေခင်ဗျ။ (ဒီပညာတတ်တွေဟာ နောက်ပိုင်းကျမှ တွေဝေယိမ်းယိုင်ပြီး ဒီအယူအဆတွေ ကျောခိုင်းသွားကြတာ၊ ဖောက်ပြန်သွားကြတာကတော့ တစ်ပိုင်းပေါ့ခင်ဗျာ။ ဒါကတော့ ပညာတတ် လူတန်းစားတွေရဲ့ ဥာဉ်ကိုး)''

ဦးညိုထွန်းက ပြုံး၍ နားထောင်သည်။

''ဒီတော့ စစ်မဖြစ်မီ ကိုလိုနီခေတ်မြန်မာနိုင်ငံမှာလည်း တိုးတက်တော်လှန်တဲ့ အယူအဆတွေကို သွတ်သွင်းလာသူတွေဟာ ပညာတတ်တွေပဲခင်ဗျ။ ဒီထဲမှာ 'သပိတ်မှောက် ကျောင်းသား'ဝတ္ထုကြီးထဲက ညိုထွန်းလည်း ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို တိုးတက်တော်လှန်တဲ့ အယူအဆသစ်တွေ သွတ်သွင်းပေးတဲ့ သပိတ်မှောက်ကျောင်းသား ညိုထွန်းကို ကျွန်တော်တို့ သဘောကျခဲ့ကြတယ်။ ဒါက တစ်ချက်။ နောက်တစ်ချက်က ညိုထွန်းဟာ အဖိနှိပ်ခံ အလတ်တန်း အောက်လွှာက (သူ့အဖေက မြေတိုင်းစာရေးလေးက) ဆင်းသက်လာတဲ့အတွက် သူ့စိတ်ကူး မျှော်မှန်းချက်တွေဟာ ကိုလိုနီခေတ် မြန်မာနိုင်ငံက ခေတ်ပညာတတ် လူငယ်အများစုရဲ့ မျှော်မှန်းချက်တွေ၊ စိတ်ကူးတွေ၊ မကျေနပ်ချက်တွေနဲ့ တစ်ထပ်တည်းသွားတူနေတယ်။ ဥပမာ၊ ညိုထွန်းအဖေဟာ သူ့သားကို မြို့အုပ်တို့၊ ဝန်ထောက်တို့၊ ဘာတို့ ဖြစ်စေချင်တယ်။ အဲဒီတုန်းက ကျွန်တော်တို့ အဖေတွေဟာလည်း သူတို့သားတွေကို ရာထူးရာခံကြီးတွေ ရစေချင်ခဲ့ကြတယ်။ အထက်တန်းအရာရှိကြီးတွေ ဖြစ်စေချင်ခဲ့ကြတယ်။ ဒါပေမယ့် ညိုထွန်း ဖြစ်ခဲ့သလား၊ မဖြစ်ခဲ့ဘူး။ မိဘရဲ့အလိုနဲ့ဆန့်ကျင်ပြီး သခင်နိုင်ငံရေးသမား ဖြစ်လာတယ်။ ကျောင်းသားခေါင်းဆောင် ဖြစ်လာတယ်။ ကျွန်တော်တို့ကျတော့လည်း မိဘတွေက ဒီအတိုင်းပဲ ဖြစ်စေချင်တာပဲ။ ဒါပေမယ့် ကျွန်တော်တို့ ဖြစ်ခဲ့ကြသလား။ သူတို့ ဖြစ်စေချင်သလို မဖြစ်ခဲ့ဘူး။ သူတို့ ဖြစ်စေချင်တာက တစ်မျိုး။ ဒါကြောင့် ညိုထွန်းဟာ အဲဒီခေတ်က လူငယ်အများစုကြီးရဲ့ စိတ်ကူးမျှော်မှန်းချက်တွေကို ကိုယ်စားပြုနိုင်တယ်လို့ ကျွန်တော် ပြောခြင်းပါ''

''ပြီးတော့ ...''

''ပြီးတော့ 'သပိတ်မှောက်ကျောင်းသား' ညိုထွန်းဟာ သပိတ်အရေးတော်ပုံကြီး အောင်မြင်ရေးအတွက် သိပ်အလုပ်လုပ်တယ်၊ ရိုးသားတယ်။ သူ့ရဲ့လုပ်ဟန်ဟာ ကြိုးစားပြီး အပင်ပန်းခံတဲ့ လုပ်ဟန်ဖြစ်တယ်။ ကိုယ်ကျိုးစွန့်တဲ့ လုပ်ဟန်ဖြစ်တယ်''

''ဘယ်လိုများ ကိုယ်ကျိုးစွန့်တာလဲ ကိုယ့်လူရ''

ဦးညိုထွန်းက ပြုံး၍ မေးပြန်သည်။





''အချစ်ကို စွန့်လွှတ်တယ် ခင်ဗျ။ သူဟာ မထားမြင့်ကို အသည်းနှင့်အောင် ချစ်ပေမယ့်၊ သူ့အချစ်ကို သပိတ်အရေးတော်ပုံကြီး အောင်မြင်ရေးဆိုတဲ့ အကျိုးစီးပွား အောက်မှာ မြှုပ်နှံလိုက်တယ်။ အရာရာမှာ သပိတ်အရေးတော်ပုံကြီး အောင်မြင်ရေးကို ရှေ့တန်းမှာ ထားတယ်။ ကိုယ်ကျိုးကို နောက်တန်း ပို့ထားတယ်။ မထားမြင့်ကို သူချစ်ပေမယ့်၊ ချစ်ရေးဆိုရင်လည်း အောင်မြင်မယ်ဆိုတာသိပေမယ့် ဒီအချစ်စိတ်ကို ဖျောက်ဖျက်ပစ်ခဲ့တယ်။ လူငယ်တစ်ယောက်အတွက် အချစ်ကို စွန့်လွှတ်ရခြင်းလောက် ကြီးကျယ်တဲ့အရာ မရှိဘူးလို့ ကျွန်တော်ထင်တယ် ခင်ဗျ။ မဟုတ်ဘူးလား ဦးညိုထွန်း''

ဦးညိုထွန်းက ခေါင်းတဆတ် ညိတ်လျက်ရှိသည်။

''နောက်တစ်ချက်က ညိုထွန်းက ပညာတတ်တွေကို အလုပ်သမားတွေနဲ့ တစ်သားတည်းဖြစ်အောင် ပေါင်းစပ်ပေးရာမှာ စံပြပဲခင်ဗျ။ ညိုထွန်းဟာ အလုပ်သမားတွေနဲ့ အတူစား၊ အတူနေပြီး သူတို့လို ခံစားတတ်တယ်။

သူတို့ မုန်းတဲ့အရာကို မုန်းတတ်တယ်။ သူတို့ချစ်တဲ့အရာကို ချစ်တတ်တယ်။ ဒါက တစ်ချက်။ ပြီးတော့ ညိုထွန်းဟာ သပိတ်မလှန်ရေးဘက်က ရဲရဲတောက် ရပ်ခဲ့တယ်ခင်ဗျ။ ဒို့ပြင် ခေါင်းဆောင်တွေက စိတ်ဓာတ် အကြီးအကျယ်ကျနေကြချိန်မှာ ညိုထွန်းဟာ သပိတ်ဘက် မားမားရပ်သွားတယ် ခင်ဗျ။ အနိုင်မခံ၊ အရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့ တိုက်သွားတယ် ခင်ဗျ။ ဒူးမထောက်ခဲ့ဘူး။ ဒါကြောင့် တိုးတက်တော်လှန်တဲ့ အယူအဆရှိတဲ့ ညိုထွန်း၊ အဲဒီခေတ် လူငယ်တွေရဲ့စိတ်ကူး မျှော်မှန်းချက်တွေကို ကိုယ်စားပြုနိုင်တဲ့ ညိုထွန်း၊ ရိုးသားပြီး ကြိုးစားတဲ့လုပ်ဟန်၊ အပင်ပန်းခံတဲ့ လုပ်ဟန်ကို ထူထောင်ခဲ့တဲ့ ညိုထွန်း၊ အချစ်ကို စွန့်လွှတ်ခဲ့တဲ့ ညိုထွန်း၊ အလုပ်သမားတွေနဲ့ တစ်သားတည်းဖြစ်အောင် ပေါင်းစပ်ခဲ့တဲ့ ကျောင်းသားညိုထွန်း၊ သပိတ်[illegible] အနိုင်မခံ၊ အရှုံးမပေးတဲ့ ညိုထွန်း၊ ဒီညိုထွန်းဟာ အဲဒီခေတ်က လူငယ်တွေရဲ့ '[illegible]' [illegible] ခင်ဗျ။ တစ်နည်းပြောရရင် နယ်ချဲ့ဆန့်ကျင်ရေးမှာ စံပြပညာတတ် တစ်[illegible] ခင်ဗျ''

ဦးညိုထွန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

''ဒါကြောင့် ညိုထွန်းကို သဘောကျတယ် ဆိုပါတော့''

''ဟုတ်ပါတယ်၊ အဲဒီလို ညိုထွန်းကို ရွှေတိဂုံခြေရင်းက [illegible] ဆောင်မှာ မူးမေ့လဲကျသွားပြီး အဆုံးသတ်သွားရတဲ့အတွက် ညိုထွန်း[illegible] ထုတ်ပေးလိုက်တဲ့ စာရေးဆရာကြီး သိန်းဖေမြင့်ကိုတော့ ကျွန်တော် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သာ ရေးခွင့်ရှိရင် ကျွန်တော်တော့ ဆက်ရေးမှာပဲ''

ဦးညိုထွန်းက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်၏။

''ဇာတ်လမ်းက ပြီးနေပြီ ကိုယ့်လူရ။ ရေးစရာ မရှိတော့ဘူး။ သပိတ်ကလည်း လှန်နေပြီ။ ညိုထွန်းရဲ့ ဘက်မှာလည်း လူနည်းစုဖြစ်နေပြီ။ ဒီတော့ ညိုထွန်းရဲ့ဇာတ်လမ်းဟာ ဒီမှာပဲ ရပ်ရတော့မှာ မဟုတ်ဘူးလား။ ဒီထက် ဘာပိုရေးလို့ရတော့မှာလဲ''

''ဟုတ်ပါတယ်။ ညိုထွန်းဟာ 'သပိတ်မှောက်ကျောင်းသား'မှာ အရှုံးနဲ့ ပိုင်းလိုက်ရတယ်ဆိုတာ မှန်ပါတယ်။ သူ ချန့်ပီယံလုပ်ခဲ့တဲ့ အရေးတော်ပုံဟာ ရှုံးနိမ့်သွားရပြီ။ သူချစ်ခဲ့တဲ့ မထားမြင့်နဲ့ ပေါင်းရသလိုလို၊ မပေါင်းရသလိုလိုနဲ့ ဇာတ်သိမ်းလိုက်ရပြီ။ ဒါပေမယ့် ကျွန်တော်ကတော့ အဲဒီအချက်ကိုပဲ မကျေနပ်တာပဲခင်ဗျ။ ဒါကြောင့် ဆက်ရေးချင်တယ် ပြောတာ''

''ကဲ ... ကိုယ့်လူ ရေးခွင့်ရမယ်ဆိုရင် ဘာဆက်ရေးမလဲ''

ဦးညိုထွန်းက မေးလိုက်သည်။

'' 'သပိတ်မှောက်ကျောင်းသား' ဇာတ်လမ်းဟာ သမိုင်းပြည့်ဖုံးကားချပြီးဖြစ်တဲ့အတွက် သမိုင်းက ပြဋ္ဌာန်းပေးပြီးဖြစ်တဲ့အတွက် အဲဒီထဲက ညိုထွန်းအကြောင်းကို မရေးနိုင်တော့ရင် ကြီးပြင်းလာတဲ့ ညိုထွန်း၊ ရှေ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွေမှာ အောင်တံခွန်စိုက်နိုင်တဲ့ ညိုထွန်းအကြောင်းကို ကျွန်တော် ဆက်ရေးမယ်''

ဦးညိုထွန်းသည် ကျွန်တော့်ကို စိုက်ကြည့်လိုက်၏။

'' 'သပိတ်မှောက်ကျောင်းသား'ဝတ္ထု ၁၉၃၆ ခုနှစ်မှာ ဆုံးထားတယ် မဟုတ်လား ကိုယ့်လူ''

''ဟုတ်ပါတယ်။ ၁၉၃၆ ခု၊ ကျောင်းသားသပိတ်ကြီးအပြီးမှာ ဆုံးထားပါတယ်''

''စာရေးဆရာကြီး သိန်းဖေမြင့်ရဲ့ 'အရှေ့ကနေဝန်းထွက်သည့်ပမာ' ဆိုတဲ့ ဝတ္ထုကြီးကိုရော ကိုယ့်လူဖတ်ရဲ့လား''

''ဖတ်ပါတယ် ခင်ဗျ''

''အဲဒီဝတ္ထုကြီးဟာ ၃၈-၃၉ ခုနှစ်လောက်ကို ေ က်ခံထားပြီး အစပြုထားတယ်။ အဲဒီကနေပြီး အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်မှာ အဆုံးသတ်ထားတယ် မဟုတ်ဘူးလား''

''ဟုတ်ပါတယ် ...''





''အဲဒီထဲက တင်ထွန်းဆိုတဲ့ ဇာတ်လိုက်ဟာ 'သပိတ်မှောက်ကျောင်းသား' ထဲက ညိုထွန်းလိုပဲ မြေတိုင်းစာရေးသား။ တင်ထွန်းရဲ့အမေဟာလည်း ညိုထွန်းအမေလို ဘူတာရုံစကြံ တမာပင်ကလေးကို မှီရပ်လို့။ ဒီတော့ 'အရှေ့က နေဝန်း'ဟာ နောက်ခံပြုတဲ့ သက္ကရာဇ် အစဉ်အရကော၊ အဖြစ်အပျက်အစဉ်အရကော 'သပိတ်မှောက်ကျောင်းသား'ရဲ့ အဆက်လို့ ကိုယ့်လူ မထင်မိဘူးလား။ ထင်တယ်ဆိုရင် ကိုယ့်လူ ဆက်ရေးဖို့ လိုဦးမလား''

ဦးညိုထွန်းက ခပ်ပြုံးပြုံးဖြင့် မေးလိုက်သည်။

''မှန်ပါတယ်။ 'အရှေ့ကနေဝန်း'ထဲက တင်ထွန်းရဲ့ အဖေဟာ 'သပိတ်မှောက်ကျောင်းသား'ထဲက ညိုထွန်းရဲ့ အဖေလို မြေတိုင်းစာရေး။ တင်ထွန်းရဲ့ အမေဟာလည်း ညိုထွန်းရဲ့ အမေလို ဘူတာရုံစကြံက တမာပင်လေးကိုမှီပြီး ရပ်လို့။ ပြီးတော့ အရှေ့က နေဝန်း ဝတ္ထုကြီးကို နောက်ခံပြုရာကာလဟာလည်း 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုကြီး နောက်ခံပြုရာကာလရဲ့ အဆက်ပါပဲ။ 'အရှေ့က နေဝန်း'ထဲက အဖြစ်အပျက်များဟာလည်း 'သပိတ်မှောက်ကျောင်းသား'ထဲက အဖြစ်အပျက်များရဲ့ အဆက်ပါပဲ။ ဒါတွေအားလုံး မှန်ပါတယ်။ ဒါကြောင့် 'အရှေ့ကနေဝန်း'ဟာ သမိုင်းအချက်အလက်အရ တန်ဖိုးရှိကောင်း ရှိပါလိမ့်မယ်။ 'အရှေ့ကနေဝန်း'ဟာ 'သပိတ်မှောက်ကျောင်းသား'ရဲ့ နောက်ဆက်တွဲလို့ ထင်မယ်ဆိုရင်လည်း ထင်နိုင်ပါတယ်။ စာရေးဆရာကြီး သိန်းဖေမြင့်ကလည်း နောက်ဆက်တွဲအဖြစ် စိတ်ကူးနဲ့ရေးတာ ဖြစ်ချင်ဖြစ်နိုင်ပါတယ် (ဟုတ်ချင်မှလည်း ဟုတ်မယ်ပေါ့လေ)။ ဒါပေမယ့် ကျွန်တော်ကတော့ 'သပိတ်မှောက်ကျောင်းသား'နဲ့ 'အရှေ့ကနေဝန်း'ဟာ အဆက်လို့လည်း မထင်ဘူး။ တွဲတယ်လို့လည်း မထင်ဘူးခင်ဗျ။ ဒါကြောင့် ဆက်ရေးချင်တယ် လို့ ပြောနေတာ''

''နောက်ဆက်တွဲလို့ ပြောနိုင်လောက်အောင် တော်တော်များများ တူတာယ်အဟုတ်ပဲ ... ကိုယ့်လူရ။ ဥပမာ-နာမည်ဆိုရင်လည်း ညိုထွန်းနဲ့ တင်ထွန်း --- ဟား ... ဟား ...''

ဦးညိုထွန်းက အားရပါးရ ရယ်လိုက်သည်။

''ဟုတ်ကဲ့၊ တော်တော်များများ တူပါတယ်။ တစ်ချက်က လွဲလို့''

ကျွန်တော်က ပြောလိုက်သည်။

''ဘယ်တစ်ချက်လဲ ကိုယ့်လူရ''

''ဝိညာဉ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဤတစ်ကြိမ်တွင် ကျွန်တော်က ပြုံးရမည့်အလှည့်။

"ဝိညာဉ်ခင်ဗျ။ ဝတ္ထုတစ်ပုဒ်မှာ ဝိညာဉ်ဟာ အရေးအကြီးဆုံးပဲ။ 'သပိတ်မှောက်ကျောင်းသား'နဲ့ 'အရှေ့ကနေဝန်း'ဟာ အဆက်လို့ ပြောနိုင်တာတွေရှိတယ်။ တော်တော်များများတူတယ်လို့ ပြောနိုင်တာတွေလည်း ရှိတယ်။ ဒါပေမယ့် ဝိညာဉ်က တော့ မတူဘူးခင်ဗျ။ ပြောင်းသွားပြီ"

ဦးညိုထွန်းက စိတ်ရှုပ်ဟန်ဖြင့် ကျွန်တော့်ကို ကြည့်လျက် ရှိသည်။

"ကိုယ့်လူပြောတာ ကိုယ်နားမလည်ဘူး"

ကျွန်တော်က ဒုတိယမွှ ပြုံးလိုက်ပြန်သည်။

"ရှင်းပါတယ် ဦးညိုထွန်း။ 'သပိတ်မှောက်ကျောင်းသား'ဝတ္ထုကြီးရဲ့ ဝိညာဉ်ဟာ ညိုထွန်းပဲ။ 'သပိတ်မှောက်ကျောင်းသား' စိတ်ဓာတ်ဟာ ညိုထွန်း စိတ်ဓာတ်ပဲ။ ကောင်းပြီ၊ ဒါဖြင့် 'အရှေ့ကနေဝန်း'ဝတ္ထုကြီးရဲ့ ဝိညာဉ်ကကော တင်ထွန်း မဟုတ်ဘူးလား။ ဒီတော့ 'အရှေ့ကနေဝန်း'ရဲ့ ဝိညာဉ်ဖြစ်တဲ့ တင်ထွန်း ဘာတွေလုပ်သလဲ"

"ဘာတွေများလုပ်သလဲ ကိုယ့်လူရ"

"တင်ထွန်းဟာ အုန်းအုန်းကျွက်ကျွက်ဖြစ်နေတဲ့ ထောင့်သုံးရာပြည့် နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံကြီးမှာ ဘာမှအလုပ်မလုပ်ဘူးခင်ဗျ။ စိတ်ဓာတ်ကျနေတယ်။ သတင်းစာဆရာ ယောင်ယောင်လုပ်နေတယ်။ ရေသာခိုနေတယ်။ သူများမယား ကိုကြာခိုနေတယ်။ မမြမှီ၊ မမြင့်ဦး၊ မခင်သစ်ဆိုတဲ့ မိန်းမသုံးယောက်ကြားမှာ ဟိုပြေး၊ ဒီပြေးနဲ့ ယောက်ယက်ခတ်နေတယ်။ ရေကျော်မှာရှိတဲ့ တို့ဗမာအစည်းအရုံးနဲ့ ဇဝိုလမ်း က မမြမှီရဲ့တိုက်ကို ကူးချည်သန်းချည် လုပ်နေတယ်။ ဒီထက် မပိုဘူး"

"နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံအတွက် သူလုပ်ခဲ့တာတွေ ရှိပါတယ် ကိုယ့်လူရ"

"မရှိဘူးလို့ ကျွန်တော် မပြောပါဘူး။ ဒါကြောင့်မို့ တို့ဗမာ အစည်းအရုံးကို သွားတယ်လို့ ပြောတာပေါ့။ ဒါပေမယ့် 'အရှေ့ကနေဝန်း'က တင်ထွန်းရဲ့ နယ်ချဲ့ဆန့်ကျင်ရေးအခန်းဟာ မှေးမှိန်နေတယ်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကြားမှာ တွေ့ရတာထက် မမြမှီရဲ့ရင်ခွင်ထဲမှာ တင်ထွန်းကို ပိုတွေ့နေရတယ်။ အဲဒီအခန်းက ပိုပြီးလင်းနေတယ်။ 'အရှေ့ကနေဝန်း'ထဲက တင်ထွန်းဟာ 'သပိတ်မှောက်ကျောင်းသား'ထဲက ညိုထွန်းရဲ့ ဝိညာဉ်မျိုး မရှိတော့ဘူး။ ဒါကြောင့် 'အရှေ့ကနေဝန်း'ဟာ





ကာလအားဖြင့်လည်းကောင်း၊ ဖြစ်စဉ်အားဖြင့်လည်းကောင်း 'သပိတ်မှောက်ကျောင်းသား'ရဲ့ နောက်ဆက်တွဲလို့ ပြောနိုင်ပေမယ့် ဝိညာဉ်ကတော့ မတူတော့ဘူးခင်ဗျ။ ဒါကြောင့် 'သပိတ်မှောက်ကျောင်းသား'ကို ကျွန်တော် ဆက်ရေးချင်တယ်လို့ ပြောတာ"

"ဝတ္ထုရေးဆရာက ဖန်တီးလိုက်တဲ့ ဇာတ်ကောင်တွေမှာ အားကောင်းချက်တွေရှိသလို အားနည်းချက်တွေရှိတာပဲ မဟုတ်ဘူးလား ကိုယ့်လူရ။ ဒီလိုရေးမှ လူ့သဘာဝကျမှာပေါ့"

ကျွန်တော်က တတိယအကြိမ် ပြုံးလိုက်သည်။

"ဒါက နေရှင် လူ့သဘာဝဝါဒ ခင်ဗျ။ လူမှန်သမျှ အားကောင်းချက်ရှိသလို အားနည်းချက်လည်း ရှိတယ်။ နေရှင်ဖြစ်ဖြစ်၊ အလုပ်သမားဖြစ်ဖြစ် ကောင်းကွက်တွေရှိသလို၊ ဆိုးကွက်တွေ ရှိတယ်။ ဒါတွေကို ရေးရမယ်။ ဒါဟာ ဘဝကို မှန်မှန်ကန်ကန် သရုပ်ဖော်ခြင်းဖြစ်တယ်လို့ သူတို့က ပြောကြတယ်။ ကျွန်တော်က ဒါကို လက်မခံဘူး"

"ကိုယ့်လူရဲ့ အယူအဆ"

"ဟုတ်ပါတယ်။ လူတိုင်းမှာ ကောင်းကွက်၊ ဆိုးကွက်တွေ ရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် စာရေးဆရာဟာ လူတန်းစားဘက်လိုက်မှုရှိရင် သူထောက်ခံတဲ့လူတန်းစားရဲ့ ကောင်းကွက်ကို ပိုပြီး တောက်ပအောင် မီးမောင်းထိုးပေးရမယ်။ ဆိုးကွက်တွေကို မှေးမှိန်စေရမယ်။ သူ ဆန့်ကျင်တဲ့ လူတန်းစားရဲ့ ဆိုးကွက်တွေကို ပိုပြီး ပီပြင်စေပြီး ကောင်းကွက်တွေကို ခြွင်းချက်အဖြစ် ထားရမယ်။ ဒါမှ လူတန်းစားဘက်လိုက်တယ်ဆိုတာ အဓိပ္ပာယ်ရှိတော့မှာပေါ့"

ဦးညိုထွန်းက ခေါင်းညိတ်လျက်ရှိသည်။ ဦးညိုထွန်း၏ အမူအရာမှာ ကျွန်တော့်ကို ထောက်ခံသကဲ့သို့ရှိ၏။

(၆)

ကျွန်တော်က အာခြောက်လာသဖြင့် လက်ဖက်ရည်ကြမ်း တစ်ခွက်ငှဲ့သောက်လိုက်သည်။

"ဒါဖြင့် ... 'သပိတ်မှောက်ကျောင်းသား'ထဲက ညိုထွန်းဟာ ဘယ်သူလဲလို့ စံပြဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဦးညိုထွန်းက မေး၏။

''ဟုတ်ကဲ့ ... 'အရှေ့က နေဝန်း' ထဲက တင်ထွန်းဟာလည်း စံပြပါပဲ ခင်ဗျ''

''ဟင် ... ကိုယ့်လူဟာက ဘယ့်နှယ်လဲ''

ဦးညိုထွန်းက တအံ့တသြ မေးလိုက်သည်။

''ဘယ်စာရေးဆရာဖြစ်ဖြစ်၊ စံပြဇာတ်ကောင်တွေကို ရေးတာပါပဲ။ နေရှင် ဘက်သား စာရေးဆရာကလည်း သူ့အမြင်နဲ့သူ စံပြဇာတ်ကောင်ကို ရေးတာပဲ၊ အမြင်တော့ ကွာကြတာပေါ့ ခင်ဗျာ။ ခံယူထားပုံချင်း ဘယ်တူပါ့မလဲ''

''ဒီတော့''

''ဒီတော့ 'သပိတ်မှောက်ကျောင်းသား' ထဲက ညိုထွန်းဟာ ရိုးသားတဲ့နေရာ အပင်ပန်းခံတဲ့နေရာ၊ ကြိုးစားတဲ့နေရာ၊ စွန့်လွှတ်တဲ့နေရာ၊ ရန်သူကို အရှုံးမပေးတဲ့ နေရာ၊ နယ်ချဲ့ကို ဆန့်ကျင်တဲ့နေရာ ဒီနေရာမှာ စံပြပါပဲ။ ဒီနေရာတွေမှာ သူ့စံနမူနာ ဟာ အစဉ် လင်းတောက်နေပါတယ်''

''တင်ထွန်းကကော''

'' 'အရှေ့က နေဝန်း' ထဲက တင်ထွန်းကတော့ မပြတ်သားတဲ့ နေရာ ရေသာခိုတဲ့နေရာ၊ မြားစွဲတဲ့နေရာ၊ နိုင်ငံရေးကိစ္စနဲ့ မြားပွေတဲ့ကိစ္စနှစ်ခုကြား ကူးချည် သန်းချည်လုပ်တဲ့နေရာ ဒီနေရာတွေမှာ အားကျစရာပါပဲ။ (အကယ်၍ ဒီအရည်အချင်း တွေဟာ အားကျစရာတွေလို့ ထင်ရင်ပေါ့လေ)''

''အေး၊ ကိုယ့်လူပြောတာဟာ သိပ်တော့မဆိုးဘူး။ စဉ်းစားစရာပဲ။ ဒါကြောင့် ကိုယ့်လူ 'သပိတ်မှောက်ကျောင်းသား' ကို ဆက်ရေးချင်တယ် ဆိုပါတော့''

''ဟုတ်ကဲ့၊ အဲဒီအကြောင်းကြောင့်ပါပဲ။ 'သပိတ်မှောက် ကျောင်းသား' ဆိုတာထက် သပိတ်မှောက်ကျောင်းသား ညိုထွန်းအကြောင်း ဆိုပါတော့။ ဒီတော့ 'သပိတ်မှောက် ကျောင်းသား' ကာလပြီးတော့ ဦးညိုထွန်း ဘာတွေ ဆက်လုပ်သလဲ ဆိုတာ ကျွန်တော် သိပါရစေ''

''ကိုယ့်လူက တင်ထွန်းအပေါ် စီရင်ချက်ချပြီးမှတော့ ညိုထွန်းက ညိုထွန်း အကြောင်း ပြောပြလို့ ဘယ်ကောင်းတော့မလဲ။ ဟား ... ဟား''

''ဖြစ်တဲ့အတိုင်းပေါ့ ခင်ဗျာ''

''ကိုယ်လည်း '၄၈' ခုနှစ်ကတည်းက စာရေးဆရာကြီး သိန်းဖေမြင့်နဲ့ မတွေ့





ဆော့ပါဘူး။ 'အရှေ့က နေဝန်း' ဟာ 'သပိတ်မှောက်ကျောင်းသား' ရဲ့ အဆက် ဟုတ်မဟုတ်လည်း ကိုယ်မသိဘူး။ 'သပိတ်မှောက်ကျောင်းသား' ကာလပြီးတဲ့နောက် ကိုယ်ဘာဖြစ်သလဲဆိုတာကို တစ်ခွန်းတည်းပြောရင်တော့ ကိုယ်ဟာ ကိုယ့်လူမြင် သားတဲ့ တင်ထွန်းနဲ့ ဆန့်ကျင်ဘက်ပဲ ဆိုပါတော့''

''တင်ထွန်းနဲ့ ဘာတွေမတူသလဲ ခင်ဗျ''

''ကိုယ့်လူက တင်ထွန်းအပေါ်မှာ စီရင်ချက် ချပြီးသားဖြစ်နေတော့ ကိုယ်နဲ့ တင်ထွန်း ဘာတွေမတူသလဲလို့ ဆက်ပြောရင် ကိုယ့်ကောင်းကြောင်းတွေ ပြောရာ ရောက်နေမှာပေါ့။ ဒီတော့ ကိုယ်သိပ်မပြောချင်ဘူး။ ဒါပေမယ့် ...''

ဦးညိုထွန်းက စကားဖြတ်လိုက်သည်။

''ကိုယ့်လူ တစ်ခု သိထားစေချင်တာတော့ ရှိတယ်''

''ဟုတ်ကဲ့၊ ပြောပါခင်ဗျာ''

''ကိုယ်ဟာ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း 'သပိတ်မှောက်ကျောင်းသား' ထဲက ညိုထွန်းပါပဲ။ ခု ကိုယ့်ဝိညာဉ် ကိုယ့်စိတ်ဓာတ်ဟာလည်း ဟိုတုန်းက ညိုထွန်း ရဲ့ဝိညာဉ်၊ ညိုထွန်းရဲ့ စိတ်ဓာတ်ပါပဲ။ မပြောင်းပါဘူး။ ပြောင်းတယ်ဆိုရင်လည်း ရှေ့ကို တိုးတက်ပြောင်းလဲရမှာပေါ့။ ရာဇဝင်ဆိုတာ ကြောင်လိမ်လှေကားသဖွယ် ရှေ့ကို တက်တယ်လို့ ဆိုတယ် မဟုတ်လား။ ဟား ... ဟား''

ဦးညိုထွန်းသည် တဟားဟား ရယ်လျက်ရှိ၏။ နောက် နာရီကို ကြည့် လိုက်သည်။ ကိုးနာရီ ထိုးခါနီးလေပြီ။ ရထားခေါင်းတွဲ ချိတ်ပြီးပြီ။

''ကဲ ... ကိုယ့်လူလည်း ရထားထွက်ချိန် နီးပြီ။ ကိုယ့်အကြောင်းတွေ တော့ နောင်အခွင့်ကြုံရင် ဆက်ရေးသေးတာပေါ့။ အဲဒီတော့ ကိုယ်ပြောပြပါမယ် ဟုတ်လား''

ကျွန်တော်သည် ဦးညိုထွန်းကို နှုတ်ဆက်ကာ ရထားတွဲပေါ်သို့ တက်ခဲ့သည်။ ဦးညိုထွန်းသည် ရထားတွဲဝတွင် ရပ်နေသော ကျွန်တော့်ကို လက်ပြနှုတ်ဆက်သော သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် ထွက်ခွာသွားသည်။

ရထားလည်း ထွက်လေပြီ။ မုံရွာစကြီးပေါ်က တမာပင်ကလေးသည်လည်း ကောင်း၊ ဦးညိုထွန်းသည်လည်းကောင်း၊ ကျွန်တော့်စိတ်ကူးရုပ်ပုံမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေပြီ။

□



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ဆက်၍ ရေးချင်သော ဝတ္ထုများ – ၇

(၁)

ဖေဖော်ဝါရီလ (၂၂)ရက်နေ့က ကျွန်တော့်ဇနီးတွင် သားယောကျ်ားလေးတစ်ဦး ဖွားမြင်သည်။ ဗဟိုအမျိုးသမီးဆေးရုံ လက်ထောက်ဆေးရုံအုပ်ကြီး ဒေါ်လှဲလှဲဝင်း၊ ခွဲစိတ်မှုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြမြနှင့် ဆရာမများ၏ ဂရုစိုက်မှုကြောင့် ချောမောစွာ ဖွားမြင်သည်။ ထို့ကြောင့် ၎င်းတို့ကို ကျွန်တော် ကျေးဇူးတင်ရသည်။

ကျွန်တော့်ဇနီးကို ဖေဖော်ဝါရီလ (၂၁)ရက်နေ့ညတွင် အမျိုးသမီးဆေးရုံသို့ ပို့လိုက်ရာ (၂၂)ရက်နေ့ နံနက်အကူးတွင် သားယောကျ်ားလေးကို ချောမောစွာ ဖွားမြင်ခဲ့သည်။

ဖေဖော်ဝါရီလ (၂၂)ရက်နေ့ နံနက် အမျိုးသမီးဆေးရုံသို့ ကျွန်တော် ရောက် သွားသည့်အခါ၌ ဇနီးနှင့် သားငယ်ကို ကျန်းမာစွာ တွေ့ရသည်။

“သားလေး နာမည်ကို ဖိုးလမင်းလို့ ပေးထားတယ်”

ကျွန်တော့်ဇနီးက ရွှင်လန်းစွာပြုံး၍ ပြောသည်။ ကျွန်တော်က ၎င်း[illegible] သော နာမည်ကို ထောက်ခံပါသည်။ အကြီးသုံးယောက်စလုံးကို ကျွန်တော် [illegible] ပေးခဲ့ခြင်း မဟုတ်။ ၎င်းပင် နာမည်ပေးခဲ့သည် မဟုတ်လော။ ကျွန်တော်၏ [illegible] မြူဖျော့နွမ်းနယ်လျက်ရှိသော်လည်း ၎င်း၏ မျက်နှာသည် တိုက်ပွဲတစ်ပွဲကို [illegible] ပြီးသူ၏ မျက်နှာမျိုး ဖြစ်၏။

“မနေ့ညက မောင်တို့ပြန်သွားလို့ တစ်နာရီလောက်[illegible] ဗိုက်နာလာပြီး ရေမွှာပေါက်လာတာပဲ။ ပင်ပန်းလိုက်တာ မောင်ရယ် –– [illegible] နဲ့တော့”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဇနီးသည်က ကျွန်တော့်လက်များကို ဆုပ်နယ်၍ ပြောလိုက်သည်။ ၎င်း၏လက်ချောင်းများသည် အားနည်းဖျော့တော့လျက်ရှိသေးကြောင်းကို အတွေ့အရ သိရ၏။

"ပင်ပန်းတာပေါ့။ ကလေးမွေးတယ်ဆိုတာ သေရေး ရှင်ရေးတိုက်ပွဲတစ်ပွဲကို တိုက်ရတာပဲ။ ဒီနေရာမှာတော့ စိတ်တန်ခိုးသတ္တိအရာမှာ မိန်းမတွေဟာ ယောက်ျားတွေထက် အများကြီးသာတာပဲ"

ကျွန်တော်က ဇနီးသည်ကို အားပေးနှစ်သိမ့်လိုက်သည်။

"ဒေါက်တာ ဒေါ်လှဲ့လှဲ့ဝင်းတို့၊ ဒေါက်တာ ဒေါ်မြမြတို့ကလည်း ဂရုစိုက်ကြပါတယ်။ ဆရာမလေးတွေကလည်း ခဏခဏ လာကြည့်တယ်။ ဒါထက် အိမ်မှာကော ဘယ်လို ချက်ပြုတ်စားသောက်နေကြသလဲ"

ဇနီးသည်က ကလေးငယ်သုံးယောက်ဖြင့် ကျန်ရစ်ခဲ့သော ကျွန်တော့်ကို စိတ်မချ၍ မေးသည်။

ကျွန်တော်က အိမ်အတွက် နောက်ဆံမတင်းရန်၊ အစစ အရာရာ စိတ်ချရန် ၎င်းအား ပြောရသည်။

ကျွန်တော့်ဇနီးသည် တက်ရောက်လျက်ရှိသော အထပ်မှာ အမျိုးသမီးဆေးရုံကြီး မျက်နှာစာတန်း အထက်ထပ်ဖြစ်၏။ ၎င်း၏ အခန်းထဲတွင် မီးဖွားသည့်လူနာ လေးငါးဦးသာ ရှိသည်။

၎င်း၏ ခုတင်နှင့် ကပ်လျက်တွင် အသက် (၃၀)ကျော်ခန့် အမျိုးသမီးတစ်ဦး ရှိ၏။ အသားညိုညို၊ ကြည်လင်တောက်ပသော မျက်လုံး၊ ဖြောင့်စင်းသော နှာတံတို့ဖြင့် ချောမောလှပသော မိန်းမတစ်ယောက်ဖြစ်၏။

"ဟိုဘက်ခုတင်က အမျိုးသမီးကကော ဘယ်နှစ်ရက်ရပြီလဲ"

"နှစ်ရက်ရပြီ။ အမျိုးသမီးက အသားညိုပေမယ့် တော်တော်ချောတယ်နော်"

ကျွန်တော့်ဇနီးသည်က ပြောသည်။

"ဘယ်သူ့ မိန်းမတဲ့လဲ"

"ဟင့်အင်း . . . ဘယ်သူ့မိန်းမမှန်းတော့ မသိဘူး။ သူ့အမေကတော့ စာရေးဆရာမတဲ့။ အသွားကြီးက ကြီးတော့ကြီးပြီ။ ပိန်ပိန်ပါးပါး ခပ်ညိုညို၊ ဒါပေမယ့် တော်တော်ကျန်းမာတယ်။ ဥပဓိရုပ်ကလည်း တော်တော်ကောင်းတယ်။ မျက်နှာက ကြည်နေတာပဲ။ မ,တို့ ကွန်ဗင့်မှာ နေခဲ့တုန်းက ကျောင်းအုပ်ဆရာမကြီး လုပ်ခဲ့တဲ့





ဒေါ်ကက်သရင်းခင်ခင်တို့ ရုပ်မျိုး။ ဖျတ်ဖျတ်လတ်လတ် ခေတ်ဆန်ဆန်။ ဒါပေမယ့် အပြောအဆို အနေအထိုင်က တော်တော် မြန်မာပီသတယ်။ စကားပြောလည်း သိပ်ကောင်းတာပဲ။ တစ်ခါတလေ သူ့သမီးကို ပြောပြနေရင် မ,လည်း မသိမသာ နားစိုက်ထောင်နေတာပဲ။ တော်တော် နားထောင်လို့ ကောင်းတယ်။ ညနေတိုင်း လာတတ်တယ်"

(၂)

ထိုနေ့ညနေတွင် ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ကျွန်တော် ရောက်ပြန်သည်။ ဧည့်သည်လာချိန်ဖြစ်၍ ဆေးရုံကြီးတွင် လူတွေ ပျားပန်းခတ်မျှ ဖြစ်နေသည်။

ကျွန်တော်သည် လှေခါးတစ်လျှောက်မှ အထက်ထပ်သို့ တက်လာခဲ့ကာ အပ်ချည်မျှင်သွားသလို ခုတင်များကြားမှ ကွေ့ကောက်လှည့်ပတ်ကာ ကျွန်တော့်ဇနီးသည်၏အခန်းသို့ လာခဲ့သည်။

အခန်းထဲသို့ ကျွန်တော် ရောက်သွားချိန်၌ အခြားခုတင်များတွင် လူနာမေးလာသူတွေ ရောက်နေလေပြီ။ ကျွန်တော့်ဇနီးသည်သာလျှင် လည်ပင်းတရှည်ရှည်ဖြင့် ကျွန်တော့်ကို မျှော်လျက်ရှိ၏။

"နောက်ကျလိုက်တာ မောင်ရယ်။ ငါးနာရီတောင် ထိုးတော့မယ်"

ကျွန်တော့်ဇနီးသည်က ဆီး၍ အပြစ်တင်သည်။

ကျွန်တော်က အပြစ်လွတ်ပါစေကြောင်း ပြည်သူ့ပိုင် ဘတ်စ်ကားကြီးများကို လက်ညှိုးထိုးပြရသည်။ ကျွန်တော့်ဇနီးသည်နှင့် ကပ်လျက် အသားညိုညို အမျိုးသမီး၏ခုတင်တွင် ဧည့်သည် နှစ်ယောက်၊ သုံးယောက်ခန့် ရောက်နေလေပြီ။

"အဲဒါပေါ့၊ ဟိုဘက်က အမျိုးသမီးရဲ့အမေ စာရေးဆရာမကြီး ဆိုတာလေ"

ကျွန်တော့်ဇနီးသည်က ပြောလိုက်သည်။ ကျွန်တော်က လှမ်းကြည့်လိုက်သော်လည်း အမျိုးသမီးကြီးနှစ်ယောက် ဖြစ်နေသဖြင့် မည်သူမည်ဝါကို ဆိုလိုမှန်း မသိချေ။

"ဘယ်အမျိုးသမီးကြီးလဲ"

"ခုတင်ပေါ်မှာ ဒီဘက်ကို ကျောပေးထိုင်နေတဲ့ အမျိုးသမီးကြီးလေ။ အသားညိုညိုနဲ့"

ထိုအမျိုးသမီးကြီးသည် စထရော်ဘယ်ရီရောင်ရင့်ရင့် [illegible] ချောကလက်ရောင်ရင့်ရင့် တက်ထရွန်လုံချည်တို့ကို ဝတ်ထား၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည် ပိန်ပိန်ပါးပါး ဖြစ်၏။ အသက် ၆၀ ကျော်ဟု ခန့်မှန်းရသော်လည်း ခါးမကိုင်းသေး၊ ဆံပင်မဖြူသေး။

ကျွန်တော်တို့ဘက်ကို ကျောပေးလျက်ရှိသဖြင့် မျက်နှာကိုကား မမြင်ရသေးချေ။

"နောက်ကနေကြည့်ရင် ဆရာမကြီး ကက်သရင်းခင်ခင်နဲ့ သိပ်တူတာပဲ။ မ,ဖြင့် ရုတ်တရက် မြင်မြင်ချင်း ဆရာမကြီး မှတ်ပြီး နှုတ်ဆက်တော့မလို့။ ဒါပေမယ့် ဆရာမကြီး ကက်သရင်းခင်ခင်က ဆံပင် နည်းနည်းဖြူပြီ။ သူက ဆံပင်မဖြူသေးဘူး။ ပြီးတော့ သူ့လောက်လည်း အရပ်မရှည်ဘူး"

"စာရေးဆရာမ ဆိုတာကော ဟုတ်ရဲ့လားကွာ။ ဘယ်သူတဲ့လဲ။ ငါတော့ မမြင်ဖူးဘူး"

ကျွန်တော်က သံသယဖြင့် ကျွန်တော့်ဇနီးသည်ကို မေးလိုက်သည်။

"ဟုတ်ပါတယ်။ မောင့်ကိုတောင် မေးနေသေးတယ်။ ကျန်းမာရေး အခြေအနေ ကောင်းရဲ့လား။ မျက်စိဘယ့်နှယ်နေသေးသလဲနဲ့ စုံနေတာပဲ။ မောင့်စာတွေလည်း ဖတ်ဖူးတယ်တဲ့"

ကျွန်တော်သည် ကျွန်တော် သိဖူး၊ မြင်ဖူး၊ ဖတ်ဖူးသော အသက် ၆၀ ကျော် စာရေးဆရာမကြီးများကို စဉ်းစား၏။ စာရေးဆရာမကြီးများအနက် အချို့ကို ကျွန်တော် သိဖူး၊ မြင်ဖူးသည်။ ကျွန်တော် သိဖူး၊ မြင်ဖူးသော စာရေးဆရာမကြီးများ အနက် ယခုတွေ့နေသော အမျိုးသမီးကြီးနှင့်ဆင်သည့် စာရေးဆရာမကြီးများဆိုလျှင် စာရေးဆရာမကြီး ခင်မျိုးချစ်နှင့် စာရေးဆရာမကြီး မယ်ခကျေးတို့သာရှိသည်။ သို့ရာတွင် ယခု စာရေးဆရာမကြီးဆိုသူသည် စာရေးဆရာမကြီး ခင်မျိုးချစ်လည်း မဟုတ်၊ စာရေးဆရာမကြီး မယ်ခကျေး ဒေါ် ဒေါ်ကက်သရင်းခင်ခင်လည်း မဟုတ်ချေ။

"သူ့ကလောင် နာမည်ကကော"

"နေ့လယ်ကတော့ သူ့သမီးက ပြောတာပဲ။ နာမည်က 'မျိုးသူ' ဆိုလား ဘာဆိုလား။ ယောကျ်ားနာမည်လိုလိုပဲ။ ဟိုတုန်းကတော့ သိပ်နာမည်ကြီးတာပဲတဲ့။ ခုတော့ စာသိပ်မရေးတော့ဘူးတဲ့"

ကျွန်တော်သည် ၎င်းပြောပြသော ကလောင်နာမည်ကို စဉ်းစားကြည့်သည်။ ကျွန်တော် တစ်ခါမျှ မကြားစဖူး။ ၎င်းအမည်ဖြင့် ရေးသော စာအုပ်များကိုလည်း တစ်အုပ်မျှ မဖတ်စဖူး။





ကျွန်တော်တို့ စကားကောင်းနေကြစဉ် ကလေးနို့တိုက်ချိန်ရောက်၍ ကလေးများကို ၎င်းတို့မိခင်များထံ ထုတ်လာသည်။ ခါတိုင်းတွင် ကလေးများ ထားရာအခန်းသို့ မိခင်များသွား၍ နို့တိုက်ရသည်ဟုဆိုသည်။ ယနေ့တွင်မူ ကလေးငယ်များကို မိခင်များရှိရာသို့ ထုတ်လာသဖြင့် ကလေးကို ကြည့်ခွင့်ရခဲ့သည်။

"ကြည့်စမ်း၊ မောင့်သားလေး မျက်နှာကြည့်ရတာ ဘယ်လောက် ရင်အေးစရာ ကောင်းသလဲ။ မွေးပြီးပြီးချင်း သားလေးမျက်နှာကို မြင်လိုက်ရတာ ဖိုးလမင်းကြီးကို ကြည့်လိုက်ရသလို အေးသွားတာပဲ။ 'ဖိုးလမင်း' ဆိုတဲ့ နာမည်ဟာ ရင်ထဲမှာ အလိုလို ပေါ်လာတယ်"

ကျွန်တော့်ဇနီးသည်က ၎င်း၏ ခံစားချက်ကို ပြောပြသည်။ ဤအချက်ကို ကျွန်တော်လည်း သဘောတူသည်။ သားသမီး၏ နာမည်ကို မလှလျှင် လှအောင်၊ ဇတ်ကတ်သတ်သတ် စဉ်းစား၍ ပေးနေရခြင်းမျိုးကို ကျွန်တော်မကြိုက်။ ထိုသို့ ကြံဖန်ပေးသော နာမည်များသည် လှကောင်းလှမည်။ ကဗျာဆန်ကောင်း ဆန်မည်။ သို့ရာတွင် အနှစ်သာရရှိသည်ဟု ကျွန်တော် မထင်။ ရင်ထဲက ခံစားချက်ဖြင့် မှည့်ခေါ်လိုက်သည့် နာမည်မျိုးသာလျှင် လေးပင်၍ အဓိပ္ပာယ်ရှိသည်ဟု ကျွန်တော်ထင်သည်။ သို့သော်လည်း ထိုသို့ခံစားချက်ဖြင့် မှည့်ခေါ်သည့် နာမည်မျိုးကို အဖေများထက် အမေများကသာ ပေးနိုင်စွမ်းရှိသည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော်တို့ လင်မယား စကားကောင်းနေကြသည်။ အခြားသော ခုတင်များတွင်လည်း စကားကောင်းလျက် ရှိကြသည်။ ၎င်းတို့၏ စကားများကို တစ်ပိုင်းတစ်စ ကျွန်တော် ကြားနေရသည်။

"ငါ့မြေးကြီးက လူချောကိုး"

တစ်ဘက်ခုတင်မှ စာရေးဆရာမကြီးဆိုသူ၏ အသံဖြစ်သည်။ ၎င်း၏ အသံမှာ စည်သည်။ အသံသြဇာနှင့် ပြည့်စုံသည်။

"ဒီကောင်ကြီးအတွက် ဗေဒင်မေးရဦးမယ်။ ဟုတ်လား။ ငါ့မြေးကြီး၊ ငါ့မြေးကြီးက အုတ်ဘယ်နှစ်ချပ် ရသလဲ၊ ကသစ် ဘယ်နှစ်ပွင့်ရသလဲ၊ [illegible] လား၊ သိုက်လားဟင်"

စာရေးဆရာမကြီးဆိုသူသည် သူနာပြုဆရာမက [illegible] မြေးငယ်ကို ချော့မြှူလျက်ရှိ၏။

"ဆိုစမ်း၊ မင်းဘာကိစ္စ လူ့ပြည်ရောက်လာတာလဲ။ ဒီမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြာ တည်းမလို့လဲ။ ဘာကိစ္စ ပေါ်လာရတာလဲ ဟင်။ ငါ့မြေးကြီးက ဟဲရီးဝင်းရှ ဖို့လား။ ဒုံးပျံကြီးနဲ့ လကမ္ဘာကို သွားဖို့လား။ ဘာကိစ္စလဲ ပြောစမ်း''

စာရေးဆရာမကြီးသည် ၎င်း၏ မြေးငယ်နှင့် တတွတ်တွတ် စကားပြော လျက်ရှိစဉ် ကလေး၏ မိခင်သည် မြေးအဘွားကို ပြုံး၍ ကြည့်လျက်ရှိသည်။

ကျွန်တော့်ဇနီးသည်က ကျွန်တော့်ကို ပြုံးကြည့်လိုက်သည်။

''အဘွားကြီး သူ့မြေးကို ဘာတွေပြောနေမှန်း မသိဘူး။ လူ့ပြည်ရောက်လာ တာ ဘာကိစ္စလဲတဲ့ မေးနေတယ်။ ကြဲကြဲဖန်ဖန်''

ကျွန်တော်သည် ဘာမျှပြန်မပြောမိဘဲ အဘွားကြီး၏ ထူးဆန်းသော ကလေး ချော့စကားများကို စဉ်းစားနေမိသည်။ ဤကလေး ချော့နည်းမျိုးကို ကြားဖူးသည်ဟု ကျွန်တော်ထင်သည်။ ဘယ်မှာ ကြားဖူးပါလိမ့်။ ဘယ်မှာပါလိမ့်။

စာအုပ်တစ်အုပ်ထဲတွင် ဖတ်ဖူးသည် ထင်သည်။ သို့ရာတွင် မည်သည့်စာအုပ် ဟု ကျွန်တော် မမှတ်မိ။

''မောင်ကော မောင့်သားကို ဘာကိစ္စ လူ့ပြည်ရောက်လာသလဲလို့ မမေးဘူး လား။ ဖအေလို စာတွေရေးဖို့လား၊ မေးလေ''

ကျွန်တော့်ဇနီးသည်က ကျွန်တော့်ကို နှောက်နေသည်။ကျွန်တော်က ၎င်း၏ စကားများကို မကြား။

''နေစမ်းပါဦး၊ အဘွားကြီးရဲ့ ကလောင်အမည်က ဘယ်သူ''

ကျွန်တော်က ကျွန်တော့်အတွေးကို အသံထွက်၍ ပြောသည်။

''မျိုးသူတဲ့ ...''

''မျိုးသူ''

''ဟုတ်တယ်၊ မောင် မဖတ်ဖူးဘူးလား။ မ,တော့ မဖတ်ဖူးဘူး။ သူ နာမည် ကြီးတုန်းက မ,တို့က မွေးချင်မှ မွေးဦးမှာ။ မောင်တို့တော့ ဖတ်ဖူးမှာပေါ့''

''ဟင့်အင်း ... မဖတ်ဖူးဘူး။ ကြားလည်း မကြားဖူးဘူး။ ဒါပေမယ့် သူ ပြောတဲ့ စကားကတော့ စာရေးဆရာတွေ ပြောတဲ့ စကားမျိုးပဲ''

''ဝတ္ထုထဲက ဇာတ်လိုက်တွေ ပြောတဲ့စကားမျိုး ဆိုပါတော့''

ကျွန်တော့်ဇနီးသည်က မေးသည်။

''စာရေးဆရာတွေဟာ ဝတ္ထုတွေထဲက ဇာတ်လိုက်တွေ စကားပြောသလို တော့ မပြောကြပါဘူး။ ဒါပေမယ့် ဝတ္ထုတွေထဲက ဇာတ်လိုက်တွေ တွေးသလိုတော့





တွေးတတ်ကြတယ်။ ဝတ္ထုတွေထဲက ဇာတ်လိုက်တွေတွေးတဲ့ အတွေးတွေဟာ သူတို့ အတွေးတွေ ဖြစ်နေတတ်ကြတယ်''

''ဥပမာ ...''

''ဥပမာ ...ခုတင်က အဘွားကြီး သူ့မြေးကို ပြောနေတဲ့စကားလုံးတွေဟာ မ,အဖို့ နည်းနည်းထူးဆန်း မနေဘူးလား''

''ဟုတ်တယ်၊ ခပ်ဆန်းဆန်းတွေပဲ။ လူ့ပြည်ကို ဘာကိစ္စလာတာလဲတဲ့။ ကြဲကြဲဖန်ဖန် သူမို့လို့ စိတ်ကူးရတတ်ပလေ''

''စာရေးဆရာရဲ့ အတွေးဆိုတာ အဲဒါပဲ။ လူတစ်ယောက် လူ့ပြည်ရောက် လာတာဟာ ကံ ကံ၏ အကျိုးကြောင့်လို့ ဗုဒ္ဓဘာသာက ဟောတယ်။ ထာဝရဘုရား သခင်က ဖန်ဆင်းလိုက်လို့လို့ ခရစ်ယာန်ဘာသာက ယုံကြည်တယ်။ စာရေးဆရာ ကတော့ ကိစ္စတစ်ခုရှိလို့ လာတယ်။ အဲဒီကိစ္စဟာ အရက်သောက်လာတာ ဖြစ်ချင် ဖြစ်မယ်။ နိုင်ငံရေးလုပ်ဖို့လာတာ ဖြစ်ချင်ဖြစ်မယ်လို့ ယူဆတယ်။ သူ့ဘာသာသူ လွတ်လွတ်လပ်လပ်တွေးပြီး ရဲရဲပြောတယ်။ သူပြောတာ မှားချင်လည်း မှားမယ်၊ မှန်ချင်လည်း မှန်မယ်။ ဒါပေမယ့် သူမှန်တယ် ထင်တာကိုတော့ လွတ်လွတ်လပ်လပ် တွေးပြီး ရဲရဲပြောတာပဲ။ အဲဒါ စာရေးဆရာမှာရှိတဲ့ မြတ်နိုးစရာကောင်းတဲ့ အရည် အချင်းပဲ''

''ကိုယ့်ကိုယ်ကိုတော့ တယ်ပြီး အမွှန်းတင်တယ်ပေါ့လေ''

ကျွန်တော့်ဇနီးသည်က ကျွန်တော့်ကို မျက်စောင်းထိုးသည်။

''မောင်က စာရေးဆရာဆိုပေမယ့် ဒီလောက် လွတ်လွတ်လပ်လပ် မတွေးတတ်၊ တွေးရဲသေးပါဘူး။ ဒီလောက် တွေးတတ်အောင်လည်း မရင့်ကျက်သေးပါဘူး။ စာရေး ဆရာရဲ့ သဘောကို ပြောပြတာပါ''

''ဒါဖြင့် မောင်ကကော မောင့်သား ဘာကိစ္စ လူ့ပြည်ရောက်လာသလဲ မေးစမ်းပါဦး။ လူ့ဘဝဆိုတာ ဘာလဲဆိုတာ ပြောပြစမ်းပါဦး။ စာရေးဆရာရဲ့ အတွေး ဆိုတာ ဘာလဲဆိုတာ သိရအောင်''

''ဟင့်အင်း ... လူ့ဘဝဆိုတာ ဘာလဲဆိုတာ မောင်မတွေးတတ်ဘူး၊ ပြော လည်း မပြောတတ်ဘူး။ ဒါပေမယ့် သူများပြောတာကိုတော့ ဖတ်ဖူး ကြားဖူးတယ်''

''ဘယ်သူပြောတာလဲ''

''တော်လ်စတွိုင်း''



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လိုပြောလို့လဲ"

"လူ့ဘဝဆိုတာ ကန္တာရကြီးတစ်ခုကို သွားနေတဲ့ ခရီးသည်တစ်ဦးနဲ့ တူသတဲ့"

ကျွန်တော်က ခပ်ငေးငေး စဉ်းစား၍ ပြောလိုက်သည်။

"အံမာလေးလေး၊ တော်လ်စတွိုင်းလို ကမ္ဘာကျော် စာရေးဆရာကြီး တစ်ယောက်က ပြောတဲ့စကားဆိုတော့ ဘာများထူးခြားမလဲလို့။ ဒါများ ဘာထူးလို့လဲ။ မြန်မာသီချင်းရေး ဆရာတွေတောင် ဒီလောက်တော့ ပြောနေကြတဲ့ ဥစ္စာ"

ကျွန်တော့်ဇနီးသည်က အပြစ်တင်လိုက်သည်။

"နေပါဦးလေ၊ ဆုံးအောင် နားထောင်ပါဦး။ သူ့စကားက ထူးခြားချင်မှတော့ ထူးခြားမယ်။ ဒါပေမယ့် စဉ်းစားစရာတွေ ပါတယ်"

"ပြောပါဦး၊ ဘယ်လိုတဲ့လဲ"

ကျွန်တော့်ဇနီးသည်က ခုတင်ခေါင်းရင်းတွင် ခေါင်းအုံးကို ဆင့်၍ မှီထိုင်သည်။

"လူ့ဘဝဆိုတာ ကန္တာရကြီးတစ်ခုကို သွားနေရတဲ့ ခရီးသည်တစ်ယောက်နဲ့ တူတယ်တဲ့။ အဲဒီလို ကန္တာရမှာ ခရီးသွားနေတုန်း နောက်က သားရဲတိရစ္ဆာန်တစ်ကောင်က လိုက်လာသတဲ့။ ဒီတော့ ခရီးသည်ဟာ ဒီသားရဲတိရစ္ဆာန်ရဲ့ ရန်ကိုကြောက်လို့ ရေတွင်းတစ်ခုထဲကို ခုန်ချပြီး ပုန်းသတဲ့။ ရေတွင်းထဲ ငုံ့ကြည့်လိုက်တော့ နဂါးကြီးတစ်ကောင်က သွားဖြဲပြီး သူ့ကို ကိုက်စားပစ်ဖို့ စောင့်နေသတဲ့။ ဒါနဲ့ ခရီးသည်ဟာ ရေတွင်းအောက်ထိအောင် မဆင်းရဲဘဲ ရေတွင်းဘောင်အလယ် မြေကြီးမှာ ပေါက်နေတဲ့ သစ်ပင်ကလေးတစ်ပင်ကို တွဲလွဲခိုထားတယ်။ အဲဒီသစ်ကိုင်းကို ကြွက်ဖြူနဲ့ ကြွက်မည်းနှစ်ကောင်က တစ်လှည့်စီ ကိုက်ဖြတ်နေကြသတဲ့။ မကြာခင် ကြွက်ဖြူနဲ့ ကြွက်မည်း ကိုက်ဖြတ်လို့ ဒီသစ်ကိုင်းလေးကျတော့မယ်။ ရေတွင်းထိပ်မှာ သားရဲတိရစ္ဆာန်ကြီးကစောင့်နေလို့ ခရီးသည်ဟာ တွင်းပေါ်ကိုလည်း ပြန်မတက်ရဲဘူး။ အောက်ကို ငုံ့ကြည့်လိုက်တော့လည်း နဂါးကြီးက သွားဖြဲပြီး စောင့်နေတယ်။ ကြွက်ဖြူနဲ့ ကြွက်မည်းကလည်း သစ်ကိုင်းကို ကိုက်ဖြတ်နေလို့ ကျိုးကျတော့မယ်။ ခရီးသည်ဟာ တွယ်ရာမဲ့ဖြစ်ပြီ၊ ခိုးကိုးရာမဲ့ ဖြစ်နေပြီ။ ဒီတုန်း သစ်ရွက်ကလေးတွေပေါ်မှာ ပျားရည်စက်ကလေးတွေ တင်နေတာတွေတော့ ခရီးသည်ဟာ ဒီပျားစက်ကလေးတွေကို လျက်ပြီး ကြည်နူးနေလိုက်သေးသတဲ့။ ဘဝဆိုတာ အဲဒီခရီးသည်အဖြစ်နဲ့ ဘာမှ မခြားဘူးလို့ တော်လ်စတွိုင်းက ဆိုတယ်"





"မ,တော့ သူပြောချင်တဲ့ အဓိပ္ပာယ်ကို ကောင်းကောင်း နားမလည်ဘူး"

ကျွန်တော့် ဇနီးသည်က ကျွန်တော့်ကို စူးစမ်းသောအကြည့် ကြည့်၍ ဆိုသည်။

"ဒီအတိုင်းဆိုရင်တော့ မောင်လည်း ကောင်းကောင်း နားမလည်ပါဘူး။ ဒါပေမယ့် တော်လ်စတွိုင်းက သူ့စကားကို သူ့ဘာသာသူ အဓိပ္ပာယ်ဖွင့်တယ်"

"ဘယ်လိုတဲ့လဲ"

"လူဟာ မွေးလာကတည်းက နောက်မှာ ဘေးအန္တရာယ်တွေ ထက်ကြပ်ပါလာတယ်တဲ့။ ဒီအန္တရာယ်တွေက လွတ်လိုလွတ်ငြား ရှောင်ပုန်းဖို့ ကြိုးစားရင်း အောက်က သွားဖြဲစောင့်နေတဲ့ သေခြင်းတရားဆိုတဲ့ နဂါးရဲ့ ပါးစပ်ဝကို ရောက်သွားတယ်တဲ့။ ဒီတော့ သူ ရှေ့မတိုးရဲဘဲ တွင်းဝဘောင်အလယ်မှာ ပေါက်နေတဲ့ သစ်ကိုင်းကလေးတစ်ကိုင်းကို တွယ်ထားတယ်။ နောက်လည်း ပြန်မဆုတ်ရဲဘူး။ ရှေ့ဆက်ပြီးလည်း မသွားရဲဘူး။ အဲဒီသစ်ကိုင်းကို နေ့နဲ့ ညဆိုတဲ့ ကြွက်ဖြူနဲ့ ကြွက်မည်းဟာ တစ်လှည့်စီ ကိုက်ဖြတ်နေကြတယ်။ မကြာခင်ပဲ သူ ခိုစီးထားတဲ့ ဘဝဆိုတဲ့ သစ်ကိုင်းကလေးဟာ ကျိုးပြတ်ကျပြီး သူလည်း အောက်ကစောင့်နေတဲ့ နဂါးရဲ့ပါးစပ်ထဲကို ရောက်တော့မယ်။ လူဟာ ဒီလောက် ခိုကိုးရာမဲ့ အခြေအနေ ရောက်နေတာတောင် သူ့အဖြစ်ကိုသူ မစဉ်းစားနိုင်သေးဘဲ သစ်ရွက်ပေါ်မှာ တင်နေတဲ့ ပျားရည်စက်ကလေးတွေကို လှမ်းလျက်ပြီး အရသာခံနေသေးတယ်။ နဂါးဟာ သေခြင်းတရား၊ သစ်ကိုင်းဟာ သူမှီခိုနေတဲ့ဘဝ၊ ကြွက်ဖြူနဲ့ ကြွက်မည်းဟာ နေ့နဲ့ည၊ သစ်ကိုင်းပေါ်က ပျားရည်စက်ဟာ လူ့ဘဝရဲ့ သာယာမှုလို့ သူထင်နေတဲ့ သူ့သားမယား၊ သူ့အိုးအိမ်၊ သူ့ဝါသနာ၊ သူ့စိတ်ဝင်စားမှုတွေတဲ့။ ဒီလောက် ဘေးအန္တရာယ်တွင်းထဲကျနေတာတောင် သူဟာ လူ့ဘဝရဲ့သာယာမှုကို အဟုတ်ထင်ပြီး မိုက်မှားနေတယ်တဲ့။ လူ့ဘဝဆိုတာ အဲဒါပဲတဲ့"

"ဟင် … တော်လ်စတွိုင်းရဲ့ အဘိဓမ္မာကလည်း နိဗ္ဗိန္ဒသံ ပါလိုက်တာ စိတ်ညစ်စရာချည်း"

ကျွန်တော့်ဇနီးသည်က ရှုံ့မဲ့၍ ပြောလိုက်သည်။ မနေ့တစ်နေ့ကမှ [illegible] ၍ အားနည်းဖျော့တော့လျက်ရှိသော ကျွန်တော့် ဇနီးသည်အတွက် ဝို [illegible] များစွာ လေးနက်ကြီးကျယ်သော စကားများဖြစ်ကြောင်း ကျွန်တော် [illegible] လိုက်မိသည်။

"အို … ဒါက တော်လ်စတွိုင်းတို့လို ဉာဏ်ပညာကြီးသူ [illegible] ပါ။ မောင်တို့လို ဉာဏ်မမီသူတွေရဲ့ အလုပ်မဟုတ်ပါဘူး။ သူတို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေးတွေး၊ အောက်က နဂါးကြီး ဆယ်ကောင်စောင့်နေပါစေ၊ မောင်တို့ကတော့ သစ်တိုင်းပေါ်မှာ တင်နေတဲ့ ပျားရည်စက်ကို သောက်နေမှာပဲ။ မောင့်မိန်းမ၊ မောင့်အိမ်ထောင်စု၊ မောင့်ယုံကြည်ချက်၊ မောင့်အနုပညာဟာ မောင့်အတွက် ပျားရည်တွေပဲ။ ဒါတွေရှိရင် ပြီးတာပဲ၊ နောက်အတွက် မောင်မတွေးဘူး။ တွေးလောက်အောင် ဉာဏ်လည်း မမီဘူး။ ဟုတ်လားကွ ဖိုးလမင်းကြီး''

ကျွန်တော်က ဇနီးသည် စိတ်ပြေလက်ပျောက် ဖြစ်သွားစေရန် ကျွန်တော့်သားကြီးဘက်သို့ လှည့်၍ စကားပြောသည်။

(၃)

ကျွန်တော့်သားကြီးက ကျွန်တော့်စကားကို အူဝဲဖြင့် တုံ့ပြန်ပါသည်။ ကျွန်တော်က စကားပြော၊ ၎င်းက အူဝဲသံဖြင့် တုံ့ပြန်။ ဤသို့ သားအဖနှစ်ယောက် စကားကောင်းနေစဉ် ကျွန်တော့်နောက်မှ အသံတစ်သံကြောင့် ကျွန်တော် စကားပြောရပ်သွားသည်။

''မင်းက စာရေးဆရာ မြင့်အောင်လား''

ကျွန်တော်က နောက်သို့ လှည့်ကြည့်လိုက်သည်။ စောစောက ကျွန်တော့်ဇနီးသည်ပြောသော စာရေးဆရာမကြီးသည် ကျွန်တော့်ကိုရပ်၍ ပြုံးနှုတ်ဆက်လျက် ရှိခြင်းကိုမြင်ရ၏။ ၎င်း၏ မျက်နှာသည် ကြည်လင်သန့်ရှင်းသော အသွင်ကို ဆောင်၏။ မျက်လုံးထောင့်နား၌ အရေအနည်းငယ် တွန့်လျက်ရှိသည်မှအပ အသားအရေ ပြည့်တင်းဆဲရှိ၏။ နက်မှောင်လျက်ရှိသေးသော ဆံပင်အောက်မှ ကျယ်ပြန့်မို့မောက်သော နဖူးသည် ဉာဏ်ပညာ အမှတ်လက္ခဏာသဖွယ်ရှိ၏။ မျက်လုံးများကလည်း ကြည်လင်တောက်ပဆဲဖြစ်၏။ အထူးသဖြင့် ၎င်း၏ မျက်လုံးများသည် ပြုံးရယ်လျက်ရှိသည်ဟု ကျွန်တော် ထင်၏။ စကားလုံးပေါင်းများစွာကို ပြောပြနိုင်သော မျက်လုံးမျိုးဖြစ်၏။

''စာရေးဆရာ မြင့်အောင်နော်''

''ဟုတ်ပါတယ် ခင်ဗျာ''

''ဟိုတစ်နေ့ကဟည်းက သမီးက ပြောပြတယ်လေ။ တွေ့မလားလို့ ကြည့်ကြည့် နေတာ။ ဒီနေ့မှပဲ တွေ့ရတော့တယ်''

ကျွန်တော့်ဇနီးသည်က ခုတင်ဘေးက ခုံပေါ်တွင် ထိုင်ရန် ဖိတ်မန္တကပြုကာ တစ်ဖက်သို့လှည့်ပြီး သားငယ်ကို နို့တိုက်နေသည်။





''ဟိုဟာက ဒေါ်ဒေါ့်သမီးလေ။ ဒေါ်ဒေါ့်အကြောင်းကိုတော့ တစ်ဆင့် ကြားပြီးရောပေါ့နော်''

''ဟုတ်ကဲ့ခင်ဗျာ။ ဒေါ်ဒေါ်ဟာ စာရေးဆရာမကြီးတစ်ဦး ဖြစ်ခဲ့ဖူးတယ်ဆိုတာကိုတော့ ကျွန်တော့်ဇနီး ပြောပြလို့ သိပြီးပါပြီ။ ဒါပေမယ့်''

ကျွန်တော်က မည်သို့ စကားဆက်ရမည် မသိသဖြင့် ရပ်လိုက်သည်။

''ဒါပေမယ့် ဒေါ်ဒေါ့်စာတွေကို မဖတ်ဖူးဘူး ဆိုပါတော့''

၎င်းက ကျွန်တော့်စကားကိုရယ်၍ ဆက်လိုက်သည်။ ကျွန်တော်က အားနာပြုံး၊ ရှက်ပြုံးဖြင့် -

''ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် မဖတ်ဖူးပါဘူး''

''ဒါဖြင့် ဒေါ်ဒေါ့် ကလောင်နာမည်ကိုကော''

လာပြန်ပြီ။ ကျွန်တော် အဖြေရခက်သော မေးခွန်းတစ်ခု။ ကျွန်တော့်ဇနီးသည်က ၎င်း၏ ကလောင်နာမည်ကို ပြောလိုက်သော်လည်း ကျွန်တော် မေ့နေပြန်ပြီ။ လူတစ်ယောက်၏ နာမည်၊ စာရေးဆရာမကြီးတစ်ယောက်၏ ကလောင်နာမည်ကို မသိခြင်း၊ မေ့ခြင်းသည် လွန်စွာ မျက်နှာပူစရာကောင်းသည် မဟုတ်လော။

ကျွန်တော် မည်သို့မျှ မဖြေမီ ၎င်းက ကျွန်တော့်ကို ကြည့်၍ တစ်ချက်ရယ်လိုက်သည်။

''မျိုးသူလေ''

မျိုးသူ၊ မျိုးသူ၊ မျိုးသူ။ ကျွန်တော်သည် စာရေးဆရာမကြီး၏ ကလောင်နာမည်ကို တဖွဖွရွတ်သည်။ မျိုးသူဆိုသည့် ကလောင်နာမည်၊ ၎င်းရေးသည့် စာအုပ်စသည်တို့ကို ကျွန်တော် စဉ်းစားသည်။ စဉ်းစား၍ မရ။ ချွေးပြန်စပြုလာသည်။

''ဘာလဲ၊ မျိုးသူကိုလည်း မကြားဖူးဘူး မဟုတ်လား''

စာရေးဆရာမကြီးက ကျွန်တော့်ကိုကြည့်၍ ရယ်ပြန်သည်။ ကျွန်တော်က မည်သို့ပြန်ဖြေရမှန်းမသိဘဲ အကူအညီရလိုရငြား ဇနီးသည်ဘက်သို့ လှည့်ကြည့်သည်။ သို့ရာတွင် ဇနီးသည်မှာ ၎င်း၏သားငယ်နှင့် အလုပ်ရှုပ်လျက်ရှိ၍ ကျွန်တော်တို့နှစ်ဦး၏စကားကို စိတ်ဝင်စားဟန်မရှိ။

''ဟုတ်ကဲ့၊ ကြားဖူးသလိုလိုတော့ ရှိပါတယ် ခင်ဗျ''

ပါးစပ်မှ ထွက်မလာပါ။ စိတ်ထဲက ရွတ်ဆိုလိုက်ခြင်းသာ [illegible] နာမည်ကြီးခဲ့သော စာရေးဆရာမကြီး တစ်ယောက်၏အမည်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း အခက်၊ ကြားဖူးသလိုလိုရှိသည်ဟု ဆိုလျှင်လည်း ၄င်းအားစော်ကားရာ ရောက်မည်။

"ကျွန်တော်တို့က ခပ်ငယ်ငယ်ဆိုတော့ ဒေါ်ဒေါ် စာတွင်တွင်ရေးချိန်ကို မမီ လိုက်ဘူး ထင်ပါတယ်ခင်ဗျာ"

ကျွန်တော်က မယုတ်မလွန် ဖြေလိုက်သည်။ သို့ရာတွင် အမျိုးသမီးကြီးက ကျွန်တော့် ဆင်ခွေ့ရန်ရှောင် အဖြေကို ရိပ်မိပုံဖြင့် ပြုံးမြဲပြုံးနေသည်။

"စာရေးဆရာကြီး ပီမိုးနင်းရဲ့စာတွေကိုကော မောင်မြင့်အောင် ဖတ်ဖူးရဲ့ လား"

"ဟုတ်ကဲ့၊ ဖတ်ဖူးပါတယ် ခင်ဗျာ"

"ဘယ်စာအုပ်တွေကို ဖတ်ဖူးသလဲ"

"တော်တော်များများကို ကျွန်တော် ဖတ်ဖူးပါတယ် ခင်ဗျာ။ စာရေးဆရာကြီး ပီမိုးနင်းရဲ့ တက်ကျမ်းတွေ၊ ပိုက်ဆံကြီးအမည်နဲ့ ရေးတဲ့ ဆောင်းပါးတွေ၊ ဝတ္ထု တော်တော်များများကိုပဲ ဆိုပါတော့"

"ကြိုက်ကော ကြိုက်ရဲ့လား"

"ကြိုက်တာတွေလည်း ရှိပါတယ်၊ မကြိုက်တာတွေလည်း ရှိပါတယ်"

"စာရေးဆရာကြီးပီမိုးနင်းရဲ့ စာတွေကို ဘာကြောင့် ကြိုက်တာလဲ"

အမျိုးသမီးကြီးက ကျွန်တော့်ကို ရှေ့နေမေးခွန်းထုတ်သလို မေးခွန်းတွေ ထပ်ဆင့်မေးနေသည်။

"အကြောင်းတွေကတော့ အများကြီးပဲ ခင်ဗျ။ ဒါပေမယ့် ထင်ရှားတဲ့ အကြောင်းရင်းတွေအနက် တစ်ခုကတော့ စာရေးဆရာကြီး ပီမိုးနင်းရဲ့စာတွေဟာ ဖတ်ရတာ ရှင်းတယ်၊ လွယ်တယ်။ တက်ကျမ်းတွေကိုပဲဖတ်ဖတ်၊ ဝတ္ထုတွေကိုပဲ ဖတ်ဖတ်၊ သူ့စာတွေဟာ စာဖတ်သူရဲ့ခေါင်းထဲကို လျှောခနဲ ဝင်သွားတယ်။ အတွန့် တွေ၊ အကွန့်တွေ၊ အညွန့်တွေနဲ့ ရေးတဲ့ခေတ်ကိုတော်လှန်ပြီး တိုတိုနဲ့လိုရင်းကို ရေး တယ်။ ပီမိုးနင်းခေတ် မတိုင်မီတုန်းက စာရေးကြရာမှာ 'ရောင်ခြည်တစ်ထောင် အလင်းကိုဆောင်သော ဘာနုရာဇာ၊ ဒေါင်းဖလ်ဝါနေမင်းသည် အရှေ့ဥဒည်တောင် စွန်းမှ ၄င်း၏ ထွန်းလင်းသော ရောင်ခြည်တို့ကိုကမ္ဘာလောကကြီးပေါ်သို့ လွှမ်းခြုံစေ၍ လာသောအခါ' စသည်ဖြင့် လန်ဘားကျောက်တားတွေ ရေးကြတယ်"

အမျိုးသမီးကြီးက ပြုံး၍ နားထောင်သည်။





"ပီမိုးနင်းခေတ်ကျတော့ ဒါမျိုး မရေးတော့ဘူး။ 'နေထွက်လာလေ၏' ဆိုပြီး စာလုံးလေးငါးလုံးနဲ့ ပြီးအောင်ရေးတယ်။ ဒါဟာ ပုံသဏ္ဌာန်၊ ဒါမှမဟုတ် ရေးဟန်မှာ ပီမိုးနင်းက ခေတ်သစ်တစ်ရပ်ကို အစပျိုးလိုက်တာပဲ။ စာရေးဆရာကြီး သိပ္ပံမောင်ဝ တို့၊ ကဗျာဆရာကြီး ဇော်ဂျီတို့၊ ကဗျာဆရာကြီး မင်းသုဝဏ်တို့ ခေါင်းဆောင်တဲ့ ခေတ်စမ်းစာပေလှုပ်ရှားမှုဟာ တကယ်တော့ စာရေးဆရာကြီး ပီမိုးနင်းရဲ့ ခေတ်စမ်း စာပေ အရေးအသားကို စနစ်တကျ အမွေဆက်ခံလိုက်ခြင်းသာ ဖြစ်တယ်ခင်ဗျ"

"ဒါဖြင့် ခေတ်စမ်းစာပေကို ပီမိုးနင်းက စတယ်လို့ မောင်မြင့်အောင်က ဆိုလို ချင်တယ်ပေါ့"

အမျိုးသမီးကြီးက ပြုံး၍မေးသည်။

"ဟုတ်ပါတယ်။ ခေတ်စမ်းစာပေ အရေးအသားကို ပီမိုးနင်းက စ,တာပါပဲ။ 'နေထွက်လာလေ၏' ဆိုတဲ့ ဝါကျတိုတိုနဲ့ အရေးအသားမျိုးဟာ ပီမိုးနင်းက စ,တာပါပဲ။ နောက်ကျမှ စာရေးဆရာကြီး သိပ္ပံမောင်ဝတို့က လိုက်ရေးလာကြတာပါ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ပေါ့ခင်ဗျာ။ ပီမိုးနင်းက သူ့အရေးအသားကို ခေတ်စမ်းအရေး အသားလို့ မကြွေးကြော်ဘူး။ သူတစ်ယောက်တည်း 'တစ်ကိုယ်တော်လင်းယုန်' လုပ်ပြီး ရေးသွားတယ်။ စာရေးဆရာကြီး သိပ္ပံမောင်ဝတို့ကတော့ ခေတ်စမ်းစာပေလို့ ကြွေးကြော်တယ်။ သိစိတ်ရှိရှိနဲ့ လုပ်တယ်။ စာပေလှုပ်ရှားမှုကြီးတစ်ရပ် ဖြစ်လာ အောင် လှုံ့ဆော်စည်းရုံးတယ်။ ဒီကွာခြားချက်တော့ ရှိပါတယ်။ ဒါကြောင့် ခေတ်စမ်း စာပေ အရေးအသားမျိုးကိုတော့ ပီမိုးနင်းက စခဲ့ပြီး ခေတ်စမ်းစာပေလှုပ်ရှားမှုကြီးကို တော့ သိပ္ပံမောင်ဝတို့က ဆော်ဩစည်းရုံးခဲ့ခြင်း ဖြစ်တယ်လို့ ကျွန်တော် ပြောခြင်းပါ"

"စာရေးဆရာကြီး ပီမိုးနင်းရဲ့ အရည်အချင်းတွေက ဒါပဲလား"

အမျိုးသမီးကြီးက မေးသည်။

"မကပါဘူး ခင်ဗျာ။ မြန်မာစာပေလောကကို စာရေးဆရာကြီး ပီမိုးနင်း ပြုခဲ့တဲ့ ကျေးဇူးတွေဟာ ပြောလို့ မကုန်ပါဘူး။ ကျွန်တော်သိတာလေး[illegible] ပြောတာပါ။ ပီမိုးနင်းဟာ အရေးတော်ပုံသဏ္ဌာန်၊ ဒါမှမဟုတ် [illegible] တစ်ခေတ်ဆန်းစေခဲ့ရုံတွင် မကဘူး၊ မြန်မာဝတ္ထုပုံစံကိုလည်း တစ်ခေတ်[illegible] တယ် ခင်ဗျ"

"ဥပမာ"

"ဥပမာဆိုပါတော့၊ စာရေးဆရာကြီး ပီမိုးနင်း မတိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရေးဟန် သိပ်ပြီး ခေတ်မမီသေးဘူး ခင်ဗျ။ ခေတ်ပေါ် မြန်မာဝတ္ထုဆိုပြီး ပီပီသသ မရှိသေးဘူး။ ပီမိုးနင်း မတိုင်မီတုန်းက ဝန်စာရေးဦးကြီးရဲ့ 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း' ဝတ္ထု ပေါ်နေပြီ။ ဂျိမ်းလှကျော်ရဲ့ 'မောင်ရင်မောင်၊ မမယ်မ' ပေါ်နေပြီ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ 'မှာပုံတော်' ဝတ္ထု ပေါ်နေပြီ။ ဒါပေမယ့် ဒီဝတ္ထုကြီးတွေဟာ နော်ဗယ်လို့ ကျွန်တော်တို့ ပြောနေကြတဲ့ ခေတ်ပေါ်မြန်မာဝတ္ထုကြီးများရဲ့ပုံစံကို ပီပီသသကြီး ရောက်မလာကြသေးဘူးခင်ဗျ။ ဆရာကြီးပီမိုးနင်းရဲ့ ခေတ်ကျမှ ခေတ်ပေါ်ဝတ္ထုရဲ့ ပုံသဏ္ဌာန်ကို ပီပီသသကြီး ဆောင်လာကြတာ''

ကျွန်တော်က ဆေးပေါ့လိပ်ကို ညှိ၍ ဖွာလိုက်သည်။

''ဒါဖြင့် စာရေးဆရာကြီး ပီမိုးနင်းဟာ ခေတ်ပေါ် မြန်မာဝတ္ထုကို တည်ထောင်သူ တစ်ဦးပေါ့''

''ဟုတ်ကဲ့၊ ဒီလိုပဲ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော်တို့ ခုရေးနေကြတဲ့ ဝတ္ထုတွေဟာ အနောက်တိုင်းကလာတဲ့ ပုံသဏ္ဌာန်ပါပဲ။ စာရေးဆရာကြီး ပီမိုးနင်းဟာ အင်္ဂလိပ်ဘာသာ၊ လက်တင်ဘာသာတို့ကို ကျွမ်းကျင်နှံ့စပ်လေတော့ အနောက်တိုင်းက ဝတ္ထုကြီးတွေကို တော်တော်ဖတ်ပုံ ရပါတယ်။ အဲ၊ သူ့ဝတ္ထုကြီးတွေဟာ မြန်မာမှုပြုထားတဲ့ အနောက်တိုင်းဝတ္ထု ပုံစံတွေပါပဲ။ ကျွန်တော်တို့ခေတ်ကျတော့ ပီမိုးနင်းက အစပျိုးခဲ့တဲ့ ခေတ်ပေါ်မြန်မာဝတ္ထုဟာ ပုံစံကျသလောက် ရှိနေပါပြီ။ ဒါကြောင့် ပီမိုးနင်းဟာ ခေတ်ပေါ် မြန်မာဝတ္ထုရှည်၊ ဝတ္ထုတိုကို ထူထောင်ခဲ့သူလို့ ကျွန်တော် ဆိုချင်ပါတယ်''

''စာရေးဆရာကြီး ပီမိုးနင်းဟာ ပုံသဏ္ဌာန်သစ်ကို ထူထောင်ခဲ့သူဆိုတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် အကြောင်းအရာကျတော့ကော''

ကျွန်တော်သည် စာပေတွင် အကြောင်းအရာနှင့် ပုံသဏ္ဌာန်အကြောင်းကို ပြောဆိုလျက်ရှိသော အမျိုးသမီးကြီးကို တအံ့တသြ ကြည့်လိုက်မိသည်။

''အကြောင်းအရာကတော့ သူ့ခေတ်နဲ့သူ ကြည့်ရင် ထူးခြားဆန်းသစ်ပါတယ်။ ဒါပေမယ့် ခုခေတ်အမြင်နဲ့ ကြည့်ရင် တိုးတက်တယ်လို့တော့ မပြောနိုင်ဘူး ခင်ဗျ''

''ဆန်းသစ်တာနဲ့ တိုးတက်တာ မတူဘူးလား''

''သစ်တိုင်း မတိုးတက်ပါဘူး ခင်ဗျာ။ အရာဝတ္ထုတိုင်းကို ကြည့်တဲ့အခါမှာ လူတန်းစားအမြင်နဲ့ ကြည့်သလို၊ အသစ်ကို ကြည့်တဲ့အခါမှာလည်း ကျွန်တော်ကတော့ လူတန်းစားအမြင်နဲ့ ကြည့်ပါတယ်''





''ဘယ်လိုကြည့်တာလဲ''

''အသစ်ဆိုတိုင်း မတိုးတက်ပါဘူး။ ဖြစ်ပေါ်လာတဲ့ အသစ်ဟာ နယ်ရှင် လူတန်းစားအတွက် အသစ်လား။ ပစ္စည်းမဲ့ လူတန်းစားအတွက် အသစ်လား။ နယ်ရှင်ရဲ့ အသစ်လား။ ပစ္စည်းမဲ့ရဲ့ အသစ်လား။ ဘယ်သူရဲ့ အသစ်လဲဆိုတာကို ကြည့်ရလိမ့်မယ် ထင်ပါတယ်''

''ဒီတော့ မောင်မြင့်အောင်က စာရေးဆရာကြီး ပီမိုးနင်းကို ဘယ်လိုအကဲဖြတ်ချင်သလဲ''

ကျွန်တော်က အတန်ကြာစဉ်းစားနေသည်။ ပြီးမှ ...

''အိန်ဂျဲလ်က 'အီတလီကဗျာဆရာကြီး ဒန်တေဟာ အလယ်ခေတ်ရဲ့ နောက်ဆုံးကဗျာဆရာကြီးဖြစ်ခဲ့ပြီး အရင်းရှင်ခေတ်သစ်ရဲ့ ပထမဆုံးသော ကဗျာဆရာကြီးဖြစ်တယ်' လို့ ပြောခဲ့ဖူးတယ် ခင်ဗျ။ ဆရာကြီး ပီမိုးနင်းဟာလည်း ပဒေသရာဇ် ခေတ်ဟောင်းရဲ့ နောက်ဆုံးစာရေးဆရာကြီးဖြစ်ပြီး ဗြိတိသျှရဲ့ လက်အောက်က ကိုလိုနီ အရင်းရှင်ခေတ်ရဲ့ ပထမဆုံးသော စာရေးဆရာကြီးဖြစ်တယ်လို့ ဆိုချင်တယ်ခင်ဗျ''

''အဓိပ္ပာယ်က''

''အဓိပ္ပာယ်က စာရေးဆရာကြီး ပီမိုးနင်းဟာ တစ်ဖက်မှာ ပဒေသရာဇ်ခေတ် မကောင်းကြောင်းတွေကိုရေးပြီး တစ်ဖက်မှာ ပဒေသရာဇ်ခေတ်ကို လွမ်းနေတယ်။ တစ်ဖက်မှာ ဗြိတိသျှနယ်ချဲ့စနစ်ကို ရွံမုန်းပြီး၊ တစ်ဖက်မှာ မြန်မာတွေ ကြီးစိုးအောင် လုပ်ဖို့၊ မြန်မာတိုင်းရင်းသား အရင်းရှင်တွေဦးစီးတဲ့ နိုင်ငံတော်ကြီးကို ထူထောင်ဖို့ ဆော်ဩနေတယ်ခင်ဗျ။ ဆရာကြီး ပီမိုးနင်းရဲ့ စာတွေထဲမှာ ဒီသဘောကို သွားတွေ့ရတယ်။ ဒါထက်နေပါဦး ခင်ဗျာ ... ဒီက ဒေါ်ဒေါ်က ပီမိုးနင်းနဲ့ ခေတ်ပြိုင်စာရေးဆရာမကြီးလား။ ကျွန်တော့်ကို မေးခွင့်ပြုပါ''

အမျိုးသမီးကြီးက ပြုံးလိုက်သည်။

''မောင်မြင့်အောင်လည်း ဆရာကြီးပီမိုးနင်းရဲ့ စာတွေကို ဖတ်ဖူးသလား။ ဒီတော့ ....''

အမျိုးသမီးကြီးက ပေါင်ပေါ်တွင် တင်ထားသော လက်ကိုင်အိတ်ကို ခုတင်ပေါ်သို့ လှမ်းတင်လိုက်သည်။

''ဒီတော့ .. ဘယ်ဝတ္ထုတွေကို အကြိုက်ဆုံးလဲ''

''အများကြီးပဲခင်ဗျ၊ 'နေရီရီ' ကိုလည်း ကြိုက်တယ်။ 'သခင်ကိုယ်တော်မှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်၊ 'ဖုန်းမောင့်တွက်တာ' ကိုလည်းကြိုက်တယ်''

''ပြီးတော့ ....''

ကျွန်တော်က ခေတ္တမျှ စဉ်းစားလိုက်သည်။

''ပြီးတော့ 'နေညိုညို' ခင်ဗျ''

အမျိုးသမီးကြီးမျက်နှာသည် ဝင်းထိန်လာ၏။ ၎င်း၏ ရယ်လျက်ရှိသော မျက်လုံးများသည် တောက်ပလွန်းလက်လာကြ၏။

'နေညိုညို' ဝတ္ထုကြီးထဲက ဇာတ်လမ်းကိုကော မှတ်မိသေးလား''

ကျွန်တော် တစ်ချီစဉ်းစားရပြန်သည်။ 'နေညိုညို' ဝတ္ထုကြီးကို ကျွန်တော်ဖတ်ဖူးခဲ့သည်မှာ ကြာပြီ။ စစ်မဖြစ်ခင် ၁၉၄၁ ခု လောက်ကဖြစ်၏။ တကယ်က 'နေညိုညို' ဝတ္ထုကြီးကို ၁၉၂၀ လောက်က ရေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်ဖတ်ရသည့်အချိန် ထိုဝတ္ထုကြီးထုတ်ဝေခဲ့သည်မှာ အနှစ် ၂၀ ခန့်ကြာခဲ့ပြီ။ ယခုအချိန်၌မူ ထိုဝတ္ထုကြီး၏သက်တမ်းသည် အနှစ်ငါးဆယ်ကျော် ကြာခဲ့ပြီ။ အနှစ်ငါးဆယ်ကျော်သက်တမ်းရှိ၍ လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က ကျွန်တော်ဖတ်ခဲ့ဖူးသော ဝတ္ထုကြီးတစ်ပုဒ်ကို မည်သို့လျှင် ရုတ်တရက် မှတ်မိနိုင်ပါမည်နည်း။

''ဇာတ်လိုက်က မောင်နေဦး၊ ဇာတ်လိုက်မင်းသမီးက ညိုညိုလေ''

အမျိုးသမီးကြီးက အစဖော်ပေးသည်။

''ဩော် .. မှတ်မိပြီခင်ဗျ။ ပြည်နဲ့ ရွှေတောင်ရဲ့ အကြားက ရွာကလေး တစ်ရွာမှာ ဇာတ်လမ်းစဖွင့်တယ်လေ။ တစ်ညမှာ ရွာရဲ့ မနီးမဝေး ခြံကလေးတစ်ခြံထဲကို မြင်းနဲ့လူတစ်ယောက် ရောက်လာတယ်။ အဲဒီလူ ရောက်လာတဲ့အချိန်မှာ အဲဒီခြံပိုင်ရှင်မိန်းမက သားယောက်ျားကလေးတစ်ယောက် ထွန်းကားတယ်။ အမည်က မောင်နေဦးတဲ့။ နောက် အတန်ကြာလို့ မိုးတွေသိပ်ရွာနေတဲ့ တစ်ညမှာ အဲဒီခြံကလေးကို လူတစ်စုက ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကို လာပို့ကြတယ်။ တရားမဝင်တဲ့ ကိုယ်ဝန်ဖြစ်လို့ မြို့က တိတ်တိတ်လာမွေးတာ။ အဲဒီမိန်းမက ညိုညိုဆိုတဲ့ မိန်းကလေး တစ်ယောက်ကို မွေးတယ်။ ညိုညိုရဲ့အမေဟာ သမီးညိုညိုကို စရိတ်အထောက်အပံ့ပေးပြီး ညိုညိုကို ခြံရှင်လင်မယားထံ အပ်ခဲ့တယ်။ ညိုညိုဟာ အရွယ်ရောက်လာတဲ့ အထိ မောင်နေဦးကို မောင်နှမလို့ ထင်ခဲ့တယ်။ နောက် သူ့ကိုမွေးစားတဲ့ အဖေရော အမေရော ဆုံးပါးသွားကြပြီး၊ မောင်နေဦးနဲ့ညိုညိုတို့ဟာ အဒေါ်တစ်ယောက်နဲ့အတူ အဲဒီခြံကလေးထဲမှာပဲ ဥယျာဉ်စိုက်ပျိုး စားသောက်နေခဲ့ကြတယ်။ တစ်နေ့ကျတော့





ညိုညိုနဲ့ မောင်နေဦးတို့ အမွေရလို့ မြှုပ်နှံထားတဲ့ ရွှေငွေရတနာတွေကို သူခိုးကတူးဖော်သွားတာကို ညိုညို မြင်လိုက်တယ်။ ဒီလူကို ညိုညို ကောင်းကောင်းမှတ်မိတယ်။ ဒီလိုနဲ့ ညိုညိုနဲ့ မောင်နေဦးဟာ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ရတုန်း တစ်နေ့ကျတော့ ရန်ကုန်မှာ ပွဲကတော်ကြီးတစ်ဦးဖြစ်တဲ့ ညိုညိုအမေအရင်းဟာ ညိုညိုဆီ ရောက်လာတယ်။ ညိုညိုအဖေဟာ မြို့အုပ်ဖြစ်ရာက အမှုတစ်ခုကြောင့် အလုပ်ပြုတ်ပြီး ထောင်ကျသွားတဲ့အကြောင်း၊ ခု သူ့မှာ ပွဲစားကြီးတစ်ယောက်နဲ့ အိမ်ထောင်ကျကြောင်း၊ မွေးစားသမီးအဖြစ် သူနဲ့လိုက်နေဖို့အကြောင်း လာပြောတယ်။ ညိုညိုက ငြင်းပယ်လိုက်တယ်။ အမေအရင်းဖြစ်ရက်သားနဲ့ သူ့ကို ဒီလောက် ပစ်ပစ်ခါခါလုပ်တဲ့ အမေ့ကို ညိုညို စိတ်နာတယ်။ မောင်နေဦးနဲ့ သူဟာ မောင်နှမအရင်း မဟုတ်ဘူးဆိုတာ ညိုညို သိသွားတယ်။ ဒါကြောင့် ညိုညိုဟာ ပြည်ကနေပြီး ရန်ကုန်ကိုထွက်ပြေးတယ်။ မီးရထားပေါ်မှာ ရန်ကုန်က အယ်ဒီတာကြီးတစ်ယောက်နဲ့ တွေ့တယ်။ သူနဲ့ စာပေ အယူအဆတွေကို ဆွေးနွေးတယ်''

''ညိုညိုရဲ့ စာပေအယူအဆတွေကို မောင်မြင့်အောင် မှတ်မိသေးလား''

အမျိုးသမီးကြီးက ကြားဖြတ်၍ မေးသည်။

(၅)

ကျွန်တော်က ခေတ္တမျှ စဉ်းစားနေသည်။

''ဟုတ်ကဲ့၊ လုံးစေ့ပတ်စေ့ မမှတ်မိတော့ပေမယ့် အချုပ်ကိုတော့ မှတ်မိပါတယ်။ ညိုညိုက စာပေအရေးအသားကို အသစ်ထွင်ရမယ်။ ရှေးဟောင်းလမ်းရိုးကို ချည်း လိုက်နေလို့ မဖြစ်တော့ဘူးလို့ ဆော်ဩတယ်။ ဒါဟာ စာရေးဆရာကြီး ပီမိုးနင်းက ခု ကျွန်တော်တို့တစ်တွေရေးနေတဲ့ ခေတ်သစ်စာပေ အရေးအသားကို စတင်ရေးသားကြဖို့ ဆော်ဩလိုက်တာပဲ ခင်ဗျ''

အမျိုးသမီးကြီးက ခေါင်းညိတ်သည်။

''ဒီလိုနဲ့ ညိုညိုဟာ ရန်ကုန်ကိုရောက်တော့ ဗဟန်းက သီလရှင်ဇရပ် တစ်ခုမှာ နေတယ်။ ဇရပ်မှာ ကျောင်းအစ်မကြီး တစ်ယောက်နဲ့ တွေ့တယ်။ အဲဒီ ကျောင်းအစ်မကြီးက သူ့အဖေကြီးရဲ့ ငယ်ရည်းစား။ ညိုညိုကတော့ မသိဘူး။ ဒါနဲ့ အဲဒီ ကျောင်းအစ်မနဲ့ ရင်းနှီးသွားပြီး သူ့အိမ်မှာ လိုက်နေတယ်။ ဆောင်းပါးတွေ ဝတ္ထုတွေ ရေးရင်း နာမည်ကျော် စာရေးဆရာမကြီး ဖြစ်လာတယ်။ ရန်ကုန်မှာရှိတဲ့ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



အသင်းတွေမှာ ရှေ့ဆောင်တစ်ဦး ဖြစ်လာတယ်။ အောင်မြင်မှုကိုရတယ်။ ရန်ကုန်မှာ မောင်ထွန်းခင်ဆိုတဲ့ လူရုပ်လူသွေ ဝတ်လုံတစ်ယောက်နဲ့ တွေ့တယ်။ အဲဒီ ဝတ်လုံက ညိုညိုကို ပိုးတယ်။ ဒါပေမယ့် ညိုညိုဟာ သူ့အချစ်ကို လက်ခံမယ်လုပ်တုန်း မောင်ထွန်းခင်ရဲ့ ကလိန်ဉာဏ်ကို ရိပ်မိပြီး ရွှေတောင်နားက ခြံကလေးမှာရှိတဲ့ မောင်နေဦးဆီကို ပြန်ပြေးလာတယ်။ နောက်ဆုံး မောင်နေဦးနဲ့ ပေါင်းတယ်။ ရန်ကုန်မှာ လူချမ်းသာတစ်ဦးဖြစ်နေတဲ့ ညိုညို့အဖေအရင်းက လိုက်လာပြီး ညိုညိုတို့ ဇနီးမောင်နှံကို သတင်းစာတိုက် ထောင်ပေးတယ်။ ဇာတ်လမ်းကတော့ ဒီလောက်ပဲ ခင်ဗျ

"ဒါဖြင့် မောင်မြင့်အောင်က 'နေညိုညို' မှာ ဘာကို သဘောကျတာလဲ"

"ဇာတ်လမ်းကတော့ အင်မတန် ဆင်းရဲဒုက္ခရောက်နေတဲ့ မိန်းကလေး တစ်ယောက်၊ သူ့ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ပြီး အောင်မြင်မှုကိုရသွားတဲ့ ဇာတ်လမ်းပါပဲ။ ဆက်ဆက်စ်စတိုရီလို့ ခေါ်တဲ့ ကြီးပွားချမ်းသာရေး ဝတ္ထုတစ်ပုဒ်ပေါ့လေ။ ငယ်ငယ်တုန်းကတော့ 'နေညိုညို' ထဲက ညိုညိုကို သိပ်သနားတာပဲ။ ပြီးတော့ ဘဝမှာ သူရုန်းကန်ပြီး အောင်မြင်မှုရသွားပုံကို သိပ် သဘောကျတာပဲ"

"ကြီးလာတော့ကော"

"အသက်ရလာတော့ ဇာတ်လမ်းကို ဒီလောက် သဘောမကျတော့ပါဘူး။ ဒါပေမယ့် အဲဒီထဲက ညိုညိုရဲ့ လောကအမြင်ကတော့ စဉ်းစားစရာတွေ ဖြစ်လာတယ်"

"ဘယ်လို အမြင်တွေလဲကွဲ့"

အမျိုးသမီးကြီးက ပြုံး၍မေးသည်။

"ညိုညိုရဲ့ စာပေနဲ့ပတ်သက်တဲ့ အမြင်၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ အမြင်၊ ကျော်စောမှုနဲ့ ပတ်သက်တဲ့အမြင်၊ ခေတ်ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ အမြင်တွေဆိုပါတော့"

ကျွန်တော်က နောက်ထပ် ဆေးပေါ့လိပ် တစ်လိပ်ကို ညှိသည်။

"စာပေနဲ့ ပတ်သက်လို့ ညိုညိုက အသစ်ထွင်ရမယ်။ လမ်းရိုးက ခွဲထွက်ရမယ်လို့ လှုံ့ဆော်တဲ့အပြင်၊ ဝတ္ထုဆိုတာ စာကိုမရေး၊ စိတ်ကိုရေးရမယ်လို့ ပြောတယ်ခင်ဗျ။ ကိုယ်ပိုင်စိတ်ကူးဟာ ပိဋကတ်တွေထဲမှာ ရှာလို့ မတွေ့နိုင်ဘူး။ ဘဝမှာသာ ရှာတွေ့နိုင်တယ်လို့ တင်ပြတယ်ခင်ဗျ။ ဒါဟာ ဝတ္ထုရေးရာမှာ လူ့သဘာဝအဖွဲ့ကို ရေးဖို့ စာရေးဆရာတွေကို ဆော်ဩလိုက်တာပဲ။ စာရေးဆရာတွေကို ပေထုပ်တွေ စာအုပ်ပုံတွေကြားက ထွက်ပြီး လူတွေထဲမှာလာပြီး လေ့လာဖို့ ဆော်ဩလိုက်တာပဲ။





နောက်တစ်ချက်က အိမ်ထောင်ရေးနဲ့ ပတ်သက်တယ်"

"ဘယ်လိုတဲ့လဲ"

"မင်္ဂလာဆောင်ခြင်းဆိုတာ အချစ်ကို မြေမြှုပ်သင်္ဂြိုဟ်ခြင်းပဲ။ အချစ်ရဲ့ သင်္ချိုင်းပဲလို့ ညိုညိုက ယူဆတယ်ခင်ဗျ။ လင်ရယ်၊ မယားရယ်လို့ ဖြစ်လာရင် အချစ်ဟာ ရိုးသွားပြီး သမီးရည်းစား ချစ်ခဲ့သမျှတွေဟာ မြေမြှုပ်သင်္ဂြိုဟ်ခံရသလို ပျောက်ပျက်သွားလိမ့်မယ်လို့ ညိုညိုက ယူဆတယ်ခင်ဗျ"

"ဒါကိုကော မောင်မြင့်အောင် ဘယ်လို သဘောရသလဲ"

ကျွန်တော်က ပြုံးလိုက်ပြီး -

"ကျွန်တော်တော့ မစဉ်းစားမိသေးဘူးခင်ဗျ။ ဒါပေမယ့် ခုခေတ်မှာ အနောက်နိုင်ငံက စာရေးဆရာတချို့ ဒီသဘောကို ရေးတာကိုတော့ တွေ့လိုက်ဖူးတယ်။ ပီမိုးနင်းက ဒါကို လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်က ပြောခဲ့တာဖြစ်လေတော့ သူ့အယူအဆဟာ ခေတ်အရှေ့ကို အနှစ်ငါးဆယ်လောက် ရောက်တယ်လို့တော့ ပြောရလိမ့်မယ်။ ဒါဟာ ဆရာကြီးပီမိုးနင်းရဲ့ ကိုယ်ပိုင်အယူအဆလား၊ အနောက်ကလာတဲ့ အယူအဆလားဆိုတာကိုတော့ ကျွန်တော် မပြောတတ်ဘူး။ နောက်တစ်ချက်ကတော့ ကျော်စောမှုနဲ့ပတ်သက်တဲ့ အယူအဆ"

ကျွန်တော်က ချဲ့ရှင်းလိုက်သည်။

"ကျော်စောခြင်းဟာ လှိုင်းတံပိုးနဲ့တူတယ်လို့ ဆရာကြီး ပီမိုးနင်းက ပြောတယ်။ လှိုင်းတံပိုးဟာ ပင်လယ်ရဲ့ ကျက်သရေကို ဖြစ်စေတယ်။ ဒီလှိုင်းတံပိုးဟာ ဘယ်လောက်ပဲ ကြီးကြီး ပြန်ကျရမှာပဲတဲ့။ ဒီတော့ လှိုင်းတံပိုးကို စီးရတာထက် ငြိမ်သက်တဲ့ရေမှာ ခရီးသွားရတာက ပိုပြီးအန္တရာယ်ကင်းတယ်လို့ သူက ယူဆတယ်"

"ရိုးရိုးကုပ်ကုပ် အညတရဘဝမှာ နေရခြင်းဟာ စိတ်ရဲ့ ငြိမ်းချမ်းမှုကို [illegible]တယ်ပေါ့"

အမျိုးသမီးကြီးက အဓိပ္ပာယ်ဖွင့်သည်။

"နောက်တစ်ခုက အထက်တန်းလွှာတွေရဲ့ ယဉ်ကျေးမှုကိုလည်း ညိုညိုက ဆဖန်ထားသေးတယ်။ အထက်တန်းလွှာက လူတွေဟာ ရင်ထဲက[illegible] မပြောကြဘဲ နှုတ်ခမ်းဖျားကလာတဲ့ စကားကိုသာ ပြောတတ်ကြတယ်။ [illegible]ကြတယ်။ တစ်ယောက်ကိုတစ်ယောက် အပေါ်ယံရွှေမှုန်ကြဲ [illegible] ဆံနေကြတယ်။ အပေါ်ယံမှာ ပရဟိတ တိုက်အိမ်ကြီးကိုဆောက်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



အတ္တဟိတရဲ့ မိုက်မှောင်တဲ့ လိုဏ်ခေါင်းကြီးကို တူးနေကြတယ်လို့ ဝေဖန်တယ်''

''ဒါပဲလား''

''နောက်တစ်ချက် ရှိသေးတယ် ခင်ဗျ။ ဒါကတော့ ဆရာကြီး ပီမိုးနင်းက စိတ်ပညာဆရာကြီးပီပီ လူ့စိတ်တွေကို လေ့လာပြီး အဘိဓမ္မာ ထုတ်ယူလိုက်တဲ့ အချက်ပဲ''

''ဘယ်လို ထုတ်သလဲကွဲ့''

''လူဟာ သူ့ရဲ့ စိတ်တန်ခိုးကို မှန်မှန်ကန်ကန် အသုံးမချတတ်ဘူး။ လောဘတွေ၊ ဒေါသတွေ များတယ်။ ဒါကြောင့် ဒီလမ်းလွဲရောက်နေတဲ့စိတ်ကို ထိန်းဖို့၊ တရားဥပဒေနဲ့လည်း ခြိမ်းခြောက် အုပ်ချုပ်ရတယ်။ ငရဲတို့၊ နတ်ပြည်တို့ စတဲ့ ဘာသာတရားနဲ့လည်း ခြိမ်းခြောက်အုပ်ချုပ်ရတယ်လို့ ဆိုတယ်ခင်ဗျ။ ဒါကတော့ တော်လ်စတွိုင်းပြောသလို 'ဘာသာတရားဆိုတာ လူတွေရဲ့လိုအင်ဆန္ဒကို အလွန်အကျွံမဖြစ်အောင် ထိန်းကျောင်းပေးတဲ့ အရာဖြစ်တယ်' ဆိုတဲ့ အဆုံးအမနဲ့ တူသလိုလိုပဲ''

''နေညိုညိုမှာ မကြိုက်တဲ့အချက်တွေကော''

''နည်းနည်းပါးပါး ရှိပါတယ်။ စာရေးဆရာကြီး ပီမိုးနင်းဟာ ဒီဝတ္ထုကြီးကို ၁၉၂၀ ခုတစ်ဝိုက်လောက်မှာ ရေးခဲ့တယ် ခင်ဗျ။ အဲဒီတုန်းက မြန်မာနိုင်ငံမှာ ယူနီဗာစီတီ ကောလိပ်သပိတ်ကြီး ပေါ်နေတယ်။ ဂျီ-စီ-ဘီ-အေ ဦးဆောင်တဲ့ ဝံသာနု အရေးတော်ပုံကြီး ပေါ်နေတယ်။ ဒါပေမယ့် 'နေညိုညို' ထဲမှာ ကျောင်းသားသပိတ်နဲ့ ဝံသာနုအရေးတော်ပုံကြီးရဲ့ အရိပ်အယောင်ဆိုလို့ တစ်လုံးမှ မတွေ့ရဘူး။ ဒီအချက်ကိုတော့ အားမရဘူး''

အမျိုးသမီးကြီးက ကျွန်တော့်ကို စိုက်ကြည့်လိုက်ပြီးနောက် -

'' 'နေညိုညို' ထဲက စာရေးဆရာနာမည်ကို မောင်မြင့်အောင် မှတ်မိရဲ့လား''

''မမှတ်မိဘူး ခင်ဗျ''

''ညိုညိုကိုကော''

ထိုအမျိုးသမီးကြီးသည် စာရေးဆရာကြီး ပီမိုးနင်းနှင့် မည်သို့တော်စပ်သနည်း။ သို့မဟုတ် ညိုညိုနှင့် မည်သို့ တော်စပ်လေမည်နည်းဟု ကျွန်တော် စဉ်းစားကြည့်သည်။

''ညိုညိုကို တွေ့ရင်ကော မှတ်မိမလား''

''ညိုညိုဟာ ခုချိန်မှာ လူ့ပြည်မှာ မရှိလောက်တော့ဘူးလို့ ကျွန်တော် ထင်





ပါတယ်။ 'နေညိုညို' ကို စာရေးဆရာကြီး ပီမိုးနင်းဟာ ၁၉၂၀ ခုလောက်က ရေးခဲ့တာဖြစ်တော့ အဲဒီတုန်းကတည်းက ညိုညိုဟာ အသက် ၂၀ လောက် ရှိလောက်ပြီ။ တစ်နည်းပြောရရင် ညိုညိုဟာ ဆယ့်ကိုးရာစုနှစ်ကုန်မှာ မွေးခဲ့တဲ့ ဆယ့်ကိုးရာစုရဲ့ သမီးပျိုတစ်ဦးပေါ့လေ။ ခုရှိသေးတယ်ဆိုရင်လည်း ညိုညိုဟာ အသက် ၇၀ ကျော်လောက် ရှိရောပေါ့။ နေပါဦး ခင်ဗျာ၊ ဒေါ်ဒေါ်က ညိုညိုရဲ့ ညီမလား''

အမျိုးသမီးကြီးက ပြုံး၍ ခေါင်းယမ်းပြသည်။

''ဒါဖြင့် စာရေးဆရာကြီး ပီမိုးနင်းရဲ့ တူမလား၊ ညီမလား''

ဤအကြိမ်တွင်လည်း အမျိုးသမီးကြီးက ပြုံး၍ ခေါင်းယမ်းပြန်သည်။

''ဒါဖြင့်''

''ညိုညိုဟာ ညိုညိုလေ''

ကျွန်တော်က တအံ့တသြဖြင့် ၎င်းကို ကြည့်လိုက်သည်။

''ညိုညို ဟုတ်လား''

''ဟုတ်ပါတယ်၊ ညိုညိုပါ''

''ဟန်ကျလိုက်လေ ခင်ဗျာ၊ ကျွန်တော် ငယ်ငယ်က စွဲလမ်းခဲ့ဖူးတဲ့ ဝတ္ထုကြီးအချို့ကို ဂုဏ်ပြုတဲ့အနေနဲ့ 'ကျွန်တော် ဆက်၍ရေးချင်သောဝတ္ထုများ' ဆိုပြီး ရှုမဝစာစောင်မှာ ကျွန်တော့်ဘာသာ ဇာတ်လမ်းဆက်ဆင်၊ ကျွန်တော့်စိတ်ကူးတွေ ထပ်ဖြည့်ပြီး ဝတ္ထုတိုလေးတွေ ရေးနေတယ်''

''ညိုညို ဖတ်ရပါတယ်''

''တကယ် ဆက်ရေးတာတော့ မဟုတ်ပါဘူး။ ကျွန်တော့်မှာ ရေးပိုင်ခွင့်ရှိတာမှ မဟုတ်ပဲ။ အဲဒီ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေနဲ့ တွေ့သယောင်လုပ်ပြီး ဆက်ရေးချင်တဲ့အကြောင်း ပြောပြတာပါပဲ''

'' 'နေညိုညို' က ညိုညိုနဲ့ တွေ့ပုံကိုလည်း ရေးမယ်လို့ စိတ်ကူးထား[illegible] ဒီတော့ ...''

''ဘာလဲ၊ ညိုညို့ဇာတ်လမ်းကို ပြောပြစေချင်လို့လား''

''ဟုတ်ပါတယ်''

''ညိုညို့ဇာတ်လမ်းက မထူးပါဘူး။ ကိုနေဦးနဲ့အတူ [illegible] လေးမှာ နေကြတယ်။ ဂျပန်ပြေးခါနီးတော့ ကိုနေဦး ဂျပန် [illegible] ကိုနေဦး ဂျပန်အသတ်ခံရတော့ ပေါဒီသမီး ကိုယ်ဝန်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ကလေးငယ်၏မိခင်၊ ခုတင်ပေါ်မှ အမျိုးသမီးငယ်ကို ညွှန်ပြသည်။

"မောင်မြင့်အောင် ဆက်ရေးချင်တယ်ဆိုရင် ဂျပန်တော်လှန်ရေးမှာ အသတ်ခံရတဲ့၊ ကျဆုံးသွားကြတဲ့ တော်လှန်ရေးရဲဘော်တွေရဲ့ မျိုးဆက်တွေအကြောင်းကို ဆက်ရေးနိုင်သားပဲ"

"ညီညီ့အကြောင်းကကော ...."

ညီညီက ပြုံးလိုက်သည်။

"ညီညီ့ကို သမီးက ကျွေးထားတယ်လေ။ ညီညီ့အကြောင်းကို ရေးတာထက် ရှေ့လျှောက် လူ့ဘဝမှာ ရုန်းကန်တိုက်ခိုက်ရမယ့် သမီးတို့လို မျိုးဆက်သစ်တွေရဲ့ အကြောင်းကို ရေးတာက ပိုပြီး အကျိုးရှိပါတယ် မောင်မြင့်အောင်။ ညီညီကတော့ လှိုင်းတံပိုးတွေကို စီးခဲ့ပြီးပြီလေ။ ခုတော့ လှိုင်းမရှိတဲ့ ရေပြင်မှာ ခရီးသွားနေတဲ့ ခရီးသည်တစ်ယောက်ဘဝမှာပဲ ရှိပါတော့တယ်။ ကဲ ... ဧည့်သည်တွေ ပြန်ဖို့ အချိန်စေ့ပြီ။ နောင်ကျမှ တွေ့ကြသေးတာပေါ့"

ညီညီသည် ကျွန်တော့်ကို နှုတ်ဆက်၏။ ကလေးမိခင်များလည်း နှုတ်ဆက်ပြီးကြပြီ။ အမျိုးသမီးဆေးရုံကြီးမှ ဧည့်သည်ပြန်ရန် ခေါင်းလောင်းလည်း ထိုးလေပြီ။

□



## ကျွန်တော်ဆက်၍ ရေးချင်သော ဝတ္ထုများ – ၈

(၁)

ကမာရွတ်လှည်းတန်းထိပ် ကားမှတ်တိုင်မှ ဆင်းပြီးနောက် တက္ကသိုလ်ရိပ်သာလမ်းဘက်သို့ ကျွန်တော် လျှောက်လာခဲ့သည်။ နံနက်ခြောက်နာရီကျော်မျှသာရှိသေး၍ ကျောင်းသူကျောင်းသား များစွာ မရှိလှသေး။ လှည်းတန်းဈေးသို့ ဈေးဝယ်သွားကြသော ကားကြီး၊ ကားငယ်များသာ တက္ကသိုလ်ရိပ်သာလမ်းမကို မင်းမူနေကြသည်။

တစ်ခါတစ်ရံ ဖြတ်သွား၊ ဖြတ်လာလုပ်သည်မှအပ လှည်းတန်းတစ်ဝိုက်သို့ ခြေလျင် မလျှောက်ခဲ့သည်မှာ ကြာပြီ။ ယခု လှည်းတန်းတစ်ဝိုက်မှ တက္ကသိုလ်ရိပ်သာလမ်းမဘက်သို့ လျှောက်လာသောအခါ တက္ကသိုလ်ရိပ်သာလမ်းမ၏ အသွင်အပြင်သည် လုံးဝ ပြောင်းလဲလျက်ရှိလေပြီ။

ရန်ကုန်တက္ကသိုလ်သည် ၁၉၇၀ ခုနှစ်က ရွှေရတုသဘင် ကျင်းပပြီးခဲ့လေပြီ။ ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ခုနှစ်တွင် တည်ထောင်ခဲ့ရာ ထိုအတွင်း၌ ရန်ကုန်တက္ကသိုလ်၏ ဘဝသည် အမျိုးမျိုး ပြောင်းခဲ့ပြီ။ ၁၉၂၀ ခု ရန်ကုန်ကောလိပ်ဘဝ ကောလိပ်သပိတ်၊ ၁၉၃၆ ခု ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်ကျောင်းသား သပိတ်ကြီး၊ ၁၉၃၈ ခု ဗိုလ်အောင်ကျော် ကျဆုံးသည့် ဒီဇင်ဘာ အရေးတော်ပုံကြီး ဂျပန်ခေတ် ဗျိုင်းရေအိုးစင်ကောလိပ်ဘဝ၊ စစ်ပြီး မဂိုလမ်း အရေးပေါ်တက္ကသိုလ်ဘဝ ၁၉၄၉ ခုနှစ် စစ်ပြီး ရန်ကုန်တက္ကသိုလ် စသည်၊ စသည် ...။

ရန်ကုန်တက္ကသိုလ်၏ ဘဝပေါင်းများစွာ၊ အရေးတော်ပုံပေါင်းများစွာ [illegible] [illegible]သမ်းပေါင်းများစွာ။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည့်နှစ်မှာ ၁၉၄၇-၄၈ တစ်ဝိုက် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကို ၁၉၄၆ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ရာ ကျွန်တော်တို့ အသုတ်သည် စစ်ပြီးခေတ် ဒုတိယအသုတ် ဖြစ်မည်ထင်၏။

ဒုတိယကမ္ဘာစစ်အတွင်း ကျွန်တော်တို့ ပညာသင်ကြားရေး ပျက်ခဲ့ကြရသည်။ ကျောင်းပညာသင်ကြားရေး ပျက်ခဲ့သော်လည်း ဘဝအတွေ့အကြုံကို ကျွန်တော်တို့ အများကြီး ရလိုက်ကြ၏။ ဂျပန်ခေတ် သုံးနှစ်သည် ကျွန်တော်တို့ကို ပညာတွေ အများကြီး ပေးသွားခဲ့၏။ ပြောင်းဆန်၊ ဆန်ကွဲနှင့် ပြောင်းဖူးစေ့တို့ ရောထားသည့် သုံးလွှန်းတင် ထမင်း၊ ကိုယ်တိုင်ချက်သည့် နီကျင့်ကျင့် ညစ်ထပ်ထပ်ဆားခဲ၊ (အညာသားဖြစ်၍ ဂျပန်ခေတ်တွင် ငါးပိမစားရ) ဖွဲနုနှင့် ဆန်မှုန့် နိုင်းချင်းရောထားသည့် အညှာစားငါးပိတို့ကို စားခဲ့ရသည်။ မြေပဲတော၊ နှမ်းတောဖြစ်၍ ဆီကိုတော့ စားရသည်။ လက်ဖက်ခြောက်အစား အင်တိုင်းဆေးနီရွက်နှင့် လောက်သေရွက် စသည်တို့ ခတ်ခဲ့ရ၏။ ပိတ်ခြင်ထောင်စကို ချုပ်ထားသည့် အင်္ကျီ၊ ကိုယ်တိုင်မိုင်းငင်၊ ကိုယ်တိုင် ဝါဖတ်၍ အမေက ရက်ကန်းသင်ကာ ကိုယ်တိုင်ရက်၍ပေးသော အကြမ်းစား ချည် လုံချည်တို့ကို ဝတ်ခဲ့ရ၏။ မော်တော်ကားတာယာဖိနပ် သို့မဟုတ် ခုံဖိနပ်ကို စီးခဲ့ရ၏။ လေယာဉ်ပျံပျက် အတောင်ပံ၊ ကိုယ်ထည် စသည်တို့ကို ထုနက်ပြားချပ်ထားသော သတ္တုပန်းကန်တို့ကို သုံးခဲ့ရ၏။ မည်သည့်ဆေးဝါးမျှ မရှိ။ ဖျားလျှင် ငန်းဝါဆေးနှင့် ကွမ်းရွက်ပြုတ်ရည်ကို သောက်၏။ ဝဲပေါက်လျှင် ဝဲဆေးကို ရေနံချေးနှင့်ဖျော်၍ လိမ်း၏။ ဂျပန်ခေတ်သည် ဆင်းရဲပင်ပန်းစွာ၊ ချို့ငဲ့စွာနေတတ်အောင် ကျွန်တော်တို့ကို သင်ပေးလိုက်သည်။ ကျောင်းပညာကိုမရခဲ့သော်လည်း ဖက်ဆစ်စနစ်၏ သရုပ်သကန်ကို ကောင်းကောင်းကြီး သင်ပေးခဲ့သည်။ နိုင်ငံရေးအသိ၊ နိုင်ငံရေးပညာကို ကျွန်တော်တို့ ကောင်းစွာ ရခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ရန်ကုန်တက္ကသိုလ်သို့ ကျွန်တော်တို့ ရောက်လာသောအခါ၌ စစ်မဖြစ်မီ တက္ကသိုလ်ကျောင်းသားဘဝနှင့် စစ်ပြီးခေတ် တက္ကသိုလ် ကျောင်းသားဘဝသည် ဝန်ရိုးစွန်းနှစ်ခုလို ခြားနားသွားကြလေပြီ။

စစ်ပြီးခေတ် တက္ကသိုလ်ကျောင်းသားတို့၏ အပြင်အဆင်ကို ကြည့်ပါ။ ဆံပင် တိုတို (ဆံပင်တိုတိုထားသောအလေ့ကို ဂျပန်ခေတ်က ရလိုက်သည် ထင်ပါ၏)၊ လေထီးစအင်္ကျီနှင့် ချည်လုံချည်တိုတိုဝတ်၍ ခုံဖိနပ်စီးသူက စီးကြ၏။ စာအုပ်တို့





စစ်လွယ်အိတ်ထဲတွင် ထည့်ကြ၏။ အချို့က ကျူးနစ်အင်္ကျီအဟောင်း၊ စစ်ဘောင်းဘီ အဟောင်း၊ စစ်ဖိနပ်အဟောင်းတို့ကို ဝတ်ကြ၏။ ရန်ကုန်တက္ကသိုလ် စင်္ကြံများသည် စစ်ဖိနပ်သံ၊ ခုံဖိနပ်သံများဖြင့် ပွဲတင်ထပ်လျက် ရှိသည်။ နိုင်ငံရေးနယ်မှ ထွက်လာသူ၊ စစ်တပ်မှ ထွက်လာသူ၊ ကုန်သည်လုပ်လာခဲ့သူ၊ ဂျပန် စကားပြန်ဖြစ်ခဲ့ဖူးသူ၊ သတင်းစာရောင်းခဲ့သူ၊ မြင်းလှည်းမောင်းခဲ့သူ၊ လက်ဖက်ရည်ဆိုင် စားပွဲထိုး လုပ်ခဲ့သူ၊ ဂျပန်တော်လှန်ရေး တပ်သားဟောင်း၊ ကုန်စိမ်းရောင်းခဲ့သူ စသဖြင့် ဘဝအမျိုးမျိုးကို ခက်ခဲစွာ ဖြတ်သန်းခဲ့ကြရသူများ ဖြစ်သည်။

စစ်ကာလသုံးနှစ်သည် ကျွန်တော်တို့၏ ဘဝအတွေ့အကြုံ၊ အသိအမြင်တို့ကို ဆယ်နှစ်စာလောက် ရင့်ကျက်သွားစေသည်ဟု ကျွန်တော် ထင်၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြတ်သန်းခဲ့ရသော တက္ကသိုလ်သည် စစ်မဖြစ်ခင်ကလို လှပခြင်းမရှိ။ ယခုခေတ်မှာလို သစ်လွင်ခြင်းလည်း မရှိ။ ကျိုးပဲ့ပျက်စီးဟောင်းနွမ်း လျက်ရှိ၏။ မှန်ပြတင်းပေါက်များတွင် မှန်များကွဲလျက်၊ နံရံတွင် အင်္ဂတေများ ကွာကျနေကြသည်။ ခေါင်မိုးများသည် ကျည်ဆံရာတို့ဖြင့် ဆန်ကာပေါက်ဖြစ်လျက် ရှိသည်။ ပင်မတက္ကသိုလ် အဆောက်အအုံကို ဗြိတိသျှစစ်တပ်က သိမ်းထားသဖြင့် ထရံကာ၊ ဓနိမိုး တဲတန်းကြီးတွေထဲတွင် သင်တန်းတက်ခဲ့ကြရသည်။

ဆရာထင်အောင်သည် ဗန်ကောက်လုံချည် တစ်ပတ်နွမ်းကို ဝတ်ကာ ရှူးဖိနပ် အဟောင်းကြီးကို စီးထားသည်။ ဆရာမျိုးမင်းသည် မန္တလေးပိုးလုံချည် တစ်ဝတ်နွမ်း နှင့် မန္တလေးပိုးတိုက်ပုံကို ဝတ်ထားသည်။ တစ်နေ့တခြား ဝဖြိုးလာသော [illegible] ကိုယ်သည် မန္တလေး ပိုးအင်္ကျီ ကျပ်ကျပ်ကလေးထဲမှ ရုန်းကန်၍ထွက်နေသ[illegible] ထင်ရသည်။ ဆရာအောင်လှက သက္ကလပ် ဘောင်းဘီနက်ပြာနှင့် [illegible] သင်္ချာတွက်ပြ၏။ ဆရာကျော်ရင်က အိန္ဒိယမှပါလာသော [illegible] သက်ရှည်နှင့် ရခိုင်လုံချည်ကို ခပ်တိုတို ဝတ်ထားသည်။ ဆရာမောင်မောင်ကြီးနှင့် ဆရာလှရွှေတို့လည်း ခေါင်းပေါင်း မပေါင်းကြသေး။

ဆရာများလည်း ဖြစ်သလိုဝတ်စား၍ ကျောင်းတက်ကြရသည်။ ကျောင်းသား များက သည့်ထက်ပင် ဖြစ်ကတတ်ဆန်း ဝတ်ကြရသည်။

ကိုတင်ရွှေ (မောင်ရှူးစမ်း)သည် စစ်လွယ်အိတ်ကိုလွယ်၍ [illegible] ဆောင်းကာ ကြေညာစာတမ်း ဝေသည်။ ကိုကျော်အောင် ([illegible] [illegible])သည် ချည်လုံချည်တိုတိုဝတ်ကာ ရှပ်အင်္ကျီရင်ဘတ်အပြဲနှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်း (ပညာရေးသုတေသနဗျူရို)သည် ၎င်း၏ကိုယ်ထက် နှစ်ဆလောက်ရှိသည့် ပင်နီအင်္ကျီဖားဖားကြီးကို ဝတ်လျက် မြို့ထဲမှ ပြန်လာသည်။ ၎င်းသည် အစုထမ်းများ သပိတ်စခန်းမှ ပြန်လာခြင်းဖြစ်သည်။ ကိုစိုးသိန်း (တက္ကသိုလ်အုပ်ချုပ်ရေးမှူးရုံး)သည် အဝတ်အစား ဘိုသီဘတ်သီဖြင့် ရန်ကုန် အထက်တန်းကျောင်းသားများကြားတွင် ကျောင်းသားများကို စည်းရုံးလျက်ရှိသည်။ ကိုလှဝင်း (အထက်တန်းပညာဦးစီးဌာန)က တက္ကသိုလ်စာသင်ခန်းနှင့် ဒလသင်္ဘောကျင်း အလုပ်သမားသပိတ်စခန်းကို ကူးချည်သန်းချည် လုပ်နေသည်။ ၎င်း၏ရှပ်အင်္ကျီသည် မည်းနေပြီ။ ကိုညီညီ (စာရေးဆရာလင်းယုန်နီ)သည် ရှပ်အင်္ကျီ လက်ကြယ်သီးမတပ်ဘဲ သထုံမီးပွား နံရံကပ်စာစောင်ကို ကူးနေသည်။ ကိုဖုံးမြင့် (ကော်ပိုရေးရှင်း-၈)သည် ကျောင်းသားများထံဝေရန် စာရွက်စာတမ်းများကို ကူးနေသည်။ ကိုညီညီ (ဒု-ပညာရေးဝန်ကြီး)သည် စစ်ကိုင်းကျောင်းဆောင် အောက်ထပ်အခန်းတစ်ခန်း၌ ဘူမိဗေဒစာအုပ်ကြားတွင် ညှပ်ကာ ကြေညာစာတမ်းတစ်စောင်ကို ဖတ်နေသည်။ ကိုချစ်မောင် (ဒု-ဘဏ္ဍာရေးဝန်ကြီး)သည် ကျောင်းသား ရန်ပုံငွေများကို တွက်ပေးနေသည်။

ကျွန်တော်သည် တက္ကသိုလ်ရိပ်သာလမ်းမကို လျှောက်လာရင်း စစ်ပြီးစ တက္ကသိုလ်ကို မြင်ယောင်နေသည်။ စစ်ပြီးခေတ် တက္ကသိုလ်တွင် ပြည်တွင်းနိုင်ငံရေးအခြေအနေသည် ထင်ဟပ်လျက်ရှိသည်။ စစ်နှင့် တော်လှန်ရေးကို ကျော်ဖြတ်ခဲ့ရသော ကျွန်တော်တို့တစ်တွေ၌ နိုင်ငံရေးစိတ်၊ စာပေစိတ် ပြင်းထန်လျက် ရှိကြသည်။ စစ်ပြီးစဖြစ်၍ အဝတ်အစားကလည်း ဖြစ်သလို ဝတ်စားဆင်ယင်ကြသည်။

စစ်ပြီးစ ကျွန်တော်တို့တစ်တွေ တက္ကသိုလ်ကိုရောက်တော့ မန္တလေးဆောင်၊ အမရဆောင်၊ တောင်ငူဆောင်တို့ မရှိသေး။ ထိုနေရာ၌ ယုဒသန်ကောလိပ် ဘောလုံးကွင်းကြီးသာ ရှိ၏။ ကျောင်းသားကလည်း တစ်ထောင်ကျော်လောက် ရှိသေး၍ ယခုလောက် ပျားပန်းခတ် မဖြစ်သေး။

ကျွန်တော်သည် တက္ကသိုလ်ရိပ်သာလမ်းမကို လျှောက်လာရင်း စစ်ပြီးစ တက္ကသိုလ်ကို မြင်ယောင်နေတုန်း အာရုံတစ်ခုကြောင့် ကျွန်တော့်အတွေး ပြတ်သွားသည်။

ထိုအာရုံကား ကျောင်းသားကျောင်းသူ စုံတွဲတစ်တွဲ၏ အာရုံ။

အသက် ၂၀ ကျော်လောက်မျှသာ ရှိကြဦးမည် ထင်ပါသည်။ မိုးကလေး တဖွဲဖွဲကျနေသဖြင့် ၎င်းတို့နှစ်ယောက်သည် ထီးတစ်လက်တည်းကို အတူ ဆောင်း





လာကြသည်။ ဤအချိန်တွင် သင်တန်းများ ရှိဟန်မတူသေးပါ။ သို့ရာတွင် သင်တန်းကို အကြောင်းပြပြီး အိမ်မှ စောစောထွက်လာကြသူများ ဖြစ်ဟန်တူပါသည်။

ကောင်လေးက ဆံပင်ရှည်ရှည်၊ စထရော်ဘယ်ရီရောင် တက်ထရွန် လက်ရှည်၊ ချောကလက်ရောင် တက်ထရက် ဘောင်းဘီဖြင့်။ ကောင်မလေးက အစိမ်းရောင် ခရစ်အင်္ကျီ၊ အစိမ်းရောင် ခရစ်လုံချည်ဖြင့် ပခုံးတွင် သားရေလွယ်အိတ်ကလေးလွယ်ကာ ဘယ်ဘက်က စာအုပ်ကို ပွေ့ထားသည်။

၎င်းတို့ကိုလွန်၍ သထုံလမ်းနားသို့ ရောက်ခါနီးလျှင် နောက်ထပ်သုံးလေးတွဲကို ကျွန်တော် မြင်ရပြန်သည်။ တစ်တွဲကမူ သစ်ပင်တစ်ပင်အောက်တွင် ထိုင်လျက် မျက်နှာကို ထီးဖြင့်ကွယ်ထားသည်။ ထီး၏နောက်ကွယ်တွင် မျက်နှာချင်းအပ်နေကြလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

၎င်းတို့အတွဲများကို ကြည့်၍ ကျောင်းတုန်းက သင်ခဲ့ရသော သောမတ်ဟာဒီ၏ ကဗျာတစ်ပုဒ်ကို ကျွန်တော် သွား၍ အမှတ်ရ၏။

*စိမ်းညိုသော တောခင်တန်းမှ သစ်ပင်များတွင် ကျည်ဆံရာတွေ မွမွကြဲနေသည်။ ကျေးရွာတို့ မီးလောင်မြေအတိ ဖြစ်နေသည်။ ပေါက်ကွဲသံများသည် အဝေးမှ မြည်ဟိန်းထွက်လာကြသည်။ အဝေးတောစပ်လယ်ကွက်တွင် လယ်သမားသည် လယ်ထွန်လျက် ရှိသည်။ ချစ်သူနှစ်ဦးတို့သည် တစ်ယောက်ခါးကို တစ်ယောက်ဖက်လျက် အဝေးတွင် ပျောက်ကွယ်သွားကြသည်။*

သောမတ်ဟာဒီက ထိုကဗျာကို 'လူမျိုးများ ပြိုကွဲချိန်' ဟု အမည်ပေးထားသည်။ စစ်တွေဘယ်လောက်ဖြစ်ဖြစ် လယ်သမားက လယ်ထွန်ရမြဲ၊ ချစ်သူတို့ အချစ်ခန်းဖွင့်ကြမြဲဟု ဆိုလိုက်လေသည်။ တိုင်းရေးပြည်ရေး ဘယ်မျှရှုပ်ထွေးစေ၊ ဝမ်းရေးနှင့် လွမ်းရေးကတော့ ရှိစမြဲဟု ဆိုခြင်းဖြစ်လေသည်။ တစ်နည်းပြောရသော် ဘယ်ခေတ်မှာဖြစ်ဖြစ်၊ ထုတ်လုပ်ရေးနှင့် ပြန်လည်ထုတ်လုပ်ရေးက ရှိစမြဲဟု ပြောခဲ့ခြင်းဖြစ်လေသည်။

တောမတ်ဟာဒီ၏ကဗျာကို ကျွန်တော် အမှတ်ရမိသော်လည်း၊ [illegible] ခေတ်တိုင်းတွင် ထုတ်လုပ်ရေးနှင့် ပြန်လည်ထုတ်လုပ်ရေး ရှိရသည်ဆိုသည့် အချက်ကို ကျွန်တော် သဘောတူသော်လည်း ကျွန်တော့်တွေ့ခဲ့ရသော စစ်ကြိုခေတ် တက္ကသိုလ်ရှုခင်းနှင့် ယခုခေတ် တက္ကသိုလ်ရှုခင်းများ အတန်ငယ်ကွာသည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်တို့ခေတ် တက္ကသိုလ်ရှုခင်းက 'တိုင်းရေးပြည်ရေး' [illegible]

www.burmeseclassic.com



တက္ကသိုလ်ရှုခင်းက 'လွမ်းရေး'ကဲ့နေသည်ဟု ကျွန်တော် ထင်ပါသည်။

(၃)

သို့ကလိုတွေး၍ လျှောက်လာရင်း အင်းလျားလမ်းကိုကျော်၍ အနည်းငယ် လျှောက်မိလျှင် ကျွန်တော်သည် အဆောက်အအုံတစ်ခုရှေ့တွင် ရပ်လိုက်သည်။ ကျွန်တော်တို့ရောက်စက ဤနေရာတွင် ကုန်းမြင့်တွေ၊ လျှိုမြောင်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ လွှမ်းနေသော ကွက်လပ်ကြီး။

ယခု အဆောက်အအုံသစ်တွေဖြင့် ပြည့်နှက်လျက် ရှိလေပြီ။

ကျွန်တော်သည် နာရီကို ကြည့်၏။ (၇)နာရီမျှသာ ရှိသေးသည်။

စောသေးသဖြင့် ကျွန်တော်သည် အဆောက်အအုံဝင်းကြီးထဲ မဝင်သေးဘဲ တက္ကသိုလ်ရိပ်သာလမ်းမပေါ်က ဇန်ဒါပင်ရိပ်အောက်တွင် ရပ်၍ ဆေးလိပ်ကို ဖွာသည်။

ကျွန်တော်သည် ယောင်တီးယောင်တဖြစ်လျက်ရှိသော ကျွန်တော့်အဖြစ်ကို ကြည့်၍ ပြုံးမိ၏။ ပြုံးရင်း ဝမ်းထဲတွင် တလှိုက်လှိုက် ဖြစ်လာ၏။ ယားကျိကျိဖြစ်လာ၏။ အားရပါးရ ရယ်ပစ်လိုက်ချင်၏။

'အသက်ကြီးမှ လက်ပေးသင်'ဆိုသော မြန်မာ့ဆိုရိုးစကား ရှိ၏။ လောကနီတိ အလိုအားဖြင့် ကျွန်တော့်အရွယ်သည် ဥစ္စာရှာချိန် ဒုတိယအရွယ်ဖြစ်၏။ ယခု ကျွန်တော်သည် ပညာရှာချိန် ပထမအရွယ်တွေကြားထဲ၌ ဥဒေါင်းတို့အလယ် ရောက်သော ကျီးပမာ ဖြစ်နေလေပြီ။

ကျွန်တော်နှင့် အတန်းဖော်များမှာ အသက်နှစ်ဆယ်ကျော် အစိတ်အရွယ်များ ဖြစ်၏။ ၎င်းတို့အထဲက အကြီးဆုံးပင်လျှင် သုံးဆယ်ကျော်အရွယ်တွေသာ ဖြစ်၏။ ထိုသည်အထဲတွင် လေးဆယ်ကျော်ဆို၍ ကျွန်တော် တစ်ယောက်ထီးတည်း။

အစကတော့ ကျွန်တော် ရှက်သည်။ ကျွန်တော့်ရင်ထဲတွင် ရှက်စိတ်နှင့် ပညာရှာလိုစိတ်သည် အားပြိုင်လျက်ရှိကြ၏။ ရှက်စိတ်သည် နှလုံးသားမှလာခြင်းဖြစ်၏။ လုံလောက်သော ကျိုးကြောင်းယုတ္တိ မရှိ။ ပညာရှာလိုစိတ်သည် ဦးနှောက်မှ လာခြင်းဖြစ်၏။ ကျိုးကြောင်းယုတ္တိ ခိုင်လုံသည်။ အသက်ကြီးမှ ကျောင်းစာသင်ရမှာ ရှက်သည်ဆိုသည့် စိတ်သည် သမားရိုးကျ အစွဲအလမ်းဖြစ်၏။ ထိုအစွဲအလမ်းကို ကျွန်တော် တိုက်ရမည်။ သို့ဖြင့် ကျွန်တော်သည် ကိုယ့်ဘာသာကိုယ် တိုက်ခိုက်ရ၏။





သမားရိုးကျအစွဲအလမ်းကို ကျွန်တော် ဆေးကြောတိုက်ချွတ်ရ၏။ အသက်ကြီးမှ စာသင်ခြင်းသည် ရှက်စရာလော။ ရှက်စရာမဟုတ်။ လူသည် သေသည်အထိ ပညာရှာရမည်။ ပညာရှာ ပမာသူဖုန်းစား ဆိုသကဲ့သို့ မရှက်မကြောက် ခွက်ထိုးခံရမည်။ မရှက်မကြောက် တောင်းရမ်းရမည်။ တစ်ပါးသူတို့ စွန့်ကြဲလှူဒါန်းနိုင်ရန် ကျွန်တော့်ခွက်ကို ဟင်းလင်းဖွင့်ထားရမည်။

သို့ဖြင့် နောက်ဆုံးတွင် ကျွန်တော်အောင်နိုင်ခဲ့ပါသည်။ သမားရိုးကျအစွဲကို ချွတ်နိုင်ခဲ့ပါသည်။

ကျွန်တော်သည် တက္ကသိုလ်မှထွက်၍သာ ထွက်ခဲ့ရသည်။ တစ်နှစ်မှ ကျောင်းမှန်မှန် မတက်စဖူး။ တစ်ခါတစ်ရံ တစ်နှစ်လုံး တစ်ခါမျှ ကျောင်းမတက်။ စာမေးပွဲနီးမှ မှတ်စုကူး၍ ဖြေခဲ့ရသည့်အခါမျိုးလည်း ရှိပါသည်။

ကျောင်းသားအရွယ်က ကျောင်းမှန်မှန်မတက်ခဲ့သော ကျွန်တော်သည် ကျောင်းသားအရွယ် လွန်သောအခါ၌ ကျောင်းမှန်မှန် တက်နေရလေပြီ။ အခြေအနေ၏ လှောင်ပြောင်သရော်ချက်ဟုပင် ခေါ်ရမည်လော မသိ။

သို့ကလို တက္ကသိုလ်ရိပ်သာလမ်းမပေါ်က ဇာဒ်ပင်အောက်တွင် ကျွန်တော် တစ်ယောက်တည်းရှိစဉ် ကျွန်တော့်အနားသို့ လူတစ်ယောက် ရောက်လာသည်။

ကျွန်တော်သည် တွေးလက်စ အတွေးကိုဖြတ်ကာ ထိုလူကို ကြည့်လိုက်သည်။

ကတုံးဆံတောက်၊ မျက်မှန်ထူထူ၊ ကချင်လုံချည်ဝတ်၍ ဟာဝေယံ ရှပ်အင်္ကျီကို အပြင်ထုတ်ဝတ်ထားကာ ယိုးဒယားမှလာသော ကွင်းစွပ်ဖိနပ်တို့ကို ဝတ်ဆင်ထားသော လူကြီးတစ်ယောက်။

ပခုံးတွင် လေယာဉ်အိတ်တစ်လုံးကို လွယ်ထားပြီး၊ ညာဘက်လက်တွင် ပင်စိမ်းသား တုတ်ကောက်တစ်ချောင်းကို ကိုင်၍ ကျွန်တော့် မနီးမဝေးတွင် ရပ်နေသည်။

ထိုလူကြီးက ၎င်း၏ နာရီကိုငုံ့ကြည့်ပြီးနောက် ကျွန်တော့်ကို ပြုံးပြသဖြင့် ကျွန်တော်ကလည်း ပြုံး၍ နှုတ်ဆက်လိုက်ရသည်။ အင်းလျားလမ်းတစ်ပိုက် သို့မဟုတ် တက္ကသိုလ်ရိပ်သာလမ်း တစ်ဝိုက်တွင် နေထိုင်လျက်ရှိသော ပင်စင်စားအရာရှိကြီး တစ်ဦး ဖြစ်ဟန်ရှိသည်။

ဟာဝေယံ ရှပ်အင်္ကျီဝတ်၍ ပင်စိမ်းသားတုတ်ကောက်ကို ကိုင်ထားသော ထို



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် မျက်နှာချင်းဆိုင်၌ ဘီ-အို-စီ ရိပ်သာ ခေါ် 'ကန်သာစိမ်းလဲ့'ဘက်ဆီသို့လည်းကောင်း၊ တိုက်သစ်များ၊ သစ်ပင်များကြားမှ ပြူစိ ပြူစိချောင်းကြည့်လျက်ရှိသည့် အင်းလျားကန်၏ ရေပြင်ကိုလည်းကောင်း လှမ်းမျှော်ကြည့်ပြီးနောက် ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။

"မောင်ရင်က အက်ဖ်-အယ်လ်-အိုင် (နိုင်ငံခြားဘာသာ သင်ကြားရေးသိပ္ပံ) တက်နေသလား"

"ဟုတ်ပါတယ် ခင်ဗျာ"

ကျွန်တော်က ၄င်း၏ဘက်သို့လှည့်၍ ဖြေလိုက်သည်။ ထိုလူကြီးက ဖွေးရောင်လှလျက်ရှိသော ၄င်း၏ခေါင်းကို ပွတ်လိုက်ရင်း -

"အေး၊ ကောင်းတယ်၊ ကောင်းတယ်။ ကိုယ်တို့တစ်တွေက အင်္ဂလိပ်ကျွန်ဖြစ်ခဲ့လို့ အင်္ဂလိပ်စာလောက်သာ တတ်ကြတာ။ ဒါပေမယ့် ဥရောပသွားရင် အင်္ဂလိပ်စကားနဲ့ သိပ်အလုပ်မဖြစ်ချင်ဘူး။ ပြင်သစ်၊ ဂျာမန်၊ စပိန် တစ်ခုခု တတ်ထားမှ နည်းနည်း ချောချောမောမော ရှိတယ်။ ဒါမှမဟုတ် အက်စပါရန်တိုရင်လည်း သင်ထားမှ"

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။ ခေါင်းညိတ်လိုက်ရသော်လည်း အက်စပါရန်တို ဆိုသည်ကို ကျွန်တော် ဘာမှန်းမသိ။

"အင်္ဂလိပ်စာ တစ်ခုတည်းတတ်တော့ အင်္ဂလိပ်တွေ၊ အမေရိကန်တွေ ရေးတာကိုတော့ သိရသပေါ့။ ဒါပေမယ့် ဂျပန်တို့၊ ပြင်သစ်တို့၊ စပိန်တို့၊ ရုရှားတို့၊ တရုတ်တို့ ရေးတာတွေကျတော့ သူတို့ဘာသာပြန်ပေးမှ ကိုယ်တို့ ဖတ်ရတော့တယ်။ လက်ဝေခံဖြစ်နေတာပေါ့ ဟား ... ဟား ..."

ထိုလူကြီးက ၄င်း၏စကားကို ၄င်းဘာသာ သဘောကျ၍ ရယ်လိုက်သည်။

ကျွန်တော်က နားထောင်သူ သက်သက်။

"ဒါက ကိုယ့်ပြည်တွင်းမှာဆို မသိသာဘူး။ အိမ်ပြင်ထွက်လိုက်တော့မှ ကိုယ်တတ်ထားတာက နိုင်ငံခြားဘာသာလေး တစ်ခုရယ်၊ အင်္ဂလိပ်ဘာသာပေါ့လေ။ ဟိုကျတော့ သူတို့က အမျိုးမျိုးပြော၊ကိုယ့်စကား သူ နားမလည်၊ သူ့စကား ကိုယ် နားမလည်နဲ့။ အ,အ နှစ်ယောက် စကားပြောသလို လက်ပြခြေပြနဲ့ ကိစ္စပြီးတာပဲ။ တစ်ခါ ကိုယ် ရုရှားရောက်တော့ ယူကရိန်းက ဟိုတယ်တစ်ခုမှာ ထမင်းစားတယ်။ စားပြန်ကလည်း တခြားထွက်သွားတယ်။ မင်းနျူးမှာ ရုရှားလိုရေးထားတော့





ကိုယ်ကလည်း မဖတ်တတ်၊ သူတို့ကလည်း အင်္ဂလိပ်စကား နားမလည်၊ ဒုက္ခရောက်လိုက်တာ"

ထိုလူကြီးက သဘောကျ၍ ရယ်ပြန်သည်။

ကျွန်တော်က ပြုံးရ၏။

"ကိုယ်က ချစ်ကင်း (ကြက်ကလေးကြော်)မှာတာ သူတို့က နားမလည်ဘူး။ ဒီတော့ ကြက်လိုတောင်ပံခတ်ပြပြီး အောက်အီးအီးအွတ်လို့ အော်ပြရတယ်"

၄င်းက ကြက်တောင်ပံခတ်သလို အမူအရာလုပ်ပြရင်း အောက်အီးအီးအွတ်ဟု ကြက်တွန်သလို လုပ်ပြလိုက်သည်။ ကျွန်တော် မအောင့်နိုင်တော့၊ ဤအသက်အရွယ်ကြီးနှင့် ကြက်တောင်ပံခတ်သလို လုပ်ပြ၍ ကြက်တွန်ပြသော ထိုလူကြီးကို ကြည့်၍ ခစ်ခနဲ တစ်ချက် ရယ်လိုက်သည်။

"အဲဒါ ကိုယ် လုပ်ပြလိုက်တာ သိပ်သရုပ်ပေါ်သွားတာကိုး။ ဒီတွင် စားပွဲထိုးက ကရားရှော၊ ကရားရှော (ကောင်းပြီ၊ ကောင်းပြီ)ဆိုပြီး ထွက်သွားလိုက်တာ။ ခဏကြာလို့ ပန်းကန်လာချတော့ ပုစွန်ထုပ်ကြော်တွေကွ။ ဟား ... ဟား ..."

ကျွန်တော်ကလည်း ရောယောင်၍ရယ်လိုက်၏။ ကျွန်တော်သည် ကျွန်တော့်အား တရင်းတနှီး ပြောဆိုလျက်ရှိသော ဟာဝေယံ ရုပ်အင်္ကျီဝတ်၍၊ ပင်စိမ်းသားတုတ်ကောက်ကိုင် ထိုလူကြီးအကြောင်းကို စဉ်းစားနေမိသည်။ မည်သူနည်း။ ပင်စင်စားအရာရှိကြီးလော၊ နိုင်ငံရေးသမားဟောင်းကြီး တစ်ဦးလော၊ ကုန်သည်ကြီး တစ်ဦးလော။

"ဒါက တစ်ခါကွ၊ နောက်တစ်ခါကတော့ ဂျာမနီ၊ မြူးနစ်မှာ ကိုယ်တည်းခဲ့တာက ဟိုတယ်ဆယ့်တစ်ထပ်။ တစ်ညကိုယ်တစ်ယောက်တည်း ပြဇာတ်ထဲ ဖြစ်အလာ ဓာတ်လှေကားနဲ့ ဆယ့်တစ်ထပ်ကို တက်လာတာ။ နေ့လယ်က ရောက်ခါစကာဆိုတော့ ဒီဓာတ်လှေကားကို နှစ်ခါပဲစီးဖူးသေးတယ်။ ဓာတ်လှေကားက အော်တိုမက်တစ်။ မောင်းတဲ့လူ မထားဘူး။ ခလုတ်မှာ စာရေးထားတယ်။ ခလုတ်နှိပ်လိုက်ရုံပဲ။ ပထမနှစ်ခါတုန်းကတော့ ကိုယ်နဲ့အတူ အဖော်တွေပါလာလို့ သူတို့ထဲ ခလုတ်နှိပ်ပေးတော့ ပြဿနာမရှိဘူး။ ဒါပေမယ့် အဲဒီညတုန်းကတော့ ကိုယ်တစ်ယောက်တည်းရယ်။ ဒါနဲ့ ကိုယ်လည်း ဓာတ်လှေကားထဲ ဝင်လိုက်တယ်။ ဆယ့်တစ်ထပ်ကို တက်မယ်ပေါ့လေ။ ခလုတ်တွေလျှောက်ကြည့်တော့ ဂျာမန်စာတွေ ရေးထားတယ်၊ အချိုးနာမည်က ဆေးရောင်မှိန်ပြီး သိပ်မပေါ်တော့ဘူး။ ဒါနဲ့ ခလုတ်တွေ လျှောက်နှိပ်



www.burmeseclassic.com

www.burmeseclassic.com



တာ ဓာတ်လှေကားက အောက်ဆင်းလိုက်၊ အပေါ်တက်လိုက်နဲ့ ရပ်လို့လည်းမရဘူး။ အထဲမှာလည်း ကိုယ်တစ်ယောက်တည်းရယ်။ ခလုတ်တစ်ခုနှိပ်လိုက် အပေါ်တက်သွားလိုက်၊ နောက်ခလုတ်တစ်ခုနှိပ်လိုက် အောက်ဆင်းလိုက်နဲ့။ အို ... လူကိုဆောင်းတွင်းကြီး ချွေးပြန်နေတာပဲ။ ဟား ... ဟား ...''

ထိုလူကြီးက ရယ်ပြန်သည်။ အော်တိုမက်တစ် ဓာတ်လှေကားထဲတွင် အထက်တက်၊ အောက်ဆင်းဖြင့် တစ်ယောက်တည်း အလုပ်များလျက်ရှိသော ထိုလူကြီး၏ ပုံသဏ္ဌာန်ကို မြင်ယောင်ရင်း ကျွန်တော် ပြုံးမိသည်။

''ဒီလိုနဲ့ အထက်နဲ့အောက် ဘယ်နှစ်ခေါက်ပြန်ပြီး ဘယ်လောက်ကြာနေသလဲ မသိဘူး၊ တော်တော်ကြာတော့မှ ဓာတ်လှေကားကြီးက ဂိုန်းခနဲမြည် ရပ်သွားပြီး၊ အော်တိုမက်တစ်တံခါးက အလိုလို ပွင့်သွားတယ်။ အောက်သုံးထပ်ကို ပြန်အရောက်မှာ ဟိုတယ်ဓာတ်လှေကား အခြေအနေကိုမြင်ပြီး ဟိုတယ်တစ်နေရာရာက ခလုတ်နှိပ်လိုက်ဟန် တူပါရဲ့။ ဓာတ်လှေကားတံခါးလည်း ပွင့်လို့ ကြည့်လိုက်ရော ဓာတ်လှေကားကိုစီးပြီး အခန်းပြန်ဖို့ စောင့်ကြည့်နေကြတဲ့လူတွေ သုံးလေးဆယ်လောက်ရှိတယ်။ အပေါက်ဝမှာ ရပ်စောင့်နေကြတာ ... ရှက်လိုက်တာကွာ အဟီး ...ဒီပြင်အထပ်တွေမှာလည်း အောက်ဆင်းမလို့ စောင့်နေတဲ့လူတွေ တစ်ပုံချည်းတဲ့။ ဓာတ်လှေကားက မရပ်ဘဲ အထက်တက်လိုက်၊ အောက်ဆင်းလိုက် လုပ်နေတော့ မျက်လုံးပြူးနေကြတာပေါ့''

ထိုလူကြီးက နဖူးတွင်စို့နေသော ချွေးများကို သုတ်လိုက်၏။

(၄)

ကျွန်တော်က ဆေးပေါ့လိပ် တစ်လိပ်ကို ထုတ်တည်သည်။ ထိုလူကြီးက လက်ကာပြလိုက်ရင်း ...

''နိုင်ငံတကာ အစည်းအဝေးတွေ ဘာတွေတက်တော့မှ အင်္ဂလိပ်စာတစ်ခုတည်းနဲ့ မလုံလောက်ဘူးဆိုတာ ပိုပြီး သိသာတယ်ကွ။ နိုင်ငံတကာ အစည်းအဝေးတွေမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ စပိန်၊ ရုရှား၊ တရုတ်တို့ အသုံးများတယ်။ တချို့အစည်းအဝေးတွေမှာ အက်စပါရန်တိုကို သုံးတယ်''

''အက်စပါရန်တို ဆိုတာက ....''

ကျွန်တော်က မေးလိုက်၏။





''ဒေါက်တာ ဇာမင်ဟော့ဖ်ဆိုတဲ့ ဂျာမန်-ပိုလန် ပါမောက္ခတစ်ယောက်က ၁၈၈၇ ခုနှစ်မှာ တီထွင်ခဲ့တဲ့ ကမ္ဘာသုံးစကားပေါ့ကွာ။ အရေးကြီးတဲ့ ဥရောပဘာသာစကားတွေက လူသုံးအများဆုံး စကားလုံးတွေကို အခြေခံပြီး ထွင်ထားတာ။ တစ်ပတ်လောက်သင်လိုက်ရင် စကားပြောလို့ရတယ်။ နည်းနည်းပါးပါး ဖတ်လို့ရတယ်''

ထိုလူကြီးက အက်စပါရန်တို ဘာသာစကားအကြောင်း၊ နာမ်ပုဒ်များ ဖွဲ့စည်းပုံ၊ နာမဝိသေသနပုဒ်များ ဖွဲ့စည်းပုံ၊ ကြိယာပုဒ်များနှင့် ကြိယာဝိသေသနပုဒ်များ ဖွဲ့စည်းပုံ စသည်တို့ကို ရှင်းလင်းပြောဆိုလျက် ရှိသည်။

ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေကြစဉ် နိုင်ငံခြား ဘာသာသင်သိပ္ပံကျောင်းဝင်းထဲသို့ သင်တန်းတက်ရန် လာသူများကို တွေ့ရ၏။ ၎င်းတို့မှာ ဘွဲ့ရပြီးသူများ ဖြစ်ကြဟန်တူ၏။ သို့သော်လည်း ငယ်ရွယ်သူများသာ ဖြစ်ကြပါသည်။

၎င်းက ကျောင်းသူကျောင်းသားများကို တစ်ချက်လှမ်းကြည့်ကာ -

''လူငယ်တွေ ခုလို နိုင်ငံခြားဘာသာစကားကို လိုက်စားလာကြတာ သိပ်ကောင်းတယ်။ လူမျိုးချင်း ချစ်ကြည်နားလည်ရေးအတွက်လည်း အများကြီးအထောက်အကူဖြစ်တယ်။ တိုင်းပြည်အတွက်လည်း အကျိုးရှိတယ်။ သိပ္ပံပညာနဲ့ အဘိဓမ္မာကို ဖတ်ချင်ရင် ဂျာမန်ဘာသာ သင်ရမယ်။ တရားဥပဒေနဲ့ စာပေအနုပညာကို လေ့လာချင်ရင် ပြင်သစ်ဘာသာကို လေ့လာရမယ်။ မောင်ရင်တို့လို စာရေးဆရာတွေ ခုလိုလာပြီး လေ့လာတာလည်း ကောင်းတာပဲ။ နိုင်ငံခြားက စာပေအနုပညာတွေအကြောင်းကို တိုက်ရိုက်လေ့လာနိုင်တာပေါ့''

ကျွန်တော်က အံ့အားသင့်သွားသည်။ ထိုလူကြီးသည် ကျွန်တော့်ကို သိနေပါပကော။

ထိုလူကြီးက အံ့အားသင့်လျက်ရှိသော ကျွန်တော့်အမူအရာကို ကြည့်ကာ -

''ဘာလဲ၊ မောင်ရင် အံ့အားသင့်သွားသလား၊ ကိုယ်က ဦးရှုံးဘဲ''

''ခင်ဗျာ''

''မောင်ရင်တို့ စုရိုက်ထားတဲ့ ဓာတ်ပုံကို ဟံသာဝတီ ကိုဝင်းဘင်ကြီးဆီမှာ တွေ့ဖူးသားပဲ။ ပြီးတော့ မောင်ရင်တို့ လွှတ်လာတုန်းကလည်း မောင်ရင့်အဘိုးကို တွေ့လိုက်တယ်လေ''

''ဒါဖြင့် ဦး၊ ဦးက ဘယ်သူပါလဲ ခင်ဗျာ''

ထိုလူကြီးက ကျွန်တော့်ကို ကြည့်၍ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနာမည်လား ..."

"ဟုတ်ကဲ့"

"ရတနာပုံ ရေပေါ်ကျွန်း တဲ့ ..."

"ခင်ဗျာ"

ထိုလူကြီးက ရယ်လိုက်ပြန်သည်။ ထိုလူကြီးရယ်ပုံမှာ ပွင့်လင်းသည်။ ဖော်ရွေရင်းနှီးသော သဘောကို ဆောင်သည်။ ပျော်ပျော်နေတတ်ဟန် တူသည်။

"ရတနာပုံ ရေပေါ်ကျွန်း"

ရတနာပုံ ရေပေါ်ကျွန်း၊ ရတနာပုံ ရေပေါ်ကျွန်း။ ကျွန်တော်သည် ၎င်း၏ နာမည်ကို စိတ်ထဲမှ ရွတ်ဆိုကြည့်သည်။ ကျွန်တော် တစ်ခါဖူးမျှ မကြားစဖူး။ စာရေးဆရာလော။ မန်းသား စာရေးဆရာများထဲတွင် ဤကလောင်အမည်မျိုး ကျွန်တော် တစ်ခါမျှ မကြားစဖူး။

"ဦး ခုကော စာရေးပါသလား ခင်ဗျာ"

ကျွန်တော်က မသေမချာ မေးလိုက်သည်။

"ဟင့်အင်း၊ ခု မရေးတော့ဘူး။ ဟိုတုန်းကတော့ ရေးတယ်"

ထိုလူကြီးက ခပ်တည်တည် ပြောလိုက်၏။

ကျွန်တော်က ထိုလူကြီး စာရေးဆရာဖြစ်ရမည်ဟူသော ကျွန်တော့် အထွေးမှန်ပြီဟု ဝမ်းပန်းတသာဖြင့် -

"ဘာတွေ ရေးခဲ့ပါသလဲ ခင်ဗျာ"

"ရုံးမှာ အစီရင်ခံစာတွေ"

ထိုလူကြီးက ခပ်တည်တည် ပြောလိုက်သဖြင့် ကျွန်တော် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"နေစမ်းပါဦး၊ မောင်ရင်က ကိုယ့်ကို စာရေးဆရာလို့များ ထင်နေသလား"

"ဟုတ်ကဲ့၊ ရတနာပုံ ရေပေါ်ကျွန်းဆိုတော့ ကျွန်တော်က ရွှေမန်းသား စာရေးဆရာများလားလို့ပါ။ စာရေးဆရာကြီး မန်းတင်တို့လို ..."

ထိုလူကြီးက ရယ်လိုက်ရင်း -

"မဟုတ်ဘူး မောင်ရင်လေးရ။ ကိုယ်က ကိုယ့်နာမည်ကို စကားဝှက်နဲ့ ပြောတာ"

"ခင်ဗျာ၊ စကားဝှက်နဲ့ ဟုတ်လား"





"မောင်ရင်တို့ ငယ်ငယ်တုန်းက စကားထာဝှက်ဖူးတယ် မဟုတ်လား။ ပင်လယ်စားပြဆိုရင် ပင်လယ်က ကျယ်တယ်၊ စားပြက တိုက်တယ်။ ကျယ်တိုက် ကြိုက်တယ်။ ကလေးချင်း ရည်းစားစကား ပြောတာလေ .. ဟား ... ဟား ..."

ကျွန်တော်က ပြုံးရုံမျှသာ တတ်နိုင်ပါသည်။ အလွန် နောက်ပြောင်တတ်သော၊ ရွတ်တွတ်တွတ် ပြောတတ်သော လူကြီးတစ်ယောက်ကို ကျွန်တော် တွေ့နေရလေပြီ။

"ခုလည်း ကိုယ့်နာမည်က ရတနာပုံ ရေပေါ်ကျွန်း တဲ့။ စကားထာနဲ့ ပြောတာ"

ကျွန်တော်က ကြောင်အမ်းအမ်း ဖြစ်နေသည်။ ထိုလူကြီး၏ အမူအရာ အပြောအဆိုမှ ရင်းနှီးသည့်သဘောလည်း ပါသည်။ နောက်ပြောင်သည့် သဘောလည်း ပါသည်။ ပျော်ပျော်ရွှင်ရွှင် နေတတ်သည့်သဘောလည်း ပါသည်။

"ရတနာပုံ ဆိုတော့"

ထိုလူကြီးက ကျွန်တော့်ကို ကလေးချင်း စကားထာဝှက်သကဲ့သို့ မေးနေသည်။ ကျွန်တော်ကလည်း ရောယောင်၍ -

"ရတနာပုံဆိုတော့ ရွှေမန်း"

"မန်းပေါ့ မောင်ရင်ရဲ့။ ရေပေါ်ကျွန်းဆိုတာက သောင်၊ မန်းသောင်"

"မန်းသောင် ဆိုတော့ မောင်သန်းပေါ့"

၎င်း၏ နောက်ရွှတ်ပြောင်ပြက်သော သဘောသည် ကျွန်တော့်ကိုပါ ကူးစက်လာသည်။ ထို့ကြောင့် ကျွန်တော်က ခပ်ပြုံးပြုံးပြောလိုက်သည်။

"မန်းသောင်ဆိုတော့ မောင်သန်း မဟုတ်ဘူးလား ဦး"

"မဟုတ်ဘူး၊ သိန်းဖေ"

ထိုလူကြီးက မပြုံးမရယ် ခပ်တည်တည်ဖြင့် ပြောလိုက်သဖြင့် ကျွန်တော် ကြောင်သွား၏။ အတန်ကြာမှ ပြုံး၍ကြည့်ရင်း -

"သိန်းဖေလေ၊ 'ကောလိပ်ကျောင်းသား' သိန်းဖေ"

"စာရေးဆရာကြီး ဇဝနရဲ့ 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးထဲက ဇာတ်ဆောင် သိန်းဖေပါလား ခင်ဗျာ"

"ဟုတ်ပါတယ်။ ဘာလဲ ကိုယ်က ငယ်ငယ်ကလို ဗလင်တီနို ဆံတောက်နဲ့ ဘောက်တာ တိုက်ပုံနဲ့၊ ဘန်ကောက် လုံချည်နဲ့၊ ပေတင့်ရှူးနဲ့ မဟုတ်တော့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဘူဒါးကြီး ဖြစ်သွားပြီလေ။ ခုခေတ် ကောလိပ်ကျောင်းသားနဲ့ မောင်ရင်တို့ ကောလိပ်ကျောင်းသား၊ မောင်ရင်တို့ခေတ် ကောလိပ်ကျောင်းသားနဲ့ ကိုယ်တို့ခေတ် ကောလိပ်ကျောင်းသား ကွာသလိုပေါ့။ ဘူဒါးကြီးတွေလည်း ဟိုခေတ် ဘူဒါးကြီးတွေနဲ့ ခုခေတ်ဘူဒါးကြီးတွေ မတူတော့ဘူး။ ခုခေတ် ဘူဒါးကြီးတွေက ဟာဝေယံ ရှပ်ကလေးနဲ့ လုံချည်အဆင်နုနုကလေးဝတ်၊ ဂေါ့ဖားဟက် (ဂေါက်သီးရိုက်ဦးထုပ်)ကလေးတစ်လုံးနဲ့၊ တုတ်ကောက်ကလေး တစ်ချောင်းနဲ့၊ နံပါတ်တူးကလေး တစ်ယောက်နဲ့ … ဟဲ … ဟဲ …''

ဦးသိန်းဖေက ကျွန်တော့်ကို နောက်နေသည်။

''အဲ၊ ကိုယ်ကတော့ နံပါတ်တူး မရှိပါဘူး။ ကိုယ့်အဆက် မအေးစိန်ကြီးက ကြီးလေ လှလေဆိုတော့ … ဟဲ … ဟဲ …''

ကျွန်တော်သည် အသက် ၆၀ ကျော်သည့်တိုင် အရွှင်အမြူးမပျက်၊ အပြောင်အနောက်မပျက်သော ကောလိပ်ကျောင်းသားဟောင်းကြီး ဦးသိန်းဖေကို ငေးကြည့်မိ၏။

ကျွန်တော်တွေ့နေရသော 'ကောလိပ်ကျောင်းသား'ကြီး ဦးသိန်းဖေသည် စာရေးဆရာကြီး ဇဝန၏ 'ကောလိပ်ကျောင်းသား'ဝတ္ထုကြီးထဲမှ သိန်းဖေပင် ဖြစ်ပေ၏။ စာရေးဆရာကြီး ဇဝနသည် 'ကောလိပ်ကျောင်းသား'ဝတ္ထုကြီးကို သူရိယသတင်းစာတွင် အခန်းဆက်ဝတ္ထုကြီးအဖြစ် နေ့စဉ် ရေးခဲ့သည်။ လူကြိုက်များလှသဖြင့် ထိုဝတ္ထုကြီးကို ထိုစဉ်က လေးတွဲခွဲ၍ ထုတ်ဝေခဲ့သည်။

ကျွန်တော်သည် 'ကောလိပ်ကျောင်းသား'ဝတ္ထုကြီးကို စစ်မဖြစ်မီ ကျွန်တော်ဆယ်နှစ်သားလောက်က ဖတ်ခဲ့ရခြင်း ဖြစ်သည်။ ကျွန်တော့် ဦးလေးများ၊ အဒေါ်များ ဖတ်နေသည့် ဝတ္ထုစာအုပ်ပုံများထဲမှ တိတ်တဆိတ် ခိုးဖတ်ခဲ့ရခြင်း ဖြစ်ပါ၏။ သို့ရာတွင် အစအဆုံး ဖတ်ခဲ့ရခြင်း မဟုတ်။ တတိယတွဲအထိသာ ဖတ်ခဲ့ရခြင်းဖြစ်၏။ ၎င်းတို့၏ စာအုပ်ပုံထဲတွင် စတုတ္ထတွဲကို ရှာ၍ မတွေ့ချေ။

ကျွန်တော်သည် 'ကောလိပ်ကျောင်းသား'ဝတ္ထုကြီးကို တစ်ပိုင်းတစ်စသာ ဖတ်ရသဖြင့် ဖတ်တင်းငုံ ဖြစ်လျက်ရှိ၏။ ကျွန်တော့်ကို အလိုလိုက်သော ကျွန်တော့်ဒေါ်လေးအား ထိုစာအုပ်ရှာပေးရန် ပူဆာ၏။ သို့ရာတွင် ဒေါ်လေးကိုယ်တိုင်လည်း ထိုစာအုပ်ကို ရှာမတွေ့ချေ။ ကျွန်တော်သည် ဝတ္ထုဖတ်လေ့ရှိသော ဆယ်တန်းကျောင်းသားကြီးများထံ ချဉ်းကပ်၍ 'ကောလိပ်ကျောင်းသား'ဝတ္ထု စတုတ္ထပိုင်းကို ငှားရမ်း





ပြန်သည်။ အချို့က ကျွန်တော့်ကို ငေါက်ငမ်းလွှတ်လိုက်ကြ၍၊ အချို့က ရှာပေးမည်ဟု ပြီးစလွယ် ပြောလိုက်ကြသည်။ စာအုပ်ကား ရောက်မလာချေ။

ထို့ကြောင့် ကျွန်တော်သည် မြို့ပေါ်ရှိ စာကြည့်တိုက်ပေါင်းစုံသို့ လည်းကောင်း၊ ဝတ္ထုဖတ်လေ့ရှိသော ကျွန်တော်နှင့် ဆရာတပည့်ဖြစ်လျက်ရှိသော ဦးပဉ္စင်းတို့များထံသို့လည်းကောင်း ထိုဝတ္ထုကို လိုက်လံရှာဖွေခဲ့သည်။ သို့ရာတွင် မရခဲ့ချေ။

သို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားကာ ဂျပန်ခေတ်သို့ ရောက်ခဲ့သည်။ 'ကောလိပ်ကျောင်းသား'ဝတ္ထု စတုတ္ထပိုင်းကိုကား ရှာမတွေ့သေးချေ။

ဂျပန်ခေတ်တွင် ကျွန်တော်တို့ ကျောင်းကောင်းကောင်း မနေခဲ့ရချေ။ ထို့ကြောင့် ရတတ်သမျှ ဝတ္ထုစာအုပ်များ၊ နိုင်ငံရေးစာအုပ်များကို ကျွန်တော်တို့ ရှာဖွေဖတ်ရှုကြရသည်။ တစ်နေ့တွင် မြို့နှင့် ဆယ်မိုင်ခန့်ဝေးသည့် ဆားကျင်း၌ 'ကောလိပ်ကျောင်းသား' စတုတ္ထပိုင်းရှိသည်ဟု သူငယ်ချင်းတစ်ယောက်ထံမှ ကြားရသည်။ ဆားကျင်းမှာ ကျွန်တော်တို့နယ်တွင် ဆားမရသဖြင့် ကိုယ့်ဆား ကိုယ်ချက်စားရသော ဆားချက်မြေတစ်ခု ဖြစ်၏။ ဂျပန်ခေတ် ဆားရှားသည့်အခါတွင် ထိုဆားချက်မြေ၌ တဲကလေးတွေထိုးကာ ဆားချက်ကြရ၏။ ကျွန်တော်သည် ဆယ်မိုင်ဝေးသော ဆားကျင်းသို့ ဒုန်းစိုင်းကာ 'ကောလိပ်ကျောင်းသား'ဝတ္ထု စတုတ္ထပိုင်းကို ငှားရမ်းခဲ့သည်။ စာအုပ်ပိုင်ရှင်မှာ ကျွန်တော့်ထက် အသက်များစွာကြီးသော ကာလသားကြီးတစ်ယောက် ဖြစ်သည်။ ၎င်းက စာအုပ်ရှားပါးသဖြင့် အလကား မငှားနိုင်၊ ၎င်းအတွက် တစ်ရက် ဆားချက်ပေးမှ ငှားမည်ဟု ပြော၏။ သို့ဖြင့် ကျွန်တော်သည် ၎င်း၏ဆားဖိုတွင် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ဆားဒယ်သုံးလေးဒယ်ကျအောင် 'လုပ်အားပေး'သဘော ဆားချက်ပေးခဲ့ပြီးမှ ထိုစာအုပ်ကို ဖတ်ခဲ့ရခြင်း ဖြစ်သည်။

၎င်း၏စာအုပ်မှာ ဟောင်းနွမ်းဝါကျင့်လျက် ရှိလေပြီ။ စာအုပ်ကို ဝါးခြမ်းညှပ်၍ ချုပ်ထား၏။ အဆုံးလည်း မပါတော့ချေ။ သို့ရာတွင် ကျွန်တော်သည် အဆုံးမပါသော ထိုစာအုပ်ကိုပင် သုံးလေးခေါက်တိုင်အောင် အားရပါးရ ဖတ်ပစ်လိုက်သည်။

(၅)

စာရေးဆရာကြီးဇဝန၏ 'ကောလိပ်ကျောင်းသား'ဝတ္ထုကို မည်သည့်ခုနှစ်တွင် ရေးသည်ဟု ကျွန်တော် မသိပါ။ ကျွန်တော်ဖတ်ရသည်မှာ စစ်ဖြစ်လုနီးနှင့် [illegible] ခေတ်တွင် ဖြစ်၏။ ရှေ့သုံးတွဲကို စစ်ဖြစ်လုနီးတွင် ဖတ်ရပြီး၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ်တွင် ဖတ်ရခြင်းဖြစ်၏။

ထိုဝတ္ထုကြီး နောက်ခံပြုရာကာလသည် ၁၉၂၈-၂၉ တစ်ဝိုက်လောက်ဖြစ်မည်ဟု ကျွန်တော် ထင်သည်။ ကျွန်တော်သည် ထိုဝတ္ထုကြီးကို ဖတ်၍ တစ်ယောက်တည်း ရယ်မောရ၏။ ဗလင်တိန် ဆံတောက်၊ တာဖက်တာအင်္ကျီ၊ ဘန်ကောက်လုံချည်၊ ပေတင့်ရှူးတို့ကို ဆင်ယင်သော ထိုခေတ်က ကောလိပ်ကျောင်းသားကို မြင်ယောင်၏။ ၎င်းတို့ ရှုပ်ကြ၊ ပွေကြ၊ နောက်ပြောင်ကြသည်ကို ဖတ်၍ ရယ်မောရ၏။ မောင်သစ်လွင်တစ်ယောက် ကျောင်းသားကြီး သိန်းဖေအား ဓာတ်ခွဲခန်းကို မေးသည့်အခါ အိမ်သာကို လက်ညှိုးထိုးပြလိုက်ပုံ၊ အိမ်သာတံခါးကို ဆွဲအဖွင့် အထဲတွင် သဘာဝကိစ္စဆောင်ရွက်နေသော ကျောင်းသားကို တွေ့ရပုံ၊ လန့်ဖြန့်၍ တံခါးပြန်ပိတ်ပြီး နောက်တစ်ဖန် ယောင်၍ပြန်အဖွင့် အထဲက ကျောင်းသား ကုန်းကုန်းကွကွ ဖြစ်နေပုံတို့ကို ဖတ်၍ တခိခိရယ်ရ၏။ ပြောင်ရွှတ်ရွှတ် သိန်းဖေနှင့် ဘုကျကျ မအေးစိန်တို့၏ ဇာတ်လမ်း၊ တက္ကစီဒရိုင်ဘာ ယောင်ဆောင်သော ကျော်ဝင်းနှင့် အင်းလျားသူ မသန်းမြင့်တို့၏ ဇာတ်လမ်း၊ နေ့ကျောင်းသား ဘဉီးနှင့် မိမိတို့၏ဇာတ်လမ်းတို့သည် 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီး၏ ပင်မကျောရိုး ဖြစ်သည်။ စာရေးဆရာကြီး ဇဝနသည် ထိုခေတ်က ရန်ကုန်တက္ကသိုလ်၏ နောက်ခံကားပေါ်၌ သိန်းဖေကို မြူးကြွလှုပ်ရှားစေသည်။ သိန်းဖေသည် ထိုခေတ်က ကောလိပ်ကျောင်းသားများ၏ ရုပ်ပုံလွှာကို ကိုယ်စားပြုလျက်ရှိသည်။ ဇာတ်ဆောင်များအနက် သိန်းဖေသည် အကောင်းဆုံး၊ အသက်အပါဆုံး၊ အမြူးကြွဆုံး ဖြစ်သည်။ သိန်းဖေ၏ ရုပ်လုံးက ကြွလွန်းသဖြင့် အခြားဇာတ်ဆောင်များ၏ ရုပ်လုံးတို့သည်ပင်လျှင် မှုန်ဝါးဝါးဖြစ်ကုန်သည်။ သိန်းဖေ၏ ရည်းစားမအေးစိန်ပင်လျှင် သိန်းဖေလောက် ရုပ်လုံးမကြွတော့။

စင်စစ် စာရေးဆရာကြီး ဇဝန၏ 'ကောလိပ်ကျောင်းသား' ဝတ္ထု၌ ဇာတ်လမ်းပြောပလောက်အောင် မရှိ။ ဇာတ်ဆောင်အဖွဲ့ဝတ္ထုသာ ဖြစ်သည်။ ဇာတ်ဆောင်အဖွဲ့၌ သိန်းဖေသည် အပီသဆုံးဖြစ်သည်။

"မောင်ရင် 'ကောလိပ်ကျောင်းသား' ကို မှတ်မိသေးလား"

ကျွန်တော် တွေးနေ ငေးနေဆဲ ကောလိပ်ကျောင်းသားကြီး သိန်းဖေက မေးလိုက်သည်။

"သိပ်မှတ်မိတာပေါ့ ခင်ဗျာ"

ကျွန်တော်က 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးကို ကျွန်တော် ဖတ်ခဲ့ရပုံ





တွေ့ဆွတ်ခဲ့ကို မည်သို့ရှာဖွေခဲ့ရပုံတို့ကို ပြန်ပြောပြ၏။

"ဘာဖြစ်လို့ မှတ်မိသလဲလို့ မေးရင်တော့ အကြောင်းတွေ အများကြီးပဲ ခင်ဗျ။ 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးဟာ အဲဒီခေတ်က လူငယ်တွေကို တက္ကသိုလ်ကျောင်းသားရဲ့ဘဝဆိုတာ ဘာလဲဆိုတာ သိအောင် မျက်စိဖွင့်ပေးလိုက်တယ်။ ကျွန်တော်တို့ ကြားဖူးခဲ့တာက ကောလိပ်ကျောင်းကထွက်ရင် မြို့အုပ်ဖြစ်တယ်၊ ဝန်ထောက်ဖြစ်တယ်၊ အရာရှိကြီးဖြစ်တယ် ဆိုတာလောက်ကိုသာ သိခဲ့ကြတယ်။ တက္ကသိုလ်ကျောင်းသားတစ်ယောက်ရဲ့ ပုဂ္ဂလိကဘဝကို မသိခဲ့ကြဘူး။ 'ကောလိပ်ကျောင်းသား' ကို ဖတ်လိုက်တဲ့အခါကျတော့ ကောလိပ်ကျောင်းသားဘဝဆိုတာ မိဘအုပ်ထိန်းသူရဲ့ သွန်သင်ဆုံးမမှု မပါတော့ဘဲ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း လောကကြီးထဲကို လှမ်းဝင်လိုက်တဲ့ ခြေလှမ်းတစ်လှမ်းဆိုတာ သဘောပေါက်လာတယ်။ ကောလိပ်ကျောင်းသားဘဝဟာ အထက်တန်းကျောင်းသားဘဝနဲ့ မတူတော့ဘဲ လွတ်လပ်လာပြီး အမှီခိုကင်းတဲ့ဘဝကို တစ်လှမ်းလျှောက်လာပြီ။ ပထမအဆင့် လွတ်လပ်အမှီခိုကင်းစပြုတဲ့ဘဝမှာ ကိုယ့်ကိုယ်ကို ဘယ်လိုထိန်းချုပ်မလဲ၊ လွတ်လပ်တဲ့ အချိန်တွေကို ဘယ်လိုဖြုန်းမလဲဆိုတဲ့ ပြဿနာတွေ ပေါ်လာတယ်။ ကောလိပ်ကျောင်းရောက်စက ကျောင်းသားဟာ 'ငါ ကျောင်းသားကြီးဖြစ်ပြီ၊ မိဘအုပ်ထိန်းမှုအောက်က လွတ်ပြီ' ဆိုပြီး မိုးမမြင်လေမမြင် ဖြစ်တတ်တယ်။ ဒီအခါမှာ ကိုယ့်ကိုယ်ကို မထိန်းနိုင်ရင် လမ်းလွဲကို ရောက်သွားနိုင်တယ်။ လူငယ်ဘဝ လွတ်လပ်ခွင့်ကို ကျောင်းသားဘက်က မှန်ကန်စွာ အသုံးချတတ်ပါမှ၊ လူငယ်ရဲ့ အပြစ်ကင်းတဲ့ ပျော်ရွှင်မှုကို လူကြီးကလည်း နားလည်သဘောပေါက်ပြီး ခွင့်ပြုပါမှ မိဘနဲ့ကျောင်းသား၊ ဆရာနဲ့ တပည့်ဟာ အဆင်ပြေနိုင်မယ် ခင်ဗျ"

"ဒီတော့"

"ဒီတော့ 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးကို ဖတ်တဲ့အခါကျတော့ သိန်းဖေရဲ့ အပြစ်ကင်းတဲ့ ပျော်ရွှင်မှုကို ကျွန်တော် သွားတွေ့တယ်။ သိန်းဖေဟာ လူငယ်ဘဝ အရွတ်အနောက် ဝါသနာပါတယ်။ ဒါပေမယ့် သူ့ရဲ့ ကျီစယ်ပုံဟာ [illegible] သားကို ချောက်တွန်းပြီး ကိုယ့်ပျော်ရွှင်မှုကိုရှာတဲ့ (ပရက်တီကယ်ဂျောက်) [illegible] ခင်ဗျ။ သူ့ပျော်ရွှင်မှုဟာ အပြစ်လည်း ကင်းတယ်၊ ပျော်လည်း [illegible] သားသမီး၊ ဆရာနဲ့ တပည့်တို့ရဲ့ အဆင်ပြေတဲ့ ဆက်ဆံရေးကို [illegible] ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာကြီး ဇဝန က ဒီအချက်တွေကို ရည်ရွယ်ရေးတာလို့ မောင်ရင် ပြောချင်သလား"

ကောလိပ်ကျောင်းသားကြီး သိန်းဖေက မေးသည်။

"ဒီရည်ရွယ်ချက်နဲ့ ရေးတယ်၊ မရေးဘူးဆိုတာကိုတော့ ကျွန်တော် မသိပါဘူး။ ဒါပေမယ့် 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးကို ကျွန်တော် ဖတ်ရတဲ့အခါမှာ ခံစားမိတဲ့အချက်ကို ပြောတာပါ။ စာရေးဆရာကြီးဇဝနကတော့ အရှိကို အရှိအတိုင်း၊ အမြင်ကို အမြင်အတိုင်း ရေးတာ ဖြစ်ပါလိမ့်မယ်"

ကျွန်တော်က ဆေးလိပ်ကို မီးညှိသည်။

'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးကို ကျွန်တော် မှတ်မိရတဲ့ အကြောင်းတွေထဲမှာ နောက်တစ်ခု ရှိသေးတယ်။ အဲဒါကတော့ စာရေးဆရာကြီး ဇဝနဟာ အဲဒီဝတ္ထုကြီးတွေကို ရေးပြီး စာဖတ်ပရိသတ်ရဲ့ တောင်းဆိုချက်အရ 'ကောလိပ်ဂျပိုး'၊ 'ကောလိပ်ဂျင်' စတဲ့ သိန်းဖေကို ဇာတ်ဆောင်ပြုတဲ့ နောက်ထပ်ဝတ္ထုကြီးတွေကို ရေးခဲ့လို့ပဲ ခင်ဗျ။ နောက်တစ်ချက်က ကောလိပ်ဂျင်နေဝင်းပါဝင်တဲ့ 'ကောလိပ်ဂျင်' ရုပ်ရှင်ကိုလည်း ကြည့်ခဲ့ရလို့။ နောက်ပြီး အဲဒီဝတ္ထုကြီးကို ကျွန်တော် ခက်ခက်ခဲခဲနဲ့ လုပ်အားပေးပြီး ဖတ်ခဲ့ရတဲ့ အကြောင်းတစ်ကြောင်းလည်း ပါတယ်ခင်ဗျ"

ကျွန်တော်က ရယ်လိုက်သည်။

"ဒါပေမယ့် 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးကို ကျွန်တော် မကျေနပ်တာ တစ်ခုတော့ ရှိတယ်ခင်ဗျ"

"ဆိုစမ်း"

ဦးသိန်းဖေက လက်နှစ်ဖက်ကိုပိုက်၍ ခေါင်းကို မော့ထားလိုက်သည်။ ၎င်း၏ အမူအရာက အတည်လိုလို၊ အပြောင်အပြက်လိုလို။

'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးကို ၁၉၂၈-၂၉ လောက်က ရေးတော့ အဲဒီခေတ်လူတွေရဲ့ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး အခြေအနေကို မတွေ့ရတာတော့ သိပ်အားမရဘူး ခင်ဗျ"

ဦးသိန်းဖေက ရယ်၍ -

"ဒါတော့ ဝတ္ထုက ကောလိပ်ကျောင်းသားကို နောက်ခံပြုတော့ ကောလိပ်ကျောင်းသား ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေး အခြေအနေပဲ ပါမှာပေါ့"

"ဒါကတော့ ဟုတ်ပါတယ် ခင်ဗျာ။ ဒါပေမယ့် ကောလိပ်ကျောင်းသားဟာ





မြန်မာနိုင်ငံအတွင်း ရှိနေတော့ အဲဒီခေတ်မြန်မာနိုင်ငံရဲ့ အခြေအနေကို ကောလိပ်ကျောင်းသားတစ်ယောက်ယောက်မှ တစ်ဆင့် ဖော်ပြသင့်တယ် ထင်ပါတယ်။ ဥပမာ၊ အဲဒီခေတ်က နိုင်ငံရေးအခြေအနေ"

ဦးသိန်းဖေ စဉ်းစားနေသည်။ အတန်ကြာမှ -

"ဒါကတော့ ကိုယ်နဲ့ မဆိုင်ဘူး။ စာရေးဆရာကြီး ဇဝနနဲ့ ဆိုင်တယ်။ ဒါပေမယ့် ကိုယ့်ထင်မြင်ချက်ကိုတော့ ကိုယ်ပြောမယ်။ အဲဒီခေတ်ဟာ ၁၉၂၈-၂၉ ခုနှစ် တစ်ဝိုက်။ ဒီအချိန်ဟာ ဂျီ-စီ-ဘီ-အေ လို့ခေါ်တဲ့ ဝံသာနုအသင်းကြီး ကွဲသွားပြီ။ ဗြိတိသျှ အစိုးရကပေးတဲ့ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံရေး၊ မခံရေးနဲ့ ပတ်သက်လို့ ဦးချစ်လှိုင်ခေါင်းဆောင်တဲ့ ဂျီ-စီ-ဘီ-အေ နဲ့ ဦးဘဖေရဲ့ ၂၁ ဦးနဲ့ ကွဲသွားပြီ။ ၂၁ ဦးထဲမှာလည်း ထပ်ကွဲ၊ ကျန်ခဲ့တဲ့ ဂျီ-စီ-ဘီ-အေ အသျှင်စိုးသိမ်းရဲ့ ဂျီ-စီ-ဘီ-အေ၊ ဦးစုရဲ့ ဂျီ-စီ-ဘီ-အေ စသည်ဖြင့် အကုန်ကွဲကုန်ကြတယ်။ ပါတီတွေ မှိုလိုပေါက်နေတယ်။ လူတွေဟာ သူတို့ အားထား၊ မျှော်လင့်ခဲ့တဲ့ ဂျီ-စီ-ဘီ-အေ အဖွဲ့ကြီး ပြိုကွဲသွားတဲ့အတွက် စိတ်ပျက်အားငယ်နေကြတယ်။ ဒီတော့ နိုင်ငံရေး ဒီရေ ကျဆင်းနေတဲ့အချိန် ဖြစ်တယ်။ မောင်ရင်တို့ခေတ်နဲ့ မတူဘူး"

"ပြောပါ ခင်ဗျာ"

"မောင်ရင့်ခေတ်က စစ်ပြီးခေတ်။ လူငယ်တွေဟာ အတွေ့အကြုံသစ်တွေကို ဖြတ်သန်းလာခဲ့ကြတယ်။ နိုင်ငံရေး အသိအမြင်တွေ ကျယ်လာကြတယ်။ ကိုယ်တို့ခေတ်တုန်းကတော့ နိုင်ငံရေးအသိအမြင် မကျယ်သေးဘူး။ ကျောင်းအားရင် ပျော်ဖို့ ပါးဖို့လောက်ကိုပဲ အာရုံထားနေကြတယ်။ ဒါဟာ ခေတ်ရဲ့ သဘောပဲ။ ခေတ်သဘောကို ကိုယ်တို့ မလွန်ဆန်နိုင်ဘူး။ တစ်မျိုးသားလုံး နိုင်ငံရေးဒီရေ ကျဆင်းနေတဲ့ခေတ်မှာ ကိုယ်တို့ကျောင်းသားတွေက မောင်ရင်တို့ခေတ်က ကျောင်းသားမျိုးတွေ ဖြစ်နေရမယ်ဆိုရင် ဒါဟာ သဘာဝမကျဘူး။ မဖြစ်လည်း မဖြစ်နိုင်ဘူး။ ကိုယ်တို့ခေတ်နဲ့ မောင်ရင်တို့ခေတ်ဟာ အတွေးအမြင်မှာသာမက ဝတ်စားဆင်ယင်ပုံမှာတောင် တူကြတော့ဘူး"

အနောက်အရွတ်ပြောလေ့ရှိသော ဦးသိန်းဖေက လေးနက်သော [illegible] ပြောလျက်ရှိသဖြင့် ကျွန်တော် အံ့ဩနေ၏။

"ကိုယ်တို့ခေတ်မှာ ကောလိပ်ကျောင်းသားဆိုတာ [illegible] အောင် ဝတ်တယ်။ မောင်ရင်တို့ခေတ်ကျတော့ ဆံပင်ဖွာလန်ကြဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လုံချည်တိုတို၊ ခုံဖိနပ်နဲ့ ကျောင်းတက်ကြတယ် မဟုတ်ဘူးလား''

''ဟုတ်ပါတယ် ခင်ဗျာ''

''ဒီတော့ ကိုယ်တို့ခေတ် ကောလိပ်ကျောင်းသားနဲ့ မောင်ရင်တို့ခေတ် ကောလိပ်ကျောင်းသားဟာ အတွေးအမြင်မှာရော၊ အဆင်အပြင်မှာရော မတူတော့ဘူး။ ဒါကို မတူရကောင်းလားလို့ အပြစ်ပြောလို့ မရဘူး။ ကိုယ်တို့ ကျောင်းသားဘဝတုန်းက နယ်ကျဉ်းတယ်။ ကိုယ်ဆိုရင် ပျော်ပျော်ပဲ နေခဲ့တယ်။ ဒါပေမယ့် ကိုယ်တို့တုန်းက အပြောင်းအပြက်လုပ်တာ၊ နောက်ပြောင်ကြတာတွေဟာ အပြစ်ကင်းတယ်လို့ ကိုယ်ထင်တယ်''

''ဘယ်လို အပြစ်ကင်းတာပါလဲ ခင်ဗျာ''

''ကိုယ်တို့ နောက်တယ်၊ ပြောင်တယ်ဆိုတာ တစ်ဖက်သားကို ထိခိုက်နစ်နာစေတာမျိုး၊ မိန်းကလေးတစ်ယောက်ရဲ့ ကာယိန္ဒြေကို ပျက်စီးစေတာမျိုး မရှိဘူး။ ကိုယ်တို့ ဝတ်ကြစားကြတယ်ဆိုတာ နိုင်ငံခြားယဉ်ကျေးမှု၊ နိုင်ငံခြား အဝတ်အဆင်ကို အတုခိုးတာ မဟုတ်ဘူး။ မြန်မာပီပီ ဝတ်ကြစားကြတာ။ အဲဒီခေတ်က 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးထဲကလို နေကြတာပဲ။ ဒါကြောင့် ကိုယ်ကတော့ ဇဝနရဲ့ 'ကောလိပ်ကျောင်းသား' ဝတ္ထုကြီးဟာ အဲဒီခေတ်က ကောလိပ်ကျောင်းသားဘဝကို သရုပ်ဖော်တဲ့ ဝတ္ထုကြီးတစ်ပုဒ်ပဲ။ ဒီအတိုင်းပဲ ရေးရမှာပဲ။ ဒီထက် ဘာမှပိုရေးလို့ မရဘူး။ မရှိတာကို အရှိလုပ်ရေးလို့ မရဘူး။ အရှိကို အရှိအတိုင်း ရေးရမှာပဲ''

''ဒါထက် ဦးကော စာရေးဆရာကြီး ဇဝနနဲ့ တွေ့ပါသေးလား ခင်ဗျာ''

ဦးသိန်းဖေက ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်သည်။

''မတွေ့တော့ပါဘူး။ ကိုယ်က ကျောင်းထွက်တော့ အစိုးရဌာနတစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ နောက် ပင်စင်ယူတယ်။ ဇဝနကတော့ မောင်ရင်တို့ သိတဲ့အတိုင်းပဲ။ သတင်းစာဆရာကြီး ဖြစ်သွားတယ်။ တလောက သူ့ရဲ့ သန္တာနှစ်ပတ်လည် (၃၅ ကြိမ်မြောက်) မင်္ဂလာဆုတောင်းကလေးကိုတော့ သတင်းစာတွေထဲမှာ ဖတ်လိုက်ရတယ်။ မအေးစိန်ကတော့ လှမ်းပြီး ကွန်ဂရက်ကျူးလေးရှင်းလုပ်ပါတယ်။ ကဲ … အာလူးပေးတာလည်း တော်တော် များသွားပြီ။ သွားမယ်ပဲ ထင်တယ်''

''ဦးက ဘယ်သွားမှာပါလဲ''

ဦးသိန်းဖေသည် နိုင်ငံခြားဘာသာသင်ကျောင်းကို လက်ညှိုးထိုးပြ၍ ရယ်လိုက်ရင်း –





''အသက်ကြီးမှ လက်ပေးသင်နေရတယ်လေ။ ဟဲ .. ဟဲ .. ကိုယ်ကတော့ အမြဲတမ်း ကျောင်းသွားနေချင်တာပဲ။ ဘယ်တော့မှ အသက်မကြီးတဲ့ 'ပီတာပန်' လိုပေါ့။ ဟိုတုန်းက ကောလိပ်ကျောင်းသား၊ ခုတော့ အကွာရာကို အစက ပြန်သင်နေရတဲ့ သူငယ်တန်းကျောင်းသား … ဟား … ဟား …''

ယခင်က ကောလိပ်ကျောင်းသားဟောင်းကြီးဖြစ်၍ ယခု သူငယ်တန်းကျောင်းသားဖြစ်လျက်ရှိသော ဦးသိန်းဖေသည် ကျွန်တော့်ကို နှုတ်ဆက်၍ ပျောက်ကွယ်သွားသည်။

ကျွန်တော်သည် ကျွန်တော့် စိတ်ကူးရုပ်ပုံထဲမှ ပျောက်ကွယ်သွားသော ဦးသိန်းဖေကို ငေးကြည့်ရင်း ၎င်းတို့ခေတ်က ကောလိပ်ကျောင်းသားနှင့် ကျွန်တော်တို့ခေတ်က ကျောင်းသား၊ ကျွန်တော်တို့ခေတ် တက္ကသိုလ်ကျောင်းသားနှင့် ယခုခေတ် တက္ကသိုလ်ကျောင်းသားတို့ကို နှိုင်းယှဉ် စဉ်းစားနေမိသည်။

ကျောင်းတက်ခေါင်းလောင်းလည်း ထိုးလေပြီ။

□



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ဆက်၍ ရေးချင်သော ဝတ္ထုများ – ၉

(၁)

ကလောၢ် နွေညများက အေးသည်။

နွေရက်ကို ရောက်လာပြီဖြစ်သော်လည်း နှင်းကြွင်းတို့က ကောင်းကင်နှင့် မြေကြီးကို ရက်ကန်းရှယ်ထားကြဆဲ ဖြစ်သည်။ စိမ့်အေးသောလေက ထင်းရှူးပင်၊ ယူကလစ်ပင်များကြားမှာ တိုးဖေ့ကာ တီးတိုးစကားပြောကြသည်။ စိတ်ကူးယဉ်တတ်သော ချစ်သူတို့၏ တီးတိုးသံလော။ နာကြည်းသောဝိညာဉ်တို့၏ ဝင်ပူးသံလော။

မည်သည့်အသံကို သယ်ဆောင်လာသည်ကိုမူ ကျွန်တော် မသိ။ သို့ရာတွင် တိတ်ဆိတ်ငြိမ်သက်၍ လရောင်ရွှန်းပြက်သော ညဉ့် ထင်းရှူးရွက်ကြားက လေတိုးသံသည် ပို၍ ကျယ်လောင်နေသည်ကတော့ အမှန်ဖြစ်၏။

ကျွန်တော်သည် ကုလားထိုင်တစ်လုံးကို ဘန်ဂလိုရှေ့ ကွက်လပ်သို့ ဆွဲထုတ်လာကာ ကလောၢ် နွေညရှုခင်းကို ငေးမောကြည့်မိသည်။

ကျွန်တော်သည် မိတ်ဆွေတစ်ဦး၏ ဘန်ဂလိုတွင် ခေတ္တခဏ လာရောက်နေခြင်းဖြစ်၏။ ခြံဝင်းက လေးဧကလောက် ရှိမည်။ ခြံထဲ၌ သစ်တော်ပင်၊ တွဲလောင်းတို့ စီတန်း၍ စိုက်ထား၏။ ခြံဝမှ ဝင်လာသော မြေနီလမ်းကလေးသည် သစ်တော်ပင်များကြားမှ ကွေ့ဝိုက်ကာ ဘန်ဂလိုရှေ့ ကွက်လပ်ကလေးတွင် ဆုံသွားသည်။

သည်နေရာမှ လှမ်းမျှော်ကြည့်လျှင် ကလောမြို့ကို စီး၍ မြင်နေရသည်။ ကလောမြို့လယ်သည် ချိုင့်ဝှမ်းထဲ၌ ရောက်နေပြီး ဘန်ဂလိုများ တစ်အိမ်တိုင်ကလေးများသည် ကလောကို ကွေ့ပတ်ထားသော တောင်ကုန်းများပေါ်ရှိ ထင်းရှူးပင်များကြားမှ မြို့ပတ်လမ်းပေါ်တွင် ရှိကြသည်။

အရှေ့ကြယ် ၈၁၀၀

www.burmeseclassic.com

www.burmeseclassic.com



သူညီနေရာမှာ အနားယူ၍ ကောင်း၏။ စာဖတ်၍၊ ရေး၍ ကောင်း၏။ ပြည်သူများထဲမှ ရရှိခဲ့သော ကုန်ကြမ်းများကို အချောလုပ်ပေးရန်အတွက် စာရေးသူအဖို့ အကောင်းဆုံးသော အလုပ်ရုံကလေးတစ်ခု ဖြစ်၏။ မော်တော်ကားသံကိုမကြားရ၊ လူသံ၊ သူသံကို မကြားရ။ တစ်နေ့တွင် အဆင်းအတက် တစ်ကြိမ်စီမျှရှိသည့် ရွှေညောင်မီးရထားနှစ်စင်း၏ အသံကိုသာ ကြားရ၏။ တခြား မည်သည့်အနှောင့်အယှက်မျှ မရှိ။ ပကတိ ဆိတ်ငြိမ်၏။

နံနက်လင်းလျှင် ကျေးငှက်တို့၏ မြည်ကျူးသံ၊ တစ်ဦးတည်းသော နွားနို့ကုလား၏ အော်သံ၊ တစ်ခါတစ်ရံ ဖြတ်သွားသည့် စာပို့သမား၏ ဘိုင်စကယ်ခေါင်းလောင်းသံ၊ တောင်ခြေလျှိုကြားမှ သဲ့သဲ့မျှ ပျံ့လွင့်လာတတ်သော ယာတဲစောင့်၏ ခွေးဟောင်သံ။ သည်အသံများလောက်ကိုသာ ကြားရတတ်သည်။

ကလောသည် သင်ပုန်းကျောက်ရောင် တောင်ပုခက်များကြားတွင် မှေးစက်နေသလို ထင်ရသည်။

ကျွန်တော် ကလောသို့ရောက်သည်မှာ တစ်ပတ်လောက်ရှိပြီ။

သည်အတောအတွင်း ကျွန်တော်သည် ဘယ်ကိုမျှမသွား။ အိမ်ထဲတွင်အောင်းကာ စာဖတ်သည်။ စာရေးသည်။ နံနက် အိပ်ရာကနိုးလျှင် ထင်းရှူးပင်တွေကြားက တောင်ကမူကလေးကိုဖြတ်၍ လမ်းလျှောက်သည်။ ပြန်လာလျှင် စာရေးသည်။ ညနေ၌ မြို့ပတ်လမ်းအောက် ဘူတာရုံနားက ရေကူးကန်တွင် ရေကူးသည်။ ညကျလျှင် စာဖတ်သည်။

(၂)

ယနေ့ညလည်း ကျွန်တော် စာဖတ်သည်။ မျက်စိညောင်းညာလာသဖြင့် စာအုပ်ကို ချကာ ဘန်ဂလိုအပြင်ဘက်က လရောင်သို့ ထွက်၍လာခဲ့ခြင်း ဖြစ်သည်။

ကလော၏ နွေရက်များ၊ ကလော၏ လှပသော နွေဦးညများ၊ ထင်းရှူးနံ့များ၊ ထင်းရှူးရွက်တို့အချင်းချင်း တီးတိုးသံများအကြောင်းကို စာရေးဆရာ၊ ကဗျာဆရာတို့ စာဖွဲ့ခဲ့ကြပေါင်း များပြီ။

ကလော၏ နွေညများအကြောင်းကို ကျွန်တော် စာဖွဲ့ဖို့ စိတ်မကူးချင်။ ထို့ကြောင့် ကျွန်တော့်စိတ်ကို ကျွန်တော် လွှတ်ပေးလိုက်သည်။ သို့ရာတွင် ကျွန်တော့်စိတ်သည် ဝေးဝေးသို့ မပြေး။ ကလောသို့ရောက်ပြီး ကျွန်တော်ဖတ်ခဲ့သော စာအုပ်





များထဲ၌သာ စိတ်ရောက်နေသည်။

ကလောသို့အလာ၌ ကျွန်တော်သည် စာရေးဆရာတစ်ဦး၏ လက်နက်ဖြစ်သော ကလောင်နှင့် စာရွက်များကိုသာမက၊ စာအုပ်များကိုလည်း ယူလာခဲ့သည်။ စာရေး၍ မရလျှင် စာဖတ်ရန်ဆိုသည့် သဘောဖြင့် လိုလိုမယ်မယ် ယူလာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်ယူလာခဲ့သည့် စာအုပ်များက အင်္ဂလိပ်သူလျှို ဝတ္ထုရေးဆရာ အိုင်ယန်ဖလင်းမင်း၏ ဂျိမ်းဘွန်းစုံထောက် ဝတ္ထုများ ဖြစ်သည်။ ကျွန်တော်နှင့်အတူ ဂျိမ်းဘွန်းစုံထောက်ဝတ္ထု ဆယ့်ငါးအုပ် ပါလာသည်။ ဂျိမ်းဘွန်းဝတ္ထု ဆယ့်ငါးအုပ်ကို တစ်ပတ်အတွင်း ကျွန်တော် ဖတ်ပစ်လိုက်သည်။

ယနေ့ည နောက်ဆုံးအုပ်ကို ဖတ်၍ ပြီးသွားပြီ။

ဂျိမ်းဘွန်းဝတ္ထုများ၊ ဂျိမ်းဘွန်းရုပ်ရှင်များ မြန်မာနိုင်ငံသို့ ရောက်နေချိန်၌ ကျွန်တော်သည် နံရံလေးဖက်ကာထားသော 'ဘဝတဏှာသိုလ်'တွင် ရောက်နေသည်။ ဘဝတဏှာသိုလ်တွင် စာမဖတ်နိုင်ခဲ့။ သို့ရာတွင် လူတွေ၏ စိတ်များကိုတော့ ဖတ်ရသည်။ စာကို မလေ့လာရ။ ဘဝကို လေ့လာရသည်။ ထို့ကြောင့် အလွန်နာမည်ကြီးလှသော ဂျိမ်းဘွန်းဝတ္ထုများကို ကျွန်တော် ဖတ်ခွင့် မရခဲ့။ ဂျိမ်းဘွန်း ရုပ်ရှင်များကို ကျွန်တော် ကြည့်ခွင့်မရခဲ့။

သို့ရာတွင် ဂျိမ်းဘွန်းအကြောင်းကိုကား မကြားချင်၍ မနေရ။ သတင်းစာများက ရုပ်ရှင်ကြော်ငြာများထဲတွင် ဂျိမ်းဘွန်း ရုပ်ရှင်ကြော်ငြာများကို တွေ့နေရသည်။ ၀၀၇ ကို မြင်နေရသည်။ ဂျိမ်းဘွန်းအကြောင်း ဆောင်းပါးများကို မဂ္ဂဇင်းထဲတွင် ဖတ်နေရသည်။

မဖတ်ချင်၊ မမြင်ချင်၊ မကြားချင်၍ မရ။ ဂျိမ်းဘွန်း၏ သင်္ကေတများသည် အုတ်နံရံလေးဖက်ကို ကျော်ကာ ဘဝတဏှာသိုလ်ထဲအထိ ချဉ်းနင်းဝင်ရောက်လာသည်။ အုတ်နံရံ လေးဖက်ကာထားသည့် ဘဝတဏှာသိုလ်ထဲသို့အထိပင် ဂျိမ်းဘွန်းသည် ချဉ်းနင်းဝင်ရောက်လာသည်ဆိုလျှင် အုတ်နံရံလေးဖက်အပြင်တွင် ဂျိမ်းဘွန်းသည် မည်မျှ ရေပန်းစားနေမည်ကို ကျွန်တော် အလွယ်တကူ မှန်းဆ၍ ကြည့်နိုင်ပါသည်။

အုတ်နံရံလေးဖက်ကာထားသော ဘဝတဏှာသိုလ်မှာ 'မဟာဝိဇ္ဇာ'ဘွဲ့ကို ကျွန်တော်ဖြေဆိုပြီး ထွက်လာသောအချိန်၌ အပြင်၌ ဂျိမ်းဘွန်းတွေ ခေတ်စားလျက်ရှိ၏။ ကျွန်တော်၏ သားအငယ် ဆောင်းကစားသော ခြောက်လုံးပြူးတွင် ၀၀၇ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်ကို တွေ့ရ၏။ သူ ပူဆာသဖြင့် သူ့၏မေမေ ဝယ်ပေးထားသည့် ပလပ်စတစ် ဘီးတွင်လည်း ၀၀၇ ကို တွေ့ရ၏။ သကြံန်ရေပက်သည့် ပြွတ်တံ၌လည်း ၀၀၇ ကို တွေ့ရ၏။ သားငယ်၏ ဘောင်းဘီက ပလပ်စတစ်ခါးပတ်၌လည်း ၀၀၇ ကို တွေ့ရ၏။ ကလေးကစားစရာပစ္စည်း တော်တော်များများ၌ ၀၀၇ တံဆိပ်သည် အထင်းသား ပေါ်လျက် ရှိသည်။ ၀၀၇၊ ၀၀၇၊ ၀၀၇ ။

ကျွန်တော် မအံ့ဩ။

ဂျိမ်းဘွန်း၏ ၀၀၇ အမှတ်တံဆိပ်သည် နံရံလေးဖက်ကာထားသည့် ဘာ တက္ကသိုလ်ထဲအထိ ချဉ်းနင်းကျူးကျော်လာနေသည်ကို ကျွန်တော် တွေ့ခဲ့ပြီ မဟုတ် လော။

နှစ်ရက် သုံးရက် ရှိသောအခါ ကျွန်တော့်သားငယ်သည် ဂျိမ်းဘွန်းအကြောင်း ကို ပြောပြပြန်သည်။ ဂျိမ်းဘွန်း မည်မျှ သေနတ်ပစ်တော်ကြောင်း၊ မည်မျှ လက်သီး ထိုးကောင်းကြောင်း၊ လူဆိုးဂိုဏ်းကို မည်သို့ စုံစမ်းထောက်လှမ်းကြောင်း၊ လူဆိုး ဆယ်ယောက်ကို ဂျိမ်းဘွန်းတစ်ယောက်တည်းနှင့် အလဲထိုးခဲ့ကြောင်း၊ ဂျိမ်းဘွန်း ရုပ်ရှင်များ မည်မျှကြိမ်း၍ ကောင်းကြောင်း စသည်တို့ကို သူ နားလည်သလောက် ပြောပြ၏။

သည်အခါ၌လည်း ကျွန်တော် မအံ့ဩ။

ဘဝတက္ကသိုလ်က ကျွန်တော် ထွက်လာတော့ ကျွန်တော့် သားငယ်သည် ကိုးနှစ်ကျော်မျှသာ ရှိဦးမည်။

"မင်းတို့ ဂျိမ်းဘွန်းကား ဘယ်နှစ်ကား ကြည့်ဖူးသလဲ"

ကျွန်တော်က မေး၏။

"သုံးကား ကြည့်ဖူးတယ်"

၄င်းက မဆိုင်းမတွ ဖြေသည်။

"မင်းကို ဘယ်သူလိုက်ပြသလဲ"

"မေမေ လိုက်ပြတယ်"

ကျွန်တော်က ဇနီးသည်ကို လှမ်းကြည့်သည်။

"ဂျိမ်းဘွန်းကား ပြပါလို့ တဂျီဂျီပူဆာနေလို့ လိုက်ပြရတာလေ။ ကျောင်းမှာ သူ့သူငယ်ချင်းတွေက ဂျိမ်းဘွန်းအကြောင်းနဲ့ ဖူမန်းချူးရုပ်ရှင်အကြောင်းတွေ ပြော နေတော့ သူက ဘာမှ ပြန်မပြောနိုင်လို့ ရှက်သတဲ့လေ။ တစ်နေ့တော့ သူ့သူငယ်ချင်း





တစ်ယောက်က "ဟေ့ကောင်၊ ဂျိမ်းဘွန်းရုပ်ရှင်တောင်မှ မကြည့်ဖူးဘူးလား၊ တုံး လှချည်လား"လို့ ပြောလို့ ရန်ဖြစ်လာတယ်။ အဲဒီကစပြီး ဂျိမ်းဘွန်းရုပ်ရှင် လိုက်ပြ ရမယ်လို့ တဂျီဂျီလုပ်နေလို့ ပြလိုက်ရတယ်။ နှစ်ကားပါပဲ။ နောက်တော့ မပြဖြစ်တော့ ပါဘူး"

ကျွန်တော့်ဇနီးက ကျွန်တော် မျက်လုံးဖြင့်မေးလိုက်သော မေးခွန်းအတွက် ရှင်းလင်းချက် ထုတ်သည်။

သည်တော့ ကျွန်တော် ဘာမျှ မပြောနိုင်တော့။ ကျွန်တော့် သားငယ်သည် ဂျိမ်းဘွန်း သေနတ်လက်ဖြောင့်ခြင်း၊ လက်သီးထိုးကောင်းခြင်း၊ လူဆိုးဆယ်ယောက် ကို တစ်ယောက်တည်းဖြင့် သတ်နိုင်ခြင်း စသည့်မျှလောက်ကိုသာ အားကျသည့် အရွယ်မို့ တော်သေးသည်ဟု အောက်မေ့ရသည်။ အကယ်၍များ ဂျိမ်းဘွန်း မြာစွဲပုံ၊ အရက်ခွက်ပေါင်းများစွာ သောက်နိုင်ပုံကို အားကျတတ်သည့် အရွယ်ဆိုလျှင် ခက်ရ ချည့်။

ဘဝတက္ကသိုလ်က ထွက်တော့ အပြင်တွင် ဂျိမ်းဘွန်းရုပ်ရှင်များ ပြပြီးနေပြီ။ သို့ရာတွင် ဂျိမ်းဘွန်းဝတ္ထုများ ပလူပျံဆဲ၊ ၀၀၇ အမှတ်တံဆိပ်များ ခေတ်စားဆဲဖြစ် သည်။

ဂျိမ်းဘွန်းဝတ္ထုများ၊ ရုပ်ရှင်များ ဘာကြောင့်ခေတ်စားသည်ကို ကျွန်တော် သိ ချင်သည်။ ဂျိမ်းဘွန်း၏ စိတ်ဓာတ်ကို သရုပ်ခွဲကြည့်ချင်သည်။ ဂျိမ်းဘွန်း၏ ခန္ဓာ ဆအကို ဖြတ်တောက် စိတ်ဖြာကြည့်ချင်သည်။ သို့ရာတွင် အချိန်မရ၊ ဘဝတက္ကသိုလ် က ထွက်စဖြစ်၍ ဒီဂရီနည်းနေပြီဖြစ်သော ကျွန်တော့် မျက်စိနှင့်ကို လဲရဦးမည်။ ခေတ်၏အခြေအနေ၊ လူထု၏ အခြေအနေကို လေ့လာရဦးမည်။

ထို့ကြောင့် ဂျိမ်းဘွန်းရုပ်ရှင်များကို ကျွန်တော် မကြည့်လိုက်ရ၊ ဂျိမ်းဘွန်း ဝတ္ထုများကိုလည်း ကျွန်တော် မဖတ်ဖြစ်ခဲ့။

(၃)

သည်နှစ်နွေတွင် ကလောသို့ ကျွန်တော် တက်သွားသည့်အခါ၌ ဂျိမ်းဘွန်း ဂျိမ်းဘွန်းဝတ္ထုများကို ယူလာခဲ့သည်။ ဂျိမ်းဘွန်းဝတ္ထုကို နှစ်နှစ်ခြိုက်ခြိုက် ဖတ်ခဲ့သော တက္ကသိုလ်နောက်ဆုံးနှစ်ရောက် ကျောင်းသားလူငယ်တစ်ဦးထံမှ ဂျိမ်းဘွန်းဝတ္ထု ဆယ့်ငါးအုပ် ရခဲ့သည်။ ကျွန်တော်နှင့် ဂျိမ်းဘွန်းရုပ်ရှင်များ၊ ဝတ္ထုများအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



စကားစပ်၍ ပြောမိကြရာက ငှင်းထံတွင် သိမ်းထားသော စာအုပ်များကို ငှားလိုက်ခြင်းဖြစ်သည်။

"မင်း၊ ဂျိမ်းဘွန်းဝတ္ထုတွေကို တော်တော် သဘောကျသလား"

ကျွန်တော်က မေးလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်တုန်းကတော့ တော်တော့်ကိုသဘောကျတယ် ဆရာ"

ငှင်းက ပြုံး၍ ဖြေသည်။

"ခုကော"

"ခုတော့ သိပ် မကြိုက်တော့ပါဘူး"

"ကဲ၊ ဒါဖြင့် ဟိုတုန်းက ဘာဖြစ်လို့ကြိုက်ခဲ့ပြီး၊ ခု ဘာဖြစ်လို့ မကြိုက်တော့တာလဲ ဆိုတာကို ပြောစမ်းပါဦး။ စာဖတ်သူတစ်ယောက်ရဲ့ ထင်မြင်ချက်ကို လေ့လာရတာပေါ့"

လူရွယ်က ပြုံးသည်။ ရှက်စနိုးအမူအရာသည် ငှင်း၏ နုနယ်ပျို့ရွယ်သော မျက်နှာပေါ်တွင် အထင်းသားပေါ်လာသည်။ ကျွန်တော်သည် ထိုလူရွယ်၏စကားများကို နားထောင်ရင်း ငှင်းကို အသေးစိတ် လေ့လာနေမိသည်။

လူရွယ်က အသက်နှစ်ဆယ့် သုံးလေးနှစ်လောက်သာရှိဦးမည်ဟု ကျွန်တော်ထင်သည်။ အထက်တန်းအရာရှိကြီးတစ်ဦး၏ သားဖြစ်၍ ငယ်ငယ်က သာသနာ့ပြု ကျောင်းများတွင် နေခဲ့ဖူးသည်။ မြန်မာဝတ္ထုများကို ဖတ်ဟန်မတူ။ အင်္ဂလိပ်ကာတွန်းများ၊ အင်္ဂလိပ်စုံထောက်ဝတ္ထုများ၊ လျှို့ဝှက်သည်းဖိုဝတ္ထုများကို တော်တော်များများ ဖတ်ဖူးပုံရသည်။

"ကြိုက်တုန်းကတော့ ဂျိမ်းဘွန်းက သူ့ရဲကောင်း (ဟီးရိုး)ဖြစ်ဖူးတာကိုး ဆရာရဲ့။ လူငယ်ဆိုတော့ သူ့လို ခက်ခက်ခဲခဲ အလုပ်တွေကို လုပ်ချင်တယ်။ စွန့်စားချင်တယ်။ ဖျတ်လတ်တက်ကြွချင်တယ်။ သူ့လို ရဲရင့်ချင်တယ်။ သူ့လို အဖက်ဖက်က တော်ချင်တယ်။ ပြီးတော့ …

"သူ့လို မြူးစွံချင်တယ် ဆိုပါတော့"

ကျွန်တော်က ပြုံး၍ ပြောလိုက်သည်။ ငှင်းကလည်း ပြုံးသည်။ သို့ရာတွင် ငှင်း၏အပြုံးက ရှက်ပြုံး။

"ဒီလိုတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် မိန်းကလေးတွေက စိတ်ဝင်စားတဲ့





လူတစ်ယောက်တော့ ဖြစ်ချင်တယ်။ သူတို့ပါးစပ်ဖျားမှာ ရေပန်းစားတဲ့ လူတစ်ယောက် ဖြစ်ချင်တယ်"

ငှင်းက ငှင်း၏ဆန္ဒကို ပွင့်လင်းစွာ ပြောပြသည်။

"ဒါကြောင့် ဂျိမ်းဘွန်းဝတ္ထုတွေကို ကြိုက်တယ် ဆိုပါတော့"

"ဟုတ်ကဲ့"

"ခု မကြိုက်ဘဲဖြစ်လာရတဲ့ အကြောင်းကကော"

ငှင်းက အတန်ကြာ စဉ်းစားနေသည်။ စဉ်းစားရင်း ငှင်း၏အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်၍ တစ်လိပ်ကို ထုတ်သောက်သည်။ ကျွန်တော့်ကိုလည်း ထုတ်၍ တည်သည်။ စီးကရက်က အင်္ဂလန်ကလာသည့် ဒန်းဟီးလ်စီးကရက်။

"ခုတော့ ဂျိမ်းဘွန်းရဲ့ဝတ္ထုတွေက တစ်ခုနဲ့ တစ်ခု ထပ်နေတယ်။ နောက်ခံသာပြောင်းပြီး ဇာတ်လမ်းကတော့ အတူတူချည်းပဲ ဖြစ်နေတယ်"

"ဇာတ်လမ်းက အတူတူဆိုတာ ဘယ်လိုလဲ"

ကျွန်တော်က ဂျိမ်းဘွန်းဝတ္ထုများကိုလည်း မဖတ်ဖူးသေး၊ ဂျိမ်းဘွန်းရုပ်ရှင်ကိုလည်း မကြည့်ဖူးသေး။ ထို့ကြောင့် ဂျိမ်းဘွန်းဝတ္ထုများအကြောင်းကို ငှင်းအား မေးရသည်။

"ဂျိမ်းဘွန်းက ဗြိတိသျှထောက်လှမ်းရေးက အရာရှိတစ်ယောက်။ အရာရှိမှ အထူးအာဏာကုန်ရထားတဲ့ အရာရှိ။ သူ့ အမှုထမ်းအမှတ်က ၀၀၇။ လိုအပ်ရင် ရန်သူတစ်ယောက်ကို အချိန်မရွေး ပစ်သတ်နိုင်ခွင့်ရှိတယ်။ ပြင်သစ်၊ ဂျပန်၊ ဥရောပ၊ လက်တင်အမေရိက စတဲ့ နေရာတွေမှာ ခက်ခက်ခဲခဲ သွားအမှုထမ်းရတယ်၊ ဆရာပြောသလို မြူးစွံတယ်၊ အရက်ခွက်ပေါင်းများစွာကို သောက်နိုင်တယ်၊ ဘယ်လောက် သောက်သောက် မမူးဘူး။ သေနတ်ပစ်တော်တယ်၊ စုံစမ်းထောက်လှမ်းတဲ့နေရာမှာ ပီရိတယ်။ သူ စုံစမ်းထောက်လှမ်းတဲ့ အမှုတိုင်းဟာ အောင်မြင်တာချည်းပဲ"

"သူက ဘာစုံထောက်လဲ ….၊ ဦးစံရှားတို့လို မျိုးလား [illegible] စုံထောက်မျိုးလား၊ ဦးထွန်းပေါ်လိုလား၊ တင်မောင်ဆွေလိုလား"

ငှင်းက ရယ်၍ ခေါင်းယမ်းသည်။

"ဆရာပြောတဲ့ စုံထောက်ဦးစံရှားက နာမည်တော့ သိပ်ကြီးတာပဲ။ ဒါပေမယ့် ကျွန်တော် တစ်ခါမှ မဖတ်ဖူးသေးဘူး။ [illegible] ဆိုတာကတော့ ကြားတောင် မကြားဖူးဘူး။ တင်မောင်ဆွေကိုတော့ ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုလူငယ်ကို တအံ့တသြ ကြည့်လိုက်သည်။ ၎င်း၏ ဆံပင်က ခပ်ရှည်ရှည်။ သို့ရာတွင် လမ်းသရဲဆံပင်လောက်တော့ မရှိ။ ဆယ်ကျော်သက် အရွယ် လောက်တုန်းကမူ လမ်းသရဲဆံပင်မျိုး ဖြစ်ဟန်တူသည်။ နှစ်ဆယ်ကျော်လာသည့် အခါကျမှ ဖြည်းဖြည်း တိုသွားခြင်းဖြစ်မည်ဟု ကျွန်တော် ထင်သည်။

ထိုလူငယ်သည် စံထောက် ဦးစံရှားကိုလည်း မမီလိုက်။ စောရသက်ပြင်းကို လည်း မမီလိုက်။ တင်မောင်ဆွေကိုလည်း မမီလိုက်။ သူမီလိုက်သူမှာ ဂျိမ်းဘွန်းသာ ဖြစ်ဟန်တူသည်။

"ဦးစံရှားဆိုတာ စာရေးဆရာကြီး ရွှေဥဒေါင်းရဲ့ စုံထောက်ကျော်ကြီး။ ခုခေတ် စကားနဲ့ပြောရရင်တော့ အလွတ်စုံထောက်ပေါ့ကွာ။ အင်္ဂလိပ်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းရဲ့ ရှားလော့ဟုမ်းကို မြန်မာလိုမှီးထားတာ။ ဒါပေမယ့် ဦးစံရှား ရဲ့ အတွေးအခေါ်ဟာ မြန်မာဆန်တဲ့အတွက် မှီးတယ်လို့ မထင်ရဘူး။ နောက်တစ် ချက်က ဦးစံရှားရဲ့ အမှုတွေ ဖြစ်ပွားပေါ်ပေါက်တဲ့ နေရာကလေးတွေဟာ သမိုင်းတို့ ကြို့ကုန်းတို့၊ သင်္ကန်းကျွန်းတို့ စတဲ့ ရန်ကုန်ဆင်ခြေဖုံး ရပ်ကွက်ကလေးတွေ ဖြစ်နေ တဲ့အတွက် ယုတ္တိတန်တယ်။ ဦးစံရှားရဲ့ ယုတ္တိဗေဒတွေဟာ အများအားဖြင့် ခိုင်လုံ တယ်၊ ကျိုးကြောင်းညီညွတ်တယ်။ ဖြစ်လေ့ဖြစ်ထ ရှိတယ်။ ဒါကြောင့် မှီးတယ်လို့ မထင်ရဘူး။ စုံထောက်ဝတ္ထုထဲက အရုပ်လိုလူပ်ရှားနေတဲ့ စုံထောက်ဇာတ်လိုက် တစ်ယောက်လို့ မထင်ရဘူး။ တကယ် အသက်ထင်ရှားရှိတဲ့ စုံထောက်တစ်ယောက် လို အသက်ပါတယ်"

"စောရသက်ပြင်း ဆိုတာကကော"

"စောရသက်ပြင်းဆိုတာက စုံထောက်သက်သက် မဟုတ်ဘူး။ သူက စုံထောက်သူခိုး၊ စာရေးဆရာကြီး မဟာဆွေ မွေးထုတ်ခဲ့တာ"

"ဟင် … စုံထောက်သူခိုး ဟုတ်လား"

လူငယ်က တအံ့တသြ မေးလိုက်သည်။

"ဟုတ်တယ်၊ ဂုဏ်သရေရှိ သူခိုးကြီး …။ တစ်ပြိုင်နက်တည်းမှာလည်း စုံထောက်ကြီး"

"ဘာဖြစ်လို့ သူခိုးဖြစ်တာလဲ"

"ဒီလိုလေ၊ သူက ရန်ကုန်မြို့ပေါ်မှာ အထက်တန်းကျကျ နေတယ်။ သူ ခိုး တယ်ဆိုတာက ဝိသမလောဘတိုက်ပြီး သူများကို မတရားသွေးစုပ်ယူတဲ့ အရင်းရှင်





ကြီးတွေရဲ့ပစ္စည်းကို ခိုးတယ်။ နိုင်ငံခြားသား အရင်းရှင်ကြီးတွေရဲ့ ပစ္စည်းကိုခိုးတယ်။ ဥပမာ၊ နိုင်ငံခြားသား ကုန်သည်ကြီးတစ်ယောက်က အလွန်အဖိုးတန်တဲ့ ကျောက်စိမ်း ဘုံးကြီးတစ်ဘုံး၊ ဒါမှမဟုတ် ရှေးဟောင်းပစ္စည်းတစ်ခုကို ခိုးထုတ်ဖို့ ကြိုးစားတယ် ဆိုပါတော့။ ဒါမျိုးကို သူက ပုလိပ်တွေထက်ဦးအောင် စုံစမ်းထောက်လှမ်းပြီး အဲဒီ ပစ္စည်းမျိုးကို ပြန်ပြီး ခိုးယူတယ်။ မျိုးချစ် သူခိုးစုံထောက်ကြီးပါ"

"ဒါကကော မှီးတာပဲလား"

လူရွယ်က မေးသည်။

"အာဆင်လူပင်ဆိုတဲ့ ပြင်သစ်စုံထောက် သူခိုးဝတ္ထုတွေကို မှီးတယ်လို့ စာရေးဆရာကြီး မဟာဆွေကိုယ်တိုင်က ဝန်ခံထုတ်ဖော်ရေးတာကို ဖတ်ဖူးတာပဲ။ ဘယ်လိုမှီးလဲဆိုတာကိုတော့ ကိုယ်ကိုယ်တိုင် အာဆင်လူပင်ကို မဖတ်ဖူးလို့ မပြောနိုင် ဘူး။ ဦးထွန်းပေါ်ဆိုတဲ့လူကတော့ စုံထောက်စာရေးဆရာကြီး ဝဇီရာရဲ့ စုံထောက် ဝတ္ထုတွေထဲက စုံထောက်ကြီးတစ်ယောက်ပဲ။ တင်မောင်ဆွေကိုတော့ သိမှာပေါ့"

"စာရေးဆရာကြီး မိုးဝေရဲ့ တင်မောင်ဆွေ ဆိုတာလောက်ကိုတော့ သိပါ တယ်"

"ဟုတ်ပါတယ်၊ စာရေးဆရာကြီး မိုးဝေရဲ့ ဇာတ်ကောင်ပဲ။ သူကလည်း စတာရှေနီရဲ့ လင်မီကော်ရှင်ကို မှီးထားတာပဲ။ ဒီစုံထောက်တွေအားလုံးဟာ ရာဇဝတ် မှုကို ထောက်လှမ်းတဲ့ စုံထောက်တွေချည်းပဲ။ ဒီတော့ မင်းရဲ့ ဂျိမ်းဘွန်းကတော့ သူ တို့လို ရာဇဝတ်မှုခင်းစုံထောက် မဟုတ်ဘူးထင်တယ်"

"မဟုတ်ဘူးခင်ဗျ။ သူက ဗြိတိသျှ အထူးထောက်လှမ်းရေးက အရာရှိ။ သူလျှိုမှုတွေကို စုံစမ်းထောက်လှမ်းရတယ်။ အထူးသဖြင့် ရုရှားသူလျှိုတွေရဲ့ ထောက် လှမ်းမှုတွေကို ပြန်ပြီး လောက်လှမ်းရတဲ့ တန်ပြန်ထောက်လှမ်းရေး"

"ဒီလိုနဲ့ ဂျိမ်းဘွန်းတွေကို ဖတ်ရင်း တဖြည်းဖြည်း အီသွားတယ်ဆိုပါတော့"

"ဟုတ်တယ်၊ တဖြည်းဖြည်း အီလာတယ်"

"စုံထောက်ဝတ္ထုဟာ ဒီအတိုင်းပဲ ဖြစ်ရမှာပဲ။ စုံထောက်ဝတ္ထုဟာ အရင်းရှင် စနစ်ရဲ့ ဖွားဖက်တော်ဖြစ်တယ်။ အရင်းရှင်စနစ်ကြောင့် မှုခင်းတွေ ပေါ်ရတာပေါ့။ မှုခင်း တွေပေါ်တဲ့အတွက် ဒီမှုခင်းတွေအကြောင်း ရေးတဲ့ စုံထောက်ဝတ္ထုတွေ ပေါ်လာတာ။ မှုခင်းတွေ မရှိတဲ့အခါမှာ သို့မဟုတ် နည်းပါးသွားတဲ့အခါမှာ စုံထောက်ဝတ္ထုဟာ တဖြည်းဖြည်း တိမ်ကောသွားရမှာပဲ။ စုံထောက်ဝတ္ထုဟာ အနောက်နိုင်ငံ အရင်းရှင်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်၊ ဥရောပနဲ့ အမေရိကန်တို့မှာ သိပ် အားကောင်းတယ်''

''ဆိုရှယ်လစ်နိုင်ငံတွေမှာတော့ မရှိဘူးလို့ ဆရာဆိုချင်သပေါ့''

လူရွှယ်က ကျွန်တော့်ကို ပြုံး၍ကြည့်သည်။ သူ့အပြုံးက မယုံကြည်သော အပြုံး၊ သံသယဝင်သော အပြုံး။

''မရှိသလောက်ပဲလို့ ပြောချင်တယ်။ ဒါကလည်း သဘာဝကျပါတယ်။ ဆိုရှယ်လစ်နိုင်ငံတွေမှာ ရာဇဝတ်မှု နည်းတယ်။ ဒါကြောင့် စုံထောက်ဝတ္ထုလည်း နည်းတယ်။ ကိုယ်တွေ့ဖူးသလောက် ပြောရရင် တရုတ်ပြည်က စုံထောက်ဝတ္ထုရယ်လို့ တစ်ပုဒ်မှမဖတ်ဖူးဘူး။ ရုရှားကတော့ နှစ်ပုဒ်ဖတ်ဖူးတယ်။ တစ်ပုဒ်က 'မှုခင်းပါရဂူတစ်ဦး၏မှတ်တမ်း' ဆိုတာရယ်၊ နောက်တစ်ပုဒ်က 'ကျေးလက်စုံထောက်' ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်ရယ်၊ ဒါပဲ တွေ့ဖူး၊ ဖတ်ဖူးတာပဲ။ စုံထောက်ဝတ္ထုနဲ့ သြဇာဟာ အရင်းရှင်နိုင်ငံတွေမှာသာကြီးစိုးပြီး ဆိုရှယ်လစ်နိုင်ငံတွေမှာ မထွန်းကားနိုင်ဘူး။ ဒါဟာ သဘာဝကျတယ်။ ချုပ်ကြည့်ရင် စုံထောက်ဝတ္ထုဟာ အရင်းရှင်ယဉ်ကျေးမှုရဲ့ ဖွားဖက်တော် တစ်ဦးမျှသာ ဖြစ်တယ်''

''သူလျှိုဝတ္ထုကကော''

''သူလျှိုဝတ္ထုလည်း ဒီအတိုင်းပါပဲ။ အရင်းရှင်ယဉ်ကျေးမှုရဲ့ အကိုင်းအခက် တစ်ခုပါ။ ဆိုရှယ်လစ်နိုင်ငံတွေမှာ သူလျှိုဝတ္ထု မရှိပါဘူး။ ပြည်သူက အားမပေးဘူး။ လူများစုကြီးရဲ့ဘဝကို ကိုယ်စားပြုထားတာမှ မဟုတ်ပဲ။ လူနည်းစုကလေးရဲ့ လုပ်ကြံမှု၊ လျှို့ဝှက်ထောက်လှမ်းမှု၊ တန်ပြန်ထောက်လှမ်းမှုတွေကိုသာ ရေးပြတာပဲ။ ဒီဝတ္ထုတွေဟာ အပျော်ဖတ်အနေနဲ့ ဖတ်လို့ကောင်းချင် ကောင်းမယ်။ ရသကိုးပါး အနက် တစ်မျိုးမျိုးကို ပေးနိုင်ကောင်း ပေးနိုင်မယ်။ ဒါပေမယ့် စာပေအရာမမြောက်ပါဘူး။ အချိန်ရဲ့စမ်းသပ်မှုကို မခံနိုင်ပါဘူး''

လူရွှယ်က ကျွန်တော့် စကားများကို ကျေနပ်ဟန် မတူ။

''ရသကိုးပါးအနက် တစ်ပါးပါးကို ပေးနိုင်ရင် စာပေအရာ မမြောက်ဘူးလား''

''ရသကိုးပါးရဲ့ အဓိပ္ပာယ်ဟာ ကျယ်ဝန်းတယ်။ တစ်ထိုင်တည်းနဲ့ ပြောလို့မဖြစ်ဘူးထင်တယ်။ ဒါပေမယ့် တစ်ခုတော့ ပြောလို့ရပါတယ်။ ရသကို ပေးနိုင်တိုင်း စာပေအရာမြောက်တာ မဟုတ်ပါဘူး။ ဘယ်စာမဆို၊ ဘယ်ဘာသာစကားနဲ့မဆို ရေးချလိုက်ရင် ရသကိုတော့ ပေးတာချည်းပဲ။ ညစ်ညမ်းတဲ့ အပြာစာအုပ်တောင်မှ





ကိုဖတ်ရင်လည်း ညစ်ညမ်းတဲ့ရသကို ပေးတာပဲ။ ဒါပေမယ့် ရသစာပေအရာ မမြောက်ပါဘူး။ ရသကိုးပါးအနက် တစ်ပါးပါးကိုပေးနိုင်တိုင်း ရသစာပေလို့ ခေါ်ရမယ်ဆိုရင် စာရွက်အဖြူပေါ်ရေးတဲ့ စာလုံးတိုင်းဟာ ရသမြောက်ပြီး ရသစာပေတွေချည်း ဖြစ်နေမှာပဲ''

''ဒါဖြင့် ရသစာပေဆိုတာ ဘာလဲ''

''ရသစာပေဆိုတာ (ကရီယေးတစ်ရိုက်တင်း)လို့ခေါ်တဲ့ အင်္ဂလိပ်ဝေါဟာရကို ပညာရှင်များက မြန်မာပြန်ထားကြတဲ့ ဝေါဟာရပဲလို့ ကိုယ်နားလည်တယ်။ ပညာရှင်များကဆိုလိုတဲ့ ရသစာပေဟာ ရသကိုးပါးအနက် တစ်ပါးပါးကို ပေးနိုင်တဲ့ စာတိုင်းကို ပြောတာ မဟုတ်ဘူး။ ရသတစ်ပါးပါးကိုလည်း ပေးနိုင်ရမယ်။ လူ့စရိုက်၊ လူ့သဘာဝ၊ လောကစရိုက်၊ လောကသဘာဝကိုလည်း ပေါ်လွင်စေရမယ်။ ဒီနှစ်မျိုးစလုံးပြည့်စုံတဲ့ စာပေမျိုးကိုမှ ရသစာပေဖြစ်တယ်လို့ ဆိုလိုချင်တာနဲ့ တူတယ်။ ရသတစ်ပါးပါးကို ပေးနိုင်တဲ့စာတိုင်းကို ရသစာပေလို့ပြောရင် အပြာစာအုပ်ကို ဘယ့်နှယ်ပြောမလဲ။ သူလည်း ညစ်ညမ်းတဲ့ရသ၊ အပြာရသကို ပေးနိုင်တာပဲ''

''ဒီတော့ စုံထောက်ဝတ္ထုကို ရသစာပေမမြောက်ဘူးလို့ ဆရာဆိုချင်သလား''

''ဟုတ်တယ်၊ ယေဘုယျပြောရရင် စုံထောက်ဝတ္ထုဟာ ရသစာပေ မမြောက်ဘူး။ ခြွင်းချက်တော့ ရှိမယ်ပေါ့လေ။ လောကသဘာဝ၊ လူ့သဘာဝကို ဖွင့်ပြသွားတဲ့ စုံထောက်ဝတ္ထုမျိုးတွေကိုတော့ ရသမမြောက်ဘူးလို့ မဆိုလိုပါဘူး။ ဒါပေမယ့် ခုခေတ် စုံထောက်ဝတ္ထုတွေကတော့ ရသစာပေလည်း မဟုတ်ဘူး။ သူတို့မှာ အနာဂတ်လည်း မရှိဘူး''

လူရွှယ်က ကျေနပ်ပုံ မရ။ ၎င်းမကျေနပ်သော်လည်း ကျွန်တော့် အယူအဆ ကိုမေး၍ ပြောရခြင်းဖြစ်သည်။ ကျွန်တော့်အယူအဆသည် ၎င်း၏အယူအဆနှင့် [illegible] ချင်မှတူမည်။ ကျွန်တော့်အယူအဆကိုယ်၌က မှားချင်မှားမည်။ သို့ရာတွင် [illegible] ပြည်သူနှင့် ပညာရှင်များက ပြင်ကြလိမ့်မည်။

''အနာဂတ်မရှိဘူးလို့သာ ဆရာက ပြောတယ်။ ကမ္ဘာမှာရော [illegible] ရော စုံထောက်ဝတ္ထုတွေပဲ ခေတ်စားနေတာ မဟုတ်ဘူးလား''

''ဟုတ်ပါတယ်၊ အဲဒါကြောင့် အနာဂတ်မရှိဘူးလို့ ပြောတာပေါ့''

ကျွန်တော်က ပြုံး၍ ပြောသည်။ ၎င်းက ကျွန်တော့်စကားကို [illegible] ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ငှင်းက ကျွန်တော့်စကားကို ကျေနပ်ဟန် မတူ။ အနာဂတ်မရှိဟုလည်း ပြောသေး၊ စုံထောက်ဝတ္ထုများ သြဇာကြီးနေသည်ကိုလည်း ဝန်ခံထားသည်။ ထိုနှစ်ခုသည် ပဋိပက္ခ ဖြစ်နေသည်။ ထို့ကြောင့် ကျွန်တော့်စကားသည် ကျေနပ်ဖွယ် မဟုတ်ဟု ငှင်းက ယူဆဟန်တူသည်။

"တစ်အချက်ကတော့ နိုင်ငံရေးအမြင်ပဲ။ စုံထောက်စာပေအဖို့ အနာဂတ်မရှိဘူးလို့ ပြောတာဟာ နိုင်ငံရေးအရ ပြောတာပဲ။ စုံထောက်စာပေဟာ အရင်းရှင် ယဉ်ကျေးမှုရဲ့ ဖွားဖက်တော်လို့ ပြောခဲ့ပြီ။ ခုခေတ်ဟာ အရင်းရှင်စနစ် ဘက်ပေါင်းစုံက ပြိုလဲပျက်စီးပြီး ဆိုရှယ်လစ်စနစ်က အောင်ပွဲဆီကို ဦးတည်နေတဲ့ခေတ်ဖြစ်တယ်။ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကမှာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွေ ပြင်းထန်နေတဲ့ ခေတ်ဖြစ်တယ်။ အရင်းရှင်ကမ္ဘာဟောင်းဟာ မိုးထဲလေထဲမှာ ယိမ်းထိုးပျက်စီးနေတယ်။ သရဖူတွေဟာ တစ်လုံးပြီးတစ်လုံး ပေါက်ကွဲနေတယ်။ မီးတောင်တွေ တစ်လုံးပြီးတစ်လုံး ပြုတ်ကျနေတယ်။ ဒါကြောင့် အနာဂတ်ယဉ်ကျေးမှုသစ်မှာ အရင်းရှင်စာပေရဲ့ အခန်းမရှိဘူး။ အနာဂတ်စာပေဟာ ပေါက်ကွဲနေတဲ့ မီးတောင်တွေ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုထဲက တိုက်ပွဲဝင်ပြည်သူတွေအကြောင်းကို ဖော်ပြရမှာပဲ။ ဒီနေ့အချိန် ကမ္ဘာမှာရော၊ မြန်မာမှာရော စုံထောက်ဝတ္ထုဟာ သြဇာကြီးနေသေးတယ်ဆိုရင် ဒါဟာ တော်လှန်ရေးစာပေရေစီးကြောင်းထဲက ဖောက်ပြန်တဲ့ ရေဆန်ကလေးတစ်ခုမျှသာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံရေးအရပြောရရင် စုံထောက်စာပေဟာ အနာဂတ်မရှိဘူး"

"ပြီးတော့ကော"

"နောက်တစ်ခုက စာပေအမြင်၊ စာပေအမြင်အရ ပြောရရင် စုံထောက်ဝတ္ထုဟာ အကျပိုင်း ရောက်နေပြီ"

"အကျပိုင်း ဟုတ်ရဲ့လား"

ငှင်းက တအံ့တသြ မေးသည်။

"ဟုတ်တယ် အကျပိုင်းကို ရောက်နေပြီ"

"ဘာဖြစ်လို့လဲ၊ ဘာကိုကြည့်ပြီး အကျပိုင်းကို ရောက်နေတယ်လို့ ဆရာက ပြောတာလဲ။ ဘယ်သူက ပြောတာလဲ"

ငှင်းက ကိုယ်ကြိုက်သောအဖြေကို မရသည့် ရှေ့နေတစ်ဦးလို မေးခွန်း





ထုတ်သည်။

"ဘယ်သူကမှ မပြောပါဘူး။ စုံထောက်ဝတ္ထုရဲ့ ဖြစ်ပေါ်တိုးတက်မှု သမိုင်းက ပြောပြတာပါ"

ကျွန်တော်က ဖြေသည်။

"စုံထောက်ဝတ္ထုရဲ့ သမိုင်းက"

"ယေဘုယျပြောရရင် စုံထောက်ဝတ္ထုရဲ့ ဖခင်ဟာ ကိုနင်ဒွိုင်းပဲ။ ရှားလော့ဟုမ်း ဝတ္ထုပေါ်လာပြီးနောက် ကမ္ဘာမှာ စုံထောက်ဝတ္ထုဟာ ခေတ်စားလာတယ်။ နှစ်ဆယ်ရာစုရဲ့ အနှစ်သုံးဆယ်လောက် ရောက်တဲ့အခါကျတော့ အင်္ဂလန်မှာ ဒေါ်ရိုသီ အယ်ဆေးယားစ်တို့၊ အဂ္ဂါဝေါလေ့စ်တို့၊ အမေရိကန်မှာ အားလ် စတန်လေ ဂါဒ်နားတို့၊ ပီတာရှေနီတို့၊ ပြင်သစ်မှာ ဆယ်မီနွန်တို့ ပေါ်လာတယ်။ နှစ်ဆယ်ရာစုနှစ် တစ်ဝက်ကျော်လာတဲ့အခါကျတော့ အင်္ဂလန်မှာ ဂျိမ်းဘွန်းကို ဖန်တီးတဲ့ အိုင်ယန်ဖလင်းမင်းတို့၊ အမေရိကန်မှာ ဂျိမ်းဟက်ဒလီချေ့စ်တို့၊ ဒင်းနစ်ဝှစ်တလေးတို့ စသည်ဖြင့် ရာပေါင်းများစွာသော စုံထောက်စာရေးဆရာတွေ ပေါ်လာကြတယ်။ ကိုနင်ဒွိုင်းက လွဲရင် အဲဒီ စုံထောက်စာရေးဆရာတွေဟာ တစ်ခေတ်ပဲ ခံလိုက်ကြတယ်။ ဆယ်စုနှစ် တစ်ခုကျော်ပဲ ဆိုပါတော့။ ဆယ်စုနှစ်တစ်ခုရောက်တာနဲ့ တစ်ပြိုင်နက် ခေတ်စားနေတဲ့ စုံထောက်ဝတ္ထုရေးဆရာဟာ ပျောက်သွားပြီ။ ရှာလို့ မရတော့ဘူး။ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်းတုန်းကတော့လည်း သူမှ သူပဲ။ ဒါပေမယ့် ဆယ်နှစ်ကျော်လို့ စင်မြင့်ပေါ်လှမ်းကြည့်လိုက်တော့ အဲဒီ စုံထောက် စာရေးဆရာ မရှိတော့ဘူး၊ အနာဂတ်တစ်ယောက် ရောက်နေပြန်ပြီ။ ဒေါ်ရိုသီဆေးယားစ်ရဲ့ စုံထောက်ဝတ္ထုနဲ့ အဂ္ဂါဝေါလေ့စ်ရဲ့ စုံထောက်ဝတ္ထုတွေကို ခုခေတ်မှာ ဘယ်သူတွေ ဖတ်ကြသေးလို့လဲ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်က ဟိုးလေးတကျော်ဖြစ်ခဲ့တဲ့ အားလ်စတန်လေဂါဒ်နာရဲ့ စုံထောက်ဝတ္ထုတွေကို ဘယ်သူတွေ ဖတ်ကြသေးလို့လဲ။ သူတို့ကို ခေတ်မမီတော့ဘူးလို့ ခုခေတ် စာဖတ်ပရိသတ်က ယူဆနေကြပြီ မဟုတ်လား။ ခုခေတ်က ဒင်းနစ်ဝှစ်တလေတို့၊ ဟက်ဒ်လီချေ့တို့၊ အိုင်ယန်ဖလင်းမင်းတို့လောက်ကိုသာ ဖတ်ကြတော့တယ်။ နောင် ဆယ်နှစ်လောက်ကြာရင် သူတို့လည်း စင်မြင့်ပေါ်က ပျောက်သွားကြဦးမှာပဲ။ ဝမ်းနည်းစရာကောင်းတာက တချို့ စုံထောက်ဝတ္ထုတွေဟာ စာကြည့်တိုက်တွေထဲက စာအုပ်စင်တွေ၊ အဟောင်းဆိုင်တွေမှာတောင် မရှိတော့ဘူး။ ကြယ်ကြွေသလို အစတုံး ပျောက်ကွယ်သွားကြရတယ်။ ဒါကြောင့် စုံထောက်ဝတ္ထုဟာ အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ ပြောကြတာ''

''စုံထောက် စာရေးဆရာတွေသာ ပျောက်ကွယ်သွားကြပေမယ့် နောက်ထပ် စုံထောက်ဝတ္ထုသစ်တွေ၊ စာရေးဆရာသစ်တွေ ထွက်လာတာပဲ။ ဒီတော့ စုံထောက်ဝတ္ထု ရေစီးကြောင်းကတော့ စီးမြဲပဲ မဟုတ်လား''

ငှင်းက စောဒက တက်သည်။ ကျွန်တော်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းရင်း -

''ဒါပေမယ့် စုံထောက်ဝတ္ထုရဲ့ ပင်မရေစီးကြောင်းကြီးက အရှိန် မကောင်းတော့ပါဘူး။ ကောစ ပြုနေပြီ။ သောင်ထွန်းစ ပြုနေပြီ။ စုံထောက်ဝတ္ထုသက်သက်ဟာ ကိုနင်ဒွိုင်းနဲ့ ချက်စတာတန်ရဲ့ စုံထောက်ဝတ္ထုတွေလောက်ပဲ ယုတ္တိဗေဒနဲ့ညီတယ်။ ကျန်တဲ့ စုံထောက်ဝတ္ထုတော်တော်များများဟာ ယုတ္တိဗေဒနဲ့မကိုက်ညီဘူး။ စုံထောက်သက်သက် သဘောကိုတောင် မဆောင်တော့ဘူး။ လိင်ကိစ္စတွေ၊ အိမ်ထောင်ရေး ဖောက်ပြန်မှု၊ သဘာဝမကျတဲ့ လိင်ကိစ္စတွေနဲ့ မွမ်းမံထားတယ်။ အဲဒါဟာ စုံထောက်ဝတ္ထုရဲ့ အပျက်ပိုင်း စ,လာတာပဲ။ ကိုနင်ဒွိုင်းတို့ခေတ်တုန်းက စုံထောက်ဝတ္ထုတွေဟာ အညီအဟောက် ကင်းနေသေးတယ်။ နောက်ပိုင်းကျတော့ အညီအဟောက်တွေ ပါလာပြီ။ ခုခေတ်ကျတော့ စုံထောက်ဝတ္ထုအများစုဟာ ညီရုံတွင် မကဘူး၊ ပုပ်ဟောင်နေပြီ။ စုံထောက်ဝတ္ထုရဲ့ အမှတ်အသားဟာ သေနတ်ရယ်၊ လူခေါင်းခွံရယ်၊ ဗလာကျင်းမတတ် မြင်မကောင်း ရှုမကောင်း ဝတ်ထားတဲ့ ကောင်မလေး ပုံရယ် ဖြစ်လာတယ်။ ရာဇဝတ်မှုရယ်၊ လိင်ကိစ္စရယ်၊ လူသတ်တာရယ် ဆိုပါတော့။ နောက်ကျတော့ ရာဇဝတ်မှုရှိုးရှိုး စုံထောက်ဝတ္ထု မဟုတ်တော့ဘဲ စပိုင်ဝတ္ထု၊ ထောက်လှမ်းရေးဝတ္ထုတွေ ဖြစ်လာတယ်။ သူလျှိုရယ်၊ လိင်ကိစ္စရယ် ဆိုပါတော့''

ကျွန်တော်က ခေတ္တနားလိုက်သည်။

''ဒီတော့ စုံထောက်ဝတ္ထုဟာ ကိုနင်ဒွိုင်းတို့ခေတ်တုန်းကတော့ သန့်ရှင်းတဲ့ စုံထောက်ဝတ္ထုတွေပါပဲ။ ဒါပေမယ့် နောက်ပိုင်းကျတော့ စုံထောက်ဝတ္ထုတွေဟာ အသက်ရှင်ရေးအတွက် အရောအနှောတွေ လုပ်လာရတယ်။ လိင်ကိစ္စကို ထည့်လာရတယ်။ တစ်ခါ ဒါနဲ့ မလုံလောက်ပြန်တော့ နိုင်ငံရေး စုံထောက်ဇာတ်လမ်းတွေ ဖြစ်လာပြန်တယ်။ ဒါက ဘာလဲ၊ တိုးတက်မှု မဟုတ်ဘူး။ ဆုတ်ယုတ်မှု ဖြစ်တယ်။ စုံထောက်သန့်သန့်နဲ့ အသက်မရှင်နိုင်တော့လို့ အညီအဟောက်တွေ ထည့်လာရတာ ဖြစ်တယ်။ ဒါကြောင့် စုံထောက်ဝတ္ထုတွေဟာ ကိုနင်ဒွိုင်းရဲ့ ခေတ်နဲ့စာရင် ဆုတ်ယုတ်





ပျက်ပြားလာတယ်လို့ ကိုယ်မြင်တယ်။ နောင်မှာလည်း ဒီထက် ဆုတ်ယုတ်ပျက်ပြားလာဦးမှာပဲ။ ဒီလိုနဲ့ အရင်းရှင်ယဉ်ကျေးမှု ပြိုလဲပျက်စီးခြင်းနဲ့အတူ စုံထောက်ဝတ္ထုဟာလည်း တိမ်ကောသွားရမှာပဲ''

''စုံထောက်ဝတ္ထုဟာ စာဖတ်ခါစ လူငယ်တွေကိုတော့ စည်းရုံးနိုင်တယ် မဟုတ်လား''

ငှင်းက ပြောသည်။

''ဟုတ်ပါတယ်။ အရင်းရှင်ယဉ်ကျေးမှု နယ်နိမိတ်အတွင်းမှာ ရှိနေသေးသရွေ့တော့ စုံထောက်ဝတ္ထုဟာ သြဇာရှိသင့်သလောက် ရှိနေဦးမှာပဲ။ ကိုယ်တို့ စာဖတ်ခါစတုန်းကလည်း စုံထောက်ဝတ္ထုတွေပဲ ဖတ်လာခဲ့ကြတာပဲ။ နောက်ကျတော့ ခု မင်းတို့ဖြစ်သလို တဖြည်းဖြည်း အီလာတယ်။ စုံထောက်ဝတ္ထုကို အလိုလို စိတ်ကုန်ခန်းလာတယ်။ စာကို အပျော်သက်သက် ဖတ်ချင်တဲ့စိတ် ဝင်လာတဲ့အခါမျိုး၊ သို့မဟုတ် တခြားဖတ်စရာ မရှိတဲ့အခါမျိုး၊ သို့မဟုတ် လေ့လာချင်လို့ ဖတ်တဲ့အခါမျိုးကျမှပဲ ဖတ်ဖြစ်တော့တယ်။ တော်တော်နဲ့ မဖတ်ဖြစ်ဘူး။ ခုတော့ ဂျိမ်းဘွန်းကို မင်းတို့လူငယ်တွေ ဘာကြောင့် အသည်းစွဲရသလဲဆိုတာ ဖတ်ကြည့်ရဦးမယ်''

(၅)

သည်နေ့ညတွင် ကျွန်တော့်၌ပါလာသော ဂျိမ်းဘွန်း၏ ဝတ္ထု တစ်ဒါဇင် အနက် နောက်ဆုံးစာအုပ်ကို ဖတ်၍ ပြီးသွားသည်။

ကျွန်တော်ဖတ်ပြီးသွားသော ဂျိမ်းဘွန်းဝတ္ထုများ -

(၁) ရုရှားပြည်မှ အချစ်များစွာဖြင့် (From Russia with Love) - ဆိုဗီယက်ယူနီယံမှ စမာ့ရှ်ခေါ် ထောက်လှမ်းရေးဌာနကို တန်ပြန်ထောက်လှမ်းသော ဂျိမ်းဘွန်း၏ စွန့်စားခန်းများ ဖြစ်သည်။ ရုရှား ထောက်လှမ်းရေးမယ်လေးကို တန်ပြန် ထောက်လှမ်းသည်။ နောက် တကယ်ချစ်သွားကြသည်။ နောက်ခံကားမှာ ဥရောပတိုက်သွား မီးရထားကြီးတစ်စင်းပေါ်တွင် ဖြစ်သည်။ ချစ်ခန်း၊ လိင်ခန်း များစွာပါသည်။ နောက်ဆုံးတွင် တကယ်ချစ်ပြီး ထွဲသွားကြသည်။

(၂) နှစ်ခါအသက်ရှင်သူ (You Only Live Twice) - ဂျပန်ပြည် နောက်ခံဖြစ်သည်။ ပြန်လည်ခေါင်းထောင်ထလာသော ဂျပန်နဂါးနက် ဂိုဏ်းခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ အန္တရာယ်များလှသော ရဲတိုက်ကြီးထဲသို့ ဝင်၍ ထောက်လှမ်းခန်း ဖြစ်သည်။ ရဲတိုက်ကြီးထဲတွင် အဆိပ်ပင်များ၊ အဆိပ်ပါသောသတ္တဝါများကို စိုက်ပျိုးမွေးမြူထားသည်။ ဤအန္တရာယ်များကြားမှ ရဲတိုက်ထဲသို့ ဝင်ရောက် ခန်းဖြစ်သည်။ ဂျပန်တံငါရွာကလေးတစ်ရွာမှ ဂျပန်မကလေးတစ်ဦးနှင့် လိင် ကိစ္စများကို ရေးသားထားသည်။

(၃) **ကျွန်မကိုချစ်တဲ့ သူလျှို (The Spy Who Loved Me)** – ဂျိမ်းဘွန်းနှင့် သူလျှိုမယ်ကလေးတစ်ဦး၏ စွန့်စားခန်းများ၊ အချစ်စခန်း ဖွင့်ပုံများကို အမေရိကန်နောက်ခံဖြင့် ရေးထားသည်။

(၄) **ရွှေလက်ချောင်း (Gold Finger)** – ကမ္ဘာ့ရွှေများကို ခိုးရန်ကြံသော လူဆိုး ကြီးရွှေလက်ချောင်းနှင့် ဂျိမ်းဘွန်းတို့၏ ဉာဏ်ရည်ပြိုင်ခန်းများကို အမေရိကန် နောက်ခံဖြင့် ရေးထားသည်။

(၅) **ကာဆီနိုရွိုင်ယယ် (Casino Royale)** – ဂျိမ်းဘွန်းနှင့် ရုရှားသူလျှိုမကလေး တစ်ဦး၏ ဇာတ်လမ်း။ ပြင်သစ်နောက်ခံ၊ ပြင်သစ်အလုပ်သမား သမဂ္ဂ ခေါင်း ဆောင်တစ်ဦးကို လုပ်ကြံရန် ကြိုးပမ်းချက်။

(၆) **သူသေ ငါရှင် (Live and Let Die)** – အမေရိကန်နောက်ခံ၊ ရုရှားသူလျှို သူသတ်ဂိုဏ်း စမာ့ရှ် အဖွဲ့ဝင် အမေရိကန် နီဂရိုးတစ်ယောက်၊ ၎င်း၏ လက်ထောက် သူလျှိုမယ်နှင့် ဂျိမ်းဘွန်းတို့၏ နှလုံးရည်၊ လက်ရုံးရည်ပြိုင် ခန်းများ ဖြစ်သည်။

(၇) **ဒေါက်တာနိုး (Dr. No)** – ဂျမေကာကျွန်းနောက်ခံ။ ကျွန်းကလေးတစ် ကျွန်းကို ဝယ်ထားသည့် ဒေါက်တာနိုးနှင့် ဂျမေကာဘုရင်ခံတို့၏ ဇာတ်လမ်း တွင် ဂျိမ်းဘွန်း ဝင်ရောက်သည့်ဇာတ်လမ်း။

(၈) **စိန်နှိုးဂိုဏ်း (Diamonds are Forever)** – အာဖရိကမှ အမေရိကသို့ ခိုး သွင်းသည့် စိန်ခိုးဂိုဏ်းအမှုတွင် ဂျိမ်းဘွန်း၏ စုံထောက်ခန်း၊ ချစ်ခန်း၊ သတ် ပုတ်ခန်းများ။

(၉) **မွန်းရိတ်ကား (Moonrakers)** – နာတိုးစစ်ဌာနချုပ်မှ ရုရှားနှင့် အရှေ့ ဂျာမန်တို့ ခိုးယူသွားသော လျှို့ဝှက်ချက်များကို ဂျိမ်းဘွန်းက လိုက်လံ စုံ ထောက်ခန်း။ ပြင်သစ်ပြည်နောက်ခံ။





(၁၀) **အော်တိုပတ်စီ (Octopussy)** – ဂျိမ်းဘွန်းဝတ္ထု သုံးပုဒ်။ ဂျမေကာကျွန်း၊ ဘာလင်နှင့် လန်ဒန်နောက်ခံ။ ၎င်းတို့အနက် နှစ်ပုဒ်မှာ ဆိုဗီယက်ထိပ်သီး သူလျှိုများနှင့် ဉာဏ်ရည်ပြိုင်ခန်း၊ ဂျိမ်းဘွန်း၏ အချစ်ခန်းများ ပါဝင်သည်။

(၁၁) **မောင်ကြည့်ဖို့ သက်သက် (For Your Eyes Only)** – ကျူးဘား သူလျှို တစ်ဦးနှင့် ယှဉ်ပြိုင်ခန်း။ မဟာမိတ် စစ်ဌာနချုပ်ထဲသို့ စိမ့်ဝင်လာသော ရုရှားသူလျှို လူသတ်ဂိုဏ်းဝင်တစ်ဦးကို ဂျိမ်းဘွန်း ဖမ်းမိပုံ။ ဗင်းနစ်မြို့တွင် ဆေးခြောက်ဂိုဏ်းကို ဖမ်းပုံ။ ဆေးချယ်ကျွန်းက နိုင်ငံရေးလူသတ်မှု၊ ဘာ မြူဒါကျွန်းက အချစ်ဇာတ်လမ်း စသည်တို့ကို ဖော်ပြထားသည်။

ဂျိမ်းဘွန်းဝတ္ထုများသည် ဖတ်၍ကောင်းသည်။ သို့ရာတွင် လေးငါးအုပ် ဆက် တိုက်ဖတ်လိုက်သည့် အခါ၌ကား ဂျိမ်းဘွန်းသည် ဇွဲလမ်းစရာ မကောင်းတော့။ ဖတ် ၍မကောင်းတော့။

လွန်ခဲ့သော ဆယ့်ငါးနှစ်က 'ဘဝတက္ကသိုလ်'မှ ဝိဇ္ဇာတန်းလောက်တွင် တက် ရောက်ခဲ့စဉ်ကလည်း အမေရိကန် စုံထောက်ဝတ္ထုရေးဆရာ အားလ်စတန်လေဂါ့ဒ်နား ၏ ပယ်ရီမေဆန် ရှေ့နေစုံထောက် ဝတ္ထုတော်တော်များများကို ဖတ်ခဲ့ဖူးသည်။ ထိုစဉ်က 'ဘဝတက္ကသိုလ်'တွင် စာဖတ်နိုင်ခဲ့သည်။ ထို့ကြောင့် အပြင်တွင် ဖတ်ချိန်မရခဲ့သော စုံထောက်ဝတ္ထုများကို 'ဘဝတက္ကသိုလ်'တွင် ဖတ်ခဲ့ရသည်။ ပထမ စာအုပ်နှစ်အုပ်၊ ငါးအုပ်လောက်အထိတော့ ဖတ်၍ကောင်းသေးသည်။ အပျင်းပြေသည်။ သို့ရာတွင် သည့်ထက်ကျော်လာသည့်အခါတွင်မူ ဖတ်၍ မကောင်းတော့။ အီလာသည်။ အပ် ကြောင်းထပ်လာသည်။ (ရှားလော့ဟုမ်းကား တစ်ခါတစ်ရံ ပြန်ဖတ်သော်လည်း ဖတ်၍ ကောင်းတုန်းပင် ဖြစ်ပါသည်။)

ယခု ကလောတွင် ရောက်နေစဉ် တစ်ပတ်လောက်အတွင်း၌မူ နာမည်ကြီး လှသော ဂျိမ်းဘွန်းဝတ္ထု တစ်ဒါဇင်လောက်ကို ဖတ်ပစ်လိုက်သည်။ ဂျိမ်းဘွန်းရုပ်ရှင် နှင့် ဂျိမ်းဘွန်းဝတ္ထုများကို ယခုခေတ် လူငယ်တွေ ဘာကြောင့် ကြိုက်သနည်း သည့်အချက်ကို ကျွန်တော် သိချင်သည်။

ဂျိမ်းဘွန်းသည် ဗြိတိသျှ ထောက်လှမ်းရေး အရာရှိတစ်ဦးဖြစ်သည်။ လိုအပ် သလျှင် လူတစ်ယောက်ကို သတ်နိုင်သည့် အခွင့်အာဏာကို ရထားသူဖြစ်သည်။ ထို သည်အခွင့်အာဏာရသူ၏ အမှတ်အသားမှာ သုည နှစ်လုံးဖြစ်သည်။ ဂျိမ်းဘွန်း၏



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၀၀၇ ဖြစ်သည်။

ဂျိမ်းဘွန်းက ရုပ်ချောသည်။ သတ္တိကောင်းသည်။ မြူးဆွဲသည်။ အန္တရာယ်များကို တစ်ယောက်တည်း ရင်ဆိုင်နိုင်စွမ်းရှိသူ ဖြစ်သည်။ ၄င်းသောက်သည့် စီးကရက်ကို ကြည့်ပါဦး။ ၄င်းအတွက် ဂရိုဗီနာရပ်ကွက် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် မက်ဆီဒိုးနီးယားက လာသော ဆေးစပ်ဖြင့် သီးသန့်လိပ်ပေးရသည့် စီးကရက်ဖြစ်သည်။ စီးကရက်လိပ်၏ အရင်းတွင် ရွှေပတ်သုံးခု ပါသည်။ ကမ္ဘာတွင် ၄င်းတစ်ယောက်တည်းသာ သောက်သော စီးကရက်အမျိုးအစားဖြစ်သည်။ စီးကရက်ဘူးကသေနတ်လုပ်သည့် သတ္တုနက်ဖြင့် လုပ်ထားသည့် စီးကရက်ဘူး ဖြစ်သည်။ မီးခြစ်ကဓာတ်ငွေ့ထည့်ရသည့် အနက်ရောင် ရွန်ဆန်မီးခြစ် ဖြစ်သည်။ လခက တစ်နှစ်ကို စတာလင်ပေါင် တစ်ထောင့်ငါးရာ ရသည်။ ထို့ပြင် အမြတ်ခွန်လွတ် လခ တစ်နှစ်ကို ပေါင် ၁၀၀၀ ရသေးသည်။ ၄င်း၏ လခစုစုပေါင်းသည် တစ်နှစ်ကို ပေါင် ၂၅၀၀ ရသည်။ တာဝန်ဖြင့် ခရီးသွားသည့်အခါ ထောက်လှမ်းရေးဌာန လျှို့ဝှက်ရန်ပုံငွေမှ ၄င်းကြိုက်သလောက် သုံးနိုင်သည်။

၄င်းစီးသော ကားက ၁၉၃၀ ခုပုံစံ၊ ဘင့်တလေ ပြိုင်ကားဖြစ်သည်။ တစ်နာရီကို မိုင်တစ်ရာ ပြေးသည်။ အသက်က ၃၇ နှစ်၊ မိန်းမ မရှိ။ ၄င်း၏ ချစ်သူများကလည်း လူမျိုးစုံသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ နီဂရိုး၊ ရုရှား၊ ပိုလန်၊ ဂျာမန်၊ ဂျပန်၊ ဘာမြူဒါကျွန်းသူ။

သည်လောက် ရဲရင့်၊ သည်လောက် မြူးဆွဲ၊ သည်လောက် ရုပ်ချောသော ဂျိမ်းဘွန်းကို လူငယ်တွေ အားကျမည်ဆိုကလည်း အားကျထိုက်သည်။

ဂျိမ်းဘွန်းထောက်လှမ်းရသည့် အမှုများသည် အများအားဖြင့် နိုင်ငံရေးသူလျှိုမှုများ ဖြစ်သည်။ ရုရှား၊ အရှေ့ဂျာမနီ၊ ကျူးဘား စသည့်နိုင်ငံများမှ သူလျှိုများကို တန်ပြန်ထောက်လှမ်းရသည်။

မှန်ပါသည်။ ဂျိမ်းဘွန်းသည် သူရဲကောင်းဖြစ်ပါသည်။ အလွန်တော်သူ၊ အလွန်ရဲရင့်သူသာ ဖြစ်ပါသည်။ သို့ရာတွင် ပြည်သူအတွက် ရဲရင့်သော ပြည်သူ့ သူရဲကောင်း မဟုတ်၊ တော်လှန်သော သူရဲကောင်း မဟုတ်။ နယ်ချဲ့သမားတို့အတွက် ရဲရင့်သော၊ နယ်ချဲ့သမားတို့အတွက် တော်သော၊ ဖောက်ပြန်သော သူရဲကောင်းတစ်ယောက်သာ ဖြစ်သည်။

လူငယ်သည် သူရဲကောင်းကို အားကျသည်။ သူရဲကောင်းကို သဘောကျ





သည်။ သို့ရာတွင် ထိုသူရဲကောင်းသည် ဖောက်ပြန်သော သူရဲကောင်းလော၊ တော်လှန်သော သူရဲကောင်းလော၊ အရင်းရှင် သူရဲကောင်းလော၊ ပြည်သူ့ သူရဲကောင်းလော။ ဤသည်ကို လူငယ် ရွေးတတ်ဦးမည် မဟုတ်။

ဖောက်ပြန်သော သူရဲကောင်းနှင့် တော်လှန်သော သူရဲကောင်းကို မရွေးတတ်သည့်အရွယ်တွင် ဂျိမ်းဘွန်းဝတ္ထုများ၊ ရုပ်ရှင်များကို လူငယ်တွေ စွဲလမ်းသဘောကျနေခြင်းမှာ ဘာမျှ အံ့သြဖွယ် မဟုတ်။

ကျွန်တော်တို့ ငယ်ငယ်ကလည်း သည်လိုဝတ္ထုမျိုးကို စွဲလမ်းခဲ့ကြဖူးသည် မဟုတ်လော။

(၆)

“အကြံကောင်း
ရန်ပေါင်းတဲ့ သိန်းကုဋေ။
ဟံသာဝတီနယ် တစ်ရိုးမှာ
စိုးပါနဲ့မေ။
ခင်လေးတဲ့ သဟာဆွေ
မာစေကွဲ့ ဆုထူး။
စိန္တေယျ ရွှေမော်ဓောမှာ
သြကာသဖူး။”

မကြာခင်က ကျွန်တော်ဖတ်၍ ပြီးဆုံးသွားခဲ့သော ဂျိမ်းဘွန်းဝတ္ထုများနှင့် လူငယ်များအကြောင်းကို စဉ်းစားနေစဉ် အသံတစ်သံကို ကျွန်တော် ကြားလိုက်ရသည်။

အသံက အသံဝါကြီးဖြစ်သည်။ အောင်မြင်သည်။ မရှေးမနှောင်းမှာပင် ထင်းရှူးပင်၊ ယူကလစ်သစ်ပင်များကြား နှင်းမှုန်မှုန်ထဲမှာ မြင်းစီးလာသော လူတစ်ယောက်ကို ကျွန်တော် မြင်ရသည်။

မြင်းကြီးက ဒေါက်ကောင်းလှသော မန်ကျည်းစေ့ရောင် [illegible] မြင်းစီးယောက်ျားသည် လေးချိုးကလေးတစ်ပုဒ်ကို ဆိုကာ ထင်းရှူးပင် [illegible] သစ်ပင်များကြားတွင် မြင်းကို တစ်လှမ်းချင်းစီးလာသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မြင်းကို တစ်လှမ်းချင်း စီးလာပုံ၊ လေးဆစ်တစ်ပုဒ်ကို အေးအေးဆေးဆေး ဆိုလာပုံ ကိုထောက်လျှင် မြင်းစီးယောကျ်ားသည် အရေးတကြီးကိစ္စဖြင့် သွားလာနေခြင်း မဟုတ်ကြောင်း ထင်ရှားသည်။

ကျွန်တော်သည် ထင်းရှူးတောနှင့် နှင်းမှုန်များကြားတွင် သီချင်းတအေးအေး ဖြင့် မြင်းစီးသွားနေသော မြင်းစီးယောကျ်ားကို လှမ်းကြည့်နေသည်။ တဖြောက်ဖြောက် မှန်မှန်မြည်နေသော မြင်းခွာသံများက ၎င်း၏တေးသံကို စည်းလိုက်ပေးသကဲ့သို့ ရှိ သည်။

တဖြည်းဖြည်းနှင့် ထိုမြင်းစီးယောကျ်ားသည် ကျွန်တော်နှင့် နီးလာသည်။ ခပ်စောစောက ထင်းရှူးပင်ရိပ်များကြောင့် မြင်းစီးယောကျ်ားကို ကျွန်တော် သဲကွဲစွာ မမြင်ခဲ့ရ။ ယခု ထင်းရှူးပင်ရိပ် လရောင်ထဲသို့ ထွက်လာသည့်အခါ၌ကား ထိုမြင်းစီး ယောကျ်ားကို ကျွန်တော် သဲကွဲစွာ မြင်နေရလေပြီ။

ကျွန်တော်သည် လရောင်အောက်က မြင်းစီးယောကျ်ားကို တွေ့လိုက်ရသော အခါ၌ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။ လန့်၍ မအော်မိရန် မနည်းကြီး သတိထားလိုက်ရသည်။ ထိုမြင်းစီးယောကျ်ားသည် မည်သူ နည်း။ လူလော၊ နတ်လော၊ နာနာဘာဝလော။

ထိုမြင်းစီးယောကျ်ားသည် ခေါင်းတွင် ရွှေကျင်ခပ်ပဝါကို လျော့ရဲရဲ ပေါင်း ထားသည်။ ၎င်း၏ ယောင်တွဲသည် ညာဘက်ပခုံးပေါ်တွင် ဝဲကျလျက်ရှိသည်။ အင်္ကျီ က ထိုင်မသိမ်းအင်္ကျီဖြစ်၍ လုံချည်က ကြိုးကြီးချိတ် အနီစင်းကို ခါးတောင်းအောက် ပိုးကျိုက် ဆီးထားသည်။ လက်တစ်ဖက်တွင် ကျောက်စီဓားကြီးတစ်လက်ကို ကိုင် ထားသည်။ တစ်ချီတစ်ချီတွင် ကျောက်စီဓားကြီးက လရောင်တွင် လက်သွားတတ် သည်။

ဤအပြင်အဆင်မျိုးကို အပြင်တွင် ကျွန်တော် မမြင်ဖူး။ ဇာတ်ပွဲများထဲ၌ ဇာတ်မင်းသားကြီးများ ဝတ်သည်ကိုသာ မြင်ဖူးသည်။

ထို့ထက် ထူးခြားသည်က သူ့မျက်နှာတွင် တပ်ထားသည့် မျက်နှာဖုံးဖြစ် သည်။ မျက်လုံးပေါက် နှစ်ပေါက်ဖောက်ထားသည့် ကတ္တီပါအနက်ရောင် မျက်နှာပေါင်း ကို မျက်လုံးတွင် စည်းထားသည်။ ပါးစပ်၊ နှာခေါင်း စသည့် မျက်နှာအောက်ပိုင်း ကိုကား မျက်နှာဖုံး စည်းထားခြင်း မရှိ။

မြင်းစီးယောကျ်ားသည် ကျွန်တော့်ကို မြင်သောအခါ၌ သီချင်းဆို ရပ်လိုက်





သည်။ မြင်းဇက်ကိုလည်း ဆွဲထားလိုက်သည်။ လရောင်ထဲတွင် တစ်ယောက်တည်း ငုငုကြီးထိုင်နေသော ကျွန်တော့်ကို အကဲခတ်နေခြင်း ဖြစ်မည်ထင်သည်။

ကျွန်တော်ကလည်း ၎င်းကို အကဲခတ်နေသည်။ အော်လိုက်ရမည်လော၊ ထ ပြေးရမည်လော၊ ခုခံရန်ပြင်ရမည်လော၊ ဘာကိုမျှ ပြတ်ပြတ်သားသား ကျွန်တော် မဆုံးဖြတ်နိုင်။

ကျွန်တော် ချီတုံချတုံဖြစ်နေဆဲ မြင်းစီးယောကျ်ားသည် မြင်းဇက်ကိုလျှော့ ကာ ကျွန်တော့်ထံ တစ်လှမ်းချင်း စီးလာသည်။

ကျွန်တော်နှင့် ခပ်လှမ်းလှမ်းသို့ အရောက်တွင် မြင်းဇက်ကို တုံ့ဆွဲလိုက်ပြန် ကာ ကျွန်တော့်ကို ငုံ့ကြည့်ရင်း မေးလိုက်သည်။

"ဘယ့်နှယ် ကိုရင်လေး၊ မအိပ်သေးဘူးလား။ ညဉ့်နက်လှပါပကော"

၎င်း၏အသံက အောင်မြင်သည်။ အသံသြဇာနှင့် ပြည့်စုံသည်။ တည်ငြိမ် သည်။ ကျွန်တော် မည်သို့ ပြန်ပြောရမည် မသိ။ ၎င်းကိုသာ ငေးကြည့်နေမိသည်။

"ဗျို့ ကိုရင်လေး၊ အိပ်ငိုက်နေသလား"

၎င်းက နောက်တစ်ကြိမ် ထပ်မေးပြန်သည်။

"မ ... မအိပ်ပါဘူးခင်ဗျာ"

ကျွန်တော်က အိပ်ရာမှ လန့်နိုးသူလို အလန့်တကြား ပြန်ပြောသည်။

"မအိပ်ရင် ဘာတွေ တွေးနေတာလဲ၊ ကိုရင်လေးရ"

၎င်းက မေးလိုက်ပြန်သည်။ ကျွန်တော် မည်သို့ဖြေရမှန်း မသိ။ ၎င်းကိုသာ စိတ်ဝင်စားနေသည်။

"ကျွန်တော် ဘာတွေ တွေးနေတယ်ဆိုတာထက် ဦး .. ဦးက .."

ကျွန်တော်သည် ၎င်းကို လှမ်းကြည့်လိုက်သည်။ ၎င်း၏ရုပ်ရည်က နုပျို သည်။ ယောကျ်ားပီသသည်။ ခန့်ညားသည်။ ကျွန်တော်က 'ဦး' ခေါ်ရလောက်သည့် အရွယ် မဟုတ်သေး။

"နောင်ကြီးက ဘယ်သူလဲဆိုတာက ပိုပြီး အရေးကြီးပါတယ်"

၎င်းက ပြုံးလိုက်သည်။

"ကျုပ်ဘယ်သူလဲလို့ ပြောတော့ ကိုရင် သိမှာလား"

"ဟုတ်ကဲ့၊ နာမည်ပြောရင်တော့ သိမလားလို့ပါခင်ဗျာ"

၎င်းက ခေါင်းကို ယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ကိုရင် မသိနိုင်ပါဘူး။ ကျုပ်က ၁၆ ရာစုနှစ်က မြန်မာပြည်သား။ ကိုရင်လေးက နှစ်ဆယ်ရာစုနှစ်က မြန်မာပြည်သား"

ထိုလူက ပြောသည်။

"ဒီတော့ ကိုရင်လေးနဲ့ ကျုပ်ကြားမှာ ရာစုနှစ်လေးခုလောက် ခြားနေတာ။ ကိုရင်လေး ကျုပ်ကို ဘယ့်နှယ်လုပ်ပြီး သိနိုင်ပါ့မလဲ"

"ခင်ဗျာ"

ကျွန်တော်က တအံ့တသြ ပြောလိုက်သည်။ ထိုလူသည် ဆယ့်ခြောက်ရာစုက မြန်မာပြည်သားဟုဆို၏။ သို့ဖြစ်လျှင် ထိုလူသည် အသက်လေးရာလောက် ရှိနေပြီ။ အသက်လေးရာလောက်ရှိသည့် ထိုလူသည် ယခု ကျွန်တော်နှင့် ရွယ်တူလောက်သာ ရှိသေး၏။ ထိုသူသည် ဦးနှောက်ပျက်၍ ပြောနေခြင်းလော။ ကျွန်တော်ကပင် နားကြားလွဲခြင်းလော။ သည်နှစ်ခုစလုံး မဟုတ်ဆိုလျှင်လည်း ထိုလူသည် ကျွန်တော့်ကို ကိုယ်ထင်လာပြနေခြင်းလော။ ထိုသို့မဟုတ်လျှင် အသက်လေးရာခန့်ရှိပြီဖြစ်သည့်တိုင် အသက်လေးဆယ်နီးပါးမျှသာ ထင်ရလောက်အောင် နုပျိုလျက်ရှိသည့် ထိုလူသည် မည်သည့်ဆေးဝါးမျိုးကို မှီဝဲခြင်း ပြုသနည်း။ သို့မဟုတ်လျှင်လည်း ရှင်အဇ္ဇဂေါဏ စသည့် ဝိဇ္ဇာရှစ်သောင်းတို့ထံမှ ပြဒါးရှင်လုံးကို ရထားသူမျိုးလော။

ထိုလူက အူလည်လည်ဖြစ်နေသော ကျွန်တော့်ကို ကြည့်၍ ပြုံးသည်။

"ကဲ၊ ဒီလိုဆိုရင် ကိုရင်လေး နားလည်အောင် ထပ်ပြောမယ်။ ကျုပ်က ကိုရင်လေးတို့ခေတ် မြန်မာပြည်သား မဟုတ်ဘူး။ တောင်ငူခေတ် မြန်မာပြည်သားကဲ ... ရှင်းပလား"

"တောင်ငူခေတ် မြန်မာပြည်သား ... ဟုတ်လား"

ကျွန်တော်က မယုံကြည်နိုင်။

"ဟုတ်တယ်၊ တောင်ငူခေတ်။ ကိုရင်တို့ သိုးဆောင်းသက္ကရာဇ်နဲ့ ပြောရင် ၁၆ ရာစု၊ မြန်မာသက္ကရာဇ်နဲ့ ပြောရင် ကိုးရာ့တစ်ဆယ်လောက်က ခေတ်။ တောင်ငူခေတ်"

ထိုလူက တစ်လုံးချင်း ပြောပြနေသည်။ အသက်လေးရာရှိပြီဟု ပြောသော မြင်းစီးယောက်ျားက ဦးနှောက်ပျက်သလော။ ထိုစကားမျိုးကို နားထောင်လျက်ရှိသော ကျွန်တော်ပင်လျှင် စိတ္တဇဆေးရုံသို့ တက်ရတော့မည်လော။

"တောင်ငူခေတ်ဆိုတာကိုရော ကိုရင်လေး သိရဲ့လား"





ထိုလူက မေးပြန်သည်။

"ဟုတ်ကဲ့၊ သင်ဖူး ဖတ်ဖူးပါတယ်ခင်ဗျာ။ ဘုရင့်နောင် ကျော်ထင်နော်ရထာ တည်ထောင်ခဲ့တဲ့ ဒုတိယမြန်မာလက်နက်နိုင်ငံတော် ခေတ်ကြီးပါ"

"ကိုရင် ဒါပဲ သိသလား"

ထိုလူက မေးလိုက်သည်။ ၎င်း၏အသံက မကျေနပ်သည့်အသံ။

"ဟုတ်ကဲ့၊ အချုပ်လောက်ပဲ သိပါတယ်"

ကျွန်တော်ကလည်း ခပ်တိုတို ပြန်ပြောသည်။

"ကျုပ်က ဘုရင့်နောင် နန်းမတက်ခင်က လူ။ ကိုရင် ဘုရင့်နောင် နန်းမတက်ခင် မြန်မာနိုင်ငံရဲ့ အခြေအနေကို သိရဲ့လား"

"ဝိုးတိုးဝါးတားပါပဲ ခင်ဗျာ။ သမိုင်းကို တစ်ခါတလေမှ ပြန်ဖတ်မိတော့ မေ့သလောက် ရှိနေပါပြီ"

"အင်း၊ မြန်မာလူမျိုးလုပ်နေပြီး မြန်မာ့သမိုင်းကို မေ့သတဲ့။ တော်တော်သနားစရာကောင်းတဲ့ သတ္တဝါလေးတွေ"

ကျွန်တော်က ရှက်ရှက်ဖြင့် ခေါင်းကိုငုံ့ထားသည်။

"ခေါမသမိုင်းတို့၊ ရောမသမိုင်းတို့ကိုတော့ သိလိုက်ကြတာ။ ရောမနိုင်ငံတော်ကြီးပျက်စီးပုံတို့၊ ယုခ်ဘင်းနင်းယန်း ဘုရင့်အကြောင်းတို့၊ ကရူးဆိတ်စစ်ပွဲ အကြောင်းတို့ကိုတော့ သိလိုက်ကြတာ။ ပြောကြရင်လည်း လျှာထွက်မတတ်ပဲ။ ဒါပေမယ့် အင်းဝပျက်တဲ့ အကြောင်း၊ မင်းခေါင်ရာဇာဓိရာဇ် စစ်ပွဲအကြောင်း၊ မင်းတရားရွှေထီး အကြောင်းများ မေးရင် ဘာမှမသိဘူး၊ ဝိုးတိုးဝါးတားချည်းပဲ"

ကျွန်တော် ခေါင်းမဖော်ရဲသေး။

"သိလိုက်ကြတဲ့ သိုးဆောင်း သူရဲကောင်းအကြောင်းတွေ။ [illegible] ဂျူးလီးယပ်စ်ဆီဇာတဲ့၊ ဂျုံအောဖ်အာ့ တဲ့ ... စုံလို့။ ဒါပေမယ့် ကျွန်စစ်သား[illegible] သမိန်ပရမ်းအကြောင်း၊ အဲမွန်ဒယာအကြောင်း၊ လဂွန်းအိမ်အကြောင်း[illegible] ဘာမှ မသိဘူး။ မေးလိုက်ရင် ကြက်နာကြီးတွေလို ငိုင်နေတာပဲ"

ထိုလူသည် နှစ်ဆယ်ရာစုအတွင်းက ကျွန်တော်တို့ မျိုးဆက်[illegible] မကျေမနပ် ဖြစ်နေဟန် တူ၏။

"ဒါက ဒီလိုပါခင်ဗျာ။ ကျွန်တော်တို့က နှစ်ပေါင်း[illegible] ကြာတဲ့ ကိုလိုနီခေတ်ကြီးထဲမှာ မွေးဖွားကြီးပြင်းလာခဲ့ကြရတော့"



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ကောင်းတယ် … ကောင်းတယ်၊ တစ်ဆိတ်ရှိ ခေတ်ကိုလွဲချတော့ လူအနေချောင်တာပေါ့။ တာဝန်ကင်းတာပေါ့။ ခေတ်ကိုပုံချတော့ ကိုယ်လည်း အပြစ်လွတ်တယ်။ ကိုယ်ညံ့တာ ဖျင်းတာကိုလည်း ဖုံးပြီးသား ဖြစ်မယ်။ လွယ်လည်းလွယ်တယ်။ နောင်မလည်း ဒီလိုပဲ ခေတ်ကိုသာ လွဲချကြ"

ကျွန်တော် ဘာမျှ မပြောသာတော့။ အရည်အချင်း ညံ့ဖျင်းသော မျိုးဆက်တစ်ဆက်ကို နောင်လာနောင်သားတို့က ကျိန်ဆဲကြသည်ဟု ကျွန်တော် ကြားဖူးသည်။ ယခုတော့ နောင်လာနောင်သားများသာမက ဘိုးဘေးများကလည်း ကျွန်တော်တို့ နှစ်ဆယ်ရာစုမျိုးဆက်ကို သင်္ချိုင်းထဲမှထ၍ ကျိန်ဆဲကြတော့မည်။ ယခုပင်လျှင် ကျွန်တော်သည် နှစ်ပေါင်းလေးရာက တောင်ငူသားကြီး၏ ကျိန်ဆဲခြင်းကို ခံနေရပြီ မဟုတ်လော။

"ကဲ၊ ဘုရင့်နောင် နန်းမတက်ခင်က မြန်မာနိုင်ငံအကြောင်းကို ကျုပ် အကျဉ်းချုပ်ပြောမယ်။ ကိုရင်လေး သေသေချာချာ နားထောင်"

မြင်းကြီးက တရှူးရှူး လှုပ်နေသည်။ ထို့ကြောင့် ပုဆိုးနီစင်း အောက်ပိုးကျိုက်နှင့် တောင်ငူသားကြီးသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

"ဘုရင့်နောင် နန်းမတက်ခင်က မြန်မာနိုင်ငံဟာ အကွဲကွဲအပြားပြား ဖြစ်နေတယ်။ အင်းဝမှာ ရှမ်းမင်းသိုဟန်ဘွား အုပ်ချုပ်နေတယ်။ ဟံသာဝတီမှာ မွန်မင်း သုရှင်တကာရွတ်ပိ၊ ပြည်မှာ ဘုရင်မင်းခေါင်၊ တောင်ငူမှာ မင်းတရားရွှေထီး စသဖြင့် တစ်နယ်တစ်မင်း ဖြစ်နေကြတယ်"

"မြန်မာနိုင်ငံကြီး ဝါးစည်းပြေသလို ဖြစ်နေတယ် ဆိုပါတော့"

"ဟုတ်တယ်၊ ကျုပ်တို့ရဲ့ မင်းတရားရွှေထီးဟာ ကုလားနဲ့ပေါင်း သေသောက်ကြူးပြီး အကျင့်ပျက်ချင်တိုင်း ပျက်နေတယ်။ ဒီတုန်းမှာ မင်းတရားရွှေထီးက သမိန်စောထွတ်ကို လူယုံတော်ခန့်မိလို့ သမိန်စောထွတ်ရဲ့ညီ လက်ဝဲအမှူးရဲ့ လက်ချက်နဲ့ ကံကုန်တော်မူတယ်။ သမိန်စောထွတ်ဟာ တောင်ငူရွှေနန်းကို သိမ်းပြီး မှူးမတ်မျိုးနွယ်တွေကို အကုန်သတ်ပစ်တယ်။ တချို့က ပြည်ကို ထွက်ပြေးကြတယ်။ ဇရတ်ဗယက် ကာလကြီး ဆိုပါတော့"

ထိုလူက ခြေတစ်ဖက်ကို အုတ်ခုံတွင်တင်ကာ ကျောက်စီဓားကို ဒူးပေါ်တွင် အလျားလိုက် တင်ထားလိုက်သည်။ ကျောက်စီဓားသည် လရောင်တွင် ဝင်းခနဲ လက်သွားသည်။





"အဲဒါ ဆင်ဖြူရှင် ကျော်ထင်နော်ရထာဘုရား နန်းမသိမ်းမီ မြန်မာနိုင်ငံပဲ။ ကျော်ထင်နော်ရထာဘုရား မတက်မီ တောင်ငူပဲ"

ကျွန်တော်သည် အင်္ဂလိပ်အပြေး၊ ဂျပန်အဝင် ကာလပျက်သည်ကိုလည်း ကြုံဖူးသည်။ အင်္ဂလိပ်၊ ဂျပန်အပြေး ကာလပျက်သည်ကိုလည်း ကြုံဖူးသည်။ ပြည်တွင်းစစ်ကာလများကိုလည်း ကြုံဖူးသည်။ ယင်းကာလ၏ ရှုခင်းများကို မျက်စိတွင် မြင်ယောင်လာသည်။

"ဒီတော့ ဒီကနောင်ကြီးက တပင်ရွှေထီးအကျ တောင်ငူခေတ်နဲ့ ဘယ်လိုများ သက်ဆိုင်ပါသလဲ ခင်ဗျာ"

ထိုလူကြီးက ပြုံးလိုက်ပြီးနောက် ၎င်း၏ အင်္ကျီရင်ဘတ်ကို ငုံ့ကြည့်လိုက်သည်။ ၎င်း၏ ထိုင်မသိမ်းအင်္ကျီ ကြယ်စေ့ပေါက်တွင် ပန်းနီနီတစ်ပွင့် ထိုးထားသည်။ ထိုလူသည် ပန်းပွင့်ကိုဆွဲဖြုတ်ကာ ညှာတံကို လက်ညှိုးနှင့် လက်မကြားတွင် ညှပ်၍ လှည့်လိုက်ပြီးနောက် –

"ကိုရင် ဒီပန်းကို သိသလား"

ကျွန်တော်က သူပြသည့်ပန်းကို ကြည့်လိုက်သည်။ မည်သည့်ပန်းမှန်း ကျွန်တော်မသိ။

ကျွန်တော်က ခေါင်းယမ်းသည်။

"ဒါဖြင့် စောစောက ကျုပ်ဆိုလာတဲ့ 'အကြံကောင်း၊ ရန်ပေါင်းတဲ့ သိန်းကုဋေ' ဆိုတဲ့ တေးသွားကလေးကိုကော ကြားဖူးသလား"

သည်အကြိမ်တွင်လည်း ကျွန်တော် ခေါင်းယမ်းရပြန်သည်။ ထိုလူသည် သနားဟန်ဖြင့် ကျွန်တော့်ကို ကြည့်၍ ပြုံးလိုက်သည်။ ထို့နောက် ပန်းပွင့်နီနီကလေးကို ကြယ်သီးပေါက်ထဲသို့ ထိုးထည့်လိုက်သည်။ ကျောက်စီဓားကိုကိုင်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"လတာပေါင်း ခအောင်းရယ်တဲ့ ပွင့်ချိန်တန်"

မည်မျှ ကြာသည် မသိ။ အသံဝါကြီးဖြင့် တေးဆိုသံကို ကြားလိုက်သည့်အခါတွင်မှ ကျွန်တော် သတိပြန်ရလာသည်။

ထိုအသံကို ကြား၍လော မသိ။ ခပ်လှမ်းလှမ်းတွင် လှန်ထားသည့် ၎င်း၏ မန်ကျည်းစေ့ရောင် မြင်းကြီးသည် တစ်ချက်မျှ ဟီလိုက်သည်။

လရောင်ရွှန်းပြက်သော ည၊ 'လတာပေါင်း၊ ခအောင်းရယ်တဲ့ ပွင့်ချိန်' ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အသံဝါကြီးဖြင့် တေးဆိုသံ၊ ကျောက်စီဓား၊ ပန်းနီနီပွင့်။

ထိုအရာများသည် ကျွန်တော့်မှတ်ဉာဏ်ထဲတွင် ရှန်းရင်းဆန်ခတ် ဖြစ်ကုန်ကြသည်။ ယခင် သည်ရှုခင်းမျိုးကို မြင်ဖူးသည်ဟု ထင်သည်။ တကယ်လော၊ အိပ်မက်ထဲမှာလော၊ ဝတ္ထုထဲမှာလော၊ ဘယ်တုန်းကမှန်း မသိ။

"ဒီသီချင်းကိုတော့ ကိုရင်လေး ကြားဖူးမှာပေါ့"

ကျွန်တော်က ခေတ္တမျှ စဉ်းစားနေသည်။

"ဟုတ်ကဲ့၊ ကြားဖူးတယ်လို့ ထင်တယ်ခင်ဗျ။ အဲဒါကိုလည်း ဝိုးတိုးဝါးတားဖြစ်နေတယ်။ အိပ်မက်ထဲမှာလား၊ ဇာတ်ထဲမှာလား၊ ပြီးတော့"

"ဒါဘာလဲ သိရဲ့လား၊ ကိုရင်လေး"

ထိုလူက ရင်ဘတ်တွင် ထိုးထားသည့်ပန်းကို ပြပြန်သည်။

"ပန်း ခင်ဗျ"

"မှတ်ထား မြတ်လေးပန်း"

"မြတ်လေးပန်း၊ မြတ်လေးပန်း"ဟု ကျွန်တော့်စိတ်ထဲက ရွတ်သည်။

"ဒါကော ဘာလဲ သိရဲ့လား"

၎င်းက လက်ထဲက ကျောက်စီဓားကို ဝှေ့ပြသည်။

"ဓား ခင်ဗျ"

"အိမ်း၊ ဒါတော့ ကိုရင်လေး သိသားပဲ။ မှတ်ထား၊ မြတ်လေးပန်းနဲ့ ဓားနဲ့ပေါင်းတော့ မြတ်လေးရွှေဓားဗိုလ်တဲ့ သိရဲ့လား"

"ခင်ဗျာ၊ မြတ်လေးရွှေဓားဗိုလ်၊ ဟုတ်လား"

"ဟုတ်တယ် သိရဲ့လား"

"စာရေးဆရာကြီးဇေယျရဲ့ 'မြတ်လေးရွှေဓားဗိုလ်'ဝတ္ထုကြီးထဲက မြတ်လေးရွှေဓားဗိုလ်လား ခင်ဗျာ"

"ဟုတ်တယ်"

ကျွန်တော် ဝမ်းသာသွားသည်။

'မြတ်လေးရွှေဓားဗိုလ်'ဝတ္ထုကြီးကို ကျွန်တော် ငယ်စဉ်က ဖတ်ခဲ့ရသည်။ ကြီးမှ တစ်ခါမျှ ပြန်မဖတ်ဖြစ်တော့။ သို့ရာတွင် ထိုဝတ္ထုကြီးထဲက 'မြတ်လေးရွှေဓားဗိုလ်'သည် ကျွန်တော့် 'ဟီးရိုး' ဖြစ်ခဲ့သည်။

'မြတ်လေးရွှေဓားဗိုလ်'ဝတ္ထုသည် တပင်ရွှေထီးကို သမိန်စောထွတ် လုပ်ကြံ





နန်းတက်သည့်ခေတ်ကို နောက်ခံပြုထားသည်။ သမိန်စောထွတ်က မှူးမျိုးမတ်နွယ်များကို ဖမ်းဆီးလိုက်လံသတ်ဖြတ်သည့်အခါတွင် 'မြတ်လေးရွှေဓားဗိုလ်'ဟူသည့် လူစွမ်းကောင်းက လိုက်၍ ကယ်ခန်းများဖြစ်သည်။

'မြတ်လေးရွှေဓားဗိုလ်'က ဝတ္ထုရှည် မဟုတ်။ ဝတ္ထုတိုကလေးများဖြစ်သည်။ သို့ရာတွင် ကျွန်တော် ဖတ်၍ မငြီး။ ရွှေဓားဗိုလ်သည် သမိန်စောထွတ်၏ လူများထံ မြတ်လေးပန်းပွင့်ကလေးနှင့် စာတစ်စောင်ကို ကတ္တီပါအိတ်ကလေးဖြင့် ပို့တတ်သည်။ ၎င်းတို့ ဖမ်းဆီးထားသော မှူးမတ်များကို မည်သည့်ရက်၊ မည်သည့်အချိန်တွင် လာရောက်ကယ်တင်မည် ဖြစ်ကြောင်း ရက်ချိန်းပေးတတ်သည်။ ၎င်း ရက်ချိန်းပေးသည့်နေ့တွင် အစောင့်အကြပ် ထူထပ်စွာချထားသည့်ကြားထဲက တစ်နည်းမဟုတ်တစ်နည်းဝင်ကယ်သွားတတ်သည်။ တစ်ခါတစ်ရံ အမယ်ကြီးအို ယောင်ဆောင်၍လည်းကောင်း၊ တစ်ခါတစ်ရံ မိန်းမပျိုကလေးဟန်ဆောင်၍လည်းကောင်း၊ တစ်ခါတစ်ရံ အရက်မူးသမားဟန်ဆောင်ပြီး၊ တစ်ခါတစ်ရံ လှေသမားဟန်ဆောင်၍လည်းကောင်း ရုပ်ဖျပြောင်းရုပ်လွှဲ အမျိုးမျိုးဖြင့် ဝင်ရောက်ကယ်ဆယ်သွားတတ်သည်။ တစ်ခါတွင် အမတ်ကြီးတစ်ပါးနှင့် သမီးများကို သတ်ခါနီးဆဲဆဲ လက်မရွံ့တို့လက်မှ လုယူသွားသည်။ တစ်ခါတွင်လည်း လှငါးဆယ်ဖြင့် စောင့်ရှောက်ထားသော မင်းသားတစ်ပါးကို လက်ချွေးမှူး ရှေ့တွင်ဝင်ခေါ်ထုတ်သွားဖူးသည်။ တစ်ဖန် သမိန်စောထွတ်ကိုယ်တိုင် စောင့်ကြပ်ထားသော မင်းသားတစ်ပါးကို ဝင်ရောက်ကယ်သွားသည်။

ထိုသို့ဝင်ရောက်ကယ်ရာ၌ 'မြတ်လေးရွှေဓားဗိုလ်'သည် ရက်နှင့် အချိန်ကို ရန်သူအား ကြိုတင်ချိန်းသေးသည်။ ၎င်းလာခါနီးတွင် 'လတာပေါင်း၊ ခအောင်းရယ်တဲ့ပွင့်ချိန်တန်'ဟူသော သီချင်းကို အသံဝါကြီးဖြင့်လည်း ဆိုပြတတ်သေးသည်။ ရန်သူများကို သည်လို ကိုယ်ထင်ပြပြီးမှ တစ်နည်းနည်းဖြင့် ဝင်ကယ်သွားခဲ့သည်။

သို့ဖြင့် 'မြတ်လေးရွှေဓားဗိုလ်'သည် ကျွန်တော့် 'ဟီးရိုး' ဖြစ်လာခဲ့သည်။ ယခုတစ်ဖန် ကျွန်တော့် 'ဟီးရိုး'ကို ပြန်၍ တွေ့ရပြန်ပြီ။

"ဗိုလ်မှူးဟာ ကျွန်တော့် သူရဲကောင်းပဲ ခင်ဗျာ …။ ထယ်ငယ်ကျွန်သော ကျွန်တော် စွဲလမ်းခဲ့တဲ့ ဇာတ်ကောင်တစ်ဦးပါပဲ"

ထိုလူက ကျောက်စီဓားကြီးကိုပိုက်၍ ခေါင်းတဆတ်ဆတ်ညိတ်ရင်း [illegible] ထောင်သည်။

"စာရေးဆရာကြီး ဇေယျ ဖန်တီးခဲ့တဲ့ 'မြတ်လေးရွှေဓားဗိုလ်'ဆိုတဲ့ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဟာ ကျွန်တော့်ရင်ထဲမှာ အမြဲတမ်း အသက်ရှင်နေတယ် ခင်ဗျ''

''ဘာကြောင့်လဲ ဆိုစမ်းပါဦး''

''ဒီဝတ္ထုကြီးကိုဖတ်ရတုန်းက ကျွန်တော်ဟာ ဆယ်နှစ်သားတစ်ဝိုက်လောက်ပဲ ရှိပါသေးတယ်။ လူငယ်ဘော်ဝင်စ ဆိုပါတော့ ခင်ဗျာ။ လူငယ်ဟာ စွန့်စားချင်တယ်။ သတ္တိရှိချင်တယ်။ ယောက်ျားပီသချင်တယ်။ လူတွေက အံ့သြရမယ့် အလုပ်မျိုးတွေကို လုပ်ပြချင်တယ်။ (တကယ်လုပ်နိုင် မလုပ်နိုင်ကတော့ တစ်ဌာနပေါ့လေ။) လူငယ်တွေ မျှော်မှန်းထားတဲ့ အချက်တွေ၊ လူငယ်တွေနှစ်သက်တဲ့ အရည်အချင်းတွေဟာ 'မြတ်လေးရွှေဓားဗိုလ်'မှာ သွားတွေ့တယ်။ ဒီလိုနဲ့ 'မြတ်လေးရွှေဓားဗိုလ်'ဟာ ကျွန်တော့် ရင်ထဲမှာ လှုပ်ရှားနေခဲ့တာပါ။

''ငယ်ငယ်က ကြိုက်ခဲ့တယ်ဆိုတော့ ခု အရွယ်ရောက်လာတော့ကော''

''ခု အရွယ်ရောက်လာတော့လည်း 'မြတ်လေးရွှေဓားဗိုလ်'ကို ကျွန်တော် ကြိုက်တုန်းပါပဲ။ ကျွန်တော့် သူရဲကောင်းအဖြစ် ယူဆထားတုန်းပါပဲ။ ဒါပေမယ့် ....''

ကျွန်တော်က စကားဖြတ်၍ ဆေးလိပ်တစ်လိပ်ကို မီးညှိသည်။

''ဒါပေမယ့် နည်းနည်းပါးပါး ချို့ယွင်းချက်ကလေးတွေကိုတော့ မြင်လာတာပေါ့ ခင်ဗျာ''

''ဘယ်လိုချို့ယွင်းချက်ကလေးတွေလဲ ကိုရင်လေးရ''

''တစ်အချက်၊ စာရေးဆရာကြီး ဇေယျရဲ့ 'မြတ်လေးရွှေဓားဗိုလ်'ဝတ္ထုကြီးကို ကြိုက်သော်လည်း စာရေးဆရာကြီး ဇေယျ ဒီဝတ္ထုကြီးကို မှီငြမ်းပြုရာဖြစ်တဲ့ ဆေးရွှန်းနက်အော်ဇီရေးတဲ့ 'စကားလက်ပင်ပါနယ်'ဝတ္ထုကြီးကိုတော့ မကြိုက်ဘူး ခင်ဗျ''

''အကြောင်းက''

''ဒီလိုပါ၊ မူရင်းဝတ္ထုဖြစ်တဲ့ 'စကားလက် ပင်ပါနယ်'ဟာ ပြင်သစ်တော်လှန်ရေးကာလကြီးကို နောက်ခံပြုထားတာပါ။ ပြင်သစ်တော်လှန်ရေးဖြစ်တော့ ပြင်သစ်ပြည်သူပြည်သားတွေက ၁၆ ကြိမ်မြောက် လူဝီဘုရင်နဲ့ မိဖုရားကြီး မေရီအင်တွိုင်းနက်ကို ခေါင်းဖြတ်စက်မှာတင်ပြီး သတ်ကြတယ်။ သူတို့တင်မကဘူး၊ သူတို့နဲ့ နီးနွယ်ရာ ဘူဘွန့်မင်းမျိုးမင်းနွယ်တွေလည်း သတ်ပစ်ကြတယ်။ တချို့ကို ဖမ်းဆီးထောင်သွင်းကြတယ်။ အဲဒီ မင်းမျိုးမင်းနွယ်တွေကို ကယ်တင်ခဲ့တဲ့ ပြင်သစ်သူရဲ





ကောင်းကြီးကိုတော့ ကျွန်တော် မကြိုက်ဘူးခင်ဗျ''

''ဟင်၊ ကိုရင်လေးဟာက အသတ်ခံရဆဲဆဲလူတွေကို ကယ်တာ မကြိုက်ဘူးလား''

''ဒီလိုတော့လည်း မဟုတ်ပါဘူးခင်ဗျာ။ ဒါပေမယ့် နည်းနည်း လိပ်ပတ်လည်အောင်တော့ ပြောရပါလိမ့်မယ်''

''အိမ်း၊ ဆိုစမ်းပါဦး''

''ပြင်သစ်တော်လှန်ရေးကြီးဟာ ဥရောပ သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကို စတင်ဖြိုခွင်းလိုက်တဲ့ ပထမဦးဆုံး ထိုးနှက်ချက်ကြီးပဲ ခင်ဗျ။ ခုခေတ် နိုင်ငံရေးစကားနဲ့ပြောရရင် ပထမဆုံးသော ဒီမိုကရေစီ တော်လှန်ရေးကြီးဖြစ်တယ် ခင်ဗျ''

''အဲဒီတော့''

''ဒီတော့ ဒီတော်လှန်ရေးကြီး ဖြစ်ပွားလာရတာဟာ အကြောင်းမဲ့ မဟုတ်ဘူး။ ပြင်သစ်ဧကရာဇ်တွေက ပြည်သူတွေကို ညှဉ်းဆဲလွန်းလို့၊ ဖိနှိပ်လွန်းလို့၊ ချုပ်ချယ်လွန်းလို့ ပေါက်ကွဲထွက်လာရတာ ဖြစ်တယ်။ ပြည်သူတွေဟာ အုပ်စိုးသူ လူတန်းစားအပေါ်မှာ ဒေါသပုပ္ပ ထနေကြတယ်။ အခဲမကြေ ဖြစ်နေကြတယ်''

''ဒီတော့''

''ဒါကြောင့် ပြည်သူတွေကို သွေးစုပ်ညှဉ်းပန်းခဲ့တဲ့ မှူးမျိုးမတ်နွယ်တွေကို ကယ်တင်တဲ့ 'စကားလက် ပင်ပါနယ်'ထဲက သူရဲကောင်းကိုတော့ ကျွန်တော် သဘောမကျဘူး''

''နောက် တစ်ချက်ကကော''

''နှစ်အချက်၊ အရွယ်ကြီးလာလို့ 'မြတ်လေးရွှေဓားဗိုလ်'ကို ပြန်စဉ်းစားတဲ့အခါကျတော့ ရွှေဓားဗိုလ်ဟာ သမိန်စောထွတ်ရန်ကြောင့် ဒုက္ခရောက်နေတဲ့ မင်းမျိုးမင်းနွယ်တွေကို မကယ်ဘဲ ပြည်သူတွေကိုကယ်ရင် ကောင်းလေစွလို့ တောင့်တမိတယ်။ ပြည်သူတွေရဲ့ သူရဲကောင်းကြီး ဖြစ်စေချင်တယ်''

''ဒါပဲလား''

''သုံးအချက်၊ စာရေးဆရာကြီးဇေယျ ဒီဝတ္ထုကြီးကို ရေးတဲ့အချိန်ဟာ ၁၉၂၀ ခုတစ်ဝိုက် ဖြစ်တယ်ခင်ဗျ။ ဒီအချိန်က မြန်မာနိုင်ငံမှာ ဂျီ-စီ-ဘီ-အေ ဦးဆောင်တဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီး ပေါ်နေတယ်။ ၁၉၂၀ ပထမ ကောလိပ်သပိတ်ကြီး ပေါ်နေတယ်။ ဒီအချိန်မှာ ရေးလိုက်တဲ့အတွက် စာရေးဆရာကြီးဇေယျဟာ မြန်မာ အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်ပေးဖို့ စေတနာ စောနေပုံရတယ်။ ဒီလို စေတနာစောတဲ့အတွက် စာရေးဆရာကြီးဇေယျဟာ တပင်ရွှေထီးနန်းကျစ သမိန်စောထွတ် နန်းတက်စ မွန်-မြန်မာ အရေးအခင်းကို နောက်ခံယူမိလျက်သား ဖြစ်သွားတယ်။ ဒါကြောင့် ခုအမြင်နဲ့ ပြန်ကြည့်ရင် 'ရွှေဓားဗိုလ်'ဟာ အမျိုးသားရေးစိတ်ဓာတ် နည်းနည်း လွန်ကဲရာရောက်နေမလားလို့ ကျွန်တော် ထင်တယ်။ သမိန်စောထွတ်ကိစ္စဟာ ရာဇဝင်မှာ တကယ်ဖြစ်ခဲ့တဲ့ ကိစ္စပါပဲ။ ဒါပေမယ့် ဒီထက်ပိုပြီး အဆင်ပြေတဲ့ ရာဇဝင်နောက်ခံကားပေါ်မှာ ရေးလိုက်ရင် ပိုကောင်းမလားလို့လည်း ထင်မိတယ်''

''ဒါပဲလား''

''အတိုချုပ် ပြောရရင်တော့ ဒီလောက်ပါပဲ။ ကျွန်တော်သာ ဆက်ရေးခွင့်ရရင်တော့ ကျွန်တော့်သူရဲကောင်းကြီး 'ရွှေဓားဗိုလ်'အကြောင်းကို ရေးစရာကလေးတွေ ရှိနေသေးတယ် ခင်ဗျ''

''ဘာတွေများလဲ ကိုရင်လေးရ''

''သူရဲကောင်း နှစ်မျိုးနှစ်စား ရှိတယ်ခင်ဗျ။ တစ်မျိုးက ဖောက်ပြန်တဲ့ သူရဲကောင်း၊ တစ်မျိုးက တော်လှန်တဲ့ သူရဲကောင်း''

''ဟ၊ သူရဲကောင်းနှစ်မျိုး ဟုတ်စ''

''ဟုတ်ပါတယ်။ ဖောက်ပြန်တဲ့ သူရဲကောင်းဆိုတာ အုပ်စိုးသူ လူတန်းစား၊ ဖိနှိပ်သူ လူတန်းစားရဲ့ အကျိုးစီးပွားကို ကာကွယ်သူ။ တော်လှန်တဲ့သူရဲကောင်း ဆိုတာက အဖိနှိပ်ခံလူတန်းစားအကျိုးအတွက် သက်စွန့်ကြိုးပမ်း လုပ်သွားသူ။ ဂျိမ်းဘွန်းဟာ သူရဲကောင်းပဲ''

သည်နေရာတွင် ဂျိမ်းဘွန်းအကြောင်းကို ရွှေဓားဗိုလ်အား အတိုချုပ်၍ ပြောရသည်။

''ဂျိမ်းဘွန်းဟာ သူရဲကောင်းတော့ သူရဲကောင်းပါပဲ။ ဒါပေမယ့် သူဟာ ဖောက်ပြန်တဲ့ သူရဲကောင်းခင်ဗျ။ နယ်ချဲ့စနစ်ကြီး အစွန့်ရှည်ရေး၊ ကိုလိုနီဝါဒကြီး အစွန့်ရှည်ရေးအတွက် စွန့်စားတဲ့ သူရဲကောင်း။ ဒါကြောင့် ဂျိမ်းဘွန်းဟာ ဖောက်ပြန်တဲ့ သူရဲကောင်းပဲ ခင်ဗျ။ ဖောက်ပြန်တဲ့ သူရဲကောင်းဝါဒကို ပယ်ဖို့လိုတယ်''

''ဒါဖြင့် ကျုပ်လည်းပဲ ဖောက်ပြန်တဲ့ သူရဲကောင်းလို့ ဆိုလိုချင်သပေါ့''

ရွှေဓားဗိုလ်က လေးနက်စွာ မေးလိုက်သည်။

''မဟုတ်ပါဘူး ခင်ဗျ''





''ဒါဖြင့် ကိုရင်ပြောတဲ့ တော်လှန်တဲ့သူရဲကောင်းလား''

''မဟုတ်ပါဘူးခင်ဗျ၊ ဒီလိုပါ''

ကျွန်တော်က စကားကို ဆက်မည်ပြုစဉ် ရွှေဓားဗိုလ်က ဆက်မေးသည်။

''ဖောက်ပြန်တဲ့ သူရဲကောင်းနဲ့ တော်လှန်တဲ့ သူရဲကောင်း နှစ်မျိုးပဲရှိတယ်လို့ ကိုရင် ပြောခဲ့တယ် မဟုတ်လား''

''ပြောခဲ့ပါတယ်၊ ရွှေဓားဗိုလ်ဟာ ဖောက်ပြန်တဲ့ သူရဲကောင်း မဟုတ်ဘူးလို့ ကျွန်တော် ပြောရတဲ့အကြောင်းကတော့ ရွှေဓားဗိုလ်ဟာ အဲဒီတုန်းက ဖိနှိပ်သူ လူတန်းစားရဲ့အကျိုးအတွက် မလုပ်ခဲ့လို့ဖြစ်ပါတယ်။ တော်လှန်တဲ့သူရဲကောင်းလည်း မဟုတ်ဘူးလို့ပြောရတာကတော့ ရွှေဓားဗိုလ်ဟာ ပြည်သူတွေကိုမကယ်ခဲ့ဘဲ မှူးမတ်တွေကိုကယ်ရုံနဲ့ ကိစ္စပြီးသွားလို့ဖြစ်ပါတယ်။ မျိုးချစ်သူရဲကောင်းသက်သက် တစ်ယောက်အဖြစ်နဲ့ ဇာတ်လမ်းဆုံးသွားလို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်မျိုးချစ်သူရဲကောင်းပဲ ဖြစ်ဖြစ် သူဟာ ဘက်မလိုက်ဘဲ ကြာကြာမနေနိုင်ဘူး။ တစ်နေ့မှာ ဖောက်ပြန်တဲ့ဘက်လား၊ တော်လှန်တဲ့ဘက်လားဆိုတာ ရွေးရမှာပါပဲ။ သန္ဓေသားတစ်ခုဟာ ကာလလ ရေကြည်ဘဝမှာ ခဏသာနေပြီး တစ်နေ့မှာ အထီးအမကွဲရသလို သူရဲကောင်းတစ်ယောက်ဟာလည်း မျိုးချစ်သူရဲကောင်းဘဝမှာ ခဏသာနေပြီး တစ်နေ့မှာ တော်လှန်တဲ့ သူရဲကောင်းလား၊ ဖောက်ပြန်တဲ့ သူရဲကောင်းလားဆိုတာ ခွဲရမှာပဲ။ အလယ်မှာ ကြာကြာနေလို့ မရပါဘူး''

''ဒီတော့ ကိုရင်က ကျုပ်ကို ဘာဖြစ်စေချင်သလဲ''

''ဓမ္မတာပါပဲ ခင်ဗျ။ ရွှေဓားဗိုလ်ဟာ ကျွန်တော် ကြည်ညိုတဲ့၊ ကျွန်တော် လေးစားတဲ့၊ ကျွန်တော် စွဲလမ်းခဲ့တဲ့ မျိုးချစ်သူရဲကောင်းပဲ။ ကျွန်တော် ကြည်ညို လေးစားတဲ့ မျိုးချစ်သူရဲကောင်းကို ဘယ်မှာဖောက်ပြန်တဲ့ သူရဲကောင်း ဖြစ်စေချင်ပါ့မလဲ။ တော်လှန်တဲ့ သူရဲကောင်းသာ ဖြစ်စေချင်တာပေါ့။ ဒါကြောင့် ရွှေဓားဗိုလ် အကြောင်းကို ကျွန်တော်သာ ဆက်ရေးရရင် သမိန်စောထွတ်ဆိုတဲ့ [illegible] ယုတ်တဲ့မင်း (မွန်ပြည်သူတွေ မပါဘူးနော်)ရဲ့ ဖိနှိပ်ညှဉ်းဆဲမှုကို ခံရတဲ့ [illegible] မွန်ပြည်သူတွေ၊ အင်းဝက ရှမ်းမြန်မာ ပြည်သူတွေ၊ တောင်ငူ မွန်မြန်မာ (အုပ်စိုးတဲ့ မြန်မာမင်းမျိုးမင်းနွယ်တွေ မပါဘူးနော်)တွေအတွက် စွန့်စားတဲ့ ပြည်သူ့သူရဲကောင်း ကြီးအဖြစ် ဆက်ရေးမှာပေါ့''

ကျွန်တော့်ပါးစပ်မှ တတွတ်တွတ် ပြောဆိုလျက် ရှိသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ကျွန်တော့်အနီးတွင် ပုဆိုးအနီစင်း ခါးတောင်းအောက်ပိုးကျိုက်၍ ကျောက်စီဓားပိုက်ထားသည့် မြတ်လေးရွှေဓားမိုလ် မရှိ။ ၎င်း၏ မန်ကျည်းစေ့ရောင် မြင်းကြီးလည်း မရှိ။ မြတ်လေးပန်းပွင့်လည်း မရှိ။

ငွေလရောင်ပြက်၍ ယူကလစ်နံ့သင်းနေသည့် ကလောၵ၏ နွေညချမ်းသာလျှင် ရှိပါ၏။

သို့တိုင်အောင် ကျွန်တော့်စိတ်မျက်စိတွင်ကား ရွှေဓားမိုလ်ကို မြင်ယောင်ဆဲ။ စိတ်နားတွင် ရွှေဓားမိုလ်၏ အသံဝါကြီးဖြင့် ဆိုသော တေးသံကို ကြားယောင်ဆဲ။

"လတာပေါင်း၊ ခအောင်းရယ်တဲ့ ပွင့်ချိန်တန်"

❑



## ကျွန်တော်ဆက်၍ ရေးချင်သော ဝတ္ထုများ – ၁၀

(၁)

မန္တလေးတောင်ခြေက မလုံးတို့ဆိုင်မှ နံနက်စာမုန့်တီနှင့် လက်ဖက်ရည်ကို စားသောက်ပြီးနောက် မန္တလေးတောင်ပေါ်သို့ ကျွန်တော် တစ်ယောက်တည်း တက်ခဲ့သည်။ စောသေး၍လော မပြောတတ်။ ဘုရားဖူးများ သိပ်မရှိကြသေး။ ရပ်ဝေးမှ ဘုရားဖူးလာဟန်ရှိသော ခရီးသည်တစ်အုပ်ကိုသာ ကျွန်တော် တွေ့ရသည်။ ၎င်းတို့မှ လွဲလျှင် ကျန်ဘုရားဖူးခရီးသည်များ ကျိုးတိုးကျဲတဲမျှသာ ရှိသည်။

မန္တလေးတောင်ပေါ်သို့ ကျွန်တော် မရောက်သည်မှာ အနှစ်အစိတ်လောက် ရှိသွားပြီ။ ကျွန်တော်ရောက်တုန်းက မန္တလေးတောင်နှင့်တစ်ကွ စေတီပုထိုးတို့သည် စစ်၏ ဒဏ်ရာဒဏ်ချက်တို့ဖြင့် ပြည့်နှက်လျက် ရှိသည်။ ထီးတော်မြေခသဖြင့် ငုံးတိတိ ဖြစ်နေသော ဘုရားငုတ်တိုများ၊ အုတ်ကျိုးအုတ်ပဲ့ပုံကြီး ဖြစ်လျက်ရှိသော အာရုံခံတန်ဆောင်းများကိုသာ တွေ့ရသည်။ အချို့ ဘုရားစေတီများ၊ အာရုံခံတန်ဆောင်းများကို ရသေ့ကြီး ဦးခန္တီက ကြီးကြပ်၍ ဆောက်လုပ်နေဆဲ ရှိသေးသည်။

ထိုစဉ်က မန္တလေးတောင်ပေါ်ရှိ ရပ်ပွားတော်ကြီး၏ ရင်ပြင်တွင် စက်သေနတ် ကျည်ဆံ အခွံများ၊ အမြောက်ကျည်ဆံ အခွံကြီးများကို တွေ့ရသေးသည်။ အချို့ အမြောက်ကျည်ဆံအခွံကြီးများကို ဘုရားပလ္လင်ရှေ့တွင် ညောင်ရေအိုးကြီးများအဖြစ် အသုံးပြုထားကြသည်။ ညောင်ရေအိုးဘဝသို့ ပြောင်းနေသည့် အမြောက်ကျည်ဆံခွံ ကြီးများထဲတွင် သပြေပန်းများ၊ မေမြို့ပန်းများ ဝေဆာနေကြသည်။ ဆင်းတုတော် တွင်လည်းကောင်း၊ မဟာရံတံတိုင်းများတွင်လည်းကောင်း ကျည်ဆံရာတို့ တွေ့ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းအစိတ်နီးပါးကြာ၍ ကျွန်တော်ပြန်ရောက်သည့်အခါ၌ မန္တလေးတောင်၏ရှုခင်းသည် တစ်မျိုးပြောင်းနေပြီ။ ဇရပ်သစ်များ၊ မဏ္ဍပ်သစ်များ၊ တန်ဆောင်းများဖြင့် ပြည့်နေပြီ။

မန္တလေးတောင်ထိပ်သို့ ကျွန်တော် ပြန်ရောက်ဖူးချင်နေသည်မှာ ကြာပြီ။ မည်သည့်အတွက်ကြောင့် မသိ။ တောင်ထိပ်ကို တက်ရခြင်းသည် ကိုယ့်ကိုယ်ကိုယုံကြည်မှုကို ခိုင်မာစေသည်။ တောင်ထိပ်ပေါ်ကနေ၍ ရှုခင်းကိုကြည့်ရခြင်းသည် တောင်အောက်က ကြည့်ရခြင်းနှင့်မတူ။ ပို၍ အမြင်ကျယ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး၏ ရှုခင်းကြီးကို ခြုံ၍မြင်ရသည်။

မန္တလေးတောင်ပေါ်မှ စီးကြည့်လျှင် အရှေ့ဘက်က ရန်ကင်းတောင်၊ မယ်ဥတောင်နှင့်တကွ၊ အောင်ပင်လယ်ကိုလည်း မြင်နိုင်သည်။ ကျောက်ဆည်ဘက်ဆီက ပြက္ခရွှေတောင်တန်းကိုလည်း မြင်ရသည်။ အနောက်ဘက်တွင် ရစ်ခွေစီးဆင်းနေသော မြစ်မင်းဧရာနှင့်တကွ မင်းဝံတောင်တန်းကိုလည်း မြင်ရသည်။

တောင်ထိပ်မှနေ၍ ရှုခင်းကို လှမ်းကြည့်နိုင်ရန် ကျွန်တော် မန္တလေးတောင်ပေါ်သို့ တက်ခဲ့ခြင်းဖြစ်သည်။

တောင်အောက် ထနောင်းပင်များကြားမှ ချိုးကူသံသည် တောင်စောင်းသို့ ဖော့ပျံတက်လာသည်။

ကျွန်တော်က ချိုးကူသံကို နားထောင်ရင်း အောင်ပင်လယ်ဘက်မှ တိုက်ခတ်လာသော လေပြည်ကို ရှုရှိုက်ရင်း စောင်းတန်းတစ်လျှောက် တက်ခဲ့သည်။

ကျွန်တော့်အထက်တွင် တဖြည်းဖြည်းတက်နေကြသော ယောက်ျားကြီးတစ်ဦးနှင့် မိန်းမပျိုတစ်ဦးကို တွေ့ရသည်။

ယောက်ျားကြီးက ပလေကပ်လုံချည်နှင့် စပို့တင်းကုတ်ကို ဝတ်ထားသည်။ လည်ပင်းတွင် သိုးမွေးမာဖလာကို လျော့တိလျော့ရဲ ပတ်ထားသည်။

သူ့ဆံပင်က စစ်မဖြစ်မီ မြန်မာဇာတ်လိုက်မင်းသားကြီးများ ထားလေ့ရှိသော ဗလင်တီနို ဗိုလ်ဆံတောက် ဖြစ်သည်။ သို့ရာတွင် ခေါင်းက တော်တော်ဖြူဖွေးနေပြီ။ အသက်ငါးဆယ်ကျော်လောက်တော့ ရှိပြီဟု ကျွန်တော် ခန့်မှန်းကြည့်သည်။

မိန်းမပျိုက အသက်နှစ်ဆယ့်ငါးနှင့် သုံးဆယ်အတွင်းလောက်ဟု ကျွန်တော်ခန့်မှန်းသည်။ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်သည်။ အရပ်အမောင်း ကောင်းသည်။ စထရော်ဘယ်ရီရောင် တက်ထရွန်လုံချည်နှင့် စထရော်ဘယ်ရီရောင် ယုန်မွေးဆွယ်တာ





လက်ရှည်ကို ဝတ်ထားသည်။

ကျွန်တော်က ခပ်ဖြည်းဖြည်းတက်နေသော သူတို့နှစ်ဦးကို ဖြတ်၍ တက်ခဲ့သည်။ သူတို့နှစ်ဦးကို ဖြတ်ကျော်စဉ် ကျွန်တော် သူတို့နှစ်ဦးကို ဖျတ်ခနဲ လှည့်ကြည့်မိသည်။ ယောက်ျားကြီးက ဥပဓိရုပ်ကောင်းသည်။ ကျယ်ပြန့်သည့် မဟာနဖူး၊ ဖြောင့်စင်းသည့် နှာတံ၊ တောက်ပသည့် မျက်လုံးများ ရှိသည်။ အထူးခြားဆုံးမှာ သူ့နှုတ်ခမ်းများ ဖြစ်သည်။ သူ့နှုတ်ခမ်းက တည်ကြည်သည့်အသွင်ကို ဆောင်သည်။

သို့ရာတွင် ခက်ထန်သော ကျောင်းဆရာကြီးတစ်ဦး၏ တည်ပုံမျိုး မဟုတ်။ ပြုံးယောင်ဘက်သို့ သမ်းနေသော တည်ပုံမျိုးဖြစ်သည်။ အတည်ထဲက ပြုံးနေသော အပြုံးမျိုးဖြစ်သည်။ အပြုံးထဲက တည်နေသော အတည်မျိုးဖြစ်သည်။ စစ်မဖြစ်မီတုန်းက ဇာတ်လိုက်မင်းသားကြီး ကိုဘတင့်နှင့်ဆင်သည်ဟု ကျွန်တော် ထင်သည်။

တိုတောင်းလှသည့် အချိန်ကလေးအတွင်းတွင် မိန်းမပျိုကိုလည်း ကျွန်တော် အကဲခတ်ခွင့် ရလိုက်သည်။ အသားဝါဝါ၊ မျက်လုံးကြည်ကြည်နှင့် မိန်းမချောတစ်ယောက်ဖြစ်သည်။ ယောက်ျားကြီးနှင့် တူသည်။ သားအဖဖြစ်ရမည်ဟု ကျွန်တော့်ဘာသာ ကျွန်တော် မှတ်ထားလိုက်သည်။

ကျွန်တော်သည် သူတို့ရှေ့က တက်လာရင်း ရှေ့စောင်းတန်း တိုင်လေးဆင့်လောက်အရောက်တွင် မောသဖြင့် စောင်းတန်းဘေးက အုတ်ခုံတန်းလျားလေးပေါ်တွင် ကျွန်တော် ထိုင်၍ အမောဖြေသည်။ မည်သည့်အတွက်ကြောင့် မသိ။ သူတို့နှစ်ယောက်ကိုလည်း ကျွန်တော် စိတ်ဝင်စားသည်။ အကဲခတ်ချင်နေသည်။

စောင်းတန်းတစ်ခုပေါ်သို့ ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက် တွဲတက်နေသည့် ရှုခင်းသည် ပန်းချီကားတစ်ချပ်လို ကြည့်၍ ကောင်းသည်။ ထိုရှုခင်းမျိုးကိုလည်း တစ်နေရာတွင် ကျွန်တော် တွေ့ဖူးသည်ဟု ထင်သည်။

(၂)

ကျွန်တော်က စောင်းတန်းဘေးက အုတ်ခုံတန်းလျားတွင် ထိုင်၍ ဆေးလိပ်တစ်လိပ်ကို ဖွာရင်း လှေကားထစ်များကို တဖြည်းဖြည်းတက်လာနေကြသော [illegible] နှစ်ယောက်ကို မိုးကြည့်နေသည်။

မိန်းမပျိုက ကျွန်တော့်ကို မသိမသာ လှမ်းကြည့်ပြီး [illegible] တစ်စုံတစ်ရာ လှည့်၍ ပြောလိုက်သည်။ ယောက်ျားကြီးက [illegible]



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။ ထို့နောက် မိန်းမပျိုဘက်သို့ လှည့်၍ပြုံးရင်း တစ်စုံတစ်ရာ ပြောလိုက်သည်။

ကျွန်တော့် အသက်အရွယ်မျှလောက်ဖြင့် မန္တလေးတောင်လောက်ကို နား၍ တက်ရသည်လောဟု အထင်သေး၍ ပြုံးခြင်းမျိုးလော။ တောင်တက်သဖြင့် အဆုတ်တွေ များများကြီး အလုပ်လုပ်တုန်း ဆေးလိပ်သောက်သည့်အတွက် ကျန်းမာခြင်း ဗဟုသုတ ခေါင်းပါးသည်ဟူသော အတွေးဖြင့် ပြုံးခြင်းမျိုးလော။

မည်သည့်အတွက်ကြောင့် ပြုံးသည်ကိုမူ ကျွန်တော် မသိ။

ထိုယောက်ျားကြီးက မိန်းမပျိုဘက်သို့ လှည့်၍ ပြုံးရုံမျှမက ကျွန်တော့်ကိုပါ လှည့်၍ ပြုံးလိုက်ပြီးနောက် ကျွန်တော်ထိုင်နေရာ အုတ်ခုံတန်းလျားကလေးဆီသို့ လာလျက်ရှိသည်။ မိန်းမပျိုကလည်း ၎င်း၏နောက်က ကပ်ပါလာသည်။

ကျွန်တော့်ကို ပြုံးပြသဖြင့် ကျွန်တော်ကလည်း ပြန်၍ ပြုံးပြလိုက်ရသည်။ မည်သူမည်ဝါဟု ကျွန်တော်မသိ။

သေသေချာချာကြည့်တော့မှ ရုပ်ရှင်မင်းသားကြီး ကိုဘတင့်နှင့် တူရုံမျှမက တစ်နေရာရာတွင် ကျွန်တော် ရင်းရင်းနှီးနှီး သိဖူးသည်ဟူ၍လည်း ထင်လိုက်မိသည်။ သို့ရာတွင် မည်သည့်အချိန်၊ မည်သည့်နေရာဟု ကျွန်တော် ကောင်းကောင်း မမှတ်မိ။

၎င်း၏ ရုပ်သွင်ကိုကြည့်၍ ကျွန်တော် စဉ်းစားနေဆဲ။

"မောင်ရင်က မန္တလေးကလား"

ယောက်ျားကြီး၏ အမေးကြောင့် ကျွန်တော် အစအဆုံး မစဉ်းစားနိုင်တော့။

"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ရန်ကုန်ကပါ"

ယောက်ျားကြီးက နောက်ကပါလာသည့် မိန်းမပျိုကို ပြန်လှည့်၍ ကြည့်လိုက်သည်။

"ဒါ့ထက် စိတ်မရှိပါနဲ့၊ မောင်ရင် စာရေးဆရာမြင့်အောင်လား"

ကျွန်တော်က ကျွန်တော်၏ စာဖတ်ပရိသတ်တစ်ဦးဟု တွက်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် မြင့်အောင်ပါ။ ဒီက ဦးကကော"

ထိုလူကြီးက ကျွန်တော့်အမေးကို ရုတ်တရက် မဖြေ။ ကျွန်တော်ထိုင်နေသည့် အုတ်ခုံတန်းလျားပေါ်သို့ ဝင်ထိုင်သည်။ ၎င်းနှင့်ပါလာသော မိန်းမပျိုကိုလည်း ဝင်ထိုင်ရန် အချက်ပြသည်။ ကျွန်တော်က ၎င်းတို့နှစ်ယောက်ထိုင်နိုင်ရန် အစွန်းတစ်ဖက်သို့ နေရာရွှေ့ပေးသည်။





"ကျုပ် ဘယ်သူဘယ်ဝါလို့ ပြောရင်လည်း မောင်ရင် မှတ်မိချင်မှ မှတ်မိမှာပါ။ စစ်ပြီးတဲ့နောက်မှာ ကျုပ်က 'လိုင်းမလိုက်' ထဲမှာ မရှိတော့ဘူးလေ"

စစ်ပြီးသည့်နောက်တွင် ၎င်းသည် 'လူမြင်ကွင်း' တွင် မရှိတော့ဟု ထိုလူကြီးက ဆို၏။ သို့ဖြစ်လျှင် စစ်မဖြစ်မီတုန်းက နိုင်ငံရေးသမားကြီး တစ်ဦးလော။

သို့မဟုတ် ဇာတ်လိုက်မင်းသားကြီး တစ်ဦးလော။ သို့မဟုတ်သေးလျှင် စာရေးဆရာကြီးတစ်ဦးလော။ လူထုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးတော့ ဖြစ်ဟန်တူသည်ဟု ကျွန်တော် ယူဆသည်။

"မောင်ရင်တို့ကတော့ စစ်ပြီးခေတ်မှာ စာရေးဆရာဆိုတော့ 'လိုင်းမလိုက်' ထဲမှာ မကြာမကြာ တွေ့နေရတယ်။ မောင်ရင်ရေးတဲ့ စာတွေကိုလည်း ကျုပ် အမြဲ ဖတ်တယ်။ ပြီးတော့ ဟောဒီသမီးကလည်း မောင်ရင်ရဲ့ စာဖတ်ပရိသတ်တစ်ဦး။ မန္တလေးတက္ကသိုလ်မှာ မြန်မာစာ မဟာဝိဇ္ဇာ တက်နေတယ်။ သူက မောင်ရင့်ကိုမြင်ဖူး နေတော့ သူပြောပြလို့ မောင်ရင်မှန်းသိတာ"

ကျွန်တော်က မိန်းမပျိုကို လှမ်းကြည့်လိုက်သည်။ မိန်းမပျိုက ထောက်ခံ သည့်အနေဖြင့် ပြုံး၍ ခေါင်းတစ်ချက် ညိတ်ပြသည်။ သည်တော့မှ စတွေ့တုန်းက မိန်းမပျိုက ကျွန်တော့်ကို ကြည့်ပြီး ၎င်း၏ဖခင်အား တစ်စုံတစ်ရာ လှမ်းပြောလိုက် ခြင်းကို ကျွန်တော် အမှတ်ရသည်။

ကျွန်တော်ကမူ ၎င်းတို့သားအဖကို မည်သူမည်ဝါမှန်း ယခုတိုင် မကွဲသေး။ ထိုယောက်ျားကြီးကလည်း သူသည် မည်သူမည်ဝါဟု ကျွန်တော့်ကို ထုတ်ဖော်ပြော ဆိုခြင်း မပြုသေး။

"ဖေဖေက ရှုမဝထဲမှာ ဆရာရေးနေတဲ့ 'ဆက်၍ရေးချင်သော ဝတ္ထုများ' ဆိုတဲ့ ဝတ္ထုတိုကလေးတွေကို ဂရုတစိုက် ဖတ်တယ်။ သဘောလည်း ကျတယ်"

အသားဝါဝါနှင့် မိန်းမပျိုက ဝင်၍ပြောသည်။

"မောင်ရင့်ဝတ္ထုတိုလေးတွေက ဦးတို့လို အရွယ်တွေတောင် ပြန်ပြီး [illegible] သွားစေတယ်"

"ဟုတ်ကဲ့ခင်ဗျ။ ဝမ်းသာပါတယ်"

ကျွန်တော်က အလိုက်အထိုက် ပြန်ပြောရသည်။ ကျွန်တော်မသိသော [illegible] သူနှင့် တွေ့နေပြီ။ ထို့ကြောင့် အလိုက်အထိုက် ပြန်ပြောရုံမှတစ်ပါး [illegible] မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်ရေးတဲ့ 'ဆက်၍ရေးချင်သော ဝတ္ထုများ'ဆိုတဲ့ ဝတ္ထုတိုကလေးတွေဟာ ဖတ်လို့တော့ ကောင်းပါတယ်။ ဒါပေမယ့် ရှေးခေတ်က ဝတ္ထုတွေအကြောင်းကို ဘာကြောင့် ပြန်ရေးနေတယ်ဆိုတာ ကျုပ် နားမလည်ဘူး။ ရေးစရာတွေ အများကြီးရှိနေတာပဲ။ အဲဒါတွေ ရေးပေါ့"

ထိုလူကြီးက ကျွန်တော့်ကို ဝေဖန်သည်။ ရေးစရာအသစ်တွေ ရှိလျက်သားနှင့် ကျွန်တော် ဘာကြောင့် မရေးသည်ကိုမူ ကျွန်တော် ဘာမျှ မပြောတော့။ သို့ရာတွင် ရှေးခေတ်ဝတ္ထုများအကြောင်းကို ကျွန်တော်ရေးရခြင်းနှင့် ပတ်သက်၍မူ သူနားလည်အောင် ရှင်းပြရလိမ့်မည်။ စာဖတ်သူက စာရေးသူကို ထုချေချက် တောင်းနေပြီ။

"ဝေဖန်ရေးသဘော ဆိုပါတော့ ခင်ဗျာ။ ဝေဖန်ရေးကို ဝတ္ထုပုံသဏ္ဌာန်နဲ့ ဖော်ပြတာပဲ ဆိုပါတော့"

ကျွန်တော်က ခပ်တိုတို ဖြေသည်။

"ဘာဖြစ်လို့ ခုခေတ်ဝတ္ထုတွေကို မဝေဖန်ဘဲ ရှေးခေတ်ဝတ္ထုတွေကို ဝေဖန်နေရတာလဲ။ ကျုပ်မေးတာကို စိတ်မရှိနဲ့နော်။ ကျုပ်က သိချင်လို့ မေးတာ"

ရုပ်ရှင်မင်းသားကြီး ကိုဘတင့်နှင့်တူသည့် ထိုလူကြီးက ကျွန်တော့်ကို တစ်ဆင့်တက်၍ မေးခွန်းထုတ်ပြန်သည်။ ၎င်း၏သမီးပျို အသားဝါဝါနှင့် မိန်းမပျိုကလည်း စိတ်ဝင်စားစွာ နားထောင်နေလျက်ရှိသည်။

ကျွန်တော် ခပ်တိုတိုဖြေ၍ မဖြစ်တော့။ လိပ်ပတ်လည်အောင် ဖြေရတော့မည်။

"ဒါက ဒီလိုပါ ခင်ဗျာ။ ပထမအချက်က ရှေးခေတ် ဒုတိယကမ္ဘာစစ်မတိုင်မီခေတ် ဆိုပါတော့။ နှစ်ပေါင်းသုံးဆယ်လောက် ရှိသွားပါပြီ။ နှစ်အစိတ်ကျော်ကျော်ဆိုပါတော့။ ဒီအခါကျမှ ပြန်ပြီး ငုံ့စောင်းကြည့်ရတဲ့အခါမှာ အကြည့်ခံ အဝေဖန်ခံရတဲ့အရာကလည်း တည်ငြိမ်သွားပါပြီ။ လှုပ်ရှားနေတဲ့ အရာဝတ္ထုတစ်ခု၊ မပြီးဆုံးသေးတဲ့ အရာဝတ္ထုတစ်ခုကို ကြည့်ရတာဟာ အမှန်အတိုင်းမြင်ရဖို့ ခက်ပါတယ်။ ကြည့်ရသူအဖို့လည်း ကာလဆိုတဲ့ တောင်ထိပ်ပေါ်ကနေပြီး ကြည့်ရတဲ့အခါကျတော့ အဝေးအနီး၊ အကြီးအသေး စတဲ့ မြင်ကွင်းမှန်ကို ရနိုင်ပါတယ်။ ဒါက ပထမ အချက်ပါ။ နောက်တစ်ချက်ကတော့ ..."

ကျွန်တော်က လက်ထဲက ဆေးပေါ့လိပ်တိုကို မီးညှိ၍ ဖွာသည်။ လူကြီးက





လည်း သူ့ဆေးတံကို မီးညှိ၍ ဖွာသည်။

"နောက်တစ်ချက်ကတော့ ကျွန်တော်တို့ မျက်မှောက်စာပေဟာ ကမ္ဘာစစ်မတိုင်မီ မြန်မာစာပေဟောင်းထဲက တိုးထွက်လာတာ ဖြစ်ပါတယ်။ အသစ်ဟာ အဟောင်းထဲက ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ အဟောင်းထဲက အကောင်းတွေကို ရှင်သန်အောင်လုပ်၊ ပေါင်းတွေကိုသင်ပြီးမှ အသစ်ဟာ ရှင်သန်လာခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဟောင်းတွေကို ကျွန်တော် ပထမ စ,ကိုင်တာပါ။ တတိယအချက်ကတော့၊ ခု ကျွန်တော်ဝေဖန်နေတဲ့ ဝတ္ထုကြီးတွေဟာ ကျွန်တော် ငယ်ငယ်က စွဲလမ်းခဲ့ဖူးတဲ့၊ နှစ်သက်ခဲ့ဖူးတဲ့ ဝတ္ထုကြီးတွေ ဖြစ်ပါတယ်။ ပုဂ္ဂလိက ခံစားချက်ပေါ်မှာတည်ပြီး ဒီဝတ္ထုကြီးတွေရဲ့ အကြောင်းကို ရေးချင်တယ်။ ရေးလည်း ရေးသင့်တယ်ထင်လို့ ရေးတာပါ"

ကျွန်တော် ခေတ္တရပ်လိုက်သည်။

"ရေးစရာအချက်အလက်သစ်တွေ ရှိပါလျက်နဲ့ အဟောင်းတွေကို ပြန်အသက်သွင်းတယ်လို့ကော မဆိုနိုင်ဘူးလား"

"ဟုတ်ကဲ့၊ အဟောင်းအသစ်တွေနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ သဘောထားရှိပါတယ်။ အဟောင်းတိုင်းဟာလည်း မဆိုးပါဘူး။ အသစ်တိုင်းဟာလည်း မကောင်းပါဘူး။ အဟောင်းကိုပဲ ကြည့်ကြည့်၊ အသစ်ကိုပဲ ကြည့်ကြည့် လူတန်းစားအမြင်နဲ့ပဲ ကြည့်ပါတယ်။ လူတန်းစား လူ့အဖွဲ့အစည်းမှာ၊ အမျိုးသားယဉ်ကျေးမှုတိုင်းမှာ အပိုင်းနှစ်ပိုင်း ရှိပါတယ်။ တစ်ခုက ဓနရှင်ယဉ်ကျေးမှု၊ နောက်တစ်ခုက သန္ဓေတည်[illegible] ဒီမိုကရေစီကျတဲ့ ဆိုရှယ်လစ်ဆန်တဲ့ ယဉ်ကျေးမှု"

"ယဉ်ကျေးမှု နှစ်ခု၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဓနရှင်ယဉ်ကျေးမှုက ပုပ်သိုးဆွေးမြေ့နေပြီး [illegible] နေပြီ။ ဒါပေမယ့် ဓနရှင်လူ့အဖွဲ့အစည်းမှာ အဲဒီ ပြိုကျပျက်စီးနေတဲ့ ဓနရှင်[illegible] မှုဟာ အပေါ်စီးက ရောက်နေတယ်။ ဒီမိုကရေစီကျတဲ့ ပစ္စည်းမဲ့လူတန်း[illegible] ကျေးမှုကတော့ တိုးတက်တယ်။ ဒါပေမယ့် အပေါ်စီးမရသေးဘူး။ သူ[illegible] ပစ္စည်းမဲ့လူတန်းစားလိုပဲ အောက်က ရောက်နေတယ်။ လက်အောက်[illegible] မှာပဲရှိနေတယ်။ ပထမအမျိုးအစားဖြစ်တဲ့ ပဒေသရာဇ် ဓနရှင်စာပေ[illegible] တို့ရဲ့ ရှေးဟောင်းစာပေ အနုပညာမှာရော၊ နိုင်ငံခြား ရှေးဟောင်း[illegible] ခုနှစ်ခေး ရှိနေတယ်။ ဒီစာပေအနုပညာတွေဟာ မြေရှင်၊ ဓနရှင် [illegible]



www.burmeseclassic.com

တွေကို သိဒ္ဓိတင်ကြတယ်။ ရှေးရိုးအစဉ်အလာ အစွဲအလမ်းတွေကို ဖြန့်ချိကြတယ်၊ မြေရှင်ဓနရှင် ကျင့်ဝတ်တွေကို ကိုင်စွဲကြတယ်။ မြေရှင်ဓနရှင်တို့ရဲ့ 'လူ့သဘာဝ သဘောတရား' ဆိုတာတွေကို ဖြန့်ဖြူးကြတယ်''

ထိုလူကြီးက ဆေးတံကိုဖွာရင်း ခေါင်းတဆတ်ဆတ်ညိတ်လျက် ရှိသည်၊ မြန်မာစာ မဟာဝိဇ္ဇာတန်းတက်နေသူ သမီးပျိုက စိတ်ပါဝင်စားစွာ နားထောင်သည်၊

''နောက်တစ်မျိုးကတော့ သန္ဓေသား တည်စပြုနေပြီဖြစ်တဲ့ ဒီမိုကရေစီကျတဲ့ ဆိုရှယ်လစ်ဆန်တဲ့ စာပေအနုပညာနဲ့ ယဉ်ကျေးမှု ဖြစ်ပါတယ်။ ဒီစာပေတွေက အုပ်စိုးသူ လူတန်းစားရဲ့ ကျင့်ဝတ်တွေကို ဆန့်ကျင်ပါတယ်။ ဒီလိုစာပေမျိုးတွေကို သမိုင်းမှာ နေရာမှန်ရောက်အောင် ထားသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ သို့တိုင်အောင် ဒီစာပေအနုပညာတွေမှာလည်း ဘက်နှစ်ဘက် ရှိပါတယ်''

''အင်း ··· ဆိုစမ်းပါဦး''

''တစ်ခုက သူတို့ရဲ့ တိုးတက်တဲ့ဘက်နဲ့ တစ်ခုက သူတို့ရဲ့ ဖောက်ပြန်တဲ့ ဘက်''

''တိုးတက်တဲ့ဘက်နဲ့ ဖောက်ပြန်တဲ့ဘက် ဟုတ်လား ···''

''ဟုတ်ပါတယ်၊ ဒီစာပေ အနုပညာတွေဟာ သွေးစုပ်ခြယ်လှယ်သူ မြေရှင်ဓနရှင် လူတန်းစားများရဲ့ ဆိုးယုတ်မှု၊ အကျင့်ပျက်မှု၊ သွေးစုပ်မှုတို့ကို ဖွင့်ချပါတယ်၊ အဲဒီခေတ်က ပြည်သူလူထုများရဲ့ ဘဝသရုပ်ကို ဖော်ပြပါတယ်။ ဒါက တိုးတက်တဲ့ ဘက်ပါ''

''ဖောက်ပြန်တဲ့ဘက် ဆိုတာကကော''

''ဒါပေမယ့် တစ်ပြိုင်နက်တည်းမှာ ဒီစာပေ အနုပညာများဟာ ဓနရှင်ဩဇာနဲ့ ဓနရှင်လူ့အဖွဲ့အစည်းအတွင်းက တိုးထွက်လာခဲ့ကြရတဲ့အတွက် ဖောက်ပြန်တဲ့ ဓနရှင် အတွေးအခေါ်တွေကို စွဲကိုင် ထိန်းသိမ်းထားကြတယ်။ အုပ်စိုးသူလူတန်းစားရဲ့ မမျှတတဲ့ လူနေမှုစနစ်ကို ကာကွယ်ပေးတဲ့ အတွေးအခေါ်တွေကို ဆက်လက်ထိန်းသိမ်း ထားကြတယ်။ ဒါကြောင့် တစ်ဘက်မှာ ဖောက်ပြန်ပေမယ့် တစ်ဘက်မှာ တိုးတက်တယ်။ ပဒေသရာဇ်စာပေထဲမှာပဲ ပဒေသရာဇ်ဆန့်ကျင်ရေးသဘောတွေ ပါနေတယ်၊ ဓနရှင်စာပေထဲမှာပဲ ဓနရှင်ဆန့်ကျင်ရေးသဘောတွေ ပါနေတယ်။

ဒါကြောင့် ရှေးစာပေအနုပညာတွေကို ပြန်ပြီး သုံးသပ်တဲ့ နေရာမှာ ဘက်ပေါင်းစုံ ယိုယွင်းပျက်စီးနေတဲ့ မြေရှင်ဓနရှင် စာပေအနုပညာရယ်၊ ဒီမိုကရေစီလည်း





ကျ၊ တော်လှန်တဲ့သဘောလည်း အတိုင်းအတာတစ်ခုအထိ ဆောင်တဲ့ စာပေတွေရယ်လို့ ခွဲခြားရပါလိမ့်မယ်။ ဘက်ပေါင်းစုံက ပျက်စီးနေတဲ့ ဖောက်ပြန်ရေးစာပေကို ပစ်ပယ်ပြီး သမိုင်းမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ တိုးတက်တဲ့အခန်းက ပါခဲ့တဲ့စာပေများကို အသိအမှတ်ပြု နေရာပေးရပါလိမ့်မယ်။ ဒီလိုပြောလိုက်တဲ့အတွက် အဲဒီစာပေအနုပညာတွေမှာ ဓနရှင်အတွေးအခေါ်တွေ၊ ဓနရှင် လူ့သဘာဝ သဘောတရားတွေ၊ ဓနရှင် ပုဂ္ဂလိကဝါဒတွေ ကင်းစင်ပြီလို့တော့ မဆိုလိုပါဘူး''

''ဒါဖြင့် မောင်ရင်ပြောချင်တာက ဓနရှင်လူ့အဖွဲ့အစည်းက စာပေတွေထဲမှာ ဘက်ပေါင်းစုံက ဖောက်ပြန်နေတဲ့ စာအုပ်တွေလည်း ရှိတယ်။ တစ်စိတ်တစ်ပိုင်း ဖောက်ပြန်ပြီး တစ်စိတ်တစ်ပိုင်း တိုးတက်တဲ့ စာပေတွေလည်း ရှိတယ်။ ဒီအထဲမှာ တစ်စိတ်တစ်ပိုင်း ဖောက်ပြန်တဲ့အချက်တွေကို ပယ်ပြီး တိုးတက်တဲ့ အစိတ်အပိုင်းကို အသိအမှတ်ပြုရမယ်လို့ ဆိုလိုတာလား''

''ဒီအတိုင်းပါပဲ ခင်ဗျာ။ အဟောင်းတိုင်းကို ပစ်ပယ်ရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု အမွေအနှစ်အကြောင်းကို ဘာပြောနေစရာ လိုတော့လို့လဲ''

''အဟောင်းတိုင်းကို အထင်ကြီးတဲ့၊ နိုင်ငံခြားစာပေ အနုပညာကို အထင်ကြီးတဲ့အစွန်းတစ်ဘက်နဲ့ အဟောင်းတိုင်းကိုဆန့်ကျင်တဲ့ အစွန်းတစ်ဘက်ရှိတယ်။ ဒီအစွန်းနှစ်ဘက်ကို ရှောင်ရမယ်လို့ ဆရာဆိုလိုချင်တာလား''

မိန်းမပျိုက ဝင်မေးသည်။

''ဟုတ်ပါတယ်၊ အစွန်းနှစ်ဘက်လို့ပဲ ပြောပါ။ အစွန်းတစ်ဘက်က ရှေးဟောင်းစာပေနဲ့ နိုင်ငံခြားစာပေ အားလုံးကို အစစ်အဆေးမရှိ ကိုးကွယ်တာ၊ ပြန်ပြီး အသက်သွင်းပေးတာ၊ ဒါက အစွန်းတစ်ဘက်။ နောက်အစွန်းတစ်ဘက်က အဟောင်းတိုင်းဟာ မကောင်းဘူး။ အန္တရာယ်ကြီးတယ်။ ကောင်းတဲ့ စာပေအမွေအနှစ်တွေကို အသုံးချဖို့ ကြိုးစားတာတွေကို အသေကောင် အသက်သွင်းပေးနေတာ ဖြစ်တယ်လို့ ထင်တာ။ အဟောင်းအားလုံးကို မီးရှို့ပစ်ချင်တာ၊ ဒါက အစွန်းတစ်ဘက်။ ဒီအစွန်းနှစ်ဘက်ကို ရှောင်သင့်တယ်လို့ ကျွန်တော် ထင်တယ်။ ပထမအယူအဆက ခေတ်နောက်ပြန်ဆွဲဝါဒရဲ့ လက္ခဏာချက် ဖြစ်တယ်။ ဒုတိယအယူအဆကတော့ မင်းခွဲဝါဒဖြစ်တယ်။ အရာအားလုံးကို ပယ်ပယ်တဲ့ နတ္ထိဝါဒ ဖြစ်တယ်။ ဒီနှစ်ခုဟာ ပုံသဏ္ဌာန် ခြားနားကြပေမယ့် သဘောက အတူတူပဲ ဖြစ်တယ်''

ကျွန်တော်က စကားကို အဆုံးသတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေ ထနောင်းတောဆီမှ ချိုးကူသံသည် တောင်ပေါ်သို့ လွင့်ပျံ့ တက်လာသည်။

ဘုရားဖူးများ တဖွဲဖွဲ တက်စ ပြုကြပြီ။

(၃)

"ဒါဖြင့် ဆရာဆက်ရေးချင်တဲ့ ဝတ္ထုကြီးတွေဟာ တိုးတက်တဲ့ ဝတ္ထုကြီးတွေဖြစ်တယ်လို့ ဆိုလိုချင်တာပေါ့"

မိန်းမပျိုက မေးသည်။

"တိုးတက်တယ်လို့တော့ ကျွန်တော် ခြွင်းချက်မရှိ မပြောလိုပါဘူး။ ဒါပေမယ့် သူတို့ဟာ ကျွန်တော်ပြောခဲ့တဲ့ စာပေအမျိုးအစားနှစ်မျိုးမှာ ဒုတိယအမျိုးထဲမှာ ပါတယ်လို့တော့ ကျွန်တော် ထင်တယ်။ သူတို့ဟာ ယေဘုယျအားဖြင့် နေရှင်လူ့အဖွဲ့အစည်းအတွင်းက ပေါ်ထွက်လာကြတဲ့ စာပေတွေဖြစ်တော့ စနစ်ဟောင်း အတွေးအခေါ်တွေ၊ စနစ်ဟောင်းဩဇာတွေ၊ အစွဲအလမ်းအဟောင်းတွေ၊ ကမ္ဘာ့အမြင်ဟောင်းတွေ၊ ပုဂ္ဂလိကဝါဒ အယူအဆတွေကို စွဲကိုင်ထားကြတုန်းပဲ။ နေရှင်စနစ်ဟောင်းရဲ့နံ့ထဲမှာရှိနေတုန်းပဲ။ ဒါပေမယ့် သူတို့ဟာ (သိစိတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) စနစ်ဟောင်းရဲ့ အပြစ်အနာအဆာတွေ၊ ဆိုးယုတ်မှုတွေ၊ အကျင့်ပျက်မှုတွေကို ဖော်ပြကြတယ်။ စနစ်ဟောင်းအတွင်းမှာ ကောင်းမြတ်ခြင်း၊ မှန်ကန်ခြင်း၊ လှပခြင်း စတာတွေကို ရှာဖွေဖို့ ကြိုးစားကြတယ်။ ဒါဟာ တော်လှန်တဲ့ ဒီမိုကရက်လက္ခဏာကို ဆောင်တယ်။ တိုးတက်တဲ့သဘောတွေ ကိန်းဝပ်နေတယ်ဆိုတာကိုပြတယ်။ ဒါကိုတော့ ကျွန်တော်တို့ အသိအမှတ်ပြုရမယ်။ နေရှင်လူတန်းစားရဲ့ ဆိုးယုတ်မှုတွေ၊ စရိုက်တွေကို အကာအကွယ်ပေးနေတဲ့၊ ဘက်ပေါင်းစုံက ဖောက်ပြန်နေတဲ့ စာပေတွေနဲ့ နှိုင်းယှဉ်ရင် သူတို့က ရှေ့တန်းရောက်တယ်။ အခြေခံအားဖြင့် ကောင်းတယ်"

"ဒီရပ်တည်ချက်နဲ့ ဒီစာပေတွေကို မောင်ရင်က ပြန်ပြီး သုံးသပ်တယ် ဆိုပါတော့"

လူကြီးက ကြားဖြတ်၍ မေးလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ။ လောကမှာ အကြွင်းမဲ့အရာရယ်လို့ မရှိနိုင်ပါဘူး။ စာပေအနုပညာမှာလည်း ပြောစရာမရှိလောက်အောင် အပြစ်ကင်းစင်တဲ့၊ သဲလဲစင်ဖြစ်တဲ့ စာပေအနုပညာရယ်လို့ မရှိနိုင်ပါဘူး။ ရှိတယ်လို့ မျှော်လင့်ရင် ရှေ့လျှောက်ပြီး





တိုက်ပွဲတွေကို တိုက်ရဦးမယ်၊ ဆက်ပြီး ကြိုးစားရဦးမယ်ဆိုတဲ့ အနုပဋိလောမတရားကို ပယ်ပစ်ရာ ကျပါတယ်"

"ဒီတော့"

"ဒီတော့ စာပေအနုပညာတစ်ရပ်ကို လူတန်းစားအမြင်နဲ့ ကြည့်ချင်တယ်ဆိုရင် အဲဒီ စာပေအနုပညာဟာ ပစ္စည်းမဲ့လူတန်းစားအတွက် အခြေခံအားဖြင့် ကောင်းသလား၊ ဆိုးသလားဆိုတာကို အဓိကထားကြည့်ရလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အခြေခံအားဖြင့် ဆိုးရင် အဲဒီစာပေအနုပညာကို ဝေဖန်ဖွင့်ချ တိုက်ခိုက်ရမယ်။ အခြေခံအားဖြင့် ကောင်းရင်၊ ဒီအခြေခံအားကောင်းချက်ကို အသိအမှတ်ပြုပြီး ချွတ်ယွင်းချက်၊ အားနည်းချက်ကို ကူညီဖေးမတဲ့သဘောနဲ့ ထောက်ပြရမယ်။ ဒီနည်းအားဖြင့် စာပေအနုပညာကို ပိုမိုကောင်းမွန်အောင်၊ တိုးတက်အောင် လုပ်ပေးသင့်တယ်လို့ ကျွန်တော် ထင်တယ်။ ဒါထက် ... ဦးက ကျွန်တော့်စာတွေကို တော်တော် ဖတ်ပါသလား ခင်ဗျာ"

ကျွန်တော်က ယခုတိုင် မည်သူမည်ဝါမှန်း မသိသေးသဖြင့် ထပ်မေးရသည်။

"ဖေဖေက သိပ် စာဖတ်တယ် ဆရာရဲ့။ ဟိုတုန်းက ဂျာဝါးကျွန်းသွားပြီး ကြံစိုက်တဲ့ အတွေ့အကြုံတွေကို မှီပြီး ခု အေလာဘက်မှာ ကြံမျိုးသစ်တစ်ရှူးကို စမ်းစိုက်ကြည့်နေတယ်။ သူ့ဘဝက ကြံပင်တွေနဲ့ စာအုပ်တွေကြားထဲမှာ အချိန်ကုန်တာပါပဲ"

ထိုလူကြီးသည် စာဖတ်သည်။ ဂျာဝါးကျွန်းသို့ ရောက်ဖူးသည်။ ယခု အေလာဘက်တွင် ကြံစိုက်နေသည်။ ဤမျှကိုတော့ ကျွန်တော် သိပြီ။ သို့ရာတွင် ဤမျှလောက်သိရုံဖြင့် ထိုလူကြီးကို ကျွန်တော် ကောင်းကောင်း မသိသေး။

"ဦးနာမည်က ဘယ်လိုပါလိမ့်ခင်ဗျာ၊ အမိန့်ရှိပါ"

ကျွန်တော်က ခပ်အမ်းအမ်းဖြင့် ဖွင့်မေးရသည်။

ထိုလူကြီးက သမီးပျိုဘက်သို့လှည့်၍ ပြုံးသည်။ မိန်းမပျိုကလည်း ကျွန်တော်ကို ပြုံး၍ ကြည့်နေသည်။

"ကျုပ်နာမည် မောင်ဒေဝပါ"

မောင်ဒေဝ၊ မောင်ဒေဝ၊ မောင်ဒေဝ ...။

ကျွန်တော်က သူ့နာမည်ကို စိတ်ထဲက တဖွဖွရွတ်သည်။ မောင်ဒေဝသည် ယခု ဦးဒေဝဟု ခေါ်ရတော့မည်။ သူ့ကိုယ်သူ မောင်ဒေဝဟု



www.burmeseclassic.com

ကျွန်တော် ဘယ်မှာများ တွေ့ဖူးသနည်း။ ထိုနာမည်ကို ကျွန်တော် ကြားဖူးသလိုလို တော့ရှိသည်။ သို့ရာတွင် ကောင်းကောင်း မမှတ်မိတော့။

"ဦးဒေဝဆိုတော့"

"အုရဲ့ မောင်ဒေဝလေ"

"ခင်ဗျာ … အုရဲ့ မောင်ဒေဝ ဟုတ်လား"

လူကြီးက ပြုံး၍ -

"ဟုတ်ပါတယ်၊ ပန်းသာမစာအုရဲ့ မောင်ဒေဝပါ"

ကျွန်တော်သည် ကောင်းကောင်း မှတ်မိပြီ။ စာရေးဆရာကြီး သခင်ဗသောင်း၏ 'ပန်းသာမစာအု' ဝတ္ထုကြီးမှ ကိုဒေဝကို ကျွန်တော် တွေ့နေရပြီ။

ကျွန်တော်သည် ကြည်နူးခြင်း၊ အံ့သြခြင်း၊ ဆွတ်ပျံ့ခြင်းတို့ ရောထွေးလျက်ရှိသည့် ခံစားချက်ဖြင့် မန္တလေးတောင်ပေါ်မှ စီး၍မြင်နေရသော မန္တလေးနန်းမြို့ရိုးကြီးကို ငေးကြည့်နေမိသည်။ သို့ငေးကြည့်ရင်း 'ပန်းသာ မစာအု' ဝတ္ထုကြီးထဲမှ အဆုံးသတ်ကလေးကို သတိရနေသည်။

*လုလင်ပျိုနှင့် လုံမပျိုတို့သည် တောင်ထိပ်က စေတီတစ်ဆူဆီသို့ တက်လျက်ရှိကြသည်။ တောင်ထိပ်ကစေတီသို့ ရောက်လျှင် အမျှပေးဝေကာ ခေါင်းလောင်းထိုးကြသည်။ ခဏကြာတော့ တောင်ခြေမြို့စွန်ရှိ နရသိန် အကျဉ်းထောင်ကြီးမှ အလံနက်တစ်ခု တလူလူ လွင့်တက်လာသည်။*

တောင်ထိပ်သို့ တက်နေသည့် လုလင်ပျိုနှင့် လုံမပျိုတို့မှာ ကိုဒေဝနှင့် သူ့ဇနီး ပန်းသာ မစာအု၏ ညီမ မကြေးမှုံဖြစ်သည်။ သူတို့နှစ်ယောက် မျှော်ကြည့်ရာ နရသိန် အကျဉ်းထောင်ဆီမှ အလံနက်တစ်ခု လွင့်တက်လာခြင်းမှာ ပန်းသာမောင်မောင်ကို သတ်ခဲ့သော ပန်းသာ မစာအုကို ကြိုးပေးသတ်သည့် အထိမ်းအမှတ်ဖြစ်သည်။

ယခု မန္တလေးတောင် စောင်းတန်းသို့ တက်နေသော ယောက်ျားကြီးတစ်ဦးနှင့် မိန်းမပျိုတစ်ဦးကို ကျွန်တော် တွေ့ရပြန်ပြီ။

သို့ရာတွင် ကိုဒေဝနှင့်မကြေးမှုံတို့ မဟုတ်တော့။

အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရောက်နေသော ဦးဒေဝနှင့် မြန်မာစာ မဟာဝိဇ္ဇာဘွဲ့ကို ယူနေသော သူ့သမီးပျိုတို့ ဖြစ်နေလေပြီ။

□





(၄)

'ပန်းသာ မစာအု' ဝတ္ထုကြီးကို စစ်မဖြစ်မီ ကျွန်တော်ဖတ်ခဲ့ရသည်။

ဆင်းရဲနွမ်းပါး၍ သူ့ကိုယ်သူ ပန်းသာမြို့စားများ အဆက်အနွယ်ဟု ယူဆလျက်ရှိသော ဦးပန်းအောင်သည် သူ့သမီး မစာအုကို ပန်းသာမြို့ရှိ ပန်းသာမြို့စားများအဆက်၊ ပန်းသာခင်လေး ဆိုသူထံသို့ ချွေမျိုးစပ်ရန် လွှတ်သည်။ မစာအုက သူ့အဖေ စိတ်ကြီးဝင်နေသူဖြစ်မှန်း သိသည်။

ထို့ကြောင့် ပန်းသာခင်လေးတို့ထံသွား၍ ချွေမျိုးမစပ်လို။ သို့ရာတွင် မိဘများက အတင်းတိုက်တွန်းသဖြင့် ပန်းသာခင်လေးထံ ရောက်ခဲ့ရသည်။ ပန်းသာခင်လေးတို့၏ကြီးကျယ်ခမ်းနားသော စံအိမ်ကြီးတွင် ပန်းသာမစာအုကို အိမ်စေတစ်ဦးသဖွယ် သဘောထား၍ မွေးစားထားသည်။ ပန်းသာခင်လေး၏သား ပန်းသာမောင်မောင်က လူသော့၊ လူသွမ်းဖြစ်သည်။ မိန်းမပျိုများကို ဖျက်ဆီးတတ်သည်။ အုသည် ပန်းသာခင်လေး၏အိမ်တွင်နေရင်း ပန်းသာမောင်မောင်၏ လက်ချက်ကြောင့် အပျိုရည်ပျက်ခဲ့ရသည်။

မစာအုသည် ပန်းသာမောင်မောင်၏အိမ်မှ ဆင်းလာကာ ရွာတစ်ရွာတွင် သွား၍နေသည်။ ထိုရွာတွင် ကောက်စိုက်မ လုပ်သည်။ ထိုရွာတွင် လယ်ယာစိုက်ပျိုးရေးကို လာရောက်လေ့လာနေသည့် ကိုဒေဝဆိုသူနှင့် တွေ့သည်။ မစာအုသည် မြို့ကြီးသား ကိုဒေဝနှင့် သူတို့ရွာတွင် တစ်ခါ သိခဲ့ဖူးသည်။ ယခု ထိုကိုဒေဝနှင့် ပြန်တွေ့နေရပြီ။

ကိုဒေဝက ခေတ်ပညာတတ် လူငယ်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကို ခေတ်မီလယ်ယာစိုက်ပျိုးရေး လုပ်ချင်သူ ဖြစ်သည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဂျာဝါးကျွန်းသို့ သွားရောက်လေ့လာခဲ့ဖူးသည်။

ယခု မြေရှင်ဒေါ်ငွေခင်၏ အိမ်တွင် လယ်ယာလုပ်သားအဖြစ် လာရောက်ကာ စိုက်ပျိုးရေးကို လက်တွေ့စမ်းသပ်ကြည့်နေသည်။

ဤတွင် ကိုဒေဝနှင့် မစာအုတို့ ချစ်ကြသည်။ ကိုဒေဝက လက်ထပ်ချင်သည်။ သို့ရာတွင် မစာအုက လက်မထပ်လို။ သူ့ခန္ဓာကိုယ်သည် မသန့်ရှင်းတော့။ ပန်းသာမောင်မောင်၏ လက်ချက်ဖြင့် အပျိုရည်ပျက်ခဲ့ရပြီ။

ထို့ကြောင့် မစာအုသည် မိဘများထံ ပြန်ပြေးသည်။ မိဘများက ဆင်းရဲသော်လည်း ပန်းသာမောင်မောင်၏ အပျော်မယားအဖြစ်နေရန် တိုက်တွန်းကြသည်။ ပန်းသာ

www.burmeseclassic.com



မောင်မောင်ကလည်း လာခေါ်သည်။ ဤတွင် မစာအုသည် ရှောင်၍ မရတော့။ တစ်ဘက်တွင် ပန်းသာမြို့စားဆက်ရူး ရူးနေသော ဖခင်ဦးပန်းအောင်နှင့် မိခင်တို့ ရှိသည်။ အခြားတစ်ဘက်တွင် မစာအုကို အပျော်မယားအဖြစ် သိမ်းပိုက်လိုသော ပန်းသာမောင်မောင်ရှိသည်။ ဤအမှောင့်ပယောဂနှစ်ခု၏အကြားတွင် မစာအုသည် သားကောင်ဖြစ်ခဲ့ရသည်။

မစာအုသည် ပန်းသာမောင်မောင်၏ မယားဖြစ်သော်လည်း တစ်စက်မျှ မပျော်။ သူ့ကြမ္မာကိုသူ ရိုးမယ်ဖွဲ့သည်။ သူ့ချစ်သူ ကိုဒေဝ ယခုအချိန်၌ မည်သို့ရှိမည်နည်း။ မည်သည့်နေရာ၌ ရောက်နေပြီနည်း။

ထိုအချိန်၌ ကိုဒေဝသည် ပျောက်သွားသော သူ့ချစ်သူ မစာအုကို လိုက်ရှာသည်။ ပန်းသာဆက်ဟုဆိုသော ပေပင်ကုန်းရွာက ဦးပန်းအောင်တို့ မိသားစုကို လိုက်ရှာရင်းဖြင့် နောက်ဆုံး သူ့ချစ်သူ အုသည် ပန်းသာမောင်မောင်၏ အပျော်မယားဖြစ်နေပြီဟု ကြားရသည်။

ဤတွင် ကိုဒေဝ မစာအုရှိရာမြို့သို့ လိုက်သည်။ မြို့အထွက်တွင် မိန်းမ တစ်ယောက်နှင့် တွေ့သည်။ ထိုမိန်းမမှာ သူ့ချစ်သူ အု ဖြစ်နေသည်။ အုသည် သူ့အပေါ် နှိပ်စက်ကလူပြုသော ပန်းသာမောင်မောင်ကို သတ်၍ ထွက်ပြေးလာခြင်းဖြစ်သည်။

ကိုဒေဝနှင့် အုသည် ရာဇဝတ်ဘေးကို ရှောင်ရန် ကြိုးစားကြသည်။ အခြားနယ်တစ်နယ်သို့ ပုန်းအောင်းရန် ထွက်ပြေးလာခဲ့ကြသည်။ တောစပ်တစ်ခုတွင် တစ်ညအိပ်၍ ခရီးဆက်မည်အပြု သူတို့ကို ပုလိပ်များက ဝိုင်းထားကြောင်း တွေ့ရသည်။ ဤတွင် အု အဖမ်းခံရသည်။ အုကို တရားရုံးက ကြိုးပေးသတ်ရန် စီရင်ချက်ချလိုက်သည်။

နောက်ဆုံးတွင် အုသည် နရသိန်ထောင်ကြီးအတွင်းတွင် ကြိုးပေးခံသွားရသည်။

ကိုဒေဝသည် မစာအု၏ညီမ မကြေးမှုံကို လက်ထပ်လိုက်သည်။ ကိုဒေဝနှင့် မကြေးမှုံတို့သည် တောင်ထိပ်ပေါ်မှနေ၍ နရသိန်ထောင်ကြီးကို လှမ်းမျှော်ကြည့်နေကြသည်။ ထိုစဉ် အလံနက်တစ်ခု တလူလူလွင့်တက်လာသည်ကို သူတို့ မြင်ကြရသည်။

ကျွန်တော် မှတ်မိသမျှကို ပြန်၍ စဉ်းစားနေသည်။ စနစ်တကျ မဟုတ်၊





အစီအစဉ်လိုက် မဟုတ်။ လွန်ခဲ့သောနှစ်ပေါင်း အစိတ်ကျော်က ဖတ်ခဲ့သော 'ပန်းသာမစာအု' ဝတ္ထုကြီးကို လုံးစေ့ပတ်စေ့ မမှတ်မိတော့။ သို့ရာတွင် ထိုဝတ္ထုကြီး၏ ဝိညာဉ်ကိုကား ကျွန်တော် မမေ့နိုင်။

"ခု ... ဒါ မကြေးမှုံရဲ့ သမီးလေ"

ဦးဒေဝက မြန်မာစာ မဟာဝိဇ္ဇာတက်နေသော မိန်းမပျိုကို ပြသည်။

"စာရေးဆရာကြီး သခင်ဗသောင်းဟာ 'ပန်းသာမစာအု' ဝတ္ထုကြီးကို သောမတ်ဟာဒီရဲ့ 'တက်စ်အော့ဗ်ဒျူဘာဗီးလ်' ဝတ္ထုကြီးက မှီးယူထားတာ ဖြစ်တယ်ခင်ဗျ။ ဒါပေမယ့် သူမှီးပုံက အလွန်သေသပ်ပြီး သူ့အနုပညာက ပြောင်မြောက်တဲ့အတွက် 'ပန်းသာမစာအု' ဟာ တကယ့် မြန်မာအမျိုးသမီးတစ်ဦးလို့ မှတ်ရတယ်။ ဒါတွင် မကဘူး။ အုဟာ တကယ့် အသက်ဝင်နေတဲ့ လူတစ်ယောက်လို့ ထင်ရတယ်။ စာရေးဆရာကြီး သခင်ဗသောင်းရဲ့ အနုပညာစွမ်းအင်နဲ့ လူ့သဘာဝအဖွဲ့ကြောင့် တခြားချွတ်ယွင်းချက်များဟာ မှေးမှိန်သွားရတယ်"

"ဝတ္ထုရဲ့ ဦးတည်ချက်ကိုကော ဆရာ ဘယ်လိုမြင်ပါသလဲ"

မြန်မာစာ မဟာဝိဇ္ဇာတန်း တက်နေသည့် မိန်းမပျိုက မေးသည်။ ကျွန်တော်က ခပ်တွေတွေ စဉ်းစားရင်း -

"ဝတ္ထုရဲ့ ဦးတည်ချက်ကိုတော့ ကျွန်တော် ကောင်းကောင်းဆုပ်ကိုင်လို့ မရဘူး ခင်ဗျ။ သောမတ်ဟာဒီကတော့ တက်စ်ကို ရေးရာမှာ လူတွေဟာ ကြိုတင်သိမြင်နိုင်စွမ်းမရှိတဲ့၊ မူလက ပြဋ္ဌာန်းပြီးဖြစ်တဲ့ လမ်းအတိုင်း လျှောက်ကြရတယ်။ ကံကြမ္မာအလျောက် ဖြစ်ကြရတယ်။ ကံတရားဟာ တက်စ်ဆိုတဲ့ အပြစ်ကင်းတဲ့ မိန်းကလေးတစ်ယောက်ကို သနားညှာတာခြင်း မရှိ၊ ရက်ရက်စက်စက် ကျီစားသွားတယ်လို့ ဆိုလိုချင်ပုံရတယ်။ စာရေးဆရာကြီး သခင်ဗသောင်းဟာလည်း မူရင်းစာရေးဆရာ သောမတ်ဟာဒီရဲ့ ဆိုလိုရင်းကို ဆုပ်မိပုံရတယ်။ ဒီသဘောဟာ 'ပန်းသာ မစာအု' ဝတ္ထုကြီးပေါ်မှာ ပေါ်နေတယ်"

ဦးဒေဝက ဘာမျှ မပြော။ ဆေးတံကိုဖွာ၍ ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေသည်။ ကံတရား၏ ကျီစားသန်မှုကြောင့် ရေတိမ်နစ်သွားခဲ့သော သူ့ချစ်သူ အုအကြောင်းကို စဉ်းစားနေသည်လော။ သူ့ဇနီးသည် မကြေးမှုံ၏ အကြောင်းကိုပင် စဉ်းစားနေသည်လော။ ဤသည်ကိုမူ ကျွန်တော် မသိ။

"ဒါဖြင့် ဆရာက 'ပန်းသာ မစာအု' မှာ ဘာကို သဘောကျတာလဲ"

www.burmeseclassic.com



မိန်းမပျိုက မေးသည်။ မဟာဝိဇ္ဇာတန်းတက်နေသော မြန်မာစာနည်းပြဆရာမက ကျွန်တော့်ကို မေးခွန်းထုတ်နေပြီ။

"တစ်ချက်ကတော့ စာရေးဆရာကြီး သခင်ဇသောင်းရဲ့ အတတ်ပညာပါ။ သူ့အတတ်ပညာဟာ စာဖတ်သူကို ဖမ်းစားထားနိုင်တယ်။ သူ့ဝတ္ထုဟာ မှီးထားတယ် ဆိုပေမယ့် မှီးထားမှန်း မသိရဘူး။ သူ့ပင်ကိုဟန် ပေါ်နေတယ်။ မြန်မာဟန် ပေါ်နေတယ်။ ကြီးလာလို့ သောမတ်ဟာဒီရဲ့ တက်စ်နဲ့ ယှဉ်ဖတ်တဲ့အခါမှာလည်း တက်စ်ဟာ ဝက်ဆင်နယ်က အပြစ်ကင်းတဲ့ ကျေးတောသူလေးတစ်ယောက်ရဲ့ ဟန်ပေါ်နေသလို မစာအုဟာလည်း ရိုးအ အပြစ်ကင်းတဲ့ မြန်မာ့ကျေးတောသူမလေးတစ်ယောက်ဟန် ပေါ်နေတယ်။ နောက်တစ်ချက်က ..."

ဦးဒေဝက အုတ်ခုံတန်းလျားပေါ်၌ ထိုင်နေရာမှ ထ,ကာ လက်နှစ်ဖက် နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

"နောက်တစ်ချက်ကတော့ အကြောင်းအရာပိုင်းပဲ"

"ဆရာ ဘယ်လို ထင်သလဲ။ တိုးတက်တယ်လို့ သတ်မှတ်မလား။ ဖောက်ပြန်တယ်လို့ ပြောမလား။ ဆရာတို့ အမြင်အရပေါ့လေ"

"ပဒေသရာဇ်စာပေ၊ ခေတ်ရှင်စာပေ စတဲ့ စာပေဟောင်းထဲမှာ အပိုင်းနှစ်ပိုင်းရှိတယ်လို့ ကျွန်တော် ပြောခဲ့ပါပြီ။ တစ်ခုက ဘက်ပေါင်းစုံက ဖောက်ပြန်ပြီး ခေတ်ရှင်စနစ်၊ မြေရှင်စနစ်ကို အကာအကွယ်ပေးတဲ့ စာပေတွေ။ နောက်တစ်ခုက တစ်ဘက်မှာ ခေတ်ရှင် အတွေးအခေါ်တွေ၊ ခေတ်ရှင် တစ်သီးပုဂ္ဂလဝါဒတွေ၊ ခေတ်ရှင်သဘာဝ သဘောတရားတွေကို ဆုပ်ကိုင်ထားသော်လည်း အခြားတစ်ဘက်က ဒီမိုကရေစီကျတဲ့၊ မြေရှင် ခေတ်ရှင်စနစ်ရဲ့ ဆိုးယုတ်မှုတွေကို တစ်စိတ်တစ်ဒေသ ဖော်ထုတ်တဲ့ အဆိုးအကောင်း ရောထွေးနေတဲ့ စာပေရယ်လို့ နှစ်မျိုးရှိတယ်လို့ ပြောခဲ့ပါတယ်"

"ဒီတော့ 'ယုန်းသာ မစာအု'ဝတ္ထုကြီးကို ဆရာဘယ်အမျိုးအစားထဲမှာ ထားချင်သလဲ။ ဒုတိယ အမျိုးအစားလား"

မိန်းမပျိုက မေးသည်။

"စာရေးဆရာကြီး သခင်ဇသောင်းရဲ့ စာတွေထဲမှာ ဒီဝတ္ထုကြီးဟာဖြင့် အကောင်းဆုံး၊ လူထုဘဝနဲ့ အနီးစပ်ဆုံးမို့လို့ ဒုတိယ အမျိုးအစားထဲမှာ ထည့်သင့်တယ်လို့ပဲ ကျွန်တော် ထင်ပါတယ်"

မိန်းမပျိုက ကျွန်တော့်ကို နားမလည်သလို ကြည့်သည်။





"ဒုတိယအမျိုးအစား စာပေတွေဟာ တစ်ဘက်က မြေရှင်ခေတ်ရှင်ရဲ့ ဆိုးယုတ်မှုတွေကို ဖွင့်ချသော်လည်း တစ်ဘက်မှာ ခေတ်ရှင်ဩဇာတွေ၊ ခေတ်ရှင် လူ့သဘာဝသဘောတရားတွေကို၊ အစွဲအလမ်းဟောင်းတွေကို စွဲကိုင်ထားတယ်လို့ ဆရာပြောခဲ့တယ်လေ။ ဒီတော့ 'ယုန်းသာ မစာအု'ဝတ္ထုကြီးမှာ ဆရာပြောတဲ့ မြေရှင်စနစ်၊ ခေတ်ရှင်စနစ်ရဲ့ မကောင်းမှုတွေကို ဖွင့်ချတိုက်ခိုက်တာ ဘယ်မှာများပါလို့လဲ"

ကျွန်တော်က ပြုံးသည်။ ၎င်း၏ မေးခွန်းသည် မေးသင့်မေးထိုက်သော မေးခွန်းဖြစ်သည်ဟု ကျွန်တော် ထင်သည်။

"ဟုတ်ပါတယ်။ ဖွင့်ချတိုက်ခိုက်တာ မပါပါဘူး။ 'ယုန်းသာ မစာအု'ဝတ္ထုကြီးမှာ ခေတ်ရှင် အစွဲအလမ်းဟောင်း (ဥပမာ၊ ကံကြမ္မာကြောင့် 'ယုန်းသာ မစာအု' ဒီဘဝရောက်ရတယ် ဆိုတာမျိုး) ခေတ်ရှင် ပုဂ္ဂလိကဝါဒ (ဥပမာ၊ မြေရှင်တစ်ပိုင်း၊ ခေတ်ရှင်တစ်ပိုင်း လူ့အဖွဲ့အစည်းကြီးမှာ မြန်မာအမျိုးသမီးတွေရဲ့ ဘဝကို ခြုံမပြဘဲ မစာအုလို မိန်းမမျိုးမှာ သူ့ကံနှင့်သူ ဖြစ်ရတာဆိုတာမျိုး)၊ ခေတ်ရှင် လူ့သဘာဝ သဘောတရား၊ (ဥပမာ၊ မစာအုဟာ ပဒေသရာဇ် တစ်ပိုင်း၊ ခေတ်ရှင်တစ်ပိုင်း လူမှုစနစ်ကြီးရဲ့ သားကောင်လို့ မပြဘဲ ကံ,ကွက်ကျားပြီး ဖြစ်ရတဲ့ပုံမျိုး)တွေ တစ်ဘက်မှာပါနေတယ်။ ဒါပေမယ့် အခြားတစ်ဘက်မှာ ပဒေသရာဇ်တစ်ပိုင်း၊ ခေတ်ရှင်တစ်ပိုင်း လူ့အဖွဲ့အစည်းရဲ့ရုပ်ပုံကိုတော့ (လူတန်းစားဘက်လိုက်မှု မပါသည့်တိုင်)အရှိကို အရှိအတိုင်း တစ်စိတ်တစ်ပိုင်း ဖော်ပြသွားတယ်။ ပဒေသရာဇ်အိမ်ထောင်ရေးကို ဆန့်ကျင်တဲ့သဘောမျိုးကို အရိပ်အယောင်ပြသွားတယ်။ ဒီအပိုင်းကလေးကို ကျွန်တော် သဘောကျတာပါ"

"ဥပမာ ..."

"ဒီအရိပ်အရောင်ကလေး၊ အစအနကလေးကို အခြေခံပြီး လူတန်းစား ရှုတည်မှုနဲ့သာ ဆက်ရေးရရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် ထင်တယ်"

"ဘယ်လို ဆက်ရေးမှာလဲ"

"မြေရှင် သေနာပတိပျက် လူတန်းစားရဲ့ အိမ်ထောင်ရေးစနစ်ကို ဆန့်ကျင်တဲ့ရပ်တည်မှုနဲ့ ရေးမှာပေါ့။ ခု ကျွန်တော်တို့ဟာ 'ယုန်းသာမစာအု'ကို ဖတ်ပြီး အုကို သနားကြတယ်။ ကရုဏာသက်ကြတယ်။ ဒါပေမယ့် အု ဒီဘဝရောက်သွားရတာဟာ ဘယ်သူ့ကြောင့်လဲ။ ယုန်းသာမောင်မောင်လား၊ အကျိုးစားသန်တဲ့ ကံကြမ္မာလား၊ သေနာပတိလူတန်းစားထဲ ဝင်ချင်လွန်းအားကြီးလို့ ယုန်းသာဆက်ဆိုတဲ့ နာမည်လေးရအောင် သမီးကို အပေါင်ပေးလိုက်တဲ့ အုရဲ့အဖေ ဦးယုန်းအောင်လားဆိုတာ ပေါ်ဝါဒ

www.burmeseclassic.com



ဖြစ်နေတယ်။ စာရေးဆရာက ဒါကို ထောက်မပြတော့ အုကို ကရုဏာသက်ရုံပဲ ကျွန့်ရစ်ခဲ့တယ်''

''ဆရာက ဘယ်လိုရပ်တည်မှာလဲ''

''ကျွန်တော်သာ ဆက်ရေးခွင့်ရရင် ပဒေသရာဇ် သေနာပတိစနစ်ကြီးနဲ့ သူ့ရဲ့ အိမ်ထောင်ရေးစနစ်၊ မြေရှင်သေနာပတိပျက် လူတန်းစားရဲ့ အကျင့်ပျက်မှု ဒါတွေကို ဆက်ရေးမှာပဲ''

''ဒါဖြင့် အု သေသွားရတာ ဘယ်သူ တရားခံလဲ''

ဦးဒေဝက ရပ်၍ မေးသည်။

''ကျွန်တော်က ဒီလို စဉ်းစားတယ်''

''ဆိုပါဦး''

''လူတစ်ယောက်ရဲ့ ဘဝ၊ လူတစ်ယောက်ရဲ့ အပြုအမူကို ပတ်ဝန်းကျင်က ဆုံးဖြတ်ပြဋ္ဌာန်းတယ်။ အုဟာ လူ့ဘဝကြီးမှာ ပျော်ရွှင်ချမ်းမြေ့စွာ နေချင်တယ်။ ပန်းသာမောင်မောင်ကို မသတ်ချင်ဘူး။ သူလည်း မသေချင်ဘူး။ အုရဲ့ မူလရည်ရွယ်ချက်ဟာ အသက်ရှင်နေရေး ဖြစ်တယ်။ သေရေး မဟုတ်ဘူး။ တစ်နည်းပြောရရင် ဘဝရဲ့ အဓိပ္ပာယ်ကို ရှာဖို့ဖြစ်တယ်။ မရဏကို ရှာဖို့ မဟုတ်ဘူး။ အုဟာ သူ အပြစ်ခံရမယ်မှန်း သိပေမယ့် ပန်းသာမောင်မောင်ကို သတ်ခဲ့တယ်။ ဒါဟာ သူသတ်ချင်လို့ မဟုတ်ဘူး။ ပတ်ဝန်းကျင်က ဒီအခြေကိုရောက်အောင် တွန်းပို့လိုက်လို့ ဖြစ်တယ်။ ဒါဖြင့် အုရဲ့ ပတ်ဝန်းကျင်ဟာ ဘယ်လိုပတ်ဝန်းကျင်လဲ''

ကျွန်တော်ဟာ လက်တစ်ချောင်းကို ချိုးလိုက်ရင်း ...

''တစ် ... ပဒေသရာဇ်တစ်ပိုင်း၊ ဓနရှင်တစ်ပိုင်း မြန်မာ့လူ့အဖွဲ့အစည်း။ နှစ် ... ပေပင်ကုန်းရွာက မျိုးမတ်မျိုး အလွန်ဖြစ်ချင်တဲ့ သေနာပတိပျက် လူတန်းစား၊ သူ့အဖေ ဦးပန်းအောင် မိသားစု။ သုံး ... သူချစ်နှစ်သက်ခြင်း မရှိတဲ့ သူ့ယောကျ်ား ပန်းသာမောင်မောင် မိသားစုတို့ ဖြစ်တယ်။ ဒီအချက်သုံးချက်ဟာ အုကို နှောင်ဖွဲ့ထားတဲ့ သံမဏိကွန်ခြာကြီး သုံးခုဖြစ်တယ်။ ဒီကွန်ခြာကြီး သုံးခုထဲမှာ ပိတ်မိနေတာနဲ့ တပြိုင်နက် အုဟာ လူ့ဘဝရဲ့ ပျော်ရွှင်မှုကို ဘယ်လိုပဲ ရှာရှာ မတွေ့နိုင်တော့ဘူး။ ဆက်ပြီး အသက်ရှင်မနေချင်တော့ဘူး။ ဘဝမှာ အသက်ရှင်မနေချင်တော့ဘူး။ ဘဝကို ငြီးငွေ့လာတယ်။ အကယ်၍သာ ဒီအချက်သုံးချက်မရှိရင် သို့မဟုတ် ဒီအချက်သုံးချက် အနက် တစ်ချက်မရှိရင် အုဟာ ဒီအဖြစ်မျိုးကို ရောက်မှာ မဟုတ်ဘူး။ ဥပမာ၊





တစ်–အုရဲ့အဖေ ဦးပန်းအောင်က သူ့ကို အတင်းအဓမ္မ ပန်းသာမောင်မောင်နဲ့ မပေးစားဘဲ အုရဲ့စိတ်ကြိုက်ချစ်သူကို ရွေးခဲ့ပေးခဲ့ရင် အုဟာ ဒီဘဝကို ရောက်မှာမဟုတ်ဘူး။ နှစ်–အုဟာ ပန်းသာမောင်မောင်ကို ဘာကြောင့် မယူနိုင်သလဲဆိုတာကို ပန်းသာမောင်မောင်တို့ မိသားစု လက်ခံနိုင်အောင် ရှင်းပြခွင့်ရခဲ့ရင်၊ ပန်းသာမောင်မောင်တို့ မိသားစုကလည်း သဘောပေါက်ပြီး အုရဲ့ ပုဂ္ဂိုလ်လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ချစ်သူ ရှာခွင့်ကို လေးစား အသိအမှတ်ပြုခဲ့ရင် အုဟာ ဒီအဖြစ်မျိုးရောက်မှာ မဟုတ်ဘူး။ သုံး–အကယ်၍ သူ့မိဘဘက်ကရော၊ ပန်းသာမောင်မောင်ဘက်ကရော အုရဲ့ လွတ်လပ်စွာရွေးချယ်ခွင့်ကို လက်မခံသည့်တိုင် အုကို ထောက်ခံမယ့် အင်အားကောင်းတဲ့ လူထုထင်မြင်ချက်ရှိရင် မိမိရဲ့ အလိုဆန္ဒမပါဘဲ အမျိုးရည်ပျက်သွားခဲ့ရတာဟာ မိန်းမရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတဲ့အရာ မဟုတ်လို့ လက်ခံတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ရှိခဲ့ရင် အုဟာ ဒီအဖြစ်မျိုးရောက်မှာ မဟုတ်ဘူး''

''ဒါကြောင့် အု ဒီအဖြစ်ကို ရောက်သွားရတာ ကံကြမ္မာကြောင့် မဟုတ်ဘူး။ ပတ်ဝန်းကျင်ကြောင့် ဖြစ်တယ်။ စနစ်ကြောင့် ဖြစ်တယ်။ ပဒေသရာဇ် စနစ်တစ်ပိုင်း၊ ဓနရှင်တစ်ပိုင်း လူ့အဖွဲ့အစည်း၊ သေနာပတိပျက် လူတန်းစားဖြစ်နေတဲ့ သူ့မိဘများနဲ့ အကျင့်ပျက်နေတဲ့ သေနာပတိနွယ်တွေဖြစ်တဲ့ ပန်းသာမောင်မောင်မိသားစု ဆိုတဲ့ သံကွန်ခြာသုံးခုကြောင့် ဖြစ်တယ်။ အု ဒီဘဝရောက်ရတာဟာ လူကြီးမိဘပေးစားသမျှ ယူရမယ်ဆိုတဲ့ ပဒေသရာဇ်အစဉ်အလာကြောင့် ဖြစ်တယ်။ လူနေမှုစနစ်ကြောင့် ဖြစ်တယ်။ ပုဂ္ဂိုလ်ရဲ့ စိတ်ဆန္ဒလွတ်လပ်မှုကို ပိတ်ပင်ထားလို့ ဖြစ်တယ်။ မိမိရဲ့ ချစ်သူကို လွတ်လပ်စွာ ရှာခွင့်မပေးတဲ့အတွက် ဖြစ်တယ်''

''ဦးပန်းအောင် မိသားစုနဲ့တကွ ပန်းသာမောင်မောင်တို့ မိသားစုကလည်း ပဒေသရာဇ်တစ်ပိုင်း၊ ဓနရှင်တစ်ပိုင်း လူ့အဖွဲ့အစည်းထဲမှာ အကျုံးဝင်နေကြတယ်။ သူတို့ဟာ အပြစ်ကင်းမဲ့တဲ့ အုအပေါ်မှာ ရာဇဝတ်မှုကြီး ကျူးလွန်ခဲ့ကြတယ်။ ဒါပေမဲ့ ဒီရာဇဝတ်မှုရဲ့ ရေသောက်မြစ်ဟာ လူနေမှုစနစ်သာ ဖြစ်တယ်။ ဒီမိသားစု နှစ်စုဟာ ရာဇဝတ်မှုကို လက်တွေ့ကျူးလွန်ခဲ့ကြပေမယ့် သူတို့ကို ဒီလို ကျူးလွန်အောင် လူနေမှု စနစ်က တွန်းပို့ခဲ့တာ ဖြစ်တယ်''

''ဒါ့ကြောင့် 'ပန်းသာ မစာအု' ဝတ္ထုကြီးကို ကျွန်တော်သာ ဆက်ရေးရင် ပန်းသာမောင်မောင်ကို သတ်တာဟာ အု မဟုတ်ဘူးဆိုတာကို ပြောမယ်။ အုအပေါ်မှာ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုကြီးအတွက် ဦးပန်းအောင် မိသားစု၊ ပန်းသာမောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနဲ့ လူ့အဖွဲ့အစည်းကြီးကို တရားခံတွေအဖြစ် စွဲချက်တင်မယ်။ တစ်နည်းပြောရရင် သေနာပတိပျက် လူတန်းစား အကျင့်ပျက်နေတဲ့ ပဒေသရာဇ်သေနာပတိလူတန်းစားနဲ့ မြေရှင်တစ်ပိုင်း၊ ဓနရှင်တစ်ပိုင်း လူ့အဖွဲ့အစည်းကြီးကို တရားခံများအဖြစ် စွဲချက်တင်မယ်။ သူတို့ကို တရားခံအဖြစ် ရောက်အောင် ပို့လိုက်တဲ့ နံပါတ်(၁) တရားခံဖြစ်တဲ့ မြေရှင်စနစ်၊ ဓနရှင်စနစ်ကြီးကို စွဲချက်တင်မယ်။ တကယ်က အုရဲ့ ရည်ရွယ်ချက်ဟာ အသက်ရှင်ရေးဖြစ်ပြီး သေရေးမဟုတ်ဘူး ဆိုတာကို ပြောမယ်။ ဟုတ်တယ် … ယန်းသာမောင်မောင်ကို သတ်တာဟာ အု မဟုတ်ဘူး။ ဒါကြောင့် အုကို ကြိုးမပေးရဘူး။ ယန်းသာမောင်မောင်ကို သတ်တာဟာ ယန်းသာမောင်မောင်ရဲ့ သေနာပတိပျက် လူတန်းစား အကျင့်ပျက်မှု ဖြစ်တယ်။ လူ မဟုတ်ဘူး၊ စနစ်ဖြစ်တယ်။ ဒါကြောင့် အုကို ကြိုးမပေးရဘူး၊ အု မသေရဘူး၊ အု မသေရဘူး''

ကျွန်တော် ပါးစပ်က တဖွဖွ ရွတ်ဆိုနေမိသည်။ အပြစ်ကင်းပါလျက် ကြိုးစင်တင် အသတ်ခံသွားရသော အုကို ကျွန်တော် ကရုဏာသက်မိသည်။ အုအတွက် သေနာပတိပျက် လူတန်းစားနှင့်တကွ ပဒေသရာဇ်တစ်ပိုင်း၊ ဓနရှင်တစ်ပိုင်း လူ့အဖွဲ့အစည်းကြီးကို လက်စားချေချင်သည်။

သတိရ၍ ကြည့်လိုက်သည့်အခါတွင် ကျွန်တော့်အနီး၌ အသက်ငါးဆယ်ကျော်ခြောက်ဆယ်ဆယ်နီးပါးသို့ ရောက်နေသည့် ဦးဒေဝနှင့် မဟာဝိဇ္ဇာတန်းတက်နေသည့် မိန်းမပျိုကို မတွေ့ရတော့။

ကျွန်တော့်မျက်စိထဲတွင်မူ စောင်းတန်းတစ်လျှောက် တဖြည်းဖြည်းတက်သွားကြသော ယောက်ျားကြီးတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်ကိုလည်းကောင်း၊ မန္တလေးနန်းမြို့ထဲက ဝါးလုံးတိုင် တစ်တိုင်ထိပ်သို့ တရွေ့ရွေ့တက်လာကာ တလူလူလွင့်လျက်ရှိသော အရာတစ်ခုကိုလည်းကောင်း မြင်ယောင်လျက်ရှိသတည်း။

❑



www.burmeseclassic.com